# ကသစ်ဝိုင်း ဝိပဿနာ

ကျေးဇူးရှင်

ကသစ်ဝိုင်းဆရာတော်ဘုရားကြီး၏

အန္တေဝါသိက

တပည့်ရင်းဖြစ်သော

## အရှင်ဝိစိတ္တသာရ သျှမြတ်

ဟောကြားတော်မူသော

## အလုပ်ပေးတရားတော်

အမှတ် ၁

၁၀၈၂၄

# ကသစ်ဝိုင်ဝိပဿနာ

ကျေးဇူးရှင်

ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏

အန္တေဝါသိက

တပည့်ရင်းဖြစ်သော

## အရှင်ဝိဓိဗ္ဗသာရ သူမြတ်

ဟောကြားတော်မူသော

## အလုပ်ပေးတရားတော်

အမှတ်စဉ် ( ၁ )

---

၁၃၂၈--ခု၊ သီတင်းကျွတ်လပြည့်။

အာစရိယဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

လောကုတ္တရာ ဘခင် ကျေးဇူးရှင် ကဆစ်ဝိုင် ဆရာတော်ဘုရားကြီးအား၊ ဤ-ကသစ်ဝိုင် ဝိပဿနာလုပ်ငန်းစဉ် တရားတော်စာအုပ်ကို ပြုစုရေးသားရခြင်းဖြင့် ကြည်နူးလေးမြတ်စွာ ကန်တော့ပူဇော်ပါ၏။

အရှင်ဝိစိတ္တသာရ



ကျေးဇူးရှင်

ကသစ်ပိုင် ဆရာတော်ဘုရားကြီး



အရှင်ဝိစိတ္တသာရ

## သတိပေးချက်

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေဇူမ၊
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော၊

ဇူမ- ဤဘုရားသာသနာတော်၌၊ သုဒ္ဓိကာမာ- ဖြစ်ပျက်ဇာတ်သိမ်း ဒုက္ခငြိမ်း၍ မြတ်နိဗ္ဗာန်ကို အလိုရှိကုန် တောင့်တကုန်သည်၊ ဟုတ္တာပိ-ဖြစ်ကြကုန်သော်လည်း၊ ယေယောဂိနော- အကြင်ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ယထာဘူတံ- ဟုတ်တိုင်းမှန်စွာ၊အဇာနန္တာ- မိမိရရ မသိကြကုန်ဘဲ၊ ဝါယမန္တိ၊ လုံးပန်းကြိုးကုတ်, အားထုတ်ကြကုန်၏။

တေယောဂိနော၊ ထိုနည်းမှန်လမ်းမှန်ကို ဟုတ်တိုင်းမှန်စွာမသိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ဝါယမန္တာပိ- ဘယ်လိုပင်လုံးပန်းကြိုးကုတ်၊ အားထုတ်ကုန်သော်လည်း၊ဝိသုဒ္ဓိံ - မိမိလိုလား တောင့်တ နိဗ္ဗာနဓါတ်ကို၊ နာဓိဂစ္ဆန္တိ- မရောက်နိုင် မရနိုင်ကြလေကုန်တော့၏တကား။

**နည်းမှန်ယူသင့် ဝိပဿနာအကျင့်**

ယခုအခါ ပဋိပတ္တိသာသနာတော်သည် ထွန်းကားလာသည့်အလျောက်၊ မြို့တိုင်းနယ်တိုင်းဆို ရ လောက် အောင် ကမ္မဋ္ဌာန်းတိုက်များ၊ တရားပြဆရာများ ရှိနေကြပေသည်။ အချို့မှာ ပိဋကတ်စာပေ တတ်ကျွမ်းသဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်ပီး တဆင့်ပြန်လည်ပြသကြသော ဆရာများလည်းရှိကြပေသည်။

တချို့ကား ဆရာသမားကောင်းများရှာကြံ၍ ဆရာ၏ ဥပနိသျအတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီးလျှင် မိမိဆရာရှင် နည်းနိသျအတိုင်း ပြန်လည်ပြသကြသော ဆရာများလည်း ရှိကြ

ပေသည်။ ကျေးဇူးတော်ရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီးကား ပဋ္ဌမအမျိုးအစား၌ ပါဝင်လေသည်။ အကြောင်းမှာ ဆရာတော်ဘုရားကြီးသည် ပိဋကတ်စာပေတတ်ကျွမ်းသည့်အလျောက် ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ပြီးခါမှ တဆင့် ဖေါက်သည်ချသည့်အနေမျိုးဖြင့် ဟောညွှန်ပြသခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့် ကျေးဇူးရှင်ကသစ်ဝိုင်ဆရာတော်ဘုရားကြီးတည်းဟူသောဥယျာဉ်ကြီးမှ သီးပွင့်လှာခဲ့သည့် "ကသစ်ဝိုင် ဝိပဿနာ" သစ်ပင်မှာ ရေသောက်မြစ်ကောင်းသဖြင့် အသီးအပွင့်ဝေဝေဆာဆာ ပွင့်သီးနိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။

ကသစ်ဝိုင် ဝိပဿနာသစ်ပင်မှ အသီးအပွင့်များကို ဆွတ်ချူစားသုံးကြသည့် ရဟန်း လူရှင် ယောဂီ သူတော်စဉ် တို့မှာလည်း အသီးအပွင့်ကောင်းကို မှီဝဲ သုံးဆောင်ရသဖြင့် ခရော နှောင်ပါ နှစ်ဖြာသော အကျိုးတရားများ ဖြစ်ထွန်းပေါ်လာ နိုင်ပေသည်။ ထို့ကြောင့် ဆရာသမားကောင်းတွေ့မှ နည်းမှန်ပြီးလမ်းမှန်ရောက်နိုင်ပေသည်။

ဤကား....ပင်မ မူရင်း ဂါထာကို အကျယ်ဝိတ္ထာရ ချဲ့ထွင်ရှင်းလင်း ပြရခြင်းပင်ဖြစ်လေသည်။

အရှင်ဝိစိတ္တာသာရ

## အမှာစကား

အို....စာရှုသူ ရဟန်း လူရှင် ယောဂီ သူတော်စဉ် အပေါင်းတို့၊

ဤစာအုပ်ကို ကျမ်းစာ တစောင် အနေဖြင့် မယူဆစေလိုပါ၊ လောကုတ္တရာ ဘခင်ကြီး သက်တော်ထင်ရှား ရှိစဉ်က ဟောကြား ဆုံးမခဲ့သည့် လုပ်ငန်းစဉ်ကျင့်စဉ်တရားများကို မူရင်းအတိုင်း တိတ်ခွေမှ ပြန်လည်ရေးသား ဖေါ်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။

စာအုပ်၏ခေါင်းစဉ်တွင် အရှင်ဝိစိတ္တသာရ၏ ကာသစ်ဝိုင်ဝိပဿနာ ဟု တွေ့ရှိပါလိမ့်မည်။ အမှန်က ဦးပဥ္စင်း၏အမည်ကို မတပ်လိုပါ၊ သို့သော်လဲ စာအုပ် ဖြစ်မြောက်ရေးအတွက် အကြောင်း အမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့်အချိန်ဖြစ်၍ ဦးပဥ္စင်း၏ အမည်ကို တပ်ရပါသည်။ အမှန်မှာ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ မူရင်း တရားတော်များကို ဦးပဥ္စင်းကတဆင့် ဟောညွှန်ပြသထားသည့် တိတ်ခွေမှ ပြန်လည်ကူးယူ ထုတ်နုတ်ရခြင်းဖြစ်ပါသည်။ သို့ကြောင့်ပင် ဂင်္ဂါမြစ်ရေနှင့် ယမုနာ မြစ်ရေတို့ ရောစပ်ဖွဲ့စည်းထား သလို ပေါင်းစပ် ဖွဲ့စည်း ထားခြင်းသာဖြစ်ပါသည်။

**စာအုပ်ပြုရန် စ,စိမ်**

ဦးပဥ္စင်းသည် လောကုတ္တရာ ဘခင်ကြီး သက်တော်ထင်ရှား ရှိစဉ် ၁၃၂၃-ခုနှစ်ထဲမှစ၍ ဆရာတော်ဘုရားကြီး မြို့နယ် တရားရိပ်သာများ ကြွရောက်တိုင်း နောက်ပါးက ဓမ္မာနုပဋ္ဌက အနေ့ ဝါသိက တပည့် အဖြစ်ဖြင့် လိုက်ပါကာ ဟောစဉ်အတိုင်း လိုက်လံ ရေးသားခဲ့ပါ သည်။

ရည်ရွယ်ချက်မှာ မိမိအနေဖြင့် အားထုတ်နိုင်ရန်နှင့် သူတပါး ကိုလည်း တဆင့် ညွှန်ပြနိုင်ရန်ပင်ဖြစ်ပါသည်။ သို့နှင့်ပင်ရေးသား နေရင်းမတ္တာ များစွာသော ရဟန်းလူရှင်ယောဂီရှင်တို့ကဆရာတော် ဘုရားကြီးအား ဆယ်ရက်စဉ် တရားတော်များကို စာအုပ်ပြုလုပ် ရန် သင့်လျော်ပါကြောင်း အကြိမ်ကြိမ် တောင်းပန် ကြသဖြင့် သက်တော်ရွယ်ရင့်ပြီးဖြစ်၍ ဆရာတော်ဘုရားကြီးသည် ရှေ့ဆက် လက် သာသနာပြန့်ပွားရေးကို မျှော်တွေးထောက်ရှု အကြောင်း ပြုပြီးလျှင် မူကြမ်းရေးနှင့်ရန် ဦးပဥ္စင်းကို တာဝန် ပေးပါသည်။

ရေးပြီးသား မူကြမ်းများကိုလည်း ၁၃၂၆-ခု ဝါခေါင်လဆန်း ၄-ရက်မှစ၍ ဆရာတော်ဘုရား ကိုယ်တော်တိုင်ပင် စစ်ဆေး သုတ် သင် ပြင်ဆင်ခဲ့ပါသည်။

**နောက်ဆုံးမိန့်မှာ မြွတ်ဆရာ**

ဤကဲ့သို့သုတ်သင်ပြင်ဆင်လာခဲ့ရာ၊ ပုဗ္ဗကိစ္စ, ဉ္စရိယာပထပဗ္ဗ,သမ္ပဇညပဗ္ဗ, အာရုံခြောက် ပါး နာပရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂ ဟဉာဏ် တိုင်အောင်ပင် ပြီးမြောက်ခဲ့ပါသည်။ ပြီးစီးသည့်မူကြမ်း များကို အချော ပြန်လည် ရေးသားပြီး ပဌမတွဲ ထုတ်နိုင်ရန်နှင့် လိုအပ်သည်များကို တိတ်ခွေမှပြန်လှန်စိစစ်ရေးအတွက် ကျောင်း မှာပင် နေရစ်ခဲ့ရန် မှာကြားပြီးလျှင် ၁၃၂၇-ခု တန်ဆောင်မုန်း လဆုတ် ၂-ရက်နေ့တွင် ပဲခူးလိပ်ပြာကန်တရားရိပ်သာသို့ကြွရောက် ရပါတော့သည်။

ဤသည်တို့ကား၊ စာရေးသူကို နောက်ဆုံး မိန့်မှာခဲ့ခြင်းသာ ဖြစ်ပါတော့သည်၊ အကြောင်းသော်ကား၊ ဆရာတော်ဘုရားကြီး

သည်၊ ပဲခူးတရားပတ်အဆုံးနေ့တွင်ပင် ကျန်းမာရေး ချို့တဲ့လာကာ သမား အကျော် အမော်များနှင့် ကုသတော် မူသော်လည်း ဘုရားရဟန္တာတို့သော်မှမလွန်ဆန်နိုင်သည့်သဘောမျိုးဖြင့် ၁၃၂၇ ခု၊ ပြာသိုလဆုတ် ၉-ရက် နံနက် ၁၁-နာရီ မိနစ် ၅၀- အချိန်တွင် ဘဝနတ်ထံ ပြန်လွန်တော်မူခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။

ထို့ကြောင့်ပင် စာရေးသူတို့မှာ နေမင်းတဆူ ကွယ်တော်မူသို့ ယူကြုံးမရ လက်မှိုင်ချကာ တရားဓမ္မဖြင့်သာ နှစ်သိမ့်ရပါတော့သည်။

(ဤနေရာ၌ အကျဉ်းမျှသာ ဖော်ပြရပါသည်၊ နောင်မကြာမီ ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကျမှသာ အကျယ်ဖတ်ရှုကြစေလိုပါသည်။)

**သာသနာ့ဆောင်ရွက်မှု သာသနာ့ဝန်ထမ်းဆောင်ရွက်မှု**

သို့နှင့်ပင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား နှမြောတသ ကျေးဇူးကို ဆပ်လိုလျှင် ဆရာတော် ဘုရားကြီး၏ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်စောင့်ရှောက်မှသာ ကျေးဇူးဆပ်ရာရောက်မည်ကို မျှော်တွေးမိသဖြင့် ဆရာတော်ဘုရားကြီး၏ သာသနာ့တာဝန်နှင့်စာအုပ်ပြုလုပ်ရေးတာဝန်တို့ကို လုံးပန်းရပါတော့သည်။ ဆရာတော်ဘုရားကြီးသည် ပြန်လွန်တော်မူ သွားရသဖြင့် ဦးပဉ္စင်းမှာ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်တော်တို့ကို ပြန်လှန်အောင့်မေ့ရင်း မိန့်ကြားခဲ့သည့် ဩဝါဒများကိုလည်း အမြဲပင် ကြားယောင်ကာ ဆရာအရှင်၏ သာသနာကိုလည်း ဆထက်တံပိုးတိုးကာ ပြုစုဆောင်ရွက်သွားရန် သန္နိဋ္ဌာန် ပြုလိုက်မိပါတော့သည်။

# (၁)

ဆရာတော်သခင်၏ ဩဝါဒများအနက်က ပြန်လွှန်တော်မူခါနီး ပဲခူးတရားပတ် ကြွတော်မည့်ဆဲဆဲ ၁၃၂၇-ခု တန်ဆောင်မုန်းလကွယ်နေ့တွင် အားလုံးသော ကျောင်းနေသံဃာတော်များအား မိန့်ခွန်းဩဝါဒထူးကြီးတခု မြွက်ကြားပါသည်။

"ဆွေ သတိုးတို့ရေ၊ ရေချိုးလို့ဖြင့်ပြီးပါပကော၊ ဒီခလေး ရေ့လူဖြစ်ဘို့အရေး လွန်စွာမှ ခဲယဉ်းပါသေးတယ်။"

ဆရာတော်ဘုရားကြီးသည် အထက်ပါမိန့်ခွန်းကို နှစ်ခေါက်သုံးခေါက်မျှမကရွတ်ကာ ဩဝါဒ ပေးတော်မူသည်မှာ ဦးထိပ်သံမှိုနှက် သကဲ့သို့ပင် ခိုင်မြဲစေပါတော့၏။

အခိပ္ပါယ်မှာ၊ တပင်တိုင် မင်းသမီးတယောက်သည် အစောင့်များအကြား၌ပင် မင်းသားပျိုတပါးနှင့်ချစ်ကျွမ်းဝင်ကာမှ သားတယောက် ဖွားမြောက်ခဲ့ရာ၊ ရေချိုး သုတ်သင်ပြီးသော် အထိန်းတော်ကြီးသည်၊ ဆွေ သတိုးတို့ရေ....ရေချိုးလို့ဖြင့် ပြီးပါပကော၊ ဒီခလေးရေ့လူဖြစ်ဘို့အရေး လွန်စွာမှခဲယဉ်းပါသေး....ဟု ငြီးတွားပါသည်။

ဤနည်းအတိုင်းပင် ဆရာတော် ဘုရားကြီးသည် ဆင်းရဲ ဒုက္ခအနန္တအကြားမှ၊ "ကာသစ်ဝိုင်ဝိပဿနာ" ဆိုသည့် သားထူး သားမြတ်တယောက်ကို မွေးဖွားခဲ့ပြီးသည့်နောက် ရေချိုးခြင်းနှင့်တူစွာသော တရားရိပ်သာများကိုလည်း ၂၅-ဌာန တိတိပင် ချဲ့ထွင်ထားခဲ့ပါပြီ....။

ရှေ့လူဖြစ်ဘို့ အရေးမှာ ကသစ်ဝိုင်ဝိပဿနာ မကွယ်ပျောက်စေဘဲ ဆထက်တံပိုး တိုးတက်ထွန်းကားလာရေးမှာ တပည့်သားမြေးတို့၏ တာဝန်သာဖြစ်ပါတော့သည်။

တပည့်သားမြေးတို့ကမူ ဤတာဝန်ကို မထမ်းဆောင်ရှက်ကြပြီဆိုလျှင် ကသစ်ဝိုင်ဝိပဿနာ၏ တာဝန်မှာ ရှေ့ကြီးပွားဘို့အရေးလွန်စွာမှ ခဲယဉ်းလှပါသေးသည်။ ဆရာတော် ဘုရားကြီးသည်မေတ္တာ ကရုဏာ ကြီးမားတော် မူလွန်းလှသည့် အသံတော်ဖြင့်ဩဝါဒမြွက်ကြားတော်မူရာ မေတ္တာ,ကရုဏာနှင့် သောက ပေါင်းစပ် ထားသဖြင့် အချို့နေရာများ၌ အသံတော်မှာ တိမ်တော်မူသွားရလောက်အောင်ပင် ဖြစ်ပါသည်။

**အခက်ခဲကြားမှ ကြိုးစားရ** ထို ဩဝါဒများကို ဦးထိပ် ပန်ဆင် ခဲ့ရသည့်ဦးပဥ္စင်းမှာ ထိုတာဝန်မှ မကြေပြွန်တော့လျှင် သားကောင်း တပည့် ပီသ တော့မည်မဟုတ်၊ ဒီတာဝန်သည် ငါ့တာဝန်ပါ တကားဟု မျှော်တွေးရပြီးလျှင် ကိုယ်စွမ်းအားဖြင့် တတ်နိုင်သမျှ ပြုစုတော် မူခဲ့ရပါသည်။

သို့သော်လည်း "ကိုယ်မချိ အမိသော်လဲ သားတော်ခဲ" စကားပမာ လုံးလ,ဝိရိယပြင်းထန်ကာ ကြိုးစားပြီး သာသနာပြုစု ရပါသော်လည်း ကျန်းမာရေးမှာ တစတစချို့ယွင်းလာသဖြင့် ထာဝစဉ်တည်တန့်ဘို့အရေးမှာ စာအုပ်ဖြစ်မြောက်မှ အေးမည် ဖြစ်သဖြင့် စာအုပ်ဖြစ်မြောက်ရေးကို အမျိုးမျိုးသော အခက်အခဲကြားမှ ဒုက္ခခံကာ ပြုစုခဲ့ရပါသည်။

**ကျေးဇူးထင်ထင် မှတ်တမ်းတင်။**

သို့ဖြစ်ပါ၍ ဒုက္ခ, ဒုက္ခအမျိုးမျိုး အကြားမှ ဖြစ်မြောက်လာရသည်၊ ဤစာအုပ်မှာ ဆရာရှင်၏ "ဒီခလေး ရွှေ့လူဖြစ်ဘို့အရေး လွန်စွာမှ ခဲယဉ်းပါသေး" ဆိုသည့်စကားတထစ်ကို ပယ်မြစ်ရခြင်းဟုသာ ထင်မိပါတော့သည်၊ ရွှေ့ကိုလည်းဆရာ့စကားကို ဦးထိပ်ပန်ဆင်လျက် အသက်ထင်ရှားရှိသ၍ ကြိုးစား အားထုတ် သွားဘို့ရန် ဆန္ဒပြုထားပါပြီ။

ဤကဲ့သို့ပြုစုရသဖြင့် လောကီဂုဏ်အနေဖြင့် မည်သို့မှ မျှော်လင့်ချက် မရှိပါ ဆရာ့တပည့်ကောင်းတဦး ပီသဘို့အရေးနှင့် ဝဋ္ဋဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ရောက်ရန် အရေးကိုသာ မျှော်တွေး မိပါ တော့၏။

ကသစ်ဝိုင် ဝိပဿနာ စာအုပ်အတွက် အဖက်ဖက်က ထမ်းဆောင်ကြသော သာသနာ့ဝေယျာဝစ္စ ဒါယကာ များအား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

အရှင် ဝိစိတ္တသာရ
အန္တေဝါသိက တပည့်ရင်း၊
၁၃၂၈ ခု၊ ဝါဆိုလဆုတ်(၅)ရက်။

# နိဒါန်း ဿွာ။

ဂြီဆိနန္တာ သုပုပ္ဖမိ

ရေဏုဂန္ဓေဟိ လိမ္ပိတံ

ဝနမုပ္ပလု ပါဂန္တုံ

တမာဝေရံ နမေဂရုံ။ (ပထ၂၁ဝတ္တ)

ဂြီ....ဘုန်းတော်ရောင်ခြည်၊ ကွန့်မြူးလည်၍၊ ဥဒည်တောင်စွန်း၊ နေစက်ဝန်းသို့၊ တင့်ရွှန်းတေဇာ၊ ပွင့်ထွန်းပါစေသတည်း။

ဘန္တေ- ကောင်းချက် ဗွေချာ၊ သောင်းစကြာကို၊ ဒေသနာရောင်၊ ထွန်းပြောင်စေမည့်၊ အဓိပတိထေရ်သခင်၊ မြတ်ဘုန်းရှင်....၊ လောကေ- ဆန်းဆန်း တကြွယ်၊ အံ့သြဘွယ်တို့၊ တင့်တယ်ခိုင်ဖြည်း- လူ့လောကကြီးထဲ၌၊ သုပုပ္ဖမိ- ပန်းများသခင်၊ ပန်းဘုရင်ကိုလည်း၊ ဆိနန္တ- ပါရမီရင့်၊ ဘုန်းကံမြင့်အောင်၊ ဂုဏ်ရောင်ပဝင်း၊ တရားမင်းသခင်၊ ဘုရားရှင်ကို၊ ကြည်လင်ညွတ်နူး၊ စေတနာဦးဖြင့်၊ ဆုထူးပန်ယူ၊ ဆွတ်ခူး လို ကုန် သူ တို့သည်၊ ရေဏု ဂန္ဓေဟိ- ခင်းတပျံ့ပျံ့၊ ဆင်းရနံ့ ထုံကြည်၊ သင်းပျံ့ဂုဏ်ရည်၊ ဝတ်ဆံမှုံ စီရရီတို့ဖြင့်၊ လိမ္ပိတံ- သိင်္ဂီရွှေနှစ်၊ ရွှေဆီရစ်၍၊ တလှစ်လှစ်စိုပြောင်၊ ရွှေရောင်ပဝင်း၊ ရွှေကြွယ်မင်းသို့၊ ရွှေအဆင်း,ရွှေအထည်၊ ရွှေရည်ယဉ်သန်း၊ ချယ်မြန်း

အပ်သော၊ ဝနမုပ္ပလိ- ကြာမျိုးငါးစုံ၊ ပန်းကျင်ရုံလျက်၊ စုံနံ့သာမြိုင်၊ ရောင်ချင်းဆိုင်သည့်၊ ရောင်ခိုင်ပြန့်ပြော၊ ကြာရုံတောကြီးသို့၊ ဥပါဂန္တုံယထာ- ကြောက်ရွံ့ခြင်းကင်း၊ စိတ်ရဲတင်းဖြင့်၊ ချဉ်းကပ်ကုန်ဘိသကဲ့သို့....

တထာပိ- နမ္မနာပွား၊ မူမခြားဘဲ၊ ထို့တူအလားသာလျှင်၊ ဂရုမ္ဗိ-ကျောက်ထီးတန္တူ၊ လေးနှယ်ပြူ၍၊ သွန်းထုပုံဆိုင်၊ ဆရာ့ဆရာတည်းဟူသော ကြာပန်းခိုင်ကြီးကိုလည်း၊ ဆိနန္တာ- သာသနာနေမင်း၊ စိန်ပြောင်ဝင်း၍၊ ရောင်ချင်းယှက်သန်း၊ ဘဝဂ်ရောင် တန်းမျှ၊ ဆွတ်လှမ်းလိုချင်၊ ယောဂီ သူတော်စဉ်တို့သည်....။

ရေဏုဂန္ဓေဟိ- အဓိသီလ, စိတ္တ, ပညာ၊ သိက္ခာသုံးရပ်၊ အကျင့်မြတ်ထုံကြည်၊ ပဋိပတ္တိသာသနာတော် တည်းဟူသော ဝတ်ဆံမှုန်စီရရီတို့ဖြင့်၊ လိမ္ပိတံ- စာလိုတတ်သည့် ပရိယတ်ပညာ လုပ်ငန်းလိုပါတ်သည့် ပဋိပတ်ပညာ၊ (ဝါ) အပြောလျှင်ဒါက ပညတ်သစ္စာ၊ သဘောမြင်ဒါက ပရမတ်သစ္စာ၊ ဂုဏ်ရည်ဖြာသန်း, ဂုဏ်ကြာပန်းတို့ ဂုဏ်လျှမ်းတူပြိုင်, ဂုဏ်ချင်းဆိုင်၍, ဂုဏ်မြိုင် ဂုဏ်ဆန်း, ချယ်မြန်းအပ်သော....။ .

ဝနမ္ပုပ္ပလိ- မြတ်ဒေသနာ လေယူရာတိမ်း ဘယ်ညာယိမ်းလျက် ငြိမ်းချမ်းသီတဂူ၊ မသာမူလဲတ၊ သာလဲတသည့် ရွှေလနှယ်ပမာတူ ကမ္ဘာသူ ကမ္ဘာသားတို့ သဒ္ဓါဖြူ သဒ္ဓါပွားရအောင် ညမနားနေ့မဖယ်, လေးပစ္စယာတွေကို မခင်တွယ်မူ၍ တကယ်ပင်ဟောညွှန်ပြလတ်သည့် ကျေးဇူးရှင် ကသစ်ဝိုင် ဆရာထေ‌ာ် ဘုရား တည်းဟူသော ကြာရုံမွန် ကြာရုံမြတ်ကြီးသို့၊ ဥပါဂမိံသု- အဝေရောကင်း စေတနာသွင်း၍, ဝတ်စင်းရုံပတ်, ချဉ်းကပ်ကုန်ပြီ....။

တမာစေရုံ၊ တံအာစေရုံ- မြင့်မိုရ်မေရု၊ တောင်နွယ်ထုမျ၊ ကုသလအထူး ကျေးဇူးဂုဏ်အင်၊ များဖြင် ကျော်သီး၊ ထို ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီးကို၊ အဟံ-နာမ်,ရုပ်,ဓမ္မ,သင်္ခါရကို သက္ကာယစွဲ၊ သူငါဘဲဟု၊ အမြဲထင်ရေး၊ အပြစ်ဘေးမှ ကင်းဝေးရန် မျှော် တပည့်တော်သည်၊ နမေ နမာမိ-ဂုဏ်တော်ရည်မှန်း၊ ပုံမျှော် တန်း၍၊ ထွဋ္ဌပန်းသဒ္ဓါ၊စေတနာဖြင့်၊ရှိသေစွာ ကန်တော့လိုက်ပါ၏ ကျေးဇူးရှင် ထွဋ္ဌမှူး ဆရာထူး ဆရာမြတ်ကြီးဘုရား....။

**သာသနာနှင့် ပဋိပတ္တိရိပ်သာများ**

ရှင်တော်ဗုဒ္ဓ၏ သာသနာနှစ် ငါးထောင်တွင် နှစ်ထောင့်ငါးရာ ကျော်လာသည်မှ နောက်၌ ပဋိပတ္တိသာသနာအရောင်သည် အံ့မခန်းစွာ တောက်ပြောင်လာခဲ့ပေသည်။ ပဋိပတ္တိသာသနာ့ဂုဏ် ဆောင်ရိပ်သာများမှာလည်း မြန်မာပြည်တွင်မက ကမ္ဘာတဝှမ်း သို့ပင် သတင်းဂုဏ်ရောင် ထွန်းပြောင်လျက်နေပေသည်။ ယင်းတို့ မှာ မိုးကုတ်,မဟာစည်,စွန်းလွန်း,ဟံသာဝတီ,မိုးညှင်း,မင်းကွန်း, ညောင်လွန့်တောရ, သံလျင်တောရ, ဓမ္မစေတီ, အရိုးကုန်း, နှောကုန်း,ဘဏ္ဍာစာဂီ,ဝေဘူ,စသော သာသနာ့ရိပ်သာများနှင့် စာရေးသူတို့၏ လောကုတ္တရာ ဖခင် ကျေးဇူးတော်ရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သည့် ကသစ်ဝိုင် ဓမ္မရိပ်သာ များပင်ဖြစ်လေသည်။

**သာသနာ့ဆီမီးတိုင် အစပျိုးခြင်း**

ပဋိပတ္တိ သာသနာရောင်ကို မိမိနည်းဖြင့် မိမိတို့ထွန်းပြောင်စေကြသည့်အလျောက် ကျေးဇူးတော်ရှင် ကသစ်ဝိုင်ဆရာတော် ဘုရားကြီးမှာလည်း လွန်ခဲ့သည့် နှစ်ပေါင်း (၂၀) ကျော်ခန့်ကပင်

ပဋိပတ္တိသာသနာ့ ဆီမီးတိုင်ကို အစပျိုး ညှိထွန်းတော်မူခဲ့ပေသည်၊ ညှိထွန်းကာစ မူလပထမ အချိန်ကဆိုလျှင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးမှာ ဆင်းရဲဒုက္ခအနန္တနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ဝါးတိုင်ထူ ကမ္မဋ္ဌာန်းကျောင်းငယ်လေး နှစ်လုံးခန့်မျှဖြင့် ဝိပဿနာရိပ်သာကို အစပျိုးတော်မူခဲ့ရသည်။

စာရေးသူတို့၏ အဖိုးတော်များ တရားဝင်ရောက် အားထုတ်စကဆိုလျှင် တရားပြခါစ ပထမဆုံးနှစ်ဖြစ်သဖြင့် ယောဂီများ နေရာမဆန့်မလှရှိရာ ကားအမိုးတာလပတ်ကြီးများကို မိုးကာပြီးလျှင် ဆင်းရဲဒုက္ခကို ဖြစ်သလိုရင်ဆိုင်ကာ ပဋိပတ္တိသာသနာ့ ဆီမီးတိုင်ကြီးကို အရောင်လင်းအောင် စွမ်းဆောင်တော်မူခဲ့လေသည်။

ဗုဒ္ဓ၏ သားတော်ပီပီ၊ လောကဓံ တရားကို ကြံ့ကြံ့ ခိုင်ခိုင်, သည်းခံနိုင်ခြင်း ဟူသော ခန္တီ, သာသနာရောင်ကို စွမ်းအားရှိသမျှ တွန်းပြောင်စေမည်ဟူသော ဇွဲ,လုံ့လတို့ဖြင့် သာသနာပြုစုတော်မူလာရာ မူလ ကမ္မဋ္ဌာန်း ကျောင်းငယ်လေးမှ ကျောင်းသစ်အဖြစ်သို့ တိုးတက်လာပြီးလျှင် ယောဂီများမှာလည်း တစ တစ တိုးပွားလာခဲ့လေသည်။

**ကသစ်ဝိုင် သမိုင်းချုပ်**

ကသစ်ဝိုင် ဓမ္မရိပ်သာကြီးသည် တချိန်ကဆိုလျှင် ဤမျှမကျယ်ဝန်းသေးပေ၊ နောက် လယ်ရှင်များထံမှ သာသနာမြေပြုလုပ်ပီး ဝယ်ယူလှူဒါန်းကြသဖြင့် ကျောင်းဥပစာ ကျယ်ဝန်းပြီး၊ ကမ္မဋ္ဌာန်းကျောင်းများမှာလည်း တစတစ တိုးတက်လာခဲ့ရာ၊ ၁၃၂၆-ခုနှစ် တော်သလင်းလ၌

ညောင်လေးပင်မြို့မှ ကျောင်းအမလေး မချိုချိုသည် (၆)ဆောင်း ကျော်တန် တိုက်ကျောင်းကြီး တစ်ကျောင်းကို ရေစက် သွန်းချ လှူဒါန်းခဲ့သည်အထိ တိုးတက်ခဲ့ပေသည်။

နောင်သော်၊ စေတနာရှင်များအလျောက်၊ ဓမ္မာရုံ၊ သိမ်၊ ဆွမ်း စားကျောင်း၊ စောင်းတန်း၊ ကူဋီ၊ စသည်မကျန် ရေစက်မီးစက်နှင့် တကွ၊ သောက်သုံး ရေကန် ကြီးများအထိပင် တိုးပွါးလာခဲ့လေ သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ပင်ရင်းဌာန ကသစ် ဝိုင် ဓမ္မရိပ်သာတွင် တော်သလင်း လဆန်း (၂) ရက်နေ့မှ တန် ဆောင်မုန်း လဆန်း (၁၂)ရက်အထိ၊ လဆန်းလဆုတ် (၂)ရက်မှ (၁၂)ရက်အထိ၊ (၁၀)ရက်တိုင်တိုင် (၅)ပတ် ပြသပြီး သာသနာ ပြုစုတော်မူလာရာ တချို့ယောဂီ သူတော်စဉ်များသည် တရား တော်၌ တင်းမတိမ် အားမရ မရောင့်ရဲ နိုင်ကြသဖြင့် မိမိတို့မြို့ရွာ သို့ ပင့်ဆောင်ပြီးလျှင် ဓမ္မရိပ်သာပြုလုပ်ကာ တရားတော်ကို အား ထုတ်ကြပြန်လေသည်။ ထို့ကြောင့်ပင် တရားရိပ်သာများသည် မြို့ရွာနယ်ပယ်များ၌ အတော်ပင်ပြန့်ပွားတော်မူခဲ့လေသည်။

ကသစ်ဝိုင်ဟု ဗျုပ္ပတ်ခေါ်လတ် အမည်ဒြပ်မှာ ကျောင်းဥပစာ ၌ ကသစ်ပင်များ ဝိုင်းရံပတ်ပြီး ပေါက်နေသောကြောင့်ပင် ဖြစ် လေသည်၊ နောင်သော်ဝိုင်းမှ ဝိုင်ဖြစ်လာခဲ့ရပေသည်။

ဤသို့လျှင် ပဋိပတ္တိ သာသနာရောင်ကို ထွန်းပြောင်စေတော် မူခဲ့သည့် လောကုတ္တရာဖခင် ကျေးဇူးတော်ရှင် ကသစ်ဝိုင်ဆရာ တော်ဘုရားကြီးသည် ၁၃၂၇-ခုနှစ် ပြာသိုလပြည့်ကျော် (၉)ရက် နေ့ (၁၁)နာရီအချိန်တွင် ဘုရားရဟန္တာတို့သော်မှ မလွန်ဆန်နိုင်

သည့် သဘောမျိုးဖြင့် ဘဝနတ်ထံ ပြန်လွှန်တော်မူခဲ့ရသဖြင့် ကျန်ရစ်ခဲ့သည့် ရဟန်း၊ လူ၊ ရှင်၊ ယောဂီ သူတော်စဉ်များနှင့် စာရေးသူတို့မှာ ဆရာတော်ဘုရားကြီး၏....။

ပေါ်သိရုပ်နာမ်အစဉ်၊ ဖြစ်ထ-ပျက်ထမြင်၊ မမြဲတဲ့ အနိစ္စလက္ခဏာထင်။

ပေါ်သိရုပ်နာမ်အစဉ်၊ ဖြစ်ထ-ပျက်ထမြင်၊ အောင့်လို့မရတဲ့ သင်္ခါရ ဒုက္ခ လက္ခဏာထင်။

ပေါ်သိရုပ်နာမ်အစဉ်၊ ဖြစ်ထ-ပျက်ထမြင်၊ ကိုယ်မပိုင်၊ ကိုယ်မဆိုင်လို့ အစိုးမရတဲ့ အနတ္တ လက္ခဏာထင်၊ စသည့် ဓမ္မသံဝေဂ ဩဝါဒကထာများဖြင့်သာ သံဝေဂယူကာ ဖြေသိမ့်ခဲ့ရလေတော့သည်။

**ဆရာ့အမွေ ခံယူခြင်း**

ထို့နောက်တွင် ကျေးဇူးတော်ရှင်ကသစ်ဝိုင်ဆရာတော် ဘုရားကြီး၏ ဝိပဿနာတရားတော်များကို တပည့်ရင်းပေါင်းများစွာတို့ကမပျက်မကွက်ဆက်လက်ဟောကြားပြီးသာသနာပြုစုတော်မူခဲ့ကြရာ၊ တပည့်ရင်းများတွင် တပါး အပါအဝင်ဖြစ်သည့် ဤအရှင်ဝိစိတ္တသာရ သည်လည်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ တရားဓမ္မများကို ဥပနိဿယအတိုင်း ဆက်လက် ဟောကြားကာ သာသနာပြုစုတော်မူခဲ့လေသည်။ ဤအရှင် ဝိစိတ္တသာရ၏ ထူးကဲလွန်မြတ်သည့် ဂုဏ်သကတ်မှာ ဆရာတော်ဘုရားကြီး၏အသံတော်၊ အဖြတ်အတောက်၊ ဟောကြားတော်မူပုံချင်း တူနိုင်လွန်းသည့်အချက်ပင်ဖြစ်ပေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ကြွတော်မူရာ မြို့နယ်ဝိပဿနာ ရိပ်သာများသို့ နောက်ပါတပည့်ယောဂီအဖြစ်နှင့် လိုက်ပါတော်မူခွင့် ရသဖြင့် အရှင်ဝိစိတ္တသာရ၏ နှလုံး အိမ်တွင် ခြသေ့ တည်းဟူသော သိဂီ ရွှေခက် ဆိစိမ်ထားဘိအလား၊ တရားရေဝ တော်မူနေတော့သည်၊ ထို့ကြောင့်မို့ပင် ဆရာတော်ဘုရားကြီး၏ တရားတော်မူရင်းအတိုင်း ဥပနိသျ ကျနစွာ ဟောကြားတော် မူနိုင်ခဲ့ပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပြန်လွန်တော်မူခါနီးတွင် "ဆရာ၏ သာသနာကို ဆက်လက်၍ သာသနာပြုရစ်လော" ဟူသော မိန့်ခွန်းတော်ဗျာဒိတ်ကို ဦးထိပ်တွင်ပန်ဆင်လျက် ထားတော်မူခဲ့သည့် ကသစ်ဝိုင်ဝိပဿနာရိပ်သာများသို့ ကြွရောက်ကာ ဆရာ့အမွေကို ခံယူတော်မူခဲ့ပေသည်။

**ကသစ်ဝိုင် ဝိပဿနာ။** အရှင် ဝိစိတ္တသာရ ကြွတော်မူရာ ရိပ်သာများတွင်လည်း ဆရာတော် ဘုရားကြီး ရှိတော်မူစဉ်ကအတိုင်းပင် ယောဂီများမှာ တရား ဝင်ရောက် အားထုတ်ကြပါပေသည်။

သို့သော်လည်း အလုပ်နှင့်မပြတ် ဒလစပ် လုပ်ကိုင်နေသူများ အဖို့မှာ တရားရိပ်သာများသို့ တခါတခေါက် လာရောက် အားထုတ်ဖို့ပင် အတော်ခဲယဉ်းလှပေသည်။ လာရောက်အားထုတ်ပြီး၍ မိမိရပ်ရွာသို့ ပြန်ရောက် သွားကြသည့် ယောဂီများမှာလည်း ပရိယေသန အတွက်နှင့်မို့ အချို့အချို့သော ယောဂီများမှာ ရလာခဲ့သော သမာဓိလေးကိုပင် ဆက်လက်ပြီး မထိန်း သိမ်းနိုင်ရှာတော့ပေ။

ထို့ကြောင့်ပင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏"ကာသစ်ဝိုင်သာသနာတော်"ကို စာအုပ်ဖြင့် ဖြန့်ဝေကာ သာသနာ ပြုစုတော်မူရန် အချိန်တန်ပြီဟု နှလုံးသွင်း ယူဆမိသည်လည်း တကြောင်း၊ ဆရာ့ကိုယ်စားအမွေကို မြန်မာပြည်တွင်မက ကမ္ဘာတခွင်သို့ပင် ပြန့်ပွားစေလို သည်လည်း တကြောင်း၊ ထို့ကြောင့် "ကာသစ်ဝိုင် ဝိပဿနာ" ဟူသောအမည်ဖြင့် စာပေဘောင်သို့တင်ဆောင်ခဲ့ရလေသည်။

**တောင်းပန်ခြင်း။** ကာသစ်ဝိုင် ဝိပဿနာမှာ တောင်ငူမြို့ ရွှေဆံတော်ဝါးကျောင်း ရိပ်သာတွင် အရှင်ဝိစိတ္တသာရ ဟောကြားတော်မူသော ဝိပဿနာ ဆယ်ရက်စဥ် တရားတော်များကို စုပေါင်းရိုက်နှိပ်ထားခြင်းပင်ဖြစ်လေသည်၊ သို့သော်လည်း ဆယ်ရက်စဥ်မှာ စာမူကော်ပီအနေဖြင့် လက်နှိပ်စက်ရိုက်ရာ၌ စာရွက်ရေ များပြားသွားသဖြင့် ပဠမစွ သင်သိ ဝိပဿနာ အခဏ်းထိလောက်ပင် အမှတ်စဥ်(၁)ပြုလုပ်ခဲ့ရလေသည်။

ကျန်ရစ်သည့် အခဏ်းများကိုကား အမှတ်စဥ် ၂-၌သာ ရိုက်နှိပ်နိုင်မည် ဖြစ်သဖြင့် စာရွက် အခက်အခဲကြောင့် ခွဲခြားပြုလုပ်လိုက်ရသည်ကို ခွင့်လွှတ်တော်မူကြပါရန် အနူးအညွတ်တောင်းပန်ပါသည်။

**တရားအချုပ်။** ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ ဝိပဿနာတရားအချုပ်မှာ စိတ်ကိုရင်ထဲမှာ ထားစေပြီးလျှင် ခန္ဓာကိုယ်မှာ ပေါ်လာသည့် ၅-မျိုးကို မှတ်ခိုင်းခြင်းပင်ဖြစ်လေသည်၊ ၅-မျိုးဟူသည်မှာ။

ပူဒါ, အေးဒါ, လှုပ်ထာ, ဆင်းရဲဒါနှင့် ချမ်းသာဒါပင် ဖြစ်ပေသည်။

ဣရိယာပုထ် ဟူသော အနေ ၄-မျိုးဖြင့် ပြောရလျှင်။

သွား-သွားတိုင်း စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရပေသည်။

ရပ်, ရပ်တိုင်း စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရပေသည်။

ထိုင်, ထိုင်တိုင်း စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရပေသည်။

အိပ်, အိပ်တိုင်း စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရပေသည်။

ထို့ကြောင့်- အနေမရွေး ဘယ်လိုပင်နေနေ စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုးမှတ်နေရပေသည်။

ၕင်းအနေ ၄-မျိုးကို ဣရိယာ ပထ ပဗ္ဗအခန်း၌ အကျယ် တဝင့် ရှင်းလင်း ဟောပြထားတော်မူပါသည်။

**သမ္ပဇညပဗ္ဗ ရှင်းချက်။** အလုပ်မရွေး ဟူသော သမ္ပဇညပဗ္ဗ အခန်း၌ဆိုလျှင် အလုပ်မရွေး ဘယ်အလုပ်ကို လုပ်ကိုင်, လုပ်ကိုင် စိတ်ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုးမှတ်နေရပေသည်။

အကျယ်ရှင်းရလျှင်....။

အလုပ်မရွေးဟူသည်၊ ရေခပ်, ထမင်းချက်, အဝတ်လျှော် စသော အိမ်မှုကိစ္စ ဗာဟိရအလုပ်များနှင့် အယုတ်ဆုံး အလုပ် ဟူသော ကျင်ကြီးကျင်ငယ်စွန့်သည့် အလုပ်ကိစ္စမျိုးအထိ ပါဝင်ပေသည်၊ ထိုအလုပ်မျိုးကို လုပ်တိုင်း, ကိုင်တိုင်း စိတ်ရင်မှာ ထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရလေသည်။

စားတိုင်း, သောက်တိုင်း, အိုးနှက်, ပန်းကန်စသည်ကိုင်တိုင်း, တံခါးသည် ဖွင့်တိုင်း,ပိတ်တိုင်း, ဝိတ်ကို ရင်မှာထားပြီး ပေါ်ဒါ ၅-မျိုး မှတ်နေရပေသည်။

၎င်းကို သမ္မဇည ပဗ္ဗအခေါ်း၌ အကျယ်တဝင့် ရှင်းလင်းညွှန်ပြထားတော်မူပါသည်။

**သီလအခဏ်း ရှင်းချက်။** သီလအခဏ်း၌ဆိုလျှင် သီလဟူသည် ရှောင်ကြဉ်မှုမျှသာဖြစ်ပုံ၊ ဝါရိတ္တသီလ- ရှောင်ကြဉ် ရမည့် သီလနှင့် စာရိတ္တသီလ- ဖြည့်ကျင့်ရမည့် သီလဖြစ်ဖြစ်ပုံတို့ကို ကျမ်းဂန် အကိုး အကားများဖြင့် ရှင်းလင်း ဟောပြထားလေသည်၊ စာရိတ္တသီလအတွက် ပါဠိ-ဇာတ် အဋ္ဌကထာမှ ဥသိန္နက ဇာတ်တော်ကို ပါထည့်သွင်း တန်းဆာ ဆင်ထားပါသည်။

ငါးပါးသီလ ရှင်းပြချက်၌ သုရာမေရယ သေရည် သေရက် သောက်စားမှု ကံ၏ အကျိုးပေးပုံ၊ သောတာပန် အရိယာများသည် ရတနာသုံးပါး သက်ဝင်ယုံကြည်မှု၌ ဗလဝ စေတနာ အား

ကြီးလွန်းလှသဖြင့် မည်သူကပင် ဒဏ်နှံနာပေး၍ အရက်သေစာ သောက်ခိုင်းစေသော်လည်း အရက်သေစာ ဆိုလျှင် အလျှင်း ပင် ပယ်စွန့်ထားပုံတို့ကို သီလခဏ်း၌လက်တွေ့ ဖြေရှင်းထားလေသည်။

**လမ်းရှည်နှင့် လမ်းတို။**

"သီလအစ သမထအလယ် ဝိပဿနာအဆုံး ပင် ဝင်နိဗ္ဗာန်မြင် ဖိုလ်ဝင်နိဗ္ဗာန် မြင်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး" ဟူ၍ ဆောင်ပုဒ်လင်္ကာကို ချပေး တော်မူပါသည်။

ဝိပဿနာလမ်းကို လျှောက်ရာ၌ လမ်းရှည်အနေနှင့် ၃-မျိုး ထားပေသည်၊ အစပထမ၌ သီလကိုဖြည့်ကျင့်ရ၍အလယ်၌ သမထ ဖြစ်သည့် သမဓိကို လေ့ကျက်ရပြီးလျှင် အဆုံး၌ ဝိပဿနာကို ဆက်လက်အားထုတ်ရလေသည်၊ ဤသည်မှာ လမ်းရှည်ဖြစ်သဖြင့် ဆရာတော်ဘုရားကြီး ပြတော်မမူပါ။

"သီလအစ သမထဝိပဿနာအဆုံး မဂ်ဝင်နိဗ္ဗာန်မြင်, ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်တဲ့ လမ်းတို လမ်းစဉ်ထုံး" ဟူ၍ ဒုတိယ တဖန်ဆောင် ပုဒ် လင်္ကာကို ချပေးပြန်ပါသည်။

ဤဒုတိယလမ်းစဉ်၌ သီလကို ပထမဖြည့်ကျင့်ရပြီး သမထနှင့် ဝိပဿနာကိုကားတွဲ၍ ဖြည့်ကျင့်အားထုတ်ရလေသည်၊ ဤလမ်း စဉ်ကို ဆရာတော်ဘုရားကြီးက လမ်းတိုဖြစ်၍ နှစ်သက်သဖြင့်ပြသ တော်မူပါသည်။

လမ်းရှည်က သမာဓိမှသက်သက်အနေမျိုးဖြင့်လေ့ကျင့်ရသ ဖြင့် ကြာမြင့်မှ ဝိပဿနာကို အားထုတ်ခွင့် ရသောကြောင့် လမ်း

ရှည်ဖြစ်ပါသည်၊ လမ်းတိုက သမာဓိမှာကား ခဏိက သမာဓိမျိုး ဖြစ်၍ ပေါ်တုန်းပေါ်ခိုက်သာ စိတ်ကို တည်ငြိမ်အောင်ထားပြီး လျှင် ဝိပဿနာကို ဆက်လက်အား ထုတ်ရသဖြင့် လမ်းတို ဖြစ်ပါသည်၊ ထိုနည်းကို ဆရာတော်ဘုရားကြီးက ပြသတော်မူပါသည်၊ သီလအခဏ်းတွင် ထိုနည်းလမ်းမျိုးကို ညွှန်ကြားတော် မူပါလေသည်။

**သမာဓိအကျဉ်းချုပ်။** သမာဓိအခဏ်းတွင် ဥပစာရသမာဓိ အပ္ပနာသမာဓိ- ဂ-ပါး, ၉-ပါး ကောက်ယူပုံကို ဝိသုဒ္ဓိမဂ်၊ မဟာဋီကာကျမ်း အကိုးအကားဖြင့် လူပိန်းနားလည်အောင်ညွှန်ပြထားပါသည်၊ ထို့ပြင်- ဈာန်အင်္ဂါငါးပါးဖြင့် မျက်မြင်,စိတ်မြင်,ဥာဏ်မြင်,ဘုရားရှိခိုးနည်းများကို ခေတ်လူတို့သဘောနှင့် မဆန့်ကျင်အောင် ဟောညွှန်ပြသထားသည်မှာ တသက်တာအတွက် ဦးထိပ်မှာ သံမှိုနှက်သလို စွဲလောက်ပါပေသည်။

နောက်ဆုံးတွင် လူသားတို့၏ ရောဂါဝေဒနာပေါင်းစုံအတွက် သမထဆေးတခွက်က အသက်ကယ်မနိုင်ပုံကိုလည်းရှင်းလင်းချက်ပြထားသည်မှာ တသက်မမေ့နိုင်ပါချေ။

**ပညာနှစ်မျိုး။** ပညာအခဏ်းအတွက် ၂-ပိုင်း ခွဲထား လေသည်၊ သင်သိ, ဝိပဿနာပညာအပိုင်းတွင် ယောဂီများအတွက် လုပ်ထုံး,လုပ်နည်း မသိရသေးလျှင် အန္ဓ ပုထုဇဉ်နှင့် တူကြောင်း၊ အန္ဓ အကန်း ပုထုဇဉ်, ပုထုဇဉ် အကန်းသာ ဖြစ်ကြောင်းတို့ကို ရှင်းပြထားလေသည်။

လုပ်ထုံး လုပ်နည်းကိုသာသိ၍ ကိုယ်တိုင် မကျင့်နိုင်သေးလျှင် ကေတော- အန္ဓပုထုဇဉ်၊ ကေတော တဖက်၊ အန္ဓ အကန်း၊ တဖက်

ကန်းပုထုဇဉ်ဖြစ်ကြောင်း၊ လုပ်နည်း, ကျင့်နည်း, နည်းနှစ်မျိုး စလုံးမှ မရလျှင်၊ ဉာဏ‌ောအန္ဓပုထုဇဉ်၊ "ဉာဏ‌ော နှစ်ဖက်၊ အန္ဓ အကန်း" နှစ်ဖက်ကန်း (၀၁)အကန်းကြီး(၀၁) စုံလုံးကန်းသာဖြစ် တော့ ကြောင်းစသည်ဖြင့်လည်း နည်းညွှန်ပြ ထားတော်မူသည်။

ကျင့်သို့ ဝိပဿနာပညာအပိုင်းမှာ အမှတ်စဉ် ၂-တွင်မှ ပါဝင် မည်ဖြစ်၍၊ အမှတ် ၁-၌ အကျုံးမဝင်သေးချေ၊ ဤအပိုင်းများ တွင် ဆရာတော်ဘုရားကြီး၏ မေတ္တာကရုဏာမိုး ရွာသွန်းထား သည်ကို သောက်ချိုးရသော ရဟန်းလူရှင်ယောဂီသူတော်စဉ်တို့၏ ကိုယ်တွေ့ပင်ဖြစ်ပေတော့သည်။

**စီစစ်ပြင်ဆင်ရေး။** ဤသို့လျှင် ကျေးဇူးတော်ရှင် ကသစ်ခိုင်ဆရာ တော်ဘုရားကြီး၏ ဝိပဿနာ တရားတော်ကို မူရင်းအတိုင်း ကျနစွာ ပြင်ဆင်သုတ်သင်ရန် စာရေးသူအပေါ်၌ တာဝန်ကျလာပါသည်၊ စာရေးသူနှင့် အရှင်ဝိစိတ္တသာရတို့မှာ ဆ ရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ကိုယ်တိုင်လျှောက် ထားသော မှတ်တမ်းနှင့် ညွှန်ကြားတော်မူခဲ့သည့် ပါဠိတော်အဋ္ဌ ကထာများနှင့် ဋီကာစသည်များကို နေ့မနား, ညမအား ရှာဖွေ ညှိနှိုင်းကာ ပြင်ဆင်တည်းဖြတ်ရပါသည်။

ဆရာတော် ဘုရားကြီး ကဲ့သို့သော ပညာရှိ ပဏ္ဍိတ် ကြီး၏ ဝိပဿနာ လုပ်နည်း တရားတော်များကို စီစစ်ပြင်ဆင် ရသည်မှာ သေးငယ်သော ကိစ္စမဟုတ်ပါ၊ စာရေးသူတို့၏ ဉာဏ်တထွာမျှနှင့် မနှိုင်းယှဉ်နိုင်ပါ၊ သို့ရာတွင် ဆရာ့တပည့်ကောင်း ပီသစွာနှင့် လောကုတ္တရာဘခင် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ မူရင်း ဥပနိသျှအတိုင်း တနှစ်တိုင်တိုင်စီစစ်ပြင်ဆင်ခဲ့ရပါသည်။

သို့ဖြစ်၍ အချို့သော နေရာများ၌ စာရှုသူ သူတော်စဉ်များ အမှားတွေ့ ရှိခဲ့ပါက ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်အပ် ပါသည်။

မှော်အတိပြည့်သော ရေကန်၌ မှော်ကိုဖယ်၍ သောက်ရသည့် ပမာ၊ ကသစ်ဝိုင်ဝိပဿနာ ကျမ်းစာ တော်၌လည်း သတိလွှတ် ကင်းသဖြင့် အမှားများတွေ့ရှိခဲ့သော် ကြေအေးသည်းခံကြပါမည့် အကြောင်း ထပ်လောင်း၍ မေတ္တာရပ်ခံအပ်ပါသည်။

အရှင် ဝိစိတ္တသာရ၏ သာသနာပြုရာတွင် အဖက် ဖက်မှ ဝိုင်း ဝန်း ကူညီကြသည့် ဝေယျာဝစ္စ သာသနာ့ ဒါယကာ များအား အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဝေနေယျ သတ္တဝါအားလုံး ငြိမ်းချမ်းကြပါစေ။

အရှင် တိက္ခဉာဏ
(ပထမကျော်နှင့် ဓမ္မာစရိယ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပုဗ္ဗကိစ္စ(၉)ပါးနှင့်အလုပ်ပေးတရားတော်- | ၁ |
| ၂ | ဓါတုမနသိကာရပဗ္ဗနှင့် ဣရိယာပထပဗ္ဗ အလုပ်ပေးတရားတော် .... .... | ၆၃ |
| ၃ | သီလတရားတော် .... .... .... | ၁၂၆ |
| ၄ | သမ္ပဇဉ်ပဗ္ဗ အလုပ်ပေးတရားတော် .... | ၁၈၁ |
| ၅ | သမာဓိ,သမထ,စိတ္တဝိသုဒ္ဓိတရားတော် .... | ၂၃၇ |
| ၆ | သင်သိ ဝိပဿနာ .... .... .... | ၂၆၃ |

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏
အန္တေဝါသိက တပည့်ရင်း ဖြစ်သော
အရှင် ဝိစိတ္တသာရ သူမြတ်သည်
၁၃၂၇- ခု၊ နှောင်းတံခူး လဆုပ် (၇) ရက်နေ့ည ၇- နာရီအချိန်၌
တောင်ငူမြို့ ရွှေဆံတော်ဝါးကျောင်း ဓမ္မရိပ်သာတွင်
ဟောကြားသော

# ပုဗ္ဗကိစ္စ (၉) ပါး နှင့် အလုပ်ပေး တရားတော်

(၁၂-၄-၆၆)

**လက်အုပ်ချီပုံ။** ကဲ- အားလုံးလက်အုပ်ချီကြ- ဂါရဝ, နိဝါတ ဖြစ်အောင် လက်အုပ်ချီကြ- လက်ဝါး ချင်း ကပ်ကြ- လက်ဝါးနဲ့ လက်ချောင်း တဖြောင့်တည်းထားကြ-လက်ချောင်းကလေးတွေလဲဘဲ စိပ်စိပ်ကလေး လက်မနဲ့ လက်ညှိုး လက်ညှိုးနဲ့ လက်ခလယ်, လက်ခလယ်နဲ့ လက်သူကြွယ် ထိထားကြ။

ဘယ်ဘက်လက်ဖဝါးနဲ့-ညာဘက်လက်ဖဝါးချင်းလဲ ကပ်ထားကြ၊လက်ချောင်းကလေးတွေလဲဘဲ- လက်ညှိုး,လက်ညှိုးချင်း၊လက်ခလယ်, လက်ခလယ်ချင်း၊ လက်သူကြွယ်, လက်သူကြွယ်ချင်း- ထိထားကြ၊လက်ကိုခုံးတုန်းတုန်းမထားနဲ့နော်၊လက်လဲမယွက်နဲ့၊လက်

အုပ်နဖူးပေါ်တင်ထားလိုက်၊ အလွန်ကြီး မမြောက်နဲ့လေ၊ ရှိခိုးခါ နီးဆဲဆဲလေးမှာ မျက်လုံးမှိတ်ထားရတယ်။

မိမိတို့ရင်တွင် နာမ်အစဉ်မှာ ရှိတဲ့ စေတနာ လေးက- ရှိခိုးခံရသော ရတနာသုံးပါးနဲ့ ဆရာသမားတို့၏ ရင်တွင် နာမ်အစဉ်မှာ ဝင်နေတဲ့ သီလ, သမာဓိ, ပညာ ဂုဏ်ကို စိတ်က ရည်မှန်းပြီးကာ- ကြည်ညိုသောသဒ္ဓါ, ထက်သန်သော စေတနာ, အသိဉာဏ်ပညာ ရှေ့သွား ပြီးကာ-ခန္ဓာမှာလက်ငင်းဖြစ်ပျက်နေသော ရုပ်နာမ်မှ ဖြင့် လေးလေး,ညီညီ, ပြတ်ပြတ်, ရှင်းရှင်း ကန်တော့ကြ။

**ဆုပေး။**

သက်တော်ထင်ရှား မြတ်ဘုရားသည်၊ လေးလလွန်လျှင် ပရိနိဗ္ဗာန်စံမည်ဟု သံဃာတော်များအား အမိန့်ရှိလိုက်သောအခါ၊ များစွာသော ပုထုဇဉ်သံဃာတော်တို့သည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကိုမစွန့်မူ၍၊ဘုရားသွားရာနောက်တော်က တိုင်ပင် စည်းဝေးပြီးကာ-လိုက်ပါ၍ သွားကြလေသည်။

အတ္တဒတ္တ မထေရ်တပါးကတော့- ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ လေးလလွန်လျှင် ပရိနိဗ္ဗာန်စံတော်မူမည်တဲ့၊ ငါမှာလဲ ရာဂ မကင်းသေးပါ၊ ဘုရားရှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် မစံသေးခင်- လက်ဆုတ်,လက်ကိုင်, တရားတခုပိုင်ပိုင် ရဟန္တာဖြစ်အောင် ကြိုးစား အားထုတ်အုံးမှဘဲလို့- စိတ်ကူး ပေါက်သည့်အလျောက်၊ ကိုယ့်တရားကို,ကိုယ်- ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်၍ နေလေသည်။

သံဃာတော် အရှင်မြတ်များက သံဃာ အစည်းအဝေး ခေါ်ပါသော်လဲ အစည်းဝေး မတက်ပါ၊ ဘာတခု ပြုလုပ်မယ်ဆိုဒါ

တိုင်ပင်မှုလဲမပြုပါ၊ ဤကဲ့သို့ နေသောအခါ၌၊ သံဃာတော်အရှင်မြတ်များက အတ္တဒတ္ထမထေရ်ကို ခေါ်ဆောင်ပြီးသကာလ—

မြတ်စွာဘုရား၊အတ္တဒတ္ထမထေရ်ဟာဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်အပေါ်မှာ မချစ်မြတ်နိုးပါဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လေးလ လွန်လျှင် ပရိနိဗ္ဗာန်စံမည်ဟု သိပါလျက်နဲ့ သံဃာများ အစည်းဝေး ခေါ်ပါသော်လဲ အစည်းဝေးမတက်ပါဘုရား။ ဘာတခု ပြုလုပ်မယ်ဆိုဒါ တိုင်ပင်မှုလဲ မပြုကြောင်းပါဘုရား၊ သို့အတွက်ကြောင့်- အတ္တဒတ္ထ မထေရ်တပါး ဟာဖြင့် ဘုရားရှင် ကိုယ်တော်မြတ်အပေါ်မှာ မချစ်မြတ်နိုးပါဘုရား—ဟုံ-ကုန်းတိုက်သည့်အလား လျှောက်ထားလိုက်သောအခါ—

ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည် "ဇာ နန္ဒာပိ ပုစ္ဆိတ်" အတ္တဒတ္ထမထေရ်အကြောင်း ကောင်းကောင်းကြီးသိပါကုန်သော်လဲ သံဃာတော်များအလယ်မှာ ထင်ရှားစေခြင်းအကျိုးငှါ မေးတော်မူသတဲ့ - မေးတော်မူသောအခါ—

အတ္တဒတ္ထမထေရ်က မြတ်စွာဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊လေးလလွန်လျှင်ပရိနိဗ္ဗာန်စံမည်ဆိုဒါ တပည့်တော်ကြားပါတယ်ဘုရား၊ တပည့်တော်မှာလဲ ရာဂ မကင်းသေးပါဘုရား၊ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန် မစံသေးခင် လက်ဆုပ်-လက်ကိုင် တရားတခုပိုင်ပိုင် ရဟန္တာဖြစ်အောင် ကြိုးစားအားထုတ်အံ့မှဘဲလို့ စိတ်ကူးပေါက်သည့်အလျောက်၊ကိုယ့်●ရားကို့ကိုယ် ပြင်းပြင်းထန်ထန် ကြိုးစား အားထုတ်နေရသည့်အတွက် ကိုယ့်အလုပ်ကို့ ကိုယ်လုပ်နေရသည့်အတွက်ကြောင့်၊ သံဃာတော်

များ အစည်းဝေး ခေါ်ပါသော်လဲ အစည်းဝေး မတက်နိုင်ကြောင်းပါဘုရား၊ ဘာတခု ပြုလုပ်မယ်ဆိုဒါ၊ တိုင်ပင်မှုလဲ မပြုနိုင်ကြောင်းပါဘုရားလို့ – ဟုတ်တိုင်းမှန်စွာ လျှောက်ကြားလိုက်သောအခါ—

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အတ္တဒတ္တမထေရ်အား ကောင်းချီးသြဘာ ထောပနာပေးပြီးတဲ့နောက်၊ချစ်သားတို့-ချစ်သားတို့ သင်ချစ်သားတို့သည်၊ ငါဘုရားအပေါ်၌ ချစ်မြတ်နိုးခဲ့ပါလျှင်၊ အတ္တဒတ္တမထေရ်ကဲ့သို့ ချစ်ကြ-ပူဇော်ကြ-ကန်တော့ကြနော်လို့၊ အမိန့်ရှိပြီးတဲ့နောက်–

ဂန္ဓာဒိဟိ၊ နံ့သာပန်း - ဆီမီးဖရောင်းတိုင်၊ ပစ္စည်းလေးပါးတို့ဖြင့်။ မံ၊ ငါဘုရားကို။ ပူဇေန္တာ၊ ပူဇော်ကန်တော့ နေကြကုန်သောပုဂ္ဂိုလ်တို့သည်။ မံ၊ ငါဘုရားအစစ်ကို။ ပူဇေန္တိနာမ၊ တကယ်တန်းပူဇော်သည် မ,မည်နိုင်ကြကုန်။ ဓမ္မာနု ဓမ္မပဋိပတ္တိယာပန၊ မဂ်တရား ဖိုလ်တရား- နိဗ္ဗာန်တရား လျော်တဲ့ ပဋိပတ်ကို ကျင့်ခြင်းဖြင့်သာလျှင်။ မံ၊ ငါဘုရားအစစ်ကို။ ပူဇေန္တိနာမ၊ တကယ်တန်းပူဇော်ရာမည်ကြကုန်၏–လို့-ထပ်၍ တဖန်အမိန့်ရှိပြီးတဲ့နောက်။

အတ္တ ဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။
အတ္တ ဒတ္ထ မဘိညာယ၊ သ ဒတ္ထ ပသု တော သိယာ။

ဆိုတဲ့ဂါထာကို ဟောကြားလိုက်သည့် အဆုံးဝယ်၊ အတ္တဒတ္တမထေရ်သည် ကျွတ်တန်းဝင်သွားတဲ့ထုံး နှလုံးသွင်းပြီး သဏ္ဍာလ၊ယခု ရှိရိုးနေကြကုန်သော သင်ဒကာ-ဒကာမ, အပေါင်းတို့သည်၊

သာသနာတော်ကြီးတော့ တဝက်ကျော်သွားပြီတဲ့· တဝက်နီးပါး လောက်ကျန်ပါသေးတယ်၊ ကျန်တဲ့သာသနာမှန်သမျှ၊ ကိုယ်ပိုင် သာသနာမဟုတ်ကြပါ၊ကိုယ့်အသက်တန်းနဲ့ဆိုင်တဲ့သာသနာသည် သာလျှင်၊ ကိုယ်ပိုင်အစစ်ဖြစ်ကြပေတယ်၊ မိမိတို့၏ အသက်တန်း လေးဟာဖြင့်၊ ဘယ်နေ့ - ဘယ်ရက် - ဘယ်လ, သေရမယ်ဆိုဒါ ကာယ်တန်းလဲမသိနိုင်ပါ၊ သို့အတွက်ကြောင့်၊ မိမိအသက်သည် တလနေရမယ်ဆိုယင် တလသည်ကိုယ်ပိုင်သာသနာ ကိုယ်နဲ့ဆိုင်တဲ့ သာသနာဘဲ၊ တရက်နေရမယ် - တမိနစ်နေရမယ် - တစက္ကန့်နေရ မယ်ဆိုယင်, တစက္ကန့်သည် ကိုယ်ပိုင် သာသနာအစစ်ပါဘဲ၊ အဲဒီ ကိုယ်ဆိုင်တဲ့ သာသနာအတွင်းမှာသာလျှင် ကိုယ့်အလုပ်ကို,ကိုယ် လုပ်ရပါတယ်။

ဒါ့ကြောင့်၊ အသက်ကိုလဲ ပမာနမထားနိုင်၊ ဘယ်နေ့,ဘယ် ရက်, ဘယ်လသေရမယ်ဆိုဒါလဲဘဲ မသိနိုင်သည့် အတွက်ကြောင့်၊ အသက်တန်းလေးနဲ့ဆိုင်တဲ့၊ ကိုယ်ဆိုင်တဲ့ သာသနာအတွင်းမှာသာ လျှင်၊ ကိုယ့်,အလုပ်ဆိုတဲ့ဝိပဿနာ အလုပ်များကို လုပ်ကြသောအ ခါကာလဝယ်၊ ခန္ဓာမှာ ရုပ်နာမ် ဖြစ်ပျက် အပျက်တွေမြင်ပြီး သကာလ၊အပျက်ဆုံးတဲ့နိဗ္ဗာန်ကြီးကို၊မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့်ကိုယ် အရင်လှမ်းမြင်နိုင်ကြပါစေ၊ ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင်၊ စားရေး, သောက်ရေး, ဝတ်ရေး, နေရေး ဆိုဒါ လိုလေသေးတယ်မရှိ၊ လိုဒါ, ငါ့တာဝန်နော်, သာသနာ့ အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်နော်—လို့၊ ကိုယ့်တာဝန်မှန်း ကိုယ့်အလုပ်မှန်း သိကြသည်ဖြစ်၍၊ လိုတဲ့နေရာမှာ အားဖေး ချီးမြှင့်ထောက်ပံ့ကြယ်ုမျှမက၊ တရားတော်များကိုတောင်၊ ကိုယ်

ငိုင်ပြုနိုင်၊ ဟောနိုင် ဆုံးမနိုင်၊ သံသယရှိသူကို အလွယ်တကူဖြင့် ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိ အကြီးစားတို့ကိုလဲ အလွယ်တကူဖြင့်၊ နှုတ်နိုင်-ဖြုတ်နိုင်သော၊ မြန်မာပြည် တပြည်လောက်သာမက၊ ကမ္ဘာတဝှမ်းလုံး ထင်ရှား ကျော်ကြားလောက်တဲ့၊ ကမ္ဘာ့ သာသနာ့ပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ၊ ရလွယ် ရောက်လွယ်နိုင်ကြသည်ဖြစ်ကြစေ။

(ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။)

ကဲ - သရဏဂုံ ဆောက်တည်ရအောင်- နိဗ္ဗာန်ရောက်ခြင်း၏ အစ၊ သရဏဂုံ သုံးပါးက - - လို-ဆိုသောကြောင့်၊

ကဲ-- သရဏဂုံ လေး လေး, လေးနဲ့ ညီညီလိုက်ဆိုကြ။

**သရဏဂုံ ဆောက်တည်ပုံ။** တပည့်တော် များသည် ယနေ့ကစ၍ ရုပ်ထူး နာမ်ထူးအစဉ်သက်တော်ထင်ရှားမြတ်ဘုရားကို၊ တသက်ပတ်လုံး အမြတ်ဆုံးထား၍ အားကိုးနေကြပါ၏။ စိတ်ထဲကရော ပါကြရဲ့လား (ပါ-ပါတယ်ဘုရား။)

တပည့်တော်များသည်၊ ယနေ့ကစ၍၊ခန္ဓာကိုယ်မှာ၊လျှပ်တလက်မက၊ဖြစ်ပျက်နေသော၊ ရုပ်နာမ်ခန္ဓာ အစဉ်ကို၊ မြင်နေ ရသော၊ ဝိပဿနာဉာဏ်၊ ဖြစ်ပျက်ရပ်သော၊ နိဗ္ဗာန်ကြီးကို၊ မြင်နေရသော၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်- တရားမှန်, တရားစစ်တွေကို၊ တသက်ပတ်လုံး၊ အမြတ်ဆုံးထား၍ အားကိုးနေကြပါ၏။ ဒါကော- **စိတ်ထဲက** ပါကြရဲ့လား၊ (ပါကြပါတယ်ဘုရား။)

တပည့်တော်များသည်၊ယနေ့ကစ၍၊ ကိလေသာ၊ စိတ်ယုတ်မာတို့ကို၊ ဝိပဿနာဉာဏ်-မဂ်ဉာဏ်ဖြင့်၊ သတ်ပြီး ကြသော၊ ရဟန္တာ

အရှင်၊ သတ်တုန်း သတ်ဆဲ ဖြစ်နေကြသော၊ ကလျာဏ ပုထုဇဉ်၊ သေက္ခအရှင်၊ သံဃာတော် အရှင်မြတ်များကို၊ တသက် ပတ်လုံး၊ အမြတ်ဆုံးထား၍၊ အားကိုး နေကြပါ၏။ ဒါကော စိတ်ထဲက ပါကြရဲ့လား၊ (ပါကြပါတယ် ဘုရား။)

ဤကဲ့သို့၊ ရတနာသုံးပါး၊အမြတ်ဆုံး ထား၍၊ အားကိုးနေကြ ပါလျှင်၊ ဘေးဟူသမျှ၊ ဆင်းရဲဟူသမျှ၊ ကွယ်ပျောက် သွား ကြ လိမ့်မည်ဟူ၍၊ ယုံကြည်နေကြပါ၏၊ အရှင်မြတ်တို့ဘုရား။

**သရဏဂုံတည်ပုံ ၂ မျိုး။**

ရတနာသုံးပါးကို အမြတ်ဆုံးထား၍အားကိုး လိုက်ပါလျှင် ဘေးတွေ ကွယ်မယ်၊ ဆင်းရဲ တွေကွယ်မယ်လို့ ယုံကြည်ရဲ့လား (ယုံကြည် ပါတယ်ဘုရား) ယုံကြည်ပြီး သကာလ ရတနာသုံးပါး အစစ် တွေကိုကိုးကွယ်ဆည်းကပ်ရပါတော့သည်လို့ဆိုဒါ ညီညွတ်ကဲ့လား (ညီညွတ်ပါတယ်ဘုရား)ဒီလိုစိတ်ပါခဲ့ပါလျှင် ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့်မမြင်သမျှကာလပတ်လုံး၊လောကီသရဏဂုံ တည်သော ဉပါသကာ ဉပါသိကာ မိန်းမတို့ဟူ၍မှတ်၊ ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် မြင်ခဲ့ပါလျှင် လော ကုတ္တရာ သရဏဂုံတည်သော အရိယာအရှင် သူတော်စင်လို့မှတ်။

**လောကီသရဏဂုံ ပျက်တတ်ပုံ။**

လောကီသရဏဂုံ တည်ကြသော ဉပါသကာ ယောကျ်ား-ဉပါသိကာ မိန်းမတို့မှာ လောကီ သရဏဂုံ ပျက်ခြင်း၏ အကြောင်း နှစ်ပါး ရှိပါသည်။ မိစ္ဆာဒိဋ္ဌိအယူမှားကို ယူလျှင်လဲ ပျက်တတ်ပါသည်။ သေသွားလျှင်လဲ ပျက်တတ်ပါသည်။

ဤကဲ့သို့ လောကီသရဏဂုံ ပျက်ခြင်း၏ အကြောင်း နှစ်ပါးတို့တွင် တပါးပါးနှင့်ပြည့်စုံခဲ့ပါလျှင် လောကီသရဏဂုံ ပျက်ကြလိမ့်မယ်ဆိုဒါမှတ်။ အဲဒီသရဏဂုံ ပျက်မည်ဆိုယင်၊ မဂ်ဝင်, နိဗ္ဗာန်မြင်, ဖိုလ်ဝင်, နိဗ္ဗာန်မြင် မဖြစ်နိုင်ဘူးလို့ဆိုဒါ မှတ်ပေတော့။

**လောကုတ္တရာသရဏဂုံ မပျက်။**

လောကုတ္တရာ သရဏဂုံ တည်ကြသော အရိယာအရှင် သူတော်စင်တို့မှာကတော့ လောကုတ္တရာသရဏဂုံ ပျက်ထာကို မဆိုထားဘိ၊ ယုတ်ညံ့-သေးသိမ်-မှေးမှိန် အောက်ကျသော အဖြစ်မျိုး ဘယ်အခါမှ မတွေ့ရမူ၍ တနေ့တခြား မြင့်မြတ်သော အမျိုးမှာ ဖြစ်ပြီး သကာလ၊ အထက်တန်း ရောက်၍ မဂ်ဝင်- နိဗ္ဗာန်မြင် ဖိုလ်ဝင် နိဗ္ဗာန်မြင်ရုံမျှမက, ဆုံးတဲ့ နိဗ္ဗာန်ကြီးကို ဧကန်ဝင်တော့မယ် ဆိုတဲ့သဘော ဧကန်ရောက်ကြတော့မယ်ဆိုဒါ မှတ်ထားကြပါ။ အားလုံးရှင်းပါရဲ့လား (ရှင်းပါတယ်ဘုရား) ဒါက သရဏဂုံ ဆောက်တည်ပုံ အကျဉ်းဘဲ။

ကဲ-ဆယ်ပါးသီလ ခံကြရလိမ့်မယ် ယောဂီတို့ ရွှေ-ငွေ-ဒင်္ဂါး ပိုက်ဆံ-ငွေစက္ကူနှင့် ပတ်သက်၍ အကုန်လုံး ရှင်းပြီးကြပလား၊ (ရှင်းပြီးပါပြီဘုရား) ကဲ- ပြီးယင် ယောဂီများကတော့ ဆယ်ပါးသီလဆယ်ရက် စောင့်ထိန်းရလိမ့်မယ်နော် (မှန်ပါဘုရား။)

**သီလခံယူပုံ ၂-မျိုး။**

သီလဆောက်တည်ပုံ နှစ်မျိုးရှိတယ်၊ သိက္ခာပုဒ်တော်ပိုင်းခြား၍ဆောက်တည်ပုံကတမျိုး၊ ကာလပိုင်းခြား၍ ဆောက်တည် ပုံက, တမျိုးလို့ နှစ်မျိုး ရှိတယ်။ သိက္ခာပုဒ်တော် ပိုင်းခြား၍ ဆောက်တည်တယ် ဆိုဒါက အခု

ဆယ်ပါးသီလရှိတယ်။ ဆယ်ပါးသီလအကုန်လုံးပိုင်းခြား၍ဖြစ်စေ၊ သို့မဟုတ် ကိုယ်တတ်နိုင်ဒါ ဆောက်တည်ပြီး မတတ်နိုင်ဒါဖယ်၍ ကိုးပါးဖြစ်စေ၊ရှစ်ပါးဖြစ်စေ၊ ခုနစ်ပါးဖြစ်စေ၊ ခြောက်ပါးဖြစ်စေ စသည်တို့ဖြင့် ပိုင်းခြားပြီး သကာလ ဆောက်တည်လို့ ရတယ် ဆိုဒါမှတ်။

ကာလအားဖြင့်လဲဘဲ တထိုင်တည်း ဖြစ်စေ၊ တနာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ၊ တရက်ဖြစ်စေ၊ တလဖြစ်စေ၊ တနှစ်ဖြစ်စေ ပိုင်းခြားပြီး သကာလ ဆောက်တည်မယ်ဆိုယင်လဲ ရတယ်ဆိုဒါမှတ်။

ဒါကြောင့် ယောဂီတို့ကတော့ ဆယ်ပါး သီလ သိက္ခာပုဒ်ကို ဆယ်ရက်ပိုင်းခြားပြီး သကာလ ဆောက်တည် ရလိမ့်မယ် ဆိုဒါ မှတ်နော်(မှန်ပါဘုရား။)

ယောဂီမှတပါး အခြား အခြားဖြစ်သော ပုဂ္ဂိုလ်တို့ကတော့ မိမိတို့ ဆောက်တည်နိုင်တဲ့ သိက္ခာပုဒ်တော်ကို လိုက်ဆို၍ မိမိတို့ ရည်ရွယ်ချက်အတိုင်း ကာလ လေးလဲ ပိုင်းခြားပြီး သကာလ ဆောက်တည်ကြပေတော့၊ ကဲ....လိုက်ဆိုကြ။

**ဆယ်ပါးသီလ ခံယူပုံ။**

(၁) တပည့်တော် များသည် ယခုအချိန်မှ စ၍ မိမိတို့စိတ်ဖြင့် ရည်ရွယ်ထားရာ၊ ပိုင်းခြားထားရာ ကာလပတ်လုံး၊ သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၂) သူများ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(၃) မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၄) လိမ်ပြောခြင်း၊ ကုန်းချောခြင်း၊ စိတ်ကြမ်းပြောခြင်း၊ အဖျင်းပြောခြင်းတို့မှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်။** (လိမ်ပြောခြင်းက တခု၊ ကုန်းတိုက်ခြင်းမှလဲ ရှောင်ကြဉ် ရလိမ့်မယ်၊ စိတ်ယုတ်မာမျိုး ဖြင့်ပြောဆိုခြင်းဆိုတဲ့ စိတ်ကြမ်းပြောဆိုခြင်းမှလဲ ရှောင်ကြဉ်ရလိမ့်မယ်၊ အဖျင်း-အသော စကားပြောခြင်းတို့မှလဲ ရှောင်ကြဉ်ရလိမ့်မယ်။ အဲဒီလို ယောဂီတို့ သတိချပ်ကြ။)ကဲ....ရှေ့ဆက်ဆို....

(၅) မူးလဲမူးတတ်၊ မေ့လဲမေ့တတ်သော၊ သေရည်အရက်များကို၊ သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

(၆) နေလွဲသောအခါ၌၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို၊ စားသောက်ခြင်းမှ၊ ရှောင်ကြဉ်ပါ၏။

(၇) ကခြင်း၊ သီချင်းဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းတို့မှ ရှောင်ကြဉ်ပါ၏။

(၈) ပန်းပန်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ နံ့သာမှုန့်စသည်တို့ဖြင့် မွမ်းမံလိမ်းကျံခြင်းတို့မှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်။** (ဆပ်ပြာမွှေးတွေ ခေါင်းလိမ်းဆီ မွှေးတွေဟာ ကိုယ်နံ့တွေဘာတွေ မကောင်းဘူး၊ ဆံပင် အနံ့ အသက်တွေမကောင်းဘူးဆိုယင် လိမ်းကောင်းပါတယ်၊ တိုက်ကောင်းပါတယ်၊

ကိုယ်အနံ့ အသက်တွေ ဆံပင်အနံ့ အသက်တွေ ကောင်းမယ်ဆို လို့ ရှိယင် အဲဒါ- မသုံးစွဲကောင်းဘူးမှတ်ထားပါ။)

(၉) မြင့်သောနေရာ၊ မြတ်သောနေရာတို့၌၊ နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(၁၀) ရွှေ ငွေ, ဒင်္ဂါး, ပိုက်ဆံ, ငွေစက္ကူများကို၊ကိုင်တွယ်သုံးစွဲ ခြင်းမှ ရှောင်ကြဉ်ပါ၏ အရှင်မြတ်တို့ဘုရား။

ဆယ်ပါးသီလ လုံခြုံအောင် စောင့်ထိန်း ရလိမ့်မယ်၊ ခုနက ၎လောကီသရဏဂုံတည်တဲ့ ဥပါသကာ ယောကျ်ား၊ဥပါသိကာမိန်း မတို့မှာ ယခုဆယ်ပါးသီလ ဆောက်တည်ပြီးတော့ ထားသည် ဖြစ် လေသောကြောင့်၊လဇ္ဇီဖြစ်တဲ့ ဥပါသကာ ယောကျ်ားတွေ၊ဥပါသိ ကာမိန်းမတွေ တဆင့်တက်ပြီလို့ မှတ်ပါတော့၊ အဲဒါက လူတို့နှင့် ပတ်သက်တဲ့ သီလခံယူပုံကလေးပဲ။

**ရဟန်းသီလ အတွက်။**

ရဟန်းသာမဏေများမှာရှင်ပါလို့ရှိယင် ရှင်သီလ စင်ကြယ်ရလိမ့်မယ်၊ ရဟန်းဆိုယင် ရဟန်းသီလ စင်ကြယ် ရလိမ့်မယ်၊ ရဟန်းသီလလို့ ဆိုတော့ အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော် များလှတယ်၊ သို့သော်လည်းအကျဉ်းချုံး မယ်ဆိုယင်၊ ဝါရိတ္တသီလ-ရှောင်ကြဉ်ရမဲ့ သီလက တမျိုး၊ စာရိတ္တ သီလ-ဖြည့်ကျင့်ရမဲ့ သီလက တမျိုးလို့ နှစ်မျိုးရှိပါတယ်၊ ရှောင် ကြဉ်ရမဲ့ သီလကို ရှောင်တော်မူကြပါ၊ ဖြည့်ကျင့်ရမဲ့ သီလမျိုး ကိုလဲ ဖြည့်ကျင့်တော်မူကြပါ။

**ရှောင်သီလ။** ရှောင်ကြဉ်ရမဲ့ သီလ ဆိုတာက၊ ပါရာဇိကတို့၊ သံဃာဒိသိသ်တို့၊ နိဿဂ္ဂိယပါစိတ်တို့ စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာ၊ ရှောင်ကြဉ်ရပါလိမ့်မယ်လို့ ဆိုဒါမှတ်။ ရွှေ ငွေ ပိုက်ဆံ ငွေစက္ကူများကိုလဲဘဲ၊ အကပ္ပိယ ဝေါဟာရဖြင့် ခံယူသုံး စွဲခြင်းကိုလဲ၊ ရှောင်ရပါလိမ့်မယ်၊ ကပ္ပိယဝေါဟာရနဲ့ ခံယူသုံးစွဲငြား သော်လဲဘဲ၊ ခိုင်းပြုတဲ့နေရာဌာနမှာဆိုလို့ရှိယင် မအပ်သောခိုင်းခြင်း မျိုးဖြင့်၊ ခိုင်းမယ်ဆိုလို့ရှိလျှင်လဲဘဲ၊ ရှောင်ကြဉ်ရပါလိမ့်မယ်၊ စွန့် ပစ်ရပါလိမ့်မယ်။

နောက်ပြီးတော့ ကိုယ်ကိုယ်တိုင် မအပ်သောအသုံးအစွဲမျိုးဖြင့် ဝယ်ခြမ်းပြီးတော့ထားတဲ့ လက်ကိုင်ပဝါတို့၊ မျက်နှာသုတ်ပဝါတို့၊ ဖေါင်တိန်တို့၊ မင်အိုးတို့ စသည်တို့ကိုလဲဘဲ၊ စွန့်ပစ်ရလိမ့်မယ်ဆိုဒါ အဲဒါလဲဘဲမှတ်ပါ။

နောက် ပြီး လွန် ကျူး တတ် ထာ က၊ အခ ကြောင်း မ ရှိ ပါဘဲနဲ့ နေလဲသော အခါကာလမှာ ဆိုယင် ကွမ်းစားခြင်း၊ ဆေးသောက်ခြင်းလဲဘဲ၊ ဒါလဲဘဲ ရှောင်ကြဉ်ကြပါလို့ သတိပေး လိုက်ပါတယ်၊ ဆိုင်ရာ ဆိုင်ရာလဲဘဲ သိပြီးသား ပုဂ္ဂိုလ်တွေများကြ ပါလိမ့်မယ်၊ အဲဒါကြောင့် ရှောင်ကြဉ်ရမဲ့ သီလကို ရှောင်ကြဉ် တော်မူကြပါလို့ သတိပေးလိုက်ပါသည်။

**ကျင့်သီလ။** ဖြည့်ကျင့်ရမဲ့ သီလဆိုဒါက၊ သေခိယ ခုနစ်ဆယ့် ငါးပါးကိုလဲ၊ ဖြည့်ကျင့်ရပါလိမ့်မယ်၊ နောက်ပြီး တော့ဆိုယင် စုဒ္ဒသ ခန္ဓက ဝတ်တွေ ဖြည့်ကျင့် ရပါလိမ့်မယ်၊ သေခိယ ခုနစ်ဆယ့် ငါးပါးထဲမှာ သကိန်း ဝတ်ပုံတွေ ပါတယ်၊ ဒါ့ယောဂီရဟန်း၊ သာမဏေတို့သည် သကိန်းဝတ်တဲ့နေရာမှာ ဘ

ဘုရား ခွင့်ပြုခဲ့တော်မူတဲ့အတိုင်း ပရိမဏ္ဍလသိက္ခာ ပုဒ်တော်နဲ့အညီ သင်းပိုင်ကိုဝတ်မယ်ဆိုလို့ရှိယင်၊ ဒူးအောက်လက်ရှစ်သစ်ချ အဝန်း- ညီစွာ ဝတ်တော်မူကြပါ။

ကောသီတင်မယ် ဆိုလို့ရှိယင်လဲ၊ ဒူးအောက် လက်လေးသစ်ချ၊ အဝန်းညီစွာဝတ်တော်မူကြပါ၊ ဘယ်ဘက်ပခုံးပေါ်က တင်ထားတဲ့အစလဲဘဲ၊ လက်ကောက်ဝတ်တိုင်အောင် ဖုံးနိုင်လဲဖုံးကြပါ၊မဖုံးနိုင်လို့ရှိယင်လဲ၊ တထောင်ဆစ် ကျော်အောင် ဖုံးတော်မူကြပါ၊ သင်္ကန်းလဲဘဲ အချိုးကျ ဝတ်ရုံတော်မူပါ။

ဆွမ်းစားတဲ့အခါမှာ ဆိုလို့ရှိယင်လဲ၊ ပရိမဏ္ဍလသိက္ခာပုဒ်တော်စသည်တို့နှင့်အညီ၊ ဆွမ်းလုပ်ကို ပြင်ပြီးတော့စားခြင်း၊ ပြွတ်ပြွတ်၊ စပ်စပ် အသံမြည်အောင်မစားခြင်း၊ ဆွမ်းလုပ်ကို ခွန့်တဲ့နေရာမှာဆိုလို့ရှိယင်လဲဘဲ ကျီးကန်းလာနှိုက်သကဲ့သို့ ဖြန့်ကျဲမကျမှု၍ ခွန့်ခြင်း၊ ပါးတဖက်ဖေါင်းခြင်း၊ နှစ်ဖက်ဖေါင်းခြင်း၊ မရှိအောင်စားခြင်း၊ ဆိုတဲ့ ဒီလိုသေခိယသိက္ခာပုဒ်တော်နဲ့အညီ ဆွမ်းစားတော်မူကြပါ။

နောက်ပြီးတော့ ဝစ္စကုဋီဝတ်ကလေး၊ သေနာသန ဝတ်ကလေး ကိုယ်နေတဲ့ကျောင်းလေးမှာ ဆိုလို့ရှိယင်လဲဘဲ၊ သန့်သန့်ရှင်းရှင်း၊ စင်စင်ကြယ်ကြယ်၊ နေတော်မူကြပါ၊ ဝစ္စ ကုဋီဝတ်နဲ့လဲ ပြည့်စုံအောင်နေတော်မူကြပါ၊ စာရိတ္တသီလ၊ ဖြည့်ကျင့်ရမဲ့ သီလမျိုးကိုလဲ အကျဉ်းချုံးပြီး သတိပေးပါတယ်၊ ရဟန်းတော်များ အတွက် ပြီးပါပြီ။

ကဲ....လုပ်နေကြ ပုဗ္ဗကိစ္စ ကိုးပါးပြုလုပ်ကြစို့၊ သံဃာတော်များလဲလိုက်ဆိုပါ။

၁-နံပါတ်-ဘုရားပင့်ခြင်း၊ ကဲ....ဘုရားပင့်ရပါလိမ့်မယ်၊ ဘုရားပင့်တော့ရှည်ရှည်လေးပေါ့....

**ဘုရားပင့်ပုံ။** ဂင်္ဂါသဲလုံးမက၊ အမတပြည်ခွင် စံဝင်တော်မူကြသည့်၊ ရှင်တော်မြတ်ဘုရားပေါင်း အနန္တ၊ တဏှင်္ကရာဘုရားအစ၊ ဂေါတမ ဘုရားအဆုံး နိဗ္ဗာန်စံသုံးတော်မူကြသည့် ရှင်တော်မြတ်ဘုရား၊ နှစ်ကျိပ်ရှစ်ဆူ၊ ကိုယ်တော်မြတ်ကြီး များနှင့်၊ ကိုယ်စားပူဇော်ရန်၊ ဓါတ်တော်သုံးသွယ်၊ စွယ်တော်လေးချောင်း၊ ဆံတော်ပေါင်း အဆူဆူတို့သည်၊ ခြောက်ရောင်ခြည် ဖြန့်သန်း၍၊ ဈာန်စခန်းဖြင့်၊ ကြွမြန်းတော်မူလာပြီးလျှင်၊ ဝိပဿနာ ကမ္မဋ္ဌာန်းခွင်၊ ယခုပင်ဝင်လိုကြသည့် တပည့်တော်များကို အိုနာသေရေး ဒုက္ခဘေးမှ ကင်းဝေးစင်ကြယ်၊ အဇေပင်စင်နယ်သို့၊ အလွယ်ထုတ်ချောက်၊ အမြန်ရောက်အောင်ကရုဏာသဆောင်လျက်၊ ဉာဏ်စဉ်တက်လှမ်းဘို့၊ မဂ်လမ်းဖွင့်မည့် ဝိပဿနာ ကမ္မဋ္ဌာန်းအကျင့်ဖြင့်၊ ချီးမြှင့်တော်မူပါရန်၊ အတ္တဘော ရုပ်နာမ်ကြီးကို အလှူခံပြီးလျှင်၊ ရွှေပလ္လင်အမှတ်ဖြင့် ရုပ်ဓါတ်နာမ်ဓါတ်ပေါ်သို့ သီတင်းသုံး ကြွတော်မူပါမည့်အကြောင်း ဇောစိတ်ကောင်းကောင်းဖြင့်၊ ဦးခေါင်း ရိုကျိုး လက်အုပ်မိုးလျက်အကြိမ်ကြိမ်၊ ရှိခိုးကာ၊ ပင့်လျှောက် လိုက်ပါ၏၊ ဘုန်းသမ္ဘာနေဝန်း၊ ထွန်းလင်း တောက်ပတော်မူလတ်သည့် အရှင်မြတ်ကြီးတို့ဘုရား။

**သိချင်စဘွယ် အဓိပ္ပါယ်။** ဘာဖြစ်လို့ ဘုရားတွေ ပင့်တင်ထားရ သလဲလို့ သိချင်ခဲ့ပါလျှင်၊ မတော်တဲ့အလုပ်ကို မလုပ်ဘို့လို့ မတော်တဲ့စကား မပြောကြဘို့လို့၊ ဘုရားတွေ ပင့်တင်ထားရပါတယ်လို့ တိုတိုကလေးမှတ်ပါ။

အကျယ်ချဲ့ပြီးတော့ ပြောမယ်၊ ခန္ဓာကိုယ်ပေါ်မှာ ဘုရားတွေ ပင့်တင်ထားတယ်ဆိုလျှင်၊ ကိုယ်ပေါ်မှာ ဘုရားတွေ သီတင်းသုံး နေတယ်၊ အဲသလို စိတ်ထဲက မှတ်ထားကြ၊ ကိုယ်နှင့်ဘုရားနဲ့ မကင်း တော့ဘူး၊ ကိုယ်သွားရာဘုရားပါနေတော့ဒါဘဲ၊ ဒီလိုဆိုယင်ဘုရား ရှေ့မှာနေရဘိသကဲ့သို့ ရိုရိုသေသေနေကြ၊ အကယ်၍ မတော် တဲ့အလုပ်ကို လုပ်မယ်ဆိုယင် ဘုရားရှင်ကိုယ်တော်မြတ် မြင်သွား တော်မူပါလိမ့်မယ်။

ဘုရားမြင်မှာစိုးလို့ မတော်တဲ့ အလုပ်ကို မလုပ်ဖြစ်အောင်၊ ဘုရားကြားသွားမှာစိုးလို့ မတော်တဲ့ စကား မပြောကြားဖြစ် အောင် ခန္ဓာကိုယ်ကြီးပေါ်မှာ ဘုရားတွေ ပင့်တင် ထားပါတယ် လို့မှတ်၊ ရှင်းကြပလား(ရှင်းပါပြီဘုရား) ဒါက ၁-နံပါတ် ဘုရား ပင့်ခြင်း အကြောင်း-အကျိုးလို့မှတ်ပါ။

၂-နံပါတ်-ဘုရားအားခန္ဓာကိုယ်ကြီးလှူထားရမယ်လိုက်ဆိုကြ။

**ဘုရားအား ခန္ဓာလှူပုံ။** ဘုရားပေါင်း အနန္တ ပွင့်တော်မူနေကြပါလျက် အရိယာမဂ်-အသက် တချက်ကမှ မသွင်းခဲ့ဘူး သော တပည့်တော်များ၏ အတ္တဘော အသေ ကောင်ကြီးကို....

**စကားချပ်။** ဒီမှာ-နဲနဲလေး ခန္ဓာစစ်လိုက်မယ်၊သတ္တဝါတို့၏အသက် သည် နှစ်မျိုး၊ ပုထုဇဉ် အသက်က တမျိုး၊ အရိယာ အသက်က တမျိုး-နှစ်မျိုးရှိတယ်။ ပုထုဇဉ်အသက်ဆိုယင်၊ ရှူလိုက် ရှိုက်လိုက်-ရှူလိုက် ရှိုက်လိုက် ဆိုတဲ့ ထွက်သက်-ဝင်သက်ကို ခေါ် တယ်။ အရိယာ အသက်ဆိုယင် မဂ်အသက်ကို ခေါ်တယ်။

ဒီတော့ ဘုရားပွင့်တာဟာ ပုထုဇဉ် အသက် သွင်းချင်လို့လား၊ အရိယာအသက်သွင်းချင်လို့လား၊ (အရိယာအသက်သွင်းချင်လို့ပါဘုရား) အရိယာ အသက်သွင်းချင်လို့ဆိုဒါ သောတာပန် ဖြစ်စေချင်လို့၊ သကဒါဂါမ် ဖြစ်စေချင်လို့၊ အနာဂါမ် ဖြစ်စေချင်လို့၊ ရဟန္တာ ဖြစ်စေချင်လို့ ဘုရားပွင့်လာဒါနော်.... (မှန်ပါဘုရား။)

သာသနာတော်ကြီး ထားခဲ့ဒါကော-အရိယာ အသက်သွင်းချင်လို့ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား) ဘုရား ပွင့်ဒါ ဘယ်လောက်များပလဲ (မရေနိုင်တော့ပါဘုရား) ဂင်္ဂါဝါဠု သဲစု မဏာ အလွန် များပြီ၊ ဘုရားတွေ ပွင့်ဒါ များပါလျက်နဲ့ မိမိမှာ အရိယာမဂ် အသက်ကလေးများ သွင်းဘူးရဲ့လား (မသွင်းဘူးပါဘုရား) အောက်တန်းစား သောတာပန်လောက် ဟုတ်ကဲ့လား-(မဟုတ်သေးပါဘုရား) မဟုတ်သေးလို့ရှိယင် မိမိခန္ဓာ ကိုယ်ဟာ ဘုရားသာသနာတော်နဲ့ ပတ်သက်ပြီး အရှင်ခေါ်မလား-အသေခေါ်မလား (အသေခေါ်ပါတယ်ဘုရား) အသေခေါ်တယ်။

ရှူရှိုက်, ရှူရှိုက်-ရှူလိုက် ရှူလိုက်နဲ့ ထွက်သက်-ဝင်သက် သွင်းချင်လို့ ဘုရားပွင့်လာဒါ မဟုတ်ဘူး၊ သာသနာတော်ကြီး ထားခဲ့ဒါလဲ မဟုတ်ဘူး၊ ဘုရားပွင့်တိုင်း-ဘုရားပွင့်တိုင်း အရိယာမဂ် အသက်သွင်းရမယ်၊ ဒီလိုမှမသွင်းလို့ ရှိယင် မိမိခန္ဓာဟာ အရှင် မဟုတ်တော့ဘူး၊ အသေကောင်နော် (မှန်ပါဘုရား) အသေကောင်ကြီး သိလို့ရှိလျှင် ဒီဘုရားသာသနာမှာ ဆိုလို့ရှိယင် အသက်သွင်းဘို့မလိုဘူးလား (လိုပါတယ်ဘုရား) ဘာအသက်သွင်းရမှာလဲ (အရိယာအသက်ပါဘုရား) အရိယာမဂ် အသက်သွင်းဘို့ ရှင်းပလား၊ (ရှင်းပါပြီဘုရား။)

ဒီဘုရား သာသနာတော်ကြီးမှာလဲဘဲ သောတာပန်-သကဒါဂါမ်-အနာဂါမ်-ရဟန္တာများ မဖြစ်ချင် ဘူးလား (ဖြစ်ချင်ပါတယ်ဘုရား)ဖြစ်ချင်လို့ ရှိယင် ခန္ဓာကိုယ်ကြီးကို ဘုရားအပ်ရမယ်၊ အပ်ကော အပ်ချင်ကြရဲ့လား (အပ်ချင်ပါတယ်ဘုရား) ကဲ....အပ်ချင်ယင်လိုက်ဆိုကြ....

**ဘုရားအား ခန္ဓာလှူပုံ** ဘုရားပေါင်း အနန္တ ပွင့်တော်မူနေ ကြ ပါလျက်၊ အရိယာမဂ်၊ အသက်တချက်ကမှ မသွင်းခဲ့ဘူးသော၊ တပည့်တော် များ၏၊ အတ္တဘော၊ အသေကောင်ကြီးကို၊ အရိယာမဂ်၊ အသက်သွင်းပေးဘို့ရန်၊ စေ့စိတ် သန့်သန့်ဖြင့်၊ အမှန်အားကိုးပြီးကာ၊ စွန့်လွှတ်လှူဒါန်းပါ၏၊ အပ်နှင်းပါ၏၊ အရှင်မြတ်ကြီးတို့ဘုရား....

ဒါက ၂-နံပါတ် ဘုရားအား ခန္ဓာကိုယ်ကြီးလှူပုံ။

**သိချင်စဘွယ် အဓိပ္ပါယ်** ဘာဖြစ်လို့ လှူရသလဲလို့ သိချင်ခဲ့ပါလျှင်၊ အရိယာမဂ် အသက်သွင်းချင်လို့ လှူပါတယ် တကြောင်း၊ အရိယာမဂ် အ သက် သွင်း ချင် လို့ ဆို တာ က သောတာပန်ဖြစ်ချင်လို့၊ သကဒါဂါမ် ဖြစ်ချင်လို့၊ အနာဂါမ် ဖြစ်ချင်လို့၊ ရဟန္တာဖြစ်ချင်လို့ လှူပါတယ်လို့ ဆိုတာမှတ်။

(ကြောက်စရာ၊ လန့်စရာ၊ထိတ်စရာများပေါ်ယင် ဖျောက်ပစ်ဘို့လို့လှူပါတယ်လို့၊ ဝိသုဒ္ဓိမဂ်ထဲမှာ ပါတဲ့ အကြောင်းက တကြောင်း) အဲဒါလေး အရေးကြီးတယ်၊ ယောဂီများမှာ တရား

အားထုတ်ပြီ ဆိုလို့ရှိယင်၊ ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာတွေ ပေါ်တတ်တယ်။ ပေါ်မယ် ဆိုယင် ဖျောက်ပစ်ဘို့-ဆင်ခြင်ဘို့ ဘို့တာ ဒါတွေ အရေးကြီးတယ်။

ဒါကြောင့် မြတ်စွာဘုရားက သင်တို့ တရားအားထုတ်မယ် ဆိုလို့ ရှိယင်၊ ကြောက်တတ်၊ လန့်တတ် ပါလိမ့်မယ်၊ ဒီလို ဆိုယင် ငါ့ကို ခန္ဓာကိုယ်ကြီးအပ်ထားကြ၊ လှူထားကြလို့ မြတ်စွာဘုရား အမိန့်ရှိသည့် အတိုင်း ခန္ဓာကိုယ်ကြီး လှူလိုက်၊ ခန္ဓာကိုယ်ကြီး လှူလိုက်ပြီဆိုယင် ခန္ဓာကိုယ်ကြီးကို ဘုရား ပိုင်တယ်။ ဘုရားရှင် ကိုယ်တော်မြတ် စောင့်ရှောက်တော်မူလိမ့်မယ်၊ ဘုရား၏ တန်ခိုး တော်ကြောင့် နတ်-သိကြား-ဗြဟ္မာတွေလဲ စောင့်ရှောက်ပြီးတော့ နေလိမ့်မယ်။ ဒီလိုဆိုယင် ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာ မရှိ တော့ဘူး၊ သို့ပင်မရှိသော်လဲဘဲ တရား အားထုတ်တဲ့ နေရာမှာ ခန္ဓာတွင်းက မမြင်စဖူး အထူးမြင်ခဲ့သော်၎င်း၊ ဗဟိဒ္ဓမှ ကြောက် စရာ၊ လန့်စရာ၊ ထိတ်စရာတွေ မြင်ခဲ့သော်၎င်း၊ ကြောက်တတ်၊ လန့်တတ်၊ ထိတ်တတ်တယ်။

**ဆင်ခြင်ပုံ။** ဤကဲ့သို့ ကြောက်တတ်၊ လန့်တတ်၊ ထိတ်တတ်ပြီ ဆိုယင် ဆင်ခြင်ကြ၊ ငါ့ခန္ဓာကိုယ်ကြီးမှမဟုတ်ဘဲ ဘုရားလှူပြီးသား၊ ဘုရားပိုင်တဲ့ ခန္ဓာကိုယ်ကြီး ဖြစ်နေပါပကော၊ ဘုရားကြီး၏တန်ခိုးတော်ကြောင့်၊နတ်-သိကြား-ဗြဟ္မာတွေတောင် စောင့်ရှောက်ပြီးတော့ နေပါပကောလို့ ဆင်ခြင်လိုက်ကြ။

ဒီလို ဆင်ခြင်လိုက်မယ် ဆိုယင် ဝမ်းမြောက်တဲ့ သောမနဿ စိတ်တွေ ပေါ်လာလိမ့်မယ်၊ ကြောက်စိတ်၊ လန့်စိတ်၊ ထိတ်စိတ်ဆို

တဲ့ ဒေါမနဿ စိတ်တွေ ပျောက်သွားလိမ့်မယ်လို ဆိုလိုတယ်။ ဘာဖြစ်လို့ လဲမေးယင် အိပ်မက်-မက်သလို စိတ်ထင်တွေချည်းဘဲ ဖြစ်လို့ ရှင်းပလား (ရှင်းပါပြီဘုရား။)

ဟို....အိပ်မက်ထဲမှာ ဘုရားတွေ-သိကြား-နတ်-ဗြဟ္မာတွေ-တွေ့ ရတယ်။ ရွှေတုံး-ငွေတုံးကြီးတွေ ကောက်ရတယ်ဆိုတာတကယ် လား (မဟုတ်ပါဘုရား) စိတ်ထင်တွေဘဲ၊ စိတ်ထဲက ထင်ရုံထင် တာ၊ တအယ်မဟုတ်ပါ၊ နောက်ပြီးတော့ ဆိုယင် အိပ်မက်ထဲမှာ မကောင်းဆိုးဝါး-ဘီလူး-သရဲ- တောကြီး တောင်ကြီး-မှောင်ကြီး မဲကြီးတွေ မြင်တယ်ဆိုယင် ဒါလဲဘဲ စိတ်ထင်ပါ တကယ်မဟုတ် သေးဘူး။

ဒါကြောင့်၊ ခန္ဓာကိုယ်ထဲမှာလဲဘဲ မမြင်စဖူး ထူးဆန်းဒါတွေ မြင်ခဲ့သော်ရင်း၊ အပြင်ဘက်က ကြောက်စရာ၊ လန့်စရာ၊ထိတ်စရာ တွေ ပေါ်တယ်လို့ - ဆင်တွေ ကျားတွေမြင်ခဲ့သော်ရင်း၊ တကယ် မဟုတ်ဘူးနော် စိတ်ထင်တွေဖြစ်တယ်။ ဒါကြောင့် စိတ်ထင်တွေ ဖြစ်သောကြောင့် ဆင်ခြင်လိုက်ယင် ကြောက်စိတ်၊လန့်စိတ်၊ထိတ် စိတ်တွေ ပျောက်သွားလိမ့်မယ်လို့ ဆိုလိုတယ်၊အားလုံးရှင်းပလား (ရှင်းပါပြီဘုရား။)

အဲဒါ-ယောဂီတို့သတိချပ်ကြ၊တရားပွဲ တပွဲ,တပွဲမှာဘယ်သူဟာ ဘာဖြစ်သွားပြန်ပြီ ဆိုတာ၊ အဲ--ပြောတဲ့ အတိုင်း မလိုက်နာလို့ ပြောတဲ့အတိုင်း လိုက်နာမယ်ဆိုလို့ရှိယင် ဘာမှ မဖြစ်ဘူးနော်၊ ယောဂီတွေသတိချပ်ထားကြနော်၊ ဒါအရေးကြီးလွန်းလို့ (မှန်ပါ ဘုရား။)

ကဲ...၃-နံပါတ်-ဘုရားထံ ကမ္မဋ္ဌာန်း တောင်းရလိမ့်မယ်လိုက်ဆို။

**ဘုရားထံကမ္မဋ္ဌာန်း တောင်းပုံ**

ဘုရားတပည့်တော် များအား၊ အရိယာမဂ်၊ အသက်သွင်း ပေးဘို့ရန်၊ ကရုဏာ သန်သန် ထား၍၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား, ကမ္မဋ္ဌာန်းတရား, ပေးသနားတော်မူပါ၊ ပေးသနားတော်မူပါ၊ အရှင်မြတ်ကြီးတို့ဘုရား။

ဒါက- ဘုရားထံ ကမ္မဋ္ဌာန်း တောင်းပုံ။

**သိချင်စဖွယ် အဓိပ္ပါယ်**

ဘာဖြစ်လို့ တောင်းရသလဲလို့၊ ဒီလိုများသိချင် တယ်ဆိုယင်၊ကမ္မဋ္ဌာန်းကို အမြဲတန်း ရှိရှိသေသေ၊ လေးလေးစားစားဖြင့် အားထုတ် နေစေချင်လို့ ဘိုဒါမှတ်၊ဘုရားထံကကမ္မဋ္ဌာန်းတောင်းလာပြီဆိုယင်၊စိတ်ကလေး နဲ့ အမှတ်ကလေးနဲ့ဆိုဒါ ဘယ်တော့မှမလွှတ်ရဘူးနော် (မှန်ပါ့ဘုရား) အမြဲတန်းအမှတ်ကလေးနဲ့နေရမယ်၊ အမှတ်ကလေးနဲ့ နေစေချင်လို့၊ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း တောင်းရ ပါတယ်လို့ ဆိုတာမှတ်။

အကျယ်ချဲ့ပြောဦးမယ်၊ဘုရားဆိုတာ အမြတ်စားဘဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ထံမှရလာတဲ့၊ ဝိပဿနာကမ္မဋ္ဌာန်း တရားလဲဘဲ၊ အမြတ်စားဘဲ၊ လောကမှာ ရွှေ-ငွေ-ကျောက်သံ, ပတ္တမြား တို့သည် ရလွယ်ပါတယ်၊ ပစ္စေကဗုဒ်၊ ကောရာဇ်၊ စကြာမင်း စည်းစိမ်လဲ ရလွယ်ပါတယ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ်ဆိုတာလဲ ရလွယ်ပါတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားဆိုတာ ဘုရားထံမှ အလွန့်အလွန်ရခဲပါတယ်၊ ရခဲသော ဝိပဿနာကမ္မဋ္ဌာန်း တရားများ

ကို ရလာပြီဆိုလျှင်၊ သားတော် ရာဟုလာလေးကို အတူခိုးရမယ်၊ မြတ်စွာဘုရားထံက ရခဲ့လှစွာသော အဆုံးအမလေးတခု၊ ရလာပြီ ဆိုယင် အလွန့်အလွန် ဝမ်းသာလွန်းလို့ ရတဲ့နေ့မှာ ဆွမ်းမစားဘဲ နေနိုင်ကြောင်း....။

ဒါကြောင့် မြတ်စွာဘုရားထံက အလွန်ရခဲသော ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ရလာပြီဆိုယင်၊ ကိုယ့်စိတ်နဲ့၊ကမ္မဋ္ဌာန်းနဲ့၊ အမှတ်ကလေးနဲ့၊ ဘယ်တော့မှ မပျောက်ရအောင် အားထုတ် စေ ချင်လွန်းလို့ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတောင်းရတယ် ဆိုတာ မှတ်နော် (မှန်ပါဘုရား။)

(ဒါက- ဘုရားနှင့်ပတ်သက်တာ သုံးမျိုးဘဲ)

၁-- နံပါတ်..................ဘုရားပင့်ခြင်း။
၂-- နံပါတ်..................ဘုရားအားကိုယ်ကြီးလှူရခြင်း။
၃-- နံပါတ်..................ဘုရားထံ ကမ္မဋ္ဌာန်း တောင်းရခြင်း။

(ဆရာနဲ့ပတ်သတ်တာ နှစ်မျိုးတဲ့)

၁-- နံပါတ်..................ဆရာ့အားကိုယ်ကြီးလှူရခြင်း။
၂-- နံပါတ်..................ဆရာ့ထံ ကမ္မဋ္ဌာန်း တောင်းရခြင်း လို့ နှစ်မျိုးမှတ်။

**အာမခံ တောင်းခြင်း**

အဲဒီနှစ်မျိုးမလုပ်သေးခင်၊ ယောဂီတို့ထံမှာ အာမ ခံတောင်းရမယ်၊ ... အပေါင်းတို့ ဆ... နိုင်ကြပါ့ မလား၊ (နားထောင်နိုင်ပါ...

၁၀၆၇၄၄
သာသနာ့ရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

တဲ့ သောဝစသာတာဂုဏ်၊ ဒီလိုဂုဏ်တွေအသီးသီး မြောက်ကြပြီလို့ ဆိုဒါမှတ်။

ဆရာအားကိုယ်ကြီးလှူဒါလဲဘဲ တခြားမဟုတ်၊ အရိယာ မဂ် အသက်သွင်းပေးဘို့ဆိုဒါ သောတာပန်ဖြစ်စေချင်လို့ သကဒါဂါမ်ဖြစ်စေချင်လို့၊ အနာဂါမ်ဖြစ်စေချင်လို့၊ ရဟန္တာ ဖြစ်စေချင်လို့ ကိုယ်ကြီးအပ်ထာ ဟုတ်ကြရဲ့လား (ဟုတ်ပါတယ် ဘုရား။)

ဆရာကဆုံးမဒါကလဲ ဒီလိုဘဲ၊ သောတာပန် ဖြစ်စေချင်လို့ သကဒါဂါမ် ဖြစ်စေချင်လို့ အနာဂါမ် ဖြစ်စေချင်လို့၊ ရဟန္တာ ဖြစ်စေချင်လို့ ဆုံးမခြင်း ဖြစ်လေသောကြောင့်၊ ဆရာ ဆုံးမတဲ့ စကားကို လိုက်နာ နားထောင်မယ်ဆိုယင်၊ မိမိတို့မှာလဲဘဲအရိယာ အရှင်သူတော်စင်တွေ ဖြစ်ကြတော့မယ်လို့ ဆိုဒါမှတ်။ ဒါကြောင့် ဆရာအရှင်သူတော်စဉ်အား ခန္ဓာကိုယ်ကြီးကို အပ်ထားတယ် လို့ ဆိုတာမှတ်နော်၊ (မှန်ပါ ဘုရား။)

၂။ နံပါတ် ဆရာ့ထံ- ကမ္မဌာန်း တောင်းခြင်း။

ကဲ.... လိုက်ဆိုကြ........

**ကမ္မဌာန်း တောင်းပုံ။** ဘုရား တပည့်တော်များအား၊ အရိယာမဂ် အသက် သွင်းပေးဘို့ရန် ကရုဏာသန့်သန့်ထား၍ ဝိပဿနာ ကမ္မဌာန်းတရား-, ကမ္မဌာန်းတရား, ပေးသနားတော်မူပါ, ပေးသနားတော်မူပါ, အရှင်မြတ်ကမ္မဌာန်း ဆရာ။

**အစိပ္ပါယ်** ဟော.... ဆရာထံက ကမ္မဋ္ဌာန်းတောင်းပြီ၊ ဘာဖြစ်လို့ တောင်းရသလဲလို့၊ ဒီလိုမျှားသိချင်တယ်ဆိုယင် "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိ တဗ္ဗော" ဆိုတဲ့ ဘုရားဟောပါဠိတော်နှင့်အညီ၊ ဟုတ်တိုင်းမှန်စွာသိချင်လို့ ဆရာ့ထံ ကမ္မဋ္ဌာန်းတောင်းရပါတယ်။

ဘယ်လိုဟုတ်တိုင်းမှန်စွာ သိချင်သလဲလို့ မေးယင်၊ နည်းမှန်လမ်းမှန်ကိုလဲ ဟုတ်တိုင်းမှန်စွာသိချင်တယ်၊ အားထုတ်လိုက်တဲ့အခါမှာ နာမ်ရုပ်ကိုလဲမြင်ချင်တယ်၊ဖြစ်ပျက်ကိုလဲမြင်ချင်တယ်၊လက္ခဏာရေးသုံးပါးလဲထင်ချင်တယ်၊ ဉာဏ်စဉ်လဲ တက်ပြီး သကာလ၊ မဂ်ဝင်ချင်တယ်, ဖိုလ်ဝင်ချင်တယ်, နိဗ္ဗာန်ဝင်ချင်တယ်ဆိုတာမှတ်၊ ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

ကဲ .. ဒါဖြင့် ဒီဆရာ့ထံမှာ ကမ္မဋ္ဌာန်းတောင်းယင် ဒီဆရာပေးတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်နေကြနော်၊ အခြားအခြား ဖြစ်သောကမ္မဋ္ဌာန်းများ အားထုတ်ခဲ့ဘူးဒါပါယင်၊ မှားလို့တော့ မဟုတ်ဘူး အသာလေး ချထားဦးနော်....နှလုံးမသွင်းနဲ့ဘဲ ထားအုံး၊

အားထုတ်ပြီးတဲ့ အခါမှ မိမိနှစ်သက်တဲ့ကမ္မဋ္ဌာန်းကိုဘဲ လက်ကိုင်တခုအားကိုး ပြုပြီးသကာလ အားထုတ်ကြပေတော့။

ယခုတော့-ဒီဆရာထံက ကမ္မဋ္ဌာန်းတောင်းထားပြီ ဖြစ်လေသောကြောင့်၊၊ဒီဆရာထံက- ကမ္မဋ္ဌာန်း ဆယ်ရက်စဉ် အားထုတ်ပေတော့-ရှင်းသွားပလား....(ရှင်းပါပြီ ဘုရား။)

(ဆရာနှင့်ပတ်သက်တာ နှစ်မျိုး၊ ဘုရားနှင့်ပတ်သက်တာ သုံးမျိုးဆိုတော့- ငါးမျိုး ရှိသွားပြီ) သူတော်ကောင်းအား ပြစ်မှားမိမယ်ဆိုလို့ ရှိယင် ကန်တော့တောင်းပန်ရခြင်း- တစ်ဆိုတော့ ခြောက်ပါး။

**သူတော်ကောင်း ၂ စား။**

သူတော်ကောင်းသည် အရိယာ သူတော်ကောင်း ပုထုဇဉ်သူတော်ကောင်း နှစ်စား ရှိလေသည်၊ အရိယာသူတော်ကောင်းဆိုယင် သာသနာဘက်လူ့ဘက်နှစ်ဖြာမှာရှိကြပေသည်၊ သာသနာဘက်မှာဆိုယင် ရဟန္တာထိအောင် ရှိကြပေသည်၊ လူ့ဘက်မှာ ဆိုလို့ရှိယင် အနာဂါမ်ထိအောင်ကြရှိပေသည်။

သာသနာဘက် လူ့ဘက်နှစ်ဖြာ အရိယာပင် ရှိငြားသော်လဲ အရိယာဆိုတာ ပကာသန မကြိုက်ဘူး၊ အင်မတန်သိဘို့ခဲရာယဉ်းလှပါပေ၏။ ဤကဲ့သို့ အရိယာမှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကိုယ်,နှုတ်,စိတ်,သုံးပါး- တပါးပါးဖြင့် ပြစ်မှားမိခဲ့ ပါလျှင်၊ အရိယူပဝါဒ ကံကြီးထိုက်ပါ၏၊ မကန်တော့သမျှ ကာလပတ်လုံး သေသည်၏အခြားမဲ့၌ အပါယ်လဲကျတတ်ပါ၏၊ သမထဘက်က အားထုတ်ခဲ့ပါလျှင်၊စျာန်အဘိညာဉ်၊ ဝိပဿနာဘက်ကအားထုတ်ခဲ့ပါလျှင် မဂ်ဖိုလ်နိဗ္ဗာန် အနှောက် အယှက်တွေ ဖြစ်တတ်ပေ၏။ ထိုအန္တရာယ်များ ပပျောက်စေခြင်းအကျိုးငှာ အရိယာများ ပြစ်မှားမိမယ် ဆိုလို့ရှိယင် ကန်တော့တောင်းပန် ရလိမ့်မယ်နော်-(မှန်ပါ ဘုရား။)

ပုထုဇဉ်အား သီလရှိဆဲ အခိုက်၌ ပြစ်မှားမိခဲ့ပါလျှင်၊ အရိယူပဝါဒကံကြီးတော့ မထိုက်ပါ၊ ကြီးလေးသော အပြစ်ဖြစ်ခြင်းငှာ

ထိုက်၏။ သူလဲဘဲမကန်တော့သမျှ ကာလပတ်လုံး သေသည်၏ အခြားမဲ့၌ အပါယ်ကျရောက်ခြင်း များတတ်ပေ၏။ သမထဘက်က အားထုတ်ခဲ့ပါလျှင် ဈာန် အဘိညာဉ်၊ ဝိပဿနာဘက်က အားထုတ်ခဲ့ပါလျှင်၊ မဂ်-ဖိုလ်-နိဗ္ဗာန်- အန္တရာယ် အနှောက်အယှက်တွေ ဖြစ်တတ်ပေ၏။ ထိုအန္တရာယ်များ ပပျောက်စေခြင်း အကျိုးငှာ၊ ကန်တော့ တောင်းပန်ရလိမ့်မယ်၊ ကန်တော့ချင်တဲ့ စိတ်မျိုးကော ရှိကြပါရဲ့လား၊ (ရှိပါတယ် ဘုရား။)

ဒီဘဝတွင်မကာ၊ အနမတဂ္ဂ- သံသရာကစ၍၊ ပြစ်မှားမိတဲ့အပြစ်တွေ၊ လူတိုင်းလူတိုင်းရှိကြပေတယ်၊ အဲဒီအပြစ်တွေပါ ထည့်ပြီး တောင်းပန်နေ၊ တောင်းပန်တဲ့အခါမှာ၊ ရိုရို့သေသေ့ လေးလေး စားစား့ ကန်တော့တောင်းပန်ကြ။ ကဲ....လိုက်ဆို....

**ကန်တော့ တောင်းပန်ပုံ။**

အစမထင်သည့်၊ သံသရာခွင်ကအစ၊ ယနေ့ဘဝ၊ ယခု အချိန် ကျအောင်၊ မိုက်သည့် အလျှောက်၊ မပြစ်မှားထိုက်သော ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်များနှင့် တကွ၊ မိဘဆရာ၊ ပုထုဇဉ် သူတော်ကောင်းအပေါင်းတို့အား၊ ကိုယ့်နှုတ့်စိတ့်သုံးပါး တပါးပါးဖြင့်၊ ပြစ်မှားမိခဲ့ပါလျှင်၊ နတ်ရွာ့နိဗ္ဗာန် ဈာန် မဂ် ဖိုလ်၏ အန္တရာယ်မငြိဘို့ရန် မနှောဉာဏ် ဖြူဖွေး၍၊ ယဉ်ကျေးသောကိုယ်နှုတ်ဖြင့်၊ လက်အုပ်ချီမိုးပြီး၊ အကြိမ်ကြိမ် ရှိခိုးကာ့ ရှိခိုးကာ တောင်းပန်လိုက်ပါ၏။ ကြေအေးတော်မူကြပါ၊ သည်းခံတော်မူကြပါ၊ အပြစ်ဘေးမှ ချမ်းသာပေးတော်မူကြပါ၊ ရှိခိုးကာ တောင်းပန်လိုက်ပါ၏၊ ရှိရှိ သမျှ သူတော်ကောင်းအပေါင်းတို့။

မိဘတွေလဲ မပြစ်မှားကောင်းဘူး။ ဆရာသမားတွေလဲ မပြစ်မှားကောင်းဘူး၊ မိဘဆရာပုထုဇဉ်အပေါ်င်း သူတော်ကောင်းတို့လို့ ဆိုတော့ အားလုံး ခြောက်ပါးရှိသွားပြီ။

**ပြစ်မှားမိက ခွင့်လွှတ်ကြ။** မိမိအား ပြစ်မှား မိတဲ့ သူတွေများရှိမယ်ဆိုယင်၊ အမြဲတန်းဆင်ခြင်ပြီး သကာလ သည်းခံ နေကြရခြင်း၊ ရပ်ရွာထဲမှာဆိုလို့ ရှိယင်၊ သူကလွန်, ကိုယ်ကလွန် ရှိကြပေတယ်၊ သူတို့က လွန်မှန်းသိချင်မှသိမယ်။ အကယ်၍ သိပါသော်လဲ၊ တောင်းပန်ချင်မှ တောင်းပန်မယ်၊ ဤလို ပြစ်မှားမိတာလဲသိတယ်၊ တောင်းလဲတောင်းပန်ချင်စိတ် မရှိပါသော်လဲ၊ မိမိအလုပ်ကိုပြန်ကြည့်၊ ဒီလိုအလုပ်သည်သဘောထားကြီးတဲ့အလုပ်ဖြစ်တယ်၊ အပြစ်ပြောဒါ၊ ကဲ့ရဲ့ဒါ၊ ဆဲဒါ၊ ခဲစသည်တို့ဖြင့် ပေါက်ထာ၊ သည်းခံနိုင်တဲ့အလုပ်ဖြစ်တယ်၊ ဒီလိုသဘောထားကြီးတဲ့အလုပ် အပြစ်ပြောဒါများ သည်းခံနိုင်တဲ့ အလုပ် ဖြစ်သောကြောင့်၊ သူတို့က မတောင်းပန်သော်လဲ၊ မိမိကအပြစ်အနာအဆာဘာတခုမှ မယူပါဟူ၍၊ သူတို့အပေါ်မှာ မေတ္တာစိတ် ထားပြီး၊ ကြေကြေနပ်နပ် ရှိရလိမ့်မယ်နော်၊ (မှန်ပါ ဘုရား။)

ဒီအတောအတွင်းမှာ ယောဂီအချင်းချင်းဘဲဖြစ်စေ၊ ဒေးကတစိမ်း တရံဆံဘဲဖြစ်စေ၊ တရား အားထုတ် နေတုန်း အတောအတွင်း၊ အပြစ်ပြောကြမယ်၊ ကဲ့ရဲ့ကြမယ်၊ ဆဲကြမယ်၊ ခဲစသည်တို့ဖြင့် လာပြီးတော့ ပေါက်ကြတော့မယ်ဆိုယင်၊ ခန္ဓာကိုယ်ကြီးပေါ် လွှဲတင်ချလိုက်။ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး....ဘယ်သူ့အပြစ်မှ မဟုတ်ဘူး။ "သဗ္ဗံ ကိဗ္ဗိသံ ခန္ဓ ပဋိဗဒ္ဓံ" ဆိုတဲ့

ဘုရားဟော ပါဠိတော်နဲ့အညီ၊ ဟောဒီ ခန္ဓာကိုယ်ကြီး အပြစ်ပါဘဲ။

ဒို့ ခန္ဓာကိုယ်ကို မဆိုထားဘိ၊ အရှင့်မကြီး၊ ထိပ်သီး ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတောင်၊ အပြစ်ပြောဒါ၊ ကဲ့ရဲ့ဒါ၊ ခဲစသည်တို့ဖြင့် ပေါက်ထာ ခံရသေးတာကဘဲ၊ ဒို့ ခန္ဓာ ဆိုယင် ဘယ်မှာလာလွယ်တော့မှာလဲ၊ တယ်ဆိုးတဲ့ခန္ဓာကိုယ်ကြီးဘဲလို့ ခန္ဓာကိုယ်ကြီးပေါ်မှာ အပြစ်တင်ပြီးသကာလ၊ ဒီခန္ဓာ ကိုယ်ကြီးကို မုန်းကြ၊ ဒီခန္ဓာဇာတ်သိမ်း၊ မြန်မြန်ချုပ်ငြိမ်းပြီးတော့သွားအောင်၊ ပြင်းပြင်းထန်ထန်၊ ဇွဲဝိရိယမျိုးဖြင့် ကြိုးစားပြီးအားထုတ်ကြဘို့လို့ သတိပေးပါတယ်။ ကဲ....လိုက်ဆိုကြ....

**ပြစ်မှားမိသူအား ခွင့်လွှတ်ပုံ။**

မိမိတို့ အားလည်း ပြစ်မှား မိသော ပုဂ္ဂိုလ်များရှိခဲ့ပါလျှင်၊ နတ်ခွင့်၊နိဗ္ဗာန် ဈာန်, မင်္ဂဖိုလ်၏ အန္တရာယ် မငြိဘို့အရေး၊ မနော ဥာဏ် ဖြူဖွေး၍ ကြေအေးကာနေလိုက်ပါ၏။ သည်းခံကာနေလိုက်ပါ၏။ အပြစ်ဘေးမှ ချမ်းသာပေးကာ နေလိုက်ပါ၏။ ရှိရှိသမျှ သတ္တဝါအပေါင်းတို့။

ဒါက-မိမိအားပြစ်မှားမိတဲ့ သူတွေရှိမယ်ဆိုယင်၊ အမြဲတန်း ဆင်ခြင်ပြီးသကာလ၊ သည်းခံပြီးနေရခြင်း၊တစ်ဆိုတော့၊ ခုနစ်ပါး ရှိသွားပြီ၊ မေတ္တာပို့ရခြင်း၊ ရှစ်မေတ္တာမှာဆိုယင်၊ ပညတ်မေတ္တာ ပရမတ် မေတ္တာ နှစ်မျိုးရှိပါတယ်။

ကဲ-- ပညတ်မေတ္တာ အရင်ပို့ကြစို့၊ ပညတ်မေတ္တာ ဆိုတော့၊ (ဥပမာ)"အရံတွင်းမှာ လူသံဃာ- ချမ်းသာကြပါစေ"လို့ ဆိုယင်

လူသံဃာမေတ္တာပို့ယင်၊ လူသံဃာစိတ်ရောက်ပါစေ၊ ချမ်းသာကြပါစေလို့ဆိုယင်၊ စိတ်သည် ရင်ထဲမှာထား၊ ရင်ထဲမှာ ထားပြီးသကာလ၊ ပေါ်ဒါမှတ်၍၊ အေးအေး ကလေးနဲ့ လိုက်ဆိုပြီးသကာလ၊ မေတ္တာပို့ကြပါ။ ဦးပဉ္စင်းက ချမ်းသာ ကြပါစေလို့ တခေါက်ဆိုယင်၊ ယောဂီတို့က၊ ညီညီလေး သုံးခေါက် ရှေ့နဲ့ နောက်နဲ့၊ ပြတ်ပြတ် သားသား ရှင်းရှင်းကလေးလိုက်ဆိုကြ။

**ပညတ်မေတ္တာပို့ပုံ။** အရိုတွင်းမှာ၊ လူသံဃာ၊ ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာ ကြပါစေ။ ကိုယ်ပို့သောမေတ္တာ လူသံဃာ အပေါ်မှာ၊ စူးရှမယ်ဆိုယင်၊ လူသံဃာကလဲ၊ ကိုယ့်အပေါ်မှာ တဖန်မေတ္တာပြန် စူးရှသောကြောင့်၊ လူသံဃာနှင့်ပတ်သက်ပြီး၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း၊ နေရတတ်ပေသည်။ ဒါကြောင့် လူသံဃာအား မေတ္တာပို့ရခြင်း ဖြစ်တယ်လို့ ဆိုဒါမှတ်။

နောက်ပြီးတော့ အရိုတွင်းမှာ ရှိတဲ့ နတ်တွေကို အာရုံ စိုက်ပြီးတော့ မေတ္တာပို့ကြ၊ ကဲ--လိုက်ဆို။

အရိုတွင်းမှာ နတ်တွေဟာ၊ ချမ်းသာကြပါစေ-- ချမ်းသာကြပါစေ-- ချမ်းသာကြပါစေ။

ကိုယ်ပို့သောမေတ္တာ နတ်တွေ အပေါ်မှာ စူးရှမယ် ဆိုယင်၊ နတ်တွေကလဲ ကိုယ့်အပေါ်မှာ မေတ္တာတဖန် ပြန်စူးရှ လေသောကြောင့်၊ နတ်တွေနှင့်ပတ်သက်၍၊ ကြောက်စရာ၊ လန့်စရာ၊ မပြတ်တဲ့ အပြင်၊ ဘေး က လာမဲ့ အန္တရာယ် များ ကို လဲ ကာကွယ် စောင့်ရှောက်တတ်ပေသည်၊ ဒါကြောင့်-နတ်တွေအား မေတ္တာပို့

ပါလို့၊ ဝိသုဒ္ဓိမဂ် ပထဝီကသိဏ်း နိဒ္ဒေသကထာမှာ ပါတယ်လို့ ဆိုတာယုံကြပေတော့။

ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသမှာ အုပ်ချုပ်ပြီးတော့ နေတဲ့ အစိုးရတွေရှိတယ်၊ အဲဒီ အစိုးရတွေအားလဲ၊ ဂရုစိုက်ပြီး မေတ္တာ ပို့ကြ။

ငါတို့မြို့ရွာ အစိုးရတွေဟာ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ။

ကိုယ်ပို့သော မေတ္တာ အစိုးရတွေ အပေါ်မှာ စူးရှမယ်ဆိုယင် အစိုးရတွေကလဲ၊ ကိုယ့်အပေါ်မှာ မေတ္တာတဖန် ပြန်စူးရှလေ သောကြောင့်၊ အစိုးရနှင့် ပတ်သက်ပြီးသကာလ၊ အမှုအခင်း ဆိုင်ရာမရှိပါဘဲနဲ့၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း၊ ဖြစ်တတ်ပေသည်။ ဒါကြောင့်-- အစိုးရတွေအားလဲ မေတ္တာပို့ ပါလို့၊ ဝိသုဒ္ဓိမဂ် ပထဝီကသိဏ်း နိဒ္ဒေသ ကထာမှာ ပါတယ်လို့ ဆိုတာ ယုံကြပေတော့။

ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသမှာ လူတွေကိုအာရုံစိုက် ပြီးတော့ မေတ္တာပို့ကြ။

ငါတို့မြို့ရွာ၊ လူတွေဟာ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါ စေ။ ချမ်းသာကြပါစေ။

ကဲ--ချုံးကြ၊ ရှိရှိသမျှ- သတ္တဝါတွေဟာ၊ ချမ်းသာ ကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ လို့ မေတ္တာပို့ဆဲခဏမှာ၊ စိတ်အစဉ်သည်၊ ဖြန်းကနဲ၊ စိမ့်ကနဲ၊ ဇကနဲ၊ ဆိုတာလို ကြက်သီးတွေများ တကယ်လို့ ဖြစ်ပေါ်လာမယ်ဆိုယင်၊ ကိုယ်ပို့သောမေတ္တာ ထူးရှသည်ဖြစ်လေသောကြောင့် သူ့မေတ္တာပြန့်တော့ အားလုံးသော သတ္တဝါတို့နဲ့ ပတ်သက်ပြီး သကာလ၊ ဘေးမထိ၊ ရန်မရှိ၊ အန္တရာယ်မငြိပါဘဲနဲ့၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း၊ နေရတတ်ပေသည်။ ဒါကြောင့် အားလုံးသော သတ္တဝါတွေအား မေတ္တာပို့ပါလို့ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တိုင် ဟောတော်မူပါသည်။ ဒါက- ပညတ်မေတ္တာပို့ပေါ့တယ်။

ပရမတ် မေတ္တာလေး ထည့်ပေးလိုက် ဦးမယ်။ ပရမတ် မေတ္တာဆိုတော့ ကိုယ့်စိတ်နဲ့ သတ္တဝါတို့၏ စိတ်ကို ကပ်ထား၊ ကိုယ့်ရုပ်မှုနဲ့၊ သတ္တဝါတို့၏ ရုပ်မှုကပ်ထား၊ စိတ်- စိတ်ချင်း၊ ရုပ်- ရုပ်ချင်း ကပ်လိုက်၊ ကဲ-- လိုက်ဆိုကြ။

**ပရမတ် မေတ္တာပို့ပုံ။** ငါ၏ စိတ်သည်၊ ကြည်လင်အေးမြ၍၊ ချမ်းသာနေချင်သလို၊ သတ္တဝါတို့၏ စိတ်တိုင်း-စိတ်တိုင်း၊ ကြည်လင်အေးမြ၍၊ (ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။)

ရုပ်- ရုပ်ချင်း ကပ်ထား၊ ကဲ-- လိုက်ဆို။

ငါ၏ ရုပ်မှုတွေသည်၊ ရှိန်၊ ခိုး၊ ငွေ့လေးတွေ သန်းပြီးတော့၊ ချမ်းသာနေချင်သလို၊ သတ္တဝါတို့၏ ရုပ်မှုတိုင်း- ရုပ်မှု

တိုင်း၊ ရှေ်န်၊ ခေိုး၊ ငွေ့လေးတွေသန်းပြီးတော့၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။

တရားမြင်တဲ့ ပုဂ္ဂိုလ်၊ ပညတ်မေတ္တာမပို့ပါနဲ့၊ ပရမတ်မေတ္တာပို့ကြရမယ်၊ ပရမတ်မေတ္တာဆိုတော့၊ နှစ်ခုထဲဘဲ၊ စိတ်- စိတ်ချင်းကပ်၊ ရုပ်- ရုပ်ချင်းကပ်ပြီးတော့ မေတ္တာပို့ယင် စူးလဲ စူးမယ်၊ ကိုယ်ပို့သော မေတ္တာစူးတော့၊ သူ့မေတ္တာ ပြန်သော အားမြင့်၊ ပြန်စူးပြီဆိုယင်၊ တယောက်နဲ့ တယောက်အန္တရာယ်မရှိ၊ ဘေးမရှိပါဘဲနဲ့၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနဲ့လဲ နေရတတ်တယ်၊ ဒါကြောင့်၊ ပရမတ် မေတ္တာတရားမြင်သော ပုဂ္ဂိုလ်ပို့ကြပါတဲ့၊ အဲ- ဒါကမေတ္တာပို့ခြင်း၊ ရှစ်ပါးရှိသွားပြီ။

အမျှဝေ စောင့်ရှောက်ဘို၊ မေတ္တာရပ်ရခြင်း၊ ကိုးတဲ့။

ကဲ——လိုက်ဆိုကြ။

**အမျှဝေပုံ မေတ္တာရပ်ပုံ။**

ယခုပြုသမျှ၊ နေ့တိုင်းပြုနေသမျှ၊ ကုသလ၏ အဘို့အစုတွေကို၊ ကြား ကြားသမျှ၊ လူရော နတ်ပါ၊ သတ္တဝါ အန္တနတ်ုအား၊ ရငြားပါစေ၊ ရငြားပါစေ၊ ရငြားပါစေ၊ အမျှ-အမျှ-အမျှ ဝေငှလိုက်ပါ၏၊ သာဓုခေါ်နိုင်ကြ၍၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန် သတည်း။ တွင်း-ပ, နှစ်တန် ဘေးရန်လည်း၊ ကေန်ကင်းနိုင် ကြပါစေကုန် သတည်း။ ကိုယ်စောင့်နတ်ကအစ ရှိရှိသမျှနတ်ဖြဟ္မာ အပေါင်းသူတော်ကောင်းတို့ကလည်း၊ တဆင့်ပြန်၍ အကျွန်ုပ် တို့အား၊ အန္တရာယ်တခု မပြုဘို့အရေး၊ ဝိုင်းဝန်း၍ စောင့်ရှောက်ပေးဘို့ရန်

မေတ္တာ ရပ်ခံ၍၊ မျှားမျှားကြီးတောင်းပန်လိုက်ပါ၏၊ နတ်ပြဟ္မာ အပေါင်း သူတော်ကောင်းတို့။

ဟော-- ပုဗ္ဗကိစ္စ(၉)ပါး ကုန်သွားပြီ၊ ပုဗ္ဗကိစ္စ(၉)ပါး၊ အကျဉ်းဖြစ်စေ၊မကျဉ်း မကျယ်ဖြစ်စေ၊ အကျယ်ဆုံးနည်းနဲ့ ဖြစ်စေ၊ ပြုလုပ်နိုင်ပါတယ်။ ဆရာသမားနဲ့ ဝေးကွာတဲ့၊ အရပ် ဒေသမှာဆိုလျှင်၊ ဆရာသမားနှင့် ပတ်သက်ထားနှစ်ခုနုတ်၍၊ပုဗ္ဗကိစ္စ(၇)ပါးနဲ့လဲ ပြုလုပ်နိုင်ပါတယ်၊ ဒီလိုမှ မပြုလုပ်နိုင်ခဲ့ယင်လဲ၊ တရားတော်ကို ယုံယုံကြည်ကြည်၊ လေးလေးစားစားဖြင့် အားထုတ်ကြတော့မယ်ဆိုယင်၊ ပုဗ္ဗကိစ္စ (၇) ပါးတောင်မှ၊မပြုလုပ်နိုင်ဘဲနဲ့၊ တရားကိုများ ယုံယုံကြည်ကြည်ဖြင့် အားထုတ်ပါက ရနိုင်ပါတယ်လို့ဆိုဒါ ပုဗ္ဗ ကိစ္စနဲ့ ပတ်သက်၍၊ အကျဉ်းချုပ်ကလေးလို၊ ရှင်းရှင်း သိပေတော့-- ကဲ- ဝတ်ချ။

**အလုပ်ပေးပုံ အကျဉ်း။**

ကဲ-- အလုပ်စကြစို့၊ ဒါအရေးကြီးတယ်နော်.... အလုပ်က အရေးကြီးတယ်၊ ပုဗ္ဗကိစ္စက သိတ်အရေးကြီးဒါ မဟုတ်ဘူး။ တရားအားထုတ်ပုံ အားထုတ်နည်းဟာ သိတ်အရေးကြီးဒါ၊ လူဟာ၊ ဥပမာ- တရားရှိမယ်ဆိုလျှင်၊ တရားလုံးလုံး အားထုတ်တတ်ဘို့ အရေးကြီးတယ်၊ စိတ်ကလဲ ကိုယ့်စိတ်၊ခန္ဓာကလဲ ကိုယ့်ခန္ဓာကိုယ်၊ ကိုယ့်စိတ်နဲ့ ကိုယ့်ခန္ဓာကိုယ်ကို၊ ကြည့်ရမည် ဖြစ်လေသောကြောင့်၊ ကြည့်တတ်မှ မြင်မှာ၊ မကြည့်တတ်ယင် မြင်ကိုမမြင်ဘူး။

ဒါကြောင့်- ကြည့်ပုံ ကြည့်နည်းလေးပြောမယ်နော်၊ (မှန်ပါဘုရား) ဒီညတော့ ကျဉ်းကျဉ်းလေး၊ ဦးပဥ္စင်းတို့ ဆရာတော်

ပြဒါက၊ ကိုယ်တွေ့ ဉာဏ်မြင်ကို၊ ပဓါန ပင်တိုင်အလုပ်ထား၍ ပြသောကြောင့်၊ ဝင်တဲ့နေ့ကစ၍၊ ထွက်သည့်နေ့အထိ၊ စိတ်သည် ရင်ထဲမှာထား၊ စိတ်ဘယ်မှာ ထားမလဲ၊ (ရင်မှာ ထားရ ပါတယ် ဘုရား) အိမ်မှာ လေ့ကျင့်တဲ့ပုဂ္ဂိုလ် တနာရီအားထုတ်မယ်ဆိုယင် တနာရီလုံးလုံး၊ စိတ်- ရင်ထဲမှာထား၊ ညဥ့်ဦးယံလောက်အားထုတ် မယ်ဆိုယင်၊ ညဥ့်ဦးယံလုံးလုံး စိတ်- ရင်ထဲမှာ ထား၊ ကိုယ်အား ထုတ်တဲ့ အချိန်လေးကို ပိုင်းပြီးတော့၊ စိတ်- ရင်ထဲမှာ ထားရ တယ်။

ယောဂီတို့ကတော့၊ဆယ်ရက်လုံးလုံးအားထုတ်သည် ဖြစ်သည် ဖြစ်လေသောကြောင့်၊ ဆယ်ရက် လုံးလုံး၊ စိတ်ဘယ်မှာ ထားမလဲ၊ (ရင်ထဲမှာပါ ဘုရား) ရင်ထဲမှာထား၊ သတိချပ်ကြ၊ ရင်ထဲ မှာ ထားပြီးတော့၊ ဘာလုပ်နေရမလဲ မေးတော့၊ ကိုယ်မှာ ပေါ်ဒါ ငါးမျိုးမှတ်နေရမယ်တဲ့၊ ဒါလေးဘဲ၊ နှစ်ခုထဲဘဲ။

မှတ်နေရမယ်ဆိုဒါ၊ သိသိ, သိသိ, နေရမယ်လို့ဆိုဒါမှတ်နေဘ်၊ စာနဲ့ရေးမှတ်ဘို့ မဟုတ်ဘူး၊ ကျက်မှတ်နေဘို့လဲ မဟုတ်ဘူး၊ မှတ် နေတယ်ဆိုဒါနဲ့၊ သိနေတယ်ဆိုဒါနဲ့၊ အတူတူဘဲ မှတ်ရတယ်။

ဒါ့ကြောင့်၊ လျှာလဲ မလှုပ်နဲ့၊ နှုတ်နဲ့လဲ မမြွက်နဲ့၊ အသံလဲ မထွက်နဲ့၊ ရွတ်ဘတ်သရဇ္ဈာယ်ခြင်း ဆိုတာလဲ၊ ဘာမှလဲ မလုပ်နဲ့၊ စိတ်ထဲက သိရုံ့သိရုံဆိုသောကြောင့်၊ ပုတီးလဲမကိုင်နဲ့၊ ဘာမှစာကို လဲဘဲ မစဉ်းစားနဲ့၊ စာနဲ့ခန္ဓာနဲ့ကိုက်မှ ကိုက်ပါ့မလားလို့၊ ဒီလို လဲဘဲ စာနဲ့ခန္ဓာ နှိုင်းညှိပြီးတော့လဲမနေနဲ့၊ အသာကလေး သိရုံ့, သိရုံ ကလေးမှတ်နေတဲ့၊ ရှင်းပလား၊ (ရှင်းပါ ဘုရား။)

ဘာကို သိရမလဲ မေးတော့၊ ပေါ်ဒါကို သိရမယ်၊ ပေါ်ဒါ လဲ ဘယ်နှစ်မျိုးလဲမေးယင် ငါးမျိုး၊ ဒီငါးမျိုးဘဲ။

ပုဒ္ဒါ တမျိုး.... လက်ချိုးထား။

ဒေါ တမျိုး....

လှုပ်ဒါတမျိုး.... ဘယ် နှစ် မျိုး ရှိပလဲ၊

(သုံးမျိုးပါ ဘုရား)

ဆင်းရဲဒါ တမျိုး....

ချမ်းသာဒါ တမျိုး.... ဘယ် နှစ် မျိုး ရှိပလဲ၊

(ငါးမျိုးပါ ဘုရား)

ငါးမျိုးထဲ မှတ်ထား။

အဲဒီငါးမျိုးထဲ မှန်ရမယ်၊ ကိုယ်ထဲက ပေါ်ဒါသဲ ဖြစ်ရမယ်၊ ကိုယ့် ဆိုဒါ တကိုယ်လုံးကို ယူရတယ်။ ခေါင်းကပေါ်ဒါလဲဖြစ်ရ မယ်၊ သို့မဟုတ် အလယ်ပိုင်း ကျော-ရင်က ပေါ်ဒါမျိုးလဲ ဖြစ်ရ မယ်၊ အောက်ပိုင်း ပေါင်- ခြေသလုံးက ပေါ်ဒါမျိုးလဲ ဖြစ်ရမယ်၊ နှစ်ချက်နော် (မှန်ပါ ဘုရား)

ပေါ်တော့ ပေါ်ရဲ့ ငါးမျိုးမဟုတ်ယင် မှားပြီ၊ ၅-မျိုးတော့ ဟုတ်ပါရဲ့၊ ကိုယ်ထဲမှာ ပေါ်ဒါတော့ မဟုတ်ဘူးဆိုယင် မှားတယ်၊ ဒီတော့ နှစ်ချက်ညီမှ ၅- မျိုးလဲဖြစ်ရမယ်၊ ကိုယ်ထဲမှာ ပေါ်လာ တာလဲဖြစ်ရမယ်တဲ့၊ ဒီနှစ်ချက်နဲ့ညီယင်၊ မှတ်သာ မှတ်ပေတော့၊ အားလုံး ရှင်းပလား (ရှင်းပါပြီ ဘုရား) ရှင်းရှင်းလေး။

ခေါင်းကပေါ်ဒါ ဘယ်နှစ်မျိုး၊ (ငါးမျိုးပါ ဘုရား) မှတ်စိတ်ကလေးက ရင်ထဲမှာရှိတယ်၊ စိတ်သည် ရင်ထဲမှာ ထားဆိုသောကြောင့်၊ အဲဒီရင်ကနေမှတ်ရတယ်၊ ခေါင်းက ပေါ်ဒါနဲ့၊ ရင်ကသိဒါနဲ့ ဆုံနေပါစေ။

အလယ်ပိုင်း၊ ကျော ရင် စသည်မှာ ပေါ်ဒါ ဘယ်နှစ်မျိုးလဲ၊ (ငါးမျိုးပါ ဘုရား) ဘယ်ကနေသိ (ရင်ကသိပါတယ်ဘုရား) အလယ်ပိုင်းပေါ်ဒါနဲ့၊ ရင်ကနေသိဒါနဲ့၊ ပေါ်၊သိ၊ဆုံနေ ပါစေ၊ သိသာ သိတယ်၊ ပေါ်ဒါ မဟုတ်ဘူးဆိုယင်၊ မှားတယ်။ ပေါ်တော့ ပေါ်တယ်၊ သိဒါမဟုတ်ဘူးဆိုယင်၊ မှားတယ်။ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား) မှားတယ်ခေါ်တယ်။

အောက်ပိုင်း၊ ပေါင်ခြေသလုံးစသည်မှာ၊ ပေါ်ယင်လဲ ဘယ်နှစ်မျိုး၊ (ငါးမျိုး ပါဘုရား) ဘယ်ကနေသိ (ရင်ကနေသိပါတယ်ဘုရား) ဟော- ရင်ကသိရမယ်။

ကွက်ကွက်ကလေးပေါ်ယင်လဲဘဲ ငါးမျိုးဘဲ၊ ရင်ကနေသိရမယ်၊ တကိုယ်လုံးပေါ်မယ်ဆိုလို့ရှိယင်လဲဘဲ၊ ငါးမျိုးဘဲ၊ တပြိုင်နက်တော့မပေါ် နိုင်ဘူးနော်၊ (မှန်ပါဘုရား) တပြိုင်နက် ပေါ်ယင်၊ သုံးမျိုးပေါ်တယ်၊ အဲဒီတကိုယ်လုံးပေါ်ဒါကို၊ ရင်ကနေသိ၊ သဘောကျပလား၊ (ကျပါတယ်ဘုရား။)

ဟော.... စိတ်- ဘယ်မှာထား (ရင်မှာထားပါတယ် ဘုရား) ရင်မှာထားပြီးတော့ ဘာလုပ်နေမလဲ၊ (ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေရပါတယ်ဘုရား) ဘယ်ကပေါ်တတ်သလဲ၊ (တကိုယ်လုံး

ကပေါ်တတ်ပါတယ် ဘုရား) တကိုယ်လုံးက ပေါ်ဒါင်ါးမျိုးကို အသာလေး၊ သိရုံ့သိရုံ့ ကလေးနော် (မှန်ပါဘုရား) ငါးမျိုးကို ရှင်းမယ်၊ နာမည်ပေးဦးမယ်။

ပူယင်၊ ဗမာလို ပူဒါနော် (မှန်ပါရာရား) ပူတယ်က တမျိုး၊ ပူဒါက တမျိုး၊ ဦးပဥ္စင်းအခုပြောဒါက၊ ပူဒါခေါ်တယ်၊ ပူဒါဆို တာရုပ်ဘက်ကို နာမည်ပေးတယ်ခေါ်တယ်။ ပူတယ် ဆိုတာ က နာမ်ဘက်ကို သိပုံပြောတယ်။ သူ့ဟာနဲ့ သူတော့အမှန်ချည်းဘဲ၊ ဦးပဥ္စင်းတို့ဆရာတော်ဘုရားကြီးကတော့၊ နာမ်ဘက်သိပုံပြောတာ မဟုတ်ဘူး၊ ရုပ်ဘက်ကို နာမည် ပေးသောကြောင့် ဒါသုံးတယ်၊ ရှင်းသွားပလား၊ (ရှင်းသွားပါပြီ ဘုရား။)

ပူယင် ဘယ်နဲ့ခေါ် (ပူဒါပါ ဘုရား)
ယေင် (ဒေါပါဘုရား)
လှုပ်ယင် (လှုပ်ထာပါ ဘုရား)
ဆင်းရဲယင် (ဆင်းရဲ ဒါပါ ဘုရား)
ချမ်းသာယင်လဲ၊ ချမ်းသာ ဒါလို့ မှတ်ကြနော်။
(မှန်ပါ ဘုရား)

သိရုံ့ သိရုံ့ကလေးဘဲ၊ လျှာမလှုပ်ရဘူး နှုတ်မမြွက်ရဘူး၊ ရှင်း ပလား၊ (ရှင်းပါပြီဘုရား။)

ပူယင်၊ ပူဒါလို့ မှတ်ခိုင်းတော့၊ ဘယ်လိုပူဒါလဲလို့ မေးယင်၊ ကိုယ်ထဲက ပေါ်တက်လာတဲ့၊ အပူမှန်သမျှ ဘာအပူဘဲ ဖြစ်ဖြစ်

နေရာမရွေး၊ ပူဒါလို့မှတ်နော်၊ အကြောင်းမရွေး ပူဒါလို့မှတ် (မှန်ပါဘုရား) ရှင်းရှင်း ကလေး။

နေရာမရွေးဆိုတာက၊ ခေါင်းက ပူယင်လဲ၊ ပူဒါ၊ အလယ်ပိုင်း၊ ကျော ရင် စသည်က၊ ပူယင်လဲ၊ ပူဒါ၊ အောက်ပိုင်း၊ ပေါင် ခြေသလုံး၊ စသည်က ပူယင်လဲ၊ ပူဒါ၊ နေရာမရွေးနဲ့တော့။

အကြောင်း မရွေးနဲ့ ဆိုတာက၊ နေကြောင့် ပူယင်လဲ၊ ပူဒါ။ မီးကြောင့် ပူယင်လဲ၊ ပူဒါ။ ဖျားလို့ ပူယင်လဲ၊ ပူဒါ။ ဆေးပူ၊ အစာပူ၊ စားလို့ ပူယင်လဲ၊ ပူဒါ။ စိတ်ညစ်လို့ပူယင်လဲ၊ ပူဒါ။ ကြာကြာထိုင်လို့ပူယင်လဲ၊ ပူဒါ။ အလုပ်လုပ်လို့ပူယင်လဲ၊ ပူဒါ။ ခရီးသွားလွန်းလို့ ပူယင်လဲ၊ ပူဒါ။

ဘာကြောင့်၊ညာကြောင့်၊ ရွေးမနေနဲ့နော် (မှန်ပါ ဘုရား။)

နေရာမရွေး၊ ပူ၊ ပူဒါလို့သိ။ အကြောင်းမရွေး၊ ပူ၊ ပူဒါလို့သိ။ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား။)

ဟော-သတ္တုချကြည့်ယင်၊ ကိုယ်ထဲမှာ လုပ်လို့ပေါ်တဲ့၊ အပူဘဲ ဖြစ်ဖြစ်၊ မလုပ်ဘဲနဲ့ သူ့သဘောနဲ့ ပေါ်တဲ့ အပူဘဲ ဖြစ်ဖြစ်၊ မှတ်သာမှတ်ကြ။ ကဲ-- ရှင်းသွားပြီ။

ယင် ဒေါ်နော် (မှန်ပါ ဘုရား) ဘယ်လို အအေးမျိုးလဲလို့ မေးတော့ ကိုယ်ထဲမှာ ပေါ်တက်လာတဲ့၊ အမှန်သမျှ၊ နေရာမရွေး၊ ဧ၊ ဒေါ အကြောင်းမရွေး၊ ဧ၊ ဒေါ်တဲ့။

နေရာမရွေးပုံ၊ ခေါင်းက ယောင်လဲ၊ ဒေါ်။ အလယ်ပိုင်း၊ ကျောရင်က ယောင်လဲ၊ ဒေါ်။ အောက်ပိုင်း၊ ပေါင် ခြေသလုံးစသည်က ယောင်လဲ၊ ဒေါ်နော်။ နေရာမရွေးနဲ့တော့။

(မှန်ပါ ဘုရား)

အကြောင်းမရွေးနဲ့ ဆိုတာက၊ လေတိုက်လို့ ယောင်လဲ၊ ဒေါ်၊ နှင်းကျလို့ အေးယောင်လဲ၊ ဒေါ်။ ဆောင်းလို့ ယောင်လဲ၊ ဒေါ်။ လေ၊ ဆေး၊ အစာ၊ စားသောက်လို့ ယောင်လဲ၊ ဒေါ်လို့၊ ဒီလို မှတ်တော့။

စိတ် နှလုံးလို့ ယောင်လဲ ဒေါ်ဘဲပေါ့၊ ဘာကြောင့် ညာကြောင့် ရွေးမနေနဲ့၊ ကိုယ်ထဲမှာ တောက်လာတဲ့ အမှန်သမျှ၊ မှတ်သာမှတ်ကြ၊ လုပ်လို့ပင် ဖြစ်စေ၊ မလုပ်ဘဲနဲ့ပင်ဖြစ်စေ၊ တောက်လာ ယင်မှတ်သာမှတ်ကြ။

တချို့ အမြေမြင်ဘူး၊ မမြင်တော့ သိတဲ့လူတယောက်က လာ စမ်းဆိုပြီး၊ ရေနဲ့ပက်လိုက်တော့၊ မသွားဘူးလား။ (သွားပါ တယ်ဘုရား။) အဲဒီအမျိုးကော မှတ်ရမလား၊ မမှတ်ရဘူးလား၊ (မှတ်ရပါမယ်ဘုရား) မှတ်ရတယ် ခေါ်တယ်။ ရေက ဒေါ်လား ဒေါ်က-ဒေါ်လား၊ (ဒေါ်က၊ ဒေါ်ပါဘုရား) ဟော-ဒေါ့ကြောင့် မှတ်ရမယ်လို့ ဆိုတယ်၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား။)

လှုပ်၊ လှုပ်ထာ၊ ဘယ်လို အလှုပ်လဲလို့ မေးယင်၊ ကိုယ်ထဲမှာ ပေါ်ထက်လာတဲ့ အလှုပ်မှန်သမျှ အကုန်မှတ်ပေတော့။ နေရာ မရွေး၊ လှုပ်၊ လှုပ်ထာ၊ အကြောင်းမရွေး၊ လှုပ်၊ လှုပ်ထာလို့ မှတ်။

နေရာမရွေး ဆိုတာက၊ ခေါင်းက လှုပ်ယင်လဲ၊ လှုပ်ထာ။ အလယ်ပိုင်း၊ ကျော ရင် စသည်က လှုပ်ရင်လဲလှုပ်ထာ။ အောက်ပိုင်း၊ ပေါင် ခြေသလုံး၊ စသည်က လှုပ်ယင်လဲ လှုပ်ထာ။ အသားကလှုပ်ယင်လဲ လှုပ်ထာ။ အရေက လှုပ်ယင်လဲ လှုပ်ထာ။ အကြောလေးတွေက လှုပ်ယင်လဲ လှုပ်ထာလို့၊ နေရာမရွေးနဲ့တော့၊ ဘယ်က လှုပ်လှုပ်- ညာကလှုပ်လှုပ်၊ လှုပ်ယင် လှုပ်ထာလို့သာ မှတ်ပါ။ ရှင်းပါရဲ့လား၊ (ရှင်းပါတယ်ဘုရား။)

အကြောင်း မရွေးနဲ့ဆိုတာက....

| | |
|---|---|
| စိတ်ကြောင့်ဘဲ-- | လှုပ်လှုပ် |
| ဥတုကြောင့်ဘဲ-- | လှုပ်လှုပ် |
| အဟာရကြောင့်ဘဲ | လှုပ်လှုပ် |
| သွေးသားလေးတွေ ဆပ်ဆပ်- | |
| ဆပ်ဆပ်နဲ့ တုံလို့ပင် | လှုပ်လှုပ် |
| အသက်ရှူလို့ပင် | လှုပ်လှုပ် |
| မရှူဘဲနဲ့ပင် | လှုပ်လှုပ် |
| လှုပ်ချင်လို့ဘဲ | လှုပ်လှုပ် |
| မလှုပ်ချင်ဘဲနဲ့- သူ့သဘောနဲ့ | လှုပ်လှုပ် |
| ကိုယ့်သဘောနဲ့ | လှုပ်လှုပ် |

အကြောင်းမရွေး ကြုပါနဲ့၊ ခန္ဓာကိုယ်ထဲမှာ ပေါ်တက် လာလို့ လှုပ်ယင်၊ လှုပ်ထာလို့သာမှတ်ပါ။ ရှင်းသွားပလား၊ (ရှင်းသွားပါပြီ ဘုရား။)

ဆင်းရဲယင်လဲ ဆင်းရဲဒါတဲ့၊ ဆင်းရဲ ဒါကတော့၊ ကျင်ဒါ၊ နာဒါ၊ ကိုက်ထာ၊ ခဲဒါ၊ အောင့်ဒါ၊ မူးဒါ၊ ဝေဒါဆိုတဲ့ ကိုယ်ဆင်းရဲယင်လဲ၊ ဆင်းရဲဒါဘဲ၊ စိတ်ညစ်တယ်၊ စိတ်ဆိုးတယ်၊ စိတ်ကောက်တယ်၊ စိတ်မချမ်းသာဘူးဆိုတဲ့ စိတ်ဆင်းရဲယင်လဲ ဆင်းရဲဒါဘဲ၊ ဆင်းရဲယင်၊ ဆင်းရဲဒါလို့သာ မှတ်ပါ။

အပူနှင့် ပတ်သက်၍၊ အနွေးနှင့်ပတ်သက်၍၊ အလှုပ်နှင့်ပတ်သက်၍၊ ခန္ဓာကိုယ်ထဲမှာ ပေါ်တက်လာယင် မခံသာဘူး၊ မခံသာလို့ဆင်းရဲယင်လဲ ဆင်းရဲဒါလို့ မှတ်ပါ။

ချမ်းသာယင်လဲ ချမ်းသာဒါလို့ မှတ်ပါ။ ကိုယ်ချမ်းသာယင်လဲ၊ ချမ်းသာဒါလို့ မှတ်ပါ။ စိတ်ထဲမှာ ကေနဲ၊ ဖြန်းကနဲ၊ စိမ့်ကနဲ၊ သိမ့်ကနဲ ဆိုတဲ့ စိတ်ချမ်းသာ ယင်လဲ၊ ချမ်းသာဒါလို့ မှတ်ပါ။

အပူနဲ့၊ အနွေနဲ့၊ အလှုပ်နဲ့ ပတ်သက်ပြီးသကာလ ခံသာကြမယ်ဆိုယင်၊ အဲဒါချမ်းသာဒါ-ခေါ်ဒါဘဲ၊ ချမ်းသာယင်လဲ၊ ချမ်းသာဒါလို့ သိရဲ့၊ သိရဲ့ကလေးပါဘဲလို့၊ ရှင်းသွားပလား။

(ရှင်းပါ ဘုရား)

ဤကဲ့သို့- ပူယင်- ပူဒါ၊ ယောင်- ဒေါ၊ လှုပ်ယင်- လှုပ်ထာ၊ ဆင်းရဲယင်- ဆင်းရဲဒါ၊ ချမ်းသာယင်- ချမ်းသာဒါလို့၊ ဗမာလိုအတိုင်းဘဲ မှတ်ရတယ်၊ နဲနဲလေး- ကွဲသထက်- ကွဲသွားအောင်၊ ရှင်းသထက်- ရှင်းသွားအောင် ပြောအုံးမယ်။

ပူယင်- ပူဒါလို့- မှတ်ယင်၊ ဘယ်သူက- ပူသလဲလို့- မေးယင်၊ ပူဒါက- ပူတယ်၊ ယေင်- ဒေါက ပေါတယ်၊ သူ့ဟာသူ- ကွဲသွား ပါစေ၊ လှုပ်ယင်- လှုပ်ထာလို့မှတ်ယင်၊ လှုပ်ထာကဘဲ- လှုပ်တယ်၊ လှုပ်ထာ အပြင်- လှုပ်ထာ မရှိတော့ဘူး။

ဆင်းရဲလျှင်- ဆင်းရဲဒါလို့ ဒီလို မှတ်ယင်၊ ဘယ်သူက- ဆင်းရဲ သလဲဆိုယင်၊ ဆင်းရဲဒါက- ဆင်းရဲတယ်လို့မှတ်။

ချမ်းသာလျှင်- ချမ်းသာဒါလို့- မှတ်နေလို့ရှိယင်၊ ဘယ်သူက- ချမ်းသာ သလဲလို မေးယင်၊ ချမ်းသာ ဒါက- ချမ်းသာတယ်၊ ချမ်းသာတဲ့လူရယ်လို့- အသီးအခြား မရှိတော့ဘူး။

ပူတဲ့လူ၊ေတဲ့လူ၊ လှုပ်တဲ့လူ၊ဆင်းရဲတဲ့လူ၊ ချမ်းသာတဲ့လူရယ်လို့၊ အသီးအခြား- မရှိတော့ဘူး။

ပူဒါကဘဲ ပူတယ်- ဘယ်အချိန် ပူသလဲမေးယင်၊ ဘယ်နှယ့် ပြောမလဲ၊ (ပေါ်တဲ့ အချိန်ပါ ဘုရား) ပေါ်မှ ပူတယ်၊ ဘယ်က ပေါ်တတ် သလဲ၊ (တကိုယ်လုံးက ပေါ်တတ် ပါတယ် ဘုရား) ဘယ်အချိန်မှတ်မလဲ၊ (ပေါ်တဲ့အချိန်မှတ်ပါမယ်ဘုရား) ပေါ်တဲ့ အချိန် မှတ်ရမယ်၊ ဘယ်လိုမှတ်ရမလဲ၊ (ပူဒါ-လို့ မှတ်ရပါတယ် ဘုရား) ပူဒါလို့ မှတ်ရမယ်၊ ရှင်းပလား- (ရှင်းပါပြီဘုရား။)

လျှေင်- ဒေါလို့ မှတ်ရမယ်၊ ဘယ်သူက- သေလဲ၊ (ဒေါက- ဒေါပါဘုရား) ဒေါက- တေယ်၊ ဘယ်အချိန် သေလဲ၊ (ပေါ်တဲ့ အချိန် အေးပါတယ်ဘုရား) ပေါ်တဲ့အချိန် တေယ်နေ၁်- (မှန်ပါ ဘုရား) မပေါ်ခင်မရှိဘူး၊ ဘယ်အချိန်မှတ်ရမလဲ၊(ပေါ်တဲ့အချိန်

မှတ်ရပါတယ်ဘုရား) ဟော– ပေါ်တဲ့အချိန်မှတ်ရမယ်၊ မပေါ်သေးခင်လဲ မှတ်လို့မရဘူး၊ ပျောက်သွားပြီးယင်လဲမှတ်လို့မရဘူး၊ ပေါ်တုန်းပေါ်ခိုက် အချိန်သာ မှတ်ပါ-ဟုတ်လား၊(ဟုတ်ပါတယ်ဘုရား။)

လှုပ်ယင်-လှုပ်ထာဘဲ၊ ဘယ်သူက လှုပ်သလဲ၊ (လှုပ်ထာက လှုပ်ထာပါဘုရား) လှုပ်ထာက- လှုပ်သတဲ့၊ အဲဒါ ယောဂီတို့မှတ်ကြ၊ လှုပ်ထာက လှုပ်တယ်ဆိုယင်၊ ရင်လှုပ်တယ်၊ အသားလှုပ်တယ်၊ ခေါင်းလှုပ်တယ်၊ လက်လှုပ်- ခြေလှုပ်တယ်- စသည်ရှိသေးလား၊ (မရှိပါဘုရား)ရင်က-သိပ်ခုန်ဒါဘဲ၊ရင်က-လှုပ်လှုပ်၊လှုပ်လှုပ်နဲ့-သိပ်ပြီးတော့မော်ဒါဘဲ၊နောက်ပြီးတော့ဆိုယင်လဲဘဲ၊ဟိုနေရာ-ဒီနေရာကလဲ၊ တင်းတင်းကြပ်ကြပ်ကြီး စသည်တို့ဖြင့်-ဖြစ်ထာဘဲ၊ သိပ်ပြီးတော့ ခုန်နေဒါဘဲ၊ လေက သိပ်ပြင်းပြင်းထန်ထန် တိုက်နေဒါဘဲလို့ ဆိုယင်၊ ဒါကြောက်စရာ လန့်စရာ ပေါ်တတ်တယ်၊ လှုပ်ထာက လှုပ်တယ်လို့ ဆိုယင်၊ ကြောက်စရာ ပေါ်သေးလား၊ (မပေါ်ပါဘုရား) မပေါ်တော့ဘူး- ခေါ်တယ်။

အသား- အရေ- အကြော- ခေါင်း- ကိုယ်-ခြေ- လက်-ဒါတွေဘာမှ မပါတော့ဘူး၊ ဘယ်အချိန်လှုပ်သလဲ (ပေါ်တဲ့ အချိန်လှုပ်ပါတယ်ဘုရား) ဘယ်မှာပေါ်တတ်သလဲ (တကိုယ်လုံးမှာပါဘုရား) တကိုယ်လုံးမှာ ပေါ်ဒါဘယ်သူလဲ (လှုပ်ထာပါဘုရား) လှုပ်ထာကလေး- လှုပ်ထာကလေးနော်- ဟုတ်တယ်မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) လှုပ်ထာကလေး၊ အဲဒီလှုပ်ထာကလေးဟာ ငါသူတပါး- ယောကျ်ား- မိန်းမ- ဟုတ်ကဲ့လား၊ (မဟုတ်ပါ

ဘုရား) အသက်- လိပ်ပြာ- အကောင်- သတ္တဝါ- ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) မဟုတ်ဘူး- ခေါ်တယ်။

စာလိုပြောယင်တော့ ဝါယောဓါတ်ဘဲ၊ ဗမာလို ပြောယင်၊ လေခေါ်တယ်၊ ပရမတ်လို ပြောယင်တော့ ကန်- တိုး- တွန်း- ဆိုတာကလေး မှတ်ရမယ်၊ ရှင်းပလား၊(ရှင်းပါတယ်ဘုရား)အဲဒါ လေဘဲ သည့်ပြင် အကောင်- အထည်- ဒြပ်- လာဒါမဟုတ်ဘူး။

ဆင်းရဲယင်- ဆင်းရဲဒါ၊ ဘယ်သူက ဆင်းရဲ သလဲ (ဆင်းရဲဒါက ဆင်းရဲဒါပါဘုရား) ပေါင်တွေဆင်းရဲတယ်၊ ခြေသလုံးတွေဆင်းရဲတယ်၊ ပေါင်- ခြေသလုံးတွေ- ကိုက်တယ်- စသည်ဖြင့် ရှိသေးသလား၊ (မရှိပါဘုရား) ခေါင်းကိုက်တယ်၊ ခေါင်းမူးတယ် စသည်ဖြင့် ရှိသေးလား၊ (မရှိပါ ဘုရား) ဘယ်အချိန် ဆင်းရဲသလဲ၊ (ပေါ်တဲ့အချိန် ဆင်းရဲပါတယ်ဘုရား) ဘယ်အချိန် မှတ်မလဲ၊ (ပေါ်တဲ့အချိန် မှတ်ရပါတယ်ဘုရား) ပေါ်ဒါ ဘယ်သူလဲ (ဆင်းရဲဒါပါဘုရား) ဘယ်နေရာက ပေါ်တတ်သလဲ၊ (တကိုယ်လုံးက ပေါ်တတ်ပါတယ်ဘုရား) ဟော— သူ့ဟာသူ ရှင်းနေပြီ၊ တကိုယ် လုံးက ပေါ်ဒါကို ရင်ကလေးက မှတ်နေ၁- စိတ်ဟာ ရင်ကလေးထဲမှာထား ဒါဘဲ။

ချမ်းသာယင် - ချမ်းသာဒါ- ဘယ်သူက ချမ်းသာ သလဲ၊ (ချမ်းသာဒါက ချမ်းသာ ပါတယ် ဘုရား) ဘယ်အချိန်များ ချမ်းသာသလဲ၊ (ပေါ်တဲ့အချိန် ချမ်းသာပါတယ်ဘုရား)ဘယ်မှာ ပေါ်တတ်သလဲ (တကိုယ်လုံးမှာ ပေါ်တတ်၊ ပါတယ် ဘုရား) တကိုယ်လုံးပေါ်ဒါ ဘယ်သူလဲ၊ (ချမ်းသာဒါပါဘုရား) ချမ်းသာ

ဒါကလေးကို စလိုပြောယင်၊ သုခဝေဒနာကလေး၊ အဲဒါလေး တွေဟာ ခန္ဓာကိုယ်မှာ ပေါ်တတ်လာတဲ့ အချိန်မှာ- သူချမ်းသာနေဒါဘဲ၊ မပေါ်ခင် ချမ်းသာဒါ မရှိ၊ ပျောက်သွားပြီးယင်၊ ချမ်းသာဒါမရှိ ဘယ်အချိန်၊ လေးများ ချမ်းသာဒါ ရှိသလဲ၊ (ပေါ်တဲ့ အချိန် ရှိပါတယ်ဘုရား) ဘယ်အချိန် မှတ်ကြ မလဲ၊ (ပေါ်တဲ့ အချိန် မှတ်ပါတယ်ဘုရား) ဟော-- သူ့ဟာသူ ရှင်းသွားပြီး။

ဝင်တဲ့နေ့ကစ၍ တရားထွက်သည့်နေ့အထိ စိတ်ရင်ထဲမှာထား၊ တကိုယ်လုံးက ပေါ်ဒါ- ငါးမျိုးကို မှတ်နေပါ၊ ရှင်းသွားပလား၊ (ရှင်းသွားပါပြီဘုရား) စိတ်ထားတော့ရင်၊ မြင်တော့ တကိုယ်လုံး၊ စိတ် ဘယ်မှာ ထားမလဲ၊ (ရင်မှာပါဘုရား) မြင်စရာရှိယင်လဲ တကိုယ်လုံး မြင်ဒါ မှတ်ထားရတယ်၊ ရင်ကမရွေ့ရဘူး၊ ရင်မှာ စိတ်ထား။

ခေါင်းကပေါ်ယင်- ရင်ကနေ လှမ်းမြင်

ကျောကပေါ်ယင်- ရင်ကနေ လှမ်းမြင်

အောက်ပိုင်းကပေါ်ယင်- ရင်ကနေ လှမ်းမြင်

စိတ်သည် ရင်ထဲက မရွေ့နဲ့နေ၁- လှမ်းမြင်ရတာခေါ်တယ်၊ (မှန်ပါဘုရား။)

ကွက်ကွက်ခလေးပေါ်ယင်လဲ- (ရင်ကနေ လှမ်းမြင်ရ ပါတယ် ဘုရား)

တကိုယ်လုံးပေါ်လို့ ရှိယင်လဲ- (ရင်ကနေလှမ်းမြင်ရပါတယ်ဘုရား)
အပူလေးပေါ်လို့ ရှိယင်လဲ- (ရင်ကနေလှမ်းမြင်ရပါတယ်ဘုရား)
အအေးလေးပေါ်လို့ ရှိယင်လဲ- (ရင်ကနေလှမ်းမြင်ရပါတယ်ဘုရား)
အလှုပ်ခလေးပေါ်လို့ ရှိယင်လဲ- (ရင်ကနေလှမ်းမြင်ရပါတယ်ဘုရား)
ဆင်းရဲဒါပေါ်ယင်လဲ- (ရင်ကနေလှမ်းမြင်ရပါတယ်ဘုရား)

ချမ်းသာဒါပေါ်ယင်လဲ- ရင်ကနေ လှမ်းမြင်ကြတဲ့- သဘောကျပလား၊ (ကျပါတယ်ဘုရား) ဟော-- ရှင်းသွားပြီ၊ မှတ်ကောမှတ်တတ်ပလား၊ (မှတ်တတ်ပါပြီဘုရား) ယောဂီတို့ မှတ်တတ်ပလား၊ (မှတ်တတ်ပါတယ်ဘုရား) မှတ်တတ်စရာရှိပါပြီ။

ဝင်တဲ့နေ့ကစ၍ ထွက်သည့်နေ့အထိ၊ ဆယ်ရက်လုံးလုံးဆိုတော့

ထိုင်လျက်ချည်းဘဲ- မနေနိုင်ဘူး
အိပ်လျက်ချည်းဘဲ- မနေနိုင်ဘူး
ရပ်လျက်ချည်းဘဲ- မနေနိုင်ဘူး
သွားလျက်ချည်းဘဲ- မနေနိုင်ဘူး

ဣရိယာပုထ်လေးပါးခေါ်တယ်၊ အနေလေးမျိုး ခေါ်တယ်၊ ဣရိယာပုထ် လေးပါး၊အနေလေးမျိုးတို့ဖြင့်၊ ချမ်းသာသလို နေရတယ်နော်၊ နေနိုင်တယ်လို့မှတ်၊ (မှန်ပါဘုရား။)

ထိုင်လျက်မှတ်မယ်ဆိုပါတော့၊ ထိုင်ဒါလဲဘဲ ချမ်းသာသလို ထိုင်နိုင်တယ်၊ ထိုင်တတ်သလိုထိုင်နိုင်တယ်၊ ရှင်းပလား၊ (ရှင်းပါတယ် ဘုရား။)

သို့သော်- အဆစ်ကလေးထည့်ပေးရတယ်၊ ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက်မမြင်သေးခင် ကြာကြာလေး ထိုင်ပေးကြ၊ တင်းပြည့်ကျပ်ပြည့်ကြာသွားအောင် အဓိဋ္ဌာန်ပါရမီလေးလဲ ရံခါ ရံခါကူကြ၊ ထိုင်တိုင်း- ထိုင်တိုင်း အဓိဋ္ဌာန်မပါသော်လဲ၊ တခါတရံ အဓိဋ္ဌာန် ပါပစေနော်၊ ကိုယ်ထိုင်နိုင်သလောက်ပေါ့၊ (မှန်ပါဘုရား။)

နာရီဝက် ထိုင်နိုင်မယ်ဆိုယင် နာရီဝက်၊တနာရီ ထိုင်နိုင်မယ်ဆိုယင်တနာရီ၊ ဒီအတွင်း၌၊မလှုပ်မယှက်၊ မပြင်ဘဲနဲ့ ပေါ်ဒါမှတ်၍ နေပါ့မည်လို့၊ စိတ်ထဲကအောက်မေ့၊ အဲဒါ အဓိဋ္ဌာန်ဘဲ၊နာရီဝက် အဓိဋ္ဌာန်မယ်ဆိုယင်နာရီဝက်ပြည့်အောင်နေ၊ တနာရီ အဓိဋ္ဌာန်မယ်ဆိုယင်၊ တနာရီပြည့်အောင်နေနော်၊ ရှင်းအောင် မှတ်ထားကြ၊ အားလုံး ရှင်း ပလား၊ (ရှင်းပါပြီဘုရား။)

ဒီလိုချည်းဘဲ ထိုင်တိုင်း- ထိုင်တိုင်း၊ အဓိဋ္ဌာန်ပါရမီ ထည့်ရမလားလို့- ဒီလိုမေးယင်၊ ချင်းချက်ကလေး၊ ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက်မမြင်သေးတဲ့ အချိန်ပြောဒါ၊ ဖြစ်ပျက်မြင်

လို့ရှိယင်၊ ကြာကြာဘဲထိုင်ထိုင်၊ မြန်မြန်ဘဲ ပြင်ပြင်၊ သဘော ကျပလား၊ (ကျပါတယ် ဘုရား။)

ဒါဖြင့် ကြာကြာထိုင်ခိုင်းဒါ ဖြစ်ပျက် မြင်စေချင်လို့ ဆိုဒါ မှတ်ရမယ်၊ (မှန်ပါ ဘုရား) ညောင်းဘို့လို၊ ကျင်ဘို့လို၊ ကိုက်ဘို့ လို့၊ ကိုယ်ဆင်းရဲတဲ့ ဒုက္ခတွေဘိုလို့ ထိုင်ခိုင်းဒါ မဟုတ်ဘူးနော်။ (မှန်ပါ ဘုရား) ခန္ဓာကိုယ်မှာ လျှပ်တလက်မက၊ ဖြစ်လိုက်-ပျက် လိုက်၊ ဖြစ်လိုက်- ပျက်လိုက် ဆိုတဲ့၊ ဒီဖြစ်ပျက်ကလေးတွေကို မြင် စေချင်လို့ ကြာကြာထိုင်ခိုင်းဒါမှတ်ကြ၊ ဒီလိုဖြစ်ပျက်ကလေး မြင်မယ်ဆိုယင်၊ကြာချင်ကြာ မကြာချင်နေတဲ့ သဘောကျပလား၊ (ကျပါတယ်ဘုရား။)

စိတ်ဘယ်မှာထား (ရင်မှာထား) ဘာလုပ်နေ (ကိုယ်မှာပေါ် ဒါ ငါးမျိုး မှတ်နေ) ထိုင်ဒါမှတ်မလား၊ ပေါ်ဒါမှတ်မလား (ပေါ်ဒါမှတ်ပါမယ် ဘုရား) ပေါ်ဒါမှတ်ရမယ်၊ ကဲ- မှတ် ထားကြ။

ထိုင်လျက်ညောင်းလို့ အိပ်လျက်မှတ်မယ်ဆိုယင်၊ အိပ်လျက် မှတ်၊ ဘယ်လိုအိပ်ရမလဲ ဘုရားလို့ ဆိုယင်၊ အိပ်ချင်သလို အိပ်၊ အိပ်တတ် သလိုအိပ်၊ အိပ်တော့ မပျော်ရဘူးနော်၊ မပျော်စေ ရ ဘူး၊ အိပ်တတ် သလိုအိပ်၊ ချမ်းသာသလို အိပ်။

သို့သော်-ကြာကြာကလေးအိပ်ပါ၊ တင်းပြည့် ကျပ်ပြည့်ကြာ သွားအောင် ရုံခါ- ရုံခါ အဓိဋ္ဌာန် ပါရမီကလေး ကူနော်၊ ကြာ

ကြာတော့ အိပ်နိုင်တယ်ခေါ်တယ်၊ တနာရီ အိပ်နိုင်မယ် ဆိုယင် တနာရီဘဲ၊ နှစ်နာရီ အိပ်နိုင်မယ်ဆိုယင် နှစ်နာရီဘဲ၊ ဤအတွင်း၌ မလှုပ်မယှက် မပြင်ဘဲနဲ့ ပေါ်ဒါ မှတ်၍ နေပါမည်လို့ ရည်ရွယ်ချက်ဘား၊ ဒါ....အဓိဋ္ဌာန်ဘဲ။

ရုံခါ- ရခါ ဒီလိုချည်းဘဲ ကြာကြာကြီးအိပ်ရမလားလို့ မေးယင်၊ ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက်မမြင်သေးတဲ့ အချိန်လေးဘဲ၊ ဒါဖြင့် ကြာကြာ အိပ်ခိုင်းဒါ ဘာဖြစ်လို့လဲ၊ (ခန္ဓာကိုယ်မှာ ဖြစ်ပျက် မြင်စေချင်လို့ပါ ဘုရား) ဖြစ်ပျက်မြင်လာပြီဆိုယင်၊ ကြာချင်ကြာ- မကြာချင်နေ သဘောဘဲ၊ ရှင်းပလား။ (ရှင်းပါပြီ ဘုရား။)

စိတ်ဘယ်မှာထားမလဲ (ရင်မှာထား။) ဘာလုပ်နေ—ကိုယ်မှာ ပေါ်ဒါ ငါးမျိုးမှတ်နေ၊ ဟုတ်ရဲ့လား (မှန်ပါ) အိပ်ထာမှတ်မလား၊ ပေါ်ဒါမှတ်မလား။ (ပေါ်ဒါမှတ်ပါမယ်ဘုရား) အဲ-- တခု ရှင်းသွားပြီ၊ အားလဲထုတ်တတ်ပြီ။

မတ်တတ်ရပ်ချင်ယင်လဲ ရပ်လျက်အားထုတ်၊ ဘယ်လိုရပ်မလဲဆိုယင် ရပ်တတ်သလိုရပ်- ချမ်းသာသလိုရပ်၊ သို့သော်-ကြာကြာကလေးတော့ ရပ်ရမယ်၊ ကြာသွားအောင်လဲဘဲ၊ အဓိဋ္ဌာန် ပါရမီကလေးကူ၊ ကြာကြာရပ်ခိုင်းဒါလဲဘဲ တခြားမဟုတ်ဘူး၊ ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက် မြင်စေချင်လို့၊ ရှင်းသွားပလား (ရှင်းသွားပါပြီ ဘုရား)။ အဲ- ဒါဖြင့် ဖြစ်ပျက် မြင်ပြီဆိုယင်၊ ကြာချင်ကြာ,မကြာချင်နေ ကိုယ့်သဘောပါဘဲ။

စိတ်ဘယ်မှာထား (ရင်မှာထား။) ဘာလုပ်နေ—ကိုယ်မှာ ပေါ်ဒါငါးမျိုးမှတ်နေ၊ ဟော- ရုပ်ထာ မှတ်မလား၊ ပေါ်ဒါ မှတ်မလား၊ (ပေါ်ဒါမှတ်ရပါမယ်ဘုရား) ကဲ-ဒါလဲ တချက်ရှင်း သွားပြီ။

စင်္ကြံလျှောက်— ညောင်းတယ်၊ စင်္ကြံလျှောက်ရင်းလဲ မှတ်ရမယ်၊ ဘယ်လိုလျှောက်ရမလဲ မေးမယ်ဆိုယင်၊ နဂိုရိုက အိမ်မှာ၊ ကျောင်းမှာ၊ ရွာမှာ လျှောက်တတ်သလိုပေါ့၊ ချမ်းသာသလို လျှောက်အုံး၊ မနက်ဖန်ခါ ကျမှ ကျယ်ကျယ် လွင့်လွင့် ကလေး ဖြေရမယ်။ ဒီနေ့လျှောက်တတ်သလို လျှောက်ဦးနော်၊ (မှန်ပါ ဘုရား။)

သို့သော်– ညောင်းလောက်အောင် ခပ်ကြာကြာ ကလေး လျှောက်၊ ရုံခါ- ရုံခါ အခိုင်ဘွန်ပါရမီလေး ကူကူပြီး သကာလ၊ ခပ်ကြာကြာ ညောင်းလောက်အောင် လျှောက်၊ ခပ်ကြာကြာ လျှောက်ခိုင်းဒါ ဘာဖြစ်လို့ လဲလို့မေးတော့၊ ခန္ဓာမှာ လျှပ်တလက်မကာ၊ ဖြစ်ပျက်ကို မြင်စေချင်လို့တဲ့၊ သဘောကျပလား၊ (ကျပါတယ် ဘုရား။)

ညောင်းလောက်အောင်၊ ထုံလောက်အောင်၊ ကိုက်လောက် အောင်လို့၊ ဒီလိုလျှောက်ခိုင်းဒါ မဟုတ်ဘူး။ ရုပ် နာမ် ဓမ္မ လေးတွေ၊ ခန္ဓာမှာ လျှပ်တလက်မကာ ဖြစ်ပျက်နေတာ ရှိတယ်။ အဲဒါလေးကို မြင်စေချင်လို့တဲ့၊ အဲဒါမြင်ပြီဆိုယင်၊ ကြာကြာ လျှောက်ချင် လျှောက်၊ သို့မဟုတ် နည်းနည်း လျှောက် ချင်

လျှောက်၊ သဘောကျသလိုလျှောက်နိုင်ပါတယ်....တဲ့၊ အားလုံး ရှင်းပလား၊ (ရှင်းပါပြီဘုရား။)

စိတ်ဘယ်မှာထား (ရှင်မှာထား၊)ဘာလုပ်နေ(ကိုယ်မှာပေါ ဒါငါးမျိုးမှတ်နေ) ဟောရှင်းသွားပြီ။

**အနေမရွေးပုံ။** ထိုင်လျက်အားထုတ်ပုံ၊ အိပ်လျက်အားထုတ်ပုံ။ ရပ်လျက်အားထုတ်ပုံ။ သွားလျက်အားထုတ်ပုံ။ အနေမရွေး ဘယ်လိုနေနေ၊ စိတ်ရှင်ထဲမှာထား၊ ပေါ ဒါ ငါး မျိုးမှတ်ကြပါလို့ ဆိုလိုသည်၊ အနေမှတ်မလား၊ ဘာမှတ်မလဲ (ပေါဒါငါးမျိုးမှတ်ပါမယ် ဘုရား) ပေါဒါငါးမျိုးမှတ်ကြ။

**အလုပ်မရွေးပုံ။** အလုပ်မရွေး၊ ဘယ်အလုပ်ကို လုပ်ကိုင်- လုပ်ကိုင်၊ စိတ်သည် ရှင်ထဲမှာထား၊ ပေါဒါငါး မျိုးမှတ်ပြီးတော့လုပ်ကြပါ။ အလုပ်လုပ်ထာကိုမှတ်မလား၊ ဘာကိုမှတ်မလဲ၊ (ပေါဒါငါးမျိုးမှတ်ရပါမယ်ဘုရား။)

နက်ဖန်ခါ သဘက်ခါကျမှ၊ ဒီအလုပ်စခန်းတွေပေါ်လာမယ်၊ စားခန်း, ဧကာက်ခန်း, အဲဒါလဲ, အလုပ်ဘဲ၊ နောက်ပိတ်ဆုံး ကျင်ကြီး, ကျင်ငယ်, သွားဒါလဲဘဲ၊ အလုပ်ဘဲ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) လက်ကွေး၊ လက်ဆန့်, စကားပြော, စား, ဝါး, သောက်, မျို, အဲဒါအလုပ် ချည်းဘဲ။

အဲဒီတော့ အလုပ် လုပ်မယ်ဆိုယင်၊ ဘာလုပ် လုပ် စိတ်သည်, ရှင်ထဲမှာထား၊ ပေါဒါငါးမျိုး မှတ်ပြီးသကာလ, စကားပြောရ

မယ်၊ ပေါ်ဒါငါးမျိုးမှတ်ပြီးသကာလစားရမယ်၊ ပေါ်ဒါငါးမျိုး မှတ်ပြီးသကာလ ကိုင်ရမယ်၊ ပေါ်ဒါငါးမျိုး မှတ်ပြီးသကာလ ခွံ့ရမယ်၊ ရေချိုးတဲ့အခါမှာလဲဘဲ၊ ပေါ်ဒါ ငါးမျိုးမှတ်ပြီး သကာလ ရေချိုးရမယ်၊ရေချိုးဒါ အလုပ်လုပ်ထာဘဲ၊ အလုပ် မရွေးစိတ်ရင်ထဲမှာ ထားပြီး၊ ပေါ်ဒါ ငါးမျိုး မှတ်နေကြပါ။ အလုပ်ကိုမှတ်မလား၊ ဘာမှတ်မလဲ၊ (ပေါ်ဒါ ငါးမျိုး မှတ်ရပါ မယ်ဘုရား။)

**နေရာမရွေးပုံ။** နေရာမရွေး၊ ဘယ်နေရာရောက်ရောက်၊ စိတ်-သည်ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုးမှတ်နေကြပါ ရိပ်သာထဲမှာလဲဘဲ၊ ပေါ်ဒါ ငါးမျိုး မှတ်ကြ၊ ရိပ်သာ အပြင် ထွက်လာပြီ၊ ထွက်ရင်လဲ ပေါ်ဒါ-ငါးမျိုးမှတ်ကြ၊ ဆွမ်းစား ကျောင်းသွားမယ်၊ ဓမ္မာရုံ လာမယ်၊ အိမ်သာ တက် သွားမယ်၊ ရေချိုး, အိမ်သို့၊ ရေချိုး ရုံသို့ သွားမယ် ဘယ်ရောက် ရောက် စိတ်သည် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေရမယ်၊ ဒါက နေရာမရွေး ပါဘဲ။

**အချိန်မရွေးပုံ။** အချိန်မရွေး ဘယ်အချိန် မျိုးမဆို ယောဂီ တို့ သံချောင်းခေါက်တဲ့ဟာ၊ ဖြုတ်တဲ့ သံချောင်းတ ခုမှ မပါဘူးနော်၊ (မှန်ပါ ဘုရား) သတိချပ်ထား၊ ဒို့တရားဖြုတ် ပြီ၊ ကမ္မဋ္ဌာန်းထိုင်ဒါဖြုတ်ပြီလို့၊ ဖြုတ်တဲ့သံချောင်းတခုမှမရှိဘူး၊ ယောဂီတို့ဟာ၊ အခု ဆယ်ရက် အားထုတ်မယ်ဆိုယင်၊ ဆယ်ရက် လုံးလုံးဘယ်အချိန်မျိုးမဆို အားထုတ်နေရမယ်၊ ရှင်းသွား ကြပြီ လား၊ (ရှင်းပါပြီ ဘုရား။)

ဖြတ်တဲ့ သံချောင်းတခုမှမရှိဘူး၊ အားထုတ်နေရင်း၊ စားချိန်ကျယင် စားသံချောင်းခေါက်ပေး၊ ရေချိုးချိန်ကျယင် ရေချိုးသံချောင်းခေါက်ပေး၊ တရားစစ် တရားနား သံချောင်းတွေ ခေါက်ပေး၊ အဲဒါ ယောဂီတို့သိဘို့အချိန်လေးတွေဘဲ၊ တရားဖြတ်ပြီဆိုတဲ့ သံချောင်း တခုမှ မရှိဘူး မှတ်မိ ပလား။ (မှတ်မိ ပါတယ် ဘုရား။)

အဲဒါကြောင့်-ယောဂီတို့ အချိန်မရွေး၊ စိတ်ရင်ထဲမှာ ထား၊ ပေါ်ဒါ ငါးမျိုးမှတ် နေကြပါ၊ အရပ်ထဲက လာတယ်၊ ယောဂီတို့ တရားဖြတ်ပလားဆိုယင်၊ တရားဖြတ်ထားမရှိဘူး၊ တရား နားတဲ့ အချိန်မရှိဘူးလို့ ပြော၊ ရှိသေးလား။ (မရှိပါဘုရား။)

သို့သော်-အပြင်ဘက်က လူတွေနဲ့၊ တွေ့ဘို့ အချိန်လေးသာကန့်သတ်ထားတယ်၊ ဟိုထောင်သားများဆိုယင်၊ ထောင်ဝင်စာခံပြီး သကာလ တွေ့ဘို့ဘဲမဟုတ်လား၊ (မှန်ပါ) ထို့အတူဘဲ အချိန်သာကန့်သတ်ပြတယ်၊ တရားဖြတ်တဲ့အချိန်ရယ်လို့ မရှိဘူး၊ ထို့အတူဘဲ အရပ်ထဲက လူတွေလဲမှတ်ထား၊ ဒီအချိန်ဟာ တရားဖြတ်နေပြီ၊ ဒီအချိန်ဟာ တရားနားနေပြီလို့၊ ဒီလိုဘယ်တော့မှ မမှတ်နဲ့၊ ဒီအချိန်သွားမယ်လို့ ဆိုလို့ ရှိယင်၊ အပြင်ဘက်ကလူတွေနဲ့တွေ့နိုင်တယ် တွေ့နိုင်တဲ့အချိန်လေးသာမှတ်ထား၊ မှတ်မိပလား။(မှတ်မိပါတယ် ဘုရား။)

**ဘုရားအလို အိပ်ချိန်။**

ဒါဖြင့်-အချိန်မရွေး စိတ်ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်နေကြရမယ်လို့ ဆိုလိုတယ်။ နေ့ရှည် လများအားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက်၊ ဘုရား

ရှင် ကိုယ်တော်မြတ်က အိပ်ချိန်လေး တချိန် ခွင့်ပြုတယ်၊ သန်းခေါင်ယံအချိန်တော့ အိပ်လိုလျှင် အိပ်ကြပါလို့ ဆိုလိုတယ်၊ ဒါဖြင့် သည့်ပြင်အချိန်တွေ အားထုတ်တဲ့အချိန်ပေါ့၊ တနေ့လုံးအားထုတ်တဲ့အချိန်ပေါ့၊ (မှန်ပါ ဘုရား။)

ညဉ့်ဦးယာမ်- ကုလားနာရီနဲ့ ဆယ်နာရီထိအောင် အားထုတ်ချိန်ဘဲ၊ ဆယ်နာရီက- နာရီပြန်- နှစ်ချက်ထိ၊ သန်းကောင်ယာမ် အိပ်လိုလျှင်- အိပ်ချိန်ဘဲ၊ မအိပ်လိုလျှင်လဲ အားထုတ်နိုင်ပါတယ်၊ နာရီပြန်နှစ်ချက်က မိုးသောက်ယာမ်၊ အဲဒါက- အားထုတ်ချိန်ဘဲ၊ ရှင်းပလား၊ (ရှင်းပါဘုရား။)

**ကာသစ်ဝိုင်ဆရာတော် အိပ်ချိန်ပေးပုံ။**

သို့သော်- ဦးပဉ္ဇင်းတို့ ဆရာတော်ဘုရားကြီး ပြုတဲ့ ဓမ္မရိပ်သာတွေ မှန်သမျှ မနက်ဆိုယင် ဆွမ်းချက်နှိုးတဲ့ သဘောမျိုးဖြင့် သုံးနာရီ သံချောင်း ခေါက်တယ်၊ သုံးနာရီသံချောင်း ခေါက်ပေးကြ၊ သုံးနာရီသံချောင်းခေါက်မှ ကချင်တယ် ဆိုယင်၊ သူ့ဓမ္မတာက နှစ်ချက်ထိုးယင်- ထရမယ်၊ တနာရီ နောက်ကျလေသောကြောင့်၊ ဆယ်နာရီမှာ မအိပ်နဲ့၊ ဆယ့်တနာရီကျမှအိပ်၊ သဘောကျပလား၊ (ကျပါဘုရား။)

ဆယ့်တနာရီက နေပြီးတော့ သုံးနာရီထိုး ခေါက်လိမ့်မယ်၊ ဆယ့်တနာရီလဲဘဲ ခေါက်ပေးလိမ့်မယ်၊ သံချောင်း ခေါက်ပေးလိမ့်မယ်၊ ဆယ့်တနာရီ ကျပြီဆိုယင်၊ အိပ်လိုလျှင်အိပ်၊ မအိပ်လိုလျှင်လဲ ကိုယ့်သဘောဘဲ၊ ဆက်အားထုတ်လျှင်လဲ အားထုတ်နိုင်တယ်လို့ မှတ်။

သုံးနာရီ သံချောင်း ခေါက်ပြီဆိုယင်၊ အကုန်လုံး- မမာတဲ့ လူမှုတပါး၊ အကုန်လုံး နိုးရမယ်၊ အိပ်တဲ့လူ မရှိရဘူး၊ အဲဒါ- အကုန်လုံး ကိုယ့်ကျောင်းမှာကိုယ် ညီညီ-ညာညာနဲ့ အကုန်လုံး နိုးကြ၊မျက်နှာပါသစ်၊ တပို့တပါးသွား၊ ဆေးသောက် ကွမ်းစား ဝါသနာပါမယ်ဆိုယင်၊ မကြာခင်သောက်၊ အကြာကြီးလုပ်မနေနဲ့၊ ကွမ်းဘတ်ကြီးတွေ ငုံပြီးတော့လဲ မနေနဲ့၊ စားသောက်ပြီးလျှင် ရင်တွင် စိတ်ထားပြီးတော့ မိုးလင်းအထိ အားထုတ်ပါ.... တဲ့၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား) အားထုတ်ချိန်နဲ့ အိပ်ချိန် ကွဲပလား၊ (ကွဲပါပြီ ဘုရား) အားထုတ် ချိန်၌ အားထုတ် ကြပါ၊ အိပ်ချိန်၌ အိပ်လိုလျှင် အိပ်ကြပါ။

**အိပ်ငိုက် ဖျောက်ပုံ။**

အားထုတ်ချိန်၌ အိပ်ငိုက်တဲ့စိတ်မျိုး ပေါ်လာလျှင် ဖျောက်ပါ၊ မီးဖွင့်လိုက် အလင်းရောင်ကြည့်ပေးလိုက်၊ ဘယ်ညာ တစောင်း ပြောင်းပေးလိုက်၊ နောက်ပြီး တော့ဆိုယင်၊ ထ-လမ်းလျှောက်ပေးလိုက်၊ မျက်နှာသစ်ပေးလိုက်၊ အာလောက– ကသိုဏ်း၊ အလင်းရောင်များ ရှိမယ် ဆိုယင်လဲ၊ မီးခွက်ထွန်းပြီးတော့ဖြစ်စေ၊ လျှပ်စစ်ဓါတ်မီးဖြစ်စေ၊ ကြည့်ပေး လိုက်၊ ပြင်းပြင်းထန်ထန် အအိပ်နဲ့ပြီးတော့ အားထုတ်တဲ့ ပုဂ္ဂိုလ် များ ရှိမယ်ဆိုယင်၊ အားကျပေးလိုက်။

အော်- ဒီပုဂ္ဂိုလ် တယ် အားထုတ်၊ အအိပ် အနေ- တယ်နဲ ဒါဘဲ၊ ငါလဲအအိပ်အနေ နဲ့ပြီးတော့ ကြိုးစားပြီးအားထုတ်မယ်၊ အားထုတ်မှဘဲ မဂ်ဖိုလ်နိဗ္ဗာန်ရတော့မယ် ဆိုပြီးတော့ ဇွဲကောင်း တဲ့ ပုဂ္ဂိုလ်ကို အားကျပြီးတော့ အားထုတ်တဲ့၊ ရှင်းသွားပလား၊ (ရှင်းသွားပါပြီဘုရား။)

အဲဒီလို အားထုတ်သော်လဲဘဲ- မပျောက်ပါဘူး၊ အင်မတန်မှ လဲဘဲ ဇက်တွေ ဘာတွေလေး၊ ဂုတ်တွေ-ဘာတွေ လေးပြီးတော့ ငိုက်တဲ့စိတ်သာ များနေတယ်ဆိုယင်၊ ထိုးအိပ်လိုက်၊ နာရီဝက်ဘဲ တနာရီဘဲ၊ သည့်ထက်ပိုမကြာစေရဘူးလို့ ထိုးအိပ်လိုက် အိပ်ရာ ကနိုး၊ ချက်ချင်းထ၊ မျက်နှာသစ်၊ ဆေးသောက် ကွမ်းစား ဝါသနာပါလို့ ရှိယင်၊ ခုနလို- မကြာခင် သောက်ပြီး သကာလ ဆက်လက် အားထုတ်ပါလို့ ဆိုလိုတယ်၊ အားလုံး ရှင်းပလား၊ (ရှင်းပါပြီဘုရား) ရှင်းသွားပြီ။

နောက်ပြီးတော့ ဆိုလို့ရှိယင်လဲဘဲ အသံတွေနဲ့ ပတ်သက်ပြီး ပြောအုံးမယ်၊ ယောဂီတွေ အားထုတ်တဲ့ နေရာမှာ ဆိုလို့ရှိယင်၊ တယောက်ထဲ-ဟာကျောင်းထဲ အားထုတ်ယင်တော့ ကောင်းတယ်၊ ယခုတော့ အများဖြစ်တယ်၊အများဖြစ်တော့ အသံတိတ်-လူသွား လူလာ ကင်းအိတ်ပါစေ။

အသံဆိုတော့- ချောင်းဆိုးတဲ့ အသံတွေ! ချောင်းသိပ်ဆိုး အားကြီးယင်၊ အများနဲ့ မနေပါနဲ့၊ လွတ်ရာကျွတ်ရာ- တနေ ရာမှာ ရှောင်ပြီးတော့ နေပါလို့ ဆိုလိုတယ်၊ ချောင်းဆိုးလွန်း သောအသံ၊ စကားပြောတဲ့အသံ၊ ထိုင်တဲ့အသံ၊ နောက်ပြီးတော့ ခြေနင်းတဲ့ အသံ၊ တခုခု ဆိုလို့ရှိယင်၊ အငြိမ် မနေပါဘဲနဲ့ ဆော့နေတဲ့ အသံ၊ နောက်ပိတ်ဆုံးမှာ ဘယ်ညာ တစောင်း ပြောင်းလိုက်တဲ့ အသံတောင်မှ ပြင်းပြင်း ထန်ထန် မြည်တဲ့အသံ၊ ဒီလိုအသံမျိုးတွေလဲ တိတ်အောင်နေကြပါ။

လူသွား-လူလာတွေလဲဘဲ- ကင်းဆိတ်ပါစေ၊ တကျောင်းက တကျောင်းသို့ ယောဂီအချင်းချင်း ကူးစက် သွားလာခြင်း မရှိစေရ၊ နောက်ပြီးတော့- ဘေးကလာတဲ့ လူတွေလာမယ်ဆိုယင်၊ ခုန- ဦးပဉ္စင်း ပြောတဲ့ အတိုင်း အချိန် ကန့်သတ် ပေးပါ၊ ဘယ်အချိန်- ဘယ်အချိန်မှာ လာရမယ်၊ သည့်ပြင်အချိန်တွေမှာ မလာရဘူး၊ အကယ်၍ ပေးစရာရှိမယ်ဆိုယင် ယောဂီထိန်းတွေ ရှိတယ်၊ ယောဂီထိန်းတွေကို သွားတွေ့ပြီး၊ ဘယ်သူ-ဘယ်ဝါကို ပေးလိုက်ပါလို့ ဆိုယင်- ရောက်ထာဘဲ။

အကယ်၍ တွေ့နိုင်လောက်တဲ့ အချိန်အခါပင်ဖြစ်စေ၊ ယောဂီတို့ကလဲ ကြာရှည်လက်မခံပါနဲ့၊ တရားအားထုတ်တဲ့ အချိန်မှာ အိမ်အကြောင်း၊ စီးပွားရေးအကြောင်း၊ တိုင်းပြည်အကြောင်း၊ စိတ်ပူပန်စေတတ်တဲ့- အကြောင်းမှန်သမျှ မပြောပါနဲ့၊ မိမိကလဲ ပိတ်ထားပါ၊ မိမိကသွားပြီးတော့လဲ မမေးပါနဲ့၊ အိမ်ကလူတွေကလဲ ဘာမှလာပြီးတော့ မပြောပါနဲ့ အသာလေး ဆယ်ရက် အတွင်းမှာ ဆိုလို့ရှိယင်၊ အိမ်သံယောဇဉ်၊ သားသမီးသံယောဇဉ်၊ ပစ္စည်းဥစ္စာ သံယောဇဉ်၊ အလုပ်အကိုင် သံယောဇဉ်တွေ အကုန်လုံး ဖြတ်ထားကြ။

တိုင်းရေး- ပြည်ရေး- သံယောဇဉ် တွေလဲ အကုန်လုံး ဖြတ်ထားကြ၊ ဘာမှတွေးတောခြင်းမရှိနဲ့၊ စိတ်သည် ပူပင်သောက စိုးရိမ် ကြောင့်ကြ အကုန်လုံး နှိမ်ပြီးတော့ အေးအေးထား၊ ချမ်းချမ်းသာသာလေး ထားပြီး သကာလ၊ တရားကို ဆက်လက် ကြိုးစားပြီးနေကြပါ၊ ဆယ်ရက်ပြည့်လျှင် ကိုယ့်အိမ်ကိုယ် ပြန်ရမှာပါ။

အကယ်၍ အရေးကြီးတယ် ဆိုလို့ ရှိယင်လဲ အိမ်ကလဲ မနေပါဘူး၊ လာပြောမှာပါဘဲ၊ အားလုံး– ယောဂီတွေ ခုနက ပြောခဲ့ပြီးတဲ့အတိုင်း အပြင်လူတွေလဲဘဲ စိတ်ထိခိုက်တတ်တဲ့ စကားမျိုး မပြောကြပါနှင့် မိမိကလဲဘဲပိတ်ထားပါ၊ လာတဲ့ အချိန်လေးမှာ ပြောစရာရှိတယ်၊ တခွန်း- နှစ်ခွန်းရှိယင်ပြောလိုက်၊ ပေးစရာရှိယင် ပေးလိုက်၊ ယူစရာရှိယင် ယူထားလိုက် ပြီးတော့ အပြင်ဘက်ကလူတွေက ထွက်သွားကြပါ။

အကယ်၍ စကားလက်ခံပြီး ပြောနေမယ် ဆိုယင်၊ ကိုယ့်တယောက်ထဲ မဟုတ်ပါဘူး၊ ဘေးကလူတွေလဲ ရှိပါသေးတယ်၊ သမာဓိပျက်တတ်ပါတယ်၊ ဝိတက်လဲဖြစ်တတ်ပါတယ်၊ စကားသံတွေကြားနေမယ် ဆိုယင်လဲဘဲ၊ သမာဓိလဲ ပျက်တတ်ပါတယ်။

မိမိကလဲဘဲ တောင်ပြော မြောက်ပြောနဲ့ ဆိုတော့၊ ဝိတက်မငြိမ်းဘူး၊ ဝိတက်မငြိမ်းဘူးခေါ်တယ်၊ "တိရစ္ဆာနကထာ" နှုသောသူမှာ၊ စကားမပြော အပ်သေးပါ- ဆိုတဲ့အတိုင်း၊ တရားလေးကလဲ အားထုတ်ခါစရှိသေးတယ်၊ အားထုတ်ပါသော်လဲ၊ တရားမြင်တာ နုနုလေးရှိသေးတယ်၊ မရင့်သေးဘူး၊ အထိမခံနိုင် သေးဘူး၊ အဲသလိုအချိန်လေးမှာဆိုယင်၊ စကားတွေ ဘာတွေဟာဖြင့် ပိတ်ထားပါ၊ စာစကားတောင်မပြောပါနဲ့၊ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့စကားမျိုးတောင် မပြောပါနဲ့ ပိတ်ထားပါလို့ ဆိုလိုတယ်၊ အားလုံး ရှင်းကြပလား၊ (ရှင်းပါပြီ ဘုရား) အားကောထုတ်တတ်ပလား၊ (တတ်ပါပြီ ဘုရား။)

ဝင်တဲ့နေ့ကစ၍ထွက်သည့်နေ့အထိ၊ စိတ်သည်....ရင်ထဲမှာထား။ တကိုယ်လုံးက ပေါ်ဒါင်ါးမျိုး မှတ်နေကြပါလို့ ဆိုလိုတယ်။

အနေမရွေး ဘယ်လိုနေနေ၊ စိတ်ရင်ထဲမှာထား၊ ပေါ်ဒါင်ါးမျိုးမှတ်နေကြပါ။ အလုပ်မရွေး၊ ဘယ်အလုပ်ကို လုပ်ကိုင် လုပ်ကိုင် စိတ်ရင်ထဲမှာထား၊ ပေါ်ဒါင်ါးမျိုးကိုသာ မှတ်နေကြပါ။ နေရာမရွေး ဘယ်နေရာရောက်ရောက် စိတ်ရင်ထဲမှာထား၊ ပေါ်ဒါင်ါးမျိုးကိုသာ မှတ်နေကြပါ၊ အချိန်မရွေး ဘယ်အချိန်မျိုးမဆို၊ စိတ်ရင်ထဲမှာထား၊ ပေါ်ဒါင်ါးမျိုးကိုသာ မှတ်နေ ကြပါလို့ ဆိုလိုက်ပေတယ်၊ ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

ဒီနေ့ အကျဉ်းချုပ်ကလေး၊ နက်ဖြန်ခါ မနက် ကျတော့မှ ကျယ်ကျယ်လွင့်လွင့်ကလေးနဲ့ အရင်းကစပြီးတော့ ပြန်ပြောမယ် နော်၊ ရှင်းသွားပြီလို့၊ ကဲ- ဒီနေ့ ပဌမတရားဝင်တဲ့နေ့ ဖြစ်တယ်။

အန္တရာယ်ကလေး ကင်းပြီးတော့ သွားအောင်၊ ဆရာတော် ဘုရားကြီး ရွတ်နေကြ စီးချတဲ့ ဂါထာ ကလေး နာကြအုံး၊ ကြောက်စရာ လန့်စရာတွေလဲ ကင်းပြီးတော့ သွားအောင် စီးချ ပေးမယ်၊ ယုံယုံကြည်ကြည်လဲ နာရတယ်။

**စီးချဂါထာ။** သဗ္ဗေဗုဒ္ဓါ ခေမပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံခေ မံ၊
အရဟန္တာနဉ္စ တေဇေန, ရက္ခံ ဗန္ဓာမိသဗ္ဗသော။

ခေမပ္ပတ္တာ- ခေမပ္ပတ္တာနံ၊ ဘေးရန်အေးငြိမ်း၊ ရုပ်နာမ်တွေ စာတ်သိမ်းသည့် အငြိမ်းဓါတ် နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့၊ ကိုယ်စီ

ကိုယ်၌ ရတော်မူကြ ရောက်တော်မူကြကုန်ပြီးသော။ သဗ္ဗေဗုဒ္ဓါ၊ သဗ္ဗေ သမ္ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠု သဲစုမက၊ ပွင့်တော်မူသွားကြ ကုန်သော အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ တေဇေနစ၊ တန်ခိုးရှိန်စော် မေတ္တာတော်အာနုဘော်တော်အားဖြင့်၎င်း။ ယံခေမံ၊ အကြင်ဘေးရန်အေးငြိမ်း၊ ရုပ်နာမ်တွေဇာတ်သိမ်းသည့် အငြိမ်းဓါတ် နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့။ ပတ္တာနံ၊ ကိုယ်စီကိုယ်၌ ရတော်မူကြ ရောက်တော်မူကြကုန်ပြီးသော၊ ပစ္စေကာနံ၊ ဘုရားပွင့်ဒါထက်မက၊ အလွန်တရာ များပြား လှစွာသော၊ ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်တို့၏။ တေဇေနစ၊ တန်ခိုးရှိန်စော် မေတ္တာ တော်အာနုဘော်တော်အားဖြင့်၎င်း။ ခေမပ္ပတ္တာနံ၊ ဘေးရန် အေးငြိမ်း ရုပ်နာမ်တွေဇာတ်သိမ်းသည့် အငြိမ်းဓါတ် နိဗ္ဗာန် ချမ်းသာ မြတ်ကြီးသို့၊ ကိုယ်စီကိုယ်၌ ရတော်မူကြ၊ ရောက်တော်မူကြကုန်ပြီးသော၊ အရဟန္တာနံ၊ ဘုရားတဆူ တဆူမှာ နှစ်ဆယ့်လေးသင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတသိန်းမက ကျွတ်တန်းဝင်၍ သွားကြကုန်သော အသင်္ချေ အနန္တသော ရဟန္တာ ကိုယ်တော် မြတ်တို့၏။ တေဇေနစ၊ တန်ခိုးရှိန်စော် မေတ္တာတော်အာနုဘော်တော်အားဖြင့်၎င်း။ သဗ္ဗသော၊ မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏ နေထိုင်ရာကျောင်း၊ အိမ်၏ ဘေး-ဒေါင့်- ရှေ့-နောက်-ထက်-အောက်-မလပ် ထက်ဝန်းကျင်သော၊ အရပ်ဆယ်မျက်နှာတို့၌။ ရက္ခံ၊ ကာရံဆီးတားအစောင့်အရှောက်များစီးချထားခြင်းကို။ ဗန္ဓာမိ၊ စိတ်ဝယ် အမြဲစွဲကပ် အသိအမှတ်ပြုထားပါ၏ အရှင်ဘုရား။

(သာဓု.... သာဓု.... သာဓု.... )

ကဲ-ကနေ့ အလုပ်ပေးတရားနှင့် တကွ၊စီးချတဲ့ ဂါထာ များကို၊ ကရုဏာသန့်သန့်ထား၊ မေတ္တာများများဖြင့် ဟောကြား လိုက်ရ ဒါကို၊ ကြားနာလိုက်ရတဲ့ သင့်သူတော်ကောင်း အပေါင်းတို့မှာ လုပ်ပုံလုပ်နည်းများ မရပြီဆိုယင်၊ အန္တပုထုဇဉ် အပါယ်ခွင် မလွတ် သေးပါ၊ လုပ်ပုံလုပ်နည်းများ ရသွားမယ် ဆိုယင်၊ စာတတ် ကလျာဏ ပုထုဇဉ်အပါယ်ခွင်လွတ်တော့မယ်ဆိုဒါ၊ ဝမ်းမြောက် သောအလား၊ တရားတော်ကို ချီးကျူးသောအားဖြင့် သုံးကြိမ် သာဓု-သာဓု-သာဓု- လို့ စိတ်ပါ၊လက်ပါ၊ အားရ၊ပါးရ ခေါ်နိုင် ကြပါစေကုန်သတည်း။

( သာဓု- သာဓု- သာဓု )

ပဗ္ဗကိစ္စ အလုပ်ပေး တရားတော် ပြီး၏။

.... ★ ....

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

**ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏**

အဋ္ဌဝါသိက တပည့်ရင်း ဖြစ်သော

**အရှင် ဝိစိတ္တသာရ သူမြတ်သည်**

၁၃၂၇-ခု၊ နှောင်းတံခူးလဆုတ် (၈)ရက်နေ့နံနက်(၇)နာရီအချိန်၌

တောင်ငူမြို့၊ ရွှေဆံတော် ဝါးကျောင်း ဓမ္မရိပ်သာ

တွင်

ဟောကြားသော

# ဓါတုမနသိကာရပဗ္ဗနှင့်အရိယာပထပဗ္ဗ

# အလုပ်ပေးတရားတော်

( ၁၃-၄-၆၆ )

**တရားနာတုန်း ထိုင်ပုံ။** လက်အုပ်မချီနဲ့၊ လက်ချထား၊ ယောဂီသဘက်ပါယင်၊ သဘက်ကလေး သိုင်းထားကြ၊ တင်ပလ္လင်ခွေတော့ဖျက်လိုက်ပါ၊ တင်ပလ္လင်ခွေ မထိုင်ပါနဲ့၊ တရားထိုင်တုန်းတော့ တင်ပလ္လင်ခွေ ထိုင်လို့ရပါတယ်၊ အခုဟာတော့ အလုပ်ပေး တရားနာယူရမယ် ဖြစ်တယ်။

ဒါကြောင့် တင်ပလ္လင်ခွေတော့ဖြုတ်ပါ၊ မျက်လုံးမှိတ်ထားကြ မျက်လုံးလေးတွေ မှိတ်ထားကြ၊ နောက်ကိုနေ့တိုင်း နေ့တိုင်း ဒီလိုပါဘဲ၊ မျက်လုံးမှိတ်ထားကြ၊ ဆုံးမ တရားလေး၊ အလုပ်ပေးတရား

လေးနာယူတဲ့ အချိန်မှာ၊ ချမ်းသာသလို ဘယ်ညာ တစောင်း ပြောင်းပြီးတော့ နာယူကြ၊ မျက်စိတော့ ဟိုကြည့် ဒီကြည့် တော့ မကြည့်ပါနဲ့၊ မျက်လုံးမှိတ်ထားယင် အာရုံတခုတည်း သွားနေ ဒါဘဲ၊ ဟောသောတရားကိုနားကကြား၊ ရင်ကခွဲခြမ်းစိတ်ဖြာပြီး တော့ နာယူနိုင်ပါတယ်။

မှတ်တတ်တဲ့ ပုဂ္ဂိုလ်၊ စာတတ်ပေတတ် ပုဂ္ဂိုလ်တွေပါလို့ မှတ် ချင်လျှင်၊ စာအုပ်နဲ့ ခဲတန်ဖေါင်တိန် ယူလာလို့ ရပါတယ်၊ ရှေ့ နားချပြီးတော့ရေးချင်သလိုရေးပါ၊ ညနေတိုင်းလဲဒီအတိုင်းပါဘဲ မှတ်ချင်ယင်မှတ်လို့ ရပါတယ်၊ အကယ်၍မဆုံးလို့ ပါဠိလိုချင်လို့ ပါဠိမဆုံးယင် အစတို့ထားလိုက်၊ လက်ာလိုချင်လို့ လက်ာမဆုံး ယင် အစတို့ထားလိုက်၊ ညအခါ ဦးပဥ္စင်းအားလပ်ခွင့် ရတဲ့အခါ မှာ လာပြီးတော့ ဆုံးအောင် ရေးမှတ်မယ်ဆိုယင် ရနိုင်ပါတယ်၊ သာသနာပြုစေချင်တဲ့အတွက် ပါဘဲ။

**စကားချပ်။** ကဲ- ညကပြောတဲ့ စကားလေး ပြန်မေးအုံးမယ်၊ လေးလေး ဝန်ဆောင်တဲ့ သဘောနဲ့ ဖြေကြပါ၊ ယောဂီတို့ ညကလဲ ဆရာအား ခန္ဓာကိုယ် အပ်ထားတယ် မဟုတ် လား၊ (အပ်ထားပါတယ်ဘုရား) အပ်တယ်ဆိုယင်ဆုံးမတဲ့စကားကို နားထောင်ရမယ်နော်၊ (နားထောင်ပါ့မယ် ဘုရား) ဆရာကလဲ ပြောရဲ့ဆိုရဲ့ဆုံးမရဲ့အောင် အပ်ခိုင်းတယ်မဟုတ်လား၊ (ဟုတ်ပါ တယ်ဘုရား) ယောဂီအရှင် သူတော်စင်တွေကလဲ ဆုံးမတဲ့စကား ကိုနားထောင် လွယ်အောင်လို့ အပ်တယ် မဟုတ်လား၊ (မှန်ပါ ဘုရား) ဒါကြောင့် သေသေချာချာနားထောင်ကြ၊ ယောဂီအရှင်

သူတော်စင်တွေဆိုဒါ အင်မတန်မှ သူတော်ကောင်း အစစ်တွေ ခေါ်တယ်၊ ဒါကြောင့် နားထောင်ကြ နားထောင်မှလဲ သူတော်စင် အဘိုးတန်တွေဖြစ်ကြလိမ့်မယ်နော် (မှန်ပါဘုရား။)

**လုပ်ငန်းပြန် စစ်ပုံ။** ယောဂီတို့ ဝင်တဲ့နေ့ကစ၍၊ ထွက်သည့် နေ့အထိ စိတ်ဘယ်မှာထား (ရင်မှာထား) လေးလေးဖြေ၊ မဖြေနိုင်တဲ့သူက သူများဖြေဒါ နားထောင်ကြ၊ စိတ်ရင်မှာထားပြီး ဘာလုပ်နေ(ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေ) ဘာနဲ့မှတ်မလဲ (စိတ်နဲ့ မှတ်ရပါမယ်ဘုရား) ဘယ်အချိန် မှတ်မလဲ (ပေါ်တဲ့အချိန် မှတ်ရပါမယ်ဘုရား) ဘယ်မှာပေါ်တတ်သလဲ (တကိုယ်လုံးမှာ ပေါ်တတ်ပါတယ်ဘုရား) တကိုယ်လုံးမှာ ပေါ်ဒါဘယ်နှစ်မျိုးလဲ (ငါးမျိုး)လေးလေး ညီညီရေစမ်း (ပူဒါ- ဧဒါ- လှုပ်ထာ- ဆင်းရဲဒါ- ချမ်းသာဒါ) လေးလေးနဲ့ ညီညီ ရေယင် အသံဖမ်း စက်ထဲမှာ လဲ့ဘဲ နားထောင်လို့ ကောင်းတယ်၊ တယောက်အသံနဲ့ တယောက်ညီပြီးတော့ ပြောကြနော်၊ ရှေ့နောက်မကျန်စေနဲ့ (မှန်ပါဘုရား။)

ပူယင်- ပူဒါလို့မှတ်နော်- (မှန်ပါဘုရား) ဧယင်ကော (ဧဒါပါဘုရား)လှုပ်ယင် (လှုပ်ထာပါဘုရား) ဆင်းရဲလျှင် (ဆင်းရဲဒါပါဘုရား) ချမ်းသာလျှင် (ချမ်းသာဒါပါဘုရား)မှတ်တတ်ပလား (မှတ်တတ်ပါပြီ ဘုရား။)

ခေါင်းက ပေါ်ဒါဘယ်နှစ်မျိုးလဲ (ငါးမျိုး) ဘယ်က နေမှတ်မလဲ (ရင်ကနေမှတ်ရပါမယ် ဘုရား။)

အလယ်ပိုင်း ကျော ရင်စသည်မှာ ပေါ်ဒါ ဘယ်နှစ်မျိုး၊ (၄ါးမျိုး) ဘယ်ကနေ မှတ်မလဲ (ရင်ကနေ မှတ်ပါမယ် ဘုရား။)

အောက်ပိုင်း ပေါင် ခြေသလုံးစသည်မှာ ပေါ်ဒါဘယ်နှစ်မျိုး (၄ါးမျိုး) ဘယ်ကနေမှတ်မလဲ (ရင်ကနေမှတ်ပါမယ် ဘုရား။)

တကိုယ်လုံးပေါ်ဒါ ဘယ်နှစ်မျိုး (၄ါးမျိုး) ဘယ်ကနေမှတ်မလဲ (ရင်ကနေမှတ်ပါမယ်ဘုရား။)

**တပြိုင်နက်ပေါ်ပုံ သုံးမျိုး။** တကိုယ်လုံးမှာ တပြိုင်နက်ထဲ၊ တနေရာထည်းမှာပေါ်ဒါကတော့သုံးမျိုးဘဲပေါ်တယ်၊ တနေရာထည်းမှာ ၄ါးမျိုးတပြိုင်နက်မပေါ်နိုင်၊ သုံးမျိုးသာ ပေါ်နိုင်တယ်လို့သာမှတ်၊ သုံးမျိုး ရေပြမယ်နော်၊ ပူဒါနဲ့အေးဒါ တို့သည် တွဲသလား၊ မတွဲဘူးလား၊ (မတွဲပါဘုရား) ပဋိပက္ခ ရန်ခါတ်ဘဲ၊ ဒါဖြင့် အပူရှိမယ်ဆိုယင် အအေးမရှိ၊ အအေးရှိမယ်ဆိုယင် အပူမရှိ၊ အပူခါတ်ရောက်ယင် အအေးခါတ်ပျောက်မယ်၊ အအေးခါတ်ရောက်ယင် အပူခါတ် ပျောက်မယ်၊ ဆန့်ကျင်ဘက်ကိုနော် (မှန်ပါဘုရား) ဒါဖြင့်- ပူဒါနဲ့ အေးဒါနဲ့ နှစ်ခုမှတည်ထားလိုက်၊ အပူလေးနဲ့ လှုပ်ထာလေးနဲ့တွဲ၊ အအေးလေးနဲ့ လှုပ်ထာလေးနဲ့တွဲ၊ ပူလှုပ် တတွဲ၊ အေးလှုပ် တတွဲလို နှစ်ခုတွဲဖြစ်လာပြီ။

ဆင်းရဲဒါနဲ့ ချမ်းသာဒါ တွဲသလား- မတွဲဘူးလား (မတွဲပါဘုရား) သူလဲ ပဋိပက္ခ ရန်ခါတ်ဘဲ (မှန်ပါဘုရား) ဒါဖြင့်- တနေရာတည်းမှာ ဆင်းရဲ ချမ်းသာ တပြိုင်နက် မပေါ်ဘူးနော် (မှန်ပါဘုရား) ဆင်းရဲဒါပေါ်ယင် ချမ်းသာဒါမပေါ်၊ ချမ်းသာဒါ

ပေါ်ယင် ဆင်းရဲဒေါမပေါ်၊ ဆင်းရဲဒေါရောက်လျှင် ချမ်းသာဒေါ ပျောက်၊ ချမ်းသာဒေါရောက်လျှင် ဆင်းရဲဒေါ ပျောက်လိမ့်မယ်နော် (မှန်ပါ့ဘုရား) ဒေါဖြင့် ဆင်းရဲ- ချမ်းသာဒေါ နှစ်ခု တပြိုင်နက် မဖြစ်သောကြောင့် တခုစီသာထည့်ကြ။

**သုံးမျိုးတွဲပုံ။** ပူ့လုပ်ဆင်းရဲ သုံးခုတွဲဒေါ၊ တမျိုး။

ပူ့လုပ်ချမ်းသာ သုံးခုတွဲဒေါ၊ တမျိုး။
အပူနဲ့ပတ်သက်၍ နှစ်မျိုးရ။

အေး့လုပ်ဆင်းရဲ သုံးခုတွဲဒေါ၊ တမျိုး။

အေး့လုပ် ချမ်း သာ သုံး ခု တွဲ ဒေါ၊ တမျိုးလို့
အအေးနဲ့ပတ်သက်ပြီးတော့ နှစ်မျိုးရတယ်။

အဓိပ္ပါယ်ပြောမယ်၊ ကိုယ်တွေ့တရားတွေနော်၊ စာတွေ့ပြော နေတာမဟုတ်ဘူး ကိုယ်တွေ့ပြောနေဒေါ၊ ယောဂီတရားအားထုတ် ယင် ဧကန် မြင်ပါလိမ့်မယ်၊ သဘောကျပလား (ကျပါတယ် ဘုရား) ခန္ဓာမှာပူဒေါ့လေးပေါ်တတ်တယ်၊ ထိုးတိုး့ပြီးတော့ပူဒေါ လေးပင်ဖြစ်ဖြစ်၊ တိုးလဲမတိုး- လျော့လဲမလျော့ဘဲနဲ့- တန့်ပူဒေါဘဲ ဖြစ်ဖြစ်၊တစ့တစ့အပူတို့သည်-ချိချိသွားတဲ့ လျော့ပူဘဲ ဖြစ်ဖြစ်၊ ခန္ဓာမှာအပူလေးပေါ်တတ်တယ်၊ အပူလေးပေါ်လာပြီ ဆိုယင်၊ လှုပ်ထလေးလဲပါတတ်တယ်၊ ကြွမ်းကြွမ်း- ထမ်းထမ်းမလှုပ်ယင် သိမ်သိမ်မွေ့မွေ့ လှုပ်ထလေးလဲ ပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲပါတတ်တယ်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါတတ်တယ် လို့ ကိန်းသေယူကြ။

အေးဒါလေး ခန္ဓာကိုယ်မှာ- တစတစ,တိုးတိုး ပြီးတော့ အေးဒါလေးလဲပေါ်တတ်တယ်၊ တိုးလဲမတိုး- ရော့လဲ မရော့ဘဲနဲ့ တန့် အေးပြီးတော့လဲ ပေါ်တတ်တယ်၊ တစတစ,အအေးတို့သည် ချိုချို ချိုချိုသွားတဲ့အခါမှာ ရော့ အေးဒါလေးလဲ ပေါ်တတ်တယ်၊ အအေးဘက်က ခန္ဓာမှာ ပေါ်ပုံလေး။

အေးဒါလေးပေါ်မယ်ဆိုယင်၊ လှုပ်ထာလေးလဲပါတယ်၊ မခံသာလျှင် ဆင်းရဲမှုလဲပါတယ်၊ ခံသာလျှင် ချမ်းသာမှုလဲပါတတ်သည်လို့ ကိုယ်တွေ့တရားတွေ မှတ်ပါ၊ ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား။)

လှုပ်ထာလေး ခန္ဓာမှာပေါ်ယင်၊ ခန္ဓာမှာ လှုပ်ထာလေး ဘက်ကဆိုယင်၊ အမျိုးမျိုးရှိတယ်၊ ဒိတ်ဒိတ်,ဒိတ်ဒိတ်နဲ့လှုပ်ထာ၊ လှုပ်လှုပ်,လှုပ်လှုပ်နဲ့လှုပ်ထာ၊ ဖြတ်ဖြတ်,ဖြတ်ဖြတ်နဲ့လှုပ်ထာ ဆပ်ဆပ်, ဆပ်ဆပ်နဲ့လှုပ်ထာ၊ ရိပ်ရိပ်-ရိပ်ရိပ်နဲ့ လှုပ်ထာ၊ ရွရွ-ရွရွနဲ့ လှုပ်ထာ၊ ဖြင်းဖြင်း,ဖြင်းဖြင်းနဲ့ လှုပ်ထာ၊ စစ်စစ်-စစ်စစ်နဲ့ လှုပ်ထာ စသည်တို့ဖြင့် ခန္ဓာမှာ လှုပ်ထာလေး အယင်ပေါ်တတ်တယ်၊ လှုပ်ထာလေးပေါ်ပြီဆိုယင်၊ ပူဒါလေးလဲပါချင်ပါတတ်တယ်၊ သို့မဟုတ် အေးဒါလေးလဲ ပါချင်ပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုလဲ ပါတတ်တယ်၊ ခံသာလျှင် ချမ်းသာမှုလဲ ပါချင်ပါတတ်တယ်လို့ ကိန်းသေယူကြ။

ဆင်းရဲဒါပေါ်ပုံလေး၊ ကျင်ဒါ, နာဒါ, ကိုက်ထာ, အောင့်ဒါ, မူးဒါ, ဝေဒါ,ဆိုတဲ့ ကိုယ်ဆင်းရဲမှုတွေလဲ ပေါ်တတ်တယ် စိတ်ဆိုး, စိတ်ညစ်, စိတ်မချမ်းသာဘူးဆိုတဲ့ စိတ်ဆင်းရဲမှု တွေလဲ

ပေါ်တတ်သည်။ ဆင်းရဲဒါလေး မြင်မယ်ဆိုယင်၊ ခန္ဓာထဲမှာ လက်တွေ့ပူဒါလေးလဲ ပါချင်ပါတတ်သည်၊ သို့မဟုတ် အေးဒါလေးလဲ ပါချင် ပါတတ်သည်၊ လှုပ်ထာလေးလဲ ပါတတ်သည်၊ ကြမ်းကြမ်း-ထမ်းထမ်း မလှုပ်ယင်၊ သိမ်သိမ်မွေ့မွေ့ လှုပ်ထာလေးလဲ ပါတတ်သည်လို့ ကိန်းသေ ကိုယ်တွေ့ယူကြ။

ချမ်းသာဒါလေး၊ ခန္ဓာကိုယ်မှာဆိုယင် ချမ်းသာဒါလေးတွေ ရှိတတ်တယ်၊ စိတ်ချမ်းသာ ဒါလေးတွေလဲ ရှိတတ်တယ်၊ အေးကနဲ့, ဖြန်းကနဲ့, စိမ့်ကနဲ့, သိမ့်ကနဲ့,ဆိုတဲ့ ချမ်းသာမှုလေးတွေ ပေါ်တဲ့အချိန်မှာ၊ ပူဒါလေးလဲ ပါချင်ပါတတ်သည်၊ အပူမပါလို့ ရှိယင် အေးဒါလေးလဲ ပါချင်ပါတတ်သည်၊ လှုပ်ထာလေးလဲပါတတ်သည်၊ ကြမ်းကြမ်း-ထမ်းထမ်းမလှုပ်ယင်၊ သိမ်သိမ်မွေ့မွေ့ လှုပ်ထာလေးလဲ ပါတတ်သည်လို့ ကိုယ်တွေ့ ကလေးတွေ ယူကြ၊ ရှင်းပါရဲ့လား (ရှင်းပါတယ်ဘုရား။)

သို့သော်-ယောဂီတို့မှာကတော့မျှော်မှန်းချက်မရှိဘူး၊ ဦးပဥ္စင်းက,ပူဒါလေးပေါ်ယင်၊ လှုပ်ထာလေးပါတတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုပါတတ်တယ်၊ ခံသာလျှင် ချမ်းသာမှုပါတတ်တယ်လို့ ဆိုပင်ဆိုသော်လဲ မိမိတို့ကတော့ လက်တွေ့ယူရတယ်။

အပူလေးဘဲ သိသေးတယ်ဆိုယင်၊ အပူသာမှတ်ပေါ့၊ လှုပ်ထာလေးဘဲ သိသေးတယ်ဆိုယင်၊ လှုပ်ထာလေးဘဲမှတ်ပေါ့၊ ဆင်းရဲဒါလေးဘဲ သိသေးတယ် ဆိုယင်၊ ဆင်းရဲဒါလေးဘဲမှတ်၊ ချမ်းသာဒါသိပြီဟော့- သည့်ပြင်ဥစ္စာ မသိသေးဘူးဆိုယင်၊ သိဒါလေး

ဘဲမှတ်ထား၊ ဒီတရား ကရှာရတဲ့တရားမျိုး မဟုတ်ဘူး၊ အဆင့်ဆင့် ခန္ဓာကိုယ်မှာ ပေါ်နေဒါရှိတတ်တယ်၊ သဘောကျပလား။ (ကျပါတယ် ဘုရား။)

ရှိပုံကလေး၊ အပူနဲ့အအေးတို့သည် တခုမရှိလျှင် တခုရှိပြီးသား၊ အပူမရှိလျှင် အအေးမရှိဘူးလား၊ (ရှိပါတယ် ဘုရား) တကိုယ်လုံးဟာ ရုပ်တွေဘဲ၊ ရုပ်ဆိုယင် မဟာဘုတ် လေးပါးဟာ အမြဲတန်းရှိနေဒါဘဲ၊ ဥဏှတေဇောမရှိယင်၊ သီတ တေဇော ရှိရတယ်၊ သီတတေဇောမရှိယင်၊ ဥဏှတေဇော အမြဲတန်းရှိရတယ်၊ တေဇောဓါတ်နဲ့ ကင်းတဲ့နေရာရှိမှမရှိဘဲ၊ဝါယောဓါတ်နဲ့ ကင်းတဲ့ နေရာလဲ မရှိသောကြောင့်၊ ကြမ်းကြမ်း- တမ်းတမ်း မလုပ်ယင်၊ သိမ်သိမ်-မွေ့မွေ့ လုပ်တတ်တယ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား။)

ကိုယ်တွေ့တရားကို ပဓါနထားပြီးတော့ ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီးက ပြသောကြောင့်၊ ကိုယ်တွေ့ ပူဒါဖြစ်စေ၊ အေးဒါဖြစ်စေ၊လှုပ်ရှားဒါဖြစ်စေ၊ ရွ, မွ, ဖြိုး, ဖြင်း, စိုး, စစ် ဆိုတဲ့ ပထဝီဓါတ် ခလေးတွေ ဖြစ်စေ၊ ဒီဓါတ် သုံးပါက ဖေါ်ဋ္ဌဗ္ဗဓါတ်ခေါ်တယ်၊ ဖေါ်ဋ္ဌဗ္ဗဓါတ်ဆိုယင်၊ ကာယဝိညာဉ် ထိ,သိပါနေရမယ်၊ ပါမယ်ဆိုယင် ဆင်းရဲဒါဖြစ်ဖြစ်၊ ချမ်းသာဒါ ဖြစ်ဖြစ်၊ နှစ်ခု တခုခုရှိရမယ်၊ မရှိဘဲနဲ့ ဘယ်အခါမှမရှိရဘူး၊ သဘောကျရဲ့လား၊ (ကျပါတယ်ဘုရား)သေချာမှတ်ပါ၊စာတတ်ပေတတ် ပုဂ္ဂိုလ်တွေ ပါမယ်ဆိုယင်၊ သေသေ ချာချာ စာနဲ့ တိုက်တော်မူကြပါ။

ကဲ-တကိုယ်လုံးမှာတနေရာတည်း တပြိုင်နက် ပေါ်ဒါသုံးမျိုး လို့ နားရှင်းရဲ့လား၊ (ရှင်းပါတယ် ဘုရား။)

ပူ့လှုပ့်ဆင်းရဲ့ သုံးခုတွဲဒါ့တမျိုး။
ပူ့လှုပ့်ချမ်းသာ့သုံးခုတွဲဒါ့ တမျိုး။
အေး့လှုပ့်ဆင်းရဲ့သုံးခုတွဲဒါ့ တမျိုး။
အေး့လှုပ့်ချမ်းသာ့သုံးခုတွဲဒါ့ တမျိုး။

ကိန်းသေယူကြ၊ အဲဒါရှင်းသွားပြီ၊ ဒါက့ညကပြောတဲ့စကား အကျဉ်းချုပ်ကလေးပါဘဲ၊ ကနေ့မနက် ဒီရင်းကစ့ပြောမယ်နော် သေချာမှတ်ကြပါ။

**ဝိပဿနာအလုပ် ခြောက်မျိုး။**

ဝိပဿနာအလုပ်ဆိုဒါ ခြောက်မျိုးရှိပါသည်၊ ဘယ်နှစ်မျိုး ရှိလဲ (ခြောက်မျိုးပါ ဘုရား။) ရေမယ်နော်- လက်ချိုးထား။

မျက်လုံးတွေ့ ဉာဏ်မြင့်အလုပ်တမျိုး။
နားတွေ့ ဉာဏ်မြင့်အလုပ်တမျိုး။
နှာခေါင်းတွေ့ ဉာဏ်မြင့်အလုပ်တမျိုး။
ဘယ်နှစ်မျိုးရှိသွားပလဲ (သုံးမျိုး ရှိသွားပါပြီဘုရား။)
လျှာတွေ့ ဉာဏ်မြင့်အလုပ်တမျိုး။
ကိုယ်တွေ့ ဉာဏ်မြင့် အလုပ်တမျိုး။
ဘယ်နှစ်မျိုး (ငါးမျိုးပါဘုရား။)

မနေ့ကတွေ့ ညာဏ်မြင်, အလုပ်တမျိုး။
ဘယ်နှစ်မျိုး (ခြောက်မျိုးပါဘုရား။)

အဲ....ဒီခြောက်မျိုးဘဲပြရတယ်၊ဝိပဿနာပြတယ် ဝိပဿနာတရား ဟောတယ်ဆိုယင်၊ ဒီခြောက်မျိုးဘဲ ပြနိုင်ဒါဘဲ၊ လူဘဲ ပြပြ၊ ရှင်ဘဲ ပြပြ၊ ရဟန်းဘဲ ပြပြ၊ ဘိုးသူတော်၊ မယ်သီလဘဲ ပြပြ၊ ဘယ်နှစ်မျိုးပြနိုင်သလဲ၊ (ခြောက်မျိုးဘဲ ပြနိုင်ပါတယ်ဘုရား) ခြောက်မျိုးဘဲပြနိုင်ဒါဘဲ၊ မှတ်မိပလား၊ (မှတ်မိပါပြီဘုရား။)

**ကသစ်ဝိုင်ဆရာတော် ပြပုံပြနည်း။**

ဦးပဥ္စင်းတို့ ဆရာတော်ဘုရားကြီးပြဒါလဲဘဲ၊ ဒီခြောက်မျိုးဘဲပြပါသည်၊ မေးယင်ဖြေတတ်ပစေ၊ ခြောက်မျိုး ပြသော်လဲ တပြိုင်နက်တော့ မပြပါ ခွဲ၍ပြပါသည်။

ခွဲပုံလေး၊ကိုယ်တွေ့ညာဏ်မြင်,ကို ပဓါန,ပင်တိုင် အလုပ်၊ ကျန်ငါးတွေ့ဉာဏ်မြင်ကို အပဓါန,ယာယီအလုပ် ရယ်လို့နှစ်ခုခွဲ၍ ပြပါသည်၊ နားရှင်းရဲ့လား၊ (ရှင်းပါတယ် ဘုဘုး) ပင်တိုင် အလုပ် ဘယ်နှစ်မျိုး (တမျိုးပါ ဘုရား) တမျိုးထဲနော်-တမျိုးထဲ၊ ကိုယ်တွေ့ညာဏ်မြင်, အလုပ်တခုထဲ၊ယာယီ,အလုပ်က ငါး,မျိုးနော်၊(မှန်ပါဘုရား)ကျန် ငါး,တွေ့ညာဏ်မြင်,လို့မှတ်ပါ။

**ခွဲခြင်းအဓိပ္ပါယ်။**

ခွဲခြင်း အကြောင်းလေး၊ အနာကုလာစကမ္မဋ္ဌာ၊ မင်္ဂလာသုတ် မပါဘူးလား၊ (ပါ-ပါတယ်ဘုရား) စီးပွားရှာကောင်း, မရှာကောင်း၊ (ရှာကောင်းပါတယ်ဘုရား) ရှာကောင်းတယ်၊ စီးပွားရေးလဲ မြတ်စွာဘုရားက,

လုပ်တဲ့လုပ်တဲ့၊ သို့သော်- အနာကုလာ၊ အနှောက်အယှက်၊ အရှုပ် အထွေးသောက, ဗျာပါဒ,မများစေနဲ့တဲ့။

ဟော- အလုပ်နဲ့ ပတ်သက်ပြီးတော့၊ သောက, စိုးရိမ်, ပူဆွေး ခြင်းမရှိရဘူး၊ ကာယိက ဒုက္ခ, ကိုယ်လဲမဆင်းရဲရဘူး၊ စေတသိက ဒုက္ခ, စိတ်လဲ မဆင်းရဲရဘူး၊ ဥပါယာသ, သက်ကြီး ရှိုက်ငင် ပင်ပန်းဆိုတဲ့ ဒီလိုဒေါသမျိုးလဲမဖြစ်ရဘူး၊ အဲသလိုရှာပါတဲ့။

ဘယ်လိုရှာရမလဲမေးယင်၊ အလုပ်တခု လုပ်နိုင် ကိုင်နိုင်တယ်ဆိုတဲ့ ပင်တိုင် အလုပ်တခုထားရတယ်၊ အော်....ဒီပင်တိုင် အလုပ်ကလေး လုပ်နေကြဒါ, သိတ်လဲ မပင်ပန်း လှဘူး၊ ကိုယ်နှင့် တကွ သားသမီးဆွေမျိုးတွေလဲဘဲ၊ သိတ်ပြီးတော့လဲ သောက,ဗျာပါဒ, မများလှဘူး၊ နိုင်နင်းတယ်ဆိုပါတော့၊ ပင်တိုင်အလုပ်ခလေးနိုင် နင်းတယ်ဆိုယင်၊ လုပ်ချင်တဲ့ယာယီအလုပ်ခလေးတိုးချဲ့လုပ်လိုက်၊ ပင်တိုင်အလုပ်နိုင်နင်းသည့်အတွက်ကြောင့်၊ တိုးချဲ့လုပ်ယင် သောက,သိပ်မရှိဘူး၊ ဗျာပါဒ, တွေလဲမရှိတော့ဘူး၊အဲဒီလို အလုပ်မျိုး လုပ်ပါတဲ့။

တိုးချဲ့လိုက်တဲ့အတွက်ကြောင့်၊ သောက,သိပ်များဒါဘဲ၊ ဒေါမနဿ,စိတ်လဲတယ်ဆင်းရဲဒါဘဲ၊ ကောင်းကောင်းလဲ မအိပ်ရဘူး၊ ကောင်းကောင်းလဲ မစားနိုင်ဘူး၊ သိပ်ပြီးတော့ သောက,များ ဒါဘဲ၊ ဘုရားကျောင်း တောင်မှ မှန်မှန်လေး မသွားနိုင်ဘူး၊ အိမ်မှာနေ့တိုင်း ဘုရားရှိခိုးတယ်၊ ပုတီးစိတ်တယ်၊ ကမ္မဋ္ဌာန်းထိုင်တယ် ဒီလိုအလုပ်ခလေးတောင် မှန်မှန်မလုပ်နိုင်ဘူး၊ တိုးချဲ့ လိုက်တဲ့ အ

လုပ်အတွက်ကြောင့်၊ သုသိုလ်ရေးတွေ တော်တော် ဆုတ်ယုတ်သွားတယ်၊ အဲသလိုဆိုယင် ယာယီအလုပ်ကိုဖြုတ်လိုက်၊ ပင်တိုင်အလုပ်နဲ့နေကြ၊ နိုင်နင်း သကိုး၊ ရှင်းပါရဲ့လား၊ (ရှင်းပါတယ် ဘုရား။)

အဲဒီဥပမာကဲ့သို့၊ ဒီနေရာမှာလဲ၊ ပင်တိုင်အလုပ်တခု ထားပါသည်၊ ယာယီအလုပ် ငါးခု ထားပါသည်၊ ရှင်းသွားရဲ့ လား၊ (ရှင်းပါတယ် ဘုရား) ပင်တိုင်အလုပ်ဆိုယင်၊ ကိုယ်တွေ့ဉာဏ်မြင်၊ ဒါ.... သိပ်တာသွားဒါဘဲ။

က- ဒီအလုပ်ခလေး စစ်ကြစို့ အရင်းကျကျနော်၊ (မှန်ပါ ဘုရား။)

**ကိုယ်တွေ့ဉာဏ်မြင် ပြသပုံ။** ကိုယ်တွေ့ ဉာဏ်မြင်တဲ့။ ကိုယ်တွေ့ တမျိုး၊ ဉာဏ်မြင်တမျိုး၊ နှစ်ခုခွဲ၊ ကိုယ်တွေ့ပြောမယ်၊ကိုယ်တွေ့မှာလဲ၊ကိုယ်တမျိုး၊ တွေ့တမျိုး၊ နှစ်ခုခွဲ၊ တလုံးစီလာတယ်။

**ကိုယ်အရ ကောက်ယူပုံ** ကိုယ်ဆိုဒါက- တကိုယ်လုံးကို ယူပါ၊ ကာယပသာဒ- ကာယဓါတ်ကို- ကိုယ် ကောက်ရ လေ သောကြောင့်၊ စာ တ တ် သော ပု ဂ္ဂို လ် များ အကြောင်းလေး ယူပုံ၊ ဒါဖြင့်- ကိုယ်ဆိုဒါက တကိုယ်လုံးပေါ့။

**တွေ့အရ ကောက်ယူပုံ** ကိုယ်မှာ ပေါ်ဒါက ဓါတ်သုံးမျိုး ကောက်ပါ။ တေဇောဓါတ် တမျိုး၊ ဝါယောဓါတ် တမျိုး ပထဝီဓါတ်တမျိုး၊ သုံးမျိုးကောက်ထား။

ဘာကြောင့်လဲ- ဖေါဋ္ဌဗ္ဗါရုံ- ဖေါဋ္ဌဗ္ဗစိတ်ကို- ကိုယ်တွေ့ ကောက်ရ လေသောကြောင့်၊ ဒါ- စာတတ်သော ပုဂ္ဂိုလ်များ အကြောင်းလေးယူပုံ၊ ရှင်းပြီနော်၊ (ရှင်းပြီးပါပြီဘုရား) သင်္ဂြိုဟ်လေး တတ်ယင်၊ ဒါလေးဟာ- သဘောကျ စရာဘဲ၊ ကိုယ်က ဘာယူရ- ရဲရဲဖြေပါ၊ (တကိုယ်လုံး ယူရပါတယ်ဘုရား။)

ကိုယ်မှာတွေ့ဒါ- ကိုယ်မှာ ပေါ်ဒါ ဘယ်နှစ်မျိုး၊ (ငါးမျိုးအင်း– ဒီမှာမရသေးဘူးလေ- သုံးမျိုးဘဲရှိသေးတယ်၊ ဘယ်နှစ်မျိုးသဲ၊ (သုံးမျိုးပါဘုရား) တေဇော၊ ဝါယော၊ ပထဝီနော်-- (မှန်ပါဘုရား) မမှားတန်း, မမှားတန်း၊ ခွဲအုံးမယ်, ခွဲအုံးမယ်၊ ဦးပဥ္စင်းတို့ ဆရာတော်က အလုပ်စခန်း လုပ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တော့ အလုပ်ကဆရာဖြစ်ပုံ။

**အလုပ်စိတ်နှင့် အပေါ်စိတ် ခွဲပြပုံ။**

တေဇော, ဝါယော, နှစ်ပါးကို အလုပ်စိတ်၊ ပထဝီစိတ်, တပါးကို အပေါ်စိတ်-- လို ကျဉ်းသထက်ကျဉ်း,ရှင်းသထက်ရှင်းအောင် ခွဲပြ လိုက်ပြန်သည်၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား။)

အလုပ်စိတ် ဘယ်နှစ်ပါးလဲ၊ (နှစ်ပါးပါဘုရား) တေဇောနဲ့ ဝါယော-နော်၊ မှန်ပါဘုရား အပေါ်စိတ်က, တပါးတဲ့၊ ပထဝီနော်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) ပထဝီ-ဆိုတော့၊ စာစကားခေါ်တယ်၊ စသုံးတော့ ပထဝီ၊ ဗမာသုံးတော့- အမှန်၊ ပရမတ်သုံးတော့ မာဒါ၊ သုံးခု-သုံးနိုင်ပြီ ပထဝီ,ကို ဖေါ်ရတယ်၊ အမှန်တွေကိုမြင်အောင် ရှာရတယ်၊ ခန္ဓာကြီးမှာ

ပထဝီ- အမှုန်တွေ မှတည်ထားပုံတဲ့- ယုံရဲ့လား၊ (ယုံပါတယ် ဘုရား။)

**စာလိုစစ်ပြပုံ။** စာသိ့အတွက် စစ်လိုက် အုံးမယ်၊ စာက- ယောကျ်ား တကိုယ်လုံး၊ မိန်းမ- တကိုယ်လုံးဟာ၊ ရုပ်နဲ့နာမ်လို့ ဆိုဒါကော ယုံရဲ့လား၊(ယုံပါတယ်ဘုရား) ဒါက-ဘုရားစကားလေ၊ "အဒ္ဓဍ ဝစနော ဘဂဝါ"ဆိုတဲ့အတိုင်း၊ ဒို့ဘုရားသည် စကားနှစ်ခွန်း မပြောဘူး၊ တခွန်းတည်းသုံးတယ်၊ ယောကျ်ားတကိုယ်လုံး၊ မိန်းမတကိုယ်လုံးဟာ၊ ရုပ်နဲ့နာမ်- ဒီနှစ်ခုဘဲ၊ နာမ်တရား လေးဟာ သိမှုဘဲ၊ အဲဒါလေး ဖယ်ချလိုက်၊ ရုပ်ချည်းဘဲ ကျန်ဒါဘဲ။

သုံးဆယ့်နှစ်- ကောဋ္ဌာသလဲ ရုပ်တွေချည်းပါ၊ ခေါင်း့ကိုယ့် ခြေ့ လက့် စသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တွေလဲ ရုပ်တွေ ချည်းပါ၊ ယောကျ်ား တကိုယ်လုံး့ မိန်းမ တကိုယ်လုံး့ လဲဘဲ ရုပ်တွေချည်းပါ၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား။)

စစ်အုံးမယ် ရုပ်ဆိုယင်၊ ရုပ် နှစ်ဆယ့်ရှစ် ပါး ရှိတယ်၊ မှတည်ရုပ်- မဟာဘုတ်လေးပါး၊ အမှီရုပ်- ဥပါဒါရုပ်- နှစ်ဆယ့်လေးပါး၊ ယောကျ်ားတွေ၊ မိန်းမတွေ မှတည်ထားတဲ့ ရုပ်တွေ မဟာဘုတ် လေးပါးဘဲ ခေါ်တယ်၊ မဟာဘုတ် လေးပါးဟာ၊ မှတည်ရုပ်နော်- (မှန်ပါဘုရား) အဲဒီမဟာဘုတ်လေးပါးကို မှီတဲ့ ရုပ်က ဘယ်လောက်ရှိ၊ နှစ်ဆယ့်နဲ့လေးပါးနော်- (မှန်ပါဘုရား) ဒါလေးဘဲ သင်္ဂြိုဟ်အတိုင်းဘဲ။

ကဲ-- မဟာဘုတ်လေးပါးကို အရင်း ကျသထက် ကျအောင် စစ်အုံးမယ်၊ မဟာဘုတ် လေးပါးမှာလဲ၊ ပထဝီ- မဟာဘုတ်သည် မှတ်တည်ရုပ်၊ ကျန်တဲ့ မဟာဘုတ် သုံးပါးသည် အမှီရုပ်၊ ရှင်းသထက်ရှင်း ကျဉ်းသထက်ကျဉ်း အရင်းကျအောင် စစ်လိုက်မယ်၊ မှတ်တည်မဟာဘုတ်က ပထဝီနော်-- ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ကျန်တဲ့ မဟာဘုတ် သုံးပါးက အမှီ ရုပ်နော်-- (မှန်ပါဘုရား) ကျန်တဲ့ မဟာဘုတ် သုံးပါးသည် ဘယ်ကိုမှီ ဖြစ်သလဲ မေးယင်၊ ပထဝီကို မှီရတယ်၊ အမှုန်တွေကို မှီရတယ်နော်--(မှန်ပါဘုရား) "ပထဝီ ဓါတု ပတိဋ္ဌာန ရသာ" ဆိုတဲ့ အဋ္ဌကထာကြီးများနဲ့အညီ ယုံကြနော်-- (မှန်ပါဘုရား။)

ဒါဖြင့်- အသားတွေ, အရေတွေဆိုတဲ့ သုံးဆယ့်နှစ်- ကောဋ္ဌာသဟာ- ပထဝီ- မှတ်တည် ထားတယ်၊ အမှုန်တွေ မှတ်တည်ထားတယ်၊ အမှုန်စု, အမှုန်ပုံလို့ ဆိုလိုတယ်၊ ခေါင်း, ကိုယ်, ခြေ, လက်, စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတွေလဲ၊ ပထဝီ- အမှုန်တွေ မှတ်တည်ထားတယ်၊ ယောကျ်ား တကိုယ်လုံး, မိန်းမ တကိုယ်လုံး လဲဘဲ၊ ပထဝီအမှုန်တွေ မှတ်တည်ထားတယ်၊ အမှုန်စု, အမှုန်ပုံ, ဆိုဒါ၊ စာလို စစ်တမ်း ထုတ်ပြဒါ၊ ယုံကြရဲ့လား၊ (ယုံပါတယ်ဘုရား။)

"သဒ္ဒသဒ်ါရ ပုဗ္ဗောယံ နယိမေသတ္တုပ လဗ္ဘတိ" ဆိုတဲ့ ပါဠိတော်နဲ့အညီပါဘဲ၊ ရှင်းသွားပြီ၊ စာလိုစစ်ပြဒါခေါ်တယ်။

ဒါဖြင့်- ယောကျ်ားတကိုယ်လုံး, မိန်းမတကိုယ်လုံးဟာ၊ပထဝီအမှုန်တွေ မှတ်တည်ထားတယ်၊ အမှုန်စု, အမှုန်ပုံ့လို့ ဆိုလိုက်ပြီ-

မမြင်ပါလား ဘုရား၊ စာကတော့ ဆိုပါတယ်၊ တပည့်တော်တို့ မမြင်ပါဘုရား၊ မြင်ချင်သလား၊ မြင်ချင်ပါတယ်ဘုရား၊ မြင်ချင်ယင်၊ တေဇောကိုရှုပါ၊ ဝါယောကို ရှုပါလို့ဆိုလိုသည်။

ဟော-- ပေါ်လာပြီ၊ ဒါကြောင့်- အလုပ်ဓါတ်သည် ဘယ်နှစ်ပါး၊ (နှစ်ပါးပါဘုရား) နှစ်ပါးနော် (မှန်ပါဘုရား) တေဇော ဝါယောဘဲ၊ တေဇော ကို ရှုမှတ်မယ်၊ ဝါယောကို ရှုမှတ်မယ် ဆိုယင်၊ ပထဝီအမှန် အလိုလိုပေါ်တက်လာလိမ့်မယ်၊ ဒီ–ပထဝီကို ရှုနေဘို့မလိုဘူးတဲ့၊ နားရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား) အဲဒါ-အရင်းခံဘဲ, အရင်းခံဘဲ၊ တလုံးစီပြောယင်၊ စာလိုတော့-အာဘော်ခေါ်တယ်၊ နှစ်လုံးသွင်း လေးပါရတယ်၊ ဒီစကား ဘာဖြစ်လို့ သုံးရသလဲလို့- မေးယင်၊ အာဘော် နှလုံးသွင်း လေးရှိတယ်၊ အဖြေ တခုမှာ ဆိုယင် နှလုံးသွင်းပါရတယ်နော်- (မှန်ပါဘုရား။)

**မြန်မာဘာသာဖြင့် ဓါတ်ခွဲပြပုံ။**

ကဲ.... အလုပ်,လုပ်ကြစို့၊ တေဇော ဆိုယင်၊ ပူဒါ, အေးဒါ, တစုံနှစ်ခု၊ ဝါယောဆိုယင်၊ လှုပ်ထာ, ငြိမ်ဒါ, တစုံနှစ်ခု၊ ပေါင်းလိုက်ယင်၊ နှစ်စုံ, လေးခု၊ ပူဒါ, အေးဒါ, လှုပ်ထာ, ငြိမ်ဒါ, ဘယ်နှစ်ခုလဲ၊ (လေး-ခုပါဘုရား) လေးခုခေါ်တယ်၊ လေးခုထဲမှာ ငြိမ်ဒါလေး ထပ်နှုတ်လိုက်၊ ဘာကြောင့်လဲ ဘုရားလို့ မေးယင်၊ ဦးပဥ္စင်းတို့ ဆရာတော်ဘုရား တရား ပြတော့ ကိုယ်တွေ့ ပြသောကြောင့် အလုပ်နဲ့နှုတ်လိုက်တယ်။

ယောဂီတို့ကို ပဌမ တရား ပေးတုန်းက ငြိမ်ဒါ ထည့်မှတ်ခိုင်းတယ်၊ ထည့်မှတ်ခိုင်းတော့ ယောဂီတို့မှာ အထင်နဲ့သာ ရှုမှတ်

ထာ များကြသည်၊ ပေါ့ပေါ့၊ ဆဆ၊ ရှုမှတ်ထာ များကြသည်။ ဒါကြောင့်- အချိန် ကုန်သောကြောင့်၊ ငြိမ်တဲ့ ဓါတ်ခလေးကို နှုတ်လိုက်ပြန်သည်၊ ဘယ်နှစ်ခုကျန်သလဲ၊ (သုံးခု- ကျန်ပါတယ်ဘုရား) ဟော.... သုံးခု ကျန်တယ်၊ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ သုံးခု ရလာပြီ၊ ကိုယ်တွေ့စစ်ထာနော်- (မှန်ပါဘုရား) အရင်းမပျောက်ရဘူး။

**စာနှင့်ကိုက်ပြပုံ။** စာထဲသွင်းတော့မယ်၊ ထိုသုံးခုသည်၊ သတိပဋ္ဌာန် လေးပါးတို့တွင်၊ ကာယာ နုပဿနာ သတိပဋ္ဌာန်ထဲ သွင်းရပါသည်၊ ကာယာနုပဿနာ သတိပဋ္ဌာန်မှာ အခန်း (၁၄)ခန်း ပါ့ပါသည်၊ ဝိပဿနာနဲ့ ဆိုင်တဲ့ အခန်းက သုံးခန်း၊အဲဒီ သုံးခန်းမှာ (၁)နံပါတ် ဓါတု မနသိကာရ-ပဗ္ဗထဲသို့ သွင်းရပါသည်၊ စာနဲ့ ညှိလိုက်ပုံ။

ဒါဖြင့်- ကာယာ နုပဿနာ သတိပဋ္ဌာန် ဓာတုမနသိကာရ ပဗ္ဗထဲသို့ သွင်းရဒါက ပူ၊ အေး၊ လှုပ်၊ ဘယ်နှစ်ခုရသလဲ၊ (သုံးခု ရပါတယ်ဘုရား) ငါးမျိုးထဲမှာ သုံးခုတော့ ကိုက်သွားပြီ၊ နှစ်မျိုး ကျန်သေးတယ်၊ ဆင်းရဲနဲ့ ချမ်းသာနော်- (မှန်ပါဘုရား) စာလဲ စာကိုက်လုပ်ရမယ်၊ အခု- ဦးပဉ္ဇင်း စစ်ပြနေဒါ- ကိုယ်တွေ့နော်၊ (မှန်ပါဘုရား။)

ဒါဖြင့်- ကိုယ်တွေ့ဆိုယင်- "တိဏ္ဏံ သင်္ဂတိ ဖဿော" ပဋိစ္စသမုပ္ပါဒ်- ပါဠိတော်နှင့် အညီ၊ သုံးခု တွေ့ဆုံမှ ကိုယ်တွေ့ ခေါ်ရသည်။

**စာလိုသုံးခုတွေဆုံပုံ။** သုံးခုတွေဆုံပုံ၊ အတိုက်၊ ဇေါဠဗ္ဗ ဓါတ်ရယ်၊ အခံ၊ ကာယ ပသာဒ အကြည် ဓါတ်ရယ်၊ အပေါ်၊ ကာယ ဝိညာဏဓါတ်ရယ်၊ သုံးခုတွေဆုံဒါ ကိုယ်တွေ့ ခေါ်သည်၊ ဒါကြောင့်- ဗမာလိုဘဲ ကောင်းဒါဘဲ၊ ဗမာလို ရှင်းမယ်နော်- သေချာမှတ်။

**ဗမာလိုသုံးခုတွေဆုံပုံ။** အပူလေးရယ်၊ ကိုယ်လေးရယ်၊ ထိ၊ သိ၊ ကလေးရယ်၊ သုံးခုတွေ့ဆုံဒါ ခေါ်တယ်။

အအေးလေးရယ်၊ ကိုယ်လေးရယ်၊ ထိ၊သိ၊ ကလေးရယ်၊ သုံးခုတွေ့ဆုံဒါ ခေါ်တယ်။

အလှုပ်လေးရယ်၊ ကိုယ်လေးရယ်၊ ထိ၊သိ၊ကလေးရယ်၊ သုံးခုတွေ့ဆုံဒါခေါ်တယ်။

စာမတတ်သော ပုဂ္ဂိုလ်များ ဒါ- ထင်ရှားရတယ်။

အပူလေးသည်- ကိုယ်မှာပေါ်တော့၊ ထိ၊သိ ပေါ်ဒါ။

အအေးလေးသည်- ကိုယ်မှာပေါ်တော့၊ ထိ၊သိ ပေါ်ဒါ။

အလှုပ်ခလေးသည်- ကိုယ်ထဲမှာ လာပေါ်တော့၊ ထိ၊သိ ပေါ်ဒါ။ သုံးခုတွေ့ဆုံတယ်ခေါ်သည်၊ ရှင်းသွားပလား၊ (ရှင်းသွားပါပြီ ဘုရား။)

**စာတွေ့- ဆင်းရဲချမ်းသာ။** စာလဲကိုက်ရမယ်၊ ခန္ဓာနဲ့လဲ ကိုက်ရမယ်၊ အဲဒီ သုံးခု တွေ့ဆုံတဲ့ နေရာမှာ၊ ထိ၊သိ၊ ပါလာတယ်၊ ထိ၊သိ- ဆိုယင်၊ ကာယဝိညာဉ်၊ ကာယဝိညာဉ် ဆိုယင်၊ သဂြိုဟ်- အဟိတ်စိတ် ပြန်ကြည့်လိုက်၊ ဒုက္ခ သဟဂုတ် ကာယဝိညာဉ်၊ သုခသဟဂုတ် ကာယဝိညာဉ်- နှစ်ဖြာ ပါသည်

ဖြစ်လေသောကြောင့်၊ ဆင်းရဲချမ်းသာ နှစ်ဖြာထည့် ရှုရပါသည်၊ စာတွေ့။

**ကိုယ်တွေ့- ဆင်းရဲချမ်းသာ။** တခါ-ကိုယ်တွေ့နဲ့ကိုက်အုံးမယ်၊ အပူလေးဖြစ်စေ၊ အအေးလေးဖြစ်စေ၊ အလှုပ်ခလေး ဖြစ်စေ၊ ခန္ဓာထဲမှာ ပေါ်တက် လာပြီဆိုယင်၊ နှစ်မျိုးဝေဒနာ ပေါ်တတ်တယ်၊ မခံသာလျှင် ဆင်းရဲမှုပေါ်တတ်သည်၊ ခံသာလျှင် ချမ်းသာမှုပေါ်တတ်သည်၊ လက်တွေ့။

ဒါကြောင့်- စာတွေ့-ကိုယ်တွေ့-နှစ်ဖြာ၊ ဆင်းရဲ ချမ်းသာ ပါသည် ဖြစ်လေသောကြောင့်၊ ဆင်းရဲချမ်းသာနှစ်ဖြာကို၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ထဲသို့ သွင်းရပါသည်။

ကဲ- ကိုယ်တွေ့ကိုက်သွားပြီ၊ ကိုယ်က တကိုယ်လုံးနော် (မှန်ပါဘုရား) ကိုယ်မှာတွေ့ဒါ၊ ကိုယ်မှာပေါ်ဒါက ငါးမျိုးနော်၊ ညကစကားနဲ့ ဒီမနက်မှကိုက်တယ်၊ ညကတော့အခြေခံမရှိဘူး၊ စာတတ်ပုဂ္ဂိုလ်တွေအနေနဲ့ တွေးတောပြီး သံသယဖြစ်စရာရှိနိုင်တယ်။

ဘယ်နဲ့တရားလဲ အလုပ် ခြောက်ပါး ရှိတဲ့အနက်မှာ၊ ဘာအလုပ်ပြဒါမှန်းလဲမသိဘူးလို့ ညကလိုဆိုယင် ဦးပဥ္ဇင်းကစပြီး မယုံတော့ဘူး၊ ဦးပဥ္ဇင်းတို့တော်ရုံ တန်ရုံ ယုံဒါမဟုတ်ဘူး၊ ဒီမနက်ကျပြီဆိုယင်၊ မယုံစရာရှိသေးလား၊ (မရှိတော့ပါဘုရား) စာနဲ့တော့ ကိုက်မကိုက် (ကိုက်ပါတယ် ဘုရား) ကိုက်ပြဒါဘဲ၊ ကိုယ်က တကိုယ်လုံးခေါ်တယ်နော် (မှန်ပါဘုရား) ကိုယ်မှာပေါ်ဒါ၊ ကိုယ်မှာတွေ့ဒါက၊ ငါးမျိုးရှိသည်၊ ကိုက်သွားဒါဘဲ။

(၆)

ခေါင်းမှာ ပေါ်ဒါလဲငါးမျိုး၊အလယ်ပိုင်းကျောရင်မှာပေါ်ဒါလဲ ငါးမျိုး၊ အောက်ပိုင်း ပေါင် ခြေသလုံး စသည်ပေါ်ဒါလဲ ငါးမျိုး၊ ကွက်ကွက် ကလေး ပေါ်ယင်လဲ ငါးမျိုး၊ တကိုယ် လုံး ပေါ်ယင်လဲ ငါးမျိုး၊ တမြှိုင်နက် ဟနေရာ တည်းမှာ ပေါ်ဒါက တော့ သုံးမျိုး၊ ရှင်းထားရတယ်၊ ရှင်းရှင်းလေးဘဲ၊

ဒါက-ကိုယ်တွေ့၊ တွေ့ရုံတွေ့သည်၊ ကိုယ်ထဲမှာပေါ်ရုံ ပေါ်ပြသည်၊မြင်စရာရှိတော့ ဉာဏ်မြင်၊“ငထွေရွက်စပ်”ခေါ်တယ်၊ နှစ်ခုတွဲမှ အဓိပ္ပါယ်တခု ရသည်၊ မြင်တော့ ဘယ်သူက မြင် တယ်၊ (ဉာဏ်က,မြင်ပါတယ်ဘုရား။)

ဉာဏ်မြင်တဲ့၊ဟော-ပေါ်ဒါကသက်သက်နော်၊ မြင်ဒါကသက်သက်နော်၊ဥပမာ-ရုပ်ရှင်၌ ပိတ်ထဲမှာပေါ်တဲ့ အရုပ်က သက်သက်၊ ရုပ်ရှင်ကြည့်သူ၏ မျက်စိက သက်သက်၊ ဟော-အရုပ်က ဘယ်ဘက်ကတုန်း၊ (ပေါ်တဲ့ ဘက်ကပါဘုရား) ပေါ်တဲ့ဘက်ကနော် (မှန်ပါ ဘုရား) ကြည့်တဲ့သူက ဘယ်ဘက်ကတုန်း၊ (မြင်တဲ့ ဘက်ကပါဘုရား) မြင်တဲ့ဘက်ကနော် (မှန်ပါဘုရား) အရုပ်နဲ့- မြင်ဒါနဲ့ဟာ နှစ်ခုလား၊ တခုတည်းလား၊ (နှစ်ခုပါဘုရား) ဒီလိုဘဲ ကိုယ်ထဲမှာ ပေါ်ဒါသက်သက်က၊ ငါးမျိုးနော် (မှန်ပါ ဘုရား) မြင်ဒါက ဉာဏ်မြင်နော် (မှန်ပါဘုရား။)

နဲနဲရှင်းမယ်၊ ပေါ်ဒါနဲ့ မြင်ဒါဟာ နှစ်ခုလား၊ တခုထဲလား၊ (နှစ်ခုပါဘုရား) နှစ်ခုနော် (မှန်ပါဘုရား) အပူသည် ဘယ်ဘက်ကလဲ (ပေါ်တဲ့ဘက်ကပါ ဘုရား) ပေါ်တဲ့ဘက်ကနော် (မှန်ပါဘုရား) အအေးသည်, အလှုပ်သည်, ဘယ်ဘက်ကလဲ (ပေါ်တဲ့

ဘက်ကပါဘုရား) ဆင်းရဲဒါ, ချမ်းသာဒါသည် ဘယ်ဘက်ကလဲ၊ (ပေါ်တဲ့ ဘက်ကပါဘုရား) ဟော- မြင်တဲ့ ဘက်ကတော့ ဉာဏ် လေးတခုဘဲရှိတယ်၊ သဘောကျပလား၊ (ကျပါတယ် ဘုရား။)

**ကသစ်ဝိုင်ဆရာတော် လက်ကိုင်ဒုတ်။**

အဲဒါဉာဏ်မြင်စစ်ရအုံးမယ်၊ ပက္ကုသာတိ မင်းကြီး၊ ဓါတ်ခြောက်ပါးနဲ့ ရဟန္တာ ဖြစ်တဲ့ထုံး၊ ဦးပဥ္စင်းတို့ဆရာတော်ကြီးက နှလုံးသွင်းထားပြန်တယ်၊ ဆရာတော်ကြီး၏ လက်ကိုင်ဒုတ်ကိုပြော ယင်၊ ကိုယ်တွေ့ ဉာဏ်မြင်တခုလဲ လက်ကိုင် ထားတယ်၊ ဓါတ် ခြောက်ပါးလဲ လက်ကိုင်ဒုတ်တခု ထားတယ်၊ကသစ်ဝိုင်ဆရာတော် ကြီး ပြနည်းခေါ်တယ်။

ဒါကြောင့်- ဓါတ်ခြောက်ပါးကိုလဲ ဆရာတော် ဘုရားကြီး သည် လက်ကိုင် ထားသောကြောင့်၊ အဲဒီ ဓါတ်ခြောက် ပါးစစ် တော့မယ်၊ ရုပ်ဓါတ်က ငါးပါး၊ မဟာဘုတ်လေးပါနဲ့ အာကာသ ဓါတ်ဘဲ၊ နာမ်ဓါတ်ကတပါးထဲဘဲ၊ ဝိညာဏဓါတ်သိမှုလေးတလုံး ထဲယူထားတယ်၊ သိပ်ပြီးတော့ ကျယ်ကျယ်လွှင့်လွှင့်သိမနေရဘူး။

စိတ်ကယ်,စေတသိက်ကယ်, သလိုလဲမခွဲနဲ့၊စိတ်ကတလုံး, စေတ သိက်က ခုနစ်လုံး၊ နာမ်ဓါတ် ရှစ်ပါး, ဒီလိုလဲခွဲမနေနဲ့၊ နာမ်တွေ ပညာသလိုလဲခွဲမနေနဲ့၊ သိမှုလေးတလုံးထဲ ယူထားနော်၊ (မှန်ပါ ဘုရား။)

အဲဒီသိမှုကလေးကို လူတို့အခေါ်များရာ၊ ဉာဏ်လို့ခေါ်တယ် နာမ်လို့ခေါ်တယ်၊ စိတ်လို့ခေါ်တယ်၊ ဒါ့ကြောင့် ဉာဏ်ကမြင်

ဘယ်၊ နှာမ်က မြင်တယ်၊ စိတ်က မြင်တယ်လို့ အသုံးများရာ ပြော ချင်သလို ပြောပါတော့၊ ရှင်းသွား ပလား၊ (ရှင်း သွားပါပြီ ဘုရား။)

**နှလုံးအိမ်နှင့် ဉာဏ်နှာမ်စိတ်။**

နေရာလေးစစ်အုံးမယ်၊ ဉာဏ်၊ နှာမ်၊ စိတ်၊ သည်ဘယ်ထဲမှာ နေသလဲမေးယင်၊ နှလုံးအိမ် ထဲမှာနေတယ်၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) နှလုံးအိမ်လေးလုပ်ပြမယ်၊ သိပြီးသားပုဂ္ဂိုလ်က ပိုရှင်းပေါ့ နော် ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား) မသိသေးသော ပုဂ္ဂိုလ် က သိလာဒါပေါ့နော် (မှန်ပါ ဘုရား။)

နှလုံးအိမ်လေး၊ ကြာဖူးလေးခူးခဲ့၊ လန်နေကွာနေသောအဖတ် ကို ခွာပစ်လိုက်၊ ဂျင်လို ဇောက်ထိုးထား၊ အဲဒါ နှလုံးအိမ် ပုံ သဏ္ဍာန်လေးဘဲ၊ အသားပေါ့၊နှလုံးအိမ်ကတော့ နှလုံးအတွင်းမှာ ပုန်းညက် စိလောက် တွင်းကလေးရှိ၊ တွင်းထဲမှာ သွေး ကလေးရှိ၊ သွေးပေါ်မှာ လှိုင်းစီးနေသလို အကြည်ဓါတ်ခလေးရှိတယ်၊ အဲဒါ ဟဒယဝတ္ထုခေါ်တယ်၊ စာကဟဒယဝတ္ထုခေါ်တယ်၊ အဲဒီအကြည် ဓါတ်ပေါ်မှာ၊ ဉာဏ်ကလေး၊ နှာမ်ကလေး၊ စိတ်ကလေး မှီပြီး တော့ဖြစ်တယ်၊ ဒါအရင်းကျကျဘဲ၊ မှတ်မိပလား (မှတ်မိပါပြီ ဘုရား) အရင်းကျကျမှတ်ထားရတယ်။

စိတ်ထိခိုက်လာပြီဆိုလျှင်၊ ဒါ-ဘာထိခိုက်သွားသလဲ၊ တနွယ် ငင် တစည်ပါ သားစဉ်မြေးဆက် လိုက်ပုံလေး၊ ဒါကြောင့်-မီရာ လေး သေသေချာချာပြောရတယ်၊ သမထခဏ်းကျပြီဆိုယင်၊ စိတ် ထိခိုက်ယင် တကိုယ်လုံးထိခိုက်ပုံကလေးဟာ၊ အရင်းကျကျ ပေါ် လာလိမ့်မယ်။

ကဲ- နောက်ပြန်မေးမယ်၊ အရင်းကျကျနော် (မှန်ပါဘုရား) ချုံးမပြောဘူး၊ တခုစီရှင်းမယ်၊ ဉာဏ်,နာမ်,စိတ်,သည် ဘယ်ပေါ်မှာ မှီနေသလဲ၊ နှလုံးအကြည်ပေါ်မှာ၊ နှလုံးအကြည်သည် သွေးပေါ်မှာ၊ သွေးသည်တွင်းထဲမှာ၊ တွင်းသည် နှလုံးအိမ်ထဲမှာ၊ နှလုံးအိမ်သည် ရင်ထဲမှာ၊ ဟော- ရင်ရောက်လာပြီ၊ သားမြွတ်နှစ်ခုတို့၏ အလယ် ရင်ရိုးရှိတယ်၊ ရင်ရိုးလေးက ရင်ချိုင့် ရင်ညွန့်လေးလို့ခေါ်တယ်၊ အဲဒီ ရင်ရိုးချိုင့် အလယ်တဲ့တဲ့မှာ နှလုံးအိမ် နေသည်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား။)

ဒါက- စာအတိုင်းပြောဒါဘဲ၊ ရွှေဉာဏ်တော် ရှိတယ် ဆိုဒါကော ယုံရဲ့လား၊ (ယုံပါတယ် ဘုရား)ဘုရားဟာတကယ်သိတယ်နော် (မှန်ပါဘုရား) ကိုယ်တိုင်လဲ တကယ် ကျင့်ခဲ့တယ် နော်၊ ဘုရားဖြစ်တော့၊ ဒီ-သဗ္ဗညုတရွှေဉာဏ်တော် ဘွားကနဲမပေါ်ဘူးလား၊ (ပေါ်ပါတယ် ဘုရား) ပေါ်တယ်၊ အရဟတ္တ မဂ်ဉာဏ်ရောင်နဲ့ သဗ္ဗညုတဉာဏ်ရောင် အဲဒီနှစ်ခု စပ်လိုက်တဲ့အခါကျတော့ ဘွားကနဲ ဒီဉာဏ်ကြီးပေါ်လာရတယ် မဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) အဲဒါ- အကုန်သိတယ် ခေါ်တယ်။

ဒါကြောင့်- နှလုံးအိမ်သည်သားမြွတ်နှစ်ခုတို့၏ အလယ်၊ ရင်ချိုင့်ရိုးအောက်နားမှာ ကပ်နေတယ်လို့ စာသိအတိုင်းယူကြ၊ သဘောကျပလား၊ (ကျပါတယ် ဘုရား) အဲဒါ ဉာဏ်မြင် ကြည့်ပြောဒါ။

ဒါဖြင့်- နေရာနှင့် ပတ်သက်၍ ပြောယင်၊ ဉာဏ်,နာမ်,စိတ်,သည် ရင်ထဲမှာနေသောကြောင့်၊ ရင်ထဲကမြင်တယ်၊ သဘောကျ

ပလား၊ (ကျပါတယ်ဘုရား) ရှင်းရှင်းပြောယင်တော့ ဉာဏ်ကမြင်တယ်၊ ရှင်းရှင်းလေး မှတ်ထားရတယ်။

ဒါကြောင့်- ဒီဉာဏ်မြင်ကြည့်ပြီးတော့၊ ဆရာတော်ဘုရားကြီးက အင်္ဂါတခုလုပ်လိုက်တယ်၊ စိတ်သည် ဘယ်မှာထား၊ (ရင်မှာထား)ဘာဖြစ်လို့လဲ၊ မြင်စရာရှိယင် ရင်ကချည်းဘဲ ဒိုင်ခံမြင်သောကြောင့်၊ ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား။)

ဘယ်ကနေ မြင်ကြသလဲ၊ (ရင်ကမြင်ပါတယ် ဘုရား) ခေါင်းကပေါ်ယင်ကော ဘယ်ကမြင်၊ (ရင်ကမြင်ပါတယ်ဘုရား)အလယ်ပိုင်းကပေါ်ယင်ကော၊ (ရင်ကမြင်ပါတယ်ဘုရား) အောက်ပိုင်းကပေါ်ယင်ကော၊ (ရင်ကမြင်ပါတယ်ဘုရား) ကွက်ကွက် ပေါ်ယင်ကော၊ (ရင်က မြင်ပါတယ်ဘုရား) တကိုယ်လုံး ပေါ်ယင် ကော၊ (ရင်က မြင်ပါတယ်ဘုရား။)

အဲဒါပေါ့- စိတ် ရင်ထဲမှာ ဘာဖြစ်လို့ ထားရသလဲ၊ ရင်မှာချည်းဘဲ စိတ်ထားဒါ၊ ရင်ကချည်းဘဲ ဒိုင်ခံမြင်ရလေသောကြောင့် ရှင်းပလား၊ (ရှင်းပါပြီဘုရား) ရှင်းရှင်းလေး မှတ်ထားကြ၊ ဒါက ဉာဏ်မြင်စစ်လိုက်ထာ။

ဒါ- ရင်က ဘာကိုမြင်သလဲလို့ မေးလိုက်တော့ ကိုယ်တွေ့မြင်ရတယ်၊ မျက်လုံးတွေကို မြင်သည်မဟုတ်ပါ၊ နားတွေ့ နှာခေါင်းတွေ့ လျှာတွေ့ ကို မြင်သည် မဟုတ်ပါ၊ မနောတွေ့ကိုလဲ မြင်သည် မဟုတ်ပါ၊ ကိုယ်တွေ့မြင်ရတယ်၊ **ကိုယ်မှာပေါ်ဒါ** ငါးမျိုး

ကို မြင်နေရမယ်လို့ ဆိုလိုသည်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား) ဒါက- ကိုယ်တွေနဲ့ ပတ်သက်ပြီးပြောဒါ။

အဲဒါကြည့်ပြီးတော့၊ အင်္ဂါလေး- ဥာဏ်မြင်ကြည့်၍ ဝင်တဲ့နေ့ကစ၍ ထွက်သည့်နေ့အထိ၊ စိတ်သည်ရင်ထဲမှာထား၊ ကိုယ်တွေကြည့်၍ ကိုယ်မှာ ပေါ်ဒါငါးမျိုးမှတ်နေပါ။

**စကားချပ်။** ပိဋကတ် စာပေတတ် ပုဂ္ဂိုလ်များ သေသေ ချာချာ မှတ်တော်မူပါဘုရား၊ မရှင်းလင်းလို့ ရှိယင်လဲ၊ လာရောက်ပီး ဆွေးနွေးနိုင်ပါတယ်ဘုရား၊ တပည့်တော်များကတော့ အရင်းကျကျနဲ့ သာ သ နာ ပြန့်ပွား စေချင်ပါတယ်၊ ဒါကြောင့်မို့လဲ အချိန်အကုန်ခံပြီးတော့ ကနေ့ ရှင်းရှင်းပြလိုက်ရပါတယ်၊ ပညာတတ် ပုဂ္ဂိုလ်တွေကြားထဲမှာ ဆိုတော့ အရင်းကျကျလေး သုံးလိုက်ရခြင်း ဖြစ်ပါတယ်၊ ကဲ- ရှင်း သွား ပ လား ၊ (ရှင်းပါပြီဘုရား) ရှင်းသွားပြီ။

စိတ်ဘယ်မှာထား (ရင်မှာထား) အဲဒါ ဥာဏ်မြင်ကြည့်ပြောဒါနော်၊ (မှန်ပါဘုရား) ဘာလုပ်နေ (ကိုယ်မှာ ပေါ်ဒါငါးမျိုးမှတ်နေ) ကိုယ်တွေကြည့်တယ်နော်၊ (မှန်ပါဘုရား) အင်္ဂါနှစ်ခုထဲ၊ ညကစကား ဒီမှာ လာကိုက်တယ်၊ နှခမ်း သပ်လိုက်၊ ညကနဲ့ ဒီမနက်ဆိုယင် ဒီမှာပင် တခါထဲဆုံဆည်း သွားတယ်၊ ညက စကားနဲ့ ဒီမနက်စကားသည် ဂင်္ဂါမြစ်ရေနဲ့ ယမုနာမြစ်ရေ နှီးနှောဘိသကဲ့သို့ နှီးနှောသွားရတယ်၊ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား။)

ရှေ့တက်တော့မယ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၌၊ ဝိပဿနာနဲ့ ဆိုင်တဲ့ အခဏ်း သုံးခဏ်းမှာ၊ ၁- နံပါတ်၊ ဓါတုမနသိကာရပဗ္ဗ အတွက် ပြီးပြီ။

၂- နံပါတ်၊ဣရိယာပထ ပဗ္ဗအတွက် အလုပ်ပေးတရား ဒီမနက်ဆက်တော့မယ်။

**အနေလေးမျိုး။** ပါဠိလို ဣရိယာပထ၊ ဗမာလို "အနေ" ခေါ်တယ်၊ အနေဘယ်နှစ်မျိုးရှိသလဲလို့ ဆိုတော့ လေးမျိုးဘဲ၊ နောက်ကနေဒါ ပြန်ကြည့်ပါလား၊ အိမ်မှာဘယ်လိုနေခဲ့သလဲ၊ ကျောင်းမှာဘယ်လိုနေခဲ့သလဲ၊ ပြန်ကြည့်ယင်လေးမျိုးဘဲ နေရမယ်။

ထိုင်နေဒါတမျိုး၊ အိပ်နေဒါတမျိုး၊ ရပ်နေဒါတမျိုး၊ သွားနေဒါတမျိုး၊ ဘယ်နှစ်မျိုး၊ (လေးမျိုးပါဘုရား) ပါဠိလိုဘာခေါ်လဲ၊ (ဣရိယာပထ ခေါ်ပါတယ်ဘုရား)ဣရိယာပထ၊ ဣရိယာပုထ်တဲ့၊ ဒါက- ပါဠိအတိုင်းကို ဗမာကောင်းကောင်း ပြန်တာနော်၊ (မှန်ပါဘုရား) ဒါမှ-နားလည်တယ် သဘောလဲပါတယ်။

**ဝိပဿနာအလုပ် ချမ်းသာသလိုအားထုတ်။** ကဲ- ထိုင်လျက်လဲအားထုတ်နိုင်တယ်၊ အိပ်လျက်လဲ အားထုတ်နိုင်တယ်၊ ရပ်လျက်လဲ အားထုတ်နိုင်တယ်၊ သွားလျက်လဲ အားထုတ်နိုင်တယ်၊ စီးပွားရေးဆိုလို့ရှိယင်၊ဣရိယာပုထ်တခုတည်း များကြတယ်၊ မများဘူးလား၊ (များပါတယ်ဘုရား။)

ဉပမာ- အပ်ချုပ်စားတဲ့ စက်ချုပ်စားတဲ့ပုဂ္ဂိုလ်ဟာ ထိုင်လျက်ချည်းဘဲ၊ စာရေးလုပ်စားတဲ့ ပုဂ္ဂိုလ်ဟာ များသော အားဖြင့်

ကုထားထိုင်မှာ အချိန်ကုန်အောင် ထိုင်ရတယ်၊ စျေးသည်များမှာ ဆိုလို့ရှိယင် ထိုင်ဒါသိပ်များတယ်၊ ကောက်စိုက်သမားတို့ စပါး ရိတ်ထာမျိုးတို့ ဆိုယင် တခါထဲကုန်းပြီးတော့ မတ်တတ်ရပ် ရိတ်ရ တယ်၊မတ်တတ်ရပ် ကောက်စိုက်ရတယ်၊ကုန်းစိုက်-လက်စိုက်, ဆိုလို့ ရှိယင်, ဒါ-ရပ်ပြီးတော့စိုက်ရဒါဘဲ၊ အဲဒါ တနေကုန်ဘဲ။

အဲဒီကျတော့- သူတို့လေ- စီးပွားရေးကျတော့ဆင်းရဲလိုက်ထာ ဒီလိုမယူဘူး၊ လောဘသားကိုး၊ ပျိုး တပေါ်ပြီးယင် တပေါ်ဘဲ၊ ဒီနေ့ဘယ်လောက်ရတယ်၊ ဘယ်လောက်ရိတ်ရတယ်၊ စက်ချုပ်သ မားကလဲ တထည်ပြီးယင် နောက်တထည် လိုသေး၊ ဒီနေ့ဘယ် လောက်စီမယ် ဆိုဒါဟာ လောဘသားတွေဆိုတော့၊ နေပူဒါဘဲ၊ ညောင်းဒါဘဲ၊ ဘာမှမဟုတ်တော့ဘူး။

ယခုဒီမှာ တရားထိုင်မယ်ဆိုယင်၊ နေရာလေးလဲ နဲနဲကောင်းမှ၊ မကောင်းယင် တရားလဲ မဝင်ချင်ကြဘူး၊ အဆင်းရဲလဲ ပိုပြီးတော့ မခံချင်ကြဘူး၊ တယ်ဆင်းရဲတယ်၊ တယ်ညောင်းဒါဘဲ၊ တရား တွေ့အားထုတ်ချင်ပါရဲ့၊ ညောင်းတယ်ဆိုတဲ့ ဆင်ခြေတွေ သိပ် များဒါဘဲ၊ ဒါကြောင့်လဲဘဲ အခုထက်ထိ တရား မရကြဒါဘဲ၊ ဟုတ်ကော ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) ဟုတ်တယ်နော် သေချာမှတ်ကြ။

ဘယ်သူကမှ ကိုယ့်ကို လာတားမြစ်ထာ မဟုတ်ဘူး၊ထိုင်လျက် လဲ အားထုတ်နိုင်ပါတယ်၊ အိပ်လျက်လဲ အားထုတ်နိုင်ပါတယ်၊ ရပ်လျက်လဲ အားထုတ် နိုင်ပါတယ်၊ သွားလျက်လဲ အားထုတ် နိုင်ပါတယ်၊ ချမ်းသာသလို အားထုတ်ကြ။

**ချမ်းသာသလို ထိုင်နိုင်ပုံ။**

ကဲ- ထိုင်လျက် အားထုတ် ပုံလေး ပြောမယ်၊ ညက တုန်းကတော့ သာမည ပြောလိုက်တယ်၊ ချမ်းသာသလို ထိုင်နိုင်၏၊ ထိုင်တတ်သလို ထိုင်နိုင်၏၊ ညက မပြောဘူးလား၊ (ပြောပါတယ်ဘုရား။)

ခြေဆင်းဘဲ ထိုင်ထိုင်၊ ဒူးထောင်ဘဲထိုင်ထိုင်၊ ဒူးနှစ်ဘက်လက် သိုင်းပြီးတော့ ထိုင်ထိုင်၊ မှီဘဲထိုင်ထိုင်၊ မမှီဘဲနဲ့ ထိုင်ထိုင်၊ ကိုယ့်အိမ်ပေါ်မှာဆိုယင် ကုလားထိုင်ပေါ်မှာလဲ ထိုင်လို့ရတယ်၊ ကိုယ့်ယို့ကားယားလဲ ထိုင်လို့ရဒါဘဲ၊ ရှိသေမှုမဟုတ်ဘူး၊ သဘောကျပလား၊ (ကျပါတယ် ဘုရား။)

ဝိပဿနာဆိုဒါ သိပ်ချောင် ဒါဘဲ၊ ခန္ဓာနေသလို လိုက်ပြီးတော့ မှတ်နေရတယ်၊ လူဆိုးအကျဉ်းချုပ်ထားတဲ့ ပုဂ္ဂိုလ်ကို အမြဲတန်း- နောက်က ပုလိပ် စုံထောက်က သူဘာလုပ်နေသလဲလို့ လိုက်မှတ်နေသလိုဘဲ။

တရားထိုင်ဒါ၊ ဥပမာ- ကိုယ့်ယို့ကားယားနေလဲ အတွင်းက ဘယ်လိုဖြစ်တယ်၊ ရိုရိုသေသေနေလဲအတွင်းက ဘယ်လိုဖြစ်တယ်၊ အတွင်းဓါတ်သဘောတွေ ကိုက်ကြည့်နေဒါခေါ်တယ်၊ဒါကြောင့် ဘာမှ ဒီထိုင်ဒါ ပဓါနမဟုတ်ဘူး၊ သဘောကျရဲ့လား၊ (ကျပါတယ်ဘုရား) ဘယ်လောက်ချောင်ထားလဲကြည့်၊ ချမ်းသာသလို ထိုင်နိုင်တယ်၊ ထိုင်တတ်သလို ထိုင်နိုင်တယ်ဆိုဒါ သဘော ကျရဲ့လား၊ (ကျပါတယ် ဘုရား) တယ်ချောင်တယ်၊ အားကြီးချောင်တယ်။

**ထိုင်နည်းနှစ်မျိုး။** ကဲ- ဒီနေ့မနက်တော့ အရင်းကျကျစစ်ပြမယ်၊ သေချာမှတ်ကြ၊ ထိုင်ပုံထိုင်နည်းသည်နှစ်မျိုး၊ သမထ ထိုင်ပုံ ထိုင်နည်းကတမျိုး၊ အလွတ်ထိုင်ပုံ ထိုင်နည်းကတမျိုး၊ ဘယ်နှစ်မျိုး၊ (နှစ်မျိုး ပါဘုရား) သမထ ထိုင်ပုံကို ဆုံးမမယ်၊ သေချာမှတ်ကြ။

**သမထထိုင်နည်း။** "ပလ္လင်္ကံ အာဘုဇိတွာ" ပါဠိတော်၊ ယောကျ်ားဖြစ်လျှင် အောက်ပိုင်း တင်ပလ္လင်ခွေထိုင်၊ မိန်းမဖြစ်လျှင် မိန်းမထိုင်-ထိုင်လို့ဆိုလိုတယ်၊ ယောကျ်ားတွေ ဘယ်လိုထိုင် (တင်ပလ္လင်ခွေ ထိုင်ပါတယ် ဘုရား) မိန်းမတွေ ဘယ်လိုထိုင် (မိန်းမထိုင်- ထိုင်ပါတယ်ဘုရား) မိန်းမထိုင်- ထိုင်ရတယ်၊ ဒါ-ယောဘုယျနည်းနော် (မှန်ပါဘုရား) များသော အားဖြင့် ထိုင်ဒါပြောပြဒါ၊ ယောကျ်ားတွေလဲ မိန်းမထိုင်- ထိုင်နိုင်၏၊ ယခုတိုင်နေဒါ မိန်းမထိုင်ဘဲ၊ မိန်းမဘာလဲဘဲတင်ပလ္လင်ခွေထိုင်နိုင်၏၊ သို့သော်လဲဘဲ၊ မိန်းမထိုင်လဲ တင်ပလ္လင်ခွေထိုင် တမျိုးဘဲ၊ "အဒ္ဓပလ္လင်္ကံ" တဲ့ တဖက်သာလျှင်၊ တဝက်သာလျှင်၊ တင်ပလ္လင်ခွေထိုင်တယ်၊ ဒါကြောင့် တဖက်သာလျှင်၊ တဝက်သာလျှင် တင်ပလ္လင်ခွေထိုင်နည်းမျိုးကို၊ လောကကမိန်းမထိုင်၊ ထိုင်လို့ ဆိုလိုက်တယ်၊ ရှင်း သွား ပလား၊ (ရှင်းပါပြီ ဘုရား) သေချာ မှတ်ထားကြ။

ရှေ့ကိုဆက်အုံး၊ တင်ပလ္လင်ခွေ ထိုင်ပုံမှာလဲနှစ်မျိုး၊ မထပ်ဘဲနဲ့ တင်ပလ္လင်ခွေထိုင်ပုံ တမျိုး၊ ထပ်၍ တင်ပလ္လင်ခွေ ထိုင်ပုံတမျိုး၊ ရှေ့တိုးအုံး၊ မထပ်ဘဲနဲ့ တင်ပလ္လင်ခွေထိုင်ပုံ ဆုံးမမယ်၊ တရားအားထုတ်တဲ့ ယောဂီဆိုဒါ၊ ဥာဏ်ထက်ရတယ်၊ အရိပ်ပြလျှင် အ

ကောင်လေး ထင်ရတယ်၊ တကယ်ထိုင်ပြမှသိတယ်၊ ဘောထဲရေးပြမှသိတယ်ဆိုယင်၊ ဉာဏ်နဲ့တယ်ခေါ်တယ်၊ ဒီက- ပါးစပ်ပြောလိုက်ယင် သိပါပြီဘုရား၊ သိပါပြီ အရှင်ဘုရား ပြောလိုက်ထာနန်တောင်ရှေသေး၊ တပည့်တော်တို့ ပါးစပ်ဟယင်သိတဲ့အနေမျိုးဘဲဘုရား၊ အဲဒီလိုဆိုယင် တရားအခားထုတ်လို့ သိပ်လျှင်မြန်ဒါဘဲ။

မထပ်ဘဲနဲ့ တင်ပလ္လင်ခွေထိုင်ပုံ၊ ဥပမာ-ဘယ်ဘက်ခြေဖျားကို အပြင်ဘက်ထုတ်ထား၊ ညာဘက်ခြေဖျားကို ဘယ်ဘက်သကောက်ကွေးကြားထဲ သွင်းထားပြောလိုက်ယင်၊ ဉာဏ်ထဲမှာ ရှင်းသွားရဲ့လား၊ (ရှင်းပါတယ်ဘုရား) ထပ်သလား၊ မထပ်ဘူးလား၊ (မထပ်ပါဘုရား) မထပ်ဘူးနော် (မထပ်ပါဘုရား။)

ထပ်၍ တင်ပလ္လင်ခွေထိုင်ပုံ ပြောမယ်၊ ဥပမာ- ဘယ်ဘက်ခြေဖျားကို ညာဘက်သကောက်ကွေးပေါ်တင်၊ ညာဘက်ခြေဖျားကို ဘယ်ဘက်သကောက်ကွေးပေါ်တင်၊ ဉာဏ်မှာမြင်ရဲ့လား၊ (မြင်ပါတယ် ဘုရား) ထပ်သလား၊ မထပ်ဘူးလား၊ (ထပ်ပါတယ် ဘုရား) ထပ်၍ပင် ထိုင်ထိုင်၊ မထပ်ဘဲနဲ့ပင် ထိုင်ထိုင်၊ ကြာကြာ ထိုင်နိုင်ဘို့လိုရင်းဘဲ၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား။)

မိန်းမထိုင်မှာလဲ၊ဖိ၍ထိုင်နည်းတမျိုး၊ မဖိဘဲနဲ့ထိုင်နည်းတမျိုး၊ ကြိုက်သလို ထိုင်ကြ၊ ကြာကြာ ထိုင်နိုင်ဒါ လိုရင်းတခု ပါဘဲ၊ အောက်ပိုင်းအတွက် ရှင်းသွားပြီ။

အထက်ပိုင်းပြောမယ်၊ ခါးက အောက်ကို အောက်ပိုင်းခေါ်ပါ၊ ခါးက အထက်ကို အထက်ပိုင်းခေါ်ပါ၊ ခါးက ဗဟိုနော်၊

(မှန်ပါဘုရား) "ဥဇုံ ကာယံ ပဏိဓါယ" ပါဠိတော်၊ အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ် ဖြောင့်ဖြောင့်ထားတဲ့။

အထက်ပိုင်းဖြစ်သော ကိုယ်ထားပုံလေး၊အထက်ပိုင်းကိုတော့ မတ်မတ်ထားရမယ်နော်၊ (မှန်ပါဘုရား) ခေါင်းသည် အထက်ပိုင်းထဲက ပါတယ် မဟုတ်လား၊(ပါ့,ပါတယ်ပါဘုရား) ပါယင့် ခေါင်းဘယ်လိုထား၊ (မတ်မတ် ထားရပါတယ်ဘုရား)တရားထိုင်တဲ့အခါ သမထထိုင်ပုံ ပြောဒါ၊ သူ့ထိုင်နည်းနဲ့သူ ခဲ့ထားရတယ်၊ မတ်မတ်ထားဆိုသောကြောင့်၊ ခေါင်းကြီး ငိုက်ဆိုက် နောက်လန်ဘေးစောင်းမထားနဲ့ ကြည့်လို့လဲ မကောင်းဘူး။

အဲသလိုထားယင်- သွေးချင်း ဝင်လာတတ်တယ်၊ သွေးချင်းဟာ ထိန့်မိဒ္ဓဘဲ၊ ငိုက်တတ်တယ်၊သန်းတတ်တယ်၊ ပျင်းတတ်တယ်၊ ဝေတတ်တယ်လို့ ဆိုလိုသည်၊ ဟုတ်ကော ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား) မှတ်ထားနော် သွေးချင်း အဝင်မခံနဲ့ တယ်ရှုတ်တယ်။

အနမတဂ္ဂ သံသရာကစပြီးတော့ အိပ်တဲ့ဘဝပေါင်းတွေ ဘယ်လောက်များပလဲ၊ (အများကြီးပါ ဘုရား) များပြီ၊ ဒီအအိပ်ဟာ သူ့အဆိုးဆုံးဘဲ၊ ဒီအအိပ်ကို နာနာဆင်ခြင်ကြ၊ အဲဒါ အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ် ထားပုံဘဲ၊ ယောကျ်ားနဲ့ မိန်းမ့မခွဲတော့ဘူး။

အထက်ပိုင်းဖြစ်သော ကိုယ်ကို မတ်မတ်ထားယင် ဘယ်လို အကျိုးရှိမလဲ၊ ရောဂါ ဝေဒနာနည်းခြင်း အကျိုး ရှိတယ်လို့၊ ဗုဒ္ဓမတ္တညူ့ကျမ်းပြုလိမ္မာ အဋ္ဌကထာ ဆရာတို့ ဖွင့်ပြပါသည်။

**ရောဂါနည်းပုံ။** အထက်ပိုင်းဖြစ်သောကိုယ်ကို မတ်မတ်ထားမယ်ဆိုယင်၊ ကျောက်ဆူးရိုး တဆယ့် ရှစ်ချောင်းရှိတယ်၊ မတ်မတ် ထားလိုက်တဲ့ အခါမှာ၊ အဲဒီကျောက်ဆူးရိုးချင်း အစွန်းချင်းထိသွားတယ်၊ ထိုးနေဒါဘဲ၊ အစွန်း ချင်းထိမယ်၊ အစွန်းချင်းထိုးမယ် ဆိုယင်၊ အဲဒီ ကျောက် ဆူး ရိုး မှာ ကပ်သော အသား, အရေ,အကြော,တို့သည် အောက်သို့ မလျှော့ကျနိုင်၊ မလျှော့ကျလျှင်၊ ဒါရောဂါဝေဒနာနည်းခြင်း အကျိုးရှိတယ်လို့ ဗုဒ္ဓမတ္တညု,ကျမ်းပြုလိမ္မာ အဋ္ဌကထာ ဆရာတို့ ဖွင့်ပြပါသည်၊ အကြောင်းလေးနဲ့ အကျိုးလေးနဲ့ တယ်ဟုတ်ထာဘဲ။

သို့သော်- လူတွေ ထိုင်နေ ကြဒါကတော့ ကျောက်ဆူးရိုးလေး ခပ်ရို့ရို့မထားဘူးလား၊ (ထားပါတယ်ဘုရား) ကုန်းကုန်းလေး မနေဘူးလား၊ (နေပါတယ် ဘုရား) အဲသလိုလဲ ထိုင်နိုင်ဒါဘဲ၊ သမထထိုင်နည်းတော့ မဟုတ်ဘူးနော် (မှန်ပါဘုရား) ကဲ....ရှင်းသွားပြီ၊ အောက်ပိုင်းလဲထိုင်ပုံ သိပြီ။

လက်ခလေးလိုတော့တယ်၊ လက်တော့လေ- ကျမ်းဂန် ထဲမှာ ဘယ်လိုထားရမယ်ဆိုဒါ မပါသောကြောင့်၊ ကြိုက်သလို ထားနိုင်၏လို့ အဓိပ္ပါယ်ရပါသည်။

**ရှေးဆရာတို့ လက်ထားပုံ။** သို့ပါသော်လဲဘဲ၊ ရှေ့တုန်းက ကမ္မဋ္ဌာန်း အားထုတ်ပြီးတော့ သွားတဲ့ ဆရာတော်ကြီးတွေလက်ထားပုံ၊ ဘယ်ဘက် လက်ဖဝါး ပြလိုက်ယင်၊ ညာဘက်လက်ဖဝါးကို သိပြီးသွားဘဲ၊ ဘယ်ဘက် လက်ဖဝါးဖြန့်၊

ထား၊ လက်ဖဝါးနဲ့ လက်ချောင်း ငါးချောင်း တဖြောင့်တည်း ထား၊ ဘယ်ဘက် လက်ဖဝါးထားသလို၊ ညာဘက် လက်ဖဝါးလဲ ဘဲထား။

ကဲ-ထပ်လိုက်၊ ဘယ်ဘက်လက် ဖဝါးကအောက်က ညာဘက် လက်ဖဝါးက အပေါ်ကတင်၊ လက်မလေးနှစ်ခု ထိပ်ချင်းယှဉ်၊ အသာလေး ထိပ်ချင်းထိရုံလေးဘဲ၊ တွန်းမထားနဲ့၊ တွန်းထားယင် အဲဒီ လက်ထိပ်ကနေ ဝေဒနာ မြန်စွာ ပေါ်တတ်တယ်၊ ထိ ရုံလေး လက်မလေးနှစ်ခု ထိပ်ချင်းယှဉ် ပေါင်ပေါ်မှာ အသာလေးတင် ထား၊ ရှင်းပါရဲ့လား၊ (ရှင်းပါတယ် ဘုရား) အဲဒါ- သမထ ထိုင် နည်းဘဲ။

အောက်ပိုင်း ယောကျ်ားဖြစ်လျှင်၊ တင်ပလ္လင်ခွေထိုင်၊ မိန်းမ ဖြစ်လျှင် မိန်းမထိုင်ထိုင်၊ အထက်ပိုင်းဖြစ်သောကိုယ်ကို မတ်မတ် ထား၊ လက်ကတော့ ဘယ်ညာထပ်ထား၊ ရှင်းသွားပလား၊ (ရှင်း ပါပြီဘုရား) အဲဒါ ဘာထိုင်ပုံခေါ်သလဲ၊ သမထ ထိုင်ပုံနော်၊ (မှန်ပါ ဘုရား။)

**စကားချပ်။** သမထ ထိုင်ပုံ ကတော့၊ တယ်- ကိုယ့်ကိုယ်ကိုလဲ အားရတယ်၊ သူများတွေယင်လဲ တယ်ကြည်ညို စရာကောင်းတယ်၊ အော်....အရိယာအရှင် သူတော်စင်တွေ၊ ရှေး တုန်းက ကမ္မဋ္ဌာန်းအားထုတ်သွားဒါ၊ဒီပုံဒီနည်းပါလား၊ ဒို့လဲဘဲ သူတော်စင် အတန်းသို့၊ ဘုရားသာသနာတော်နဲ့ ကြုံကြိုက်၊ ပဋိ ပတ္တိသာသနာတော်နဲ့ဆုံခိုက် အခါမှာ၊ ဒီလိုအတိုင်းနဲ့ ထိုင်ရ ခြင်း သည်၊ ဒို့အဖို့မှာနော် သူတော်ကောင်းပီသပါပြီ၊ ဒို့အလုပ် ခ

လေးနဲ့ ဒို့ဟာဖြင့် လျှော်နေပါပြီ၊ မြတ်စွာဘုရားက ချစ်သားတို့ "တရားအားထုတ်.... တရားအားထုတ်.... တရားအားထုတ်" လို့ ဒီလိုဆို ဒါဘုရားစကား၊ ဒို့တော့ နားထောင်ပြီလို့ ဒီလိုအားရ ဝမ်းသာစရာလေး ဖြစ်လာတတ်တယ် မဟုတ်ဘူးလား၊ (ဟုတ်ပါ တယ်ဘုရား) အဲဒါသမထထိုင်ပုံဘဲ၊ သမထထိုင်ပုံတော့ နည်းသိ သွားပြီ၊ ကြာကြာလေးထိုင်ရတယ်နော်၊ (မှန်ပါ ဘုရား။)

ကြာခြင်း အကြောင်းတရား ပြောမယ်၊ အချို့က နဲနဲ လေး ငေါ့တတ်ထားရှိတယ်၊ ဘယ်လိုငေါ့တတ်သလဲဆိုယင်၊ အိုး....ကြာ ကြာနေယင်၊ ထုံဒါ၊ ကျင်ဒါ၊ နာဒါ၊ ကိုက်ထားပေါ်ဒါပေါ့ကွယ် အဲဒါတရားလားလို့၊ အဲသလိုပြောတတ်တယ်။

ထုံ့ကျင့်ကိုက့်ခဲ ဆိုတဲ့ ကာယိက ဒုက္ခကို မြင်စေချင်လို့ ကြာကြာထိုင်ခိုင်းသည်မဟုတ်ပါ၊ လျှပ်တလက်မက ဖြစ်ခြင်းပျက် ခြင်း၊ မအောင့်နိုင်တဲ့ သခါရ ဒုက္ခမြင်စေချင်လို့ ကြာကြာထိုင် ခိုင်းဒါ၊ တိုတိုပြောမယ် ခဏ္ဍာမှာ လျှပ်တလက်မက ဖြစ်ထာ ပျက် ထာလေးကို မြင်စေချင်လို့ ကြာကြာ ထိုင်ခိုင်းဒါ၊ သဘောကျ ပလား၊ (ကျပါပြီ ဘုရား။)

**အဖုံးသုံးပါး။** ဒီမှာအကြောင်း ပြောအုံးမယ်၊ ဝိသုဒ္ဓိ မဂ်ထဲမှာ အနိစ္စတလုံးမမြင်ဒါ သန္တတိဖုံးနေလို့၊ ဒုက္ခ တ လုံးမမြင်ဒါ၊ ဣရိယာပုထ်ဖုံးနေလို့၊ အနတ္တ တလုံးမမြင်ဒါ၊ ဃန ဖုံးနေလို့၊ ဒါ....လူတိုင်းတော့ ကြားဘူးကြမှာဘဲ၊ ဒါ....ဝိသုဒ္ဓိမဂ် စကားအတိုင်း၊ လက္ခဏာရေးသုံးပါး မထင်မမြင်ကြဒါ၊ အဖုံး သုံးပါး ရှိနေလို့။

**ဒုက္ခကို ဣရိယာပုထ်ဖုံးပုံ။**

ဒီမှာ ဒုက္ခမမြင်ဒါ၊ ဣရိယာပုထ် ဖုံးတယ်ဆိုတဲ့ စကားတလုံး အခြေခံ စစ်ပြမယ်။ ဒုက္ခက, သင်္ခါရ ဒုက္ခ ကောက်ရတယ်၊ သင်္ခါရ ဒုက္ခဆိုတော့ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မအောင့်နိုင်ဒါ၊ ရှင်းရှင်းဆိုယင် ဖြစ်ပျက် ခေါ်တယ်၊ အဲဒီ ခန္ဓာကိုယ်ကြီးထဲမှာ လျှပ်တလက်မက ဖြစ်ထာပျက်ထာခေါ်တယ်၊ အဲဒါမမြင်ဘူး။

မမြင်ဒါ ဘာဖြစ်လို့လဲ၊ ဣရိယာပုထ် ဖုံးနေလို့၊ ဣရိယာပုထ်က အနေခေါ်တယ်၊ ဖုံးတယ်ဆိုဒါက ခဏ, ခဏပြင်တယ်ခေါ်တယ်၊ ထိုင်ဒါ ခဏ, ခဏ ပြင်နေလို့ အိပ်ထာ ခဏ,ခဏ ပြင်နေလို့၊ ရပ်ထာ ခဏ, ခဏ, ပြင်နေလို့ ဆိုလိုတယ်။

ဒါဖြင့်- ခဏ,ခဏ, ပြင်ယင် ဖုံးတတ်တယ် ဆိုသောကြောင့်၊ ကြာကြာလေး ထားကြည့်ပါလား၊ ထိုင်လဲ ခပ်ကြာကြာ လေး ထိုင်၊ အိပ်လဲ ခပ်ကြာကြာလေးအိပ်၊ရပ်လဲ ခပ်ကြာကြာလေးရပ်၊ သွားလဲ ညောင်းလောက်အောင် ခပ်ကြာကြာသွား ကြည့်စမ်း၊ အဲသလို ထား ကြည့် မယ် ဆိုယင်၊ ခန္ဓာ မှာ လျှပ်တလက်မက ဖြစ်လိုက်,ပျက်လိုက်မြင်လာ ပါလိမ့်မယ်လို့ ဆိုလိုသည်၊ သဘောကျပလား၊ (ကျပါပြီဘုရား။)

ဒါကြောင့်- ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်ဆိုတဲ့ စကားတလုံး အခြေခံစစ်ပြီးသကာလ၊ ကြာကြာလေးနေကြ၊ ရှင်းသွား ပလား၊ (ရှင်းပါပြီ ဘုရား။)

(၇)

ကြာကြာနေခြင်း အကြောင်းနော်၊ ဟို....ကာယိက ဒုက္ခဆိုတဲ့ ကျင့်နာ့ကိုက့်ခဲ့ဒါကို ပြဒါမဟုတ်ဘူး၊ ခန္ဓာမှာ ရုပ်နာမ် ခမ္မလေးတွေ လျှပ်တလက်မက ဖြစ်ထာ့ ပျက်ထာလေး မြင်အောင် မှတ်နော်၊ (မှန်ပါဘုရား။)

ဒါဖြင့်- တင်းပြည့် ကျပ်ပြည့် ကြာသွားအောင်၊ အမိဋ္ဌာန် ပါရမီ လေးကူနော်၊ ပါမီဆယ်ပါးလဲဘဲ သာဝကတွေ ဖြည့်ကျင့် ရတယ်၊ သာဝက ဗောဓိဆိုတဲ့၊ ရဟန္တာ ဆုထူးကြီး ပန်တဲ့ ပုဂ္ဂိုလ်ဟာ ဆိုယင်၊ ပါရမီဆယ်ပါး ဖြည့်ကျင့်ရတယ်ခေါ်တယ်၊ ဒီမှာ အမိဋ္ဌာန်ပါရမီလေး၊ ရံခါ့ ရံခါ- ကူလိုက်၊ အခါခပ်သိမ်း မကူနိုင်လို့ရှိယင်၊ ရံခါ-ရံခါ- ပါပစေတဲ့၊ ညကပြောတဲ့အတိုင်း နာရီ ဝက် ထိုင်နိုင်မယ်ဆိုယင် နာရီဝက်အတွင်း၊ တနာရီ ထိုင်နိုင်မယ် ဆိုယင်၊တနာရီ အတွင်း၊ဖရောင်းတိုင် တဝက့် ဖရောင်းတိုင်တတိုင် ကျအတွင်း၌ မလှုပ်- မယှက်- မပြင်ဘဲနဲ့- ပေါ်ဒါမှတ်၍နေပါမည်၊ ရည်ရွယ်ချက်ကလေး---တဲ့၊အားလုံးရှင်းပလား၊ (ရှင်းပါပြီဘုရား) မှတ်ထားကြ၊ အဲဒါသမထ့ ထိုင်နည်းမှတ်ပုံ။

စိတ်တွေဘယ်မှာထား၊(ရင်မှာထား) ဘာလုပ်နေ၊(ကိုယ်မှာ ပေါ်ဒါ-ငါးမျိုးမှတ်နေ)ထိုင်ဒါမှတ်မလား၊ ပေါ်ဒါမှတ်မလား၊ (ပေါ်ဒါမှတ်ရပါမယ်ဘုရား) ထိုင်ဒါလိုရင်းလား၊ ပေါ်ဒါမှတ်ထာ လိုရင်းလား၊ (ပေါ်ဒါမှတ်တာလိုရင်းပါဘုရား) အဲဒါ- သေချာချာ မှတ်ကြ၊ သမထထိုင်နည်းပြောဒါ။

အမိဋ္ဌာန်စိ၍ဖြစ်စေ၊ဆင်းရဲဒုက္ခပြင်းထန်လှ၍ဖြစ်စေ၊ မနေနိုင်ယင် ပြင်ရမှာဘဲ၊ ဇွတ်ပေပြီးတော့လဲ မနေနိုင်ဘူး၊ ပြင်ရမှာဘဲ၊

ပြင်ချင်တယ်ဆိုယင်၊ လက်ပြင်ဒါ ပြောမယ်၊ ပြင်လိုက်တဲ့ အခါကျတော့ အလွတ် ထိုင်နည်း ဖြစ်တတ် တယ်နော်၊ ခုနပြောတဲ့ အတိုင်း မပြင်ဘဲနဲ့ နေသွားယင်တော့ သမထထိုင်နည်းခေါ်တယ်၊ ပြင်လိုက်မယ် ဆိုယင်တော့ အလွတ် ထိုင်နည်းလို့- ဒီကထဲက မှတ်ထားပါ။

ကဲ-- လက်ပြင်မယ်၊ မျက်လုံးတော့ မှိတ်ထားနော်- မျက်လုံး တွေမဟုတ်ဘူး၊ ဒီက ကိုယ်တွေ သက်သက်ခေါ်တယ်၊ လက်ပြင်ချင် လက်ထဲစိတ်ဖြန့်- ပေါ်ဒါမှတ်၍၊ ဖြေး ဖြေး ဖြေး ဖြေး လက်ကို ပြင်ကြ။

ခုနတုန်းကတော့ ဘယ်ညာ ထပ်တယ်၊ ပြင်လိုက်တဲ့ အခါကျ တော့- ညာ ဘယ်ပေါ့၊ နောက်- ဒီလိုချည်းဘဲ ပြင်ရတော့မယ် ဆို ယင် အမှတ်နဲ့ပြင်ကြ၊ ခဏ ခဏ တော့ မပြင်ရဘူးနော်၊ ခုန ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ မနေနိုင်မှ ပြင်ရတယ်၊ (မှန်ပါဘုရား။)

**အလွတ်ထိုင်နည်း** ကဲ- နောက်ကို- ဒီလိုဘဲ၊ ဘယ်ညာ, ညာဘယ်, မထပ်ချင်ဘူးဆိုယင်၊ ကြိုက်သလို ထားပေါ့၊ လက်ဝါးချင်း ကပ်၍ဖြစ်စေ၊ လက်တခုအပေါ်၌ လက်တခုထပ်၍ ဖြစ်စေ၊ လက်ပိုက်၍ဖြစ်စေ၊ လက်နှစ်ဖက်ကိုပေါင်ပေါ်မှာမှောက် လျက်၊ ပက်လက်, စောင်းလျက်, ဖြစ်စေ, ဘေးချ၍ ဖြစ်စေ၊ ကြိုက်သလိုလက်ထားနိုင်ပါသည်၊ အဲဒါ- အလွတ်လက်ထားနည်း။

ခြေထောက် ပြင်ချင်တယ် ဆိုယင်၊ ခြေထောက်ထဲ စိတ်ဖြန့် ပေါ်ဒါမှတ်၍၊ ဖြေး ဖြေး ဖြေး ဖြေး ခြေထောက်ကို ပြင်ကြ

အိမ်မှာလို ဖြုန်းကနဲ၊ ဒိုင်းကနဲ မြည်အောင် မပြင်ရဘူး၊ ဒီမှာ- ယောဂီတွေက များတယ်၊ ကိုယ့်နေရာကိုယ် ချွတ်ခနဲ- ဖြုတ်ခနဲ ဒီလို ပြင်မယ်ဆိုယင်၊ ဘေးကလာပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အားထုတ်လို့ မရဘူး၊ သမာဓိ ပျက်တတ်တယ်။

ဒါကြောင့်- အလေ့အကျင့် လုပ်ထားကြ၊ ခြေထောက်ပြင်သော အခါဆိုယင်၊ ခုနတုန်းက၊ တင်ပလ္လင်ခွေ ထိုင်ထားတယ်၊ ဘယ်အပြင်ဘက် ညာအတွင်း တင်ပလ္လင်ခွေ မိန်းမထိုင် မထိုင်နိုင်တော့ဘူးဆိုယင်၊ ကြိုက်သလိုပါဘဲ၊ ခြေဆင်း၍ဖြစ်စေ၊ ဒူးထောက်၍ဖြစ်စေ၊ ဒူးနှစ်ဘက် သိုင်း၍ဖြစ်စေ၊ မှီ၍ဖြစ်စေ၊ မမှီဘဲနဲ့ ဖြစ်စေ၊ ကြိုက်သလိုခြေထောက် ထားနိုင်ပါ၏၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား) ဒါက အလွတ် ခြေထောက်ထားနည်း ခေါ်တယ်။

ဘယ်ညာတစောင်း ပြောင်းချင်တယ်ဆိုယင်၊ စိတ်သည် ရင်ထဲက တကိုယ်လုံးသို့ ဖြန့်၊ပေါ်ဒါမှတ်၍၊ ဖြေး ဖြေး, ဖြေး ဖြေး ကိုယ်ကြီးကို ဘယ်ညာ တစောင်း ပြောင်းကြလို့ ဆိုလိုသည်၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား။)

**လိုရင်း အချုပ်။** သမထ ထိုင်နည်းကော ထိုင်တတ် ပလား၊ (ထိုင်တတ်ပါပြီ ဘုရား) အလွတ် ထိုင်နည်းကော ထိုင်တတ်ပလား၊ (ထိုင်တတ်ပါပြီဘုရား) အဲဒါ- နှစ်ခုချုံးပေါ့- ညက စကားနဲ့ သွားကိုက်တယ်၊ ထိုင်ချင်သလို မထိုင်ရဘူးလား၊ (ထိုင်ရပါတယ် ဘုရား) ထိုင်ရတယ်နော်၊ (မှန်ပါဘုရား) ချမ်းသာသလို မထိုင်ရဘူးလား၊ (ထိုင်ရပါတယ်ဘုရား) ထိုင်ဒါ

လိုရင်းလား၊ ပေါ်ဒါမှတ်ရဒါ လိုရင်းလား၊ (ပေါ်ဒါ မှတ်ရဒါ လိုရင်းပါဘူးရား) ကိုယ့်ယို့ကားယား- ထိုင်နေလို့ရှိယင်၊ ကိုယ့်ယို့ ကားယား မှတ်မလား၊ ပေါ်ဒါမှတ်မလား၊ (ပေါ်ဒါမှတ်ပါမယ် ဘူးရား) အဲဒါ-ကိုယ့်ယို့ကားယား သူမြင်ဒါမှ မဟုတ်ဘဲ၊ ခန္ဓာမှာ ရှိတဲ့ အပူဓါတ်လေး၊ အအေးလေး၊ လှုပ်၊ ရွ၊ မွ၊ ဆိုတဲ့ ဓါတ်ခ လေး၊ကနို့၊ တိုး၊ တွန်း၊ ဆိုတဲ့ လေဓါတ်ခလေး၊ သူတို့ ကိုယ့်ယို့ ကားယားပါရဲ့လား၊ (မပါ့ပါ ဘူးရား) သူတို့က ပေါ်ပြီး ပျက် သွားဒါဘဲ ဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘူးရား) ပေါ်ရုံပေါ်ပြ ဒါဘဲ၊ သူတို့အနေကြည့်မယ်ဆိုယင်၊ ဟာ—ဒီအပူ အအေးလေး ဟာ ကိုယ့်ယို့ ကားယား ရှိပ့မလား၊ (မရှိပါဘူးရား)။

ဒီအပူ့အအေး့ လေးဟာ တယ်ရှိသေဒါဘဲ၊ အဲသလို ရှိသေး လား၊(မရှိတော့ပါ ဘူးရား) မရှိတော့ဘူး၊ အင်မတန် သိမ်သိမ် မွေ့မွေ့ အခိုးအငွေ့သာရှိဒါလေး- ချက်ခြင်းပေါ်၊ ချက်ခြင်း ပျက်သွားဒါဘဲ၊ သူတို့ဘယ်- ကိုယ့်ယို့ ကားယား အသွင်ထင် မလဲ၊ ထင်ရဲ့လား၊ (မထင်ပါဘူးရား) သူကသဘောလောက်ရှိဒါ ဘဲ၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘူးရား) အဲဒါ- ထိုင်လျက်အား ထုတ်ပုံပါဘဲ။

ယောဂီတို့ ထိုင်တတ်ပလား၊ (ထိုင်တတ်ပါပြီဘူးရား) အား ကော ထုတ်တတ်ပလား၊ (အားထုတ်တတ်ပါပြီဘူးရား) မထုတ် တတ်ယင်တော့ ငြိမ်မနေနဲ့ တော်တော်ကြာ တရား စစ်တော့ ဘာမှ မပြောတတ်မှာ မဟုတ်ဘူး၊ ယောဂီထိန်းတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ တရားစစ်တဲ့ ဆရာတော်ဦးသံဝရလဲ ရှိပါတယ်၊ လျှောက်ပါ၊ နားမလည်လို့ ရှိယင် ဦးပဥ္စင်းများ တာဝန်ပါဘဲ၊

နားလည်ပြီးလို့ အားမထုတ်ဘူး ဆိုယင်၊ ယောဂီတို့ တာဝန်ဘဲ-
ပျက်ကဲ့လား၊ (ပျက်ပါတယ် ဘုရား)။

ကိုယ့်တာဝန်နဲ့ ကိုယ်ထားပါ၊ ဟာ- အားမှ မထုတ်တတ်ဘဲ၊ ဘယ်နဲ့ အားထုတ်မလဲလို့ဒီလို စကားမျိုးတော့ ပေါ်မလာပါနဲ့ တကယ့်ကို အားမထုတ်တတ်ဘူးဆိုယင်၊အချိန်ကုန် မခံပါနဲ့ ချက်ချင်း လျှောက်ပါ၊ ဒီလောက်ထိအောင် ခွင့်ပေး တယ်ဆိုယင်၊ ယောဂီတို့ ဘက်က သေချာအောင်လုပ်နော်၊ (မှန်ပါဘုရား) ဒါ- ထိုင်လျက် အား ထုတ်ပုံပါဘဲ။

**အိပ်လျက်အားထုတ်ပုံ။** အိပ်လျက် ပြောမယ်၊ ညက တုံးက အိပ်လျက် အားထုတ်ပုံ ချမ်းသာသလိုအိပ်နိုင်၏၊အိပ်တတ်သလို အိပ်နိုင်၏၊ ပျက်ကဲ့လား၊(ပျက်ပါတယ်ဘုရား) ဒီမနက်လဲ ဒီအတိုင်းပါဘဲ၊ ဘယ်လိုအိပ်ပြီး အားထုတ်ရမယ်လို့ ကျမ်းဂန်မှာ သေချာစွာ မပါဘူး၊ အိပ်ပုံအိပ်နည်းလေးတော့ ပါ့ပါတယ်၊ အားထုတ်ပုံ ပါဒါမပျက်ဘူး။

ဒါကြောင့်–ကျမ်းဂန်အရကို ပြောမယ်ဆိုယင် ချမ်းသာသလို အိပ်နိုင်၏၊ အိပ်တတ်သလို အိပ်နိုင်၏၊ သို့ပါသော်လဲ ဦးပဥ္စင်းများ လက်တွေ့အားထုတ်ခဲ့တဲ့ နေရာမှာ ပက်လက်လှန်ပြီးတော့ အိပ်လျက် အားထုတ်မယ်ဆိုယင် မြင်လွယ်တတ်ပါသည်။

ပက်လက်လှန်အိပ်ပုံ၊ လူသေပြီးကာစ အလောင်းကို ပြင်ထားတဲ့ပုံသဏ္ဌာန်လို ဆရာဝန်များ ခွဲစိတ်တော့မယ်လို့ ခုံပေါ်မှာ ပက်

လက်လှန်ပြီးတော့ တင်ထားတဲ့ ပုံသဏ္ဍာန်လို၊ ခြေထောက်ရယ်၊ ကိုယ်ကြီးရယ်၊ ခေါင်းရယ်၊ တည်းတဖြောင့် ထားပါ၊ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

တောင့်တောင့်တင်းတင်းကြီးလဲ မလုပ်နဲ့၊ အသက်ရှူပြင်းပြင်းကြီးလဲမလုပ်နဲ့၊ သူ့သဘောနဲ့သူ့ဟာသူ အသာလေး ပစ်ထား၊ နှာတာရှည် လူမမာတို့သည် အမောဆိုက် သေတော့မည့် ဆဲဆဲလေးမှာ၊ အသက်ရှူရှိုက်ရှူရှိုက် နေတဲ့ပုံသဏ္ဍာန်လို ခန္ဓာမှာကြည့်မယ်ဆိုယင်၊ ဗိုက်ခလေးဟာဖြင့် အင်မတန်မှ လျော့ပြီးသကာလ၊ ထားနေတဲ့ ပုံသဏ္ဍာန်လို၊ ခပ်လျော့လျော့ လေးထားယင်၊ ပိုပြီးတော့ ကောင်းတယ်၊ မြင်မှမြင်ပမလားလို့ ဒီလိုစိတ်မျိုးနဲ့မှ မမေးနဲ့၊ ငါသည် ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်တယောက်ဘဲ၊ အားထုတ်လိုက်ယင် မချရမှာဘဲဆိုဒါ ယုံကြည်ပြီးသကာလ၊ ကြိုးစားအားထုတ်ကြ၊ ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

အိပ်လျက်ကော ကြာကြာ လေးတော့ အိပ်နော်၊ (မှန်ပါ ဘုရား) အိပ်မပျော်သွားယင်၊ ထိုင်လျက်ထက် အိပ်လျက်က ပိုမြင်လွယ်တယ်၊ သို့သော်-ပက်လက် အိပ်လိုက်လို့ရှိယင်၊ သူငယ်ချင်းဝင်လာသောကြောင့်၊ အိပ်ပျော်သွားတတ်တယ်၊ အဲဒါလေးဟာ ဆိုးတယ် ခေါ်တယ်၊ ထိန့်မိဒ္ဓ မဝင်ဘူး ဆိုလို့ရှိယင်၊ ကြာကြာလေး အိပ်၊ အိပ်ပျော်ဒါ ပြောဒါ မဟုတ်ဘူးနော်၊ (မှန်ပါဘုရား။)

"ကာယပသာဒရဏ သန္တိတံ သဃနမ္ပိ ဝုစ္စတိ" လို့ အဋ္ဌကထာလာသောကြောင့်၊ ကိုယ်လက် ဆန့်တန်း ထားဒါခေါ်တယ်၊

အိပ်ပျော်ယင်တော့ မရဘူး၊ ကြာကြာလေး တုံးလုံးလှည်းထား၊ တင်းပြည့် ကျပ်ပြည့် ကြာသွားအောင် အမိဋ္ဌာန်ပါရမီလေးလဲရုံခါ ရုံခါယူကြ။

စိတ်ဘယ်မှာထား၊ (ရင်မှာထား) ဘာလုပ်နေ၊(ကိုယ်မှာပေါ ဒါငါးမျိုးမှတ်နေ) အိပ်ထာ မှတ်မလား၊ ပေါဒါ မှတ်မလား၊ (ပေါဒါ မှတ်ရပါမယ် ဘုရား) ဘယ်နေရာကမှတ်၊ (ရင်ကမှတ်) ဘာနဲ့မှတ် (စိတ်နဲ့ မှတ်ရပါမယ်ဘုရား) ဘယ်အချိန်မှတ်၊ (ပေါ တဲ့အချိန် မှတ်ရပါမယ် ဘုရား) ဘယ်မှာပေါတတ် (တကိုယ်လုံး မှာပေါတတ်ပါတယ်ဘုရား)အဲဒါ-လိုရင်းဘဲ၊ ဘယ်လိုအိပ်အိပ်ဘဲ လိုရင်းမဟုတ်ဘူးနော်၊ (မှန်ပါ ဘုရား။)

အမိဋ္ဌာန်စေ့၍ဖြစ်စေ၊ ဆင်းရဲဒုက္ခ ပြင်းထန်လှ၍ဖြစ်စေ၊ မနေနိုင်တော့ဘူး ပြင်ရတော့မယ်၊ မျက်လုံးတော့ မှိတ်ထားနော်၊ (မှန်ပါ ဘုရား) မျက်လုံးအာရုံတော့ ဆိတ်ပစေ၊ လက်ပြင်ယင် လက်ထဲစိတ်ဖြန့်၊ ပေါဒါမှတ်၍ ဖြေးဖြေးပြင်ကြ၊ ခြေထောက်ပြင် ချင်ယင်၊ ခြေထောက်ထဲ စိတ်ဖြန့်၊ ပေါဒါမှတ်၍ ဖြေးဖြေးပြင် ကြပါ။

ကိုယ်ကြီး ဘယ်ညာတစောင်း ပြောင်းချင်တယ်၊ ကွေးချင် တယ်၊ ဆန့်ချင်တယ်ဆိုယင်၊ ကိုယ်ကြီးထဲစိတ်ဖြန့်၊ ပေါဒါမှတ်၍၊ ဖြေးဖြေး, ဖြေးဖြေး ဘယ်ညာတစောင်း ပြောင်းပါ၊ ကွေးကြပါ၊ ဆန့်ကြပါလို့ ဆိုလိုသည်၊ ရှင်းပလား၊ (ရှင်းပါပြီ ဘုရား) အိပ် တတ်ပလား၊ (အိပ်တတ်ပါပြီ ဘုရား) အားထုတ်တတ် ပလား၊ (အားထုတ်တတ်ပါပြီ ဘုရား) မှတ်ကော မှတ်တတ်ပလား၊ (မှတ်

တတ်ပါပြီ ဘုရား) အိပ်ထာ မှတ်မလား၊ ပေါ်ဒါ မှတ်မလား၊ (ပေါ်ဒါမှတ်ရပါမယ်ဘုရား)အဲ-ရှင်းသွားပြီ တမျိုးတည်းပါဘဲ။

**ရပ်လျက်အားထုတ်ပုံ။** မတ်တပ်ရပ်လျက် အားထုတ်ပုံပြောမယ်၊ ရပ်လဲ ရပ်ကြနေဘ်၊ ရပ်ယင် ဘယ်လိုမြင်တယ်ဆိုဒါလဲ သိရအောင်၊ ဆွမ်းလောင်းတော့ မတ်တတ်ရပ်လောင်းကြတယ်၊ ကဲ- ခန္ဓာထဲမှာ မတ်တတ်ရပ်ထာ ငါရပ်သလား၊ ပေါင်ခြေသလုံးနဲ့ ရပ်သလား၊ကိုယ်ကြီးနဲ့ရပ်သလား၊ တကယ်တန်းလက်တွေ့ ဘာဝနာမယ၊ ဒါနဆွမ်းလောင်းရအောင်နေဘ်၊ (မှန်ပါဘုရား) အဲဒါ ရပ်လျက်လဲ လုပ်ထားရတယ်။

ရပ်ပုံကလေး၊ ညကတော့ ချမ်းသာသလို ရပ်နိုင်တယ်၊ ယခုလဲ ဒီအတိုင်းဘဲ ချမ်းသာသလိုရပ်နိုင်၏၊ ရပ်တတ်သလို ရပ်နိုင်၏၊ နှစ်ဘက်စုံထောက်၍ ဖြစ်စေ၊ တဖက်ထည်းထောက်၍ ဖြစ်စေ၊ မှီ၍ပင်ဖြစ်စေ၊ မမှီဘဲနဲ့ပင်ဖြစ်စေ၊ လက်လဲကြိုက်သလို ထားနိုင်ပါ၏၊ အဲဒါမတ်တတ်ရပ်ပုံကလေး၊ ကြာကြာတော့ ရပ်နေဘ် တင်းပြည့်ကျပ်ပြည့်၊ ကြာသွားအောင် အဓိဋ္ဌာန်ပါရမီလေးလဲ၊ ရံခါ,ရံခါကူနေဘ် (မှန်ပါ့ ဘုရား။)

စိတ်ဘယ်မှာထား၊ (ရင်မှာထား) ဘာလုပ်နေ (ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်နေ) ရှင်းသွားပလား၊(ရှင်းပါပြီဘုရား) အဓိဋ္ဌာန်စေ့၍ဖြစ်စေ၊ ဆင်းရဲ,ဒုက္ခပြင်းထန်လှ၍ဖြစ်စေ မနေနိုင်တော့ဘူး၊ ပြင်ရတော့မယ်ဆိုယင် ခုနပြောသလိုဘဲ၊ ခြေထောက်ပြင်ချင်ယင်၊ ခြေထောက်ထဲစိတ်ဖြန့်၊ လက်ပြင်ယင် လက်ထဲစိတ်ဖြန့်၊ ခေါင်းပြင်

ယင် ခေါင်းထဲစိတ်ဖြန့်၊ ကိုယ်ကြီးတကိုယ်လုံး ပြင်ချင်တယ် ဆို ယင် ကိုယ်ကြီးထဲ စိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြေးဖြေး, ဖြေးဖြေး၊ မပြင်ချင်, ပြင်ချင် လူပျင်းသဘောနဲ့ ပြင်ကြ၊ ရှင်းသွား ပလား၊ (ရှင်းပါပြီဘုရား) ဒါက,ရပ်လျက် အားထုတ်ပုံဘဲ။

စင်္ကြံ လျှောက်ရမယ်နော်၊ (မှန်ပါဘုရား)စင်္ကြံ လျှောက်တာ၊ ကျွန်းဂန်ထဲမှာ တရားထူးပေါက်ထာမျှားတယ်။

**အတုယူစရာ ဝတ္ထုတို** အင်မတန် အကုသိုလ်တွေ ကြီးမားပြီးတော့ နေတဲ့ မိလက္ခ မထေရ်ကြီးဟာ လူဖြစ်စဉ် အခါကာ လတုန်းက မုဆိုးအလုပ်နဲ့ အသက်မွေးသတဲ့တော တောင်မှာ ပိုက်ကွန်တွေထောင်၊ ထောင်ချောက်တွေထောင်၊ ရတဲ့ သားသမင်များကို ဖုတ်,ကင်,စား,သောက် ရောင်းချပြီးတဲ့နောက် ရေသောက်ချင်တဲ့ ဆန္ဒကြောင့်၊ တောကျောင်း တကျောင်းသို့ သွား ရေသောက်မယ်လို့ ရေအိုးဖွင့်ကြည့် လိုက်တဲ့အခါမှာ ရေတာ စက်မှမတွေ့ရဘူး။

မလှမ်း မကမ်းမှာ စင်္ကြံ လျှောက်၍ တရားအားထုတ် နေတဲ့ မထေရ်ကိုတွေ့တော့ မထေရ်ကြားအောင် အော်ပြောလိုက်တယ်၊ "တယ်ပျင်းတဲ့ ရဟန်းပါလားသူများဆွမ်းကွမ်းတွေ စားပြီးတော့ ရေလေးတောင် မခပ်ချင်၊ အင်မတန် ပျင်းတဲ့ ရဟန်းဘဲ"လို့ပြော တဲ့အသံကို မထေရ်ကကြားတော့ ထူးဆန်းသည် ဖြစ်လေသော ကြောင့်၊ ရေအိုးလာဖွင့်ကြည့်လိုက်တဲ့အခါမှာ ရေအပြည့်တွေ့ရ၍ ခွက်ခလေးနဲ့ ခပ်ပေးလိုက်တဲ့အခါမှာ မုဆိုးကြီးလဲ ဝ,အောင် သောက်ရ။

ရေသောက်ပြီး၊ (မုဆိုးကြီးစဉ်းစားတယ်) ဪ....ငါ့အကုသိုလ်ကံတို့သည်ကား၊ အင်မတန် ကြီးမားလှပါတကား၊ ရေပြည့်သောအိုးတောင် ပုန်းရှောင်တဲ့ ပမာ- ရေတစက်မှမတွေ့ရဘူး၊ ဒီအ-တိုင်းနေခဲ့ပါမူ၊ ငါသည် မုချဆတ်ဆတ် အပါယ်ကျတော့မှာဘဲ-လို့ ထိတ်လန့်သံဝေဂ ရပြီးတဲ့နောက်၊ တောကျောင်း မထေရ်ထံ ကိုရင်ကြီးဝတ်ပြီးသကာလ၊ တရားများအားထုတ်ပြီးတော့နေပါသတဲ့။

ကိုရင်ကြီးဝတ်ပြီးအားထုတ်ပင်အားထုတ်ပါသော်လဲ၊ ကောင်းတဲ့အတိတ်နိမိတ်တွေ ဘာတခုမှမမြင်၊ လုပ်နေကြဖြစ်တဲ့ တောတောင်မှာ ပိုက်ကွန်တွေမြင်၊ ထောင်ချောက်တွေမြင်၊ ဖုတ်၊ ကင်၊ စား၊ သောက်ထာတွေ မြင်နေတော့ ကိုရင်ကြီး စဉ်းစားတယ်။

ငါသည်....အပါယ်ကျမှာကြောက်လို့ ကိုရင်ကြီးဝတ်ပြီး တရားအားထုတ် ပါသော်လဲဘဲ၊ ထူးထူးထွေထွေ ကောင်းတဲ့ အတိတ်နိမိတ်ဆိုလို့ ဘာတခုမှမမြင်၊ လုပ်နေကြဖြစ်တဲ့ မုဆိုးအလုပ်နဲ့ ပတ်သက်ပြီးသာ မြင်နေတယ်၊ ဒီအတိုင်းနေလို့တော့ ဘာအကြောင်းထူးအုံးမှာလဲ၊ လူထွက်ထာကောင်းတယ်လို့ ဆရာသမား သွားလျှောက်တယ်။

ဆရာဖြစ်တဲ့ပုဂ္ဂိုလ်က တခါထဲအဝိစိငရဲမီးကြီးကို အဓိဋ္ဌာန်လေးနဲ့ယူပြီးတော့ သူ့ပြလိုက်ထာဘဲ၊ ကိုရင်ကြီး-ဒီမီးဟာနော်....ငရဲမီးခေါ်တယ်၊ ကိုရင်ကြီးမနေနိုင်လို့ လူထွက်မယ်ဆိုယင်၊ ဟောဒီ ငရဲမီးတော့ လောင်ရမှာဘဲ၊ ဆရာကလဲ သာမည ဆရာ မဟုတ်ဘူး၊ အဘိညာဉ်တန်ခိုး အင်မတန်အမျိုးမျိုးမှာ ပြည့်စုံတဲ့ ဆရာဖြစ်တော့

ကြောင့်....ငါ့ဆရာပြောဒါ အင်မတန်မှန်မှာဘဲ၊ ငါတော့ လူထွက်လျှင်တော့ ဒီမီးတော့ လောင်ရမှာဘဲဆိုပြီးတော့ ကြောက်ထာကိုးကြောက်တော့ အဲဒီ မီးမလောင်ရအောင်၊ အစိစိ ငရဲမီးထဲမကျအောင်၊ သူက သိပ်ပြီး ပြင်းပြင်း ထန်ထန်အားထုတ်ထာဘဲ။

ကောက်ရိုး ကရွတ်ခွေ စိုစိုကြီးကို ခေါင်းပေါ် တင်ပြီး ကာ၊ ခေါက်တုံ့ ခေါက်ပြန် စင်္ကြံလျှောက်ခါ အားထုတ်နေသည့် အတွင်းမှာ ဖြစ်ပျက်သုံးခါရပ်တဲ့ အနာဂါမ်အဖြစ်သို့ ရောက်သွားပါသတဲ့။

ဒါကြောင့်- ကျမ်းဂန်ထဲမှာ လမ်းလျှောက်နေရင်း တရားအားထုတ်ထာ တရားထူးပေါက်ထာ များ၏၊ ဒါကတမျိုး။

**လမ်းလျှောက်ခြင်း အကျိုးငါးပါး။** လမ်းလျှောက်ခြင်း အကျိုး ငါးပါး ကိုလဲ၊ ပဥ္စက နိပါတ် အင်္ဂုတ္တိုရ် ပါဠိတော် ဘုရားကိုယ်တိုင်ဟောပါတယ်၊ ဟောပုံလေး။

**ခရီးသွားနိုင်။** လမ်းအလေ့အထ လျှောက် ထားကြသဖြင့် အကြောင်းရှိလို့ ခရီးသွားနိုင်မယ် ဆိုယင်၊ ခရီးလဲသွားနိုင်တယ်၊ ပေါင်မိုးစိုခြင်း၊ ခြေထောက်နာခြင်းမရှိ၊ နေ့ချင်းပြန်မသွားနိုင်သော ပုဂ္ဂိုလ်ဟာ နေ့ချင်းပြန်သွားနိုင်တယ်။

ခရီးသွားတော့ ခြေထောက်နဲ့သွားတယ်၊ သွားပါများတော့ ချင်ကမောတယ်၊ ချွေးကျတော့ တကိုယ်လုံး အိုက်စပ်စပ်ဖြစ်သွားတယ်၊ တကိုယ်လုံးဖြစ်ပျက်ချည်းဘဲ၊ လမ်းလျှောက်တော့ လေနဲ့လျှောက်၊ လေနဲ့လျှောက်ယင် မီးပါ၊ မီးနဲ့ လေနဲ့နှစ်ခုပေါင်းတော့

တကိုယ်လုံး ပူရှိန်, ပူခိုး, ပူငွေ့တွေထ၊ အိုက်စပ်စပ်ဖြစ်၊ နောက်တော့ အာကာသရပြီးတော့ ချွေးလေး တစိုစိုနဲ့ ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ် ဘုရား) ဒါကြောင့်- နောက်ကို လမ်းလျှောက်ပါများတော့၊ လေနဲ့လျှောက်ထာ များတတ်တယ်၊ လေနဲ့ လျှောက်ထာ များသောကြောင့်၊ အကြောင်းရှိလို့ ခရီးသွားယင်၊ ခရီးသွားနိုင်ခြင်း အကျိုးတခုရပါသည်။

**ကြန့်ခိုင်အားအင်။** အင်အားဗလ များလဲ ခိုင်မာ သန့်စွမ်းတတ်တယ်၊ အင်အားဗလ မဆုတ်ယုတ်ဘူး လို့ ဆိုလိုတယ်။

**ကင်းစင်ရောဂါ။** တယ်ဟုတ်ပါလား၊ ရောဂါလဲ ကင်းစင်တတ်တယ်၊ ကျန်းမာရေးနဲ့လဲ ပြည့်စုံတတ်တယ်၊ ဒါကြောင့်- မြို့ကြီးများမှာ အဘိုးကြီး တွေပင် ဖြစ်သော်လဲဘဲ၊ လမ်းလျှောက်ကြတယ်၊ မနက် စောစော လေးနာရီ လေးနာရီခွဲ လောက်ဆိုယင်၊ နှင်းကလေးနဲ့ တချို့ လမ်းလျှောက်တယ်၊ အခု အလေ့ အထ, မှာဆိုယင်၊ အဘိုးကြီးတွေလောက် မဟုတ်တော့ဘူး၊ အိမ်ကသားလေးတွေ, သမီးလေး တွေတောင် တပြုံကြီးနဲ့ ထွက်လျှောက်ကြတယ်။

ရောဂါကင်းဘို့ ကျန်းမာရေးနဲ့ ပြည့်စုံတယ်၊ ခုန ဦးပဥ္စင်းပြောတဲ့အတိုင်းဘဲ၊ လမ်းလျှောက်တော့ အခိုးထ, အခိုးထတော့ ခန္ဓာမှာဆိုယင်၊ အာကာသ,ရပြီးတော့ ချွေးလေးတစိုစို ဖြစ်နေတော့ ကျန်းမာရေးနဲ့ ပြည့်စုံတယ်-တဲ့၊ အခိုး,အငွေ့,တွေလဲ ကိုယ်ထဲမှာ

မအောင်းတော့ဘူး၊ ဒါကြောင့်- ရောဂါကင်းခြင်း အကျိုးတခု ရပါသည်လို့ ဆိုပါသည်။

**အစာကြေကျက်။** လမ်းလျှောက်ထာ အစာကြေ ဆိုပါလား၊ ဂျို့တယ် အံတယ်, အစာမကြေ ဘူးလို့ထင် ယင် လမ်းလျှောက်တဲ့ ဘုရားဟောလဲယုံကြ။ ကြေမှာပေါ့-ဟိုပါ စက,တေဇောဆိုဘဲ့ ဝမ်းမီးဟာ စားသောက်သော အစာကို ချေ ချက်တတ်တယ်။

အဲဒီ ဝမ်းမီးညံ့နေယင် အစာမကြေဘူးပေါ့၊ အဲဒီ ဝမ်းမီးက လေးကို လမ်းလျှောက်လိုက်တဲ့ အခါကျတော့ ခန္ဓာမှာပူရှိန့်,ပူခိုး, ပူငွေ့,တွေထတယ်၊ ဥတုဇမီးဘဲ၊စိတ္တပစ္စယ ဥတုဇမီးခေါ်တယ်၊အဲဒီ မီးလေးက ခုနပြောတဲ့ ပါစကတေဇောဆိုတဲ့ ကမ္မဇရုပ် ဝမ်းမီးကို၊ ဝိုင်းပြီးတော့ အားပေးလိုက်တဲ့ အခါကျတော့ ချက်ခြင်းကြေ သွားဒါဘဲ တယ်ကောင်းဒါဘဲ။

**မပျက်သမာဓိ။** ဦးပဥ္စင်းတို့ လုပ်ငန်းနဲ့ ပြောဒါ၊ လမ်းများ များအမှတ်နဲ့ လျှောက်မယ် ဆိုယင်၊ အဲဒါ- သမာဓိ မပျက်ဘူး၊ဟုတ်လဲဟုတ်ထာဘဲ။

လမ်းလျှောက်နေတဲ့ပုဂ္ဂိုလ်တယောက်ရပ်လိုက်မယ်,ခရီးသွားတဲ့ အခါ မောလို့နားကြမယ်ဆိုယင်၊ ခန္ဓာမှာချွေးပြန်လာလိမ့်မယ်၊ ခရီးသွားပြီး အိမ်ပြန်လို့ အိမ်ရောက်လျှင်ရောက်ခြင်းထိုင်၊ ထိုင်ပြီး တော့ အိမ်က တခုခုပြောလိုက်မယ်၊ဟာ....နေစမ်းပါအုံး, နေစမ်း ပါအုံး၊ နောက်တော့မှ စကားပြောစမ်းပါ.... ဒီမှာ မောလွန်းလို့, မောလွန်းလို့ ဆိုသတဲ့၊ ရင်မှာလဲ သိပ်ခုံဒါဘဲ၊ ချွေးလဲ သိပ်ကျ ဒါဘဲ။

အဲဒါ မကြည့်ဘဲနဲ့မနေနိုင်ဘူး၊ ဟိုမှာ့ဒီမှာသွားပြီးတော့ စိတ်ရောက်သော်လဲ ခနလေး၊ ခန္ဓာမှာ အင်မတန်မှ တခါထဲ ဖြစ်ပျက်တွေက သိပ်မြန်နေဒါဘဲ၊ ဒါကြောင့်- မပျက်သမာဓိ၊ သိပ်ကောင်းဒါဘဲ၊သမာဓိ့လဲ မပျက်ဘူး၊သမာဓိ့မပျက်ယင် ဖြစ်ပျက် မြင်ဒါပေါ့၊ဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား။)

"မပျက်သမာဓိ၊ငါးပါးရှိ၊လာ၏ စကြံအကျိုးတည်း"....လို့ ဘုရားဟောလေးကို တခါထဲ ဆရာတော်ကြီးက လင်္ကာ စီကုံး လိုက်တယ်။

**ဆောင်။** (ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင် ရောဂါ၊
(အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ လာ၏
(စင်္ကြံအကျိုးတည်း။

စင်္ကြံလျှောက်ကြမယ်နော်၊ ဟို- အဘိုးကြီးတွေ၊ အဖွားကြီးတွေ မလျှောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖယ်ထား၊ လျှောက်နိုင်တဲ့ပုဂ္ဂိုလ်တွေ၊ လမ်းနာနာလျှောက်ပေးကြ၊ လျှောက်လို့လဲ သိတ်ကောင်းဒါဘဲ၊ ဒီဘုရားစောင်းတန်းထဲမှာလဲ လျှောက်ယင်ရဒါဘဲ။

**စင်္ကြံလျှောက်လျက် အားထုတ်ပုံ။** ကဲ- လမ်းလျှောက်ပုံလေး အရေးကြီးဒါဘဲ၊ညက့တုံးက ချမ်းသာသလိုလျှောက်နိုင်၏၊ လျှောက်တတ်သလိုလျှောက်နိုင်၏ ဒီနေ့အရင်းကျကျပြောတော့မယ် သေချာမှတ်၊ (မှန်ပါ ဘုရား။)

လမ်းလျှောက် တော့မယ် ဆိုတော့ မတ်တတ် မရပ် ဘူးလား၊ (ရပ်ပါတယ် ဘုရား) မတ်တတ်ရပ်တော့ စိတ်ဘယ်မှာထား၊ (ရင်

မှာထား) ဘာလုပ် (ကိုယ်မှာပေါ်ဒါငါးမျိုးမှတ်ပါတယ်ဘုရား) ဒီအတိုင်းဘဲ မတ်တတ်ရပ်နေပြီနော် မျက်စိထဲမြင်ထား။

"အာဒိကမ္မိက" တရားအားထုတ်ခါစ၊ အမြင် မသန် သေးသော ယောဂီများအတွက် ဆုံးမ မယ်၊ လမ်းလျှောက်တော့ လက်ကိုငြိမ်ထားရတယ်။

**လက်ငြိမ်ပုံလေးမျိုး။**

လက်ပိုက်၍ဖြစ်စေ.... ၁။
လက်နှစ်ဘက်ယှက်ရှေ့ချ၍ဖြစ်စေ.... ၂။
လက်နှစ်ဘက် ဘေးချ၍ဖြစ်စေ.... ၃။
လက်နှစ်ဘက်ယှက်နောက်ပစ်၍ ဖြစ်စေ-၄။

လက်ငြိမ်ပုံဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား) မှတ်နော်.... မှတ်နော်၊အချိုးကျပါစေ၊ဆုံးမပြီးလျှင် တသွေမတိမ်းလိုက်နာပါ၊ လိုက်နာပြီး လက်တွေ့လုပ်ကြည့်ပါ။

**မျက်စိဣန္ဒြေ ငြိမ်သက်စေ။**

မျက်လုံးလိုတယ်၊ ယောဂီဆိုဒါ ပါတိ မောက္ခ သံဝရသီလ တင်မဟုတ်ဘူး၊ ဣန္ဒြိယ သံဝရ သီလ ပါရတယ်၊ ဣန္ဒြေခြောက်ပါးလုံးရတယ်၊ မျက်စိအတွက်ဆိုတော့ စက္ခုန္ဒြေလုံရတယ်၊ မျက်စိ စောင့်စည်း ပါနော်၊ မျက်စိမကလက်နဲ့ မဆော့နဲ့ မကစားနဲ့ ဆိုလိုသည်၊ အားလုံး ရှင်းပလား၊ (ရှင်းပါပြီ ဘုရား။)

မျက်စိမကလက်၊ မဆော့၊ မကစားပုံလေး၊ လမ်းလျှောက်ယင် လမ်းကလေး မြင်အောင်ကြည့်ပါ၊ ဟိုကြည့်၊ ဒီကြည့်၊ ဟိုအဆောက်အဦကြည့်၊ ဒီအဆောက်အဦကြည့်၊ မကြည့်ပါနဲ့၊ အနား

မှာလူတွေ ဘယ်လောက်ပင်ရပ်၍ ရှိသော်လဲဘဲ မကြည့်ပါနဲ့၊ အသံကြား ဘုားကနဲ့ အမှတ်မပါဘဲနဲ့၊ ဘုားကနဲ့ ဇွတ်တိုးမကြည့်လိုက်ပါနဲ့၊ သကြံ့တွင်းရက်မှာ ဟိုအပြင်က ရေပက်တဲ့အသံတွေ ဆူဆူညံညံတွေ ကြားသော်လဲ လိုက်မကြည့်ပါဘဲနဲ့ ကိုယ်လျှောက်တဲ့ လမ်းလေး မြင်ရုံကြည့်ကြပါ။

ဤကဲ့သို့နေမယ်ဆိုယင် ဣန္ဒြေစောင့်စည်းတယ်၊မျက်စိက, မကလက်တော့ဘူး၊မဆော့တော့ဘူး၊ မကစားဘူးနော်၊ ယောကျ်ားတွေသံဃာတွေ ပိုပြီးတော့ စောင့်စည်းစမ်းပါ အရေးကြီးတယ်နော်၊ သံဃာတော်နဲ့ ယောကျ်ားတွေ ရှေ့ဆောင် ခေါင်းဆောင်ဖြစ်တယ်၊ ရှေ့ဆောင်အချိုးကျယင် နောက်လိုက်အချိုးကျဒါဘဲ ရှင်းထားပြီ၊ လက်လဲငြိမ်ထားပြီ၊ မျက်လုံးလဲ စောင့်စည်းထားပြီ။

**ရှုမှတ်ပုံ ရှုမှတ်နည်း။** ကဲ- လမ်းလျှောက်တော့မယ် စိတ်ကဘယ်မှာနေ၊ (ရင်မှာနေ) ဖြန့်တော့မယ် စိတ်နဲ့ဘဲ ဖြန့်ရတယ်၊ မျက်စိနဲ့ မဖြန့်ရဘူး၊ ရင်ထဲမှာနေတဲ့ စိတ်ခလေးဟာ၊ ဘယ်လှမ်းယင် ဘယ်ခြေထောက်ထဲသို့ဖြန့်၊ ညာလှမ်းယင် ညာခြေထောက်ထဲသို့ အတွင်းဖြန့်-ဖြန့်, အပြင်ဖြန့် မဖြန့်ရဘူး။

အပြင်ဖြန့်ကို ပြောမယ်၊ ခြေထောက်မြင်တယ်၊ ကွဒါ,မြောက်ထာ၊ ချဒါမြင်တယ်ဆိုယင်၊ အပြင်ခေါ်တယ်၊ မှားလို့ မဟုတ်ဘူးနော်၊ ကွဒါ, မြောက်ထာ, ချဒါတို့သည်၊ အပြင် မျက်မြင် ခေါ်

တယ်၊ ဓါတ်သဘော ခန္ဓာထဲမှာ ကြွဒါတွေ့မတွေ့၊ (မတွေ့ပါဘုရား) အပူ ကလေး၊ အအေး ကလေး၊ အလှုပ်ခလေး၊ အရွကလေး သည်၊ ကြွဒါရှိမရှိ (မရှိပါဘုရား။)

ခန္ဓာမှာ ပထဝီဆိုတဲ့ အမှုန်လေးဟာ ကြွဒါရှိမရှိ (မရှိပါဘုရား) ခြေထောက်မှ မရှိဘဲဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) ခြေထောက်မရှိဘူး၊ လက်မရှိဘူး၊ ကိုယ်ကြီးမရှိဘူး၊ သူတို့ကဓါတ် သဘောဆိုယင် ဖြစ်ပြီး ပျက်သွားဒါဘဲ၊ ပရမတ်သဘော ကျကျ နနမြင်ယင် နေရာမရွေးဘဲနဲ့ ပျက်တယ် ခေါ်တယ်၊ ဟုတ်ကြရဲ့ လား၊ (ဟုတ်ပါတယ်ဘုရား။)

ဦးပဥ္စင်းတို့ဆရာတော်ကြီးက အတွင်းဖြန့်တယ်၊ အပြင်ဆိုယင် တော့ အာရုံတွေအများကြီးပေါ့၊ ယခုအတွင်းဖြန့်ဖြန့်၊ ရင်ထဲက နေပြီးတော့ ခြေထောက်ထဲသို့ အတွင်းဖြန့်၊ ဖြန့်ယင် ပေါ်ဒါငါး မျိုး တမျိုးမျိုးမြင်နေရမယ်၊ အဲဒါ အတွင်းဖြန့်ဆိုတယ်၊ သဘော ကျပလား၊ (ကျပါပြီ ဘုရား) မှတ်ထားကြ။

ဘယ်လှမ်းယင် ဘယ်ခြေထောက်ထဲသို့ အတွင်းဖြန့်၊ ဖြန့်၊ ကြွ တုန်းပေါ်ဒါမှတ်ရတယ်၊ မြှောက်တုန်း ဘာမှတ်မလဲ၊ (ပေါ်ဒါ မှတ်ရပါမယ် ဘုရား) အောက်ချလိုက်ယင် (ပေါ်ဒါ မှတ်ရပါ တယ် ဘုရား။)

ဘယ်လှမ်းပြီးယင်၊ ညာလှမ်း၊ ကြွတုန်း (ပေါ်ဒါမှတ်ရပါမယ် ဘုရား) မြှောက်တုန်း (ပေါ်ဒါ မှတ်ရပါမယ် ဘုရား) အောက် ချတော့ (ပေါ်ဒါမှတ်ရပါမယ်ဘုရား။)

ညာပြီးယင် ဘယ်ဘဲ၊ ကြွသည်က, ချသည့် အခါတိုင် အောင် တလှမ်းအတွင်း ဘာမှတ် (ပေါ်ဒါ မှတ်ရ ပါမယ်ဘုရား) ဘယ်ပြီး ယင် ညာလှမ်းဘဲ၊ ကြွသည်ကအစ ချသည့် အခါတိုင်အောင် တ လှမ်းအတွင်း ဘာမှတ် (ပေါ်ဒါမှတ်ရပါဘုရား) ဘယ်နေရာက မှတ် (ရင်ကမှတ်) ဘာနဲ့မှတ် (စိတ်နဲ့မှတ်ရပါဘုရား) ဘယ် အချိန် မှတ် (ပေါ်တဲ့အချိန် မှတ်ရပါမယ် ဘုရား) ဘယ်မှာပေါ် တယ်၊ (တကိုယ်လုံးမှာ ပေါ်တတ်ပါတယ်ဘုရား) တကိုယ်လုံးနော် (မှန် ပါဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား။)

ခြေထောက်နဲ့ လျှောက် သော်လဲဘဲ၊ ခြေထောက်ထဲမှာတင် ပေါ်မယ်လို့မဟုတ်ဘူး၊ ခြေထောက်ကို နောက်မှ မြင်တတ်တယ်၊ အမြင်သန်ရာသွားပြီးတော့ မြင်တတ်တယ်။

ဥပမာ- ခြေထောက်က လှမ်းနေပေမယ်လို့ ခေါင်းက, မြင်ချင် မြင်တတ်တယ်၊ ကျောက, မြင်ချင်မြင်တတ်တယ်၊ ရင်က, မြင်ချင် မြင်တတ်တယ်၊ နောက်မှ နယ် ချဲ့ စနစ်နဲ့ ဖြန့်ဖြန့် ကြည့် လိုက် တဲ့ အခါကျတော့ တကိုယ်လုံးမြင်တတ်တယ်။

လှမ်းလျှောက်တဲ့ အချိန်လေးဟာ တကိုယ်လုံး ဆွပေးနေတယ် နော်၊ ခုနဦးပဥ္စင်းပြောတဲ့အတိုင်း၊ လှမ်းလျှောက်ထာခြေထောက် နဲ့လျှောက်၊ မောစရာရှိ ရင်ကမော၊ ချွေးကျစရာရှိ တကိုယ်လုံး၊ အိုက်စပ်စရာရှိ တကိုယ်လုံးမဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) ဒါကြောင့် လမ်းလျှောက်နေတုန်းဟာ မြင်မြင်,မမြင်မြင် တကိုယ် လုံးတော့ ဖြစ်ပျက် ရှိတယ်၊ အားလုံး ရှင်းပလား၊ (ရှင်းပါပြီ ဘုရား။)

ဤကဲ့သို့ အမှတ်နဲ့ လမ်းလျှောက်မယ်ဆိုယင်၊ ခြေထောက်ကို တိုင်းကြည့်၊ အကျဲ့၊ အစိတ်၊ အနှေး၊ အမြန် တူရမယ်။

**အကျဲအစိတ်။** ဘယ်ခြေလှမ်းသည် တတောင် ရှိယင်၊ ညာခြေလှမ်းလဲ၊ တတောင်ပါဘဲ၊ ဘယ်ခြေလှမ်းသည် တောင်ဆုပ်ရှိမယ်ဆိုယင်၊ ညာခြေလှမ်းလဲတောင်ဆုပ်ပါဘဲ၊ ဒါက အကျဲအစိတ်ခေါ်တယ်။

**အနှေးအမြန်။** ဘယ်ခြေလှမ်းသည်၊ ကြွသည်ကအစ၊ ချသည့်အခါတိုင်အောင်၊တမိနစ် ကြာမယ်ဆိုယင်၊ ညာဘက်ခြေလှမ်းလဲ တမိနစ်ကြာ၊ ဘယ်ခြေလှမ်းသည် နှစ်မိနစ် ကြာမယ်ဆိုယင်၊ ညာခြေလှမ်းလဲ နှစ်မိနစ်ကြာမယ်။

လျှောက်တော့ မြန်မြန်ကြီးတော့ မလျှောက်ရဘူး၊ မနှေးလွန်း မမြန်လွန်း လျှောက်ရမယ်၊ ကိုယ့်နေရာမှာကိုယ် လေ့ကျင့်ခန်း၊ အားထုတ်ခန်းဝင်မယ်ဆိုယင်၊ ဘယ်လောက်နှေးနှေး ယခုလိုတရားတော် နာမယ်၊ ဆွမ်းစားခေါက်တဲ့အခါမှာ ဆွမ်းစား သွားယင်၊ မနှေးလွန်း၊ မမြန်လွန်းသွားကြပါ၊ နှေးလွန်းတော့ တော်တော်နဲ့ မရောက်ပါ၊ မြန်လွန်းတော့ အမှတ် လွတ်တတ် ပါသည်၊ အဲဒါကြောင့်၊မနှေးလွန်း မမြန်လွန်း ယောဂီနဲ့လျှော်ညီအောင်သွားကြပါလို့ မှတ်မိပလား၊ (မှတ်မိပါပြီ ဘုရား။)

**မြင်လွယ်ပုံ ။** မြင်လွယ်တဲ့ နည်းစနစ်လေးပြောမယ်၊ လမ်းလေးကြည့်ထား၊ ရှည်သောလမ်း၊ တိုသောလမ်း နှစ်ခုရှိတယ်၊ တိုသောလမ်းဆိုယင် မနှေးလွန်းမမြန်လွန်း ပေါ်ဒါမှတ်

ပြီးသကာလ ဆယ်ခေါက်လောက်လျှောက်၊ ရှည်သောလမ်းဆိုလို့ရှိယင်၊ ငါးခေါက်လောက်လျှောက်။

မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ နှစ်မိနစ်လောက်ရပ်ကြည့်ချက်ချင်း မျက်လုံးမှိတ် ရင်ကနေစိုက်ပြီးတော့ ခြေဖမိုး ထိအောင်ကြည့်လိုက်၊ လမ်းလျှောက်နေတုန်းမမြင်ယင် ရပ်လိုက်ယင် မြင်တတ်သည်၊ နှစ်မိနစ်နေ့်၊ နှစ်မိနစ်ခလေးဘဲ၊ အဲဒါ-မြင်မြင်၊မမြင်မြင် ဆက်ပြီးတော့ လျှောက်ပါအုံး၊ တဆက်တည်းနေ့်၊ တဆက်တည်း၊ လမ်းရှည်ယင် ငါးခေါက်၊ လမ်းတိုယင် ဆယ်ခေါက်၊ မှန်းလျှောက်။

မှန်းဆိုဒါက တစ်၊နှစ်၊သုံး၊လေး၊မဆိုရဘူး၊ မြင်သည် ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ဒုတိယ ဆက်ရပ်ကြည့်ပါအုံး၊ ပဌမရပ်ထာ မမြင်ယင်၊ ဒုတိယရပ်ထာ မြင်တတ်တယ်၊ မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ဆက်လျှောက်ပါအုံး၊ တတိယ ရှိသွားပြီ တဆက်တည်း၊ အဲဒါ မြင်မြင်၊မမြင်မြင်၊ ညောင်းပြီးမလျှောက်နိုင်တော့ဘူး။

အဲဒီ အခါကျတော့ အိပ်ယာထဲသွား ပက်လက် လှန် လိုက်၊ စောင်လေး သက်နှန်းလေး ခြုံနိုင်ယင်ခြုံ၊ မခြုံနိုင်ယင် ဒီအတိုင်းထား၊ ရင်ကနေစိုက်ပြီးတော့ ခြေဖမိုး ထိအောင်ကြည့်၊ မျက်လုံးတော့ မှိတ်ထား၊ ခွေးသေကောင်ပုပ် ငွေးတ၊ဆွဲတဲ့ ပုံသဏ္ဍာန်လို ခန္ဓာမှာ လေပြေးနေတယ်၊ တလှုပ်လှုပ်၊ တရွရွ၊ တမ္မမ္မ၊ တရိပ်ရိပ်၊ တလှုပ်လှုပ်၊ တစစ်စစ်၊ တဖြစ်ဖြစ်၊နဲ့ ရုပ်ရှင်လို ကိုယ်ထဲမှာအမျိုးစုံ ပေါ်နေတတ်သည်၊ ပေါ်တိုင်း၊ ပေါ်တိုင်းလဲ လိုက်ပြီးတော့ သိ

နေတတ်သည့်လို့ ဆိုလိုသည်၊ ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား) ဒါ-ဆရာတော်ဘုရားကြီး၏ မြင်လွယ်တဲ့ နည်းစနစ်ဘဲ။

လမ်းလျှောက်ထာနဲ့ ရပ်ထာ၊ လမ်းလျှောက်ထာနဲ့ အိပ်ထာတွဲ ပုံကလေးခေါ်တယ်၊ဦးပဥ္စင်းပြောချင်ဒါ ဦးပဥ္စင်းအကြိုက်၊ လမ်းလျှောက်ခြင်းသည်၊ အမြင်သန်ဆုံး၊ ဒါကြောင့်- လမ်းလျှောတ်ထာနဲ့ ထိုင်ဒါတွဲ၊ လမ်းလျှောက်ထာနဲ့ အိပ်ထာတွဲ၊ လမ်းလျှောက်ထာနဲ့ ရပ်ထာတွဲ၊ သက်သက်ထိုင်, သက်သက်အိပ်, သက်သက်ရပ်, ထာထက်၊ လမ်းလျှောက်ပြီးထိုင်၊ လမ်းလျှောက်ပြီးအိပ်၊ လမ်းလျှောက်ပြီးရပ်ထာ ပိုမြင်တယ်။

သို့သော်-လက်တွေ့စမ်းကြည့်ရတယ်၊ လုပ်ကြည့်လေ သူများဘယ်လိုပြောပြော ကိုယ့်လက်တွေ့နဲ့ လုပ်ကြည့်ရတယ်၊ ဦးပဥ္စင်းများပက်လက်လှန်ပြီး အိပ်ထာမြင်လွယ်တယ် ခေါ်တယ်၊ သို့သော် ဒို့ဟာစောင်းလျက်အိပ်ထာ မြင်လွယ်တယ်ဆိုယင်၊ကိုယ်မြင်လွယ်သလိုလုပ်လေ၊အိပ်ထာလဲဘဲ ဘယ်လိုအိပ်၊ ဘယ်လိုအသက်ရှုယင်သာမြင်တယ်ဆိုယင်၊ ကိုယ့်လက်တွေ့နဲ့ကိုယ်ပြော နောက်ပိတ်ဆုံးခန္ဓာမှာ လျှပ်တလက်မက ဖြစ်ပျက်မြင်ဘို့ အရေးကြီးဒါဘဲ၊ ဒီမြင်အောင်ကိုယ်ပင် နည်းအမျိုးမျိုးနဲ့ ပြနေကြဒါဘဲ။

ဒီ....ဖြစ်ပျက်မမြင်လို့ရှိယင်၊ ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ကို မရတော့ဘူး၊ လမ်းက ဖြစ်,ပျက် လမ်းကသွားမှ နိဗ္ဗာန် ရောက် တယ်၊ မှတ်စိတ်က သွားမှ မဂ်ကျတယ် ခေါ်တယ်၊ သဘော ကျ ပလား၊ (ကျပါတယ် ဘုရား။)

ဒါကြောင့်-သူ့ဟာသူ ဖြစ်ပျက်ကို ဒီမှတ်စိတ်ကလေးနဲ့ မှတ်ရတယ်၊ လမ်းက, ဖြစ်,ပျက်လမ်းက၊ ဒီအတိုင်း သွားယင် နိဗ္ဗာန်ရောက်မယ်၊ မှတ်စိတ်လမ်းက သွားယင်၊ ဒီမဂ်ကျလိမ့်မယ်၊ ဖိုလ်ဝင်စားလို့ရလိမ့်မယ်၊ အဲဒါ သူ့လမ်းလေးနဲ့ သူ့ဟာသူကြည့်ရတယ်နော်၊ သေချာမှတ်ကြ၊ ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

လမ်းကော လျှောက်တတ် ပလား၊ (လျှောက်တတ်ပါပြီဘုရား)လမ်းလျှောက်တတ်ပြီနော်(မှန်ပါဘုရား) လမ်း လျှောက်တော့ စိတ်ဘယ်မှာထား၊ (ရင်မှာ ထား) ဘာလုပ် (ပေါ်ဒါငါးမျိုးမှတ်ရပါ ဘုရား) ကိုယ်မှာပေါ်ဒါ ငါးမျိုးမှတ်နေပါ၊ ကိုယ်လေးထည့်ပြော။

ဘယ်မှာပေါ်တတ် (ကိုယ်မှာပေါ်တတ်)တကိုယ်လုံး,တကိုယ်လုံး, တကိုယ်လုံး,နော်၊ (မှန်ပါဘုရား) အမြင်သန့်, သန့်သလို မြင်လိမ့်မယ်၊ တချို့ လမ်းလျှောက်ထာ ခေါင်းမှာမြင်တယ်၊ တချို့ကျောမှာ မြင်တတ်တယ်၊ တချို့ရင်မှာ မြင်တတ်တယ်၊ တချို့ပေါင်, ခြေသလုံး၊ နောက်တော့ အတူတူမြင်လာလိမ့်မယ်၊ နယ်ချဲ့စနစ်နဲ့သာ ချဲ့ချဲ့ကြည့် နောက် တကိုယ်လုံးမြင်လာလိမ့်မယ်။

အဲသလိုဆိုလို့ရှိယင်၊ ရွှေတိဂုံ,ရွှေမော်ဓော ဘုရား တန်ခိုးကြီးသော ဘုရားကား မစီးနဲ့၊ တခါထဲသွား သိတ်ပြီး ဟန်ကျ ဒါဘဲ၊ ခြေတလှမ်း တသန်းမက တန်ဒါဘဲ၊ သဘောကျပလား၊ (ကျပါတယ်ဘုရား) အဲဒါ လမ်းလျှောက် ပုံလေး၊ အကုန်လုံး စုံပြီနော်၊ (မှန်ပါဘုရား။)

**မျက်မြင်,ဉာဏ်မြင် ခွဲပြပုံ။**

ကဲ- ပြန်ချုံး ထိုင်လျက်, အိပ်လျက်,ရပ်လျက်, သွားလျက်, ဗမာလို အနေ လေးမျိုး၊ စာလို ဣရိယာပထလေးပါး၊ အဲဒီအနေလေးမျိုးဆို ဒါ မျက်မြင်သာကွဲတယ်၊ ဉာဏ်မြင်တော့အတူတူချည်းဘဲ၊ ဟုတ် ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား)မျက်မြင်သာလေးမျိုးကွဲတယ်။

သို့သော်- အဲဒီမျက်မြင် ဘက်က စစ်မယ်၊ မျက်မြင်ဆိုယင် အ ပြင်၊ အပြင်ဆိုယင် ပညတ်၊ ပညတ်ဆိုယင် အစထဲကမရှိပါ၊ မှတ် ထားကြ၊ ထိုင်လျက်ဆိုဒါ အစထဲကမပါဘူးတဲ့နော်၊ အိပ်လျက်, ရပ်လျက်, သွားလျက်ကော အစထဲက ပါရဲ့လား၊ (မပါ, ပါ ဘုရား။)

ခန္ဓာမှာဆိုယင်၊ ရုပ်နဲ့ နာမ်နဲ့ဘဲ၊ ရုပ်မှာကလလ, ရေကြည်က စ,တည်လာတယ်၊ ဒီရေကြည်ကလလ,ပေါင်း သုံးဆယ်ဘဲ ရှိတယ်၊ အဲဒီရုပ်ပေါင်း သုံးဆယ်ထဲမှာ၊ ထိုင်လျက်, ရပ်လျက်, အိပ်လျက်, သွားလျက်ပါသလား၊ (မပါ,ပါဘုရား) ဟော- နောက်ကို ရေ ကြည်က အမြှုတ်,အမြှုတ်က, သားတစ် ဖြစ်တော့ရော ပါရဲ့လား၊ (မပါ,ပါဘုရား။)

အစထဲက မပါဘူး၊ အစထဲကရှိမှမရှိဘဲ၊ မရှိတော့လဲဘဲသမုတိ သစ္စာ၊ လူတို့ခေါ်ဝေါ်သမုတ်ထားသောကြောင့်၊ ထိုင်လျက်ပြော, အိပ်လျက်ပြော, ရပ်လျက်ပြော, သွားလျက်ပြော, မှန်တယ်၊ သမု တိနယ် လောကထဲမှာ မှန်သောကြောင့်——

ထိုင်လျက် ဒို့ဘယ်လိုမြင်တယ်ဟော့၊ အိပ်လျက်ဒို့ဘယ်လိုမြင် တယ်ဟော့၊ သွားလျက် ဒို့ဘယ်လို မြင်တယ်လို့ပြော မှန်တယ်၊

မှသွားလွှတ်တယ်၊ မှသွားလွှတ်မယ် ဆိုယင်၊ အပါယ်မကျပါ၊ သို့သော်- သညာ ဝိပ္ပလ္လာသ၊ ထိုင်တယ်၊ အိပ်တယ်၊ ရပ်တယ်၊ သွားတယ်၊ ဆိုတဲ့ အမှတ်များမပျောက်ပါ၊ မပျောက်ယင် ဒီလိုမျက်မြင်နဲ့ မဂ်ဖိုလ် နိဗ္ဗာန်မရောက်နိုင်ပါ၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား။)

ကဲ- ဉာဏ်မြင်ပြောစို့၊ ဉာဏ်မြင်ဆိုယင် စိတ်ရင်ထဲမှာ ထား၊ ပေါ်ဒါငါးမျိုးမှတ်နေခြင်းသည်၊ ဉာဏ်မြင်ဘဲ ခေါ်တယ်၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) ဦးပဥ္စင်းအခုပြနေဒါ ဉာဏ်မြင်တွေမှတ်ခိုင်းနေဒါ၊ အပြင်မှတ်သလား၊ အတွင်းမှတ်သလား (အတွင်း မှတ်ပါတယ် ဘုရား။)

ဦးပဥ္စင်းတို့ ဆရာတော် ဘုရားကြီးကအတွင်းသမားခေါ်တယ်၊ ဉာဏ်မြင်ဆိုယင် အတွင်း၊ အတွင်းဆိုယင် ပရမတ်၊ ပရမတ်ဆိုယင် ရှိဒါခေါ်တယ်၊ ရှိဒါဆိုပေမယ့်လို့၊ အမြဲရှိသည် မဟုတ် ပေါ်တုန်းပေါ်ခိုက်၊ ပစ္စုပ္ပန်လောက်သာပြောရတယ်၊ ပေါ်တုန်းပေါ်ခိုက်သာရှိသောကြောင့်၊ ပရမတ္ထသစ္စာ အမှန်ဆုံးလို့ ပြောရတယ်၊ သမုတိ သစ္စာက အမှန်တင်ပြောဒါ ဆုံးမထည့်ရဘူး၊ပရမတ္ထသစ္စာနယ်ကျတော့၊ စကားပြော အမှန်ဆုံးပြောရတယ်။

စကားပြောမယ်ဟော့၊ ဆွေးနွေးမယ်ဟော့၊ အမှန် ဆွေးနွေးမှာလားဟော့၊ အမှန်ဆုံး ဆွေးနွေးမှာလားဟော့၊ စကား ပလ္လင်ချိလိုက်၊ အမှန်ဆွေးနွေးတယ်ဆိုယင်၊ သမုတိသစ္စာနယ်၊ ပညတ်နယ်ခေါ်တယ်၊ ဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား။)

အမှန်ဆုံးဆိုလို့ရှိယင်၊ ပရမတ္ထ နယ်ခေါ်တယ်၊ အမှန်ဆွေးနွေး မယ်ဆိုယင်၊ ပညတ်နယ်၊ သမုတိ သစ္စာနယ်ချင်း ဆွေးနွေးမှ ကိုက်တယ်၊ အမှန်ဆုံး ဆွေးနွေးမယ်ဆိုယင်၊ ပရမတ္ထနယ်ချင်း ဆွေးနွေးမှကိုက်တယ်၊ ပညတ်နဲ့ ပရမတ်ဆိုဒါ၊ ကိုက်မှမကိုက်ဘဲ၊

ဒါကြောင့်- ပရမတ္ထ သစ္စာ အမှန်ဆုံးနယ် ဖြစ်သောကြောင့်၊ ပြောယင် မှသားလွတ်တယ်၊ ဟော့ - ဒို့ ထိုင်ဒါ မတွေ့တော့ဘူး၊ အိပ်ထာမတွေ့တော့ဘူး၊ ရပ်ထာ မတွေ့တော့ဘူး၊ သွားဒါ မတွေ့တော့ဘူး၊ ဘာတွေ့လဲ၊ ဓါတ်တွေ ဘယ်လိုဖြစ်နေလဲ၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်နေဒါဘဲ၊ အဲသလို ဆိုယင် မှသားလွတ်တယ်၊ အပါယ်မကျပါ၊ သညာဝိပ္ပလ္လာသ၊ ထိုင်၊ အိပ်၊ ရပ်၊ သွား၊ ဆိုတဲ့၊ အမှတ်မှားလဲပျောက်၊ မဂ်ဖိုလ်နိဗ္ဗာန်လဲ ရောက်နိုင်ပါ၏၊ အားလုံးသဘောကျရဲ့လား၊ (ကျပါပြီ ဘုရား။)

ဒါကြောင့်- ဦးပဥ္စင်းတို့ ဆရာတော်ကြီး ပြဒါကတော့၊ ကိုယ်တွေ့ဉာဏ်မြင်ရယ်၊ ဓါတ်ခြောက်ပါးရယ်၊ လက်ကိုင်ဒုတ် ထားပြီးတော့ပြသောကြောင့်၊ ဘာမှ ထူးထူးထွေထွေတော့ မဟုတ်တော့ဘူး၊ စိတ်ရင်မှာထားပြီးတော့ ပေါ်ဒါငါးမျိုးမှတ်ထာဘဲ၊ ထိုင်လဲဒီလိုဘဲ၊ အိပ်လဲဒီလိုဘဲ၊ ရပ်လဲဒီလိုဘဲ၊ သွားလဲဒီလိုဘဲ၊ ညက စကားနဲ့ ဒီမနက် ပြောတဲ့စကား၊ မမှတ် တတ်စရာ ဘာမှလဲ မရှိတော့ဘူး၊ ရှိသေးလား၊ (မရှိပါဘုရား။)

လမ်းလျှောက်ကော လျှောက်တတ်ပလား၊ (လျှောက်တတ်ပါပြီဘုရား) ခုနဦးပဥ္စင်းနဲနဲစကားကျန်ခဲ့တယ်၊ မလျှောက်ရ ပုံပြောမယ်၊ ဦးပဥ္စင်းတို့လုပ်ငန်းက စိတ်ရင်မှာထားပြီးတော့၊ ပေါ်ဒါငါး

မျိုးသာမှတ်ရတယ်၊ မမြင်ဘဲနဲ့လဲ မှတ်လို့မရဘူး၊ နောက်ပီးတော့ ဝိသုဒ္ဓိမဂ်ထဲမှာလာတဲ့ကြွ,ဆောင်,ရှောင်,ထိုး,ချ,ဖိ,ရိုး,ခြောက်မျိုး ခြေလှမ်းပျက်၊ အဲဒါမျက် မြင်တွေပြောဒါ။

ဦးပဥ္စင်းတို့ ဆရာတော်ကြီးများ တရားအားထုတ်ခါစ၊ တရားပြကာစဆိုယင်၊ ကိုးချက်ပျက်ကို မှတ်ခိုင်းတယ်တဲ့၊ တောင်ဝှေးနှစ်ချောင်းထောက်ပြီးတော့ ကိုးချက်ပျက်ကို မှတ်တယ်၊ ကဲ-ကိုးချက်ဘဲလှမ်းလှမ်း၊ ခြောက်ချက်ဘဲ လှမ်းလှမ်း၊ နောက်ပိတ်ဆုံး ခန္ဓာမှာဖြစ်ပျက် မြင်ဒါဘဲ၊ ဒါကြောင့်- ဒါတွေ လုပ်မနေ တော့ဘူး၊ အတွင်းသမား တခုတည်းကိုင်ထားလိုက်ထာဘဲ။

ဒါကြောင့်- ကြွတယ်, ချတယ်, မြှောက်တယ်, လို့လဲ ဒီမှာ မမှတ်ပါနဲ့၊မှားတယ်လို့ မဟုတ်ဘူး၊ကြွ,ယင်ပျက်၊ ချ,ယင်ဖြစ် ဒီလို ကြဲကြဲဖြစ်ပျက်လေးလဲ မမှတ်ပါနဲ့၊ ဒါက စိတ်ထင် ခေါ်တယ်၊ ခန္ဓာမှာ ဖြစ်ပျက်မမြင် ပါဘဲနဲ့ ပါးစပ်ကဖြစ်စေ၊ စိတ်က ဖြစ်စေ ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်နဲ့ လိုက်မမှတ်ပါနဲ့။

ကြွ,ယင်ဘယ်ဓါတ်လွန်တယ်၊ ဘယ်ဓါတ်ယုတ်တယ်၊ ချ,ယင် ဘယ်ဓါတ်လွန်တယ်၊ ဘယ်ဓါတ် ယုတ်တယ်၊ ယုတ်သော ဓါတ်၊ လွန်သောဓါတ်ခွဲပြီးတော့ မနေပါနဲ့၊ ဒါ-ဒီမှာ မသုံးပါဘူး၊ လုပ်ငန်းအမြင်ဘဲလိုတယ်၊ ကြွနေဒါ ရုပ်၊ ကြွမှန်းသိဒါ နာမ်၊ ရုပ်,နာမ် ခွဲမနေပါနဲ့၊ ကြွချင်လို့ကြွသည်၊ ကြွချင်ဒါက အကြောင်း၊ ကြွနေဒါက အကျိုး၊ ဒီလိုအကြောင်း အကျိုးလဲ လုပ်မနေပါနဲ့၊ လက်တွေ့ဘဲ ဘာမှ စာမထည့်ပါနဲ့၊ စာလဲ ပညတ်ပါဘဲ၊ လက်တွေ့ သဘာဝမှလိုရင်း ခေါ်တယ်၊သဘောကျ ပလား၊ (ကျပါပြီဘုရား။)

ခန္ဓာထဲမှာ ဥပမာ- အပူလေးပေါ်တယ်၊ အဲဒီအပေါ်ကသဘာဝခေါ်တယ်၊ ဘဲဒီအပူကို စာလိုဥဏှတေဇောဗမာလိုဆိုယင်၊ပူဒါက ပူတယ်၊ အဲဒါ ပညတ်ပါဘဲ၊ အခေါ်ပညတ်၊ နာမ ပညတ်ခေါ်တယ်။

ဒါကြောင့် သဘောလိုပါတယ်၊ အင်္ဂလိပ်လိုသုံး၊ ကုလားလိုသုံး၊ တရုပ်လိုသုံး၊ ဘာသာတရာ့တပါး၊ သူ့ဘာသာနဲ့သူ ပညတ်တွေသုံးကြဒါဘဲ၊ သဘာဝ လို့ရင်း ခေါ်တယ်၊ ဗမာ စကားပါမှ၊ ဗမာစာတတ်မှ၊ တေဇော၊ ဝါယော၊ ရုပ်သံ၊ နာမ်သံ၊ ပါမှ မဟုတ်ပါဘူး၊ အားလုံး သဘောကျရဲ့လား၊ (ကျပါပြီ ဘုရား။)

ကဲ- ချုံးကြစို့၊ ကနေ့ချုံးကြစို့ ကနေ့ အရှင်း ကျကျ ကိုယ်တွေ့ဥာဏ်မြင် အလုပ်ပေးတရား ပြသပုံ အရှင်းနှင့် တကွ၊ ဣရိယာပထလေးပါး အားထုတ်ပုံ အားထုတ်နည်းတို့ကို အကျယ် တဝင့်ပြသလိုက်ပါသည်၊ နည်းမှကောင်းကောင်းလေး မရသေးလျှင်၊ဥဘာတော အန္ဓပုထုဇဉ်၊ နှစ်ဘက်စုံလုံးကန်း၊ အကန်းကြီး ဖြစ်ပါတယ်၊ အကန်းကြီးဖြစ်မယ်ဆိုယင် တစ်တရားခံ ဒိဋ္ဌိမပျောက်၊နှစ်တရားခံ အကုသိုလ်မကင်း၊ သုံးနံပါတ်၊ အပါယ်ကျမလွတ်တော့ပါ။

အားထုတ်တတ်ပါပြီဘုရား၊ ထိုင်လျက်၊ အိပ်လျက်၊ ရပ်လျက်၊ သွားလျက်၊ တပည့်တော်တို့ အားထုတ်တတ်ပါပြီဘုရား၊ နည်းကိုလဲကောင်းကောင်းကြီး ရပါပြီ ဘုရားလို့ ဆိုယင်၊ စာတတ်ကလျာဏပုထုဇဉ်ဘဲ၊ စာတတ်ကလျာဏ ပုထုဇဉ်ဖြစ်မယ်ဆိုယင်၊ အထင်နဲ့ ဒိဋ္ဌိပြုတ်ပါတယ်၊ ဒိဋ္ဌိပြုတ်မယ်ဆိုလျှင်၊ နှစ်တရားခံ အကုသိုလ်ကံ

လဲကင်းကြတော့မယ်၊ ကင်းယင် သုံးနံပါတ် အပါယ်ဝေးသထက် ဝေးတော့မယ် ဆိုဒါ ဝမ်းမြောက်သော အလား၊ တရားတော်ကို ချီးကျူးသောအားဖြင့် ကိုယ့်မြို့ကိုယ့်ရွာ ဒေသမှာ ဤလို အလုပ်ပေးတရားမျိုး၊ ကွယ်ပြီးတော့မသွားရလေအောင်၊ အားပေးသော အလား၊ ချီးကျူးသောအားဖြင့် သုံးကြိမ် (သာဓု- သာဓု- သာဓု) လို့ စိတ်ပါ လက်ပါ အားရ ပါးရ ခေါ်နိုင် ကြပါ စေကုန် သတည်း....။

သာဓု....သာဓု....သာဓု....

ဣရိယာ ပထပဗ္ဗ အလုပ်ပေး တရားတော် ပြီး၏။

★

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

---

**ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏**

အန္တေဝါသိက တပည့်ရင်း ဖြစ်သော

**အရှင် ဝိစိတ္တသာရ သူမြတ်သည်**

၁၃၂၇-ခု၊ နှောင်းတံခူး လဆုပ် (၈) ရက်နေ့ ည (၇)နာရီ အချိန်၌

တောင်ငူမြို့၊ ရွှေဆံတော် ဝါးကျောင်း ဓမ္မရိပ်သာ

တွင်

ဟောကြားတော်မူသော

# သီလတရားတော်

( ၁၃-၄-၆၆ )

---

**သီလ ခဏ်း။**

**လက်အုပ်ချီပုံ။** ကဲ- အားလုံး လက်အုပ်ချီကြ၊ ဂါရဝ နိဝါတ ဖြစ်အောင် လက်အုပ်ချီကြ၊ လက် ဝါး ချင်း ကပ်ထား၊ လက်ဝါးနှင့် လက်ချောင်း တဖြောင့်တည်း ထားကြ၊ လက်ချောင်းကလေးတွေလဲဘဲ စိတ်စိတ်ကလေးထား၊ လက်မ နှင့် လက်ညှိုး၊ လက်ညှိုးနဲ့ လက်ခလယ်၊ လက်ခလယ်နဲ့ လက်သူကြွယ် လက်သူကြွယ်နဲ့ လက်သန်းထိလားကြ၊ ဘယ်ဘက် လက်ဖဝါးနဲ့ ညာဘက်လက်ဖဝါးချင်းလဲ ကပ်ထားကြ၊ လက်ချောင်း ကလေး တွေလဲ လက်ညှိုး လက်ညှိုးချင်း၊ လက်ခလယ် လက်ခလယ်ချင်း၊

လက်သူကြွယ် လက်သူကြွယ်ချင်း၊ ထိထားကြ၊ လက်ကို ခုံးတုန်းတုန်းမထားနဲ့နော်၊ လက်လဲ မယှက်နဲ့ လက်အုပ်ကို နဖူးပေါ်မှာ တင်ထားလိုက်၊ အလွန်ကြီးလဲ မမြှောက်နဲ့လေ၊ နဖူးတင် ပြောဒါ၊ ရှိခိုးခါနီး ဆဲဆဲလေးမှာ မျက်လုံးမှိတ်ထားရတယ်။

**ဂုဏ်တင်ကန်တော့ပုံ။** မိမိတို့ ရင်တွင် နှာမ်အစဉ်မှာ ရှိနေတဲ့ စေတနာလေးက၊ ရှိခိုးခံရသော ရတနာသုံးပါးနှင့်ဆရာသမားတို့၏ရင်တွင် နှာမ် အစဉ်မှာဝင်နေတဲ့ သီလ, သမာဓိ, ပညာဂုဏ်တို့ကို စိတ်က ရည်မှန်းပြီးကာ၊ ကြည်ညိုသော သဒ္ဓါ၊ ထက်သန်သော စေတနာ၊ အသိဉာဏ် ပညာ ရှေ့သွားပြီးကာ၊ ခန္ဓာမှာ လက်ငင်း ဖြစ်ပျက် နေသော ရုပ်,နာမ် ဓမ္မတို့ဖြင့် လေးလေး,ညီညီ,ပြတ်ပြတ်,ရှင်းရှင်း,နဲ့ ကန်တော့ကြ။

**ဆုပေး။** အဇာတသတ် မင်းကြီးသည်၊ ဘခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးတဲ့နောက်၊ ထိတ်လန့် တုန်လှုပ်ပြီး အကြီးအကျယ်သံဝေဂရကာ မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင်၊ တထွေထွေဖြင့် ဖြစ်နေတဲ့ အချိန်လေးမှာ ဇီဝက အမတ်ကိုခေါ်၍ တိုင်ပင်လေသည်၊ ဇီဝက အမတ်က အရှင်မင်းကြီး၏ ဝေဒနာသည် ဘုရားမှတပါး မည်သူမှ ကယ်နိုင်မည် မဟုတ်ပါဟုလျှောက်ထားပြီးတဲ့နောက်၊ ဘုရားရှင် ကိုယ်တော်မြတ်ထံသို့ ခေါ်ဆောင်၍သွားသောအခါဝယ် လမ်းခုလပ်ရောက်တော့ ငါ့ခေါ်လာတာ သတ်မလို့ လည်ဆယ်ပြီးတော့ ခေါ်လာတာလား-လို့ စိတ်ထဲမှာ စနိုးစနောင့်ထင်ပြီး၊ ဇီဝက အမတ် ခေါ်ဆောင်ရာသို့ လိုက်သွားလေသည်။

ဘုရားရှင် ကိုယ်တော်မြတ်ထံသို့ ရောက်သော အခါဝယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း၊ မဏ္ဍပ်အလယ်တိုင်ကိုမှီပြီး သကာလ၊ ရဟန်းပရိသတ်တွေကို တရားများဟောကြားပြီးတော့ နေသောအချိန်၊ အဇာတသတ် မင်းကြီး ဖူးမြင်လိုက်ရသော အခါဝယ်။

ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏ ရုပ်ပုံတော်ကြီးကလဲဘဲ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ခြောက်သွယ် များ ကွန့်မြူးပြီးသကာလ ရွှေအဆင်းနဲ့၊ ဝါဝါဝင်းနှင့် ပြည့်စုံနေတဲ့အပြင်၊ အသဒိသ မည်သူနဲ့မျှမတူနိုင်၊ အတုလ မည်သူနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ သက်တော်ထင်ရှားမြတ်စွာ ဘုရားအစစ်ကို အဇာတသတ်မင်းကြီး ဖူးမြင်လိုက်ရတဲ့အခါဝယ်၊ စိတ်ညစ်ထာတွေပျောက် စိတ်ဖြူစင်ဒါတွေရောက်၊ စိတ်ပူလောင်ဒါတွေပျောက်၊ စိတ်အေး ဒါတွေရောက်ပြီး၊ စိတ်အစဉ်မှာ ကြည်လင်ပြီး သကာလ ဝမ်းမြောက်သော သောမနဿ စိတ္တုပ္ပါဒ်တွေ ဖြစ်နေသည်လည်း တကြောင်း။

တရားနာပရိသတ်တွေကလဲ ကြည့်လိုက်အုံး၊ ရဟန္တာပရိသတ်တွေလဲပါရဲ့၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတဲ့ သေက္ခပရိသတ်တွေလဲပါရဲ့၊ ကလျာဏ ပုထုဇဉ် အကောင်းစား၊ အမြတ်စား၊ အလိမ္မာစားဆိုတဲ့ ပရိသတ်တွေလဲ ပါတော့ တရားနာနေပုံဟာဖြင့် လက်ခြေတွေလဲမဆော့၊ ကိုယ်တွေလဲမလှုပ်၊ နှုတ်တွေလဲ

မုဲမြွက်၊ အင်မတန် ငြိမ်ငြိမ်သက်သက်ဖြင့်တရားနာနေပုံတို့ကို အဇာတသတ်မင်းကြီး တွေ့မြင်လိုက်ရသောအခါဝယ်....

ဘုရားရှင် ကိုယ်တော်မြတ်ကြည့်လိုက်၊ တရားနာပရိသတ်တွေကိုကြည့်လိုက်ဖြင့် ဝမ်းမြောက်သော သောမနဿ စိတ္တုပ္ပါဒ်ဖြင့် ကြည်ညိုနေပုံကို ဘုရားရှင် ကိုယ်တော်မြတ်ကြီး တွေ့မြင်သော အခါ၌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပြုံးတော်မူကြောင်း။

ပြုံးခြင်း၏ အကြောင်းကို အနီးအနားမှာရှိသော ရှင်အာနန္ဒာ ကိုယ်တော်မြတ်က လျှောက်ထား လိုက်သောအခါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ချစ်သားအာနန္ဒာ အဇာတသတ် မင်းကြီး မြင်ရဲ့လား၊ အဇာတသတ်မင်းကြီးမြင်ရဲ့လား၊ ဒီအဇာတသတ်မင်းကြီးသည်၊ ငါဘုရားရှင်ကိုယ်တော်မြတ်ကို တွေ့မြင်တဲ့အချိန်ကစ၍ ဝမ်းမြောက်သော သောမနဿစိတ္တုပ္ပါဒ်တို့ဖြင့် ဤကဲ့သို့ကြည်ညို လေးစားလိုက်ရခြင်းသည်၊ နောက်သော အခါကာလဝယ်၊ ဝိဇိတာဝီအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်အရေး၊ အနာဂတံသ ဉာဏ်တော်ဖြင့် ငါဘုရားမျှော်တွေး မိသည့် အတွက်ကြောင့် ပြုံးတော်မူလိုက်မိတယ် ချစ်သားအာနန္ဒာလို့ အမိန့်ရှိလိုက်သော ဒေသနာတော်မြတ်ကို ကြားနာရသော သင်္ဂါယနာတင်သူတော်ကောင်း အပေါင်းတို့မှာလဲဘဲ။

ရိပ်သာကြီးထဲကို ဝင်လိုက်ရသည်နှင့် တပြိုင်နက်၊ ဘုရားရှင်ကိုယ်တော်မြတ်၏ ဓါတ်တော်ကိန်းဝပ်ရာ ရွှေဆံတော်စေတီတော်ကြီးကို ဖူးမြင်လိုက်ရတဲ့အခါမှာစိတ်နောက်ထာတွေပျောက်၊ စိတ်

ကြည်လင်တာတွေ ရောက်လာသည်လဲ တကြောင်း၊ သံဃာတော် အရှင်မြတ်များနှင့် ယောဂီအရှင် သူတော်စင်တို့၏ သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ၊ စားပုံ၊ သောက်ပုံတို့ကို တွေ့မြင်လိုက်ရတဲ့ အခါမှာ စိတ်ညစ်ထာတွေပျောက်၊ စိတ်ဖြူစင်တာတွေ ရောက်လာသည်လဲ တကြောင်း။

ယခုလဲဘဲ ကိုယ်တွေ့ဉာဏ်မြင်ဆိုတဲ့ သဘာဝ ဆပ်ဆပ်ပရမတ် တရားတွေကို နာကြားရတော့မည် ဟူသော ဝမ်းမြောက်တဲ့ သောမနဿ စိတ္တုပ္ပါဒ်တို့ဖြင့် ယခုလိုလက်အုပ်ချီမိုး ရှိခိုးလိုက်ကြရခြင်းသည်၊ နောင်သော အခါကာလဝယ်၊ သောမနဿ အမည်ရှိသော စူဠသောတာပန်တွေ့၊ သောမနဿ အမည်ရှိသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တွေ့၊ သောမနဿ အမည်ရှိသော သောတာပန် သကဒါဂါမိ၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တွေ ကိုယ်စီကိုယ်ငှ အရှင်ဖြစ်ကြပါစေ။

ကိုယ်ဖြစ်ကြသလိုသူတပါးကိုလဲ ဖြစ်ရလေအောင် စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးဆိုတာလိုလေသေးတယ် မရှိ၊ သာသနာတော်နှင့် စပ်လာလျှင် သာသနာ့တာဝန်ကိုယ့်တာဝန်အစစ်ပါတကား၊ သာသနာ့ အလုပ် ကိုယ့်အလုပ် အစစ်ပါတကားလို့ ကိုယ့်တာဝန် ကိုယ့်အလုပ်မှန်း သိကြသည်ဖြစ်၍ လိုတဲ့နေရာမှာ အားပေးချီးမြှင့် ထောက်ပံ့နိုင်ကြရုံသာမက၊ တရားတော်များကိုတောင် ကိုယ်တိုင် ပြနိုင် ဟောနိုင် ဆုံးမနိုင် သံသယရှိသူတို့ကိုလဲ အလွယ် တကူနှင့် ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိအကြီးစားတို့ကိုလဲ အလွယ်တကူဖြင့် ချတ်နိုင်၊ ဖြုတ်နိုင်ကြသော မြန်မာပြည် တပြည်လောက်တွင်မက ကမ္ဘာ တဝှမ်းလုံး ဗုဒ္ဓဘာသာ သာသနာ

တော်ကြီး ပွံ့ပြန့်ထွန်းကား သွားရလေအောင် ကမ္ဘာ့ သာသနာပြု အာဇာနည်ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ် နိုင်ကြသည်ဖြစ်ကြစေ။

ယောဂီများ၊ (အရှင်ဘုရားပေးသောဆုနှင့် ပြည့်စုံရ ပါလို၏ အရှင်ဘုရား။

ကဲ- လက်ချပြီးတော့ တရားတော်များနာကြ၊ ချမ်းသာသလိုပေါ့၊ ဘယ်ညာတစောင်းပြောင်းပြီးတော့ ချမ်းသာသလိုနာကြ။

ယခုတရားပွဲသည် သကြံန်တွင်းပြုလုပ်တဲ့ တရားပွဲလဲဖြစ်တယ်၊ ပဋိပတ္တိ အလုပ်လဲဖြစ်တော့ ဆိုင်ရာ ဆိုင်ရာ လေးတွေ ဆုံးမသွားမယ်လို့ အဲသလိုမှတ်။

ကဲ- တရားတော်များ ဆက်နာကြ၊ တရားနာတော့ ခေါင်းပေါင်းကြီးတွေ ဖြုတ်ထားကြပါ၊ တင်ပလ္လင်ခွေ မထိုင်ပါနဲ့ ဖျက်လိုက်ပါ၊ မျက်စိလေးမှိတ်ပြီး ဟောသောတရား နားကကြား, ရင်ကသိ, အသိကလေးတွေ ဝင်အောင်နာကြပေတော့။

**ဉသိနက,ဇာတ်ဝတ္ထုတို။** ကဿပဘုရား သာသနာတော်ကြီး နောက်ပိုင်းကျလာတဲ့ အခါမှာ သာသနာဘက်, လူ့ဘက် နှစ်ဖြာ အကျင့်စာရိတ္တတွေ ဆုတ်ယုတ်ပြီးတော့ နေပါသတဲ့၊ သာသနာဘက်ကလဲ အကျင့် စာရိတ္တတွေ ဆုတ်ယုတ် လူ့ဘက်က ကြည့်လိုက်မယ် ဆိုလို့ ရှိယင်လဲ၊ လူတို့၏ ဝတ္တရား မိဘဝတ်တွေ၊ သားသမီးဝတ်တွေ၊ သခင်ဝတ်တွေ၊ ကျွန်ဝတ်တွေ၊ဆရာဝတ် တပည့်ဝတ်တွေ စသည်တို့ဖြင့် ဒီလိုလဲဘဲ- ကျင့်ဝတ်တရားတွေ

ပျက်ပြားကြ၊ နိစ္စ ဂရုမမွဆိုတဲ့ ငါးပါးသီလတွေလဲ ပျက်ပြားကြ၊ ဤကဲ့သို့ သာသနာဘက် လူ့ဘက်နှစ်ဖြာ အကျင့်စာရိတ္တတွေ ဆုတ်ယုတ်ပြီးတော့ သွားတဲ့အခါမှာ သာသနာဘက်က ရဟန်းသာမဏေများ သေတိုင်း့သေတိုင်း အပါယ်ကျကျပြီးတော့ သွားကြတယ်၊ လူ့ဘက်ကလဲ သေတိုင်း့သေတိုင်းလဲဘဲ အပါယ်ကျကျပြီးတော့ သွားကြပါသတဲ့။

"မတာ မတာ အပါယေသု ပရိပူရေန္တိ"

မတာ့မတာ၊ သေတိုင်း သေတိုင်းသော သတ္တဝါ တို့သည်။ အပါယေသု၊ အပါယ်လေးဘုံ တို့၌သာလျှင်။ ပရိပူရေန္တိ၊ ပြည့်နှက်၍ နေကြလေကုန်တော့၏ တကား။

(သာဓု....သာဓု....သာဓု....)

သေတိုင်း သေတိုင်း သာသနာဘက်က သေမယ်ဆိုလို့ရှိယင်လဲ့ အပါယ်ကျတော့ဒါဘဲ၊ လူ့ဘက်က သေမယ်ဆိုယင်လဲ၊ အပါယ်ကျတော့ဒါဘဲ၊ သေတိုင်း သေတိုင်းအပါယ်ကျတဲ့ သူတွေများနေသောကြောင့်၊ အပါယ်လမ်းတွေပွင့်နေပြီ၊ နတ်ပြည် လမ်းတွေမှာတော့ ဆိတ်ငြိမ်ပြီးတော့နေပြီ၊ နတ်လမ်းတွေဆိတ်၍၊ အပါယ်လမ်းတွေဖုံနေပြီ။

ဤကဲ့သို့ ဖြစ်နေတဲ့ အချိန်လေးမှာ သိကြား မင်းကြီးသည်၊ ပဏ္ဍုကမ္ဗလာတင်းလို့ လူ့ပြည်အကြောင်း ပြန်ပြောင်းပြီး သကာလ ကြည့်လိုက်သောအခါ၊ "ဩော်....လူ့ပြည်မှာတော့ဖြင့် ဘယ့်နှယ့်လဲ လူတို့ သေတိုင်း့သေတိုင်း နတ်ပြည်မှာလဲဘဲ နတ်သားနတ်

သမီးလေးတွေ အသစ် မတိုးတော့ပါလား”လို့ အသစ်မတိုးတော့လူ့ပြည်အကြောင်းပြန်ပြောင်းပြီးကြည့်လိုက်တယ်ဆိုယင်၊ “ဩော် သာသနာဘက် လူ့ဘက်နှစ်ဖြာ သေတိုင်းသေတိုင်းအပါယ်ကျကျပြီးတော့ သွားပါကလား၊ ဒီအတိုင်းနေလို့ ရှိယင်၊ သာသနာတော်ကြီးမှာတော့ အလွန်အလွန်ရှေ့လျော့ပြီးတော့သွားတော့ မှာဘဲ၊ အလွန်အလွန်ဆုတ်ယုတ်ပြီးတော့ သွားတော့မှာဘဲ၊ ဒီလိုနဲ့ ကြည့်နေလို့ဖြင့် မတော်သေးဘူး၊ ဆုတ်ယုတ်သွားသောသာသနာတော်ကြီးကို တနေ့တခြား ဒီရေအလားသို့ တိုးပွားလာရအောင် ပြုပြင်အုံးမှာဘဲ၊ အားပေးချီးမြှင့်ထောက်ပံ့အုံးမှာဘဲ”လို့ သိကြားမင်းကြီးသည် အကြံပေါက်တော့ မာတလိနတ်သားကိုခေါ်ပြီး။

“အမောင်မာတလိနတ်သား လူ့ပြည်ကြီးမှာတော့ အကျင့်စာရိတ္တတွေဆုတ်ယုတ်ပြီးတော့နေပြီ၊ လူတွေဟာဖြင့် သေတိုင်းသေတိုင်း အပါယ်ကျဒါမျှားနေကြပြီ၊ သာသနာဘက် လူ့ဘက်သေတိုင်းသေတိုင်းအပါယ်ကျဒါ မျှားသည့်အတွက် အပါယ်လမ်း ဖွင့်ပြီးသကာလ၊နတ်လမ်းတွေဆိတ်ပြီ၊ နတ်ပြည်မှာတော့ဖြင့် နတ်သား နတ်သမီးအသစ်တွေ မတိုးတော့ဘူး၊ ဒီအတိုင်း ကြည့်နေလို့တော့ မတော်တော့ဘူး၊ သာသနာတော်ကြီးကို ချီးမြှင့်ကြစို့” လို့ ပြောကြားပြီးတဲ့နောက်။

မာတလိနတ်သားကို ခွေးနက်ကြီးယောင် ဆောင်ခိုင်း၊ ခါးစောင်းလောက်မြင့်တဲ့ ခွေးနက်ကြီးယောင် ဆောင်ခိုင်းပြီး၊ ခွေးနက်ကြီးမှာလဲ ကြိုး ငါးချောင်းချီ၊ ခါးကတချောင်း၊ခြေထောက်လေးချောင်းက လေးချောင်း၊ ကြိုးငါးချောင်းချီထား၊ သိကြား

မင်းကြီးက မုဆိုးအယောင် ဆောင်ပြီးသကာလ၊ လက်တဖက်က ဆိုလို့ရှိယင်၊ ကြိုးငါးချောင်းကိုင်၊ လက်တဖက်က လက်နက်ကိုင် ရင်မှာလဲ ပုဆိုးတထည်စီး၊ ကြောက်စရာ လန့်စရာ အသွင်ဖြင့်, ဉသိနက မင်းလက်ထက် ဗာရာဏသီပြည် တံတိုင်း အပြင်ဘက်မှာ တခါထဲ တာဝတိံသာနတ်ပြည်ကြီးက ကျလာပါသတဲ့။

ကျလျှင်ကျခြင်း ခွေးနက်ကြီးက ဟောင်လိုက်ထာလေ၊ ခွေးနက်ကြီးက ဟောင်လိုက်ထာ၊ ခွေးနက်ကြီးဟောင်တဲ့ အသံဟာဖြင့်၊ စကြာဝဠာတခုလုံး ပျံ့နှံ့ပြီးတော့ သွားတော့ဒါဘဲ၊ အင်မတန်ပြင်းထန်လိုက်တာ၊ ခွေးနက်ကြီးဟောင်လျှင် ဟောင်ခြင်းဘဲ၊ တံခါးစောင့်ကတခါထဲ မြို့တံခါးတွေ ချက်ခြင်း ပိတ်တော့ဒါဘဲ။

ပိတ်ပင် ပိတ်ပါငြားသော်လဲ နတ်ခွေး ဖြစ်လေတော့ ဆယ့်ချစ်တောင်ရှိတဲ့ မြို့တံတိုင်းကြီးကို တခါထဲ ကျော်ပြီး သကာလ မြို့ထဲရောက်၊ ရောက်လျှင် ရောက်ခြင်း ဟောင်မြဲ ဟောင်ပြန်လေသည်၊ လူတွေ မနေသာတော့ဘူး၊ အရေးရှိလျှင် မင်းကိုသာအားထားစရာ မှီခိုစရာဖြစ်လေ သောကြောင့်၊ အိမ်တွေ တံခါးပိတ်ပြီး နန်းတော်တွင်း ပြေးတော့ဒါဘဲ၊ နန်းတော်တွင်း ရောက်တော့ ဘုရင်ကြီးကလဲ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးတော့နေပေမဲ့၊ သူလဲဘဲ ကြောက်ထာဘဲ၊ ကြောက်ပင် ကြောက်ပါငြားသော်လဲ မနေသာသည် ဖြစ်လေတော့ မုဆိုးကြီးနဲ့ စကားပြောရတယ်။

**"အသင်မုဆိုး....အသင်မုဆိုးကြီးရဲ့ ခွေးကြီးဟာဟောင်လှချည်လား၊** ဘာများလိုချင်လို့လဲ" လို့ မေးလိုက်တဲ့အခါ မုဆိုးကြီးက "အသင် မင်းကြီး ကျွန်ုပ်ရဲ့ ခွေးကြီးဟာဖြင့် အစာစားချင်လို့ ဟောင်ပါတယ်" လို့ ပြောလိုက်သော အခါမှာ။

ဘုရင်မင်းမြတ်ကြီးက ခွေးကြီးစားလောက်အောင်ထမင်းတွေ ပုံပေးလိုက် ခွေးကြီးကလဲ တခါထဲ ဟပ်စားလိုက်ပြီး၊ ဟောင်မြဲ ဟောင်ပြန်လေသည်။

"အသင်မဆိုးခွေးကြီးဟာဖြင့် ဟောင်ပြန်ပြီဘာများလိုချင်လို့ လဲ"လို့ မေးလိုက်ပြန်သောအခါ။

မဆိုးကြီးက "အရှင်မင်းမြတ် ကျွန်ုပ်ခွေးသည် အစာ မဝသေး ပါ၊အစာစားချင်လို့ ထပ်ပြီးတော့ ဟောင်ပါတယ်"လို့ ပြော လိုက်တဲ့အခါ ဘုရင်မင်းမြတ်ကြီးက နန်းတော်တွင်းမှာရှိတဲ့ထမင်း အိုးတွေထဲကထမင်းတွေမှန်သမျှ အကုန်လုံးခူးခပ်ခိုင်းပြီး၊ ခွေးရှေ့ တပုံတည်းပုံပေးလိုက် နတ်ခွေးဖြစ်သည့် အားလျှော်စွာ တခါထဲ ဟပ်စားလိုက် ဟပ်စားပြီးတဲ့နောက် ဟောင်မြဲ ဟောင်ပြန်လေ သည်။

"ဘယ်နှယ့်လဲအသင်မဆိုး.... အသင့်ခွေးကြီးဟာဟောင်လှချည် လား-ဟောင်လှချည်လား"လို့ မေးလိုက်ပြန်သောအခါ။

မဆိုးကြီးက "အရှင်မင်းမြတ် (တခြားမဟုတ်ပါဘူး-တခြား မဟုတ်ပါဘူး)ခွေးကြီးဟာ နှစ်ခါပင်စားလင့်ကစား မဝသေးလို့ ဟောင်နေပါတယ်"လို့ပြောလိုက်ပြန်တော့။

ဘုရင်ကြီးက ဗာရာဏသီ တပြည်လုံးမှာရှိတဲ့ ထမင်းတွေကို အကုန်လုံးခူးခပ်ခိုင်းပြီးသကာလ ခွေးရှေ့တပုံထည်း ပုံပေးလိုက် နတ်ခွေးဖြစ်လေသောကြောင့် တခါတည်းဟပ်စားလိုက် နှစ်ခါ ဟပ်တောင်မရဘူး- ဟပ်စားလိုက်ပြီးဒါနဲ့ တပြိုင်နက် ဟောင်မြဲ ဟောင်ပြန်လေသည်။ တယ်....ကြောက်စရာကောင်း။

"အသင်မုဆိုး ထမင်းတွေကျွေးဒါလဲ သုံးခါရှိပြီ၊ ဘယ့်နှယ့်လဲ အသင်မုဆိုး အဟောင်မရပ်ပါဘဲနဲ့ ဟောင်မြဲ ဟောင်ပြန်တာဘဲ" လို့ပြောလိုက်တော့။

"အရှင်မင်းမြတ်- ကျွန်ုပ်ခွေးဟာလေ- ဒီလိုထမင်းတွေစားနေလို့တော့ ဘယ်တော့မှ ဝမှာမဟုတ်ပါဘူး"လို့ ပြောလိုက်တဲ့အခါမှာ ကြောက်ပြီ-ကြောက်ပြီ-လူတွေတော့ ကြောက်နေပြီ။

"အသင်မုဆိုး ဘာတွေများ စားချင်လို့ဟောင်နေပါသလဲ" လို့ မေးလိုက်တဲ့ အခါ- "ဒီလို ထမင်း တွေ ကျွေး နေ လို့ တော့ ကျွန်ုပ်ခွေးဟာဖြင့် ဘယ်တော့မှ မဝတော့ပါ၊ လူသားစားချင်လို့ ဟောင်နေပါတယ်"လို့ ပြောလိုက်တော့ အားလုံးပရိသတ်တွေ ဟာဖြင့် ကြောက်ပြီး....သူ့များစားမလား- ငါ့များစားမလားနဲ့ ရင်ထဲကပင်ခုန်နေကြပြီ။

အဲသလိုကြောက်နေတဲ့အချိန်မှာဘုရင်မင်းမြတ်က"မုဆိုးကြီး- အသင်မုဆိုးကြီး-လူသားစားမယ်ဆိုဒါ လူတိုင်းလူတိုင်းရဲ့အသားကိုစားမှာလား"လို့ ဤကဲ့သို့ ထပ်မေးလိုက်သောအခါဝယ်။"

"မုဆိုးကြီးက" မုဆိုးကြီးက ဒီလူသည်ကျွန်ုပ်ခွေးကြီးရဲ့အစာဖြစ်မှာဘဲလို့ ပြောလိုက် ခွေးကြီးက ဒီလူပြေးဟပ်လိုက်-ဟိုလူပြေးဟပ်လိုက်-တခါထဲ ခွေးကြီးကလဲမငြိမ်တော့ဘူး၊ ပြေးပြေးဟပ်လိုက်- မုဆိုးကြီးက ကြိုးငါးချောင်းနဲ့ ဆွဲထားလိုက် အလွန်ကြောက်နေကြပြီ၊ ဒီအချိန်ကျတော့မုဆိုးကြီးက "အသင်မင်းမြတ်ကျွန်ုပ်ခွေးကြီးဟာဖြင့် လူတိုင်းလူတိုင်းရဲ့အသားကို မစားပါဘူး၊ ကျင့်ဝတ်တရားတွေ ပျက်နေတဲ့ လူတွေရဲ့ အသားကိုသာ

လျှင် ကျွန်ုပ်ခွေးကြီးစားပါရလိမ့်မယ်”လို့ အဲသလို ပြောလိုက်တဲ့အခါမှာ-လူတွေကလဲ အကျင့် စာရိတ္တတွေ ပျက်ပြား နေကြတဲ့အခါဖြစ်တော့ ခွေးကြီးကလဲ အငြိမ်မနေတော့ဘူး- မုဆိုးကြီးက ပြောလိုက်တိုင်း ပြောလိုက်တိုင်း လိုက်လိုက်ပြီးတော့ဟပ်နေ- မုဆိုးကြီးက ဆွဲဆွဲ ဆွဲဆွဲ ပြီးတော့ထားလိုက် အားလုံး ပရိသတ်တွေတော့ကြောက်ပြီ။

ဒီအခါမှာ ထင်ရှားအောင်ပြမှ တော်တော့မယ်လို့ ကောင်းကင်ပေါ်မှာတခါထဲ သိကြားမင်းအသွင် ဖန်ဆင်း၍ “အသင်မင်းမြတ်-ကျွန်ုပ်လာတာ တခြားကြောင့်မဟုတ်ဘူး- သာသနာဘက် လူ့ဘက် နှစ်ဖြာ-အကျင့်စာရိတ္တတွေ ဆုတ်ယုတ်ပြီးတော့ နေပါတယ်၊ လူတို့သေတိုင်း သေတိုင်း နတ်ပြည်မှာ နတ်သားနတ်သမီး ရယ်လို့ မတိုးတော့ပါဘူး၊ သေတိုင်း-သေတိုင်းမှာဆိုယင် အပါယ်ကျကျပြီးတော့ သွားသည့်အတွက် သာသနာတော်ကြီးတော့ လျော့ကျနေပြီ၊ ဒီအတိုင်းထားမယ်ဆိုယင်ဖြင့် သည့်ထက်ဆိုးပြီး သကာလ လူတွေဟာဖြင့် အပယ်သာအကျများကုန်တော့မှာဘဲ သည့်အတွက်ကြောင့် လျော့ကျနေသော သာသနာတော်ကြီးကို အားပေးသောအနေနဲ့ လာထိန်းကြောင်းခြင်း ဖြစ်တယ် အရှင်မင်းမြတ်။

“အရှင်မင်းမြတ်လဲ ဒီနေ့ကစပြီး မင်းကျင့်တရား ဆယ်ပါးနဲ့ ပြည့်စုံအောင်နေပါ။ လူတွေမှာလဲဘဲ လူ့ကျင့်ဝတ် တရားနဲ့ ပြည့်စုံအောင်နေပါ၊ သာသနာတော်ဘက်ကလဲ ရဟန်းသာမဏေများလဲ ရဟန်းကျင့်ဝတ်- သာမဏေကျင့်ဝတ်နဲ့ ပြည့်စုံအောင်

နေပါ။ အကယ်၍မနေခဲ့လို့ရှိယင် ကျွန်ုပ်ခွေးကြီးရဲ့ အစာ-ဒီနေ့ကစပြီးသကာလဖြစ်ကြတော့မယ်”လို့ ဤထဲသို့ ခြိမ်းခြောက်ပြောကြားပြီးတဲ့နောက်- သိကြားမင်းနဲ့ မာတလိ နတ် သား တို့ တာဝတိံသာနတ်ပြည်သို့ပြန်သွားကြလေသည်။

ဒီနေ့မှစပြီးသကာလဗာရာဏသီပြည်မှာ အုပ်ချုပ် ပြီးတော့နေတဲ့ မင်းကလဲ မင်းကျင့်တရား ဆယ်ပါးနဲ့ ပြည့်စုံ လူထုဘက်ကလဲ လူ့ကျင့်ဝတ်တွေနဲ့-စာရိတ္တ ဖြည့်ကျင့်ရေးဆိုတဲ့ အကျင့်မျိုးနဲ့ ဖြည့်ကျင့်ပြီး နေထိုင်ကြတော့ အပါယ်လမ်းတွေဆိတ်၊ လူနတ်လမ်းတွေဖုံပြီးသကာလ, ၃-နံပါတ် အပါယ်သို့ ၂-နံပါတ် အကုသိုလ်ကံတွေ မရှိခြင်းကြောင့် အပါယ်မကျရတော့ဘဲ အပါယ်လမ်းတွေ ပိတ်သွားရပါသတဲ့။

**အပါယ်ကျခြင်း၏လက် သည် ရှာပုံ။**

အဲသလို-ကဿပ ဘုရား သာသနာ နောက်ပိုင်းကျတဲ့အခါမှာ သေ တိုင်း- သေ တိုင်း- အ ပါယ်ကျကျပြီးတော့သွားကြဒါ ဘာကြောင့်လဲဆိုဒါ သိရအောင်-လက်သည်ရှာကြစို့၊

၃,နံပါတ် အပါယ်လို့ရေးထား၊ အပါယ် ဘာကြောင့်ကျ-အကြောင်းရှာရတယ်။ ၂, နံပါတ် အ ကု သိုလ် ကံ တွေ ရှိ လို့၊ ၂,နံပါတ် အကုသိုလ်ကံတွေ ဘာ့ကြောင့်ရှိသလဲလို့ လက်သယ်ထပ်ရှာတော့။

၁,နံပါတ်-ဒိဋ္ဌိအမှား ငုပ်ရှိလို့-တဲ့၊ ဟော....လက်သည်ပေါ်လာပြီ။

၁,နံပါတ်-ဒိဋ္ဌိအမှားရှိမယ်ဆိုယင်- ၂,နံပါတ် အကုသိုကံတွေ ရှိမြဲဓမ္မတာ။

၂,နံပါတ် အကုသိုလ်ကံတွေရှိမယ်ဆိုယင် ၃, နံပါတ် အပါယ် ကျမြဲဓမ္မတာ-အဲဒါလေးမှတ်ထား။

အပါယဂါမိက ကမ္မာနိန္နာမ သက္ကာယဒိဋ္ဌိယာ၊
သတိယေဝ ဝိပ္ပစ္စန္တိ နောအသတိယာ။

အပါယဂါမိက ကမ္မာနိန္နာမ၊အပါယ်ကို ပစ်ချနိုင်တဲ့ အကုသိုလ်အကျိုးပေးခြင်းတို့မည်ကုန်သည်၊ အဲဒါက ၂,နံပါတ်။

သက္ကာယ ဒိဋ္ဌိယာ၊သက္ကာယဒိဋ္ဌိဆိုတဲ့ နာမ်ရုပ်မှာ အမှားငုပ် ၄ ခုသည်။သတိယေဝ၊ရှိသော်သာလျှင်(ဝါ)ရှိမှသာလျှင်။ဝိပ္ပစ္စန္တိ၊ အပါယ်ကျ၏ အဖြစ်ဖြင့် အကျိုးပေးနိုင်ကြကုန်၏။အသတိယာ၊ နာမ်ရုပ်မှာ အမှားငုပ် ၄ ခုမရှိခဲ့သော်။ နောဝိပ္ပစ္စန္တိ၊ အပယ်ကျ၏ အဖြစ်ဖြင့် ဘယ်အခါမှ အကျိုးမပေးနိုင်ကြကုန်တော့သည် သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု....)

မှတ်ထားကြ,မှတ်ထားကြ, သာသနာတွင်း အပါယ်ကျဒါလဲ ဘဲ, ၁,နံပါတ်ဆိုတဲ့ သက္ကာယ ဒိဋ္ဌိရှိလို့၊ သာသနာပ အပါယ် ကျဒါလဲဘဲ၊ ၁, နံပါတ်ဆိုတဲ့ သက္ကာယဒိဋ္ဌိရှိလို့၊ အပါယ်ကျတဲ့ သတ္တဝါတွေမှန်သမျှ ဘာရှိလို့လဲ၊ (ဒိဋ္ဌိရှိလို့ပါဘုရား)ဒိဋ္ဌိ....ဒိဋ္ဌိ.... ဒိဋ္ဌိလေး....ကွင်းကွင်း ကွက်ကွက် မြင်ထားကြ။

သက္ကာယ ဒိဋ္ဌိ၊ ၁, နံပါတ် ရှိမယ်ဆိုယင်၊ ၂, နံပါတ်ဆိုတဲ့၊ အကုသိုလ် ကံဟောင်း ကံသစ်တွေ ကိန်းသေရှိပြီးသားဘဲ၊ အကု

သိုလ်ကံတွေရှိမယ်ဆိုယင်၊ ၃, နံပါတ် အပါယ်ကျပြီးသွားလို့ဆို ဒါကိန်းသေ မှတ်ပေတော့၊ရှင်းပလား၊ (ရှင်းပါပြီ ဘုရား။)

သာသနာတွင်းမှာသာလျှင် အပါယ်ကျသည်မဟုတ်ဘူး၊ သာသနာပမှာလဲဘဲ၊ အပါယ်ကျဒါ များတယ်လို့ဆိုဒါမှတ်။

**လူဖြစ်ဘိုလဲ ရနိုင်ခဲ။** လူတို့ သေတိုင်း သေတိုင်း၊ နတ်တို့ သေတိုင်း သေသေတိုင်းလဲဘဲ၊ လူပြန်ဖြစ်ထာနဲ့ နတ်သွား ဖြစ်ထာ ပြဟ္မာသွားဖြစ်ထာ၊ အင်မတန် နည်းတယ်၊ မြူမှုန်လေး တမှုန်စာလောက်ပါဘဲ။

**ဆောင်။** (လူနတ်ကသေ၊ လူနတ်လေ၊ နည်းပေမြူမှုံလောက်။
(လူနတ်ကသေ၊ပါယ်ကျလေ၊များပေမြေကြီးလောက်။

လူက သေတိုင်း သေတိုင်း၊ နတ်က သေတိုင်း သေတိုင်း၊ အပါယ်ကျကျပြီးတော့ သွားလိုက်ထာ၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာ ပထဝီမြေမှုန့်နှင့်အမျှ၊ အလွန်တရာများလှပါတယ် အပါယ်ကျတွေ သိပ်များဒါဘဲ၊ အပါယ်ကျတွေ မများဘူးလား၊ (များပါတယ် ဘုရား။)

လူနတ်ကသေ၊ လူနတ်လေ၊ နည်းပေ မြူမှုန်လောက်၊ လူနတ်ကသေ၊ ပါယ်ကျလေ၊ များပေ မြေကြီးလောက်၊ နခသိခသုတ္တန်ထောက်။ နခသိခသုတ္တန်ထောက်ပြီးသကာလ၊ ကောင်းသောလမ်းကိုသွားဒါက မြူမှုန်လေး တမှုန်စာလောက်၊ မကောင်းသောလမ်းကိုသွားဒါက၊ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေမှုန့်နှင့်အမျှ။

**ဆောင်။** (လူနတ်ကသော၊ပါယ်ကျလော၊များပေမြကြီးလောက်)

အပါယ်ကျတွေ တယ်များပါလား၊ ဟင်- အပါယ်ကျတွေ တယ်များပါလား၊ (များပါတယ် ဘုရား) အပါယ် မတော်တဆ ကျသွားပြီဆိုယင်၊ အပါယ်က သေတိုင်း,သေတိုင်းလဲ လူပြန်ဖြစ်ဘို့ အတော်ခဲယဉ်း၊ နတ်သွားဖြစ်ဘို့ အတော်ခဲယဉ်း၊မြူမှုန်လေး တမှုန်စာလောက်ဘဲ။

**ဆောင်။** (အပါယ်ကသော၊ လူနတ်လော၊နည်းပေမြူမှုန်လောက်)

ကြည့်စမ်း အောက်ကနေ အထက်တက်ဘို့များ တယ်နည်းပါလား၊အပါယ်က သေတိုင်း,သေတိုင်း၊ အပါယ်ပြန်ပြန်ပြီးတော့ ကျသွားလိုက်ထာ၊ များလိုက်ထာ၊ "အပါယ်ကသော၊ ပါယ်ကျလော၊ များပေမြကြီးလောက်"၊ နခသိခသုတ္တန်ထောက်၊ ဘုရားဟောတွေ၊ ဘုရားဟောတွေ။

ဒါကြောင့်- အပါယ်မတော်တဆ ကျသွားတော့မယ် ဆိုယင်၊ လူရင်းစားပြန်ရဘို့၊ နတ်ရင်းစား ပြန်ရဘို့၊ အတော်ခဲယဉ်း၊ မခဲယဉ်းဘူးလား၊ (ခဲယဉ်းလှပါ ဘုရား) အကုသိုလ် ကံကြီးတွေကို မဆိုထားဘိ၊ ကာယကံမြောက် သတ်ကြတော့မယ်ဆိုယင်၊ သန်းလေး၊ ခြင်လေး၊ ကြမ်းပိုးလေး၊ ငယ်စွာသော အကုသိုလ်ကံလေးတွေ ဆက်ခါ,ဆက်ခါ သတ်ကြတော့မယ်ဆိုယင်၊ တကံပြီးတကံ, တကံပြီးတကံ၊ ဆက်ခါ,ဆက်ခါပြုလုပ်ကြတော့မယ် ဆိုယင်ဖြင့် အပါယ်ကကို နလံ မထူနိုင်တော့ ပါဘူးလို့ဆိုဒါ ယုံကြပါရဲ့လား၊ (ယုံပါတယ်ဘုရား။)

အပြစ်ငယ်လဲ အပါယ်ဆွဲ။ ပတန္တာ ခုဒ္ဒကေနေဝ, ဗဟူဟိ ပုနပ္ပုနံ တာ၊ မောက္ခောကာသံ နဝိန္ဒန္တိ, တသ္မာ ခုဒ္ဒမ္ပိ နာစရေ။

ခုဒ္ဒကေနေဝ၊ မပြောပလောက်သော အကုသိုလ်ကံ ငယ်ငယ်လေးသည်သာလျှင်၊ (ဝါ) ငယ်ငယ်လေးကြောင့်သာလျှင်။ ပတန္တာ၊ မတော်တဆ အပါယ်ကျကျ သွားကြကုန်သော ပုဂ္ဂိုလ်တို့သည်။ ဗဟူဟိ၊ များစွာသော အကုသိုလ်ကံ ကလေးတို့သည်။ ပုနပ္ပုနံ တာ၊ ထပ်ခါ ထပ်ခါ နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ (ဝါ) နှိပ်စက်အပ်ကုန်သည်ဖြစ်သောကြောင့်။ မောက္ခောကာသံ၊ အပါယ်မှ လွတ်လပ်ရေးကို။ နဝိန္ဒန္တိ၊ တော်တော်နှင့် မလွတ်နိုင်။ မရနိုင်ကုန်။ တသ္မာ၊ ထို့ကြောင့် အပါယ် ကျသွားမယ်ဆိုယင်။ ခုဒ္ဒမ္ပိ၊ မပြော ပလောက်တဲ့ သန်းလေး၊ ခြင်လေး၊ ကြမ်းပိုးလေး၊ သတ်ကြတဲ့ အကုသိုလ်ကံ ငယ်ငယ်ကလေးကိုတောင်မှ။ နာစရေ၊ အပါယ်ကျ ပျောက်သွားဘို့ ဘယ်အခါမှ မပြုကျင့်ရာတော့သည် သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု....)

လက်သယ်ရှာလျှင် ဒိဋ္ဌပင်။ ကြည့်စမ်း....ဘယ်လောက် ကြောက် စရာကောင်းသလဲ၊ ကြည့်စမ်း ဒါကြောင့် လူ နတ်က သေတိုင်း, သေတိုင်း အပါယ်ကျကျပြီးတော့ သွားလိုက်ထာ နှစ်သိန်းလေးသောင်းအထူရှိသော မဟာပထဝီမြေမှုန့်နှင့်အမျှ အလွန်တရာများတယ်၊ ဒါလဲဘာ လက်သယ်ရှာယင်၊ ၂, နံပါတ်ဆိုတဲ့ အကုသိုလ်ကံဟောင်း, ကံသစ်တွေရှိလို့၊ အကုသိုလ်ကံဟောင်း,ကံသစ်တွေရှိလို့ဆိုဒါ၊ ၁, နံပါတ်

အများငုပ်တွေ ရှိနေလို့ဆိုဒါ လက်သယ်ရှာပေတော့ အားလုံး ရှင်းပါရဲ့လား၊ (ရှင်းပါတယ် ဘုရား။)

ဒါဖြင့် အပါယ်များကျချင်သလား၊ မကျချင်ဘူးလား၊(မကျချင်ပါဘုရား) အပါယ်မကျချင်ယင် တရားခံနှစ်ဦးမှာ ၁ နံပါတ်ဆိုတဲ့ သက္ကာဒိဋ္ဌိကြီးကို ဖြုတ်ပါလို့ ဆိုလိုတယ်၊ ဒိဋ္ဌိမပြုတ်သမျှတော့ အပါယ်ကျလုံးဝမလွတ်နိုင်သေးပါ၊ ဒိဋ္ဌိပြုတ်သွားမှအပါယ်ကျလုံးဝလွတ်သွားတော့မယ်ဆိုဒါ၊ ကိန်းသေမှတ်ပေတော့၊ ရှင်းပါရဲ့လား၊ (ရှင်းပါတယ် ဘုရား။)

ကဲ- ဒါဖြင့် ဒိဋ္ဌိများ ဖြုတ်ချင်သလား၊ မဖြုတ်ချင်ဘူးလား၊ (ဖြုတ်ချင်ပါတယ် ဘုရား) ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ ပုထုဇဉ်ဘဲခေါ်တယ်၊ ဒိဋ္ဌိမရှိတဲ့ ပုဂ္ဂိုလ်မှာ အရိယာဘဲခေါ်တယ်၊ ပုထုဇဉ်ဆိုယင် အပါယ်ကျလွတ်မလွတ် (မလွတ်ပါဘုရား) ဘာဖြစ်လို့ (ဒိဋ္ဌိရှိလို့ပါဘုရား။)

အရိယာဆိုယင် အပါယ်ကျ လွတ်မလွတ် (လွတ်ပါတယ် ဘုရား) ဘာဖြစ်လို့ (ဒိဋ္ဌိမရှိလို့ပါဘုရား) ရှင်းသွားပြီ၊ ဒါဖြင့် အပါယ်မကျချင်ယင်၊ဒိဋ္ဌိသတ်ရမှာပေါ့ဟုတ်ဘူးလား၊(ဟုတ်ပါတယ်ဘုရား) ဒိဋ္ဌိသတ်ရမယ်နော် (မှန်ပါ) ဒိဋ္ဌိကို နာနာသတ်ကြ၊ နာနာသတ်ကြ။

ဒိဋ္ဌိသတ်တဲ့ လမ်းစဉ်လေး၊ ဒိဋ္ဌိသတ်တဲ့ လမ်းသည် နှစ်ပါးရှိပါတယ်၊ လမ်းရှည်ကတမျိုး၊ လမ်းတိုကတမျိုး၊ နှစ်မျိုးရှိပါသည်၊ ဘယ်နှစ်မျိုးလဲ၊(နှစ်မျိုးပါ ဘုရား) ကဲ- လမ်းရှည်လေး အရင်စဉ်ကြစို့။

**ဆောင်။** (သီလအစ၊သမထအလယ်၊ဝိပဿနာအဆုံး၊
(ဒိဋ္ဌိသတ်နိုင်တဲ့ လမ်းရှည် လမ်း စဉ် သုံး။

**လမ်းစဉ်သုံးတန် မှတ်ထားရန်။** ဟော-ဒိဋ္ဌိသတ်နိုင်တဲ့ လမ်းစဉ်မှာ သုံးပါးရှိပါတယ်၊ သီလ အစ ဆိုသောကြောင့်၊ အစ သီလ, လုံခြုံအောင် ထိန်းရမယ်၊ သမထ အလယ် ဆိုသောကြောင့်၊ အလယ် စိတ်နှလုံးလဲ လုံခြုံအောင် ထိန်းရမယ်၊ ဝိပဿနာ အဆုံးဆိုသောကြောင့်၊ အဆုံး ကျယင် ဝိပဿနာတရား အားထုတ်ရမယ်၊ ဒါကြောင့်- လမ်းရှည်ထဲက လမ်းသည် သုံးပါးရှိတယ်လို့ သာ ဘုတ္တာစဉ်အတိုင်းကြည့်ပါ။

ကဲ....လမ်းတိုလေးပြောမယ်။

**ဆောင်။** (သီလအစ၊ သမထ, ဝိပဿနာအဆုံး, ဒိဋ္ဌိသတ်နိုင်တဲ့
(လမ်းတို၊ လမ်းစဉ်ထုံး။

ဟော- သီလအစ ဆိုသောကြောင့်, အစသီလ၊ လုံခြုံအောင် ထိန်းရမယ်၊ သမထဝိပဿနာ အဆုံးဆိုသောကြောင့်, အဆုံးကျယင်၊ သမထနှင့် ဝိပဿနာတွဲလိုက်ရတယ်၊ အဲဒါလေးတွေ မှတ်မှတ်ထား၊ လမ်းရှည်နဲ့ လမ်းတိုခွဲပြအုံးမယ်။

သမထနဲ့ဝိပဿနာ ခွဲမယ်ဆိုယင် လမ်းရှည်ဘဲ၊ တွဲမယ်ဆိုယင် လမ်းတိုဘဲလို့ သမထအရင်အားထုတ်၊ နောက်မှ ဝိပဿနာ အားထုတ်၊ ဒါက လူပိန်းတွေး, တွေးလိုက်ထာ ခေါ်တယ်။

သီလအစ၊ သမထအလယ်၊ ဝိပဿနာအဆုံး၊ မဂ်ဝင်, နိဗ္ဗာန်မြင်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး။

သီလအစ, သမထ ဝိပဿနာ အဆုံး၊ မဂ်ဝင်,နိဗ္ဗာန်မြင် ဖိုလ်ဝင်,နိဗ္ဗာန်မြင်နိုင်တဲ့ လမ်းတို လမ်းစဉ်ထုံး-လို့ လမ်းရှည်ဖြစ်ပုံ, လမ်းတိုဖြစ်ပုံတို့ကိုလဲ လင်္ကာလေးရရုံ မတွန့် ခွဲခြားပြီးတော့သိနိုင် ပါတယ်လို့ ယူထား။

ကဲ-ဒါဖြင့် ဒိဋ္ဌိသတ်နိုင်တဲ့ လမ်းတော့တွေ့ပြီနော် (မှန်ပါ ဘုရား) လမ်းရှည်က တလမ်းလဲတွေ့ပြီ၊ လမ်းတိုတလမ်းလဲတွေ့ပြီနော် (တွေ့ပါပြီဘုရား) သို့သော်- နည်းမှန်လမ်းမှန် သိဘို့ရာ အတော်ခဲ ယဉ်းတယ်၊ မခဲယဉ်းဘူးလား၊ (ခဲယဉ်းပါတယ်ဘုရား။)

**ဘုံသုံးဆယ့်တစ် ပြန်မဖြစ်လို့။**

ဝိဘဝေသိန်- ဘဝကင်းရာနိဗ္ဗာန်ကို ရှာကြံပါ သော်လည်း၊ ဝိဘဝေသိန်- အပါယ်ဘုံ ဘဝ ကင်းရာ ရှာကြပါလည်း, ကင်းရာ ကင်း ကြောင်း နည်းကောင်းမရ ငြားကြသည့် သတ္တဝါများ တို့သည်၊ ဝိဘဝေသိန်- အပါယ်မကျတဲ့ နည်းကောင်းကို ရှာပင် ရှာကြပါ သော်လဲ သီလ,အစ သမထ,အလယ် ဝိပဿနာ အဆုံးဆိုတဲ့ လမ်း ရှည်ကတမျိုး, သီလအစ သမထ ဝိပဿနာအဆုံး ဆိုတဲ့ လမ်းတိုက တမျိုး, အပါယ်မကျနိုင်ဘဲ့ ဒိဋ္ဌိသတ်နိုင်တဲ့ လမ်းစဉ်နှစ်ခုကို မရ ငြားကြတဲ့ သတ္တဝါများ တို့သည်၊ ဘဝံ- ဘုံသုံးဆယ့်တစ်တွင် ကျင်ကျင်လည်၍သာ ထပ်တလဲလဲ ပြန်ပြန် ဖြစ်နေ ကြရ သည်ကို ဒိသွာစ- ဟုတ်တိုင်း သိမြင်တော် မူခြင်းကြောင့်လည်း၊ ကိဥ္စိဘဝံ- တစုံတခုသော ဘုံတွေဘဝတွေကို(ဝါ)ဘယ်လို ဘုံဘဝမျိုးကိုမှ၊ နာဘိဝဒိံ-လိုချင်ဇောဖြင့် မမက်မောမစွဲလန်းတော့ပါပြီတကား။

(သာဓု....သာဓု....သာဓု။)

(၁၀)

အပါယ်ကျမှာကြောက်လှန်းလို့-အပါယ်ကျမှာ ကြောက်လှန်းလို့-မကျနိုင်အောင် နည်းမှန်လမ်းမှန်တွေ ရှာပင် ရှာကြပါသော်လဲ မရဘူးနော်-မရဘူး, မရဘူး၊ ဒါနပြု ဆုတောင်းဆိုတဲ့ နည်းမျိုးနဲ့လဲ မလွတ်သေးဘူး၊ သီလ,ပြု ဆုတောင်းဆိုတဲ့ နည်းမျိုးနဲ့လဲ မလွတ်သေးဘူး၊ သမထ,ပြု ဆုတောင်းဆိုတဲ့ နည်းမျိုးနဲ့လဲ မလွတ်သေးဘူး၊ ဝိပဿနာပါမှ လွတ်မယ်နော်- ဝိပဿနာပါပင်ပါငြားသော်လဲ လမ်းနှစ်လမ်းမသိယင် ခုနပြောတဲ့ လမ်းရှည်လမ်းတို နှစ်လမ်းကို နည်းမှန် လမ်းမှန် မသိယင် အပါယ် တဖွားဖွား သွားကြတော့မယ်။

ဒါကြောင့် အပါယ် တဖွားဖွား သွားချင်တဲ့ ပုဂ္ဂိုလ်တွေကို မဆိုထားပါဘိ၊ အပါယ်က လွတ်ဘို့ တောင် အတော် ခဲယဉ်း နေဒါ တွေ့တော့ ငါဘုရားရှင်ဟာလေ ဘယ်တော့ကမှ ဘုံ သုံးဆယ့်တစ်ကိုတော့ မလိုချင်တော့ပါဘူး-လို့ ။

နန္ဒိံစ- ဘုံဘဝတွေကိုပင် လိုချင်မက်မော တဏှာဇောကို လည်း၊ နဉပါဒိယံ၊ လူနတ် ဗြဟ္မာ အကျိုး, ရုပ်နာမ်, ခန္ဓာအသစ် တွေ ရပ်သွားဘို့ အကြောင်းသစ်ဆိုတဲ့ ကာယကံ,ဝစီကံ,မနောကံ, ကံသုံးပါး ပြတ်သွားရလေအောင် အနမတဂ္ဂ, သံသရာကစ၍ ၁,နံပါတ် အစစ် ဒိဋ္ဌိအနုသယ ကိလေသာ အငုပ်မှားတွေကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဖြင့် အရင်းအငုပ်ကစ၍ နုတ်ဖြုတ် သတ် လိုက်လေပြီတကား။

(သာဓု....သာဓု....သာဓု။)

**သတ်ရန်လက်နက် မှတ်ထားချက်။**

ကဲ-ဒါဖြင့် ၁၃နံပါတ်ဖြစ်တဲ့ ဒိဋ္ဌိတရားခံလေး သတ်နိုင်တဲ့ လမ်းနှစ်လမ်းတော့ တွေ့ပြီနော်၊ (တွေ့ပါပြီဘုရား) လမ်းနှစ်လမ်းမှာ ဆိုလို့ရှိယင် သတ်နိုင်တဲ့လက်နက်ကို တခါရှာကြစို့။

လမ်းရှည်ထဲကချုံးလိုက်မယ်ဆိုယင်လဲ သီလ၊သမထ၊ဝိပဿနာ သုံးခုပါဘဲ၊လမ်းတိုထဲက ချုံးလိုက်မယ် ဆိုယင်လဲ သီလ၊သမထ၊ ဝိပဿနာဆိုတော့-ဘယ်နှစ်ခုရမလဲ၊(သုံး ခု ရပါတယ်ဘုရား)သုံးခု ရတာပါဘဲ၊ ပဋိပတ္တိ သာသနာဆိုဒါ-သိက္ခာ သုံးပါး ပါရတယ်- အဓိသီလသိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာ သိက္ခာလို့ သိက္ခာ သုံးပါး ပါရတယ်။

အဓိ သီလ၊သိက္ခာက လွန်ကဲသော သီလ၊အကျင့်ပါဘဲ။

အဓိ စိတ္တ၊သိက္ခာက လွန်ကဲသော သမထ၊အကျင့်ပါဘဲ။

အဓိ ပညာ၊သိက္ခာက လွန်ကဲသော ဝိပဿနာ၊အကျင့်ပါဘဲ။

ဒါကြောင့် သိက္ခာသုံးပါးနဲ့လဲ လျော်ပါတယ်-လမ်းတိုထဲက စပ်မယ် ဆိုရင်လဲ သီလ သမထ ဝိပဿနာ သုံးခုပါဘဲ- လမ်းရှည် ထဲက စပ်မယ်ဆိုယင်လဲ သီလ သမထ ဝိပဿနာပါ-ဘဲလို့- သုံးခု ယူထား ရှင်းထားကြ- ရှင်းထားကြ၊ ကဲ....စပ်မယ်- စပ်မယ်၊ စပ် တော့မယ်။

သီလနဲ့ ၂၊ နံပါတ် ဆိုတဲ့ အကုသိုလ် ကံထဲမှာ ကာယကံ ဝစီကံနဲ့စပ်ပါမယ်၊ သီလနဲ့ဘာနဲ့စပ်လဲ၊ (ကာယကံဝစီကံနဲ့ စပ်ပါတယ်ဘုရား။)

သမထနဲ့-၂, နံပါတ်ဆိုတဲ့ အကုသိုလ်ကံထဲမှာ မနောကံနဲ့ စပ်ပါမယ်၊ သမထနဲ့ဘာနဲ့စပ်လဲ၊ (မနောကံနဲ့ စပ်ပါတယ်ဘုရား) ဝိပဿနာနဲ့-၁,နံပါတ်ဆိုတဲ့ ဒိဋ္ဌိနဲ့စပ်မယ်၊ ဝိပဿနာနဲ့ ဘာနဲ့စပ်လဲ၊ (ဒိဋ္ဌိနဲ့စပ်ပါတယ်ဘုရား) စပ်ထားနော်-စပ်ထား-မမေ့စေနဲ့။

သီလဆိုယင်လေ၊ကာယကံ ဝစီကံ ဆိုတဲ့ ဝီတိက္ကမ ကိလေသာ အဖျားမှားကိုရှောင်တယ်–လို့ အဖျားမှားကို သီလနဲ့ရှောင်ဒါ လေးမှတ်ထား၊ သမထနဲ့ အကုသိုလ် ကံထဲမှာ မနောကံနဲ့ စပ်သည်ဖြစ်လေသောကြောင့်။

အလယ်ခေါင် အကြံမှားကို သမထနဲ့ဘိ လို့ လက်ာလေး မမေ့စေနဲ့။

ဝိပဿနာနဲ့ ၁,နံပါတ် ဒိဋ္ဌိနဲ့ စပ်သောကြောင့် အရင်းရှိ အငုပ်မှားကို ဝိပဿနာနဲ့ဖြုတ် လို့ ဟောဒါလေးတွေစပ်ထား။

အငုပ် ပြုတ်လျှင်, သောတာပန်ပင်, အပါယ်ခွင် ပဋမ,လွတ် လပ်ရေးရ လက်ာလေးတွေရအောင်လုပ်ကြ။

အငုပ် ပြုတ်လျှင်- အငုပ်ပြုတ်လျှင်- ပရိယာယ်တွေ ထပ်ဆက် ရင်ရသေးတယ်။

ဆောင်။ အငုပ်ပြုတ်လျှင်, မဂ်ဝင် နိဗ္ဗာန်မြင်, ဖိုလ်ဝင် နိဗ္ဗာန် မြင် ဒါဘဲ။

အငုပ်ပြုတ်လျှင်, သောတာပန် ဖြစ်ထာဘဲ အငုပ် ပြုတ်လျှင်, အပါယ်ခွင် ပဋမ,လွတ်လပ်ရေး ရတော့ ဒါဘဲ ဒါက အုတ်မြစ်ချထားလိုက်ထာ ခေါ်တယ်။

ကဲ....ကနေ့တော့ အဖျားမှားကို သိလန့် ရှောင်လို့ ဆိုသော ကြောင့် အဖျားမှားပုံ သိလကောက်ယူပုံ ရှောင်ပုံ ဆောင်နည်း တို့ကို တကန့်စီ-တကန့်စီ မရောမယှက်ပါဘဲနဲ့ ကရုဏာ သန်သန် ထား မေတ္တာများများဖြင့် ဟောကြား ပါလိမ့်မယ်၊ ဦးပဥ္စင်း ကရုဏာမေတ္တာရှိသလောက် တရားနာသူတို့၏ နားမှာလေ၊နားက ကြား ရင်က ခံ့ခြမ်း စိတ်ဖြာပြီး သကာလ တခါထဲ ရှင်းကန်-ရှင်းကန်- လင်းကန်-လင်းကန် ဖြစ်ပြီးတော့ သွားအောင် မှတ်မှတ် သားသားနဲ့ နာယူမှတ်သားကြပါလို့ သတိပေးပါသည်။

သဲထဲရေသွန်သလို ဖြစ်ထာများသည် ဖြစ်လေသောကြောင့်- တရားဆိုဒါလေ ခြသေ့ဆီနဲ့တူပါတယ်- ခြသေ့ဆီများဟာ သိင်္ဂီရွှေခွက်နဲ့မှ ခံလို့ရသလို- ထို့အတူ "ခြသေ့ဆီနဲ့တူသော တရား အဆီအနှစ်များကို သိင်္ဂီရွှေခွက်နှင့် တူသော ရင်ကလေး ထဲမှာ အသိကလေးတွေ ဝင်သွားဘို့ နားကကြား ရင်ကခွဲခြမ်း စိတ်ဖြာပြီး သိမှသာလျှင် တရားအဆီအနှစ်တွေ ရင်တွင် နာမ် အစဉ်မှာ ကိန်းလိမ့်မယ်နော်" နို့မို့ရင် အခေါက် တရာပင်နာ- အခါတရာပင် တရားနာသော်ငြားလဲ နာလို့တော့ ကောင်းပါ ရဲ့- ဘာမှမသိပါဘူးဆိုယင်ဖြင့် ဦးပဥ္စင်း ပင်ပန်းကျိုး မနပ်တော့ ပါဘူး....။

ဒါကြောင့်- ရိုရို သေသေ, လေးလေး စားစားနဲ့ တရား တော်ကို နာယူမှတ်သားကြဘို့ သတိပေးလိုက်ပါတယ်....။

**အမှားသုံးခု သတိပြု။**

ကဲ- အဖျားမှား တဲ့၊ အဖျားမှားဆိုယင် သုံးထိုး ထား၊ သုံးခုရှိတယ်- သုံးခု ကောက်မယ်၊မိစ္ဆာ သိလ မဂ္ဂင်ကြည့်ကောက်တဲ့ အမှားတတန်း။

မိစ္ဆာဝါစာ .... .... .... အပြောမှားဒါ။
မိစ္ဆာကမ္မန္တ .... .... .... အလုပ်မှားဒါ။
မိစ္ဆာအာဇီဝ .... .... .... အသက်မွေးမှားဒါ။
ကဲ....ပါဠိဖြုတ်၊ အဖျား မှားဒါ သုံးခုဆိုဒါ
အပြော မှားဒါလေးမျိုးက .... .... .... .... ၁,ပါ။

အလုပ်မှားဒါ သုံးမျိုးက .... .... .... .... ၂,ပါ။

အသက်မွေးဝမ်းကြောင်းမှားဒါ ခုနစ်မျိုးက ၃,ပါ။ မမေ့စေနဲ့-မမေ့စေနဲ့၊ စာနဲ့ဘာနဲ့ကိုက်ပြီးတော့ ပြောတဲ့စကားတို့သည် ဘယ်တော့မှ မမေ့စေနဲ့။

အပြောမှားဒါလေးခုတဲ့- ကောက်တော့မယ် ကောက်တော့မယ်။

လိမ်ပြောဒါ- ၁။
ကုန်းချောဒါ- ၂။
စိတ်ကြမ်းပြောဒါ- ၃။
အဖျင်းပြောဒါ- ၄။

အဲဒါလေးခုဟာဖြင့် အပြောမှားဒါဘဲ၊ အပြောမှားဒါ ဘယ်နှစ်ခုဘဲ (လေးခုပါဘုရား) လေးခု-လေးခု၊ အပြောမှား-အပြောမကောင်းဘူးဆိုတယ်၊ အပြောမကောင်းဘူး အပြောမှားတယ်ဆိုယင်-ဝစီကံဘဲ၊ နှုတ်အတွက်ပါးစပ်အတွက် ဒီလေးခုများကျူးလွန်နေဒါ တွေ့မယ်ဆိုယင် ဒီလူကြီး ဒီမိန်းမကြီး ပါးစပ်တော့မှားပြီ လိမ်ပြောနေဒါတွေ့ယင် ကုန်းချောနေဒါတွေ့ယင် စိတ်

ကြမ်း ပြောနေဒါ တွေယင် အဖျင်း ပြောနေဒါတွေယင် ပါးစပ် မကောင်းဒါ ပါးစပ်မကောင်းဘူး၊ ဒီလူကြီး ဒီမိန်းမကြီး ပါးစပ်ဟာ လိမ်ပြောနေတာဘဲ၊ တယ်....နားမခံသာတဲ့ ပါးစပ်မျိုး အင်မတန် ကြမ်းတမ်းလှပါတယ်လို့ ဒီလိုမှတ်နော်၊ (မှန်ပါဘုရား) အဲဒါ အပြောမှားဒါ ၄,မျိုးက ၁,ပါ။

အပြောမှားဒါ ဘယ်နှစ်ခုလဲ (လေးခုပါဘုရား)

အလုပ်မှားတာ သုံးခုတဲ့။

(သက်သတ်-ခိုးမှု, ကာမေသု, သုံးခုကာယကံ) တဲ့။

ဒါကတော့-သိပ်ကျယ်ကျယ်, လွင့်လွင့်ပြောနေဘို့ မလိုတော့ဘူး- ယခုကာလ-ကလေးမလေးတွေ တောင်မှ အဘိဓမ္မာမေးပွဲတွေ ဝင်နေကြတော့-ဒီတောင်ငူမှာဆိုယင်လဲ၊ဆရာတော် ဦးသံဝရတို့-အဘိဓမ္မာသင်တန်းပြလို့- တချို့ ကလေးမလေးတွေလဲ- အဖွဲ့လိုက် အောင်ကုန်ကြပြီ၊ ဒါကြောင့်-သိပ်မလိုသည် ဖြစ်လေသောကြောင့်-အကျယ်မလိုတော့ပါဘူး။

သူများအသက်ကို သတ်ဖြတ်နေကြတာလဲ-ကာယကံထဲကဘဲ-အလုပ်မှားတာပါဘဲ၊ သူများဥစ္စာ ခိုးယူ တိုက်ဖျက်- လုယက်နေကြဒါလဲ-ကာယကံထဲကဘဲ-အလုပ်မှားတာဘဲ၊ ဈေးသည်များဆိုယင်-မတော်မတရား-ဈေးရောင်းပြီးတော့- မတော်မတရား ယူနေမယ်ဆိုလို့ရှိယင် ဒါလဲဘဲ အလုပ်မှားတာဘဲ၊ မသွားလာကောင်းသော ကာမဂုဏ်တို့မှာလဲ သွားလာပြီးတော့- ပြစ်မှားနေတာလဲ အလုပ်မှားဒါနဲ့ အလုပ်မကောင်းဘူးခေါ်တယ်။

အလုပ်များတာ သုံးခုဆိုယင်-ကာယကံ ဖြစ်လေသောကြောင့် ကာယကံနှင့် ပတ်သက်ပြီး- ကိုယ်မကောင်းဘူးလို့ ဆိုလိုတယ်၊ ကာယကံ့ကိုယ်၊ ကံ့ဆိုဒါ့ကိလေသာ ခေါ်တယ်၊ ကိုယ်နဲ့ပြု လုပ်တဲ့ ကိလေသာ ခေါ်သောကြောင့်- ကိုယ်မကောင်းဘူးလို့ ခေါ်ကြ-သဘောကျပလား၊ (ကျပါတယ်ဘုရား။)

လောကမှာဆိုယင်- အနာကြီး ရောဂါရှိတဲ့ ပုဂ္ဂိုလ်ကို ကိုယ် မကောင်းဘူးလို့သာရှိတယ်၊ အသက်သတ်နေကြတဲ့ပုဂ္ဂိုလ်-သူများ ဥစ္စာ ခိုးယူတိုက်ဖျက် လုယက်ပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်- မသွား လာကောင်းသော ကာမဂုဏ်တို့၌- သွားလာပြစ်မှားပြီးတော့နေ ကြတဲ့ ပုဂ္ဂိုလ်တွေကို- ကိုယ်မကောင်းဘူးလို့ဘယ်သူမှမထင်ကြဘူး၊ ယခု ကာယကံ့ ကိုယ်မကောင်းကြဘူး- အနာကြီးရောဂါ ကိုယ် မကောင်းဒါထက်- ကာယကံ ကိုယ်မကောင်းကြဒါက- သာ၍ပင် ကြောက်စရာကောင်းပါ၏။

ဘာကြောင့်လဲ မေးယင်- အနာကြီး ရောဂါရှိတဲ့ လူသည် သေလျှင် သေရမယ်- မသေလို့ရှိယင်- သေလုကာမတ္တ- ပြင်းပြင်း ထန်ထန်- ဒုက္ခကို တသက်လုံး ခံစားရ၊ သို့သော်- သေသည်၏ အခြားမဲ့၌- အပါယ်တော့ မကျနိုင်ပါ၊ အကုသိုလ်ကံ ဆိုတဲ့ ကာယကံ ကိုယ် မကောင်းတဲ့ ပုဂ္ဂိုလ် တွေ ကျလာပလား- လို့ ဆိုယင်- သေသည်၏ အခြားမဲ့၌- အပါယ်လဲ ကျနိုင် ပါသည်။ အပါယ်ဆင်းရဲနဲ့- အနူဆင်းရဲနဲ့- နှိုင်းစာကြည့်စမ်း၊ အဆ တရာ၊ အဆ တထောင်၊ အဆ တသိန်းမက အပါယ် ဒုက္ခ- အင်မတန်မှ ကြီးလှပါပေတယ်-လို့ ဆိုဒါမှတ်ပေတော့။

ဒါကြောင့်- ခုန ပြောတဲ့- အနု ကိုယ်မကောင်းတဲ့ လူထက် ကာယကံဘက်က- ကိုယ်မကောင်းတဲ့လူက, ပိုပြီးတော့ ကြောက်စရာကောင်းပါတယ်လို့ ဆိုဒါ ရှင်းရှင်းကြီး မှတ်ပေတော့၊ သံဝေဂလဲ ဖြစ်ကြပေတော့- အဲဒါ-အလုပ်များဒါ သုံးခု-အလုပ်မကောင်းဒါ သုံးခုဆိုဒါ မှတ်ပါ-ရှင်းသွားပလား။

(ရှင်းသွားပါပြီဘုရား။)

အသက်မွေးဝမ်းကြောင်းများဒါ ၇,ခု။
အပြောများဒါ ၄,ခုနဲ့-အသက်မွေးများဒါက ၄,ခု။
အလုပ်များဒါ ၃,ခုနဲ့-အသက်မွေး များဒါက ၃,ခုပေါင်းတော့
အသက်မွေးဝမ်းကြောင်း များနေဒါ ၇,ခု။
ကဲ-ချုံးလိုက်တော့ အဖျားများဒါ သုံးခု ရှိပါတယ်။
အပြောများဒါ ၄,ခုက ၁,ပါ။
အလုပ်များဒါ ၃,ခုက ၂,ပါ။
အသက်မွေး ဝမ်းကြောင်းများဒါ ၇,ခုက ၃,ပါ။

ကဲ-ခုန နံပါတ်ထဲသွင်းမယ်- နံပါတ်ထဲသွင်းစမ်း အဖျားများဒါသုံးခုတို့သည် ၂,နံပါတ်-အကုသိုလ်ကံတွေထဲကဘဲ- အပါယ်ကျနိုင်တဲ့ ၂,နံပါတ်ဆိုတဲ့-တရားခံထဲကို သွင်းလိုက်မယ်ဆိုယင်- ကာယကံရယ်-ဝစီကံရယ်-ဒီ ၂,ခုထဲ ရှိတယ်၊ မနောကံပါကိုမပါသေးဘူး၊ ပါရဲ့လား (မပါ,ပါဘုရား။)

ကာယကံ,ဝစီကံဆိုပေမယ်လို့- အဟောင်းကို မရှောင်နိုင်ဘူး-အသစ်လောက်သာ ရှောင်နိုင်ပါ၏။ သီလ,ကလေ- သီလသမားဟာ အဟောင်းကိုမရှောင်နိုင်ဘူး။

"ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော" ဖြစ်ပြီးသား အကုသိုလ်ကံ အဟောင်းကို သီလက မရှောင်နိုင်ပါ၊ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား။)

"အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော"မဖြစ်သေးသော အကုသိုလ်ကံ အသစ်ကိုသာ ရှောင်၏။ သီလ- သီလစစ်ထာ၊ ဒါဖြင့်-တိုတိုပြော၊သီလသည် ကာယကံ၊ ဝစီကံ၊ အဖျားမှားကို ရှောင်ပေမယ်လို့- အဟောင်းကို မရှောင်နိုင်- အသစ်ကိုသာ ရှောင်နိုင်တယ်လို့ ဆိုတာမှတ်ပါ၊ ပေါ်လွင် ထင်ရှားအောင် အဟောင်းကို ကြွေးဟောင်းလို့ယူပါ၊ အသစ်ကို ကြွေးသစ်လို့ ယူပါ၊ သီလသမားတွေ အတွက် မှတ်ပါ၊ ဒါလေး ရှင်းပလား၊ (ရှင်းပါတယ် ဘုရား) သီလသမားတွေ အတွက် မှတ်ပါ၊ ရှင်းသွားပြီ။

ရှင့် သီလဖြစ်ဖြစ်၊ ရဟန်း သီလဖြစ်ဖြစ်၊ လူ့ သီလဖြစ်ဖြစ်၊ ဘယ်သီလဘဲဆိုဆိုပါဘဲ၊ လောကီ သီလပြောမယ်ဆိုယင်၊ နံပါတ် တပ်မယ်ဆိုလို့ရှိယင် ၂, နံပါတ် အကုသိုလ်ကံထဲက ကံဘဲ တပ်နိုင်တယ်နော်(မှန်ပါဘုရား) ၂, နံပါတ်အကုသိုလ်ကံထဲက ကံဆိုပေမယ်လို့၊ ကာယကံ၊ ဝစီကံဘဲရှိသေးတယ်၊ မနောကံမပါသေးဘူးနော်(မပါ ပါဘုရား)ကာယကံ၊ ဝစီကံမှာလဲ ကြွေးဟောင်းတော့မဆပ်ဘူး၊ ကြွေးသစ်သာ မဝင်ဒါ၊ ကြွေးသစ်မဝင်ဒါလဲဘဲ၊ သီလ ရှိနေတုန်းသာ မဝင်ဒါ၊ သီလ မရှိဒါနဲ့ ဝင်မြဲဝင်နေဒါပါဘဲ ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ် ဘုရား။)

လူတွေမှာ ဆိုလို့ရှိယင် ငါးပါး သီလလေးဟာ နိစ္စ, ဂချဒ္ဓ ခေါ်တယ်၊ လူနဲ့ ငါးပါးသီလနဲ့ဆိုယင် စပ်ထားရတယ်၊ လူမှန်ယင်လေ အမိဝမ်းတွင်းက မွေးလာကတည်းက ထိုပုဂ္ဂိုလ် ကလေးမှာ ငါးပါး သီလ လေးဟာ ခါးဝတ်ပုဆိုးလို ပါလာ ရတယ်လို့ ဤကဲ့သို့ဆိုလိုတယ်၊ ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့လဲ မြဲရမယ်။

အဲဒီ-ငါးပါး သီလလေးဟာဖြင့်၊ တရက်မြဲယင်တရက်၊ မမြဲတဲ့ ရက်တွေ မလုံခြုံပြန်ဘူး၊ တလမြဲယင် တလ, မမြဲတဲ့လတွေ မလုံခြုံ ပြန်ဘူး၊ တနှစ်မြဲမယ်ဆိုယင် တနှစ်သာ လုံခြုံတာ၊ မမြဲတဲ့နှစ်တွေ ဆို မလုံခြုံပြန်ဘူး၊ ဒါကြောင့်- သီလ,သမားသည် ကြွေးသစ်ကိုသာ ဆပ်ပါတယ်၊ ကြွေးဟောင်းကိုတော့ ဘယ်တော့မှ မဆပ်နိုင်ပါ၊ သီလ သမားတွေ, သီလ သမားတွေ၊ ကြွေးဆပ်သလား၊ မဆပ်ဘူး လားလို့ မေးယင်၊ သီလ သမားဟာနဲ့နဲ့လေးမှ မဆပ်ဘူး၊ သေချာ မှတ်ကြ။

ဥပမာ-ကြွေးတရာယူထားတယ်ဆိုပါတော့ သီလ သမားနဲ့ပတ်သက်ပြီး ပြောမယ်ဆိုယင်၊ တရာ ခြောက်ကျပ်တိုး၊ တလ ခြောက်ကျပ်တိုးကို အဲဒီအတိုးလဲ မဆပ်ဘူး၊ တရာမဆပ်ထာ မဆိုထားဘိ၊ ငါးဆယ်လဲ မဆပ်ဘူး၊ တကျပ်,နှစ်ကျပ်ကော ဖဲ့ဆပ်သလားမေး ယင် တကျပ်, နှစ်ကျပ်လဲ မဆပ်ဘူး လုံးလုံး ပြောင်ခံ နေတယ်။ ပြောင်ခံနေတယ်၊ သီလ သမားဟာ ဥပုသ် ရက်ရှည် စောင့်ပင် စောင့်ငြားသော်လဲ၊ သီလ သမားဆိုယင် ကြွေးဟောင်းမဆပ်ဘူး နော် ဆပ်ကဲ့လား၊ (မဆပ်ပါဘုရား) စားစရာ မရှိတဲ့ အခါမှာဆို

ယင်၊ လောကမှာ ကြွေးသစ်ထပ်ယူသလိုဘဲ၊ သီလ သမားဆိုယင် ကြွေးသစ်ဟာ၊ သီလ ရှိတုန်းခဏသာမဝင်ဒါ၊ သီလ မရှိဒါနဲ့ဝင်မြဲ ဝင်ပြန်ဒါဘဲ။

ဒါကြောင့်- သီလ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တွေ့ယင် ရှောင်တဲ့ သမ္ပတ္တဝိရတီ၊ ရှေးတုန်းက သီလပင် မရှိငြား သော်လဲ၊ တွေ့တဲ့အခါမှာ ရှောင်ကို ရှောင်ရမယ်တဲ့၊ လူမှန်ယင် သီလ ခံခံ့ မခံခံ၊သီလ ရှိသည်ဖြစ်စေ့ မရှိသည် ဖြစ်စေ့ ရှောင်ရမယ်လို့ ဆိုလို တယ်၊ အဲဒါ ဗုဒ္ဓဘာသာတရားအစစ်ပါဘဲ၊ ဘုရားရှင် ကိုယ်တော် မြတ် အလိုတော်ကျ ပါဘဲ၊ အပါယ်မကျ နိုင်တဲ့ လမ်းစဉ် အစစ် ပါဘဲ။

အခုတော့ ဒီလိုမဟုတ်ဘူး၊ ဒို့ သီလမှ ခံယူမထားဘဲနဲ့ မြင်တဲ့ အခါမှာ ဒို့တော့ မရှောင်တော့ဘူး၊ လုပ်တော့မယ်ဆိုတဲ့သဘော မျိုးနဲ့၊ လုပ်ကြဒါ များတယ်၊ မများဘူး လား၊ (များပါတယ် ဘုရား။)

ဒါကြောင့်-သီလ လေးရှိနေတဲ့ အချိန်လေးမှာဆိုယင် လုံနေပါ တယ်၊ သီလ လေးထွက်သွားတယ် ဆိုဒါနဲ့ ကာယကံမှု့ ဝစီကံမှု့ ကြွေးအသစ်တွေ ဝင်မြဲဝင်ပြန်ဒါဘဲ၊ သီလ သမားတွေ၊ သီလ သ မားတွေ၊ ကိုယ့်ကိုယ်ကိုလဲ သီလသည် ဟုတ့်မဟုတ့် စစ်တန်းထုတ် ကြည့်ရတယ်၊ စစ်တန်းထုတ်ကြည့်ရတယ်။

ရှေ့အစစ်မှန်ယင် ပန်းတိမ်မှာ မှတ်ကျောက် အတင်ခံနိုင်သလို၊ ထို့ အတူ ဦးပဥ္စင်းပြောတဲ့ စကားတို့သည် ကိုယ်ပိုင်ဉာဏ် ကိုယ့် အ လုပ်ကလေးနဲ့ စစ်တန်းတုတ်ကြည့်မယ်ဆိုယင် ဟုတ်ပါတကားလို့

တရေးရေးပေါ်လာလိမ့်မယ် ပေါ်လာလိမ့်မယ်၊ ဉာဏ်ထဲမှာ ရော ပေါ်ကြပါရဲ့လား၊ (ပေါ်ပါတယ် ဘုရား။)

ဒါ့ကြောင့်-အဖျားမှားကို သီလနဲ့ ရှောင်လို့ ဆိုပေမယ်လို့၊ အဖျားမှားဟာ ကာယကံ, ဝစီကံ အသစ်ကိုသာ ရှောင်နိုင်ဒါ၊ ကာယကံ, ကံဟောင်း၊ ဝစီကံ, ကံဟောင်းနဲ့ ပတ်သက်ပြီး ကြွေးဟောင်းတွေ တပုံကြီးတင်နေသေးတယ်၊ မနောကံ, မနော ကံနဲ့ပတ်သက်ပြီး ကြွေးဟောင်း၊ ကံဟောင်းလဲ တင်မြဲတင်၊ ကြွေးသစ်- ကံသစ်လဲ ဝင်မြဲဝင်နေသေးတယ်၊ ၂, နံပါတ်တရားခံ တောင် မကုန်ဘူး၊ ၁, နံပါတ်ဆိုတဲ့ ဒိဋ္ဌိကြီးဟာ သည်အတိုင်းရှိ သေးတယ်။

လောကစကားနဲ့ ပြောမယ်ဆိုလို့ရှိယင်၊ ၁, နံပါတ်ဆိုတဲ့ ဒိဋ္ဌိ တရားခံဗိုလ်ကြီးကို မဖမ်းနိုင်သေးဘူး၊ ဖမ်းနိုင်ရဲ့လား၊ (မဖမ်းနိုင် ပါဘုရား) မဖမ်းနိုင်သေးသည် ဖြစ်လေသောကြောင့် သီလသက် သက်နဲ့ဆိုယင်၊ ၃, နံပါတ် အပါယ်ကျ လွတ်မလွတ် (မလွတ်ပါ ဘုရား) သီလသည် တပွဲတိုး တနပ်စာဖြစ်လေသောကြောင့်၊လွတ် ယင်တခဏဘဲ၊ ပင်စင်အမြဲတန်း ဘယ်တော့မှ မလွတ်ပါလို့ ဆိုဒါ ကိန်းသေ မှတ်ပေတော့၊ အားလုံးရှင်းပါသလား၊ (ရှင်းပါတယ် ဘုရား။)

**သီလအတွက် ပိစစ်ချက်။**

ကဲ- ဒါဖြင့် သီလစစ်မယ်၊ သီလစစ်ကြစို့။

လူအားထုတ်ယင်၊ လူ့ သီလ ရှင်အားထုတ်ယင် ရှင့်သီလ ရဟန်းအားထုတ်ယင် ရဟန်းသီလ ယူရပါတယ်၊ သီလ ဆိုယင်လဲ

ဘဲ၊ ညစာစားရတဲ့ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလနဲ့လဲ ရပါ
တယ်၊ ညစာ မစားရတဲ့ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလနဲ့လဲ ရ
ပါတယ်။

လူအားထုတ်ယင်လဲ လူ့သီလ လုံခြုံရပါတယ်၊ ရှင်အားထုတ်
ယင်လဲ၊ ရှင့်သီလလုံခြုံရပါတယ်၊ ရဟန်းအားထုတ်ယင်လဲ၊ ရဟန်း
သီလ လုံခြုံရပါတယ်၊ အားလုံး လူ့သီလ, ရှင့်သီလ, ရဟန်းသီလ,
အကုန်လုံး ခြုံလိုက်မယ်ဆိုယင်၊ သီလမဂ္ဂင်သုံးပါးထဲ ဝင်သွားကြ
ပါသည်။

ကဲ-သီလ မဂ္ဂင် သုံးပါး စစ်ကြစို့ ။

သမ္မာဝါစာ.... အပြောမှန်ဒါ.... အပြောကောင်းဒါ။

သမ္မာကမ္မန္တ.... အလုပ်မှန်ဒါ.... အလုပ်ကောင်းဒါ။

သမ္မာအာဇီဝ.... အသက်မွေးမှန်ဒါ.... အသက်မွေးကောင်းဒါ
သေချာမှတ်ကြ။

ကဲ- ပါဠိ ဖြုတ်တော့မယ်၊ သီလနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်တ
ယောက်ဟာ အပြောလဲ မှန်ကြတော့မယ်၊ အပြောလဲ ကောင်း
ကြတော့မယ်၊ အလုပ်လဲ မှန်ကြတော့မယ်၊ အလုပ်လဲ ကောင်းကြ
တော့မယ်၊ အသက်မွေးဝမ်းကြောင်းလဲ မှန်ကြတော့မယ်၊ အသက်
မွေးဝမ်းကြောင်းလဲ ကောင်းကြတော့မယ်၊ သီလရှိမရှိ ဒါလက္ခ
ဏာဘဲ။

အပြောကို ကြားတာနဲ့ သီလသည် ရှိမရှိ၊ အလုပ်ကို မြင်ဒါနဲ့
သီလသည် ရှိမရှိ၊ အသက်မွေးဝမ်းကြောင်းကိုမြင်ဒါနဲ့ သီလ သည်
ရှိမရှိ၊ သီလ၏ လက္ခဏာပေါ်လာရတယ်။

ငါးပါးသီလနဲ့ ကောက်ပြမယ်။

ပါတာတိပါတာ ဝေဒနာ အဒိန္နာဒါနာ ဝေဒနာလို့ဝေဒနာပါလာ၊ ဝေဒနာပါလာသောကြောင့်၊ သူ့အသက် သတ်ခြင်းမှရှောင်နေ၁်၊ သူများဥစ္စာ ခိုးယူတိုက်ဖျက် လုယက်ခြင်းမှ ရှောင်နေ၁်၊ မသွားလာကောင်းသော ကာမဂုဏ်တို့မှ သွားလာ ပြစ်မှားခြင်းမှ ရှောင်နေ၁်-လို့ ဝေဒနာ, ဝေဒနာ ပါလာသောကြောင့်၊ အလုပ်မှားတာ သုံးခုဆိုယင်၊ ဘာလုပ်ရမလဲ (ရှောင်ရပါတယ်ဘုရား) ဒါက ဝါရိတ္တသီလပြောဒါ၊ စာရိတ္တသီလဆိုယင် အင်မတန်ဖြည့်ကျင့်ရမယ်။

မုသာဝါဒါ, မုသာဝါဒါ၊ နောင်မှာ ဝေဒနာပါလာ အပြောမှားတာလေး ခုမှရှောင်၊ ရှောင်ယင် အပြောမှန် အပြောကောင်းပြီးပါးစပ်က တတွတ်တွတ်, တတွတ်တွတ်နဲ့ ဟောပြော နေမှသာလျှင် အပြောကောင်းသည်မဟုတ်ဘူး၊ အဘိဓမ္မာ လမ်းကြောင်းမှာ ရှောင်မယ်လို့ အာမဝန်တာခံပြီးယင်၊ ရှောင်ယင် အပြောကောင်းဒါဘဲ၊ သမ္မတ္တဝိရတီ ဆိုယင် လက်တွေ့ ပြောရတော့မယ်၊ လိမ်ပြောရတော့မယ်၊ ကုန်းချောရတော့မယ်။

ကဲ-ဒီလိုဆိုယင် လိမ်လဲ မပြောဘူး၊ ကုန်းလဲမချောဘူး၊ တွေ့တုန်းအသက်ပင်သေသေ၊ ရှောင်ကြဉ်လိုက်မယ်ဆိုယင်၊ အဲဒါအပြောမှားဒါလေး ခုမှ ရှောင်ကြဉ်သည် ဖြစ်သောကြောင့်၊ အပြောမှန်ဒါ လေးခု၊ သမ္မာဝါစာ သီလမဂ္ဂင် ဖြစ်သွား ပါသည်၊ အားလုံးရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား။)

အလုပ်မှားဒါ သုံးခုမှ ရှောင်ကြဉ်လိုက်မယ်ဆိုယင်၊ အလုပ်မှန်ဒါသုံးခု၊ သမ္မာကမ္မန္တ သီလမဂ္ဂင် ဖြစ်ပါသည်လို့ ဆိုဒါ၊ အဲသလို

မှတ် ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား) အဘိဓမ္မာလမ်းကြောင်း ခေါ်တယ်။

အသက်မွေး မှားတာ ခုနစ်ခုမှ ရှောင်ကြဉ်လိုက်လျှင် အသက်မွေးမှန်တာ ခုနစ်ခု၊ သမ္မာအာဇီဝ သီလမဂ္ဂင် ဖြစ်ပါသည်၊ အားလုံးရှင်းကြ။

ဒါကြောင့်- အပြောမှန်ဒါ လေးခုသည်၊ သမ္မာဝါစာ သီလမဂ္ဂင်ဘဲ။

အလုပ်မှန်ဒါ သုံးခုသည်၊ သမ္မာကမ္မန္တ သီလမဂ္ဂင်ဘဲ။

အသက်မွေးမှန်ဒါ ခုနစ်ခုသည်၊ သမ္မာအာဇီဝ သီလ မဂ္ဂင်ဘဲ၊ အားလုံးရှင်းပါသလား၊ (ရှင်းပါတယ် ဘုရား။)

ငါးပါးသီလနဲ့ နဲနဲချစစ်ကြည့်အုံးမယ်၊ ငါးပါးသီလ, ငါးပါး သီလ အလုပ်မှားတာသုံးခုအတွက်၊ အလုပ်မှားတာ သုံးခုဆိုယင်လဲ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ ဒီသုံးခုအလုပ်မှားတယ် ခေါ်တယ်။

သူများအသက်ကို သတ်ဖြတ်ကြဒါ၊ ခိုးယူ တိုက်ဖျက် လုယက်ကြဒါ၊ ပြစ်မှားကြဒါ၊ ဒီသုံးခု အလုပ်မှားကြဒါဘဲ၊ အလုပ် မကောင်းဘူးခေါ်တယ်၊ အလုပ်ကို မကောင်းဘူးဆိုယင်၊ နံပါတ်တပ်၊ ၂, နံပါတ် ခေါ်တယ်၊ ၂, နံပါတ် အကုသိုလ်ကံထဲက ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ် ဘုရား။)

မိမိကိုယ်ကို မိမိစမ်းစစ်စမ်း၊ ငါ့ရင်တွင် နာမ်အစဉ်မှာ ပါဏာတိပါတ, ကံနဲ့ပတ်သက်၍ ကြွေးဟောင်း တွေအနန္တ တင်ခဲ့တယ်၊ အဒိန္နာဒါနာ,ကံနဲ့ပတ်သက်၍ကြွေးဟောင်းတွေအနန္တတင်ခဲ့တယ် ကာမေသုမိစ္ဆာစာရ ကံနဲ့ပတ်သက်၍ ကြွေးဟောင်းတွေ အနန္တ

-တင်ခဲ့တယ်၊ ကာယကံ ကြွေးဟောင်းတွေ၊ ဒိဋ္ဌမပြုတ် သေးလို့ရှိ ယင်၊ နောက်ကိုလဲ ကြွေးသစ်ကွေ အနန္တဝင်အုံးမှာဘဲလို့၊ သည့်ပြင် ကာယကံ သုံးပါးမှာဆိုယင်၊ ကဲ့ ၂ တကောင်သတ်တဲ့ အကုသိုလ် ကံ၊ နွားတကောင်သတ်တဲ့ အကုသိုလ်ကံ၊ ဆိတ်တကောင် သတ် တဲ့ အကုသိုလ်ကံ ကြက်တကောင်- ဘဲတကောင်- ငါးတကောင်- ဝက်တကောင်သတ်တဲ့ အကုသိုလ်ကံ- အင်မတန် ငယ်စွာသော သန်းလေး- ခြင်လေး-ကြမ်းပိုးလေး, စသည့် သတ်တဲ့ အကုသိုလ် ကံ- အင်မတန် များတယ်- မများဘူးလား၊ (များပါတယ် ဘုရား။)

**ကံဥပမာ။** ဒါကြောင့်- ကံတွေ ဆန်းစစ်ပြီးတော့ ထားလိုက် မယ်ဆိုယင်-ကံတကံ-စပါးတစိ ထားစမ်း- တကံ ပြီး တကံ, တကံပြီးတကံ, ဆက်ခါ ဆက်ခါ ကျူးလွန်တော့ မယ်ဆိုယင်- စပါးစိပေါင်း ထောင်သောင်းမက များပြီးတော့ လာတဲ့အခါမှာ ဂိုဒေါင်ကြီးပြည့် တသိန်းဆန့်တဲ့ ဂိုဒေါင်ကြီး များနဲ့ တရာ တထောင် တသောင်း တသိန်းမက မိမိရင်တွင်း နာမ်အစဉ်မှာ ပါဏာတိပါတ ကံနဲ့ ပါတ်သက်ပြီး သကာလ ကြွေးဟောင်းတွေ တပုံကြီးတင်ခဲ့တယ်၊ အဒိန္နာဒါနာ ကံနဲ့ပါတ် သက်၍ ကြွေးဟောင်းတွေ တပုံကြီး တင်ခဲ့တယ်၊ ကာမေသုမိစ္ဆာ -စာရကံနဲ့ ပတ်သက်၍ ကြွေးဟောင်းတွေ တပုံကြီး တင်ခဲ့တယ်၊ ဒီကြွေးဟောင်း အနန္တနဲ့ ပတ်သက်၍ သီလ,က ဆပ်နိုင်ပါ့မလား၊ (မဆပ်နိုင်ပါဘုရား။)

(၁၁)

ဒါကြောင့်- ငါးပါးသီလ ထဲမှာ ဆိုယင် ကြွေးဟောင်းတွေ အနန္တ တင်ခဲ့သောကြောင့် ၃,နိပါတ် အပါယ်ကျ မလွတ်တော့ ပါ။ အပါယ်ကျ မလွတ်သည် ဖြစ်လေ သောကြောင့်-ဘုရားရှင် ကိုယ်တော်မြတ်က၊ အဲဒီကာယကံ သုံးခုဆိုယင်- ရှောင်ရမလား- လုပ်ရမတဲ့လား၊ (ရှောင်ရပါမယ်ဘုရား) ဘာကို ဘာကမြင်လို့ လဲမေးယင်- ဝေရမဏီ မြင်လို့ အလုပ်များဒါ ၃,ခုဆိုလို့ ရှိယင်- ငါးပါးသီလနဲ့ ပတ်သက်၍ ပါဏာတိပါတာ- သူ့အသက် သတ်ခြင်းမှ မြတ်စွာဘုရားက ဝေရမဏီ-ရှောင်တဲ့။

အဒိန္နာဒါနာ- သူများဥစ္စာ ခိုးယူ တိုက်ဖျက် လုယက်ခြင်းမှ မြတ်စွာ ဘုရားက ဝေရမဏီ-ရှောင်တဲ့။

ကာမေသု မိစ္ဆာစာရာ မသွားလာကောင်းတဲ့ ကာမဂုဏ်တို့မှ ပြစ်မှားတာလဲဘဲ၊ မြတ်စွာဘုရားက ဝေရမဏီ-ရှောင်တဲ့။

ရှောင်မယ်ဆိုလို့ရှိယင် သီလဖြစ်ပါတယ်၊ သီလဖြစ်မယ်ဆိုယင် အကုသိုလ်ကံဟောင်းနဲ့ ပတ်သက်ပြီးတော့၊သီလက မတတ်နိုင်ပါ၊ တခါတော့ ၃ နိပါတ်အပါယ်ကျတော့ လွတ်ပါရဲ့ ပင်စင်အမြဲ တန်းဘယ်တော့မှ မလွတ်နိုင်ပါလို့ ဆိုဒါ ရှင်းရှင်းကြီး မှတ်လိုက် ပေတော့ သဘောကျပလား၊ (ကျပါတယ် ဘုရား။)

အပြောမှာဒါ လေးခုတဲ့၊ မုသာဝါဒါ အဲဒီ မုသားထဲမှာလဲ၊ ၈စီဒုစရိုက် လေးပါးသွင်းထားရတယ်၊ လိမ်ပြောကြမယ်၊ ကုန်း ချောကြမယ်၊ စိတ်ကြမ်းပြောကြမယ်၊ အဖျင်းပြောကြမယ်ဆိုယင်

မိစ္ဆာဝါစာ၊အပြောမှားမယ် ဆိုလို့ရှိယင်လဲဘဲ ၂, နံပါတ် အကုသိုလ်ကံထဲကဘဲ၊ အကုသိုလ်ကံထဲကဆိုယင် ၃, နံပါတ်အပါယ်ကျမလွှတ်တော့ပါ။

ဒါကြောင့်- အပါယ် ကျမလွှတ်သည် ဖြစ်လေသော ကြောင့်၊ အဖ မြတ်စွာဘုရားက မုသာဝါဒဆိုယင် ပြောလို့ ခိုင်းသလား၊ ရှောင်လို့ခိုင်းသလား၊ (ရှောင်လို့ ခိုင်းပါတယ်ဘုရား) ဝေရမဏီ ကန်းတိုက်ထာ ရှောင်ကြ၊ စိတ်ကြမ်း ပြောဒါလဲ ရှောင်ကြလို့၊ ဝေရမဏီ သိက္ခာပုဒ်နဲ့ ယူကြပေတော့။

နောက်ပြီးတော့ဆိုယင်လဲ အသက်မွေး ဝမ်းကြောင်းမှားဒါ အဲဒါလေးတွေ ကြည့်လိုက်မယ်ဆိုလို့ရှိယင်၊ ပါဏာတိ ပါတာ, အဒိန္နာဒါနာ, ကာမေသု မိစ္ဆာစာရာ,အလုပ်မှားဒါနဲ့ အသက်မွေးမှားဒါ၊ မုသာဝါဒနဲ့ပတ်သက်ပြီး အသက်မွေးမှားဒါ၊အဲဒီအသက်မွေးဝမ်းကြောင်းမှားနေဒါမှန်သမျှ ၂, နံပါတ်အကုသိုလ်၊ ကာယကံ, ဝစီကံထဲကပါ၊ ကာယကံ ဝစီကံနဲ့ ပတ်သက်ပြီး ကြွေးဟောင်းတွေ အနန္တတင်, ကြွေးသစ်တွေ အနန္တဝင်နေသည် ဖြစ်လေသောကြောင့်၊ ၃ နံပါတ် အပါယ်ကျ မလွှတ်တော့ပါ။

ဒါကြောင့်- မြတ်စွာဘုရားက အဖျားမှားဒါ၊ မိစ္ဆာအာဇီဝ အသက်မွေးမှားတာ ခုနစ်ခုကို ဝေရမဏီတပ်ထားသည် ဖြစ်လေသောကြောင့် ရှောင်ကြ, ရှောင်ကြ, လုပ်ကြလို့မြတ်စွာဘုရားက ဘယ်တော့မှမပြောဘူး၊ ရှောင်ရမယ်တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ် အလိုတော်ကျ ဓမ္မတာ အတိုင်းပြောရမယ်ဆိုယင်၊ ဘယ်ထိအောင် ရှောင်ရမတဲ့လဲ (အမြဲတန်းရှောင်ရပါမယ်ဘုရား။)

နောက်ပြီးတော့ဆိုယင်လဲ အလုပ်မှာဒါထဲမှာ "သုရာမေရယ မဇ္ဇပမာဒ ဋ္ဌာနာ"ဆိုတဲ့သေရည် အရက်သောက်ထာလေးထည့်ထား ရတယ်၊ သေရည်အရက် သောက်ထာကိုပြောမယ်။

**အရက်အကြောင်း သိဘိုကောင်း။** မြတ်စွာဘုရားက သေရည်အရက်ဆိုဒါ မဇ္ဇ မူးတတ်တယ်တဲ့၊ သူ့သဘောကလေ မဇ္ဇ ကို ဗမာပြန်မယ်ဆိုယင် မူးတတ်တယ်၊ ရူးတတ်တယ် ဆိုနေကြဒါဘဲ၊ သေရည်အရက်ဆိုယင် မူးတတ်တယ်နော်၊ (မှန်ပါဘုရား) ပမာဒ မေ့လဲမေ့တတ်တယ်တဲ့။

ကြည့်စမ်း.... သေရည်အရက်သောက်တဲ့အပြစ်ကို ကြည့်မယ်ဆိုယင်၊ ခပ်များများသောက်မယ်ဆိုယင် မေ့တတ်တယ်၊ မေ့မယ်ဆိုလို့ရှိယင် ဘုရားကိုလဲမေ့တတ်၊ တရားကိုလဲမေ့တတ်၊ သံဃာတော် အရှင်မြတ်များကိုလဲ မေ့တတ်၊ လူကြီး သူကြီးကိုလဲမေ့တတ်၊ မိဘဆရာသမားတွေကိုလဲ အင်မတန် မေ့တတ်တယ်၊ နဂိုရ်ကလေးလေး စားစား မိဘကို ရှိသေနေပေမယ်လို့၊ ဆရာသမားကို ရှိသေနေပေမယ်လို့ သေရည်အရက်သောက်လာပြီဆိုယင်၊ ဒါ-မိဘဘဲ ရှိသေထိုက်တယ်၊ ဒါက ဆရာသမားဘဲ ရှိသေထိုက်တယ်လို့ သူ့စိတ်ထဲက မရှိတော့ဘူး။

သာဂတ မထေရ်ကိုကြည့်စမ်း.... သာဂတမထေရ်ဟာသရက်ပင်ဆိပ်မှာရှိတဲ့ တန်ခိုး ကြီးပါဒ်နဲ့ ပြည့်စုံသော နဂါးကြီးကို နိုင်အောင်စစ်ထိုးလိုက်တယ်၊ဈာန်အဘိညာဉ်တန်ခိုး မြေရှိုး မိုးပျံ နိုင်တဲ့သာဂတမထေရ်ပင်ဖြစ်ပင်ဖြစ်လင့်ကစား၊အင်မတန်တကာတကမများက ကြည်ညိုလေသောကြောင့်၊ ထူးထူး ဆန်းဆန်း ဘာ

များလှူရပါလိမ့်မလဲလို့ သာဂတ မထေရ် မသုံးဆောင်ဘူးဒါ ဘာများရှိသလဲလို့ လိုက်ရှာလိုက်တဲ့ အခါမှာ တခါမှမသုံးဆောင်ဘူးတဲ့၊ သေရည်အရက်ကို သွားတွေ့တယ်၊ အိမ်တိုင်း အိမ်တိုင်း နှံနှံ နှံနှံ၊ လှူလှူ လှူလှူပြီးတော့ နှံနှံ နှံနှံ သောက်သောက် လာလိုက်ထာ ဆွမ်းခံက အပြန်မှာ ဆိုယင် အခါထဲ လမ်းဘေးမှာ လဲနေတော့ ဒါဘဲ....။

ဘုရားရှင် ကိုယ်တော်မြတ် ကြွလာတဲ့ အခါမှာ ချစ်သားတို့ သာဂတ မထေရ်ကိုတွဲပြီးသကာလ ကျောင်းတော်သို့ ခေါ်ခဲ့ကြလို့ အမိန့်ရှိပြီး ကျောင်းတော်သို့ ရောက်တဲ့ အခါမှာဆိုယင်၊ ဘုရားဘက်သို့ ဦးခေါင်းပြုပြီးတော့ အိပ်စေတဲ့အခါမှာ ချက်ချင်း လှည့်ပြီးတော့ ဘုရားဘက်ခြေဆင်းပြီး အိပ်လိုက်သတဲ့။

ကြည့်စမ်း ကြည့်စမ်း၊ နဂိုရ်ကဘုရားကိုအင်မတန်ရိုသေတဲ့ပုဂ္ဂိုလ် ကြည့်စမ်း သေရည် အရက်သောက်လိုက်ထာနဲ့ တခါထဲ ဘုရားကို ရိုသေရမှန်းမသိတော့ဘူး၊ ဘုရားဘက် ပြောင်းပြန် လှန်ပြီးတော့ ခြေဆင်းအိပ်လိုက်ပါသတဲ့။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ ချစ်သားတို့ ရှေးတုန်းက သာဂတ မထေရ်ဟာ နဂါးကြီးကိုနိုင်အောင်စစ်ထိုးနိုင်တယ်၊ ယခုတော့ နဂါးကြီးကို စစ်ထိုးနိုင်သေးရဲ့လားလို့ မေးတော်မူတော့ စစ်မထိုးနိုင်ကြောင်းပါ ဘုရားလို့ သံဃာ တော် များ က ပြန်လျှောက်တယ်။

ရှေးတုန်းက ငါဘုရားကို အလွန်ပင်ရိုသေလေးစားတဲ့ သာဂတ မထေရ်ဟာ၊ ယခုပင် ငါဘုရားကို ရိုသေသေးရဲ့လား ချစ်သားတို့

သည်လောက်တောင် အင်မတန် မေ့လျော့တတ်တဲ့ မှူးယစ်စေတတ်တဲ့ သေရည် အရက်များကို သောက်ထိုက်ပါသလားလို့ မေးတဲ့ အခါမှာ မသောက် ထိုက်ပါ ဘုရားလို့ လျှောက်တင် ကြကြောင်း။

ဒါ့ကြောင့်-မြတ်စွာဘုရားက သေရည်အရက်ဆိုယင် မေ့တတ်တယ်နော်၊ ပမာဒ မေ့တတ်တယ်နော်၊ နှံ့နဲ့လေးမူးလို့ သူများကို မစော်ကားဘူးလို့ ဆိုပါတော့၊ စကားလဲ မပြောဘူး၊ နှံ့နဲ့လေး သောက်ပြီးတော့ အိပ်ယာထဲဝင်အိပ်၊ အမူးပြေတဲ့အခါမှာ ထပြီး သကာလ အလုပ်လုပ်နိုင်တယ်၊ အဲဒီပုဂ္ဂိုလ်များမှာ အကုသိုလ် မဖြစ်ဘူးလားလို့ အဲသလိုမေးယင် နှံ့နဲ့လေး သောက်ယင် နှံ့နဲ့လေးဖြစ်ထာဘဲ၊ အဲဒီ နှံ့နဲ့လေးဟာ အပါယ်မကျ ဘူးလားလို့ သလိုမေးယင် နှံ့နဲ့လေးလဲ အပါယ်ကျတာဘဲနော်သေချာမှတ်ကြ။

**သောတာပန်များ နည်းယူထား။** သောတာပန်များ အရက်နဲ့ ရေနဲ့ ရောတိုက်ယင်၊ ရေသာ ဝင်တယ် အရက်မဝင်ဘူးတဲ့၊ နှံ့နဲ့လေးမှမဝင်ဘူးတဲ့၊ ဘာဖြစ်လို့လဲမေးယင် အရက်ဆိုတာက အပါယ်ကျနိုင်တယ်၊ သောတာပန်က အပါယ် မကျနိုင်ဘူးနော်၊ (မှန်ပါဘုရား)သောတာပန်ဟာ ဘယ်နည်းနဲ့မှ အပါယ်မကျနိုင်ဘူး၊ အပါယ်ကျနိုင်တဲ့ အကုသိုလ်ကံကို ရှိကိုမရှိတော့ဘူးဆိုဒါမှတ်၊ ဒါ့ကြောင့်- အပါယ်တံခါးပိတ်နေတဲ့ သောတာပန်ဟာ အပါယ် ကျနိုင်တဲ့ အရက်ဟာ မဝင်ဘူးတဲ့ ရှင်းပလား၊ (ရှင်းပါတယ် ဘုရား) မှတ်ထားကြ။

ဒို့ဟာ ဘာမှပြောဒါမှမဟုတ်ဘဲ၊ သူများကိုလဲ လိုက်ပြီးတော့ စော်ကားနေတာမှ မဟုတ်ဘဲ၊ ဒို့ဟာဖြင့် နှံ့နဲ့လေး သောက်ပြီး

တော့ အိပ်ယာထဲမှာ လှည်းအိပ်နေဒါ၊ ဒို့စားကောင်း သောက်ကောင်းအောင် ဆေးအမှတ်နဲ့ သောက်နေပါတယ်လို့ ဒီလိုဆင်ခြေကန်ပါသော်လဲဘဲ မြတ်စွာဘုရားက သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ရှေ့နားမှာ ဝေရမဏီ တပ်ပြီးတားထားတယ်၊ ရှောင်ကြနော် (မှန်ပါဘုရား။)

နဲနဲလေးလဲ မသောက်နဲ့ ရှောင်ပေတော့ အင်မတန် မူးတတ်မေ့တတ်တဲ့ တရားတို့သည် ပစ္စုပ္ပန်သာမက နောင်သံသရာမှာလည် ပြီးတော့နေလျှင်လဲ။

**အရက်အကျိုး ဘဝအမျိုးမျိုး။** ပဉ္စသတဉ္စ၊ သုနက္ခော၊ ယက္ခော ဘဝတိမ္ပုဂ္ဂါဒိ၊ ဥမ္မတ္တာ ကောဇ အနန္တော သုရာ ပါနဿ နိဿန္ဒော- လို့ ဆိုတဲ့အတိုင်း၊ အရူးတွေလဲ ဖြစ်ရမယ်နော်၊ (မှန်ပါဘုရား)အနန္တ၊ အနန္တ၊ လူအ၊ လူဆွံ့၊ ခြေတွေလက်တွေ မစုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရမှာလဲ အနန္တနော်၊ (မှန်ပါ ဘုရား။)ဘီလူးတွေ ဖြစ်ရမှာလဲ အနန္တနော်၊ (မှန်ပါဘုရား။)

"ဥမ္မတ္တကောဇ အနန္တော"လို့ ဆိုသောကြောင့်၊ အရူးလဲဘဲ၊ အနန္တဖြစ်နိုင်တယ်၊ (မှန်ပါဘုရား။)

ပဉ္စသတဉ္စသုနက္ခောလို့ ဆိုတဲ့အတိုင်း ခွေးဘဝကြီးဘဲ ငါးရာဖြစ်နိုင်တယ်၊ (မှန်ပါဘုရား။)

ခွေး ဆိုပေမယ်လို့ ခွေးရူးတွေ ဖြစ်မှာပြောဒါ၊ ခွေးကောင်းတွေဖြစ်မှာပြောဒါ မဟုတ်ဘူးလို့ဆိုဒါ ရှင်းရှင်းမှတ်ကြ။

ဒီတင်လားလို့ဆိုယင် မဟုတ်သေးဘူး၊ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ ရင်ဆိုင်တွေ့၊ သာဝက ရဟန္တာကိုယ်တော်တို့နဲ့ ရင်ဆိုင်တွေ့သော်လဲဘဲ၊ အင်မတန် သတိမေ့ပြီး နေသောကြောင့် ဘုရား

ပဟောတဲ့ တရားကိုလဲ နာလို့မရဘူးနော်၊ ဘုရားရှင် ကိုယ်တော် မြတ် အကျင့်သိက္ခာတွေ ပေးပင် ပေးငြားသော်လဲ ကျင့်လို့ မရ ဘူးနော်လို့ ဆိုဒါ အဲဒါလေးတွေမှတ်ကြ။

ဒါ့ကြောင့် "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ" ဆိုတဲ့ ပုဒ်ဟာ ဒုလုပ်မှားတဲ့ဘက်ပါဝင်တယ်နော်၊ (မှန်ပါဘုရား)အလုပ်မှားတဲ့ ဘက်ပါဝင်တယ်၊ ပါဝင်သည် ဖြစ်လေသောကြောင့် သူလဲဘဲ ရှောင်တရားပါလို့ ဆိုလိုသည်၊ အားလုံး ရှင်းပါရဲ့လား၊ (ရှင်းပါ တယ်ဘုရား။)

သီလမခံယူဘဲနဲ့ ရှောင်တာက သမ္ပတ္တဝိရတီ ခေါ်တယ်၊ သီလ ခံယူပြီးတော့ ရှောင်တာက သမာဒါန ဝိရတီ ဖြစ်ပါတယ်၊ ဒီလို ပင် ငါးပါးသီလနဲ့ ပတ်သက်၍ အမြဲတန်း ရှောင်နိုင်ပါတယ်၊ ဒီလိုမှ အမြဲတန်း မရှောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဆိုယင် ဥပုသ်နေ့များ တော့ ရှောင်လို့-ဥပုသ်နေ့များတောင် မရှောင်နိုင်တဲ့ပုဂ္ဂိုလ်တွေ အင်မတန်များတယ်- မများဘူးလား၊ ( များပါတယ် ဘုရား ) မရှောင်တဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ ဘယ်သွားကြမလဲ၊(အပါယ်သွား မှာပါ ဘုရား) အပါယ်သွားကြတော့မယ်နော်၊ (မှန်ပါဘုရား။)

ဒါ့ကြောင့်- သာသနာဘက်၊ လူ့ဘက်နှစ်ဖြာ အပါယ်ကျကျပြီး တော့ သွားကြတယ်ဆိုဒါ အဲဒီလို မရှောင်နိုင်ကြလို့- နောက် ပြီးတော့ဆိုယင်လဲ သားနဲ့အဘ၊ သားနဲ့အမိဆိုယင်လဲ ဝတ္တရားတွေ မကြေဘူး၊ ဆရာဝတ်၊ တပည့်ဝတ်တွေ မကြေ၊ သခင်ဝတ် ကျွန် ဝတ်ဆိုဒါလဲ ဒီလိုမကြေကြဘူး၊ ရဟန်းတို့နဲ့ ဒကာ-ဒကာမ တို့နဲ့ ပတ်သက်ပြီးတော့ ပြောမယ်ဆိုယင် ရဟန်းတော်များဘက်ကလဲ ကျင့်ဝတ်တရားတွေပျက်၊ ဒကာ-ဒကာမတို့ကလဲ ကျင့်ဝတ်တရား

တွေ ပျက်ပြီးတော့နေကြ၊ ဤကဲ့သို့ အကျင့်စာရိတ္တတွေ ဆုတ်ယုတ် ပြီးတော့နေယင်ဖြင့်- နောက်ပိတ်ဆုံးမှာ ၃,နံပါတ်အပါယ်ကျကျ ပြီးတော့ သွားကြတော့မယ်ဆိုဒါ မှတ်ပေတော့။

ဒါ့ကြောင့်- "မတာ မတာ အပါယေသု၊ ပရိပုရေန္တိ"ဆိုတဲ့ ကျမ်းဂန်ထဲမှာ လာတဲ့အတိုင်း သေတိုင်း,သေတိုင်း အပါယ်ကျကျ ပြီးတော့သွားကြတယ်ဆိုတာ ယုံကြရဲ့လား၊ (ယုံပါတယ်ဘုရား။)

ငါးပါးသီလ လေး ကိုတော့ နိစ္စ၊ တသက်လုံး မြဲရ မယ်တဲ့- ဂရုဓမ္မ-ဇာမဏီငှက်သည် အမွေး တပင် ကျွတ်ပြီးတော့ သွားမှာ အင်မတန်ဂရုစိုက်ပြီးတော့ နေသလို- ငါးပါးသီလထဲက တပါး ပါး ချို့ယွင်းမှာကို အင်မတန် ဂရုစိုက်ပြီးသကာလ၊ဂရုဓမ္မတရား နဲ့ပြည့်စုံပြီးသွားမယ် ဆိုယင်လဲဘဲ လူလဲဘဲ အင်မတန် လူသူတော် ကောင်း၊ အိမ်လဲဘဲ အင်မတန် ကြက်သရေရှိ၊ ကျောင်းလဲဘဲ ကြက်သရေရှိ၊ ရွာလဲဘဲ ကြက်သရေ ရှိပြီးတော့ သွားပါတယ်၊ လူမှုန်း ဆိုဒါ မျိုးလဲ- ဒီလို ရန်သူတွေ အမှုန်းတွေလဲ ကင်းပြီး သကာလ၊ အင်မတန် လူချစ်- နတ်ချစ်ဆိုဒါ- အဲဒါလေးတွေ ရှင်းရှင်းမှတ်နော်၊ (မှန်ပါဘုရား။)

**အလုပ်အတွက် ဘဝဆက်။** ကဲ....ငါးပါးသီလနဲ့ ပါတ်သက်ပြီး သကာလ နေ့စဉ်နဲ့ ပါတ်သက်၍ စီးပွား ရှာကြတယ်၊ အလုပ်နဲ့ လက်နဲ့ ပြတ်ကဲ့လား၊ (မပြတ်ပါ ဘုရား။)

**ဆောင်။** (အလုပ်တွင်းက မထွက်ရ၊ လုပ်ကြ နှစ်တိုင်း-နေ့တိုင်း အမြဲပေ။)

ဒီဦးပဉ္စင်း-ငါ့ကိုပြောဒါဘဲလို့- မိလက္ခမထေရ်လို- ကိုယ့်ကိုယ်ကို ဆွဲတင်ကြ၊ ဈေးသည်လဲ ဈေးသည် အလျောက်-ကိုယ့်ကိုယ်ကို ဆွဲတင်ကြ၊ သည့်ပြင် အလုပ်သမားလဲ အလုပ်သမား အလျောက်-ကိုယ့်ကိုယ်ဆိုဆွဲတင်ကြ၊ ဦးပဉ္စင်းက ငါ့ပြောတာဘဲလို့- ငါ့နာမည်လေးဖေါ်မထုတ်ထာ တမယ်ဘဲလို့- ဒီလိုဆွဲတင်ပြီး တရားနာရတယ်။

ဆောင်။ ဘယ်လောက်လုပ်လည်း၊ လုပ်မပြီး၊အေးကြီးအေးလှ မနေရပေ။

ဈေးသည်တွေ ကြည့်ကြ၊ ဘယ်လောက် လုပ်လုပ်- နေ့ဘိုင်း နေ့တိုင်း- နှစ်တိုင်း- နှစ်တိုင်း- ဈေးထွက်ထွက် ရောင်းနေပေမယ်လို့ အလုပ်ကအားရဲ့လား၊ (မအားပါဘူးရား။)

ဆောင်။ ဘယ်လောက်လုပ်လည်း၊ လုပ်မပြီး၊အေးကြီး အေးလှ မနေရပေ။ ဒီလိုနဲ့ပင်၊ သေပွဲဝင်၊တစဉ်ထူကြ- လုပ်ရပြန်ပေ။

ဒီလိုနဲ့ဆိုဒါ- လုပ်ရင်း, ကိုင်ရင်း,သေဒါပြောဒါ။ အလုပ်အားလို့ သေရသည် မဟုတ်ပါဘူးတဲ့-အလုပ်လုပ်ရင်းလဲ သေသွားကြရတော့ဒါဘဲ။ ဒီလိုနဲ့ပင် သေပွဲဝင်, တစဉ်ထူကြ-တဲ့။

တဘဝပြောင်းတယ် ခေါ်တယ်၊ တစဉ်ထူကြ လုပ်ရပြန်ပေ၊ တဘဝပြောင်းတော့ကော အလုပ်က သက်သာပါရဲ့လား၊ (မသက်သာပါဘူးရား။)

တချို့တွေ စားစရာ မရှိလို့ သေဒါ ကောင်းသေး-ဆိုပြီး တချို့သတ်သေကြ၊ နောက်ဘဝ မမြင်ဘူး-နောက်ဘဝ မမြင်ဘူး၊ နောက်ဘဝ ဘယ်ဘုံ ရောက်မယ်ဆိုဒါလဲ မမြင်ဘူး၊ အလုပ် မလုပ်

လို့မရဘူး- လူမဲ့တွေ-သူတောင်းစားတွေ ဖြစ်နေကြဒါ-တောင်းစားမှ ရကြဒါ၊ ဒါကြောင့်မို့-အလုပ်နဲ့လက်နဲ့ဖြင့် ဘယ်အခါမှ မပြတ်တော့ဘူးနော်၊ (မှန်ပါဘုရား။)

**ဆောင်။** ဒီလိုနဲ့ပင်, သေပွဲဝင်-တစဉ်လုပ်ကြ-လုပ်ရပြန်ပေ၊ ထေရ်
အနုရုဒ္ဓါ,တုခိုးပါ,ခန္ဓာဝန်ကြီး- ကြောက်ငြီးတုံကြလေ။

အနုရုဒ္ဓါကိုယ့်တော်မြတ်လေးဟာ လယ်သမား အကြောင်း ကောင်းကောင်း မသိရှာဘူး၊ သူ့အစ်ကို ဖြစ်တဲ့ မဟာနာမ် ရဟန်း ဝတ်ခါနီး ဆဲဆဲ ဖြစ်တဲ့ အချိန် လေးမှာ လယ် လုပ် ဘို့ အကြောင်း ပြောကြတယ်၊ နောက်ပိတ်ဆုံး တိုတို ပြောတော့ "လယ်တွေဘာတွေအကုန်လုံး သိမ်းဆည်း ပြီးတဲ့ နောက်- ဒီ မျိုး စပါးလေးကိုသန့်သန့်ထားနော်" လို့ ပြောတော့-"အစ်ကိုဘာလုပ်ဘို့ထားအုံးမှာတုံး" လို့- မေးတော့"နောက်နှစ်ခါ မျိုးကြဲဘို့" လို့ ပြောတယ်။

'ဒါဖြင့်-အစ်ကို-နောက်နှစ်ကျလို့ရှိယင်လဲ- မျိုးစပါးသန့်သန့် လေးထားရအုံးမှာလား" လို့ မေးတဲ့အခါမှာ- "ထားရမှာပေါ့" "ဘာလုပ်ဘို့တုံး"သည့်နောင်-နောင်နှစ်တွေ လုပ်ဘို့လို့-ဒီလိုပြော လိုက်တော့ အရှည်မြော်ကြည့်တယ်၊ ဩော်....လယ်သမား အလုပ် ဟာ တသက်လုံး လုပ်ရမှာပါတကား- အလုပ်နဲ့လက်နဲ့တော့ဘယ် တော့မှ မပြတ်ပါဘူးလို့- လယ်အကြောင်း အရှည်တွေးလိုက်တဲ့ အခါမှာ- အလုပ်နဲ့လက်နဲ့ မပြတ်ပါဘဲနဲ့- တသက်လုံး ဆင်းရဲပြီး သကာလ လုပ်ရမဲ့အလုပ်ဖြစ်လေဘော့ အနုရုဒ္ဓါ- အလောင်း လေးဟာ- အလုပ်ပျင်းတော့ ကျောင်းရောက်ဆိုတဲ့သဘောမျိုးလို ဘဲ- တခါထဲ ကျောင်းပြေးပြီးတော့ ရဟန်းခံသွားသတဲ့။

ဒါကို ကြည့်ပြောဒါ ထင်တယ်၊ အလုပ်ပျင်းယင် ဘုန်းကြီး ဝတ်လို၊ ဟင်-ဘုန်းကြီးဝတ်လို့ သက်သာမယ်မထင်နဲ့နော်- သက်သာမယ်မထင်နဲ့၊ ဘုန်းကြီးတွေလဲ ဆွမ်းခံမှ စားရဒါ-ဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား) ဆွမ်းခံမှ စားရဒါ- နေပူမရှောင်-မိုးရွာမရှောင်-အချိန်ကျလျှင် ဆွမ်းခံထွက်ရဒါဘဲ၊ စာသင်သားဘဝ- သာပင်ပန်းတယ်- သပိတ်ကြီးလွယ်ပြီး မိုးရွာထဲ ငိုက်ဆိုက်-ငိုက်ဆိုက်- ငိုက်ဆိုက်နဲ့- တအိမ်ပြီးတအိမ် မသွားရဘူးလား၊ (သွားရပါတယ်ဘုရား။)

တချို့အိမ်ရှေ့သွားရပ်ထာတောင်-ကိုယ်လောင်းနေကြသံသာ မဟုတ်တော့ ဆွမ်းငှက်ကြီးမြင်ရက်နဲ့- ကန်တော့ပါသေးရဲ့ ဆိုတော့ ဘုန်းကြီးကတော့ ငိုက်ဆိုက်-ငိုက်ဆိုက်ဘဲ၊ ခန္ဓာဝန်က ရှိနေဒါကိုး ဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား။)

ဒါကြောင့် ခန္ဓာဝန်ကြီး ရှိနေသည့် အတွက်ကြောင့် အလုပ်ဆိုဒါ ဘယ်တော့မှအားဒါမဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီး ကြည့်မယ်ဆိုယင် ခန္ဓာကိုယ်ကြီးကလဲ ရှိနေမယ်ဆိုယင် အလုပ်နဲ့လက်နဲ့တော့ ဘယ်တော့မှ မပြတ်ပါ၊ ခန္ဓာဝန်ကြီး လုပ်ကျွေးရတဲ့ အလုပ်တွေဟာဖြင့် ဘယ်တော့မှမဆုံးတော့ပါ- ဆုံးပါ့မလား၊ (မဆုံးပါဘုရား။)

**သာသနာ့တာဝန် ကိုယ့်တာဝန်။**

ဒါ့ကြောင့်- ယခုလို ပဋိပတ္တိ သာသနာတော်ကြီး ထွန်းလင်းပြီးတော့ နေတဲ့အချိန်-ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်ဒေသလေးမှာတရားပွဲကြီးများ ရောက်နေတဲ့ အချိန်လေးမှာ ဆိုယင် ကိုယ့် ခန္ဓာကိုယ်ကြီးကို ရှင်းရတယ်၊ ယခု သာသနာတော် ကြီး ဟာ ဖြင့် ဒို့မြို့ ဒို့ရွာမှာ

ရောက်ပြီးတော့ နေတဲ့ အချိန်လေးမှာ ဆိုယင် ငါဟာဖြင့်လေ-တရားလေးတော့ဝင်ပြီး အားထုတ်မယ်နော်-လို့ - တရားအားထုတ်ဘို့ အင်မတန်ကောင်းတယ်၊ ဒီလိုမှ အားမထုတ်နိုင်ပါဘဲနဲ့ စီးပွားရေး အလုပ်ချည်းသာ ကုတ်လုပ်နေမယ်ဆိုယင် သေခြင်းကို မသိတဲ့ ပုဂ္ဂိုလ်တဲ့၊ သေခြင်းကိုသိတဲ့ ပုဂ္ဂိုလ်ဆိုယင် တရားလေးလဲ စီးစွားရှာသကဲ့သို့- ရှာရတယ်- ရှာကြပါလို့ ဆိုလိုတယ်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား။)

ဒါကြောင့် အလုပ်သာ ကုတ်လုပ်နေတဲ့ ပုဂ္ဂိုလ် ဆိုယင် သေခြင်းကို မထင်တဲ့ ပုဂ္ဂိုလ်တဲ့- သေခြင်းကို ထင်တဲ့ ပုဂ္ဂိုလ်ဆိုယင်၊ အလုပ်နဲ့ တရားနဲ့ အမြဲ ရှိနေရမယ်တဲ့၊ ဒီလိုမှ မရှိပါဘဲနဲ့ အလုပ်သာ မဲလုပ်နေယင်၊ ဒီအတွင်း သေမယ် ဆိုဒါ မပြော နိုင်ဘူးတဲ့၊ ဒါကြောင့် ဒီနေ့ ကြံစည်လို့ ရှိယင် ဒီနေ့ပင် လုပ်သို့ မြတ်စွာဘုရားက—

**သေမင်းခေါ်ဆဲ သတိမြဲ။** ကိစ္စံ - ပါရမီတွင်အချုပ် အလုပ်တွင်အသာ၊ ချမ်းသာတကာတွင် ထိပ်တန်းစား ဖြစ်သည့် ဝိပဿနာ လုပ်ငန်းကိစ္စကို၊ အဇ္ဇေဝကာတဗ္ဗံ-အားမထုတ်ရလျှင် ဘေးကွေ့တွေ့တော့မယ်, အားထုတ် လိုက်မှ အေးမည်ဟု ကြံစည် စိတ်ကူး ထားကြ၊ ဒါလဲဘဲ သပ္ပုရိသူပ သံသေဝ၊သူတော်ကောင်းအလုပ်ကွေနှင့်အို့,နာ,သေရေးတွေ ကင်းဝေးချင်သလား၊ အပါယ်ဘေးတွေ ကင်းဝေးချင်သလား၊ အိုနာသေရေးတွေ မမြင်ပါဘဲနဲ့ ငါ့ခန္ဓာကိုယ်ဟာဖြင့် တော်တော်နဲ့ မသေနိုင်သေးပါဘူးလို့ ဒီလိုမျှားဆင်ခြေကန်ယင် ရပါ့မလား၊ (မရပါဘုရား) မရဘူးခေါ်တယ်၊သုဝေမရဏံ၊ နက်ဖန်ခါကျသေ

ရခြင်းကို၊ ကောဇညာ....မသေနိုင်သေးပါဟု ငါ့အသက်လေးငယ် ငယ်လေးရှိသေးတာဘဲ၊ ကျန်းလဲ တော်တော် ကျန်းမာသားဘဲ၊ နောက်ကို အသက် သုံးဆယ်, လေးဆယ်, ငါးဆယ်, ခြောက်ဆယ်, ခုနစ်ဆယ်, ရှစ်ဆယ်ထိအောင် အကြာကြီး နေနိုင် သေးတာဘဲ၊ အခုမှ အသက် နှစ်ဆယ်ဘဲ ရှိသေးဒါဘဲ၊ ငါအခုမှ အမာကြီးရှိ သေးဒါဘဲ၊ ရိုက်သတ်လို့တောင်မှ မသေနိုင် သေးပါဘူးလို့၊ ဤကဲ့သို့ အသက် ငယ်ငယ်လေးနဲ့မာမာလေးလို့ ဆင်ခြေထားပြီး သကာလ၊ ဆင်ခြေကန်လို့ မရဘူး၊ မသေသေးပါဘူး၊ မသေသေး ပါဘူးလို့ ဒီလိုဆင်ခြေကန်ကြမယ်ဆိုလျှင်၊ သုဝေမရဏံ- နက်ဖြန် ကာကျသေရခြင်းကို၊ ကောဇညာ-မသေနိုင်သေးပါဟု တထစ်ချ ပိုင်ပိုင် ဘယ်သူသိနိုင်ရာသနည်း၊ ဘယ်သူမှမသိနိုင်ကုန် တော့သည် သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု....)

ဒါ့ကြောင့်- အလုပ် လုပ်ရင်း, လုပ်ရင်းလဲဘဲ သေခြင်း တရား အောင့်မေ့ကြ၊ လုပ်ရင်းလဲ သေသွားမလား, အလုပ်ပြီးမှဘဲသေ သွားမလား, ငါ့ကိုယ်ငါမသိဘူးနော်၊ အကယ်၍အလုပ်ပြီးမှ သေ သွားလို့ရှိယင် တော်ပါသေးရဲ့၊ အလုပ်လုပ်တုန်း သေသွားမယ်ဆို ယင် ငါ့မှာအားကိုးစရာ လက်ဆုပ်လက်ကိုင် ဘာတခုမှ မရှိသေး ပါကလား၊ စိတ်ချ, လက်ချ, အပါယ်မကျတော့ဘူးလို့အားထား စရာသဲ ငါ့မှာမရှိသေးပါကလားလို့၊ သူများရွာ သွားမယ်ဆိုလို့ ရှိယင် စားနပ်ရိက္ခာလေးများ ယူပြီးတော့သွားရသလို ထို့အတူဘဲ သေတာတော့ အဆန်းမဟုတ်ဘူး, အဆန်းမဟုတ်ဘူး၊ လူတိုင်း သေကြဒါဘဲ၊ ရိက္ခာလေးပါသွားဘို့, ရိက္ခာလေးပါသွားဘို့၊သီလ

ရိက္ခာလေးပါသွားမယ်ဆိုယင်၊ တဘဝ တနပ်စာတော့ ဒို့ဟာ တော့, တခဏတော့ အပါယ်ကျလွတ်အုံးမယ်၊ သမထရိက္ခာလေး ပါသွားမယ် ဆိုယင်၊ အပါယ်ကျ ဒို့ဟာ ခပ်ကြာကြာလေး လွတ်အုံးမယ်၊ ဝိပဿနာ ရိက္ခာလေးပါသွားမယ် ဆိုလို့ရှိယင်၊ အပါယ်ဟာဖြင့် လွတ်လပ်ရေးရပြီးသကာလ၊ နောက်ပိတ်ဆုံးမှာ တာဝတိံ သာနတ်ပြည်ကြီးမှာ နတ်သားအရင်ဖြစ်၍၊ တရားအရင် မြင် သေဒါနောက်မှထင်ပါသတဲ့။

ဒါ့ကြောင့်- သေခြင်းတရားသည် အင်မတန်လျှင်သည်ဖြစ်လေ သောကြောင့်၊ အလုပ်လဲ လုပ်ကြပါ၊ တဘဝလဲဘဲ မျှော်ကြည့်ကြ ဒီဘဝနဲ့ ဒီခန္ဓာကိုယ်နဲ့အမြဲတန်းနေရမယ်မဟုတ်ဘူး၊ ဒီသား, ဒီသ္မီး, ဒီဆွေမျိုး,ဒီဆရာတို့နဲ့ အမြဲတန်းနေရမယ်မဟုတ်ဘူး၊ မတော် တဆသေသွားယင် ခွဲရတော့မယ်၊ ခွဲပေါင်းလဲများပြီ၊ ကွဲပေါင်းလဲ များပြီ၊ မတော်တဆ ကွဲကြရတော့မယ်ဆိုယင်၊ သားသမီး တွေ ကော ကိုယ့်နောက်လိုက်ရဲ့လား၊ (မလိုက်ပါဘူးရား) ပစ္စည်း ဥစ္စာ ရတနာ ရွှေငွေတွေကော လိုက်ရဲ့လား၊ (မလိုက်ပါဘူးရား) မလိုက် ဘူးနော်....မလိုက်ဘူး၊ ကံလေးတခုသာလျှင် လိုက်ပါတယ်၊ သီလ ကံလေးပါသွားမယ်ဆိုလျှင်၊ တဘဝ တနပ်စာတော့ အပါယ် ကျ ဟာ ကင်းသွားဒါဘဲနော်၊ သီလကံနဲ့ပတ်သက်၍၊ နောက်ပိတ်ဆုံး မှာ၊ သီလက သမာဓိဆက်၊ သမာဓိက ဝိပဿနာဆက်ပြီးသကာလ မဂ်ဝင် နိဗ္ဗာန်မြင်, ဖိုလ်ဝင် နိဗ္ဗာန်မြင်,ကြတော့မယ်ဆိုယင်၊ ၁, နံ ပါတ် ဒိဋ္ဌိပြုတ်ပြီးသကာလ၊ ၂, နံပါတ် အကုသိုလ်တွေကင်းပြီး၊ ဘယ်အခါမှ အပါယ်ကိုတော့ ပြန်ပြီးတော့ မလားတော့ဘူး ဆိုတဲ့ သဘောမျိုးဖြင့် တရားလဲဘဲ နေ့စဉ်နှင့်အမျှ ပစ္စည်းရှာ သကဲ့သို့ရှာ

ပါ၊ ဈေးသည်များဟာ စုဘူးလေးများထားသကဲ့သို့၊ ကုသိုလ်လေးလဲစုပါ၊ သီလ ကုသိုလ်လေးလဲ စုချင်စုပါ၊ သမထ ကုသိုလ်လဲ စုချင်စုပါ၊ ဝိပဿနာကုသိုလ်လေးများလဲ များများစုကြပါလို့ ဆိုလိုတယ်၊ အားလုံးသဘောကျပလား၊ (ကျပါတယ် ဘုရား။)

**ငါးပါးသီလ ရှင်းချက်ပြ။**

သီလလေးများ အကျဉ်းချုပ်ကလေး....၊အကျယ်ခံယူရမယ်ဆိုလျှင်၊ တချို့ တချို့ တယ်ပြင်းလှတယ်၊ ဒါ့ကြောင့်- သီလ လေးများ၊ အကျဉ်းချုပ်လေး တရားအားထုတ်မယ်ဆိုလျှင်၊ သီလလေး အကျဉ်းချုပ်ခံယူနိုင်ရန် ငါးပါးသီလ လေးရှင်းမယ်နော်၊ (မှန်ပါဘုရား။)

"အဟံဘန္တေတိသရဏေနသဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ" ဆိုဒါက သီလတောင်း ခေါ်တယ်၊ မဆိုသော်လဲ အပြစ်မရှိပါ။

"နမောတဿဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဆိုဒါက ဘုရားရှိခိုးခေါ်တယ်၊ ပဋိပတ်သမားတို့သည် ဉာဏ်မြင်ဘုရားအစစ်ကို ရှိခိုးနေသည် ဖြစ်လေသောကြောင့်၊ မျက်မြင် ဘုရား, စိတ်မြင်ဘုရား, စိတ်ထင် ဘုရား,ရှိခိုးရုံမျှမက၊ ဉာဏ်မြင်ဘုရားရှိခိုး ပဋိပတ်သမားတွေရှိခိုးနေသည်ဖြစ်လေသောကြောင့်၊နမောတဿ မဆိုသော်လဲ အပြစ်မရှိပါ။

ကဲ- ရှေ့တိုးယင်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ" ဆိုဒါကသရဏဂုံခေါ်တယ်၊ သရဏဂုံ ဆိုဒါ ရတနာသုံးပါးကို အားကိုးယင် ဘေးကင်းမယ်လို့ယုံဒါခေါ်တယ်။

ဒီတော့ သရဏဂုံသုံးပါး မျက်မြင်အားကိုးဒါလဲ တကယ်မစစ်ပါ၊ အားကိုးယင် ဘေးကွယ်မယ်ဆိုဒါ မျက်မြင်လဲ တကယ်ဘေးမကွယ်နိုင်ပါ၊ စိတ်မြင်လဲ တကယ်ဘေးမကွယ်နိုင်ပါ၊ စိတ်ထင်လဲ အို့ နာ့ သေရေး ဒုက္ခဘေးတွေ သံသရာ ဝဋ္ဋ ဆင်းရဲတွေ၊ အပါယ်ဘေးတွေမကွယ်နိုင်ပါ၊ ပဋ္ဌပတ်သမားတို့ သည်သာလျှင် ရတနာသုံးပါးအစစ်ကို အားကိုးရာလဲ ကျပါတယ်၊ ဘေးတွေ ရန်တွေ အန္တရာယ်တွေလဲ တကယ်ကွယ် နိုင်ပါတယ်၊ ဉာဏ်မြင် ရတနာသုံးပါးကိုလဲ တကယ်အားကိုးနေကြပါတယ်၊ဒါ့ကြောင့်-သရဏဂုံမဆိုသော်လဲ အပြစ်မရှိပါ။

ငါးပါးသီလ ရှေ့တိုး၊ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ပြတ်ပြတ် ရှင်းရှင်းလေး လိုက်ဆိုရတယ်၊ အဲဒါ အကျယ်ဆောက်တည်တယ် ခေါ်တယ်၊ အဲဒီလို အကျယ် မဆောက်တည်နိုင်ဘူးဆိုယင်၊ အကျဉ်းချုပ်ကလေး၊ ပဉ္စသီလံ သမာဒိယာမိ ပါဠိတတ်ယင် ပါဠိလိုဖြစ်စေ၊ ဗမာလိုငါးပါးသီလ ခံယူဆောက်တည်ပါ၏၊ ဗမာလိုဖြစ်စေ၊ ပါးစပ်ကဆိုနိုင်လို့ ရှိယင် ပါးစပ်ကဆိုပါ၊ ပါးစပ်က မဆိုနိုင်လို့ ရှိယင်၊ စိတ်ထဲက အောင့်မေ့ပါ၊ ဆရာသမားထံမှာ ဖြစ်စေ၊ ချပေးတတ်တဲ့ သူတော်ကောင်း ထံမှာဖြစ်စေ ခံယူပါ၊ ဤကဲ့သို့အကျဉ်းချုပ်ကလေးမှ မယူခံနိုင်ဘူးဆိုယင်၊ တရားကိုဘဲ ယုံယုံကြည်ကြည် လေးလေး စားစားနဲ့ ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီးတော့ နေမယ်ဆိုလို့ ရှိယင် အားထုတ်ကောင်းတယ်၊အားထုတ်ကြပါလို့ ဆိုလိုက်ပါသည်၊ အားလုံးရှင်းပလား၊ (ရှင်းပါတယ် ဘုရား။)

(၁၂)

တနေ့တနေ့မှာလေ နှစ်ဆယ့်လေးနာရီ ရှိပါတယ်၊ စဉ်းစား ကြည့်ယင်၊ နှစ်ဆယ့်သုံးနာရီ သူများအလုပ်၊ နှစ်ဆယ့်လေးနာရီ အတွင်း တနာရီကိုယ့်အလုပ် ဒီလိုပိုင်းထားရတယ်၊ နှစ်ဆယ့် သုံး နာရီ သူများအလုပ် လုပ်မယ်ဆိုယင်၊ တနာရီတော့ ကိုယ့်အလုပ် လုပ်ဘို့မသင့် ဘူးလား၊ (သင့်ပါတယ် ဘုရား။)

**အချိန်ရှိခိုက်** ဥဒယဗ္ဗယသင်္ခါရေ နိဗ္ဗိန္ဒိတ္ဗာန ပဏ္ဍိတော၊ **အားထုတ်လိုက်။** သကိစ္စံ မနုယုဉ္ဇေယျ၊ မောဃကာလံနခေပယေ။

ပဏ္ဍိတော-ကိုယ့်အလုပ် သူ့အလုပ်ဟု ခွဲခြားမြင်သိ ပညာရှိ မှန်ခဲ့ပါလျှင်၊ ဥဒယဗ္ဗယသင်္ခါရေ-ရုပ်နာမ်ဓမ္မသင်္ခါရ၌၊ နိဗ္ဗိန္ဒိတ္ဗာ န၊ မုန်းစိတ်၊ ငြီးငွေ့စိတ်၊ မပျော်မွေ့ စိတ်ဝင်လာခဲ့ပါလျှင်။ သကိစ္စံ- ကိုယ့်ကိစ္စ ကိုယ့်အလုပ်ဆိုတဲ့ ဝိပဿနာ လုပ်ငန်းတွေကို၊ အနု ယုဉ္ဇေယျ-နေ့ညမယုတ် ကြိုးစား အားထုတ်ရ၏၊ မောဃကာလံ- ဝိပဿနာအလုပ် အားမထုတ်ပါဘဲနဲ့ အချိန်ကို အလကားထား ခြင်းကို၊ နခေပယေ- အချိန်ကုန်ခမ်း မဖြုန်းတီး ကြရတော့သည် သာလျှင်တည်း။

(သာဓု....သာဓု....သာဓု....)

ဒါ့ကြောင့်- ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်၍၊ ကျေးမှု့ မွေးမှု့ မ ကင်းသည် ဖြစ်လေသောကြောင့်၊ စီးပွားလဲ ရှာကြပါ၊ ခန္ဓာကိုယ် ကြီး ဒီအတိုင်းထားကြမယ်ဆိုယင်၊ ခန္ဓာကိုယ်ကြီးကိုသနားရာလဲ မကျပါဘူး၊ ချစ်ရာလဲ မကျတော့ပါဘူး။

ဒါ့ကြောင့်- ခန္ဓာကိုယ်ကြီးကို တကယ်တန်း ချစ်မယ် ဆိုယင်၊ ဒီ-ခန္ဓာကိုယ်ကြီး ချမ်းသာမယ်ဆိုယင်၊ ဝိပဿနာဆိုတဲ့ ဆေးလေး ကျွေးကြပါ၊ ဒီခန္ဓာကိုယ်ကြီး အို့ နာ့ သေ့ ရေး အပါယ် ဘေးတွေ ကင်းသွားရလေအောင်၊ ဝိပဿနာဆိုတဲ့ တရားများအားထုတ်ကြ ပါလို့ ဆိုလိုသည်၊ အားလုံးရှင်းပလား၊ (ရှင်းပါတယ် ဘုရား။)

**နိဂုံးချုပ်။** ကဲ- ကနေ့မှာ အဖျား မှားပုံ၊ သိလ့ ကောက်ယူပုံ၊ ရှောင်ပုံ့ ရှောင်နည်းတို့ကို တကန့်စီ့ တကန့်စီ့ မရော မယှက်ပါဘဲနဲ့ ကရုဏာသန့်သန့်ထား၊မေတ္တာများများဖြင့်၊ ဟော ပြလိုက်ရတာကို ကြားနာရသော သင်သူတော် ကောင်း အပေါင်း တို့မှာ၊ တရားနာ့ တရားနာဆိုဒါ၊ ရင်တွင် နာမ်အစဉ်မှာ ပညာဆီ လာပြီးတော့ ထည့်ဒါ၊ အသိလေး လာယူကြဒါပါဘဲ၊ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ နာမ်အစဉ်မှာ ပညာဆီ အသိလေးထည့် ပေးလိုက်တာ ပါဘဲ၊ အသိလေးထည့်ပေးလိုက်တဲ့ ပညာဆီလေးဟာဖြင့် ခြသေ့ ဆီနဲ့ တူပါတယ်၊ တရားနာတဲ့သူကတော့ ရွှေခွက် ပါလာဒါနှင့် တူပါတယ်၊ ဘယ်တရားဟောသလဲ မေးယင် မသိတော့ ပါဘူး၊ ဘာမှလဲ မသိပါဘူး၊ တရားနာ လို့တော့ ကောင်းပါရဲ့၊ အဲဒါ- ခြသေ့ဆီကို သိဂီရွှေခွက်နဲ့ ခံရမဲ့အစား၊ မခံဘဲနဲ့ ပုဂံပြားနဲ့ ဖြစ် စေ၊ ရေခွက်နဲ့ ဖြစ်စေ၊ အဲဒီလိုခံမယ်ဆိုယင်၊ ဘယ်နည်းနှင့်မှ ရမယ် မဟုတ်ပါဘူး။

ဒါ့ကြောင့်- ခြသေ့ဆီနှင့်တူသော တရားအဆီ့ အနှစ် များကို ရွှေခွက်နှင့်တူသော ရင်ကလေးထဲမှာ အသိကလေးတွေ ထည့်ပေး လိုက်ပါသည်၊ မယို့ မဖိတ့် မစင့် ပါဘဲနှင့် နာမ်ဇာတ် ချုပ်ငြိမ်း

သွားသည်အထိ၊ ရှိရှိသေသေ ထိန်းသိမ်း သွားကြတော့မယ် ဆို လျှင်ဖြင့် နာမ်ဇာတ်ပြတ်ပြီး၊ နိဗ္ဗာန် ရောက်တော့မယ် ဆိုဒါ ဝမ်း မြောက်သောအလား၊ တရားတော်ကိုလဲ ချီးကျူးသော အားဖြင့် ကိုယ့်မြို့ ကိုယ့်ရွာ ဒေသမှာ ဤလို တရားမျိုး ကွယ်ပြီးတော့ မသွားရလေအောင် အားပေးသော အားဖြင့်၊ သုံးကြိမ်....ကြွေး ကြော်သောနေရာဌာနက၊ သာဓု....သာဓု....သာဓု....လို့ စိတ်ပါ လက်ပါ အားရ ပါးရ ကြီးခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး၏**

အဋ္ဌေဝါသိက,တပည့်ရင်း ဖြစ်သော

**အရှင် ဝိစိတ္တသာရ သူမြတ်သည်**

၁၃၂၇-ခု၊ နှောင်းတံခူးလဆုတ် (၉) ရက် နံနက်(၇) နာရီအချိန်၌

တောင်ငူမြို့- ရွှေဆံတော် ဝါးကျောင်း ဓမ္မရိပ်သာ

တွင်

ဟောကြားသော

# သမ္မာဉာဏမဂ္ဂ အလုပ်ပေးတရားတော်

( ၁၄-၄-၆၆ )

လက်ချထား-မျက်လုံးလေးတွေ မှိတ်ထားကြ၊ စိတ် ဘယ်မှာ ထားမလဲ၊(ရင်မှာထားရပါတယ် ဘုရား) ဘာလုပ်နေ (ပေါ်ဒါ ငါးမျိုးမှတ်နေ) ကိုယ်မှာလေး ထည့်ပြော ဘာနဲ့မှတ်(စိတ်နဲ့မှတ် ပါတယ်ဘုရား) ဘယ်အချိန်မှတ် (ပေါ်တဲ့အချိန် မှတ်ရပါတယ် ဘုရား)မပေါ်ခင် မှတ်လို့ရ,မရ (မရပါဘုရား) ပျောက်သွားပြီး လျှင်မှတ်လို့ရ,မရ(မရပါဘုရား) ပေါ်တုန်း ပေါ်ခိုက်သာ မှတ်ရ တယ်နော်....မပေါ်ခင်မှတ်လို့ မရဘူးနော်၊ (မှန်ပါဘုရား) ပေါ် အောင်လဲမလုပ်ရဘူး၊ ဆုလဲမတောင်းရဘူး၊ ပေါ်အောင်လုပ်မယ် ဆိုလျှင် လိုချင်လွန်းအားကြီးတော့ (လောဘ) လောဘဆိုလျှင်

ပြိတ္တာဘုံရောက်တတ်တယ်၊ ပျောက်သွားပြီးယင် လိုက်ရှာနေမယ် ဆိုလျှင် ဒါလဲ လောဘ, ဖြစ်တတ်တယ်၊ ဘာမှ မစဉ်းစားရဘူး နော်၊ (မှန်ပါဘုရား။)

စိတ်ကလေးတည်အောင်သာ လုပ်ရတယ်၊ သည့်ပြင် အလုပ် ဘာမှမရှိဘူး၊ စိတ်ကတော့ ဆုတောင်းခြင်းလဲမရှိနဲ့၊ ပယ်ချခြင်း လဲမရှိနဲ့၊ ခန္ဓာမှာ ဆင်းရဲဒါပေါ်လျှင် မလိုချင်ကြဘူး၊ တယ်- ပယ်ချချင်ကြတယ်၊ ကြမ်းကြမ်း,တမ်းတမ်းပေါ်လျှင်လဲ မလိုချင် ဘူး၊ မမှတ်ချင်ဘူး၊ ပယ်ချချင်တယ်၊ ဒါလဲ (ဒေါသ) ခေါ် တယ်၊ ငရဲဘုံကျတတ်တယ်။

ခန္ဓာမှာ ကောင်းသည် ဖြစ်စေ-ဆိုးသည်ဖြစ်စေ- ကြမ်းသည် ဖြစ်စေ- နူသည်ဖြစ်စေ- ဖြစ်ခိုက်- ဖြစ်ခိုက် မမှတ်နိုင်ဘူးဆိုယင်၊ (မောဟ)ဖြစ်တတ်တယ်၊ တိရစ္ဆာန်ဘုံ ရောက်တတ်တယ်နော်- (မှန်ပါဘုရား။)

ဒါ့ကြောင့်- ဘာမှလိုချင်တာလေးလဲမရှိနဲ့၊ ပယ်လဲမချနဲ့၊ အမှတ်ကိုလဲ မလွှတ်စေကြနဲ့၊ ပေါ်ခိုက် ပေါ်ခိုက်,အသာကလေး မှတ်မှတ်သွား....တဲ့၊ အားလုံးရှင်းပလား၊ (ရှင်းပါပြီဘုရား။)

ထိုင်လျက်ကော အား ထုတ် တတ် ကြ ပ လား၊ (တတ်ပါပြီ ဘုရား) စိတ်ဘယ်မှာထား (ရင်မှာထား) ဘာလုပ်နေ (ကိုယ်မှာ ပေါ်ဒါ ငါးမျိုးမှတ်နေ) လေး–လေး ဖြေလေ၊ လေး လေး မေတ္တာပို့သလို လေး လေးဖြေမှပေါ့။

အိပ်လျက်ကော အားထုတ်တတ်ပလား၊ (အားထုတ်တတ်ပါ ပြီဘုရား) စိတ်ဘယ်မှာထား (ရင်မှာထား) ဘာလုပ်နေ (ကိုယ် မှာပေါ်ဒါ ငါးမျိုးမှတ်နေ။)

ရပ်လျက်ကော အားထုတ်တတ်ပလား၊ (အားထုတ် တတ်ပါပြီ ဘုရား) စိတ်ဘယ်မှာထား (ရင်မှာထား)ရင်မှာထားပြီး ဘာလုပ်နေ (ကိုယ်မှာ ပေါ်ဒါ ငါးမျိုးမှတ်နေ။)

စင်္ကြံကော လျှောက်တတ်ပလား၊ (လျှောက်တတ်ပါပြီ ဘုရား) စင်္ကြံလျှောက်ရင်းကော စိတ်ဘယ်မှာထား (ရင်မှာ ထား) ရင်မှာထား ဘာလုပ်နေ (ကိုယ်မှာ ပေါ်ဒါငါးမျိုးမှတ်နေ) ဘာနဲ့မှတ် (စိတ်နဲ့မှတ်) ဘယ်အချိန်မှတ် (ပေါ်တဲ့ အချိန်မှတ်) ဘယ်နေရာကမှတ် (ရင်က မှတ်ရပါတယ် ဘုရား။)

အတူတူပါဘဲ တရားဝင်တဲ့ နေ့တုန်းကလဲ၊ စိတ် ရင်မှာထား၊ ပေါ်ဒါငါးမျိုးမှတ်ထာဘဲ၊ မနေ့က ဣရိယာပုထ်လေးပါး အနေ လေးမျိုးမှာလဲဘဲ၊ စိတ်ရင်မှာထား၊ ပေါ်ဒါ ငါးမျိုး မှတ်ထာဘဲ၊ အမှတ်ချင်းတော့ တူတယ် မဟုတ်ဘူးလား၊ (တူပါတယ် ဘုရား) ကိုယ်တွေ့ ဉာဏ်မြင် အလုပ်တခုတည်း ပြဒါနော်၊ (မှန်ပါတယ် ဘုရား) အရင်းခံ မပျောက်စေနဲ့။

ကနေ့ မနက်တော့၊ သမ္မဇညပဗ္ဗ အလုပ်ပေးတရားပြသပါလိမ့်မယ်၊ သမ္ပဇညဆိုတော့-နည်းနဲနဲ ကျယ်တယ်။

**ကမ္မဋ္ဌာန်းနည်းကျယ်ပေး မင်္ဂ ဖိုလ်အရဝေး။**

**ဆောင်။** ။(ကမ္မဋ္ဌာန်းပေး၊ နည်းကျယ်ရေး၊ ရဝေး မဂ်နိဗ္ဗာန်....) လို့ ရှင်သာရိပုတြာ ကိုယ်တော် မြတ်ကြီးသည်၊ ပန်းတိမ်သည် ဖြစ်ခဲ့ဘူးသော ရဟန်းကြီး တပါးအား အသုဘ ကမ္မဋ္ဌာန်း ပေးလိုက်တဲ့ အခါမှာ နိမိတ်ကို မထင်တော့ အသုဘနဲ့ ဆိုင်ရာနဲ့ကလေးကျယ်ကျယ်လွင့်လွင့် ဟောလိုက်ဘယ်၊

ဟောလိုက်ပါသော်လဲဘဲ၊ နိမိတ်တွေမထင်ဘူး၊ တတိယ တဖန် သည့်ထက် ကျယ်ပြီး သကာလ၊ အသုဘ နဲ့ဆိုင်ရာ ဟောလိုက်ပြန် တော့ ကျယ်သထက် ကျယ်ပြီးတော့ သွားသည် ဖြစ်လေသော ကြောင့် နိမိတ်တွေ မထင်သထက် မထင်။

ဤကဲ့သို့ မထင်သော အခါမှာ ရှင်သာရိပုတြာ ကိုယ်တော် မြတ်ကြီးက၊ ဒီရဟန်းကြီးသည်၊ သာဝက ဝေနေယျ၊ သာဝက ဆုံးမ လို့ ကျွတ်မဲ့ ရဟန်းကြီးမဟုတ်၊ ဗုဒ္ဓ ဝေနေယျ- ဘုရားရှင် ကိုယ် တော်မြတ်ဆုံးမ မှသာလျှင် ကျွတ်မဲ့ ရဟန်းကြီးဖြစ်တယ်လို့ ဆုံး ဖြတ်ပြီးတဲ့နောက် ရဟန်းကြီးကိုခေါ်ဆောင်၍ ဘုရားထံမှောက် ရောက်သောအခါဝယ်....။

မြတ်စွာဘုရား....ဒီ-ရဟန်းကြီးအား အသုဘ ကမ္မဋ္ဌာန်းစီးဖြန်း ရန် ကမ္မဋ္ဌာန်းပေးလိုက်တဲ့အခါမှာ နိမိတ်မထင်တဲ့အတွက်ကြောင့် ဒုတိယတဖန် မကျဉ်းမကျယ် ဟောပါသော်လဲဘဲ၊ နိမိတ်မထင် ကြောင်းပါဘုရား၊ ဤကဲ့သို့ မထင်သောအခါ၌ ရဟန်းကြီးသည် သာဝက ဝေ နေယျမဟုတ်၊ ဗုဒ္ဓဝေနေယျ ဖြစ်တယ်လို့ ဘုရား တ ပည့်တော်ဆုံးဖြတ်ပြီးတဲ့နောက်၊ ဘုရားထံမှောက် ရောက်အောင် ယခုခေါ်လာခြင်း ဖြစ်ပါသည်ဘုရား၊ ဘုရားရှင် ကိုယ်တော်မြတ် ကြီး ဆုံးမတော် မူပါ ဘုရားလို့ လျှောက်ထား လိုက်သော အ ခါဝယ်....။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဘုရားမျက်လုံးနှစ်လုံးရှိတယ် အာသယာနုသယဉာဏ် တည်းဟူသော မျက်လုံးတလုံး၊ ဣန္ဒြိယ ပရောပရိယတ္တိဆိုတဲ့ ဉာဏ်မျက်လုံးတလုံး၊ ဒီမျက်လုံး နှစ်လုံးဟာ ဗုဒ္ဓစက္ခုပါဘဲ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ရဟန်းကြီး၏ စရိုက်၊အနုသယ စသည်တို့ကို ဉာဏ်ဖြင့် ကြည့်တော်မူလိုက်သောအခါကာလဝယ်၊ ပန်းတိမ်သည် ဖြစ်ခဲ့ဘူးသော ရဟန်းကြီး ဖြစ်သောကြောင့် အသုဘ ကမ္မဋ္ဌာန်းနဲ့ နည်းနည်းလေးမှ မတော်ဘူး၊ ပန်းတိမ်တို့မည် သည်မှာ ပန်းကလေးတွေကို ထူးထူးဆန်းဆန်းဖြင့် ကြံစည်ပြီး သကာလ ထုကြတဲ့ အလေ့အထ ဝါသနာ ဘာဂီ ရှိသည် ဖြစ်လေသောကြောင့်၊ အဲဒီ စရိုက်နှင့်လျော်အောင် တန်ခိုးတော်ဖြင့် အင်မတန် ထူးဆန်းသော ပန်းကလေးကို ဖန်ဆင်းပြီးတော့ ပြလိုက်သောအခါဝယ်....။

ရဟန်းကြီးက ပန်းကလေးမြင်တော့ စိတ်ထဲမှာ အင်မတန် ကြည်နူးသွားတယ်၊ လူ့ပြည်ကြီးမှာ သည်လောက် ထူးဆန်းကောင်းမွန်သော ပန်းတွေ တခါမှ မတွေ့ဘူးပါဘူး- ငါသည်လူ့ပြည်မှာနေဒါလဲ ကြာလှပြီ သည်လောက်တောင် အင်မတန်-ဆန်းကျယ်သော ပန်းကလေးဟာဖြင့် တခါမှ မမြင်ဘူးပါဘူး....အင်မတန်-ထူးဆန်းအံ့ဩခမန်းဖြစ်တဲ့ ပန်းကလေးပါကလား-လို့ ပန်းကလေးအပေါ်မှာ စိတ်အင်မတန်ကြည်နူးပြီးတော့ နေတဲ့အချိန်မှာ စိတ်ကတော့ ပန်းထဲရောက်သွားဒါဘဲ ဝင်သွားဒါဘဲ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ တန်ခိုးဣဒ္ဓိပါဒ်နဲ့ အင်မတန် ဆန်းကျယ်တင့်တယ်သော ပန်းကလေးကိုတခါထဲ ညှိုးနွမ်းပြီးတော့ သွားအောင် ဖန်ဆင်းပြလိုက်သော အခါကာလဝယ်၊ ပန်းနဲ့ ပတ်သက်ပြီး သကာလ အမြဲမခိုင်တဲ့ အနိစ္စ အချက်တွေကို အကြောင်းရင်းခံပြီး၊ ခန္ဓာတွင်း သွင်းလိုက်တဲ့ အခါမှာ၊ ခန္ဓာ

တွင်း၌ မမြဲမခိုင်တဲ့ အနိစ္စအပြစ်တွေ၊ သင်္ခါရ ဒုက္ခ ဖြစ်ခြင်း, ပျက်ခြင်း, မအောင့်နိုင်တဲ့ အပြစ်တွေ၊ ဘာတခုမှမပိုင် အစိုးမရ တဲ့ အနတ္တအပြစ်တွေ၊တရေးရေး မြင်လာပြီး သကာလ၊ ဖြစ်ပျက်မြင် ဉာဏ်စဉ်တက်၍၊ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကြီးကို တခါမြင် သောတာပန်၊ နှစ်ခါမြင် သကဒါဂါမ်၊ သုံးခါမြင်, အနာဂါမ်၊ လေးခါမြင် ရဟန္တာဖြစ်ပြီးတော့ သွားပါသတဲ့။

အဲဒါနဲ့ ပတ်သက်ပြီးသကာလ၊ ဦးပဥ္စင်းတို့ ဆရာတော်ဘုရားကြီးက, ရေးထားလိုက်တယ်၊(ကမ္မဋ္ဌာန်းပေး၊နည်းကျယ်ရေး၊ရဝေးမဂ်နိဗ္ဗာန်....)လို့ ရေးစီကုံးထားပါသည်။

ကမ္မဋ္ဌာန်းပေးလို့ရှိယင် ကျယ်ကျယ်မပေးရဘူး၊ ပေးယင်မရဘူးလား....လို့ မေးယင်၊ရပါရဲ့,ရပါသော်လည်းဘဲ၊မဂ်ဖိုလ်နိဗ္ဗာန် အရဝေးတယ်လို့ ဆိုဒါမှတ်ပေတော့။

သို့ပင် ဖြစ်ငြားသော်လည်းဘဲ၊ ကနေ့ဟောရမှာက သမ္ပဇညပဗ္ဗဆိုတော့ နဲနဲကျယ်ဝန်းတယ်။ ပါဠိတော် အဋ္ဌကထာဋီကာ,အာစရိယဝါဒ စသည်တို့ဖြင့် ဒီလိုမျိုး ပြောမယ်ဆိုလို့ရှိယင်၊ နည်းတော့နဲနဲကျယ်တယ်၊ကျယ်ပင်ကျယ်ငြားသော်လည်းဘဲ၊ အကျဉ်းချုပ်ကလေးမှတ်ပါ။

ဆရာတော် ဘုရားကြီးပြဒါက, ကိုယ်တွေ့ ဉာဏ်မြင်နဲ့ ခါတ်ခြောက်ပါးသာ ပြသည်ဖြစ်လေသောကြောင့် ဘာဘဲပြုပြု စိတ်ရင်ထဲမှာထား၊ ပေါ်ဒါငါးမျိုးသာ မှတ်နေရတယ်လို့ သည်လိုယူလိုက်ပါ။

ပဌမ နေ့တုန်းကလဲဘဲ စိတ်ရင်ထဲမှာထား၊ ပေါ်ဒါငါးမျိုးမှတ်နေရဒါဘဲ၊ မနေ့က,ဣရိယာပုတ် အနေလေးမျိုးမှာလဲဘဲ၊ စိတ်ရင်

ထဲမှာထား၊ ပေါဒါ ငါးမျိုးမှတ်နေရဒါဘဲ၊ ကနေ့ သမ္မဇညပဗ္ဗ မှာလဲဘဲ စိတ်ရင်မှာထား၊ ပေါဒါငါးမျိုး မှတ်နေရဒါဘဲ၊ ဟိုတမျိုး ဒီတမျိုးမရှိဘူး၊ အားလုံး ယောဂီတွေ နားရှင်းပလား၊ (ရှင်းပါပြီဘုရား) ဟိုတမျိုး ဒီတမျိုးမရှိဘူးနော် (မရှိပါဘုရား။)

ထိုင်လျက်ကို တမျိုးမှတ်ရတယ်၊ အိပ်လျက်ကို တမျိုးမှတ်ရတယ်၊ ရပ်လျက်ကို တမျိုးမှတ်ရတယ်၊ သွားလျက်ကို တမျိုးမှတ်ရတယ်၊ ဒီလိုရှိသလား၊ (မရှိပါ ဘုရား) ကနေ့ သမ္မဇည လဲဘဲ အလုပ်တွေပါလိမ့်မယ်။

အလုပ်မရွေး ဘယ်အလုပ် လုပ်လုပ် စိတ်ရင်မှာထား၊ ပေါဒါငါးမျိုးမှတ်ရမှာဘဲ။

နေရာမရွေးလဲ ပါလိမ့်မယ်၊ ဘယ်နေရာ ရောက်ရောက် စိတ်ရင်မှာထား၊ ပေါဒါငါးမျိုးမှတ်ရမှာဘဲ။

အချိန်မရွေးပါလိမ့်မယ်၊ ဘယ်အချိန်မျိုးမဆို စိတ်သည်ရင်ထဲမှာထား၊ ပေါဒါငါးမျိုး မှတ်နေရမှာဘဲ။

အကျဉ်းချုံးတော့ မှတ်စရာဟာ တခုတည်းဘဲနော်၊ အဲဒါလေးတွေမှတ်ထားကြ၊ ဒီလိုမရှင်းထားယင် နားရှုတ်တတ်တယ် (မှန်ပါဘုရား။)

ကဲ- သမ္မဇည စတော့မယ်။

**ရှေ့တိုးနောက်ဆုတ် ဝိပဿနာအလုပ်။**

(အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာန ကာရီ ဟောတိ) ပါဠိတော်။

ရှေ့တိုး လဲ သိ၊ နောက်ဆုတ်လဲသိ၊ ဗမာပြန်....ဗမာပြန်လေးတွေ ရှင်းရှင်း မှတ်။

မျက်မြင်၊ ဉာဏ်မြင် နှစ်ခုစပ်ပြီးတော့ပြောမယ်။

ရှေ့တိုးတယ် နောက်ဆုတ်တယ် ဆိုဒါ မျက်မြင်နော်၊ (မှန်ပါ ဘုရား) မျက်မြင်ဆိုယင် မမှတ်ပါနဲ့ ဉာဏ်မြင်မှမှတ်ပါ၊ ဉာဏ်မြင် ဆိုတော့ ရှေ့တိုးယင်လဲ၊ စိတ်သည် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုးမှတ်ပြီး သကာလ၊ တဖြည်းဖြည်း ရှေ့တိုးပါ။

နောက်ဆုတ်ယင်လဲဘဲ၊ စိတ်သည် ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုးမှတ်ပြီး သကာလ၊ တဖြည်းဖြည်း, တဖြည်းဖြည်း နောက် ဆုတ်ပါ၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)ဒါ....သာမညဘဲ။

ဣရိယာပုထ်လေးပါးနှင့်ပတ်သက်၍၊ ရှေ့တိုး နောက်ဆုတ်ပုံ ပြောမယ်။

ထိုင် လျက် ရှေ့ ကို တ ဖြည်း ဖြည်းတို း ခဲ့ သော်၊ နောက် ကို တဖြည်းဖြည်း ပြန်ဆုတ်ခဲ့သော်၊ စိတ်သည် ရင်ထဲက တကိုယ် လုံးသို့ဖြန့် ပေါ်ဒါမှတ်၍၊ တဖြည်းဖြည်း ရှေ့တိုးပါ၊ နောက် ဆုတ်ပါ။

အိပ်လျက်, ရှေ့ကို တ ဖြည်းဖြည်း တိုးခဲ့သော်၊ နောက်ကို တဖြည်းဖြည်း ပြန်ဆုတ်ခဲ့သော်၊ စိတ်သည်....ရင်ထဲက တကိုယ်လုံး ဖြန့်၊ပေါ်ဒါမှတ်၍ အိပ်လျက်တဖြည်းဖြည်းရှေ့ကိုတိုးပါ၊ ရှေ့ကို ငွေ့ပါ၊ နောက်ကို တဖြည်းဖြည်းပြန်ဆုတ်ပါ၊ နောက်ပြန်လှိမ့်ပါ လို့ဆိုလိုတယ်။

သွားလျက်,ခြေထောက်ကြည့်၊ သွားလျက် ခြေထောက်သည် ရှေ့ကို တဖြည်းဖြည်းတိုးခဲ့သော်, လှမ်းခဲ့သော်၊ နောက်ကို တ ဖြည်းဖြည်းပြန်လှမ်း- ပြန်ဆုတ်ခဲ့သော် စိတ်သည်-ရင်ထဲကအောက် ပိုင်းသို့ဖြန့်၊ ပေါ်ဒါမှတ်၍၊ သွားလျက်,တဖြည်းဖြည်းရှေ့တိုးကြ ပါ၊ နောက်ဆုတ်ကြပါလို့ ဆိုလိုတယ်။

ရပ်လျက်, ရပ်လျက်ဆိုတော့ နဲနဲလေးထူးတယ်၊ ထူးသော ကြောင့် အဋ္ဌကထာဆရာများလဲ ဖွင့်ပြထားလိမ့်မယ်၊ ရပ်လျက်ဆို တော့၊ အောက်ပိုင်းမကောက်ရဘူး၊ အောက်ပိုင်းကောက်မယ် ဆို ယင်၊ သွားလျက်,ရှေ့တိုး, နောက်ဆုတ်နဲ့ တန်းတူ ဖြစ်နေ တက် တယ်။

ဒါကြောင့်- အပေါ်ပိုင်းကောက်ပါ၊ အပေါ်ပိုင်းဆိုယင် ရပ် လျက်နေသော်၊ (မှန်ပါ)ခါးကုန်းဒါက, ရှေ့တိုးခေါ်တယ်၊ ခါးကော့ ဒါက, နောက်ဆုတ်ခေါ်တယ်၊ ဒါကြောင့် ရပ်လျက် ခါးကုန်း, ခါးကော့ ပြုလုပ်ခဲ့သော်၊ စိတ်သည်,ရင်ထဲက အပေါ်ပိုင်းသို့ဖြန့်၊ ပေါ်ဒါမှတ်၍၊ တဖြည်းဖြည်း,ဖြည်းဖြည်း ခါးကိုကုန်းကြပါ၊ ခါး ကို ကော့ကြပါလို့ ဆိုလိုတယ်၊ ဒါက- နိတတ္တ,တိုက်ရိုက် ပြောဒါ ခေါ်တယ်။

နေယျတ္တ- သွယ်ဝိုက်ပြောယင်၊ ဘယ်ဘက် ဘေးစောင်း၊ ညာဘက်ဘေးစောင်းပြုလုပ်ခဲ့သော်၊စိတ်သည်....ရင်ထဲက အပေါ် ပိုင်းသို့ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်း,ဘယ်ဘက် ဘေးစောင်းကြပါ၊ ညာဘက်ဘေး စောင်းကြပါလို့ ဆိုလိုတယ်၊ နားရှင်းရဲ့လား၊ (ရှင်းပါတယ် ဘုရား။)

**နည်းယူစရာ သာမကေဝတ္ထုတို။** ရှေ့တိုး,နောက်ဆုတ်နဲ့ ပတ်သက်၍ ခရေစေ့ တွင်းကျ အတု ခိုးစရာ လိုက်နာ စရာ ဝတ္ထု ကြောင်းကလေး အတုခိုးကြ။ ဆွမ်းခံသွား သော ရဟန်းတော်နဲ့ ပါတ်သက်ပြီး ရဟန်းတော် လေးမျိုး ပြား ပုံကလေးကစပြီး ပြောမယ်။

(၁) အချို့ ရဟန်းတော်များသည် ဆွမ်းခံ အသွားဌ်သာ ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲ နဲ့ ဂတ,ဝတ်နှင့် ပြည့်စုံသော ရဟန်းတော်က တမျိုး။

(၂) အချို့ ရဟန်းတော်များသည် ဆွမ်းခံ အပြန်ဌ်သာ ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ ပစ္စာ ဂတ-ဝတ်နှင့် ပြည့်စုံသော ရဟန်းတော် က တမျိုး။

(၃) အချို့ ရဟန်းတော်များသည် ဆွမ်းခံ အသွားရော အပြန်ပါ ကမ္မဋ္ဌာန်းလက်မလွှတ် ပါဘဲနဲ့ ဂတ, ပစ္စာ ဂတဝတ်နှင့်ပြည့်စုံသော ရဟန်းတော်ကတမျိုး။

(၄) အချို့ ရဟန်းတော်များသည် ဆွမ်းခံ အသွားရော အပြန်ပါ ကမ္မဋ္ဌာန်း မပါဘဲ ဂတ, ပစ္စာ ဂတ,ဝတ်နှင့် ပြည့်စုံသော ရဟန်း တော်က တမျိုး....လို့ -ရဟန်းတော်လေးမျိုး ရှိသည့်အနက်တို့တွင်....။

ကျန်းဂန်မှာပါတဲ့ တိဿမထေရ်တပါး ဆွမ်းခံ အသွားရော အပြန်ပါ ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲ လှမ်းတိုင်း, လှမ်းတိုင်း, အမှတ်နဲ့ လှမ်းလှမ်းပြီးတော့ သွားလိုက်ထာ- ရံခါ အမှတ်လွှတ် လွှတ်သွားဘယ်၊ သုံးလှမ်း အမှတ်လွှတ်သွားယင် သုံးလှမ်းနောက် ပြန်ဆုတ်၊ အမှတ်နဲ့ ပြန်ပြန်- ပြန်ပြန်ပြီးတော့ လှမ်းလိုက်ခြင်း၊

လေးလှမ်း၊ ငါးလှမ်း၊ အမှတ်လွှတ်သွားခဲ့သော်- လေးလှမ်း ငါးလှမ်း နောက်ပြန်ဆုတ်၊ အမှတ်နဲ့ ပြန်ပြန်-ပြန်ပြန်ပြီးတော့လှမ်းသွားဒါကို အနီးအနားမှာရှိတဲ့ လယ်သမားတွေ မြင်တဲ့အခါမှာ တီးတိုး တီးတိုးပြောကြ။

ဒီမထေရ်ဟာ ရှံခါ ရှေ့တိုးလိုက်၊ ရှံခါ နောက်ဆုတ်လိုက်နဲ့ ပြုလုပ်နေတာလမ်းမျှား-မှားနေရော့သလား၊ ပစ္စည်းမျှား-တခုခု ပျောက်လို့ရှာနေရော့သလား....လို့ တီးတိုး တီးတိုး ပြောဆိုတဲ့ အသံကို မထေရ်က ကြားပင်ကြား ငြားသော်လဲ၊ ပေါက်တဲ့နေရာမှာ ဖါ၊ ကျိုးတဲ့နေရာမှာ ဆက်တဲ့ ပုံသဏ္ဍာန်လို- အမှတ် လွှတ်သွားယင် လွှတ်တဲ့အတိုင်း နောက်ပြန်ဆုတ်၊ အမှတ်နဲ့ ပြန်ပြန်ပြီးတော့ လှမ်းသွားလိုက်ထာ ၁၉-နှစ်ကြာတော့ အာသဝေါ ကုန်ခမ်းတဲ့ ရဟန္တာ ကိုယ်တော်မြတ်ဖြစ်သွားကြောင်း။

ဒါ-ခရေစေ့တွင်းကျ ပေါက်တဲ့နေရာမှာ ဖါ၊ ကျိုးတဲ့ နေရာမှာ ဆက်တဲ့ ပုံသဏ္ဍာန်လို၊ အားလုံးယောဂီတို့....ရှေ့တိုး နောက်ဆုတ် အမှတ်လွှတ်ခဲ့သော်- ခါးကုန်း ခါးကော့ အမှတ်လွှတ်ခဲ့သော်-ဘယ်ဘက်ဘေးစောင်း၊ညာဘက်ဘေးစောင်း၊အမှတ်လွှတ်ခဲ့သော်- သူ့နေရာသူပြန်ထားပြီး သကာလ အမှတ်နဲ့ ပြန်ပြန်ပြီးတော့ ပြုလုပ်ကြပါလို့- သတိပေးလိုက်ပါသည်။

ရှေ့တိုးတတ်ပလား (တတ်ပါပြီဘုရား) နောက်ကော ဆုတ်တတ်ပလား (တတ်ပါပြီဘုရား) ခါးကုန်း ခါးကော့တတ်ပလား၊ (တတ်ပါပြီဘုရား) ဘယ်ဘက်ဘေးစောင်း၊ညာဘက်ဘေးစောင်း တတ်ပလား၊ (တတ်ပါပြီဘုရား) တတ်တယ်ဆိုဒါ ဥာဏ်မြင်နော်၊

(မှန်ပါဘုရား) ဉာဏ်မြင်ဆိုတာ ပေါ်ဒါမှတ်ပြီးတော့ ပြုလုပ်ထာကို ဆိုလိုတယ်၊ ရှင်းသွားပလား၊ (ရှင်းပါပြီဘုရား)။

ဤကဲ့သို့ ရှေ့တိုး နောက်ဆုတ်၊ ခါးကုန်း၊ ခါးကော့၊ ဘယ်ဘက်ဘေးစောင်း၊ ညာဘက်ဘေးစောင်းနှင့်ပါတ်သက်၍ မှတ်တတ်ပြီဆိုယင်၊ နည်းရပြီ ဖြစ် လေ သော ကြောင့်၊ စာတတ် ကလျာဏ ပုထုဇဉ်ဖြစ်၍၊ အပါယ်ခွင်ဝေးသထက် ဝေးတော့မယ် ဆိုဒါ-ဝမ်းမြောက်ခဲ့ပါလျှင်-သုံးကြိမ် သာခု ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု။)

ကဲ....ရှေ့တခုတိုးလိုက်။

**ကွေးပုံ–ဆန့်ပုံ ဝိပဿနာလုပ်ငန်းစုံ။** (သမိဉ္စိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ) ပါဠိတော်၊ ကွေးလဲသိ၊ ဆန့်လဲ သိ၊ ဗမာပြန် တဲ့၊ ကွေးဒါ ဆန့်ဒါ မျက်မြင်လား ဉာဏ်မြင်လား၊ (မျက်မြင်ပါဘုရား) မျက်မြင် ခေါ်တယ်၊ မျက်မြင်ဆိုယင် မမှတ်နဲ့ နော်၊ (မှန်ပါဘုရား) ဒီက အတွင်းသမားဖြစ်တယ် နောက်မှ မမှတ်ရကြောင်းကို ပြောမယ် နော်၊ (မှန်ပါဘုရား) ဉာဏ်မြင်မှတ်ရမယ်၊ ဉာဏ်မြင်ဆိုယင် စိတ်ရင်ထဲမှာထား၊ ပေါ်ဒါ ငါးမျိုးမှတ်ထာဘဲ၊ အဲဒါဉာဏ်မြင် ဘဲနော်၊ (မှန်ပါဘုရား။)

ဒါဖြင့် ကွေးယင်လဲဘဲ ကွေးတဲ့နေရာသို့ဖြန့်၊ ပေါ်ဒါငါးမျိုး မှတ်၍ကွေးပါ၊ ဆန့်ယင်လဲဘဲ စိတ်ရင်ထဲက ဆန့်တဲ့နေရာသို့ ဖြန့်၊ ပေါ်ဒါငါးမျိုးမှတ်၍ ဆန့်ကြပါလို့ ဆိုလိုသည်၊ ဒါ-သာမည ပြောဒါ။

ဣရိယာပုထ်လေးပါးနဲ့ ပတ်သက်၍ ကွေးပုံ ဆန့်ပုံလေးပြောမယ်၊ထိုင်လျက်....ထိုင်လျက်ကို မျက်စိနဲ့ ကြည့်စမ်း- အောက်ပိုင်းကွေးမနေဘူးလား....(ကွေးနေပါတယ်ဘုရား) အပေါ်ပိုင်း ဆန့်မနေဘူးလား....(ဆန့်နေပါတယ် ဘုရား) အဲသလို ထိုင်လျက်လဲ စိတ်ရင်မှာထားပြီးတော့ ပေါ်ဒါမှတ်နေနော်....(မှန်ပါဘုရား။)

ထိုင်လျက်က နေပြီးတော့ မတ်တတ်ထ- မတ်တတ်ထယင် အောက်ပိုင်းသည်ဆန့်မသွားဘူးလား....(ဆန့်သွားပါတယ်ဘုရား) မတ်တတ်ထရာက ပြန်ထိုင်လိုက်တော့ အောက်ပိုင်းသည် ကွေးမသွားဘူးလား....(ကွေးသွားပါတယ်ဘုရား။)

အဲဒါ-ထိုင်ရာကနေပြီးတော့ ထခဲ့သော်- ထရာကနေပြီးတော့ ပြန်ထိုင်ခဲ့သော်- စိတ်သည် ရင်ထဲက တကိုယ်လုံးသို့ ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြည်းဖြည်း- ဖြည်းဖြည်းထိုင်ပါ- ဖြည်းဖြည်း- ဖြည်းဖြည်းလေးဆိုတော့ လူကြီးတို့နဲ့ သိပ်တော်ဒါဘဲ၊ ဗြုန်းကနဲ- ဗြင်းကနဲ မထနိုင်ကြတဲ့ ဝသော ပုဂ္ဂိုလ် အတွက်နဲ့လဲ သိပ်တော်ဒါဘဲ၊ ဖြည်းဖြည်းလေးဆိုတော့ ကြည့်ရဒါလဲ တယ်ကြက်သရေရှိဒါဘဲ၊ ဗြုန်းကနဲထလိုက်- ဗြုန်းကနဲ ထိုင်လိုက်ဆိုယင် တယ်-လူကြမ်းဒါဘဲ၊ ကြမ်းကြမ်း ထမ်းထမ်း ဆိုယင် တခုခု ထိခိုက်မိစရာရှိယင်လဲ ထိခိုက်မိတတ်တယ်။

ယောဂီတို့ကတော့ဖြည်းဖြည်းထိုင်–ဖြည်းဖြည်းထနော်....(မှန်ပါဘုရား) အဲဒါ ထိုင်လျက်ကနေပြီးတော့ ထ၊ထလျက်ကနေပြီးတော့ ထိုင်ပုံပါဘဲ။

(၁၃)

အိပ်လျက်....ခန္ဓာကိုယ်ကြီး ကွေး၍, ဆန့်၍ ပြုလုပ်ခဲ့သော်- စိတ်သည် ရင်ထဲက ကွေးနေဘဲ့ နေရာသို့ ဖြန့်၊ ပေါဒါမှတ်၍ တဖြည်းဖြည်း ကွေးပါ၊ တဖြည်းဖြည်းဆန့်ပါလို့ ဆိုလိုတယ်။

လမ်းလျှောက်လျက်....ကွေး၍,ဆန့်၍ ဆိုတော့၊ ခြေထောက်ဘဲ၊ ခြေထောက်ဟာ ထောက်ထားယင်မဆန့်ဘူးလား....(ဆန့်ပါတယ်ဘုရား) ကြွလိုက်ယင် မကွေးသွားဘူးလား....(ကွေးသွားပါတယ်ဘုရား) ပြန်ချလိုက်ယင် မဆန့်ဘူးလား....(ဆန့်ပါတယ်ဘုရား။)

အဲဒါ လမ်းလျှောက်သွားတဲ့ အခါ၌ ခြေထောက် အောက်ချလိုက်၊ ပြန်ပြီးတော့ ကွေးလိုက်၊ ပြန်ချလိုက်၊ ကွေး၍, ဆန့်၍- ကွေး၍,ဆန့်၍ ပြုလုပ်နေခဲ့သော်- စိတ်သည် ရင်ထဲက အောက်ပိုင်းသို့ဖြန့်၊ ပေါဒါမှတ်၍ ဖြည်းဖြည်း- ဖြည်းဖြည်း ခြေထောက်ကို ကြွပါ၊ ဖြည်းဖြည်း- ဖြည်းဖြည်း ခြေထောက်ကို ချပါလို့ ဆိုလိုသည်၊ ဒါ- ဣရိယာပုထ် လေးပါးနဲ့ ပတ်သက်၍ ကွေးပုံ,ဆန့်ပုံပါဘဲ။

ကိုယ်အင်္ဂါ အစိတ် အပိုင်းနဲ့ပတ်သက်၍ ကွေးပုံ ဆန့်ပုံကတော့ အလွန်များပါတယ်၊ လက်ဝါး, လက်ချောင်း, ဖြန့်၍, ဆုတ်၍ ပြုလုပ်ခဲ့သော်- လက်ချောင်းထဲသို့ စိတ်ဖြန့်- လက်ဝါးထဲသို့ စိတ်ဖြန့် ပေါဒါမှတ်၍ ဖြည်းဖြည်း-ဖြည်းဖြည်း လက်ဝါးကိုဆုတ်ပါ, ဖြန့်ပါ၊ လက်ချောင်းကို ဆုတ်ပါ, ဖြန့်ပါလို့ ဆိုလိုသည်။

လက်မောင်းကြီး ကွေး၍ ဆန့်၍ ပြုလုပ်ခဲ့သော်-လက်မောင်းထဲသို့ စိတ်ဖြန့်၊ ပေါဒါမှတ်၍ ဖြည်းဖြည်းဖြည်းဖြည်း လက်မောင်းကို ကွေးပါ၊ လက်မောင်းကို ဆန့်ပါလို့ ဆိုလိုသည်။

ခြေထောက်- ကွေးချို့ဆန့်ချို့ ပြုလုပ်ခဲ့သော်- ခြေထောက်ထဲသို့ စိတ်ဖြန့်- ပေါ်ဒါမှတ်၍ ခြေထောက်ကိုကွေးပါ၊ခြေထောက်ကို ဆန့်ပါလို့ - ဆိုလိုသည်။

ခန္ဓာကိုယ်ကြီး ကွေးချို့ဆန့်ချို့ ပြုလုပ်ခဲ့သော်- ခန္ဓာကိုယ်ကြီးတကိုယ်လုံးသို့ စိတ်ဖြန့်၊ပေါ်ဒါ မှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်းကိုယ်ကြီးကို ကွေးပါ- ကိုယ်ကြီးကိုဆန့်ပါလို့ ဆိုလိုတယ်။

လက်ပိုက်ခြင်း- ပိုက်သောလက်ကို ဖြေခြင်းမှာလဲဘဲ လက်ပိုက်ခဲ့သော်- စိတ်သည် ရင်ထဲက လက်ထဲသို့ဖြန့်- ပေါ်ဒါမှတ်၍ ဖြည်းဖြည်း- ဖြည်းဖြည်း လက်ကိုပိုက်ပါ၊ ပိုက်သော လက်ကိုလဲ ဖြည်းဖြည်း- ဖြည်းဖြည်း ပြန်ဖြေပါလို့ ဆိုလိုသည်။ အဲဒါ- ကိုယ်အင်္ဂါ အစိတ်အပိုင်းနဲ့ ပတ်သက်၍ ကွေးပုံ ဆန့်ပုံပါဘဲ။

**လက်အုပ်ချီပုံ နှစ်မျိုး။**

လက်အုပ်ချီခြင်း- ဝတ်ချခြင်းလဲဘဲ ကွေးပုံ ဆန့်ပုံထဲကနော်၊(မှန်ပါဘုရား)လက်အုပ်ချီဒါ အမှတ်ထဲကမပါဘူး-လို့ ဒီအလုပ် မလုပ်ရဘူးနော်၊ အကုန်လုံး ဆရာလုပ်တဲ့ လူကတော့ နှစ်ပေါင်အောင် ပြောထားရတယ်၊ နို့မို့ဆိုယင် ယောဂီအရှင် သူတော်စင်တွေ ဖြစ်စေကာမူ–လက်အုပ်မချီတတ်ဘူး၊ ဝတ်လဲဘဲမချတတ်ဘူး၊ ဒါကြောင့် လက်အုပ်ချီပုံ လေး ဆုံးမခဲ့မယ်။ ဒါလေးဟာ ဆရာတော် ဘုရားကြီးလဲ အင်မတန်ဆုံးမတယ်။

လက်အုပ်ချီပုံလဲဘဲ ရှိခိုးခြင်းတမျိုး၊ကျမ်းဂန်ထဲမှာ(အဥ္စလိပဏာမ)လို့ဆိုတယ်၊ ရှိခိုးခြင်းတမျိုးဘဲ၊ ဒါဖြင့်- လက်အုပ်ချီပုံ နှစ်မျိုးရှိတယ်။

ရိုးရိုး လက်အုပ်ချီပုံကတမျိုး၊ အမွန်းတင် လက်အုပ်ချီပုံက တမျိုး၊ ဘယ်နှစ်မျိုးလဲ....(နှစ်မျိုးပါဘုရား။)

ရိုးရိုးလက်အုပ်ချီနည်းပြောမယ်၊ ဂါရဝ, နိဝါတ, မင်္ဂလာတော်နဲ့အညီ ရိုသေထိုက်အောင် နှိမ့်ချထိုက်အောင် လက်အုပ်ချီပါလို့ဆိုလိုသည်။ ဘယ်လို လက်အုပ်ချီရမလဲလို့ မေးခဲ့သော်- ဘယ်ဘက် လက်ဖဝါး တခုပြောယင်- ညာဘက်လက်ဖဝါး သိပြီးသား ထားရတယ်။

ဘယ်ဘက် လက်ဖဝါး ဖြန့်ထားနော်- ကုပ်တုတ်တုတ်မလုပ်နဲ့၊ လက်ဝါး ဖြန့်ထားလိုက်၊ လက်ဖဝါးနဲ့ လက်ချောင်းလေးတွေလဲ တဖြောင့်တည်း ထားလိုက်- လက်ချောင်းကလဲဘဲ တချောင်းနဲ့ တချောင်းနဲ့ထိထားရတယ်၊ လက်မနဲ့လက်ညှိုး- လက်ညှိုးနဲ့ လက်ခလယ်– လက်ခလယ်နဲ့ လက်သူကြွယ်- လက်သူကြွယ်နဲ့ လက်သန်း တချောင်းနဲ့ တချောင်း ထိထားပါ၊ ဒါက ဘယ်ဘက် လက်ဖဝါး ထားပုံဘဲ၊ ညာဘက်လက်ဖဝါးထားပုံလဲ သည့်အတိုင်းထား။

ကဲ-လက်ဝါးချင်းကပ်လိုက်စမ်း- လက်ဝါးချင်း ပူးမသွားဘူးလား....(ပူးသွားပါဘုရား) ခုံးတုန်းတုန်း ပါသေးလား....(မပါ,ပါဘုရား) လက်ချောင်းချင်းကော ထိမသွားဘူးလား....(ထိသွားပါဘုရား) လက်ညှိုး-လက်ညှိုးချင်း၊ လက်ခလယ်- လက်ခလယ်ချင်း ထိမသွားဘူးလား၊ (ထိသွားပါဘုရား) လက်ယှက်ထာ ပါသေးလား၊ (မပါ, ပါ ဘုရား) မပါတော့ဘူး၊ အဲဒါ ရိုသေထိုက်အောင်- နှိမ့်ချထိုက်အောင် လက်အုပ်ချီတယ် ခေါ်တယ်၊ အဲဒါ ရိုးရိုးလက်အုပ်ချီနည်းပါဘဲ။

နဖူးပေါ်မှာ လက်ခလေး တင်လိုက်- လက်အုပ်တင်လိုက်ရ တယ်၊ တတောင်ဆစ်ချင်း ထိချင်ထိ- မထိချင်နေ၊ ဒါက လိုရင်း မဟုတ်ဘူး၊ အဲဒါ ရိုးရိုးလက်အုပ်ချီနည်းပါဘဲ။

အမှန်းတင် လက်အုပ်ချီနည်းဆိုဒါက- အမှတ်ပါတယ် ခေါ် တယ်၊ လက်အုပ်ချီနေတုန်းမှာ စိတ်သည် ရင်ထဲမှာ မထားဘူး လား....(ထားပါတယ်ဘုရား) ရင်ထဲမှာထားပြီးတော့ လက်ထဲသို့ စိတ်ဖြန့်- သို့မဟုတ် အပေါ်ပိုင်းသို့ စိတ်ဖြန့်၊ ပေါ်ဒါမှတ်ပြီး သကာလ လက်အုပ်ချီနေဒါ ဝိပဿနာနဲ့ လက်အုပ်ချီနေဒါခေါ် တယ်၊ ဝိပဿနာနဲ့ လက်အုပ်ချီနေမယ်ဆိုယင် အမှန်းတင် လက် အုပ် ချီ နည်း ခေါ် ပါ တယ်- သ ဘော ကျ ပ လား၊ (ကျပါပြီ ဘုရား။)

ဂါရဝ-နိဝါတ-မင်္ဂလာတော်နဲ့ညီအောင် လက်အုပ်ချီဒါ-ရှိသေ လုပါပြီ-တဲ့၊တခါ-ဝိပဿနာလေးပါလာတော့ အတိ- ဂါရဝ-အတိ- နိဝါတ-ဖြစ်သွားတယ်၊ အလွန်ကြီးလဲ ရိုသေပါပြီ၊ အလွန်ကြီး လဲနှိမ်ချထားပါပြီ....လို့ ဆိုလိုတယ်- ရှင်းသွားပလား....(ရှင်းပါပြီ ဘုရား) ဒါလက်အုပ်ချီနည်း ပြီးသွားရော။

**ဝတ်ချနည်း ၂-မျိုး။**

ကဲ-နောက်ပြီးတော့- ဝတ်ချနည်း ပြောမယ်- ဝတ်ချ နည်းသည် နှစ်မျိုး၊ ရိုးရိုး ဝတ်ချနည်းက, တမျိုး အမှန်းတင် ဝတ်ချနည်းက,တမျိုး၊ နှစ်မျိုး ရှိပါ' သည်။ရိုးရိုးဝတ်ချနည်းဆိုဒါက, ထိခြင်းငါးပါးနဲ့ညီအောင်ဝတ်ချ မယ်နော်....ရိုးရိုး ဂါရဝ,နိဝါတ- မင်္ဂလာတော်နဲ့ညီအောင် ဝတ်ချ ယင် ထိခြင်း ဘယ်နှစ်ပါးလဲ....(ငါးပါးပါဘုရား) ထိခြင်းငါးပါး

ချနည်းလို ဆိုလိုသည်။ အမှန်းတင် ဝတ်ချနည်းဆိုဒါက ဝိပဿနာ အမှတ်ခလေးနဲ့ ဝတ်ချဒါမျိုးလို့ ဆိုလိုသည်....။

ကဲ-ရိုးရိုးဝတ်ချပုံပြောတော့မယ်၊ ထိခြင်း ငါးပါးနဲ့ ပြည့်စုံညီညွတ်အောင် ဝတ်ချရမယ်၊ အဲဒီ ထိခြင်း ငါးပါးဟာ-ဝတ်ချတဲ့ နေရာမှာသာ ကောက်ရမယ် နော်၊ လက်အုပ်ချီတဲ့ နေရာမှာ မကောက်ရဘူး၊ (မှန်ပါဘုရား) နောက်ပြီးတော့ ဆိုယင် ဘယ် နေရာမှာ ထိရမလဲလို့မေးယင် မိမိတို့၏ တည်နေရာမှာထိပါ....လို့- ဒီလိုဆိုလိုတယ်၊ မိမိနေဒါကြည့်- မြေကြီးပေါ်မှာနေယင်- မြေကြီးပေါ်မှာ ငါးခုလာထိပါ၊ ကြမ်းပြင်ပေါ်မှာ နေယင်- ကြမ်းပြင်ပေါ်မှာ ငါးခုလာထိပါ၊ ဖျာ-သင်ဖြူး- ကော်ဇော ပေါ်မှာ နေမယ်ဆိုယင်- ဖျာ-သင်ဖြူး- ကော်ဇောပေါ်မှာ ငါးခု လာထိပါ၊ ယုံကြည်လောက်တဲ့ အကိုး သာခကေလေး။ ထိခြင်း ငါးပါး ကောက်ပြမယ်။

**ထိခြင်း ငါးပါး ကောက်ပုံ။**

ဘုမိယံ ပဥ္စပတိဋ္ဌိတေန ဝန္ဒိတွာ (သုတ်သီလက္ခန် အဋ္ဌကထာ။)

ပဥ္စင်္ဂနိ ပထဝိယံ ပတိဋ္ဌာ ပေတွာ ပါစိနာဘိမုခေါ အဘိဝန္ဒိတွာ၊ (ဇာတ် အဋ္ဌကထာ။)

အဲဒီ အဋ္ဌကထာနှစ်ခု၌ (ဝန္ဒိတွာ) ဆိုတဲ့ ပါဌ်တခု၊ (အဘိဝန္ဒိတွာ)ဆိုတဲ့ ပါဌ်တခု ထိုပါဌ်နှစ်ခုဖြင့် ထိခြင်း ငါးပါးသည် ဝတ်ချတဲ့နေရာမှာ ကောက်ပါလို့ ဆိုလိုသည်။

(ဘုမိယံ) ဆိုတဲ့ ပါဌ်တခု (ပထဝိယံ-ပတိဋ္ဌာပေတွာ) ဆိုတဲ့ ပါဌ်တခု- ထိုပါဌ်နှစ်ခုဖြင့် မိမိတို့၏ တည်နေရာမှာ ငါးခုလာထိပါလို့ဆိုလိုက်တယ်၊ ရှင်းရှင်းမှတ်ထားကြ။

ထိခြင်းငါးပါး ဘယ်မှာထိရမလဲ.... (တည်ရာမှာ ထိရပါမယ် ဘုရား) တည်ရာမှာနော် သေချာမှတ်- ဒါလေးကို အသားယူထားကြ၊ နောက်တော့ပြောမယ်။

ကဲ-ထိခြင်း ငါးပါးကောက်ကြစို့- သေချာလဲမှတ်ပါ၊ ဦးပဥ္စင်းတို့သည် ဟိုတုန်းက ဆရာတော်ဘုရားကြီးနဲ့ မတွေ့ခင်တုန်းက၊ ဒီထိခြင်းငါးပါးကို အင်မတန် သိချင်တယ်- သိချင်လို့ ဟိုမေး ဒီမေး- တောင်မေး-မြောက်မေး- ဒီလိုမေးယင် တိတိကျကျ တခုမှ မရခဲ့ဘူး။ လောကုတ္တရာ ဖခင် ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော ကသစ်ဝိုင် ဆရာတော်ဘုရားကြီးနှင့် တွေ့မှ၊ တိတိကျကျ သိရပါသည်။

ဒါကြောင့်- ကိုယ်လိုဘဲ သည့်ပြင် ပုဂ္ဂိုလ်တွေလဲဘဲ အချိုးတကျဖြစ်အောင် ထိခြင်း ငါးပါး ပြောမယ်နော်၊ (သုတ်သီလက္ခန် အဋ္ဌကထာ) ကို မူတည်ထားပြီးတော့ ပြောတော့မယ်။ (မှန်ပါဘုရား။)

ခြေနှစ်ဘက်တည်ရာမှာ ထိခြင်း- ၁။

ခြေထောက် ဘယ်ထိရမလဲ....(တည်ရာမှာ ထိရပါဘုရား) ခြေထောက်-ခြေထောက်ချင်းထိဘို့ မလိုဘူးနော်၊....(မှန်ပါ ဘုရား။)

ဒူးနှစ်ဘက် တည်ရာမှာထိခြင်း- ၂။

ဒူးဘယ်ထိရမလဲ၊ (တည်ရာမှာ ထိရပါမယ်ဘုရား) ဒူးဒူးချင်းထိဘို့ မလိုဘူး၊ ဒါက- အင်္ဂါမဟုတ်ဘူး၊ ဒူးနှစ်ဘက် တည်ရာမှာ ထိရမယ် ဆိုသောကြောင့်- မိန်းမသား များတော့ မိန်းမထိုင်-ထိုင်လိုက်တဲ့ အတွက်ကြောင့်- ဒီဒူးဟာ ထိပြီးသားပါဘဲ။

ယောကျ်ားတွေ နဲနဲလိုတယ်၊ ယောကျ်ားတွေက ဆောင့်ကြောင့်ထိုင် ဝတ်ချမယ်ဆိုယင် တချို့ဒူး ထိချင်မှ ထိတယ်၊ မထိဒါလဲရှိတတ်တယ်၊ အင်္ဂါညီအောင်- ဒူးကျအောင်ချကြ။

လက်ဖဝါးနှစ်ဘက် တည်ရာမှထိခြင်း-၃။

လက်ဖဝါး ဘယ်မှာလာထိရမလဲ၊ (တည်ရာမှာပါဘုရား) မှတ်ထားကြ၊ လက်ဖဝါးကို လက်အုပ်ချီတဲ့အတိုင်း ဖြန့်ချလိုက်- လက်ဝါးကော အောက်မကျဘူးလား....(ကျပါတယ် ဘုရား) ခုံးတုန်းတုန်း မလုပ်ထားရဘူးနော်၊ (မှန်ပါဘုရား)သေချာမှတ်။

တတောင်ဆစ်နှစ်ဘက် တည်ရာမှာ ထိခြင်း- ၄။

တတောင်ဆစ် ဘယ်မှာ ထိရမလဲ....(တည်ရာမှာပါ ဘုရား) တတောင်ဆစ်ချင်း ထိဘို့မလို- တတောင်ဆစ်နဲ့ ဒူးနဲ့ ထိဘို့ မလိုဒါ- အင်္ဂါမဟုတ်ဘူး၊ တတောင်ဆစ် နှစ်ဘက် တည်ရာမှာ ထိရမယ်တဲ့၊ ဒီ အင်္ဂါတယ်လိုဒါဘဲ။

ယောကျ်ားတွေလဲ လိုဒါဘဲ၊ မိန်းမသား တွေလဲ လိုဒါဘဲ၊ ယောကျ်ားတွေဘက်ကဆိုယင် တချို့လက်လဲ အောက်မကျဘူး၊ တချို့ တတောင်ဆစ် အောက်မကျဘူး။

မိန်းမသားများသဲဘဲ တချို့ရှိခိုးဒါ လက်ကိုင်ပုဝါလေးနဲ့၊ အဲဒါ- ဒူးပေါ်မှာ တင်လိုက်ထားဘဲ၊ တင်ပြီးတော့ ဝတ်ချလိုက်တဲ့အခါမှာဆိုယင် လက်ဖဝါးလဲ ဒူးပေါ်မှာဘဲ- တတောင်ဆစ်က ဒူးပေါ် ပေါင်ပေါ်တောင် တချို့မထိဘူး၊ ချို့ယွင်းချက်တွေ မများဘူးလား- (များပါတယ်ဘုရား။)

အဲဒါ- အင်္ဂါနဲ့မကိုက်လို့ရှိယင် ပြင်ကြနော်- ငါဝတ်ချဒါနဲ့နဲမှ အင်္ဂါ မကိုက်ပါ ကလား။ လက်ဖဝါးလဲ တည်ရာမှာ မထိဘူး၊ တတောင်ဆစ်နှစ်ဘက်လဲ တည်ရာမှာ မထိဘူး လို့ ဆိုယင် ငါဝတ် ချဒါ ဂါရဝမဟုတ်ပါ၊ ရှိသေထိုက်တာလဲ မဟုတ်ဘူး၊ နိဝါတ, ကိုယ်ကို အောက်ကြို့ပြီးသကာလ နှိမ်ချထားဒါလဲ မဟုတ်ဘူး- လို့ စိတ်ထဲမှာ ပေါ်လာပြီး ပြင်သင့်- ပြင်ထိုက်ထာ ပြင်ကြနော်- (မှန်ပါဘုရား။)

နဖူးပြင်တည်ရာမှာ ထိခြင်း- ၅။

နဖူးဘယ်ထိ (တည်ရာမှာပါဘုရား) အဲဒါ မှတ်ထားကြ။ ခုန လက်လဲမကျ- တတောင်ဆစ်လဲ မကျယင် ဒီနဖူးကော ကျအုံး မလား- (မကျနိုင်ပါ ဘုရား) မှတ်ထား- နဖူးလဲထိရမယ်၊ တည် ရာမှာ ထိရမယ်နော်- (မှန်ပါဘုရား။)

တည်ရာမှာ ထိရမယ် ဆိုတော့ ယခု လက်ထက် နဖူးချဒါက လက်အုပ်ပေါ်တင်ချနေကြတယ်- ဟုတ်ကဲ့လား- (ဟုတ်ပါတယ် ဘုရား) အောက်က လက်ဖဝါးတွေ ခံပြီးတော့ အဲဒီ လက်ဖဝါး ပေါ်မှာ နဖူးတင်ထားတယ်၊ စာလာ ပေလာနဲ့ ကိုက်ကဲ့သား- (မကိုက်ပါဘုရား) မကိုက်ဘူးခေါ်တယ်။

တချို့လဲဘဲ အယူမှားဒါ ရှိတတ်တယ်၊ (ဘူမိယံ) ဆိုတဲ့ ပါဠိ သေသေချာချာကြည့်- (ပထဝိယံ ပတိဋ္ဌာပေတွာ) ဆိုတဲ့ ပါဠိကို လဲ သေသေချာချာကြည့်၊ အဲဒါ သေချာမသိလို့ရှိယင် ဆုံးဖြတ် မှားတတ်တယ်၊ နဖူးပြင်လက်ပေါ်မှာတည်ခြင်းလို့ ဒီလိုလာတတ် တယ်၊ အဲဒါ (အာသယ)ဆိုတဲ့တည်ရာဠာနကို မကြည့်ရှုဘဲနဲ့ပြော

ခြင်းဖြစ်တယ်လို့ ဒီလိုမှတ်နော်၊ (မှတ်ပါတယ်ဘုရား) အားလုံး နားရှင်းပလား၊ (ရှင်းပါပြီဘုရား။)

ပြန်ပြောအုံးမယ်-ပြန်ပြောအုံးမယ်- ပခုက္ကူ ဆရာတော်ကြီး များ- အဲဒီ ( ပဥ္စပတိဋ္ဌိတ ) ကို သူတို့အနက် သမ္ဘာန်လိုက်တော့ လက်ာလေးနဲ့တဲ့၊ ခြေ, လက်, နဖူး, တတောင်, ဒူး, ငါးဦးသော ထိခြင်းဖြင့်- ထိခြင်းဖြင့် အကုန်လုံးပါသွားဒါဘဲ။ ဆရာတော် ဘုရားကြီးထံမှတဆင့် ကြားတာ- ခြေ, လက်, နဖူး, တတောင်, ဒူး-တဲ့။

ဟော- ခြေနှစ်ဘက် တည်ရာမှာ ထိခြင်း- ၁။
လက်နှစ်ဘတ် တည်ရာမှာ ထိခြင်း- ၂။
နဖူးပြင် တည်ရာမှာ ထိခြင်း- ၃။
တတောင်ဆစ် နှစ်ဘက်တည်ရာမှာ ထိခြင်း- ၄။
ဒူးနှစ်ဘက် တည်ရာမှာ ထိခြင်း- ၅။

ရှင်းသွားပလား၊ (ရှင်းပါပြီ ဘုရား) အဲဒါ- သုတ်သီလက္ခန် အဋ္ဌကထာ အတိုင်းကောက်ပြောဒါ။

စာပေလိုက်စားသောပုဂ္ဂိုလ်များ- ဗဟုသုတရှိစေရန်အလို့ငှာ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်ဝါဒထုတ်ပြအုံးမယ်။

"ပဥ္စပတိဋ္ဌိ-တေနာတိ-ဒွိ ဇာဏူ-ဒွိ ဟတ္ထာ- နလာဋေဟိ"

ဒွိ ဇာဏူ- ဆိုတော့ ဒူးနှစ်ဘက် တည်ရာမှာ ထိခြင်း- ၂။

သူက ခြေထောက် မပါတော့ဘူး၊ ဒူးနှစ်ဘက် တည်ရာမှာ ထိခြင်း- ၂။

ဒုဂ္ဂဟတ္တ-ဆိုသောကြောင့် လက်နှစ်ဘက်တည်ရာမှာထိခြင်း-၂။
၂-၂ ချင်းပေါင်း-၄။

နလာဋ္ဌေဟိ- ဆိုသောကြောင့် နဖူးပြင်တည်ရာမှာ ထိခြင်း-၅။

ကောက်တတ်ပလား၊ (ကောက်တတ်ပါပြီ ဘုရား) အဲဒါက သူက-ဝါဒ တမျိုးဘဲ၊ ဒူးရယ်- လက်ကယ်- နဖူးရယ်- ဒီသုံးခုဘဲ၊ ဒူး၊ လက်၊ နဖူး၊ ငါးဦးသောထိခြင်းဖြင့်-။

ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်ဝါဒ အတိုင်းဆိုလျှင် ဒီလိုအနက်ဆန် လာရမယ် သို့သော် ကျမ်းညိတတ်ယင် အတူတူပါဘဲ၊ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်က လိုရင်းလေးသာ ပြောပြတယ်၊ ဝတ်ချတဲ့ ပုဂ္ဂိုလ်ဟာ ခြေထောက်ကနဂိုရ်ကထိပြီးသားမဟုတ်လား-(ထိပြီးသားပါ ဘုရား) ခြေထောက် ထိ၊ မထိပြောစရာ လိုသေးလား- (မလိုပါဘူး ဘုရား) ဘာ-သာလိုလဲမေးယင် ဒူးကျ၊ မကျ အဲဒါ လိုဒါဘဲ။

ဒါကြောင့်- ခြေထောက်အတွက်နဂိုရ်ကထိပြီးသား ဖြစ်သောကြောင့် ပြောစရာမလိုဘူး၊ ဒူးကျ၊ မကျဒါ ပြောစရာ လိုသောကြောင့် ဒူးနှစ်ဘက် တည်ရာမှာ ထိရမယ်၊ ရှင်းသွားပလား- (ရှင်းပါပြီ ဘုရား။)

လက်ကောက်တဲ့ အခါမှာ တတောင်ဆစ်ထိအောင် လက်ကို ကောက်ရမယ်၊ လက်ကောက်ဝတ်ကလေးတင်မကောက်နဲ့၊ ဒါဖြင့် တတောင်ဆစ်-ထိအောင် လက်ကိုကောက်ရမယ်ဆိုလျှင်၊ လက်ဖဝါး နှစ်ဘက်ကော တည်ရာမှာ မထိဘူးလား၊ (ထိပါတယ် ဘုရား) တတောင်ဆစ် နှစ်ဘက်ကော တည်ရာမှာ မထိဘူးလား၊ (ထိပါတယ်ဘုရား) အတူတူပါဘဲ၊ ကျမ်းညိတတ်ယင် ဂဂ်ါမြစ်ရေနှင့်

ယမုနာမြစ်ရေ နှီးနှောသကဲ့သို့ တဝါဒတည်းယူလိုက်၊ တဝါဒ တည်းယူမယ်ဆိုယင်၊ သုတ်သီလက္ခန် အဋ္ဌကထာ- အတိုင်းဘဲ မှတ် ပါတော့-တဲ့၊နားမရှုပ်ပါစေနဲ့၊ အဲဒါ- ဂါရဝ, နိဝါတ-ဖြစ်အောင် ဝတ်ချနည်းဘဲ။

အဲသလိုမျိုးဝတ်ချယင် သိပ် ရိုသေဒါဘဲ၊ အရှင်ဘုရား တပည့် တော်ဝတ်ချဒါ ကြည့်ပါဘုရား- တပည့်တော်သည် အရှင်ဘုရား၏ ခြေတော်အောက်သို့ ပြားပြား ဝတ်လျှိုးပြီး သကာလ ရောက်တဲ့ ပုံသဏ္ဌာန်လို တပည့်တော်လက်လဲ အကုန်နှိမ်ချ ထားပါတယ်ဘု ရား၊ တပည့်တော်၏ ခေါင်းလဲဘဲ အကုန်နှိမ်ချ ထားပါတယ် ဘု ရား၊ ဒီလိုကိုယ်ကြီးကို မြင်လိုက်ပါသဖြင့် တပည့်တော်စိတ်လဲ ဘာ မာနမှ မထားပါဘုရား၊အကုန်လုံးဘဲ နှုတ်ရော, စိတ်ရော, ကိုယ် ရော,ဘဲ နှိမ်ချထားပါတယ် ဘုရား-လို့၊မလျှောက်ထား သော်လဲဘဲ လျှောက်ထားသည့် ပုံပမာလို ရှိခိုးခံရတဲ့ ဆရာသမားက သိပြီး သွားဘဲ။

အော်....ဆရာကောင်း တပည့်တွေနော်-ရှိခိုးဒါတောင်သူများ ထက်ထူးတယ်၊ သူများထက် ရိုသေပါလား-လို့ အဲသလိုဖြစ်တတ် တယ်၊ သဘောကျပလား- (ကျပါတယ် ဘုရား) အဲဒါ မှတ် ထားကြ။

ဦးပဥ္စင်း အခုဆုံးမနေဒါ အားထုတ်တဲ့ ပုဂ္ဂိုလ်လောက် သာ လျှင် ရည်မှန်းပြီးတော့ဆုံးမဒါ မဟုတ်ပါဘူး၊တနှယ်ငင်, တစဉ်ပါ သွားစဉ်မြေးဆက်လိုက်ဆိုသလို ဆုံးမရခြင်းဖြစ်တယ်၊ သံဃာတော် ဖြစ်မယ်ဆိုလို့ရှိယင် ဒကာ, ဒကာမတွေဆုံးမဘို့၊ ကျောင်းဆရာဖြစ်

မယ်ဆိုယင်- တပည့်သားမြေးများဆုံးမဘို့၊ အိမ်မှာ-မအေ-မိဘဖြစ်မယ်ဆိုယင်- သားသမီးတွေ သွေးသားတွေ ညီအကို မောင်နှမတွေဒါတွေလဲ သတိပေးဘို့၊ ရပ်ရွာမှာ လူကြီးလူကောင်း ခေါင်းဆောင်ဖြစ်မယ်ဆိုယင် လူထုတွေသတိပေးဘို့-လို့၊ အများတကာရှိသေလေးစားဘို့ ဦးပဥ္စင်းဆုံးမခြင်းဖြစ်တယ်၊ မှတ်မိကြပလား-(မှတ်မိ ပါပြီဘုရား) အဲဒါ- ရိုးရိုးဝတ်ချဒါခေါ်တယ်။

အမွန်းတင် ဝတ်ချနည်းပြောမယ်၊ အမွန်းတင် ဝတ်ချနည်း-ဆိုဒါက ဝိပဿနာ-အမှတ်ပါရတယ်။

ကဲ- ဝတ်ချတော့မယ်ဆိုယင် မျက်လုံးတော့ မှိတ်ထားနော်-(မှန်ပါဘုရား) စိတ်တော့ ရင်ထဲမှာထား၊ ပေါ်လေးတွေမမှတ်ဘူးလား- (မှတ်ပါတယ် ဘုရား။)

ကဲ-ဝတ်ချတော့မယ် လက်ကိုကြည့်-လက်ကိုကြည့်-လက်အုပ်ချီထားတော့ လက်က ကွေးမသွားဘူးလား-(ကွေးသွားပါတယ် ဘုရား) ဝတ်ချလိုက်တော့၊လက်က မဆန့်ဘူးလား- (ဆန့်ပါတယ် ဘုရား) နောက်- ကိုယ်ကြီးလိုက်လာမယ်ဆိုယင် လက်ကို ပြန်မကွေးသွားဘူးလား- (ကွေးသွားပါတယ်ဘုရား) အဲဒါ-ဝတ်ချဒါ ကွေးယင်း ဆန့်ခြင်းထဲက ပါအောင်ယူနော် (မှန်ပါဘုရား။)

(ကွေးခြင်းအစ, ဆန့်ခြင်းအလယ်, ကွေးခြင်းအဆုံး,

**ဆောင်။** (ဝတ်ချတဲ့ အင်္ဂါသုံး။

ဟော- သုံးပါးလာရတယ်၊ ဒါဖြင့်-လက်ကို အယင်သွားမယ်ဆိုယင်-လက်ထဲစိတ်ဖြန့်၊ ပေါ်ဒါမှတ်၍၊ဖြည်းဖြည်း,ဖြည်းဖြည်းလက်

ကိုအယင်သွား၊ ကိုယ်ကြီးနောက်က လိုက်လာဆိုယင်ကိုယ်ကြီးထဲ ထဲစိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြည်းဖြည်း,ဖြည်းဖြည်းကိုယ်ကြီးလိုက် ပြီးလာ၊ ဝတ်ချတော့ ကုန်းမထားဘူးလား- (ကုန်းထားပါတယ် ဘုရား) စိတ်ရင်မှာထား-ပေါ်ဒါမှတ်ပြီးတော့ ကုန်းနေ၊အလကား သက်သက် မနေရဘူး၊ ပြန်ထတော့,ပြန်ထလဲ ခုနအတိုင်းဘဲ။

**ဆောင်။** (ကွေးခြင်း အစ- ဆန့်ခြင်းအလယ်- ကွေးခြင်းအဆုံး- (ပြန်ထတဲ့ အင်္ဂါ သုံး။

ကဲ- ပြန်ထ-တော့မယ်ဆိုယင် စိတ်သည် ရင်ထဲက ပေါ်ဒါမှတ် ၍ ဖြည်းဖြည်း,ဖြည်းဖြည်း ပြန်ထနော်၊ ထပြီးယင်ချက်ခြင်းပြန်ပြီး တော့ မကုန်းနဲ့- ဝတ်မချနဲ့- ပေါ်ဒါမှတ်ပြီးနေအုံးနော်- (မှန်ပါ ဘုရား။)

နောက်- သလိုဘဲ ဖြည်းဖြည်း,ဖြည်းဖြည်းဝတ်ချ၊ ဖြည်းဖြည်း, ဖြည်းဖြည်းပြန်ထ၊ ဖြည်းဖြည်း,ဖြည်းဖြည်း ပြန်ထိုင်နော်၊ အမှတ်နဲ့ သာနေကြ၊ ဗြုန်းကနဲ မလုပ်ရဘူး၊ ကိုယ့်နေရာမှာ ကိုယ်ဝတ်ချမယ် ဆိုယင်၊ အလေ့အထလုပ်ထား၊ဘုရားရှိခိုးမယ်ဆိုယင် အလေ့ အ ထလုပ်ထား၊ ဝတ်တခါချယင် ငါးမိနစ် ကြာပစေ၊ သုံးခါဆိုတော့ ဆယ့်ငါးမိနစ် အလေ့အထ- လုပ်ထားမယ် ဆိုယင်၊ ထိုင်ထိုင်ခြင်း ကိုယ်ထဲဖြစ်ပျက်မြင်၊ ဝတ်ချယင်လဲဖြစ်ပျက်မြင်၊ ပြန်ထယင်လဲဖြစ် ပျက်မြင်။

နောက်တော့၊ဖြစ်ပျက်နဲ့ထိုင်တယ်၊ ဖြစ်ပျက်နဲ့ ကုန်းတယ်၊ ဖြစ် ပျက်နဲ့ ဝတ်ချတယ်လို့ ခန္ဓာကိုယ်က ပြောလိမ့်မယ်၊ ဘာမှ အထင်

တွေလုပ်မနေရဘူး၊ စာတွေဒီမှာ သင်းမနေရဘူး၊ သူ့ဟာသူခန္ဓာ ထဲကမြင်ပြီးတော့ စာမတတ်တဲ့ ပုဂ္ဂိုလ်တောင်ပြောတတ်လိမ့်မယ် သဘောကျပလား- (ကျပါတယ် ဘုရား) သေချာ မှတ်ထားကြ အဲဒါ-အမှန်းတင် ဝတ်ချနည်းဘဲ။

ဤကဲ့သို့ အမှန်းတင် ဝတ်ချမယ်ဆိုယင်၊ အတိ-ဂါရဝ- အလွန် လည်းရှိသေထိုက်ပါပြီ၊အလွန်လည်းနှိမ်ချထိုက်ပါပြီ-လို့ ဆိုလိုသည်၊ အဲဒါနည်းလေး မှတ်ထားကြ။

ဆရာတော်ကြီးဟာ ဆိုင်ရာ, ဆိုင်ရာ ပါဝင်ဒါတော့ အကုန် ဆုံးမဒါဘဲ၊ ယခုလို ဟောရေး- ပြောရေးကြုံလာယင် ဆရာသမား ကြီး တယ်-သတိရတယ်၊နည်းဆိုဒါရခဲ့တယ်၊ တချို့ဒီလိုဆုံးမနည်း မရယင် ယောဂီပင် ဖြစ်သော်လဲ တချို့ဝတ်မချတတ်ဘူး။

ထိခြင်းငါးပါးနေပါစေအုံး၊ ဝတ်ချလိုက်တဲ့အခါမှာ အမှတ် ပါချင်မှ ပါမယ်၊ ဒီမှာအမှတ်မလွတ်ရဘူး၊ အဲဒါ သိတ်ကောင်းဒါ ဘဲ၊ ဘာဖြစ်လို့ ကောင်းသလဲ မေးမယ်ဆိုယင် ဝတ်ချတဲ့ပုဂ္ဂိုလ် ဟာ အလွန်ရှိသေတယ်၊ အလွန် ရှိသေပြီ ဆိုယင် ဝတ်ချခံရသော ဆရာသမားနဲ့ လူကြီးသူကြီးတို့ကလဲ ရှိသေလာတယ်။

ဘာကြောင့်လဲ-ဂုဏ်ရှိမှ ရှိခိုးခံထိုက်တယ်နော်- (ဂုဏာဝါ ပဏာ မာရဟော)လို့သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်,ရှိမှ ရှိခိုးခံထိုက် တယ်၊ ဒကာ,ဒကာမက ရှိသေပြီဆိုယင် ရှိခိုးခံရသော ပုဂ္ဂိုလ်က သီလလေး-သမာဓိလေး-ပညာလေး-ဆင်ခြင်ရတယ်၊ ရှိခိုးခံထိုက်မှ လိုချင်-တဲ့အကျိုးပြီးတယ်နော်-(မှန်ပါ ဘုရား။)

ပဏ္ဏာမာရပဟော ပဏ္ဏာမေကတော သတိယထိစ္ဆိတ သိဒ္ဓိဟောတိ၊ မူလ ဋီကာလာတဲ့အတိုင်း၊ ဂုဏ်ရှိမှ ရှိခိုးခံထိုက်တယ်၊ ရှိခိုးခံထိုက်သော ပုဂ္ဂိုလ်အား ရှိခိုးကြမှ လိုချင်သော အကျိုးပြီးတယ်-လို့လာတယ်၊ သဘောကျပလား- (ကျပါတယ်ဘုရား။)

ဒါကြောင့်-ပေါ့ပေါ့ဆဆ ရှိမခိုးနဲ့နော်- (မှန်ပါ ဘုရား) ရှိမခိုးရသေးဘူး၊ လက်အုပ်မှ မချီရသေးဘူး စကားပြော ပြီးတော့ ရှိခိုးဒါ ရှိသေးတယ်၊ အင်မတန်ပေါ့ပါတယ်၊ ရှိခိုးခံရသော ဆရာသမားနဲ့ လူကြီးတို့က စကားလှမ်းပြောသော်လဲ ကိုယ်ကမပြောနဲ့ သုံးကြိမ် စိအောင် ဂါရဝ သက်သက်ဖြစ်စေ၊ သို့မဟုတ် အတိဂါရဝ ဆိုတဲ့ ဝိပဿနာ အမှတ်နဲ့ ဖြစ်စေ၊ ရိုသေလေးစားပြီး ရှိခိုးကြပါ၊ ဝတ်ချကြပါလို့ ဆိုလိုသည်၊ အားလုံး ရှင်းပလား၊ (ရှင်းပါပြီ ဘုရား။)

ကွေးတတ် ဆန့်တတ်ပလား၊ (တတ်ပါပြီဘုရား) လက်အုပ်ချီတတ် ဝတ်ချတတ်ပလား၊ (တတ်ပါပြီ ဘုရား) တတ်ပါပြီ တတ်ပါတယ်-တတ်ပါတယ်ဆိုဒါ ဘာပြောဒါလဲ၊ ဉာဏ်မြင်နော် (မှန်ပါဘုရား) ဉာဏ်မြင်ဆိုဒါပေါ် ဒါငါးမျိုးမှတ်ဒါနော်-(မှန်ပါဘုရား) သဘောကျပလား (ကျပါပြီ ဘုရား) သေချာမှတ်ကြ။

**သာဓကပြနည်းယူကြ။**

ခရေစေ့တွင်းကျ အဘိုးစရာ လိုက်နာစရာဝတ္ထုကြောင်းကလေး၊ ဆရာသည် တပည့်တို့ကို ဆုံးမပြီးတော့ နေတဲ့အခိုက်မှာ ပဥ္စမ လက်ခလေးက ဆန့်ထားတယ်၊ မြန်မြန်အမှတ်မပါဘဲနဲ့ ကွေးမိတယ်၊ ကွေးမိမှန်းသိတဲ့အခါ မှာ သူ့နေရာသူ မြန်မြန်၊ ပြန်ဆန့်ထားပြန်တယ်။

နောက်တခါ ဖြည်းဖြည်း,ဖြည်းဖြည်း အမှတ်နဲ့ ပြန်ပြီးတော့ ကွေးဒါကို တပည့်တွေမြင်တော့ ဒို့ဆရာ တယ်ထူးတယ်ဟေ့ မြန်မြန်ဆန့် မြန်မြန် ပြန်ပြီးတော့ကွေး၊ နောက်တခါ ဖြည်းဖြည်း, ဖြည်းဖြည်းဆန့် ဖြည်းဖြည်း,ဖြည်းဖြည်း ပြန်ပြီးတော့ကွေးဒါ သိရအောင်ဆိုတဲ့ သဘောမျိုးနဲ့ လျှောက်ထား လိုက်သော အခါဝယ်....။

ဆရာက- တပည့်တို့,တပည့်တို့ ငါသည် ဘယ်အခါမှ အမှတ်လွတ်ပြီး မကွေးခဲ့ဘူးပါဘူး၊ ယခုသင်တပည့်တို့ကို ဆုံးမပြီးတော့ နေတဲ့အခိုက် အမှတ်လွတ်ပြီးတော့ ကွေးမိတယ်၊ ကွေးမိမှန်း သိတဲ့အခါ သူ့နေရာသူ မြန်မြန်ပြန်ထား၍၊ အမှတ်နဲ့ ဖြည်းဖြည်း,ဖြည်းဖြည်းပြန်ကွေးလိုက်တယ် ငါ့ရှင်တို့-လို့ ပြောလိုက်တဲ့အခါမှာ....။

တပည့်တို့က ကောင်းချီးသြဘာ ထောမနာ ပေးပြီးတဲ့နောက် အရှင်ဘုရား ရဟန်းတော်တို့ဆိုဒါ ဤလိုကမ္မဋ္ဌာန်း လက်မလွတ်ပါဘဲနဲ့ အမြဲတန်းဖြစ်သင့် ဖြစ်ထိုက်ပါတယ်ဘုရားလို့ လျှောက် ကြပါသတဲ့၊ ရဟန်းတော်ဆိုယင် ကမ္မဋ္ဌာန်း လက် မလွတ် ပါဘဲနဲ့ ရဟန်းတော်တိုင်း ကမ္မဋ္ဌာန်းရှိသင့် ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ဘဲ။

ဒါကြောင့်, သင်, ရ ဟန်း, လူ ရှင်, ယောဂီ သူ တော် စင်အပေါင်းတို့မှာလဲဘဲ ကွေးခြင်း,ဆန့်ခြင်း, အ မှတ် လွတ် ခဲ့သော်၊ ဘယ်ဘက်ဘေးစောင်း, ညာ ဘက် ဘေး စောင်း, အ မှတ် လွတ် ခဲ့

(၁၄)

သော်၊ လက်အုပ်ချီခြင်း, ဝတ်ချခြင်း, အမှတ်လွတ်ခဲ့သော်၊ သူ့နေရာသူပြန်ထား၊ အမှတ်နဲ့ ပြန်ပြန်, ပြန်ပြန်ပြီးတော့ ပြုလုပ်ဘို့ရာ သတိပေးလိုက်ပါသည်....။

ဤကဲ့သို့ ကွေးခြင်း, ဆန့်ခြင်း, စသည်နှင့် ပတ်သက်၍ အားထုတ်ပုံအလုပ်ပေးတရားပြသလိုက်တာကို နည်းရ၍ ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ်သာဓု တဖန်ခေါ်နိုင်ကြပါစေကုန်သတည်း....။

(သာဓု....သာဓု....သာဓု....)

**ကြည့်ပုံမျိုးစုံ ဝိပဿနာ အားထုတ်ပုံ။**

"အာလောကိတေ- ဝိလောကိတေ- သမ္ပဇာနကာရီ ဟောတိ" ပါဠိတော်။
တည့်တည့်ကြည့်လဲသိ- စောင်းကြည့်လဲသိ-ဗမာပြန်-တဲ့-။

ဒီနေရာမှာ (နိတတ္တ)ရော- (နေယျတ္တ) ပါ မျက်စိနဲ့ ပတ်သက်၍ ကုန်စင်အောင် ပြောမယ်။

မျက်စိ- ဖွင့်ချီ- မှိတ်ချီ- တည့်တည့်ကြည့်- ငုံ့ကြည့်- စောင်းကြည့်- မော်ကြည့်- နောက်ပြန်ကြည့်ဆိုဒါ မျက်မြင်တွေပါ၊မျက်မြင်တွေ မှန်သမျှ မမှတ်ရပါ- ဉာဏ်မြင်မှသာလျှင် မှတ်ရပါတယ်။

ဉာဏ်မြင်ဆိုယင် စိတ်သည် ရင်ထဲက မျက်လုံးထဲသို့ဖြန့်- သို့မဟုတ်-အပေါ်ပိုင်းသို့ဖြန့်- ပေါ်ဒါမှတ်၍ မျက်လုံးကို ဖြေးဖြေးမှိတ်ပါ- ဖြေးဖြေးဖွင့်ပါ- တည့်တည့်ကြည့်ပါ- စောင်းကြည့်ပါ- မော်ကြည့်ပါ- ငုံ့ကြည့်ပါ- သမင်လည်ပြန် နောက်ပြန် ကြည့်ပါ ဆိုလိုတယ်လို့၊ ဒါကြည့်ပုံကလေး။

ဤကဲ့သို့ အချိုးကျကျကြည့်မယ်ဆိုယင်(ဣန္ဒြိယ သံဝရသီလ) စက္ခုဣန္ဒြေစောင့်စည်းခြင်းနဲ့လဲပြည့်စုံတယ်- အမှတ်လဲ မလွတ်ဘူး၊ ဖြစ်ပျက်တွေလဲမြင်တယ်၊ ကြည့်ရင်း ကြည့်ရင်း မတ္တနဲ့ ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ကြီးကိုလဲ မဂ်ဉာဏ်- ဖိုလ်ဉာဏ်ဖြင့် လှမ်းမြင်နိုင် တယ်လို့ ဆိုဒါယုံကြ၊ ဟောဒါက ကြည့်ပုံကြည့်နည်းလေးဘဲ။

**နည်းယူစရာ။** အတုခိုးစရာ ဝတ္ထုကြောင်းကလေး....။ သီရိမ္မာသောကမင်းကြီးသည် လေသာ ပြူတင်းပေါက်ကို ဖွင့်ကြည့်လိုက်တဲ့ အချိန်မှာ နိဂြောဓသာမဏေ ကလေးကိုမြင်တယ်၊ နိဂြောဓသာမဏေကလေး ကလဲ ခုနစ်နှစ် အရွယ်ခေါင်းရိတ်နေတုန်း- တစပဉ္စက, ကမ္မဋ္ဌာန်းကို ဆရာက ဟောလို့ နာနေတယ်၊ ခေါင်းလဲရိတ်ပြီးရော- သာမဏေလေးလဲ- ရဟန္တာဖြစ်ပြီးသွားပါရော။

ဤကဲ့သို့ ရဟန္တာဖြစ်ပြီးတဲ့နောက်၊ ဆွမ်းခံဝင်တဲ့ အချိန်လေးနဲ့ သီရိမ္မာသောက-မင်းကြီးကြည့်နေတဲ့-အချိန်နဲ့သွားပြီးတော့ဆုံတဲ့ အခါမှာ တယ်- ဣန္ဒြေရတာကိုး၊ ကြည့်ပုံ-ကြည့်နည်းလဲ တယ်- ဣန္ဒြေရ- အချိုးကျ- မျက်စိဖွင့်ပုံ- မျက်စိမှိတ်ပုံ-တည့်တည့်ကြည့် ပုံ- စောင်းကြည့်ပုံ- ငုံ့ကြည့်ပုံလဲ တယ်- ဣန္ဒြေရ၊ လက် ကွေး လက်ဆန့်လဲ တယ်- ဣန္ဒြေရ၊ ခြေထောက်လှမ်းပုံ- မြှောက် ပုံ- ချပုံလဲ အင်မတန် ဣန္ဒြေရ အချိုးကျတယ်။

ဤကဲ့သို့ ဣန္ဒြေရဒါကိုမြင်လိုက်သည်နှင့်တပြိုင်နက် သီရိမ္မာ သောကမင်းကြီးက ဤပုဂ္ဂိုလ် သဏ္ဍာန်မှာ တရားကောင်း ရှိတယ် လို့ ဆုံးဖြတ်လိုက်ပြီ....တဲ့။

ကြည့်စမ်း....ကြည့်ပုံ, ကြည့်နည်း, တယ်-က္ခာတယ်၊ အလွတ်လူတို့၏ ကြည့်ပုံ ကြည့်နည်းက ဗလ္လန္ဒြေမရပါ၊ ယောဂီ အရှင်သူတော်စင်တွေကတော့ တရားလက်မလွတ်ပါဘဲနဲ့ ကြည့်မယ်ဆိုယင် အင်မတန် ဗလ္လန္ဒြေရပါတယ်၊ ဤပုဂ္ဂိုလ် သဏ္ဍာန်မှာ တရားကောင်းရှိတယ်လို့ ဆုံးဖြတ်နိုင်တယ်။

အဲဒါက ဗလ္လန္ဒြေရှင်ကြီးဖြစ်တော့ တရားကောင်း ရှိတယ်လို့ ဆုံးဖြတ်နိုင်ပုံ၊ ဒါက တလမ်း....လို့မှတ်။

စာမှာကတော့ မြင်မြင်ချင်း ချစ်ခင်သတဲ့- ရှေးတုန်းက နိဂြောဓသာမဏေလေးဟာ အစ်ကိုအရင်းတော်တယ်၊ ရှေးဘဝတုန်းက အစ်ကိုအရင်းတော်ခဲ့ဘူးတဲ့ သွေးနီးလို့ ဒီဘဝမှာမြင်မြင်ချင်း ချစ်ခင်ကြပါတယ်....လို့မှတ်။

**ချစ်ခင်ခြင်း နှစ်မျိုး။** မြင်မြင်ချင်း ချစ်ခင်ပုံအကြောင်း နှစ်ပါးရှိတယ်။ ရှေးတုန်းက သွေးနီးခဲ့ဘူးသောကြောင့် မြင်မြင်ချင်း ချစ်ခင်ပုံတခု၊ ဤဘဝမှာ တယောက်အကျိုးတယောက် သည်ပိုး ရှက်ဆောင်လို့ မြင်မြင်ချင်း ချစ်ခင်ကြဒါ တမျိုး....လို့ နှစ်မျိုးရှိတယ်။

ယခု နိဂြောဓသာမဏေလေးကို သီရိဓမ္မာသောက, မင်းကြီး မြင်မြင်ချင်း ချစ်ခင်ဒါက ရှေ့ဘဝတုန်းက အစ်ကိုအရင်း တော်ခဲ့ဘူးတဲ့ သွေးနီးလို့မှတ်။

ဤပုဂ္ဂိုလ်သဏ္ဍာန်မှာ တရားကောင်းရှိတယ်လို့ ဆုံးဖြတ်ထာက ဗလ္လန္ဒြေရှင်ကြီးဖြစ်လို့ ဒီလိုဆုံးဖြတ်တယ်ဆိုဒါမှတ်။

ဒါကြောင့်-သင့်ရဟန်း- လူရှင်-လူ့ယောဂီ သူတော်စင်တို့မှာ လဲဘဲ မျက်စိဖွင့်ပုံ- မှိတ်ပုံ- တည့်တည့်ကြည့်ပုံ- စောင်းကြည့်

ပုံ- ၄ံ ကြည့်ပုံ- မော်ကြည့်ပုံ- သမင်လည်ပြန် နောက်ပြန် ကြည့်ပုံတို့ကို အမှတ်လွတ်ခဲ့သော်- သူ့နေရာသူပြန်ထား- အမှတ်နှင့် ပြန်ပြန်ပြီး ပြုလုပ်ဘို့ရန် သတိပေးလိုက်ပါသည်....။

ဤကဲ့သို ကြည့်ပုံ- ကြည့်နည်း အမျိုးမျိုး အမှတ်မလွတ်ပါဘဲနှင့် ကြည့်ဘို့ရန်ပြသလိုက်ရပါသဖြင့်၊ နည်းရလို့ ဝမ်းမြောက်ခဲ့ပါလျှင် ၃ ကြိမ်တဖန် သာခု အနုမောဒနာ ညီညီ ခေါ်နိုင်ကြပါစေကုန် သတည်း။

(သာဓု....သာဓု....သာဓု....)

**စကားပြော-မပြော ဝိပဿနာလုပ်ငန်း သဘော။**

"ဘာသိတေ တုဏှိ ဘာဝေ သမ္ပဇာနကာရီ ဟောတိ" ပါဠိတော်။ စကားပြောလဲသိ၊ မပြောဘဲ ဆိတ်ဆိတ် နေလဲသိ....လို့ ဗမာပြန်ထား။

စကားပြောဒါ- ဆိတ်ဆိတ်နေဒါ- မျက်မြင်ခေါ်တယ်၊ မျက်မြင်ဆိုယင် မမှတ်ရပါ၊ ဉာဏ်မြင်မှ မှတ်ရတယ်။ ဉာဏ်မြင်ဆိုယင် စကားပြောနေတဲ့ အချိန်လေးမှာ စိတ်ရင်ထဲက အပေါ် ပိုင်းသို့ဖြန့်၊ သို့မဟုတ် တကိုယ်လုံးသို့ဖြန့်၊ ပေါ်ဒါမှတ်ပြီး စကား ပြောကြပါလို့ ဆိုလိုတယ်။

စကားပြောတော့ ပါးစပ်နှင့်ပြောတယ်၊ ပြောဖန် များတော့ မောစရာရှိယင့် ရင်ကမောတယ်၊ အိုက်စပ်စပ်-ချွေးကျစရာရှိယင် တကိုယ်လုံးကဖြစ်တယ်။

ဒါကြောင့်- စကားပြောနေတဲ့ အချိန်ကလေးမှာ တကိုယ်လုံး ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်-ပျက်လိုက် ရှိတယ်ဆိုဒါ- ယုံကြရဲ

လား....(ယုံပါတယ်ဘုရား) ဖြစ်ပျက်ရှိသောကြောင့် စကားပြော တဲ့ အချိန်လေးမှာ စိတ်ရင်ထဲမှာထား- ပေါဒါငါးမျိုး မှတ်ပြီး တော့ ပြောကြပါ၊ မပြောဘဲ ဆိတ်ဆိတ်နေယင်လဲဘဲ ပေါ ဒါ ငါးမျိုးမှတ်ပြီးတော့ နေကြပါလို့ ဆိုလိုတယ်။

စကားပြောယင်လဲ လောကီစကား- တိရစ္ဆာန် စကားတွေ မပြောကြပါနဲ့အုံး၊ တိရစ္ဆာန-ကထာ နသောသူ မှာ စကား မပြောအပ်သေးပါတဲ့၊ မူလပဏ္ဏာသ- အဋ္ဌကထာ။

တိရစ္ဆာန်စကားဆိုဒါ- မဂ်- ဖိုလ်- နိဗ္ဗာန်- ဖ^လာ ကန့်လန့် အန္တရာယ်ဖြစ်နိုင်တဲ့ စကားမျိုးဖြစ်သည်။

ရွာနဲ့စပ်တဲ့စကား၊ နိဂုံးနဲ့စပ်တဲ့စကား၊ မြို့နဲ့စပ်တဲ့စကား၊ မင်း နဲ့ငပ်တဲ့စကား အစရှိသည်တို့ဖြင့် ၃၂,မျိုးရှိတယ်၊ အဲဒီ ၃၂,မျိုးကို တရားနသောသူမှာ ပြောလို့ မတော်သေးဘူး ပြောယင် ဝိတက် တွေ အကြံအစည် အတွေးအတောတွေ များတတ်တယ်၊ များ မယ်ဆိုယင် သမာဓိ ပျက်တတ်တယ်၊ သမာဓိပျက်ယင် ဖြစ်ပျက် မမြင်- ဉာဏ်စဉ်မတက်- မဂ်ဖိုနိဗ္ဗာန် မဝင်နိုင်ပါ၊ ဒါကြောင့်- လောကီစကားဆိုတဲ့ တိရစ္ဆာန်စကားကို မပြောကြပါနဲ့အုံး။

ဒါဖြင့်- စာစကားကော ပြောရမှာလားလို့ဆိုယင်- စာတတ် ယင်- အထင်- ပညတ်တွေ ဖြစ်သောကြောင့် စာစကားလဲ မပြော ကြပါနဲ့အုံး။

တချို့-တချို့ ပြောတတ်တယ်၊ စာမတတ်ထာ ကောင်းတယ်၊ စာတတ်ယင် နောက်ကျတယ်၊ စာမတတ်တော့ အလျင်အမြန် ပေါက်တယ်လို့ ပြောကြတယ်။ အဲသလို နေရာတိုင်း- လျှံ ဒါ ထင်တော့ မမှတ်နဲ့။

စာတတ်သော သူပင် ဖြစ်စေကာမူ စာနဲ့ ကိုက်ခြင်း- တွေးတောခြင်း- ကြံစည်ခြင်း မပြုလုပ်မူ၍၊ ဆရာ ပြောတဲ့ အတိုင်း စောက်ချပြီး ယုံယုံ-ကြည်ကြည်နဲ့ အားထုတ်ယင်၊ စာတတ်မှ သာ ကောင်းတယ်။

တရားအားထုတ်လိုက်တော့-များသော လမ်း့တလမ်း-မှန်သော လမ်း့တလမ်း- နှစ်လမ်းတွေ့တတ်တယ်၊ စာတတ်သော ပုဂ္ဂိုလ်က ဒါက-များသော လမ်းဘဲလို့....သိပြီး၊ မှန်သောလမ်းကို လိုက်မယ် ဆိုယင် အလျင်အမြန် ပေါက်တတ်ဘယ်။

ဒါ့ကြောင့်- စာတတ်သော ပုဂ္ဂိုလ်တို့မှာ စောက်ချပြီးတော့ အားထုတ်ရအောင်- စာစကားတွေလဲဘဲ မပြောကြပါနဲ့အုံး။

ကမ္မဋ္ဌာန်း စကားကော လို့ – မေးယင် ကမ္မဋ္ဌာန်းစကားပြောတဲ့ အချိန်လေးဟာ ညနေ တရားနာပြီးယင် နာရီဝက်ခလေးဘဲ၊ အဲဒါ- စာရေးချင်လဲ ရေးဘို့၊ တရားနာဒါနဲ့ ပတ်သက်၍ မကွဲလျှင်လဲ ဆွေးနွေးဘို့- ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး မကွဲလျှင်လဲဘဲ ဆွေးနွေး မေးမြန်းဘို့ နာရီဝက်လောက်ခလေးဘဲ၊ အဲဒီ အချိန်ကလေးဘဲ ပြောရမယ်၊ ပြောသော်လဲဘဲ အလွတ် မပြောရဘူး ပေါ်ဒါမှတ်ပြီး ပြောရမယ်လို့ ဆိုလိုသည်....။

ဒါလဲဘဲ အများအားထုတ်တဲ့ နေရာဌာန ဖြစ်သောကြောင့်- တချို့က ကမ္မဋ္ဌာန်း လက်မလွှတ်ပါဘဲနဲ့ အမြဲတန်း အမှတ်ခလေးနဲ့ နေတတ်တယ်၊ သူ့အနားမှာ မပြောနဲ့၊ လွတ် ကျွတ်ရာ တခြားကို ခေါ်သွားပြီး အမှတ်ခလေး မလွှတ်ပါဘဲနဲ့ ဆွေးနွေးပါလို့ ဆိုလိုတယ်။

စကားပြောလဲသိ၊ ဆိတ်ဆိတ်နေလဲသိ၊ ဆိုလိုဒါက မျက်မြင် ခေါ်တယ်၊ မျက်မြင်ဆိုယင် အပြင်ပညတ်- သမုတိသစ္စာနယ် ကဲ....တတန်းသွားပြီ။

ပေါ်ဒါမှတ်ပြီးတော့ ပြောမယ်- ဆိတ်ဆိတ် နေမယ် ဆိုယင် ဉာဏ်မြင်- ဉာဏ်မြင်ဆိုယင် အတွင်းပရမတ်-ပရမတ္ထ သစ္စာနယ် တတန်းသွား။

နောက်က အတိုင်းဘဲ- အတုခိုးစရာ ခရေစေ့တွင်းကျ ဝတ္ထု ကြောင်းကလေး။

**လိုက်နာစရာ ဝတ္ထုပါ။**

ဂင်္ဂါ မြစ် ကမ်း မှာ နေ တဲ့- တိဿမထေရ်တပါး ၃,နှစ်တိုင်တိုင် တရား အားထုတ်ပြီးတော့ သွား- ရဟန္တာဖြစ်ပြီး နောက်ကြောင်းပြန် စဉ်းစား လိုက်တော့....။

ဩော်....ငါသည်- ရဟန္တာတော့ ဖြစ်ပြီ.... သုံးနှစ် တိုင်တိုင် အားထုတ်ခဲ့ဒါ- ဘယ်လိုများ အားထုတ် ခဲ့သလဲ....လို့, နောက် ကြောင်း ပြန်ပြောင်းပြီးတော့ ကြည့်လိုက်တဲ့ အခါ- ပဌမ-တနှစ် တဝါ- စကားတခွန်းမှ မပြောခဲ့ဘူး၊ ဒုတိယ တနှစ် တဝါကျ တော့ ဆွမ်းလောင်းတဲ့ ဒကာမ တယောက်က အကြံ ပေါက် တယ်၊ ဒီမထေရ်ဟာ- ဆွမ်းခံဝင်တိုင်း- ဝင်တိုင်း ဘယ်သူနဲ့မှ စကားမပြောဒါ- မပြောချင်လို့ မပြောဒါလား- အ,နေလို့ မပြောဒါလား- သိရအောင် စမ်းအုံးမှဘဲလို့- နွားနို့တခွက် ယူ လာပြီး လောင်းမယ်လို့ ပြလိုက်တော့-လက်ကာတယ်၊ မလောင်း နဲ့ဆိုတဲ့ သဘောမျိုးနဲ့ လက်ကာပြတယ်၊ မရဘူး- အတင်း ဇွတ်

လောင်းတဲ့ အခါကျတော့ မပြောချင်-ပြောချင်နဲ့- "အလံ-ဘဂိနီ" ပါဠိလို တော်တော့ နှစ်မလို့- ဗမာလို ပြောလိုက်တယ်။

အရိယာတို့မည်သည်မှာ မာတုဂါမများကို ပါဠိလို ဘဂိနီ- မြန်မာလို့,နှမ,အရိယာဝေါဟာရခေါ်တယ်။

တတိယ-တနှစ်တခါကျတော့, စကားတခွန်းမှ မပြောဘူး၊ ဪ.... သုံးနှစ်တိုင်တိုင် တရားအားထုတ်ပြီးတော့ လာလိုက်ထာ၊ဆန့်ကျင်ဘက်ဖြစ်သော ဒကာမတယောက် ပေါ်ပေါက် လာသည့်အတွက်ကြောင့် တခွန်းသောစကားကို ပြောမိတယ်၊ တကယ်၍များ, ဆန့်ကျင်ဘက် ဒကာမ, တယောက် မပေါ် ပေါက်ဘူးဆိုဟင် သုံးနှစ်တိုင်တိုင် စကားတခွန်းမှ မပြောဘဲနဲ့ အားထုတ်ခဲ့မှာဘဲ....လို့, ကိုယ်အားထုတ်ပုံ, အားထုတ်နည်းတွေ ကို မြင်တော့ အင်မတန်ဝမ်းသာပြီး, စိတ်ထဲမှာ ဝမ်းသာရုံတင် မက ပါးစပ်ထဲဝေလျှံပြီး-ဥဒါန်းကျူးသတဲ့, ဝမ်းမြောက်သော စကားများကို ပြောဆိုသတဲ့။

ဒွိန္နံ အန္တရ ဝဿာနံ ဧကာဝါစာ မေဘာသိတာ၊

တတိယံ အန္တရဝဿမှိ တမောခန္ဓော ပဓါလိတော။

ဘောခန္တော- အို.... လူရော-နတ်ပါ- သတ္တဝါ အပေါင်းတို့၊ ဒိန္နံ အန္တရ ဝဿာနံ-နှစ်နှစ်,နှစ်ဝါတို့၏ အတွင်း၌၊ ဧကာဝါစာ- အလံဘဂိနီ, တော်တော့နှမဆိုတဲ့ စကားတခွန်းကို၊ မေ- ဂင်္ဂါမြစ် ကမ်းမှာနေတဲ့- တိဿမထေရ်ဆိုတဲ့ ငါသည်၊ ဘာသိတာ- နွားနို့ ကိုအတင်း ဇွတ်လောင်းတဲ့ ဒကာမတယောက် အတွက်ကြောင့်

မပြောချင်, ပြောချင်နဲ့ ပြောဆိုမိအပ်ခဲ့မိပါပြီ၊ တတိယံ အန္တရ ဝဿမ္ပိ- သုံးနှစ် သုံးဝါတို့၏ အတွင်း၌၊ တမောခန္ဓော- အဝိဇ္ဇာ လုံးဆိုတဲ့ အမိုက်တုံးကိုပဓါလိတော- မဂ်လေးတန်ဖြင့် မကြေ, ကြေအောင် ထုချေဖျက်ဆီးအပ်လိုက်လေပြီတကား....။

(သာဓု....သာဓု....သာဓု....)

ဒါကြောင့်.... သင်ရဟန်းလူရှင်,ယောဂီသူတော်စင် အပေါင်း တို့မှာလဲ စကားပြောဒါလေးတွေ ဆင်ခြင်ရတယ်။

ဆောင် (အအိပ်,အစား,စကားများ နည်းပါးကြစေရာ)

တရားဘက်လိုက်စားတယ်ဆိုယင် အအိပ်လဲ နည်းရမယ်၊ အစားအသောက်လဲ သူ့အချိန်အခါနဲ့ စားရ၊ အစားလဲနဲရ စကား ပြောဒါလဲနဲရ၊ နဲနိုင်သမျှနဲမယ်ဆိုယင် သာ၍ကောင်း ခြင်းဘဲ။

ဒါကြောင့်(၁၀)ရက် အတွင်း ကလေး မှာ စောင့် စည်း နိုင် သလောက် စောင့်စည်းပြီး စကားမပြောပါဘဲနဲ့ တိတ်တိတ်, ငြိမ်ငြိမ်, သက်သက် လ္ခြေကလေးနဲ့-စိတ်သည် ရင်ထဲမှာထားပြီး, ပေါ်ဒါငါးမျိုးကိုသာ အမြဲတန်းမှတ်ပြီး နေကြပါလို့ သတိ ပေးလိုက်ပါသည်....။

ဤကဲ့သို့ စကားပြောခြင်း၊ ဆိတ်ဆိတ်နေခြင်းနှင့်ပတ်သက်၍ အလုပ်ပေးတရားပြသလိုက်ထာကို နည်းရ၍ ဝမ်းမြောက် ဝမ်း သာများရှိခဲ့ပါလျှင် သုံးကြိမ်သာဓုတေဖန်ခေါ်နိုင်ကြပါ စေကုန် သတည်း။

(သာဓု....သာဓု....သာဓု....)

**အိပ်၊နိုး၊ ၂, မြာ ဝိပဿနာ လုပ်ပုံမှာ**

"သု တွေ့ ဇာ ဂ ရိတေ သမ္ဗဇာန ကာ ရီ ဟောတိ" ပါဠိတော်။

အိပ်ပျော်ယင်လဲသိ၊နိုးယင်လဲသိ ဗမာပြန်။

အိပ်ပျော်တယ်, နိုးတယ်ဆိုဒါ မျက်မြင်တွေ့ဘဲ မမှတ်ရဘူး၊ ဉာဏ်မြင်မှ မှတ်ရတယ်၊ အိပ်ပျော်ယင် ဘဝင်စိတ်နဲ့ အိပ်ရတယ်၊ ဘဝင်စိတ်ဆိုယင် ဝိပါက်စိတ်၊ ဝိပါက်- ဘဝင်စိတ်ဆိုယင် ဝိပဿနာစိတ်မရှိပါ။

ဘဝင်စိတ်ဆိုယင် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ဆိုတဲ့ နိမိတ်သုံးပါး တပါးပါးသာမြင်နေရတယ်၊ ခန္ဓာကိုယ်မှာ ပေါ်ဒါကို မမြင်ရဘူး။

ဒါကြောင့် အိပ်ပျော်ယင်လဲသိဆိုတဲ့ အဓိပ္ပါယ်က တရားကို လုံးလုံးမမြင်တဲ့ပုဂ္ဂိုလ်တမျိုး, မြင်တဲ့ ပုဂ္ဂိုလ်တမျိုးလို့ နှစ်မျိုးရှိတယ်။

**တရားမမြင်သူ အိပ်ပုံအိပ်နည်း။**

တရားကို လုံးလုံးမမြင်တဲ့ ပုဂ္ဂိုလ်အတွက်ပြောမယ်၊ အိပ်မပျော်သေးခင်လဲ ကိုယ်ထဲမှာ ဖြစ်ပျက် မမြင်ပါဘူး၊ အိပ်ပျော်နေတုန်းလဲ ကိုယ်ထဲမှာ ဖြစ်ပျက် မမြင်ဘူး၊ အိပ်ရာကနိုးရင်လဲ ကိုယ်ထဲမှာဖြစ်ပျက်မမြင်ဘူး၊ ရှေ့လဲမမြင်-နောက်လဲ မမြင်,မမြင်သော်လဲ ဆရာသမားစကားကို ယုံကြည်သောအားဖြင့် ဖြစ်ပျက်တွေနဲ့ အိပ်နေပါတကာဘး လို့ -နိုးတိုင်း-နိုးတိုင်း- ဆင်ခြင်လိုက်ပါ၊ ဒါက တရားမမြင်သူအတွက်။

**တရားမြင်သူ အိပ်ပုံအိပ်နည်း။**

မြင်သူအတွက် ပြောမယ်၊ အိပ်မပျော်သေးခင် ကိုယ်ထဲမှာ ဖြစ်ပျက်တွေ တရေးရေး မြင်နေတယ်၊ မြင်ရင်း- မတ္တာနဲ့ အိပ်ပျော်သွားတယ်၊ အိပ်ပျော်နေတုန်း ဖြစ်ပျက်မမြင်တော့ဘူး၊ မမြင်သော်လဲ အိပ်ရာက နိုးမယ်ဆိုယင် ဖြစ်ပျက် မြင်တယ်၊ အဝင်နဲ့ အထွက်နဲ့ ညှပ်နေတယ်၊ အဝင်နဲ့- အထွက်နဲ့ ညှပ်နေယင် အိပ်ပျော်နေတုန်း ဖြစ်ပျက်မမြင်သော်လဲဘဲ ဖြစ်ပျက်တွေနဲ့- အိပ်နေပါတကား....လို့ ဆုံးဖြတ်ထာ- အိပ် ပျော် ရင်း သိ-လို့ ဆို လို တယ်။

( မိ ဂ ပ ဒ, ဝဋ္ဋ ဥဒ နည်း ) သမင်တကောင်သည် ကျောက်ဖျာပေါ် ဖြတ်ပြေးတဲ့ အခါမှာ တက်ခြေရာ တခုထင်တယ်၊ ဆင်းခြေရာတခုထင်တယ်၊ တက်ခြေရာ- ဆင်းခြေရာ နှစ်ခုကို မြင်လိုက်ပါသဖြင့် သမင်၏ခြေရာသည် ကျောက်ဖျာပေါ်မှာမထင်သော်လဲ ကျောက်ဖျာပေါ် သမင်ဖြတ်ပြေးတယ်လို့- ဆုံးဖြတ်လိုက်သလို....။

ထို့အတူပါဘဲ....တက်ခြေရာကို မြင်ဒါနဲ့- အိပ်မပျော်သေးခင် ဖြစ်ပျက်- မြင်ဒါနဲ့ တူပါတယ်။

ဆင်းခြေရာကို မြင်ဒါနဲ့ အိပ်ရာကနိုးယင်- ဖြစ်ပျက်မြင်ဒါနဲ့ တူပါတယ်။

သမင်၏ ခြေရာသည် ကျောက်ဖျာပေါ်မှာ ခြေရာ မထင်သော်လဲ ဖြတ်ပေးတယ်လို့ ဆုံးဖြတ်နိုင်ဒါနဲ့ -အိပ်ပျော်နေတုန်း ဖြစ်ပျက်မမြင်သော်လဲဘဲ ဖြစ်ပျက်တွေနဲ့ အိပ်နေပါတကားလို့ ဆုံးဖြတ်လိုက်ထာနဲ့ တူပါတယ်-လို့ ရှင်းရှင်းလေးမှတ်၊ အဲဒါ- အိပ်ပျော်ယင်း သိပုံ-ဘဲ။

နိုးတဲ့အခါမှာလဲဘဲ စိတ်သည် ရင်ထဲမှာထား၊ ပေါ်ဒါ ငါး မျိုးမှတ်ပြီးတော့ နေကြပါလို့ ဆိုလိုတယ်။

**စကားချုပ်။** တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဆိုတော့ အအိပ်- အနေ အတော်နည်းရတယ်၊ ထိနမိဒ္ဓ, ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း, ဝေခြင်း....ဆိုဒါ- မာရ် နတ်မင်း၏ စစ်သည် ပဥ္စမ တပ်ခေါ်တယ်။

တရားအားထုတ်ယင် ငိုက်တတ်တယ်၊ သန်းတတ်တယ်၊ ပျင်းတတ်တယ်၊ အိပ်ပျော်ပြီးတော့ သွားတတ်တယ်၊ ဒီစစ်တပ်ကို နိုင်အောင်ထိန်းရတယ်၊ အမှတ်တော်တော်လေးနာပြီးတော့ သွားယင် ဒီစစ်တပ်လွတ်တယ် ခေါ်တယ်။

ဒါကြောင့်- ငိုက်ခြင်း၊ သန်းခြင်း၊ ပျင်းခြင်း၊ ဝေခြင်း....ဆိုတဲ့ ဒီစစ်တပ်ကို နိုင်အောင် ကြိုးစားပြီး ဇွဲသန်သန်နဲ့ အိပ်ခြင်း, ငိုက်ခြင်း, သန်းခြင်းတို့ကို ဖျောက်ပါ။

မျက်စိဖွင့်- ဘယ်,ညာတစောင်းပြောင်း၊ ထ,လမ်းလျှောက် မျက်နှာသစ်,ချဉ်သီးစသည် စားပေးလိုက်၊အင်မတန် အအိပ်နည်း ပြီးအားထုတ်တဲ့ ပုဂ္ဂိုလ်များကိုလဲ အားကျပေးလိုက် ရှင်းသွားပ လား၊ (ရှင်းပါပြီ ဘုရား။)

ဒါက- သုတ္တေ-ဆိုတဲ့ ပါဠိတော်အရ ဆုံးမလိုက်ထာ၊အိပ်ပျော် နေရင်းတောင်-ဝိပဿနာမှတ်စိတ် မရှိသေ်လဲဘဲ- နိုးလာတဲ့ အခါ မှာ ဆင်ခြင်လိုက်ပါလို့ ဆိုလိုက်ပါသဖြင့် ဝိပဿနာ အားမထုတ်ရ တဲ့ အချိန်ရယ်လို့ရှိပါသေးသလား (မရှိတော့ပါဘုရား) အိပ်ကော အိပ်တတ်ကြပလား (အိပ်တတ်ပါပြီ ဘုရား) နိုးကော နိုးတတ်ပြီ လား (နိုးတတ်ပါပြီ ဘုရား) အိပ်တတ် နိုးတတ်တယ်ဆိုဒါ မျက်

မြင်ပြောဒါလား- ဉာဏ်မြင်ပြောဒါလား....(ဉာဏ်မြင် ပြောဒါပါ ဘုရား။)

ဉာဏ်မြင် ဆိုလို့ရှိယင် စိတ်ရင်ထဲမှာထား၊ ပေါ်ဒါငါးမျိုးမှတ် နေရပါတယ်၊ ပေါ်ဒါငါးမျိုး မှတ်နေခြင်းသည်၊ အတွင်းဉာဏ်မြင် ပရမတ်ဖြစ်သောကြောင့်မဂ်ဖိုလ်နိဗ္ဗာန်- ဧကန်ရကြတော့မယ် ဆိုဒါ-ဒါကော ယုံကြည်ကြပါရဲ့လား (ယုံကြည်ပါတယ် ဘုရား။)

ဤကဲ့သို့- အိပ်ပုံ,အိပ်နည်း, ဉာဏ်မြင် အလုပ်ပေးတရားပြလိုက် ရတာကို နည်းရလို့-ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ်သာဓု ခေါ်နိုင် ကြပါစေသတည်း....။

(သာဓု....သာဓု....သာဓု....)

**ကိုင်ပုံ ကိုင်နည်း ဝိပဿနာအလုပ်ချည်း။** “သင်္ဃာဋိ ပတ္တ စီဝရ ဓါရဏေသမ္ပဇာ နကာရီဟောတိ” - ပါဠိတော်။

ကိုင်သိ- တိုတိုလေး ဗမာပြန်လိုက်။

ဘာကိုင်ကိုင်အင်္ကျီ,လုံချည်-ဘဲကိုင်ကိုင်၊ သင်္ကန်း,မျက်နှာသုတ် ပုဝါ-စသည်ဘဲ ကိုင်ကိုင်၊ ရေခွက်စသည်ဘဲ-ကိုင်ကိုင်၊ ကိုင်ဒါကိုမ မှတ်ရဘူး၊ အင်္ကျီ,လုံချည်,သင်္ကန်း,မျက်နှာသုတ်ပုဝါ,ရေခွက်,ဒီအ သုံးအဆောင်တွေကိုလဲ မမှတ်ရဘူး။

လက်နဲ့ကိုင်ယင် လက်ထဲသို့စိတ်ဖြန့်၊ ပေါ်ဒါငါးမျိုးမှတ်၍ ကိုင် ကြ၊ ရေချိုးမယ်ဆိုလို့ရှိယင်လဲပေါ်ဒါမှတ်၍ရေခွက်ကိုကိုင်၊ ပေါ် ဒါငါးမျိုး တမျိုးမျိုးမှတ်၍ ရေခပ်၊ ပေါ်ဒါငါးမျိုးမှတ်၍ ရေကို ဖြည်းဖြည်းလောင်း ရေကိုလဲ မမှတ်ရဘူး။

ခန္ဓာကိုယ်ပေါ်မှာ ရေလောင်း ချလိုက်ယင် အေးမသွားဘူး လား (အေးသွားပါတယ် ဘုရား) ရေကအေးဒါလား၊ ဘယ်က

အေးဒါလဲ၊ (အေးဒါက အေးဒါပါဘုရား) ရေဆိုတဲ့ အကြောင်းကိုမထည့်ရဘူး၊ခန္ဓာမှာ ရေစက်ကလေးတွေပြန့်နှံ့သွားတဲ့ နေရာမှန်သမျှ ဖျင်းဖျင်း ဖျင်းဖျင်းနဲ့တွေ့လာလိမ့်မယ်၊ (ဖျင်းသိ ပျောက်သွားဒါ သိ-၂) အဲသလို ဖြစ်ထာသိ ပျက်ထာသိနေယင် ရေချိုးနေရင်း မတ္တနဲ့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မမြင်နိုင် ဘူးလား (မြင်နိုင်ပါတယ် ဘုရား။)

ဒါကြောင့်- ကိုင်ဒါကိုလဲ မမှတ်ရဘူး၊ အသုံးအဆောင်အပြင်ပစ္စည်းတွေကိုလဲမမှတ်ရဘူး၊ အတွင်းဥာဏ်မြင် မှတ်ရတယ်ခေါ်တယ်၊ ဦးပဥ္စင်းတို့ ဆရာတော်ဘုရားကြီးက အတွင်းသမား သက်သက်ဖြစ်တယ်။

ဒါကြောင့်-အတွင်းဥာဏ်မြင် ပေါ်ဒါငါးမျိုးကိုမှတ်ပြီးတော့ အလုပ်လုပ်ကြ၊တံခါးစသည်-မင်းတုံးစသည်-ကိုင်ယင်လဲ ထို့အတူဘဲ၊ တံခါးမင်းတုံးကို မမှတ်ရဘူး၊ လက်နဲ့ကိုင်ယင် လက်ထဲသို့စိတ်ဖြန့်၊ အတွင်းဖြန့်ဖြန့် ပေါ်ဒါမှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်း တံခါးဆီကိုသွားမင်းတုံးစသည်-ကိုင် ပေါ်ဒါမှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်းတံခါးကိုဖွင့်ပါ, ပိတ်ပါလို့ ဆိုလိုသည်၊ အားလုံးရှင်းပလား....(ရှင်းပါပြီ ဘုရား။)

**အတုခိုးစရာ။** အရင့်မကြီး ထိပ်သီး ဖြစ်တော်မူသော ဒို့ဆရာမြတ်စွာဘုရားတောင်မှ ဇေတဝန် ကျောင်းတော်အတွင်းမှ အပြင်ဘက်ကို ထွက်မယ်လို့ တံခါးကိုကိုင်တဲ့ နေရာမှာ သတိသမ္ပဇဉ် လက်မလွှတ်ပါဘဲနဲ့ တံခါးမင်းတုံးကို ကိုင်မယ်လို့ လက်လှမ်းလိုက်သည်နှင့်တပြိုင်နက် တံခါးစောင့်နတ်တွေ မနေနိုင်တော့ဘူး။

လေးသခင်္ချိုနဲ့ ကမ္ဘာတသိန်း သတ္တဝါတို့၏ အကျိုးအငှာ ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးသွယ် သုံးသွယ်သော စရိယ အလုံးစုံသော ဘုရားဖြစ်ကြောင်း မြတ်ဓမ္မတို့ကို ကိုယ်နှင့်အသက် မငဲ့ကွက်ပါဘဲနဲ့ ရက်ရက်ရောရော ပါရမီကို ဖြည့်ကျင့်ပြီးတော့ လာရတဲ့ ပါရမီရှင်ကြီး ဘုန်းရှင်ကြီး ကံရှင်ကြီး သမ္ဘာရှင်ကြီးတဆူ ဖြစ်ပါလျက်နှင့် ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် တံခါးကြီးကို ဖွင့်မယ်ဆိုယင် သင့်ပါမလားဘုရား၊ တော်ပါ့မလားဘုရား၊ မတော်ပါဘူး မဖွင့်ပါနဲ့လို့ မပိတ်ပင်ပါသော်လဲ ပိတ်ပင်သည့်ပမာ မလျှောက်တတ်သော်လဲ လျှောက်တတ်သည့် ပမာ တံခါးကြီးက ကျွိကနဲမြည်ပြီးအလိုလို ပွင့်သွားကြောင်း။

တရားရှင်ကြီးဖြစ်တော့ တံခါးစောင့်နတ်တွေ မနေနိုင်တော့ဘူး၊ အလိုလို ကျွိကနဲမြည်ပြီး ပွင့်သွားရ ရှာတယ်။

ဤကဲ့သို့ အရင့်မကြီး ထိပ်သီးဖြစ်တော်မူသော မြတ်စွာဘုရားသတိသမ္ပဇဉ် မလွတ်ပါဘဲနဲ့ တံခါးကို ဖွင့်ပိတ် ပြုလုပ်သေး ဒါဘဲ၊ ငါတို့- ယောဂီအရှင် သူတော်စင်တွေ မှာကတော့ အမှတ်ဘယ် အခါမှ လွတ်ဘို့ မကောင်းတော့ဘူး၊ နေရာတကာ ကိုင်တဲ့ နေရာမှာ ဖွင့်ပိတ်တဲ့ နေရာမှာ သတိသမ္ပဇဉ် မလွတ်ပါဘဲနဲ့ အမြဲတန်း ပေါ်ဒါမှတ်၍ ဖြည်းဖြည်း,ဖြည်းဖြည်း ဖွင့်ကြ,ပိတ်ကြ, ကိုင်ကြ, ယူငင်ကြ, ဆွဲကြ, ပေးကြ, ကမ်းကြ,ပါလို့- သတိပေးလိုက်ပါသည်။

ဤကဲ့သို့ ကိုင်ခြင်းနှင့် ပတ်သက်၍ အလုပ်ပေးတရား ပြသပုံကို နည်းရ၍ ဝမ်းမြောက် အားတက်ခဲ့ပါလျှင် သုံးကြိမ် တဖန် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

**ကျင်ကြီး, ကျင်ငယ် စွန့်ပုံ ဝိပဿနာလုပ်နည်းစုံ။**

"ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ"-ပါဠိတော်။

ကျင်ကြီးစွန့်လဲသိ, ကျင်ငယ်စွန့်လဲသိ,ဗမာပြန်။ ကျင်ကြီး,ကျင်ငယ်စွန့်တယ် ဆိုဒါ အပြင်မျက်မြင် ပညတ်တွေပါ အတွင်းဉာဏ်မြင် ပရမတ်မှ မှတ်ရတယ်၊ ကျင်ကြီးစွန့်တုန်းကျင်ငယ်စွန့်တုန်း စိတ်ရင်ထဲက တကိုယ်လုံးသို့ဖြန့် ပေါ်ဒါမှတ်၍ကျင့်ကြီး,ကျင်ငယ်စွန့်ကြပါ။

ကျင်ကြီး,ကျင်ငယ် စွန့်တော့ အမေါ်ဂမလေ- အောက်သို့တွန်းချလိုက်သောလေ၊ထိုလေတို့သည်အူကြောင်းထဲမှာ ဖြစ်သောလေဘဲလား၊ သို့မဟုတ် တကိုယ်လုံး ဖိညှပ် တွန်းကန် လိုက်တဲ့ လေဘဲလားလို့ သိရအောင် စိတ်သည် ရင်ထဲက တကိုယ်လုံးသို့ဖြန့် ပေါ်ဒါမှတ်ပြီး ကျင်ကြီး,ကျင်ငယ်စွန့်ကြပါလို့ ဆိုလိုတယ်။

ဤကဲ့သို့ ကျင်ကြီး,ကျင်ငယ်စွန့်တဲ့ နေရာမှာ ပေါ်ဒါမှတ်ပြီး စွန့်ကြတော့မယ်ဆိုယင် ကျင်ကြီး,ကျင်ငယ်စွန့်တုန်း ဖြစ်ပျက်မြင်ဉာဏ်စဉ်တက်၍ ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရလိမ့်မယ်ဆိုဒါ ယုံကြနော် (မှန်ပါဘုရား။)

ကျင်ကြီး, ကျင်ငယ်စွန့်တဲ့ အလုပ်ဟာ ယုတ်ညံ့သော အလုပ်ခေါ်တယ်၊ ယုတ်ညံ့သော အလုပ်တောင် ဝိပဿနာ ပါရတယ် ဆိုလိုက်ပါသဖြင့် အလုပ်မရွေး၊ ဝိပဿနာ အားထုတ် ကောင်းတယ်, အားထုတ်နေရမယ်,အားထုတ်နေကြပါလို့ ဥပဒေတခု သင်တန်း

ာတခု၊ ဘုရား ခွင့် ပြု လိုက် ပါ တယ်၊ ဝိ ပ ဿ နာ အား မထုတ် ကောင်း တဲ့ အ လုပ် ရယ် လို့ မ ရှိ တော့ ဘူး၊ ရှိ သေး သ လား (မရှိပါဘုရား။)

မုဆိုး တံငါ အလုပ်လဲ ဝိပဿနာပါနိုင်တယ်၊ ဇာတ် သ ဘင် အလုပ်လဲ ဝိပဿနာပါနိုင်တယ်။ သူးခိုး- ဓါးပြ- အ လုပ် လဲ ဘဲ ဝိပဿနာ ပ ါနိုင်တယ်၊ ဒီအလုပ်တွေဝိပဿနာနဲ့သာ သင့်တော် ဒါဘဲ၊ ဝိပဿနာပါမယ်ဆိုယင် ဘယ်အလုပ်မျိုးမဆို- မဂ်ဖိုလ်- နိဗ္ဗာန်ရနိုင်ပ ါတယ်၊သဘောကျပလား....(ကျပ ါပြီဘုရား။)

ကျင်ကြီး,ကျင်ငယ်စွန့်တဲ့နေရာသည် အိမ်သာကုဋီဖြစ်၍ ယုတ် ညံ့သော နေရာဖြစ်ပါတယ်၊ ယုတ်ညံ့သော နေရာ မှာတောင် ဝိပဿနာ ပ ါနိုင်တယ်လို့ ဆိုလိုက်ပါသဖြင့် နေရာမရွေးဝိပဿနာ အားထုတ် ကောင်းတယ်၊ အားထုတ်သင့်တယ်၊ အားထုတ် နေကြ ပ ါလို့ ဥပဒေတခု သင်တန်းစာတခု ဘုရားခွင့်ပြုပါတယ်။

ဘယ်နေရာမဆို ဝိပဿနာ အားမထုတ်ကောင်းတဲ့ နေရာ ရယ် လို့မရှိတော့ဘူး၊ အရက်ဆိုင်, ဘုံဆိုင်မှာလဲ အားထုတ်ကောင်းပါ တယ်၊ အင်းတဲ့မှာလဲ အားထုတ်ကောင်းပါတယ်၊ ဇာတ်သဘင် ရုပ် ရှင်ရုံထဲမှာလဲ အားထုတ်ကောင်းပါတယ်၊ အားထုတ် နိုင်ပ ါတယ်၊ နေရာမရွေးရတော့ဘူး။

ကိုယ့်အိမ် ကိုယ့်ရပ်ရွာမှာလဲ အားထုတ်နိုင်ပ ါတယ်၊ ကျောင်း ကန်ဘုရား ရိပ်သာသွားဒါ တောထဲသွားတယ်ဆိုဒါ စိတ်ငြိမ်လွယ် လို့သွားဒါ၊ ကိုယ့်အိမ်မှာလဲ စိတ်ငြိမ်ကြယင် အားထုတ်လို့ ပါရ

တယ်လို့မှတ်ပါ၊ မီးဖိုချောင်ထဲမှာတောင် ထမင်းဟင်း ချက်ရင်းနှင့် အနာဂါမ်တည်ပြီးတော့သွားတဲ့ "ထေရိကာ"ဆိုတဲ့ အမျိုးသမီးလေးလဲ ရှိကြပါသေးတယ်။

ဒါကြောင့်- နေရာမရွေး အလုပ်မရွေး ဝိပဿနာအားထုတ်နိုင်တယ်လို့ဆိုဒါ ဥပဒေတခု၊ သင်တန်းစာတခု ဘုရားရှင်ကိုယ်တော်မြတ် ခွင့်ပြုပါတယ်။

အိမ်သာ ကုဋီထဲမှာတောင် ကျင်ကြီး၊ကျင်ငယ်စွန့်တဲ့အလုပ်ကို ဝိပဿနာပါယင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်တယ် ဆိုပါသဖြင့် ဒါနပယ်စရာမရှိပါ၊ သီလလဲ ပယ်စရာမရှိပါ၊ သမထလဲ ပယ်စရာမရှိပါ၊ ဝိပဿနာနှင့်တွဲယင် အကုန်လုံး မဂ်ဖိုလ်နိဗ္ဗာန်ဆွဲနိုင်တဲ့ အလုပ်ချည်းပါဘဲလို့ဆိုဒါ ရှင်းရှင်းလေးမှတ်ကြပေတော့ အားလုံးသဘောကျပါရဲ့လား (ကျပါတယ် ဘုရား။)

ဤကဲ့သို့ကျင်ကြီး ကျင်ငယ်စွန့်တဲ့နေရာမှာ ဝိပဿနာနဲ့ စွန့်ရတယ်လို့ အလုပ်ပေးတရားပြလိုက်တာကို သိရ၍ ဝမ်းမြောက်ခဲ့ပါလျှင်၊ သုံးကြိမ်တဖန် သာဓု အနုမောဒနာ ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

စားခန်းလေး၊ စားခန်းလေး ကျန်တော့တယ်။

**စားခန်း၊သောက်ခန်း ဝိပဿနာ လုပ်ငန်း။** အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ- ပါဠိတော်။

တိုတိုလေး၊စားယင်လဲ၊သိသောက်ယင်လဲသိ၊ဗမာပြန်။

စားယင် သောက်ယင်လို့ဆိုဒါ မျက်မြင်တွေဘဲ ဥာဏ်မြင်မှ မှတ်ရတယ်။

စားတဲ့အခါမှာ သောက်တဲ့အခါမှာ စိတ်ရင်ထဲကပါးစပ်ထဲသို့ ဖြန့်၊သို့မဟုတ် တကိုယ်လုံးသို့ဖြန့် ပေါ်ဒါငါးမျိုး မှတ်ပြီးတော့ စားကြပါ့၊သောက်ကြပါလို့ ဆိုလိုတယ်။

စားခြင်းအလုပ်ဟာ ကိုင်ခွံ့တဲ့ အလုပ်ကတမျိုး၊ စားခြင်းအလုပ်ကတမျိုး၊ မျိုချခြင်းအလုပ်ကတမျိုးလို့ သုံးမျိုးရှိတယ်။

ကိုင်တယ်ဆိုယင် စိတ်ရင်ထဲက လက်ထဲသို့ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်း ကိုင်ပါ၊ ကိုင်ပြီးတဲ့နောက် ဖြည်းဖြည်း, ဖြည်းဖြည်း ပါးစပ်နားကိုယူခဲ့, ပါးစပ်နား ရောက်တဲ့အခါ ပေါ်ဒါမှတ်ပြီး ဖြည်းဖြည်း,ဖြည်းဖြည်းပါးစပ်ဟာ ခွံ့လိုက်,ငုံထားအုံး လက်ပြန်ချ ပေါ်ဒါမှတ်ပြီးဖြည်းဖြည်း,ဖြည်းဖြည်း လက်ပြန်ချပါ့, လက်ငြိမ်လိုက်၊ ပါးစပ် လှုပ်, ဝါး, ပေါ်ဒါမှတ်ပြီး ဖြည်းဖြည်း, ဖြည်းဖြည်း ဝါးပါ၊မျိုချတဲ့အခါ ပေါ်ဒါမှတ်ပြီးမျိုချပါ့,တလုပ်ပြီးသွားရော။

နောက်တလုပ်လဲ ဒီလိုဘဲ ပေါ်ဒါမှတ်၍ ဖြည်းဖြည်း, ဖြည်းဖြည်းကိုင်ပါ၊ ဖြည်းဖြည်း,ဖြည်းဖြည်းခွံ့ပါ၊ ဖြည်းဖြည်း, ဖြည်းဖြည်းဝါးပါ့,မျိုချပါလို့ ဆိုလိုတယ်။

ထမင်းဘဲစားစား မုန့်ပဲသားရေစာဘဲ စားစား ဒီလိုဘဲစားကြပါ၊ ကွမ်းစားမယ်ဆိုယင် ကိုယ့်နေရာမှာကိုယ်ထိုင်ပြီး ပေါ်ဒါမှတ်ပြီတော့ ကွမ်းယာကြ၊ယာပြီး သိမ်းထားလိုက်အုံး,ပေါ်ဒါမှတ်ပြီး

ကွမ်းယာခွံ့ မျက်လုံးလေးမှိတ်လိုက် ပေါ်ဒါမှတ်ပြီးတော့ ဝါး ပေတော့။

ကွမ်းယာဝါးတယ် ကွမ်းယာစားတယ်ဆိုဒါ မျက်မြင်ပါ၊ ပေါ် ဒါမှတ်နေဒါက ဉာဏ်မြင်ပါလို့ ဆိုလိုတယ်၊ အဲဒါက- ကွမ်းစား ခြင်းဘဲ။

သောက်တဲ့ နေရာမှာလဲ ဟင်းဘဲသောက်- သောက်၊ ရေနွေးဘဲ သောက်သောက်၊ ရေအေးဘဲ သောက် သောက်၊ ကာဖီဘဲ သောက်သောက်၊ လဘက်ရည်ဘဲ သောက်သောက်၊ ဆေးဘဲ သောက်သောက် ပေါ်ဒါမှတ်ပြီးတော့ သောက်ပါ၊ လက်က ကိုင် ခွံ့ယင်လဲ ပေါ်ဒါမှတ်ပြီးတော့ ခွံ့ပါ၊ ပေါ်ဒါ မှတ်ပြီးတော့ မျိုချပါလို့ ဆိုလိုတယ်၊ အားလုံး ရှင်းကြ ပလား၊ (ရှင်းပါပြီ ဘုရား။)

ရှင်းရှင်းပြောယင် လက်နဲ့ ပါးစပ်တို့သည်၊ အမြင်မသန်သေး သော ပုဂ္ဂိုလ်အတွက် လက်က လှုပ်ရှားနေယင် ပါးစပ်ကိုငြိမ်ပါ၊ ပါးစပ်က လှုပ်ရှားနေယင် လက်ကိုငြိမ်ပါ။

တရားအမြင်သန်တဲ့ ပုဂ္ဂိုလ်တွေကြယင် လက်နဲ့ပါးစပ်အတူတူ လှုပ်ရှားခြင်းကို ပြုနိုင်ပါတယ်၊ အမြင်မသန်သေးသော ပုဂ္ဂိုလ် များအတွက် လက်ကလှုပ်ရှားယင် (ပါးစပ်က ငြိမ်ရပါမယ်ဘုရား) ပါးစပ်က လှုပ်ရှားနေယင် (လက်ကငြိမ်ရပါမယ်ဘုရား။)

ဆေး သောက် တဲ့ အ ခါ မီးခြစ် ခြစ်ရင် ပေါ် ဒါ မှတ် ပြီး တော့ခြစ်ပါ၊ ဆေးလိပ်မီးညှိယင် ပေါ်ဒါမှတ်ပြီးတော့ ညှိပါ၊ သိမ်းလိုက်အုံး၊ သိမ်းပြီးတဲ့နောက်ဆေးလိပ်နဲ့တခါရှူယင်ပေါ်ဒါ

မှတ်ပြီးရှုပါ, အထဲမှာအခိုးဝင်သွားယင် ဘယ်လို ဖြစ်တယ်ဆို ဒါ, ပေါ်ဒါမှတ်ပြီးတော့ သောက်ကြပါလို့ ဆိုလိုတယ်။

ဆေးသောက်မယ်ဆိုယင် ကိုယ့် နေရာ ကိုယ် သောက်ပါ အောက်က ပြာလေး တွေ မီးလေးတွေမစင်ရအောင် ခွက်ကလေး နဲ့ခံသောက်ပါ။

ကွမ်း စား တဲ့ ပုဂ္ဂိုလ် လဲ ပေ ပေ ရေ ရေ ဖြစ်အောင် မစား ကြပါနဲ့ ကြမ်းကြားထဲထွေးယင် အောက်က လူမြင်တဲ့နေရာဖြစ် ယင်လဲမတော်ဘူး၊ ကြမ်းကြားထဲလဲ ပေပြီးတော့ နေတတ်-ထုံး တွေလဲ ဟိုသုတ် ဒီသုတ် မသုတ်ကြနဲ့ ထွေးခံလေးရှိယင်ရှိ၊ ထွေးခံ မရှိယင် နို့ဆီခွက် စသည်လေးများ ခံပြီးတော့ စွန့်လိုက်ယင် သာ ပြီးတော့သင့်တော်ပါတယ်။

(စားခန်းလေး-ကုန်သွားရော....)

ဒီနေရာမှာ နှစ်သုတ်ကျွေးယင်တော့ ရှေ့အသုတ်ကခရေစေ့ တွင်းကျ စားနေလို့မရဘူး၊ နောက်အသုတ်ကိုငဲ့ရမယ်၊ ကိုယ့် နေရာမှာ ကိုယ်စားမယ်ဆိုယင် အမှတ်မလွှတ်ပါဘဲနဲ့ ဖြည်းဖြည်း ဖြည်းဖြည်းစားကြပါ တသုတ်ထဲ ကျွေးတဲ့နေရာမှာ နောက် အသုတ် မငဲ့ရလေသောကြောင့် ခရေစေ့တွင်းကျ စားကြ သောက်ပါကြလို့ဆိုတယ်။

စားခန်း-သောက်ခန်းနဲ့ပတ်သက်၍ ဖြစ်ပျက် ဥာဏ်မြင်-ဥာဏ် စဉ်တက်ပြီး- မဂ်ဖိုလ်နိဗ္ဗာန် ဝင်ပါတယ်လို့ ဆိုဒါ ယုံကောယုံကြ ပါရဲ့လား(ယုံပါတယ်ဘုရား)ယုံရတယ်ခေါ်တယ်။

ဤကဲ့သို့ စားခန်းသောက်ခန်းနဲ့ ပတ်သက်၍ ဥာဏ်မြင်အလုပ် ပေးတရား မှတ်ပုံမှတ်နည်းများကို ပြသလိုက်ပါသဖြင့် နည်းရလို့ အားထုတ်ခဲ့ပါလျှင် သုံးကြိမ်တဖန် သာဓုအနုမောဒနာ ခေါ်ဆို နိုင်ကြပါစေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

ကဲ....ချုံးလိုက်-ချုံးလိုက်၊ ဝင်တဲ့နေ့ရယ်- မနေ့ကရယ်- ဒီနေ့ မနက်ရယ်-အားလုံးပြလိုက်ထာ- ကိုယ်တွေ့ဥာဏ်မြင် ပဓါန- ပင် တိုင်အလုပ်တခုပါဘဲ။

မရွေး-လေးပါးတဲ့ ဣရိယာပထပဗ္ဗအတွက် အနေမရွေး ၁, ဘယ်လိုနေနေ။

သမ္ပဇဉ ပဗ္ဗအတွက် အလုပ်မရွေး၊ ၂, နေရာမရွေး၊ ၃, အချိန် မရွေး၊ ၄, ဘယ် အ လုပ် ကို လုပ် ကိုင်- လုပ် ကိုင် ဘယ် နေ ရာ- ရောက်ရောက် ဘယ်အချိန်မျိုးမဆို စိတ် သည် ရင် ထဲ မှာ ထား၊ ပေါ်ဒါငါးမျိုး မှတ်နေရဒါချည်းဘဲ။

သုံးရက်တိုင်တိုင်- ပြနေရသော်လဲ အကျဉ်းချုံး လိုက်ယင် စိတ်ရင်ထဲမှာထားခြင်းနဲ့ ပေါ်ဒါငါးမျိုးမှတ်နေရခြင်း- ဒီနှစ်ခု ပါဘဲလို့ ရှင်းရှင်းလေးမှတ်လိုက်ပါ။

ကဲ....ကိုယ်တွေ့ ဥာဏ်မြင် ပင်တိုင်အလုပ်နဲ့ပတ်သက်၍၊ လုပ် ငန်းတော့ကုန်ပြီ၊ ယောဂီတို့မှာ ယုံကြည်မှုလေးလိုတယ်-ယုံကြည် မှုနဲ့ ဖြစ်ပျက်မြင်ဒါ- ဒီနှစ်ခု ရှိမယ်ဆိုယင်- ဘယ်လိုနေနေ- ဘယ် အလုပ်ကို လုပ်ကိုင်-လုပ်ကိုင် ဘယ်အချိန်မျိုးမဆို မဂ်ကျနိုင်တယ် ဆိုဒါ-ဒါကော ယုံရဲ့လား- (ယုံပါတယ်ဘုရား။)

ကဲ....ချုံးလိုက်မယ်....ကိုယ်တွေ့ ဥာဏ်မြင် အလုပ်စခန်းမှာ အနေမရွေး ဘယ်လိုနေနေ- စိတ်ရင်ထဲမှာထား- ပေါ်ဒါငါးမျိုး မှတ်နေရပါတယ်။

အလုပ်မရွေး- ဘယ်အလုပ်ကို လုပ်ကိုင်- လုပ်ကိုင် စိတ်ရင်ထဲမှာထား- ပေါ်ဒါငါးမျိုး မှတ်နေရပါတယ်။

နေရာမရွေး- ဘယ်နေရာ ရောက်ရောက် စိတ်ရင်ထဲမှာထား- ပေါ်ဒါငါးမျိုး မှတ်နေရပါတယ်။

အချိန်မရွေး- ဘယ်အချိန်မျိုးမဆို စိတ်ရင်ထဲမှာထား- ပေါ်ဒါငါးမျိုး မှတ်နေရပါတယ်။

ဤကဲ့သို့ မရွေး လေးပါး- စိတ်ရင်ထဲမှာ ထားပြီး ပေါ်ဒါငါးမျိုး တမျိုးမျိုးမှတ်နေကြပါလျှင်- ယောဂီတို့မှာ အင်္ဂါနှစ်ပါး ဤလုပ်ငန်းသည် တကယ် မှန်တယ်လို့ ယုံကြည် ကြပါရဲ့လား.... (ယုံကြည်ပါတယ်ဘုရား။)

ငါသည်- ပါရမီထူး ရှိတယ် လို့- ယုံ ကြည် ကြ ပါ ရဲ့ လား.... (ယုံကြည်ပါတယ်ဘုရား။)

အားထုတ်လိုက်လျှင်- မုချရမှာဘဲလို့- ယုံကြည်ကြရဲ့လား.... (ယုံကြည်ပါတယ်ဘုရား။)

ယုံ ကြည် ဒါ ကော အား ကြီး ရဲ့ လား.... (အားကြီးပါတယ် ဘုရား။)

သူများဖျက်ယင် ပျက်အုံးမလား....(မပျက်ပါဘုရား။)

သူများဖျက်လို့ ပျက်ယင်- အားမကြီးဘူးခေါ်တယ်။ မယုံ့တယုံနဲ့- အားထုတ်ထာ ဆိုလိုတယ်။

သူများဖျက်လို့- ဘယ်တော့မှ မပျက်ဘူးဆိုယင်- ယုံကြည်ဒါ အားကြီးတယ် ခေါ်တယ်။

ဤကဲ့သို ယုံကြည်မှု သုံးခု- အားကြီးမှုကလဲတခု- အားထုတ်လိုက်ယင်- လျှပ်တလက်မက....(ဖြစ်လိုက်- ပျက်လိုက်-၂) ဆိုတဲ့.... ဝိပဿနာဉာဏ်ရှိရခြင်းကလဲ အင်္ဂါတခု- ထိုနှစ်ခု ရှိမယ် ဆိုယင်.... ဘယ်လိုနေနေ- မင်္ဂကျနိုင်တယ်- ဘယ်အလုပ်ကိုလုပ်ကိုင်- လုပ်ကိုင်မင်္ဂကျနိုင်တယ်- ဘယ်နေရာရောက်ရောက်- မင်္ဂကျနိုင်တယ်- ဘယ်အချိန်မျိုးမဆို မင်္ဂကျနိုင်တယ်လို့ ဆိုဒါ။

ယဿပန ဗလဝတီသဒ္ဓါ ဝိပဿနာစ အာရဒ္ဓါ တဿ၊
ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ၊
ဘုဉ္ဇန္တဿ မဂ္ဂဖလ ပဋိဝေဓေါနာမ နတ္ထီတိ နဝတ္တဗ္ဗော။
ဆိုတဲ့....ပါဠိတော်နဲ့အညီ ယုံကြည်ကြပေတော့။

ယဿ-အကြင် ယောဂီ ပုဂ္ဂိုလ် တဦးအား၊ ဗလဝတီ- အားကြီးလှစွာသော၊ သဒ္ဓါစ-ယုံကြည်မှု သုံးခု- အဆင်သင့် ရှိရခြင်းလည်း- အင်္ဂါတပါး၊ အာရဒ္ဓါ- အားထုတ်အပ်ခဲ့ပြီးသော၊ ဝိပဿနာစ- လျှပ်တလက်မက ဖြစ်ပျက်မြင်နိုင်တဲ့ ဝိပဿနာ ဉာဏ် ရှိရခြင်းကလည်း အင်္ဂါတပါး၊ အတ္ထိ-ထိုအင်္ဂါနှစ်ပါး ရှိခဲ့ငြားအံ့၊ တဿ- ထိုအင်္ဂါနှစ်ပါးရှိသော ယောဂီ ပုဂ္ဂိုလ်သည်၊ ဂစ္ဆန္တဿ- သွားနေတုန်း၊ သွားနေခိုက်မှာ၊ တိဋ္ဌန္တဿ- ရပ်နေတုန်း ရပ်နေခိုက်မှာ၊ နိသီဒန္တဿ-၊ထိုင်နေတုန်း ထိုင်နေခိုက်မှာ၊ နိပဇ္ဇန္တဿ- အိပ်နေတုန်း အိပ်နေခိုက်မှာ၊ ခါဒန္တဿ- ကိုက်စားနေတုန်း ကိုက်စားနေခိုက်မှာ၊ ဘုဉ္ဇန္တဿ- ဝါးစားနေတုန်း ဝါးစား နေခိုက်မှာ

မဂ္ဂဖလပစ္စဝေက္ခဏာဝေဒေနာမ- မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ကေန် သိနိုင် သောသူ မည်သည်၊ (ဝါ) သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်နိုင်သောသူမည်သည်၊ နတ္ထိတိ- ယခုလောကမှာ အရှိ ယာခေတ်မရှိပါသဖြင့် ဘယ်နည်းနဲ့မှ မရှိနိုင်ပါဘူးလို့၊ နဝတ္တဗ္ဗော- စာကိုလဲ ကုန်စင်အောင်မသိ လုပ်ငန်းကိုလဲ မကြည့်ပါဘဲ-ယောင် ဝါးဝါးနဲ့ ဘယ်အခါမှာမှ မပြောကြားအပ်- မပြောကြားသင့်- မပြောကြားထိုက်တော့သည်သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု....)

ပါးစပ်သတိထား- မနောက မပြစ်မှားကြနဲ့၊ ဆင်ခြင်ရန်တရား ဖြစ်တယ်လို့ သတိပေးလိုက်ပါသည်။

ကဲ....ကိုယ်တွေ့ဉာဏ်မြင် ပဓါန အလုပ်နဲ့ ပတ်သက်၍ လုပ် ငန်းတော့ ကုန်သွားပြီ၊ ကျွန်ုပ်တို့- ဉာဏ်မြင်- ပဓါန ယာယီ အလုပ်အတွက်သာလျှင် ကျန်တော့တယ်လို့ မှတ်။

ကဲ- ကဲ.... လုပ်ငန်းတော့ ကနေ့ ချုပ်ပြီ.... နက်ဖြန်ကာတော့ တရားစစ်မယ်- တရားစစ်မယ်ဆိုယင် ယောဂီတွေဟာ ကြောက် နေတတ်တယ်၊ ဘာမှကြောက်နေစရာမလိုပါဘူး၊ ပြသတဲ့ ဆရာ သမားကလဲ ယောဂီတို့ကို မမြင်ဒါ မြင်အောင် ပြောပြမှာဘဲ၊ ငေါက်ခြင်း, မန်ခြင်း ဆိုဒါ လုပ်မှာမဟုတ်ပါဘူး၊ ယောဂီတို့က လဲ ကိုယ်မြင်ဒါ ကိုယ်လျှောက်ရဒါဘဲ၊ မမြင်ဘဲနဲ့လဲ မြင်တယ်လို့

မပြောရဘူး၊ ပြောသံကြားတွေလဲ မလျှောက်ရဘူး၊ ကိုယ်မြင် ဒါလေးကိုဘဲ လျှောက်ကြ၊ မမြင်ဒါ မလျှောက်ကြနဲ့နော်.... (မှန်ပါဘုရား။)

အကယ်၍ မလုပ်တတ်ယင်လဲ မြူမနေကြပါနဲ့ လျှောက်ပါ၊ မြင်လွယ်တဲ့နည်း ကျဉ်းကျဉ်းနဲ့ ပြောပြပါမယ်၊ ဒါကြောင့်.... ယောဂီတို့တာဝန်က ငါသည် မမြင်- မြင်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်မျိုးဖြင့် ကြိုးစား အားထုတ် ကြဘို့ပါဘဲ၊ စိတ်ကလေး တည်ယင် မြင်တော့မှာဘဲ....လို့- စိတ်မတည်ဒါ တည်အောင်-တည်ပြီးသား ဖြစ်ယင် တိုးတက်ပြီးတော့ တည်အောင်- ကြိုးစားဘို့ရန် သတိပေးလိုက်ပါသည်။

ကဲ-ကဲ....ချုံးကြစို့၊ သုံးရက် တိုင်တိုင် ကိုယ်တွေ့ ဥာဏ်မြင် ပဓါန ပင်တိုင် အလုပ်နဲ့ ပတ်သက်၍ အလုပ်ပေးတရား- ကျယ်ကျယ်- ဝန်းဝန်း ကရုဏာသန့်သန့်ထားကာ မေတ္တာများများဖြင့် ယခုလို လုပ်ငန်းပြလိုက်ရခြင်းသည်- ယောဂီအရှင် သူတော်စင်တို့မှာ လုပ်နည်းသိလောက်ပါပြီ၊ နည်းသိမယ် ဆိုယင် အန္ဓ ပုထုဇဉ် အဖြစ်မှ လွတ်၍ စာတတ်ကလျာဏ ပုထုဇဉ် အဖြစ်သို့ ရောက်ကြတော့မယ်ဆိုလျှင် ဒိဋ္ဌိပြုတ်တယ် ခေါ်တယ်၊ အန္ဓဆိုယင် ဒိဋ္ဌိမပြုတ်ပါ၊ စာတတ်ဆိုယင် အထင်နဲ့ ဒိဋ္ဌိပြုတ်လေသောကြောင့် ၁,နံပါတ် ဒိဋ္ဌိ ပြုတ်မယ် ဆိုယင် ၂,နံပါတ် အကုသိုလ်ကံ ကင်း၍ ၃,နံပါတ် အပါယ်မကျတော့ဘူးဆိုဒါ ဝမ်းမြောက်သော အလား

တရားတော်ကို ချီးကျူးအားပေးသောအားဖြင့် သုံးကြိမ်-ကြား လောက်သော နေရာဌာနက သာဓု....သာဓု....သာဓု....လို့-ညီညီ ညာညာ ဝိတ်ပါ-လက်ပါ- အားရ-ပါးရ ခေါ်နိုင်ကြပါစေကုန် သတည်း။

(သာဓု....သာဓု....သာဓု....)

သမ္မာဒိဋ္ဌိပဗ္ဗ- အလုပ်ပေးတရားတော်ပြီး၏။

◆❖◆

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏**

အန္တေဝါသိက, တပည့်ရင်း ဖြစ်သော

**အရှင်ဝိစိတ္တသာရ သူမြတ်သည်**

၁၃၂၇-ခု၊ နှောင်းတန်ခူးလဆုပ် (၉)ရက်နေ့ ည(၇)နာရီ အချိန်၌

တောင်ငူမြို့- ရွှေဆံတော် ဝါးကျောင်း ဓမ္မရိပ်သာ

တွင်

ဟောကြားသော

# သမာဓိ သမထ စိတ္တဝိသုဒ္ဓိ

# တရားတော်။

(၁၄-၄-၆၆)

**လက်အုပ်ချီပုံ။** ကဲ....အားလုံးလက်အုပ်ချီကြ- လက်အုပ်ကိုနဖူး ပေါ်မှာတင်လိုက်၊ လက်ချောင်းလေးတွေ စိတ်စိတ်ထား- ရှိခိုးခါနီးမှာ မျက်လုံးမှိတ်လိုက်ရတယ်၊ မျက်လုံးမှိတ် ဉာဏ်လေးတွေ တင်လိုက်ကြ။

ရှိခိုးခံထိုက်သော ပုဂ္ဂိုလ်တွေပါကလား-လို့ ကြည်ညိုသော သဒ္ဓါ ထက်သန်သောစေတနာ အသိဉာဏ် ပညာတွေဖြင့် ခန္ဓာမှာ လက်ငင်း ဖြစ်ပျက် နေသော ရုပ်နာမ်ဓမ္မဖြင့် လေးလေး,ညီညီ- ပြတ်ပြတ်, ရှင်းရှင်း ကန်တော့ကြ။

**ဆုပေး။** သိမ်ရိဓမ္မာသောကမင်းကြီး၏ အသန္ဓိ မိဖုရားသည် ဘုရားရှင် ကိုယ်တော်မြတ်၏ အသံတော်နှင့် ဆင်တူ ရိုးမှားဖြစ်သော ကရဝိတ် ငှက်မင်း၏ အသံကို ကြားနာ လိုက်ရ သောအခါဝယ် ကရဝိတ် ငှက်မင်း၏ အသံဆိုဒါ တယ်သာယာ သတဲ့။ လယ်ထွန်နေကြသော လယ်သမားတို့သည် ကရဝိတ်ငှက် မင်း၏ အသံကို ကြားနာလိုက်ရမယ်ဆိုယင်- လယ်အလုပ်ကို ရပ် ဆိုင်းပြီးသကာလ- ကရဝိတ်ငှက်မင်း၏အသံကိုပင်လျှင် နားထောင် ၍ နေကြပါသတဲ့။

ကျားက သမင်ကို လိုက်နေကြတဲ့အခါမှာ ကရဝိတ်ငှက်မင်း၏ အသံကို ကြားနာလိုက်ရသောအခါ ကျားကလဲ ရှေ့က, သွား ကောင်ကို သတိမရမူ၍- ကရဝိတ် ငှက်မင်း၏ အသံကိုပင် နား ထောင်ပြီးတော့နေကြပါသတဲ့၊ သမင်ကလဲဘဲ နောက်ကရန်သူကို သတိမထားနိုင်တော့ပါ ကရဝိတ်ငှက်မင်း၏ အသံကို နားထောင် ပြီးတော့နေပါသတဲ့။

ကောင်းကင်ပေါ် ပျံသန်းနေကြသော ငှက်ကလေးတို့သည် ကရဝိတ်မင်း၏ အသံကို ကြားနာလိုက်ရမယ်ဆိုလျှင်....ဟိုပျံ-ဒီပျံ မပျံတော့ဘူး၊ လေအဟုန်စီးပြီး သကာလ- အတောင်ကလေး

တွေ တဖြတ်ဖြတ်နဲ့ ကရဝိတ်မင်း၏ အသံကိုပင်နားထောင်ပြီးတော့ နေကြပါသတဲ့။

ဤမျှလောက် သာယာနာပျော်ဘွယ်ရှိသော ကရဝိတ် ငှက်မင်း၏ အသံကို ကြားနာ လိုက် ရ သော အခါဝယ်....ဩော်.... အပတိတိရိစ္ဆာန်ဖြစ်သော ကရဝိတ်ငှက်မင်း၏ အသံတောင် ဤမျှလောက် သာယာနာပျော်ဘွယ် ရှိသေးတယ် ဆိုလျှင် သက်တော်ထင်ရှား မြတ်ဘုရား၏ အသံတော်ဟာဖြင့် အင်္ဂါရှစ်ပါး အသံတော်နှင့် ပြည့်စုံ၍ နေမှာဘဲ။

ဤကဲ့သို့ အင်္ဂါရှစ်ပါး အသံတော်နှင့် ပြည့်စုံတော် မူသော သက်တော်ထင်ရှား မြတ်စွာဘုရား၏ အင်္ဂါရှစ်ပါး အသံတော်ကို များ ယခုနေအခါ ကြားလိုက်ရမယ်ဆိုယင်၊ သာ၍ပင်နာပျော်ဘွယ်ရှိတော့မှာပါတကား....ဟု အရင်းကျအောင်များ စဉ်းစားလိုက်သောအခါဝယ်၊ ဖြန်းကနဲ့ စိမ့်ကနဲ့ သိမ့်ကနဲ့ ဆိုဒါလို သိသိ့ သာသာ့ ပီတိတွေဖြစ်ပေါ်၍ လာပြီးလျှင် ဖြစ်လာသော ပီတိကိုပင်၊ ဖြန်းသိ ပျက်၊ စိမ့်သိပျက်၊ သိမ့်သိပျက်၊ အေးသိပျက်၊ အနေမျိုးဖြင့် သိပျက်၊ သိပျက်၊ ဆက်ခါ ဉာဏ်စဉ်တက်၍ သိပျက်ဓာတ်သိမ်း ချုပ်ငြိမ်း သွားသော နိဗ္ဗာန်တဘက်ကမ်းကို သောတာ ပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် ပြုသွားသည့်ထုံး သောတာပန် ဖြစ်သွား ထုံး နှလုံးသွင်းပြီး သကာလ....။

ယခုရှိခိုး၍ နေကြကုန်သော သင်သူတော်စင် အပေါင်းတို့မှာလဲဘဲ၊ အိမ်မှာရှိသော ဘုရားကိုပင်ဖြစ်စေ၊ ကျောင်းမှာရှိသော ဘုရားကိုပင်ဖြစ်စေ၊ တန်ခိုးကြီးသော ရွှေဘိုဂုံ- ရွှေမော်ဓော

ကျိုက်ထီးရိုး-မဟာမြတ်မုနိစသော ဘုရားကိုပင်ဖြစ်စေ၊ မျက်စေ့နှင့်ဖွင့်ပြီးသကာလ ဖူးမြင်လိုက်တော့မယ်ဆိုယင်-

သြော်....သက်တော်ထင်ရှား မြတ် ဘု ရား ၏ ရုပ် ပွား တော်၊ ဆင်းထုတော်၊ စေတီတော်ကြီးတောင် ဤမျှလောက် ဖူးမြင်လို့ တင်းမတိမ် အားမရ မရောင့်ရဲနိုင်ခဲ့ပါလျှင်....ယခုနေအခါမှာလေ သက်တော်ထင်ရှား- မြတ်ဘုရားအစစ်ကို ဒို့မျက်စေ့နဲ့များ ဖူးမြင်လိုက်ကြရတော့မယ်ဆိုယင်....

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ရုပ်ပုံတော်ကြီးကလဲ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်- ရောင်ခြည်တော်ခြောက်သွယ်များ ကွန့်မြူးပြီးသကာလ အသဒိသ မည်သူနှင့်မျှ မတူနိုင်၊ အတုလ မည်သူနှင့်မျှ နှိုင်းယှဉ်၍မရတဲ့ သက်တော်ထင်ရှား မြတ်ဘုရား အစစ်ကို ဖူးမြင်ကြရတော့မယ်ဆိုယင်၊ ဘုရားတော့ ဒို့မျက်စေ့ထဲက ထွက်တော့မှာမဟုတ်ပါဘူး.... ဒို့မျက်စေ့ကလဲ ဘုရားရှင် ကိုယ်တော်မြတ်ရုပ်ပုံတော်ကခွါလို့ကို ရတော့မှာမဟုတ်ပါဘူးလို့ အရင်းကျအောင်များစဉ်းစားလိုက်ကြတော့မယ်ဆိုယင်၊ ကြက်သီးတော့ ထတော့မှာဘဲ သိသိသာသာပီတိတွေတော့ ဖြစ်လာကြကြတော့မှာဘဲ။

ဖြစ်လာတဲ့ ပီတိကို ခွါတဲ့သဘောအားဖြင့်- ဖြန်းသိပျက်၊ စိမ့်သိပျက်၊ အေးသိပျက်၊ အနေမျိုးဖြင့် သိပျက်၊ သိပျက်၊ ဆက်ခါဆက်ခါ ဉာဏ်စဉ်တက်၍ သိပျက်ဇာတ်သိမ်းချုပ်ငြိမ်းသွားသော

နိဗ္ဗာန်တဘက်ကမ်းကို ဤဘက်ကမ်းက မဂ်ဖိုလ်ဉာဏ်ဖြင့် တခါ ရပ်ထာမြင်တဲ့သောတာပန်တွေ....နှစ်ခါရပ်ထာမြင်တဲ့ သကဒါဂါမ် တွေ- သုံးခါရပ်ထာမြင်တဲ့ အနာဂါမ်တွေ- လေးခါရပ်ထာ မြင် တဲ့ ရဟန္တာ ပုဂ္ဂိုလ်တွေ၊ကိုယ်စီ,ကိုယ်ငှ, အရင်ဖြစ်ကြပါစေ။

ကိုယ်ဖြစ်ကြသလို,သူတပါးကိုလဲဖြစ်ကြရလေအောင်-စားရေး, သောက်ရေး, ဝတ်ရေး,နေရေး,ဆိုဒါ လိုလေသေးတယ်မရှိ အိမ် မှာလိုလျှင် မပြည့်စုံ-ပြည့်စုံအောင် ဖန်တီးနေကြဒါက ကိုယ်ပိုင် အလုပ်မဟုတ်ကြပါဘူး၊ ခန္ဓာကိုယ်ကြီး ရှိနေသည့်အတွက်၊ ခန္ဓာ ကျွန်အလုပ်၊ ဘုံဆိုင်အလုပ်ဖြစ်ကြပေတယ်၊ ကိုယ်ပိုင် အလုပ်ဆို ဒါက သီလ,သမာဓိ, ပညာဆိုတဲ့ သာသနာ့ အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်ဖြစ်ကြပေတယ်။

ဒါကြောင့်....သီလ, သမာဓိ, ပညာနဲ့စပ်သော အလုပ်သည် သာလျှင် ကိုယ်အလုပ်အစစ်ပါတကား.... ကိုယ့် တာဝန်အစစ် ပါတကား,လို့ ကိုယ့်အလုပ်မှန်း ကိုယ့်တာဝန်မှန်း သိကြသည် ဖြစ်၍၊လိုတဲ့နေရာမှာ ပြည့်စုံအောင် အားပေးချီးမြှင့် ထောက်ပံ့ နိုင်ကြရုံမျှမက၊တရားတော်များကိုတောင်၊ကိုယ်တိုင် ပြနိုင်-ဟော နိုင်-ဆုံးမနိုင်-သံသယရှိသူများကို အလွယ်တကူဖြင့် ဖြေရှင်းနိုင်- အယူမှားဒိဋ္ဌိအကြီးစားတို့ကိုလဲ အလွယ်တကူဖြင့်-ချတ်နိုင်- ဖြုတ် နိုင်ကြသော မြန်မာပြည် တပြည်လောက်တွင်မက၊ ကမ္ဘာတဝှမ်း လုံး ဗုဒ္ဓဘာသာသာသနာတော်ကြီးပြန့်နှံ့ ထွန်းကားသွားရလေ အောင်- ကမ္ဘာ့သာသနာပြု အာဇာနည် ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ် တွေ ရလွယ်,ရောက်လွယ် နိုင်ကြသည်ဖြစ်ကြစေ။

(၁၄)

**ယောဂီများ** (ဆရာတော်ဘုရား ပေးသော ဆုနဲ့ ပြည့်စုံရပါ လို၏ အရှင်ဘုရား။)

ကဲ....လက်ချထား- တရားတော်များ ဆက်ပြီးတော့ ရှိရှိသေသေနဲ့ နားကြ။

**မြတ်စွာဘုရား သမာဓိဂုဏ် ချီးကျူးလို့မကုန်။**

ဟိမဝါဝ ပရိမေယျော-
သာဂရောဝ ဒုရုတ္တရော၊
တထေဝ ဈာန် ဗုဒ္ဓဿ-
ကောဒိဿ နပ္ပမိဒတိ။

ဟိမဝါ၊ဆီးနှင်းတွေကိုဆောင်သည့် မြင့်မိုရ်တောင် မင်းကြီးသည်၊ ပရိ မေ ယျော ဣ ဝ- ထက် ဝန်း ကျင်မှ အ ရှည် ခန့် ၍ တည် တည့်, တန့် တန့် နေနိုင်ဘိ သ ကဲ့သို့ ၎င်း၊ သာ ဂ ရော- သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်ကြီးသည်၊ ဒုရုတ္တရောဣဝ- သာမန် လူစားတို့ အလွန်တရာ ကူးနိုင်ဘို့ရာ ခပ်နိုင်ဘို့ရာ ခဲယဉ်းဘိသကဲ့သို့၎င်း၊ တထေဝ- မြင့်မိုရ်တောင်ကြီးနှင့်မခြား အလားတူစွာသာလျှင်၊ (ဝါ) သမုဒ္ဒရာပြင်ကျယ်ရေပင်လယ်ကြီးနဲ့မခြား အလားတူစွာသာလျှင်၊ဗုဒ္ဓဿ-သစ္စာလေးပါး,မြတ်တရားကို,ပိုင်းခြားထင်ထင်ကိုယ်တိုင်လည်း သိမြင်ပေ၊ဝေနေယျကိုလည်း သိမြင်စေတော်မူနိုင်သည့် ရုပ်ထူး, နာမ်ထူး, အစဉ် သက်တော်ထင်ရှား ဒို့ဆရာ မြတ်စွာဘုရားကြီး၏၊ ဈာန်-ထက်ဝန်းကျင်မှ အရှည်ခန့်၍ တည်တည့်,တန့်တန့် နေနိုင်တဲ့ ဈာန်သမာဓိတွေ သာမန် လူစားတို့ အလွန် တရာ ကြံစည်ဘို့ရာ ခဲယင်းလှစွာသော သမာဓိတွေကို၊ ဒိဿ-ကိုယ်ကိုယ်တိုင်- ကိုယ်ပိုင်ဉာဏ်ဖြင့်- မြင်ရ- တွေ့ခဲ့ရသည် ရှိသော်၊ ကော- နတ်နှင့် လူဝယ် အဘယ်ပုဂ္ဂိုလ်သည်၊ ဝါ-ဘယ်လို ပုဂ္ဂိုလ်မျိုးမဆို၊ နပ္ပမိဒတိ- မကြည်ညို- မမြတ်နိုး- မကိုးကွယ်နိုင်

ဘဲရှိပါတော့အံ့နည်း။ပသီဒတိဝေ-စိတ်ထဲမှာလေ....ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သွင်းထားလို့များ ရမယ်ဆိုလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပင်အမြဲတင်၍- အသက်ထက်ဆုံးပင် ကြည်ညိုမြတ်နိုး-ကိုးကွယ်နိုင်ကြတော့သည်သာလျှင်ကတည်း....။

(သာဓု....သာဓု....သာဓု....)

ဌာနာဌာန- ကောသလ္လဉာဏ်....တဲ့-ဒီနေ့သမာဓိခဏ်း ဖြစ်လေသောကြောင့် သမာဓိနဲ့ဆိုင်ရာ ဘုရားရှင်ကိုယ်တော်မြတ်ကို ချီးကျူးတော်မူရတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်တွေကတော့ တပုံကြီးဘဲနော်....။

ဉပမာ.... ပန်းမျိုးစုံရောင်းတဲ့ ဆိုင်ကြီးမှာ ပန်းလေး တကုံးသီချင်တဲ့ဆန္ဒမျိုးဖြင့်- ကြိုးလေးကိုင်- သီတန်လေးကိုင်ပြီးသကာလ-ပန်းဆိုင်သွားယင် အလွယ်တကူ ရှိသောကြောင့်၊ လိုတဲ့ပန်းကုံးလေးဟာဖြင့် အလွယ်တကူမြန်မြန်သီကုံးနိုင်တဲ့ပမာကဲ့သို့။

ထို့အတူပါဘဲ၊ ဘုရားရှင်ကိုယ်တော်မြတ် ဂုဏ်တော်တွေကတပုံကြီးဘဲနော်- ဈာန်သမာဓိနဲ့ချီးကျူးလဲရပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ် ဈာန် သမာဓိကို သာမန်လူစားတို့ ကြံစည်ဘို့ရာတွေးတောဘို့ရာ- ခဲယဉ်းလှစွာသော ဈာန်သမာဓိနဲ့ နေလိုက်ယင်ဘယ်လိုပုဂ္ဂိုလ် မကြည်ညိုဘဲ နေနိုင်ပါမလဲ....ကြည်ညိုရုံတွင်မကသေးဘူးလေ- ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို စိတ်ထဲ နှမ်ထဲမှာ အမြဲသွင်းထားပြီးသကာလ-သွားလေရာရာ-နေလေရာရာ- အမြဲသွင်း၍ အသက်ထက်ဆုံးပင် ကြည်ညိုမြတ်နိုး ကိုးကွယ်နိုင်ကြတော့သည်သာလျှင်ကတည်း....။

(သာဓု....သာဓုံ....သာဓု....)

ကဲ....မနေ့က လက်စ ဆက်ကြစို့၊ နံပါတ် တပ်ထားလေးလဲ မမေ့ကြနဲ့နော်(မှန်ပါဘုရား။)

၁- နံပါတ်- ဒိဋ္ဌိအမှားငုပ်လေးခု။

၂- နံပါတ်- အကုသိုလ်ကံ။

၃- နံပါတ်- အပါယ်....လို့ ဒါလေးမမေ့ကြစေနဲ့။

အဖျား-အပြောမှား-အလုပ်မှား-အသက်မွေးမှားကို- သီလနဲ့ ရှောင်....လို့ဆိုတဲ့အတိုင်း-အဖျားများဒါ သုံးခုကောက်ပုံ၊ သီလကောက်ယူပုံ, ရှောင်ပုံ, ရှောင်နည်းတို့ကို မနေ့က ဟောပြခဲ့လေပြီ....။

ကနေ့တော့- အလယ်ခေါင်အကြံများကို-သမထနဲ့ဘို့လို့ ဆိုတဲ့အတိုင်း၊ အလယ်ခေါင်အကြံများကောက်ပုံ- သမထကောက်ပုံ- ဘို့ပုံတို့ကို တကန့်စီတကန့်စီ၊ ကတ္တားခြားပြီးသကာလ ကရုဏာသန့်သန့်ထား မေတ္တာများများဖြင့် ကနေ့ဟောကြားပါလိမ့်မယ်၊ ဦးပဉ္စင်း-မေတ္တာကရုဏာရှိသလောက် တရားနာ သူတို့၏ နားမှာလေ... နားကကြား-ရင်ကသိ-ကြားသိနဲ့ ပြည့်စုံအောင်နာယူမှတ်သားကြဘို့ပါဘဲ....သံထဲ ရေသွန်သလို ဖြစ်မည် စိုးသည်ဖြစ်လေသောကြောင့်၊ သတိပေးပါတယ်....လို့။

**မနောကံ ကောက်ယူပုံ**

ကဲ-လက် စ ဆက် ကြ စို့၊ အ လယ် ခေါင်များတဲ့ အလယ်များဆိုယင် နံပါတ်မမေ့နဲ့ ၁-နံပါတ်ထဲကလား၊ ၂-နံပါတ်ထဲကလား(၂-နံပါတ်ထဲကပါဘုရား) အဲ....၂-နံပါတ်ထဲက- ၂-နံပါတ်မှာ ကာယကံ-ဝစီကံ-မနောကံ-လို့ ကံသုံးပါးရှိပါတယ်၊ ဘယ်ကထဲကလဲ (မနောကံထဲကပါ

ဘုရား)ဟော-မနောကံသဲကဘဲ့ အလယ်မှားဆိုသင် မနောကံကို ယူလိုက်။

မနောဆိုယင်- အကြံမှား-စိတ်ကူးမှား- စဉ်းစားမှား- တွေးတောမှား ပရိယာယ်တွေများ- မြန်မာစကားတွေက အင်မတန်များတယ်၊ များသော်လဲဘဲ မနောကံအကြံမှားလို့-အဲသလောက် ယူထားလိုက်။

ဒါဖြင့်-မနောကံ-အကြံမှားသည်၊ ဘယ်နှစ်မျိုးရှိသလဲလို့ မေးယင် သုံးမျိုးရှိတယ်လို့ ဖြေ။ ၃-ဂဏန်းထိုး၊ ၃-ဂဏန်းကောက်မယ်။

ကိုယ့်သိနေကြ-မနောကံ ဒီမှာမလိုဘူး-အဘိဇ္ဈာ- ဗျာပါဒ-မိစ္ဆာဒိဋ္ဌိဆိုဘဲ့မနောကံဒီမှာမလိုဘူး-ဒီကအကြောင်းအကျိုးဆက်လာတယ်။

အရင်းမှားဒါရှိလို့ အလယ်မှားဒါ၊ အလယ်မှားဒါ ရှိလို့-အဖျားမှားဒါလို့ အကြောင်းအကျိုး ဆက်လာသောကြောင့်၊ အဖျားမှားဒါ သုံးခုကို ကြည့်ပြီးသကာလ အလယ် ၃ ခုကို ပြန်ကောက်ရလိမ့်မယ်- ကဲ-ကောက်ကြစို့။

မနေ့က အဖျားထဲက အပြောမှားဒါ-၁၊ အလုပ်မှားဒါ-၂၊ အသက်မွေးမှားဒါ-၃၊ အဲဒါလေးမှတ်ထား။

ရှေးဦးစွာ ကြံစည်စဉ်းစားဒါက-မနောကံခေါ်တယ်- ကြံစည်ပြီးမှ လုပ်ထလာရ၊ ကာယကံ-ဝစီကံခေါ်တယ်၊ ကြံစည်ပြီးမှ လုပ်ရလေသောကြောင့် မနောကံက အရင်း၊ ကာယကံနဲ့ဝစီ

က ံကအဖျားခေါ်ရလေသောကြောင့် မနောက ံဆိုယင် အလယ် ၃ ခုကို ကောက်ပေတော့။

ဒါကြောင့်-ကောက်တော့မယ်-ကောက်တော့မယ်။

ကောက်ပုံကလေး။ အဖျားမှာဒါ အပြောမှာဒါ လေးမျိုးရှိသလို- အလယ်ခေါင် အကြံမှာထဲမှာလဲဘဲ အပြောမှာတို့ ကြံစည်ဒါလေးမျိုးရှိပါတယ်။

လိမ်ပြောဘို့ ကြံစည်ဒါ .... .... ....၁။

ကုန်းချောဘို့ ကြံစည်ဒါ .... ....၂။

စိတ်ကြမ်းပြောဘို့ ကြံစည်ဒါ ....၃။

အဖျင်းပြောဘို့ ကြံစည်ဒါ ........၄။လို့ အပြောမှာတို့ ကြံစည်တာလေးမျိုးက ၁,လို့ ယူလိုက်။

အဖျားမှာထဲ၌ အလုပ်မှာဒါ သုံးမျိုးရှိသလို အလယ်ခေါင် အကြံမှာထဲမှာလဲဘဲ၊ အလုပ်မှာတို့ ကြံစည်ဒါ သုံးမျိုး ရှိပါတယ်။

သူ့အသက်သတ်ဘို့ကြံစည်ဒါ-၁။

သူများဥစ္စာ ခိုးယူတိုက်ဖျက် လုယက်ဘို့ ကြံစည်ဒါ-၂။

မသွားလာကောင်းသော ကာမဂုဏ်တို့ကို ပြုစ်မှာတို့ကြံစည်ဒါ-၃, သလိုယူလိုက်။

အဖျားမှာထဲ၌ အသက်မွေးဝမ်းကြောင်းမှာဒါ- ခုနစ်မျိုးရှိသလို အလယ်ခေါင် အကြံမှာထဲမှာလဲဘဲ- အသက်မွေး ဝမ်းကြောင်းမှာတို့ ကြံစည်ဒါ-စဉ်းစားဒါ- တွေးတောဒါ- ခုနစ်မျိုးရှိပါတယ်-လို့ ရှင်းရှင်းလေးမှတ်။

အကြံမှား မနောကံ သုံးခုရပြီ၊ အဲဒါစိတ်ကူးမှားတွေဘဲ-အဲဒါ စိတ်ကူးမှားဆိုယင် စိတ်ကူးရှိရှိသေးတယ်၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုမရှိသေးဘူး၊ ကာယကံ, အထမမြောက် သေးဘူး- ဝစီကံ, အထမမြောက်သေးဘူး- မနောကံ,သက်သက်ဘဲ မှတ်ထား။

**သမထ ဘာဝနာ ဘိရုံသာ**

အလယ်ခေါင် အကြံမှား ၃ ခုကို....လို့ ဂဏန်း တပ်လိုက်၊ သမထနဲ့ ဘိ,တဲ့။ ကဲ....မနောကံ ၃ ပါးကို ဘာနဲ့ဘိသလဲ (သမထနဲ့ ဘိရပါ ဘုရား)သမထက ဘိတရားခေါ်တယ်၊ ရောဂါကြီးတဲ့ ပုဂ္ဂိုလ်များ ကို ရောဂါငုပ်ပြီးတော့ သွားအောင်- လိမ်းဆေး လေးများလို သမထက မနောကံ အကြံမှားသုံးခုကို မပေါ်အောင် ငုပ်ဆေး လိမ်းဆေး ဘိဆေးနဲ့တူတယ်လို့ သလိုမှတ်ထားနော် (မှန်ပါ ဘုရား။)

အဲဒီ-သမထသည် မနောကံကို- ဘိနိုင်,ပါယ်နိုင်တယ်လို့ ဒီလိုမ ဆိုဘူးလား၊ (ဆိုပါတယ်ဘုရား) ဟို-နံပါတ်ထဲ သွင်းမလို့။

ဒါဖြင့်- သမထသည် မနောကံဘိနိုင်တယ်ဆိုယင်၊ ၂-နံပါတ်ထဲ ကဘဲ ရှိသေးတယ်၊ ၂-နံပါတ် ဆိုပေမယ်လို့ ကံဟောင်းလား၊ ကံ သစ်လား၊ (ကံသစ်ပါ ဘုရား။)

ကံသစ်ဘဲ ပယ်နိုင်တယ်၊ ကာယကံ၊ ကံဟောင်း၊ ဝစီကံ, ကံဟောင်းတွေ ရင်တွင် နာမ်အစဉ်မှာ ဘယ်လောက်များသလဲ၊ (အများကြီးပါဘုရား) အသခင်္ချေအနန္တခေါ်တယ်၊ မှတ်ထားနော် အသခင်္ချေအနန္တရှိတယ်၊ (မှန်ပါ ဘုရား။)

သတ္တဝါတယောက်၏ရင်တွင် နာမ်အစဉ်မှာ အကုသိုလ်ကံဟောင်း ကြွေးဟောင်းတွေ ဂျိုးတင်လာခဲ့ဒါ အသချေ အနန္တပါ ကြလေတယ်၊ ကြွေးဟောင်းလို့ခုတ်။ အဲဒီ-ကြွေးဟောင်းတွေကို သမထက မပယ်နိုင်ပါဘူး၊ ပယ်နိုင် ရဲလား၊ (မပယ် နိုင်ပါဘူးရား။)

"ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော"ဆိုတဲ့ပါဌ်ထဲမှာ ဖြစ်ပြီးသော အကုသိုလ်တရား ကြွေးဟောင်း၊ အကုသိုလ်ကံဟောင်းကို သမထ ကမပယ်နိုင်ဘူး။

အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော- မဖြစ်သေးသော အကုသိုလ်ကံ အသစ်ကိုသာ ပယ်နိုင်ပါ၏။

ဒါဖြင့်-မနေ့ကံ မဖြစ်သေးသော တရားကိုသာ လုပ်နိုင်တယ် ကြွေးသစ်သာ မဝင်ဘူးဆိုဒါမှတ် ကြွေးသစ် မဝင်သော်လဲ အမြဲ မဟုတ်ဘူး၊ ကြွေးသစ်ဆိုဒါလဲ သမထစျာန်ရှိမှသာ မရှိတဲ့အခါဝင် မြဲ- ဝင်ပြန်ဒါဘဲ။

ဟော- ကြည့်စမ်း-ကြည့်စမ်း၊ လူ့ပြည်ကြီးမှာ စျာန်ရ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေတောင်မှ ကြွေးမကင်းသေးဘူး၊ ဗြဟ္မာတွေတောင်မှ ကြွေးမကင်းဘူး၊ ကံဟောင်း တွေလို့ ဆိုဒါမှတ် ပေတော့

ဒါကြောင့်- "ဗြဟ္မာဖြစ်၍ ပြောင်ဝင်းဝင်း- ဝက်စားကျင်းမှာ တစုပ်စုပ်"-လို့ ရှေးဆရာကြီးတွေ ရေးဆိုထားပါတယ်။

ကဲ-ဗြဟ္မာတွေ ကြွေးဟောင်းလဲ မဆပ်နိုင်ဘူး၊ ကြွေးသစ်လဲ စျာန်သမာဓိ သမထရှိနေတုန်းသာ မဝင်ဒါ- စျာန်လျှောသွားပြန်

ယင် ကြေးသစ်ဝင်မြဲ၊ ဝင်ပြန်ဒါဘဲ၊ ကြေးသစ်ဝင်မယ်ဆိုယင်၊ ၃-နံပါတ် အပါယ် လွယ်ပါ့မလား၊ (မလွတ်ပါဘုရား။)

ဟော-မလွတ်ဘူးတဲ့၊ သမထနဲ့ဆိုယင် အပါယ်ကျမလွတ်ဘူးတဲ့ လွတ်လျှင်-တခဏဘဲနော်၊ (မှန်ပါဘုရား) ဘာဖြစ်လို့လဲ မေးယင်၊ ဒိဋ္ဌိကြီးကရှိနေဒါကိုး၊ ၁-နံပါတ်ဆိုဘဲ့ ဒိဋ္ဌိတရားခံကိုသမထကမဖမ်းနိုင်ဘူး၊ ငယ်သားလက်အောက်ခံတွေလောက်သာ သမထကဘာမ်းနိုင်ဒါ။

လောက စကားနဲ့ပြောမယ်ဆိုယင် သူခိုးဗိုလ်ကြီး ဓါးပြဗိုလ်ကြီးဆိုတဲ့၊ ၁-နံပါတ် ဒိဋ္ဌိဗိုလ်ကြီးကို မဖမ်းနိုင်ဘူး၊ သမထကလေအဲ-နောက်လိုက်ငယ်သားတွေလောက်သာ ဖမ်းနိုင်ဒါ။

ငယ်သားဆိုပေမယ်လို့ ကြေးဟောင်း မဖမ်းနိုင်ဘူး၊ အဲဒီနောက်မှဝင်တဲ့ကြေးသစ်သာလျှင် ငယ်သားအသစ်ခလေးလောက်သာလျှင် ဖမ်းနိုင်တယ်၊ နောက်မှ ဝင်ဒါလဲဘဲ သမထ စျာန်လေးသူရှိတုန်းသာ မဝင်ဒါ- သူဆွက်သွားဒါနဲ့ တပြိုင်နက် အဲဒီကြေးသစ်တွေက တဖွားဖွားဝင်ဒါဘဲ၊ မဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား။)

ကြေးသစ်ဝင်မယ်ဆိုယင် အကုသိုလ်ကံတွေရှိပြီးသား၊ အကုသိုလ်တွေရှိမယ်ဆိုယင်၊ အပါယ်ကျပြီးသားလို့ဆိုဒါမှတ်ပေတော့ ဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား။)

ဒါကြောင့်- ဗြဟ္မာဖြစ်ရ၍၊ ပြောင်ဝင်းဝင်း ဝက်စား ကျင်းမှာ တဋုပ်စုပ်လို့ ရှေးဆရာကြီးများ ရေးဆိုဒါ။

**အတုယူကြ သံဝေဂ။**

ရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် ဆွမ်းခံဝင် သွားတဲ့ အခါမှာ အမတ်ကြီးကတော်က အိမ်ပေါက်ဝမှာ ရပ်နေတယ်၊ အမတ်ကြီးကတော်ကို မြင်လိုက်တဲ့ အခါမှာ အနုရုဒ္ဓါကိုယ်တော်မြတ်က ကြည့်စမ်း....ရှေးတုန်းက ဝက်မကလေးဟာ အခု- အမတ်ကြီး ကတော်တဲ့ အံ့ဩစရာ ကောင်းလိုက်လေနော်-လို့ သံဃာတော်များကို လှည့်ပြီးတော့ ပြောလိုက်တဲ့ အသံကြားတော့ အမတ်ကြီး ကတော်ကလဲ ဆယ့်သုံးဘဝ ပြန်မြင်သတဲ့။

ရှေးတုန်းက အမတ်ကြီးကတော်ဟာ-ကဿပဘုရား၊သာသနာတော်တွင်း ဆွမ်းစားကျောင်းအနီး ကြက်မဖြစ် အဘိဓမ္မာ-စာပေ သံကြားရ,တနေ့သော အခါမှာဆိုယင်၊ သိမ်းသုတ်သွားတော့ ခေါင်းပြုတ်သွားပြီးသွေးရဲရဲ- သံရဲရဲနဲ့သေသွားလိုက်တဲ့အခါ ဥပရိ အမည်ရှိတဲ့ မင်းသမီးဖြစ်သတဲ့။

အိမ်သာတက်တဲ့ အခါမှာ ပိုးလောက်ခလေးတွေ တရွရွနဲ့မြင်တော့ ပုဠုဝက-ကမ္မဋ္ဌာန်းဖြင့် ပဌမဈာန်ရ ဗြဟ္မာကြီးဖြစ် ပဌမဈာန်ဘုံ၌ ဗြဟ္မာကြီးဖြစ်ရှာတယ်၊ အဲဒီ- ဗြဟ္မာကြီးကသေ၊ လှေသူကြီး သမီးဖြစ်ရှာတယ်၊ လှေသူကြီး သမီးဆိုတဲ့ တဘဝတော့ ခြားထားတယ်။

ဘယ်လိုပင်ခြားသော်လဲ အဲဒီဗြဟ္မာကြီးတွေဟာ ၁-နံပါတ် တရားခံ ဗိုလ်ကြီးဖြစ်တဲ့ ဒိဋ္ဌိမသတ်နိုင်ပါဘူး၊ ငယ်သားလေးလောက်

သာသတ်နိုင်ဒါပါ သတ်နိုင်တယ်ဆိုပေမယ်လို့ အဟောင်းတော့ မသတ်နိုင်ပါ၊ အသစ်ကလေး လောက်သာ သတ်နိုင် ပါတယ်။

ဈာန်မရှိ သမထမရှိဘူးဆိုယင် အကုသိုလ် ကံသစ်-ကြွေးသစ်တွေ တဖွားဖွား ဝင်ပြန်ရော- မဝင်ဘူးလား (ဝင်ပါတယ်ဘုရား) ဒါ့ကြောင့်- သမထ ရှိတုန်းသာ သတ်နိုင်ပါတယ်၊ သမထ မရှိဘူး ဈာန်လေးမရှိဘူးဆိုယင် ကံသစ်-ကြွေးသစ်တွေ ဝင်မြဲ ဝင်နေပါတယ်။

ဒါကြောင့် ပြဟ္မာပင်ဖြစ်လင့်ကစား ၁-နံပါတ် ဒိဋ္ဌိကြီးများရှိနေမယ်ဆိုယင် ကြွေးဟောင်း အနန္တ တင်မြဲ တင်ပြီးတော့ နေပါတယ်၊ ကြွေးသစ်လဲ အနန္တ ဝင်မြဲဝင်ပြီးတော့ နေပါတယ်၊ ဒါကို ကြည့်၍(ပြဟ္မာဖြစ်၍ ပြောင်ဝင်းဝင်း ဂက်စားကျင်းမှာတစုပ်စုပ်) လို့ ရှေးဆရာကြီးတွေ ရေးဆိုထားပါတယ်။

အဲဒီ-ဝက်ဘဝက သေလိုက်တဲ့ အခါမှာ၊ ကောင်းသောဘဝ၊ မကောင်းသောဘဝတို့၌ ဖြစ်ပြီးသကာလ၊ မကောင်းသောဘဝမှာ အဖြစ်များပြီးတော့ အမတ်ကြီးကတော် ဖြစ်သာတယ်၊ ဝက်မနဲ့ အမတ်ကြီးကတော်နဲ့စပ်မနေဘူးလား (စပ်နေပါတယ်ဘုရား။)

ကဲ-ကြည့်စမ်း၊ ရှေးတုန်းက ဝက်မကလေးဟာ အခုအမတ်ကြီးကတော် ဖြစ်နေလိုက်ထာ အံ့ဩစရာ မကောင်းဘူးလားလို့ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ် အမိန့်ရှိတာ အဲဒါမြင်လို့။

အဲဒီ-အမတ်ကြီး ကတော်ကလဲ ရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ် အမိန့်ရှိတဲ့အသံကို ကြားလျှင်ကြားခြင်း ဆယ့်သုံးဘဝ ပြန်မြင်ပြီး အင်မတန် ထိတ်လန့်သံဝေဂဖြစ်၍၊ လင်အမတ်ကြီးထံ ခွင့်တောင်း

ပြီး ဘိက္ခုနီမဝတ် တရားများအားထုတ်လိုက်ထာ အာသဝေါကုန်ခမ်း ရဟန္တာမ ဖြစ်သွားကြောင်း။

ဒါကြောင့် ဗြဟ္မာပင်ဖြစ်လင့်ကစား ၂-နံပါတ်ဆိုတဲ့ အကုသိုလ်ကြေးဟောင်းတင် ကြွေးသစ်တွေတဖွားဖွားဝင်ပြီးသကာလ၊ကြွေးထူတဲ့ဗြဟ္မာဖြစ်လေသောကြောင့် ၃-နံပါတ်ဆိုတဲ့အပါယ်ကမလွတ်သေးပါဘူး၊ဗြဟ္မာတွေနဲ့မနေ့ကဦးပဥ္စင်းပြောတဲ့အတိုင်း တိရစ္ဆာန်နဲ့ ဗြဟ္မာနဲ့စပ်ကြစမ်း၊ ပြိတ္တာနဲ့ ဗြဟ္မာနဲ့စပ်ကြပါ၊ ဗြဟ္မာနဲ့အသူရကာယ် ငရဲအနန္တနဲ့စပ်ကြပါ၊ ဗြဟ္မာနဲ့လောကကြီးမှာရှိကြတဲ့ အင်မတန်ယုတ်ညံ့သေးသိမ် အောက်တန်းကျသော ဒွန်းစဏ္ဍားမျိုးနဲ့လဲ စပ်ကြပါ၊ သူတောင်းစား မျိုးနဲ့ လဲစပ်ကြပါ၊ ကိုယ်မကောင်းတဲ့ အနူရောဂါနဲ့ စပ်ကြစမ်းပါ။

ဗြဟ္မာတောင် အပါယ်ကျမလွတ်သေးဘူးဆိုယင် လူတွေလွတ်ပါ့မလား(မလွတ်နိုင်ပါဘုရား) ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေ မုန်သမျှ ရှေးတုန်းကလဲဘဲ အနာကြီးရောဂါစွဲပေါင်းများလှလေပြီ၊နောင်လဲဘဲ အင်မတန်စက်ဆုပ်စရာကောင်းတဲ့ ထွီ-ထွင်လို့ ရွံစရာကောင်းတဲ့ အနာကြီးရောဂါတွေဟာ မိမိတို့ ကိုယ်ပေါ်မှာ ကျရောက်လာအုံးမှာဘဲ၊ အပါယ်လဲကျရအုံးမှာဘဲ ပြိတ္တာဆိုဒါလဲ ဖြစ်ရအုံးတော့မယ်လို့ဆိုဒါ ယုံကြပါရဲ့လား (ယုံပါတယ်ဘုရား။)

ရှင်မောဂ္ဂလန်ကိုယ်တော်မြတ် ဂိဇ္ဈကုဋ်တောင်ပေါ်ကဆင်းပြီးတော့လာတဲ့အခါမှာ ပြိတ္တာ ထူးထူးဆန်းဆန်း သုံးဆယ် တွေ့လိုက်တဲ့ခါပြုံးလိုက်တယ်၊ ဘာဖြစ်လို့ပြုံးသလဲမေးယင် အော်....လောကကြီးထဲမှာသတ္တဝါတွေကြည့်ယင် ထူးထူးဆန်းဆန်းဖြစ်တဲ့ သုံး

ဆယ်သောပြိတ္တာတွေရှိပါသေးကလား၊ ငါသည် ဤလိုအဖြစ်မျိုးမှ လွတ်ခဲ့ပြီလို့ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ် ပြုံးတော်မူဒါဘဲ။

ယောဂီတို့ ငါတို့သည် ဤလိုအဖြစ်မျိုးမှ လွတ်ပြီလို့ ပြုံးနိုင်ရဲ့လား (မပြုံးနိုင်ပါဘုရား)ဒို့ဟာဖြင့်သူတောင်းစား၊ဒွန်းစဏ္ဍားဘဝကလွတ်ပြီလို့ ပြုံးနိုင်ရဲ့လား(မပြုံးနိုင်ပါဘုရား) အနာကြီးရောဂါတွေကော လွတ်ပြီလား (မလွတ်သေးပါဘုရား)။

အနာကြီးလွတ်ယင်တော့ပြုံး၊ မလွတ်လျှင်တော့မပြုံးကြပါနဲ့-ဒို့ဟာဖြင့်အပါယ်အဖြစ်မှလွတ်ပြီလို့ ပြုံးနိုင်ရဲ့လား (မပြုံးနိုင်ပါဘုရား) မပြုံးနိုင်ကြသေးဘူး၊ မပြုံးနိုင်ကြသေးဘူး၊ လွတ်ယင်တော့ပြုံးကြပါ၊မလွတ်သေးသမျှကာလပတ်လုံး မပြုံးကြပါနဲ့လို့ဆိုလိုက်ပေတယ်။

အဲဒါ-သမထသက်သက်ဆိုယင် ကြွေးထူကြီးခေါ်တယ်၊ ဈာန်အဘိညာဉ်တန်ခိုး မြေရှိုးမိုးပျံနေတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား၊ အားမကျပါနဲ့-အားမကျပါနဲ့၊ မိမိကိုယ်ကိုလဲကြည့်ကြ ဘုံသုံးဆယ့်တစ်မှာ သုဒ္ဓါဝါသ ငါးဘုံနှုတ်၊ နှစ်ဆယ့်ခြောက်ဘုံမှာ ဆိုလို့ရှိယင် ပဒေသရာဇ်-ကေရာဇ်-နတ်မင်း-ဗြဟ္မာမင်းကြီးတွေ ဖြစ်လာခဲ့တဲ့ဘဝပေါင်းတွေများလှပြီ၊လူမင်းဖြစ်ပေါင်းလဲ များလှပေပြီ၊ နတ်မင်းဖြစ်ပေါင်းလဲ များလှပေပြီ၊ ဟိုအထက်ဘဝဂ် နေဝသညာ နာသညာယတနဘုံမှာ မိုးဖျားဗြဟ္မာကြီး ဖြစ်ပေါင်းလဲ များလှပေပြီ၊ ဘယ်လိုပင်များပါသော်လဲ တရားခံနှစ်ဦးကိုမသတ်နိုင်သောကြောင့် မိမိတို့ကိုယ်ကို ပြန်ကြည့်မယ်ဆိုယင် ယခုလူ့ဘုံကြီးရောက်မနေဘူးလား (ရောက်နေပါဘုရား။)

လူ့ဘုံတွင်နေယင် တော်သေးတယ်၊ အောက်ကို ကြည့်ယင် အဝီစိထိအောင် မရှိဘူးလား (ရှိပါတယ်ဘုရား) အဝီစိထိအောင် ဆင်းကြလိမ့်မနော် ဒီကနေပြီးတော့ ပြန်တက်ယင် တော်သေးရဲ့ အောက်ကိုများပြန်ဆင်းမယ်ဆိုယင် အသဲနာစရာကြီး ဘာဖြစ်လို့လဲမေးယင် မဆင်းနိုင်တဲ့ ဒိဋ္ဌိသတ်နိုင်တဲ့ တရားကောင်း တရားမြတ်တွေရှိနေပါလျက်နဲ့ လက်နက်တွေရှိနေပါလျက်နဲ့ ဥပမာ-မစင်ပေနေတဲ့လက်ဟာ ရေအိုင်ကြီး တွေ့နေရပါလျက်နဲ့ မဆေးယင် ရေအိုင်အပြစ်မဟုတ်ဘူးနော် ကိုယ့်အပြစ်ဘဲ၊ မိမိတို့၏လက်အပြစ်ဘဲ၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား။)

ယခုလဲ ထို့အတူ အင်မတန်အပါယ်မကျနိုင်တဲ့ ပဋ္ဌိပတ္တိသာသနာ ထွန်းပြီးသကာလ အပါယ်ပစ်ချနိုင်တဲ့ တရားခံနှစ်ဦးကို သတ်နိုင်တဲ့လက်နက်ကောင်းတွေရှိနေပါလျက်နဲ့ ထိုလက်နက်ကောင်းတွေ့ ရင်တွင် နာမ်အစဉ်မှာ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်ကိုင်ဆောင်မသုံးတတ်လျှင် လက်နက်အပြစ်မဟုတ်ဘူးနော် လက်နက်အပြစ်မဟုတ်ဘူး၊ ကိုယ့်အပြစ်ဘဲလို့ဆိုဒါ ရှင်းရှင်းကြီး မှတ်ကြပေတော့ (မှန်ပါဘုရား။)

ဒါကြောင့်-သမထပင်ရှိငြားသော်လဲ ဈာန်အဘိညာဉ်တန်ခိုး မြေရှိုးမိုးပျံနေပေမယ်လို့ သမထကြောင့်လွတ်ယင် တခဏဘဲလို့ မှတ်ကြပါ၊ အားလုံးရှင်းပလား၊ (ရှင်းပါဘုရား။)

ကဲ- ဒါဖြင့် သမထကောက်ကြစို့-တဲ့၊ သမထ ကောက် မယ် အလယ်ခေါင် အကြံမှား သုံးခုကို သမထနဲ့ဘိ- လို့ ဆိုတဲ့အတိုင်း

သမထကောက်တော့မယ်၊ သမထသည် လမ်းရှည်ထဲက သမထ တမျိုး၊ လမ်းတိုထဲက သမထတမျိုး နှစ်မျိုးလို့ မှတ်။

လမ်းရှည်ထဲက သမထဆိုယင် ဥပစာရ သမာဓိ-အပ္ပနာသမာဓိ သင်္ဂြိုဟ်လာတဲ့ အတိုင်း ကောက်ပါ၊ လမ်းတိုထဲက သမာဓိဆိုယင် ခဏိက သမာဓိကောက်ပါ။

သင်္ဂြိုဟ်မှာမပါဘူး၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးထဲတောင်မပါဘူး၊ ဝိသုဒ္ဓိမဂ်အဖွင့် မဟာဋီကာ ပဌမအုပ်၊ နိဒါန်းအစမှာပါ၏၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာမှာလဲပါ၏၊ မူလပဏ္ဏာသ အဋ္ဌကထာမှာလဲ ပါတယ်လို့ ဆိုဒါ စာကြည့်တတ်ယင် သွားကြည့်ကြပေတော့ ကျမ်းညွှန်းလိုက်ပြီ၊ မှတ်ထားကြ။

လမ်းရှည်ထဲက သမထဆိုယင် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ကောက်ပါ၊လမ်းတိုထဲကသမထဆိုယင် ခဏိကသမာဓိကောက်ပါ၊ သမာဓိချင်းမတူဘူး။

**လမ်းရှည်သမထ ကောက်ပုံ**

က- လမ်းရှည်ထဲက ဥပစာရသမာဓိ- အပ္ပနာသမာဓိကောက်ပုံလေး သီလအစ-တဲ့၊ အစမှာ သီလလုံခြုံအောင် ဖြည့်ကျင့်ရခြင်း။

သမထအလယ်တဲ့၊ ဝိပဿနာ အားထုတ်မယ်ဆိုယင် သမထကို အလယ်အားထုတ်ရတယ်၊ သမထ ကမ္မဋ္ဌာန်းကို အလယ်အားထုတ်ရတယ်။

သမထကမ္မဋ္ဌာန်းကို အယင်အားထုတ်မယ်ဆိုယင် သမထ ကမ္မဋ္ဌာန်းလေးဆယ်ထဲက ကြိုက်နှစ်သက်ရာကမ္မဋ္ဌာန်းတခုကို ပွားများကြပါ၊ ပွားများပြီဆိုယင် ဥပစာရ သမာဓိစျာန်၏ ရှေ့အနီးမှာ

ဖြစ်တဲ့ သမာဓိကို ခေါ်ပါတယ်၊ ဈာန်တခု ရောက်လာပြီဆိုယင် အပ္ပနာသမာဓိလို့ ခေါ်ပါတယ်။

ပဌမဈာန်ရပြီးတဲ့နောက် ဒုတိယဈာန်ရအောင် အားထုတ်တဲ့ အခါမှာ ဒုတိယဈာန်ရှေ့ ဂေါ်တြဘူတိုင်အောင် ဥပစာရ သမာဓိ ဒုတိယဈာန်၏ရှေ့အနီးဖြစ်တဲ့ သမာဓိခေါ်တယ်၊ ဒုတိယဈာန်ရ လာပြီဆိုယင် အပ္ပနာသမာဓိလို့ ဆိုပါတယ်။

ကဲ-ချုံးကြစို့၊ အပ္ပနာသမာဓိဆိုယင် ဈာန်သမာဓိ ကောက်ရ လေသောကြောင့် ဈာန်သမာဓိဆိုယင် စတုက္ကနည်းနဲ့ အပ္ပနာ သမာဓိ ၄-ပါး၊ ပဥ္စကနည်းနဲ့ ၅-ပါး ကောက်ကြပေတော့။ အပ္ပ နာ သမာဓိ ၄-ပါး၊တနည်း ၅-ပါးကောက်မယ်ဆိုယင်ဈာန်သမာဓိ မှာ ဥပစာရသမာဓိက တခုတခု ပါရလေသောကြောင့် ဥပစာရ သမာဓိကလဲ ၄-ပါး၊တနည်း ၅-ပါးကောက်ကြပေတော့။

အဲသလိုကောက်မယ်ဆိုယင် ဥပစာရ သမာဓိက ၄-ပါး၊အပ္ပနာ သမာဓိက ၄-ပါး၊ ၄-နှစ်လီ ၁၆-က တမျိုး။

အပ္ပနာသမာဓိက ၅-ပါး၊ ဥပစာရသမာဓိက ၅-ပါး၊၅-နှစ်လီ ၁၀-က တမျိုးလို့ နှစ်မျိုး ကောက်ကြပေတော့။

ဤကဲ့သို့ကောက်ခြင်းသည် ဘာများကျေးဇူး များကြမလဲဆို ယင် သမထဘက်က ဝိပဿနာ တက်တဲ့နေရာမှာ ၁၆-မျိုး တက်နိုင် ပါတယ်၊ တနည်းအားဖြင့် ၁၀-မျိုး တက်နိုင်ပါတယ်။

**သမထမှဝိပဿနာ တက်ပုံ**

တက်ပုံလေး.... ပဌမဈာန်မရသေးခင် ဥပစာ ရ သမာဓိကလဲ ဝိပဿနာတက်နိုင်ပါတယ်၊ ပဌမဈာန်ရပြီးတဲ့နောက်၊ ဒုတိယဈာန်မရ သေးခင် ဥပစာရသမာဓိကလဲ တက်နိုင်ပါတယ်၊ ဒုတိယဈာန်ရပြီး

အပ္ပနာသမာဓိကလဲတက်နိုင်ပါတယ်၊ ဒုတိယစျာန်ရပြီးတဲ့နောက် တတိယစျာန်မရသေးခင် ဥပစာရသမာဓိကလဲ ဝိပဿနာတက်နိုင်ပါတယ်၊တတိယစျာန်ရပြီး....အပ္ပနာသမာဓိကလဲ ဝိပဿနာတက်နိုင်ပါတယ်၊ တတိယ စျာန်ရပြီးတဲ့နောက် စတုတ္ထစျာန်မရသေးခင် ဥပစာရသမာဓိကလဲ ဝိပဿနာတက်နိုင်ပါတယ်၊စတုတ္ထစျာန်ရပြီး အပ္ပနာသမာဓိကလဲ ဝိပဿနာတက်နိုင်ပါတယ်။

ဤကဲ့သို့ အထက်သို့ ဆင့်ကဲ ဆင့်ကဲ တက်ပြီးတော့သွားမယ်ဆိုယင် ဆယ့်ခြောက်မျိုး တက်နိုင်ပါတယ်၊ တနည်းဆယ့်ရှစ်မျိုးတက်နိုင်ပါတယ်ဆိုဒါ မှတ်ပေတော့။

**စကားချပ်** ကိုယ့်လမ်းမဟုတ်ဘူး၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ပြတဲ့လမ်းတော့မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့ တွေ့တုန်းအခါလေးမှာ အနည်းငယ်မျှရှင်းပြရတယ်၊ ဆရာတော်ဘုရားကြီးလဲ ဒါလေးသာရှင်းပြတယ်။

ဥပစာရ,သမာဓိ၊ အပ္ပနာ,သမာဓိဆိုဒါ စာတတ်သော ပုဂ္ဂိုလ်များ၏ အသုံးအနှုန်း အခေါ်အဝေါ် များသာဖြစ်၍ စာမတတ်သောပုဂ္ဂိုလ်များဆိုလျှင် ဘာမှနားလည်မှာမဟုတ်ဘူး၊ ဒါကြောင့် စာမတတ်သော ပုဂ္ဂိုလ်များအတွက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်၍ ဘုရား အာရုံ ပြုပုံလေး....။

**ဗုဒ္ဓါနုဿတိ ဘာဝနာပွါးပုံ။** စာလို- ဝိတက်,ဝိစာရ,ပီတိ, သုခ,ဧကဂ္ဂတာ- ၅,မျိုးလေး စဉ်ထား.... အကျဉ်းချုပ်ကလေး ဘုရားရှိခိုးတော့မယ်နော်.... (မှန်ပါဘုရား။)

(၁၇)

**ပရိကမ္မနိမိတ်။** အိမ်မှာရှိသော ဘုရားကိုပင် ဖြစ်စေ၊ ကျောင်းမှာရှိသော ဘုရားကိုပင် ဖြစ်စေ၊ တန်ခိုးကြီးသော ရွှေတိဂုံ- ရွှေမော်ဓော- မဟာမြတ်မုနိ- ဘုရားကိုပင် ဖြစ်စေ၊ ကဲ- ဘုရားရှိခိုးတော့မယ်ဆိုယင် မလှမ်း မကမ်းမှာနေ၊ မနီး မဝေးမှာနေ၊ တိတ်ဆိတ်တဲ့ အရပ် တခု ရှာ- တဘက်ကလေးပါယင်တဘက်ကလေးလက်ကန်တော့ထိုး-လက်အုပ်ချီ-အားရအောင် မျက်စိနဲ့ ဖွင့်ဖူးနေဘ်- မျက်စိနဲ့ကြည့်လို့မြင်ယင် "မျက်မြင်ဘုရား" ခေါ်တယ်၊ စာလို "ပရိကမ္မနိမိတ်" ခေါ်တယ်။

**ဝိတက်။** အားရအောင်ကြည့်၊ မျက်လုံးမှိတ်လိုက်ပြီး-စိတ်ထဲမှာ ဘုရားလာ မမြင်မချင်း မှိတ်ချီ, ဖွင့်ချီ- မှိတ်ချီ,ဖွင့်ချီ- ပြုလုပ်နေပါ၊ ဤကဲ့သို့- စိတ်နဲ့ ဘုရား မမြင်မချင်း ဖွင့်လိုက်,မှိတ်လိုက်- ဖွင့်လိုက်, မှိတ်လိုက်ပြုလုပ်နေဒါ- စာလို "ဝိတက်" ခေါ်ပါ၊ ဗမာလို- စိတ်နဲ့ ဘုရား မမြင်မချင်း အာရုံယူနေတယ်လို့ ခေါ်ပါ။

**ဥဂ္ဂဟနိမိတ်။** ကဲ....မျက်စိ မှိတ်လိုက် သည်နှင့် တပြိုင်နက်–စိတ်ထဲမှာ ဘုရားပုံတော်ကြီးကို မြင်မယ်ဆိုယင်- အဲဒါ "စိတ်မြင်ဘုရား" လို့ ခေါ်တယ်၊ စာလို "ဥဂ္ဂဟနိမိတ်" ခေါ်ကြပေတယ်။

ကဲ....မျက်စိမှိတ်ထားတယ်၊ မျက်စိမှိတ်ယင် ဘုရား ပျောက်သွားပြီဆိုယင် ပြန်ဖွင့်ပြီး တခါ မျက်လုံးမှိတ်လိုက်၊ ပျောက်သွားပြီဆိုယင် ပြန်ဖွင့်ကြည့်အုံး- အားရအောင် ပြန်မှိတ်လိုက်၊ မှိတ်လိုက်သည်နှင့်တပြိုင်နက် စိတ်ထဲမှာ ဘုရား မြင်နေမယ် ဆိုယင်- "စိတ်မြင်ဘုရား" ခေါ်တယ်။

ဟော....စိတ်နဲ့ဘုရားနဲ့ကိုက်နေပြီ၊ မိမိစိတ်သည် ဘယ်ထဲမှာ တည်နေသလဲဆိုယင် ဘုရားထဲရောက်နေပြီ၊ ဘုရားသည် ဘယ်ထဲမှာ ရောက်နေသလဲဆိုယင် ကိုယ့် စိတ်ထဲ ရောက်နေပြီလို့....အင်မတန် စိတ်နဲ့ ဘုရားကို မြင်နေတဲ့ အချိန်မှာ....။

**ဝိစာရ။** ကဲ....ရတဲ့ ဂုဏ်တော်လေးကို တင်ကြစမ်း၊ ရတဲ့ ဂုဏ်တော်လေးတခုမှာ ကြည်ညိုစရာ ကောင်းတဲ့ ဂုဏ်တော်လေးတခု တင်မိလိမ့်မယ်၊ မှန်းမိလိမ့်မယ်၊ ဂုဏ်တော်တင်ဒါ "ဝိစာရ"လို့ ခေါ်ပါ၊ဗမာလို ဂုဏ်တော်တင်တယ်၊ ဂုဏ်တော်မှန်းတယ်- ဂုဏ်တော်သုံးသပ်တယ်လို့ ခေါ်ပါ။

ဤကဲ့သို့ ကြည်ညိုစရာကောင်းတဲ့ ဂုဏ်တော်လေးတင်မိ-မှန်းမိလိုက်မယ်ဆိုယင် ကြက်သီးတွေ ဖြန်းကနဲ့, စိမ့်ကနဲ့, အေးကနဲ့ ဆိုဒါလို ပီတိတွေဖြစ်လာတယ်။

ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး မှန်းလေ့မှန်းထရှိသော အရဟံ ဂုဏ်တော်လေးတခု မှန်းပြမယ်၊ ဒါလေးဟာ လက်တွေ့စမ်းကြည့်ကြစမ်း။

**ဂုဏ်တော်မှန်းပုံ။** အရဟံ- အရဟံ- အရဟံ လို့ 'ပါဠိ သက်သက်ပင် ဖြစ်စေ....လူနတ် ဦးခိုက်ပူဇော်တော်မူထိုက်သော ဘုရားကြီးပါတကား- ဘုရားကြီးပါတကား.... လို့ ပါဠိ မြန်မာ-နှစ်ဘာသာ ရောယှက်၍ ဖြစ်စေ- ဂုဏ်တော်လေးတွေတင်ကြ- တိုယင်ကောင်းတယ်။

ပူဇော်ထိုက်သော ဘုရားကြီးပါတကား....ပူဇော်ထိုက်သော ဘုရားကြီးပါတကား....လို့ ဤကဲ့သို့ ဂုဏ်တော်လေး.... တင်ပါ

များလို့ရှိယင် ကြည်ညိုစရာကောင်းတဲ့ဘုရားတဆူ၊ ရှေ့နားဘွားကနဲပေါ်လာတတ်တယ်၊မျက်စိနဲ့မြင်ရတဲ့ ဘုရား မျိုးလဲမဟုတ်ပါ၊ မျက်စိမှိတ်လိုက်တဲ့ အခါမှာစိတ်ထဲက မြင်ရတဲ့ဘုရားမျိုးလဲမဟုတ်ပါ၊ ရှေ့ကမြင်ရတဲ့ ဘုရားတွေနဲ့ မဆိုင်တော့ဘူး၊ ဒီဘုရားကစိတ်ထဲမှာလာထင်တဲ့ "စိတ်ထင် ဘုရား" လို့ခေါ်ပါတယ်။

အဲဒီ-စိတ်ထင် ဘုရားဟာလေ ဘုရားအစစ်ကြီးလို့ စိတ်ထဲမှာထင်၊ ရှေ့နားဘွားကနဲပေါ်လိုက်တဲ့ အခါမှာဆိုယင် ရောင်ခြည်တော်တွေများ ကွန့်မြူးပြီးသကာလ ပါလာသည် ဖြစ်လေသောကြောင့် တကယ့်ကိုပင်လေ....ဒို့ ဘုရားအစစ်ကြီး ဖူးမြင်ရပြီ- ဘုရားအစစ်ကြီးဖူးရပြီလို့ ဘုရားကြီး ဘွားကနဲ ပေါ်လိုက်မယ်ဆိုယင် ပြေးဘက်တော့မယ်၊ ဘုရားဆီကို အားယူလိုက်မယ် ဆိုယင် ချက်ခြင်းရိပ်ခနဲ ပျောက်သွားတတ်တယ်။

အံ့အားသင့်လိုက်တာနော်-အံအားသင့်လိုက်ထာ၊ပွားများနေ အုံး၊ ပွားများနေအုံး၊ အရဟံ-အရဟံလို့ ပင်ဖြစ်စေ၊ ပူဇော်ထိုက်သော ဘုရားကြီးပါတကားးလို့ ပင်ဖြစ်စေ၊ အရဟံဂုဏ်ကူးဖြင့် ချီးကျူးခြင်းငှာထိုက်တော်မူသော ဘုရားကြီးပါတကား၊ ဘုရားကြီးပါ တကား-လို့ပင်ဖြစ်စေ ဆက်ပြီးတော့ မှန်းနေကြ။

**ပီတိ။** မှန်းပါများမယ်ဆိုယင် ခုန ကြည်ညိုစရာကောင်းတဲ့ ဘုရားတဆူရှေ့နားမှာ ပေါ်လာ တတ်ပေသည်၊ အဲဒီအခါကျပြီဆိုယင် ဘုရားအစစ်ဖူးမြင်ရပြီလို့ ကြက်သီးတွေ ဖြန်းကနဲ စိမ့်ကနဲ,သိမ့်ကနဲ ဖြစ်ပေါ်လာတတ်တယ်၊ ဤကဲ့သို့ ဖြစ်ပေါ်လာတာကိုပင် စာလိုတော့ "ပီတိ" ဖြစ်တယ်လို့ ခေါ်တယ်၊ နှစ်သက်တယ် ခေါ်တယ်၊ ဝမ်းသာတယ် ခေါ်တယ်။

ဤကဲ့သို့ "ပီတိ"ဖြစ်လာမယ်ဆိုယင် ဗမာကတော့နေ၁် အောင် ဒီဘုရားကြီး ကြည်ညိုစရာ ကောင်းလိုက်ထာ၊ ကြည်ညိုစရာ ကောင်းလိုက်ထာ-လို့ ကြည်ညိုစရာလို့ ခေါ်သတဲ့၊ ပီတိဖြစ်တာကို ပင် ကြည်ညိုစရာ- ကြည်ညိုစရာ- လို့ ခေါ်တယ်၊ စိတ်နောက်တွေ ပျောက် ကြည်လင်ဒါတွေ ရောက်လာပါလိမ့်မယ်၊ စိတ်ညစ်ထာ တွေပျောက် ဖြူစင်ဒါတွေ ရောက်လာပါလိမ့်မယ်၊ ပူလောင်ဒါ တွေပျောက်- စိတ်အေးဒါတွေ ရောက်လာပါလိမ့်မယ်၊ ဒါကြောင့် ကြည်ညိုစရာ- ကြည်ညိုစရာဆိုဒါက အကြောင်းခံ ပီတိဖြစ်ပေါ် လာလို့ ဆိုတာမှတ်ပေတော့။

**သုခ။** ဒါဖြင့်- အေးကနဲ့ စိမ့်ကနဲ့ သိမ့်ကနဲ့ ဆိုတဲ့သိသိသာသာ ပီတိတွေဖြစ်ပေါ်လာမယ်ဆိုယင် ဝမ်းသာဒါဖြစ်ပေါ်လာ မယ်ဆိုယင်၊ ဝမ်းသာလေလေ-စိတ်နှလုံး ချမ်း သာလေလေ- စိတ် နှလုံးချမ်းသာလေလေ ကိုယ်လေးတွေလဲ ချမ်းသာလေလေ၊ စိတ် ချမ်းသာ ကိုယ်ချမ်းသာ နှစ်ဖြာပေါ်လာတာကိုပင် စာလို"သုခ" ခေါ်တယ်။

ဤကဲ့သို့ သုခချမ်းသာဒါ ပေါ်လာမယ် ဆိုယင် စာလိုတော့ ရတနာ ခေါ်တယ်၊ဗမာလိုပြန်လိုက်မယ်ဆိုယင် "ပျော်စရာကြီး" လို့ခေါ်တယ်။

**ရတနာပေါ်ပုံ။** ဪ- ဒီတခါ ဘုရားဖူးရဒါ ငါ့စိတ်တယ် ပျော်တယ်ဟေ့- အင်မတန် ငါ့စိတ်သည် ရွှေ့ကနဲ့မတူ အလွန်ဘဲပျော်တယ်ဟေ့၊ ဘာဖြစ်လို့ ပျော်သလဲ လို့မေးယင် စိတ်လဲချမ်းသာလို့ ကိုယ်လေးတွေလဲ ချမ်းသာလို့

ကိုယ့်စိတ် ကိုယ်ပြန်ကြည့်မယ်ဆိုယင် နှလုံးသွေးလေခတ်သလိုဖြန်း ကနဲ့ စိမ့်ကနဲ့ သိမ့်ကနဲ့ ဆိုထာလို အင်မတန်မှလဲ စိတ်ချမ်းသာ ပါပေ၏၊ ကိုယ်လေးတွေများကြည့်မယ်ဆိုယင်၊ အေးရှိန့်အေးခိုး အေးငွေ့လေးတွေ သန်းပြီးသကာလ အင်မတန် ရေစီးချောင်း တွေများဆင်းသကဲ့သို့ ချွေးများကျနေသကဲ့သို့ ကိုယ်လေးတွေလဲ တယ်ချမ်းသာတယ်ဟေ့- တယ်ချမ်းသာတယ်- တနာရီပင် စေ့ ပင်- စေ့သွားသော်လဲ မကျင်ဘူးနော်- မညောင်းဘူးနော်၊ မထို ဘူးနော်- မနာဘူးနော်- မကိုက်ဘူးနော် ဒီတခါ ဘုရားအားရုံပြု ရဒါ ငါ့စိတ်တယ် ချမ်းသာတယ်၊ ကိုယ်လေးတွေလဲ တယ်ချမ်း သာတယ်၊ ဒါကြောင့်- ဒီတခါဘုရားအားရုံပြုရဒါ ငါ့စိတ်ထဲမှာ တယ်ပျော်တယ်ခေါ်သတဲ့၊ ဤကဲ့သို့ ပျော်စရာကောင်းတာကိုပင် ဗမာလို ရတနာခေါ်တယ်။

ဆရာတွေ ခလေးတွေသင်ဒါ ရတနာဘယ်နှစ်ပါးရှိသလဲမေး ဘုရားရတနာ, တရားရတနာ, သံဃာရတနာ, သုံးပါးရှိတယ် လို့ ဖြေကြတယ်၊ ဘာကြောင့်- ရတနာခေါ်သလဲ-လို့ မေးတဲ့အခါ မှာ "ရတိံ ဇနေတီတိ ရတနံ" ပျော်စရာကိုဖြစ်စေတတ်လို့ ရတနာ ခေါ်တယ်၊ ငွေဖြေနေရုံမျှမတ္တနဲ့ ပျော်စရာအစစ်မတွေ့ပါ၊ပျော် စရာ ပျော်စရာဆိုတာက တကယ့်ကို ကိုယ်ထဲမှာ သုခ- ချမ်းသာ ဒါတွေ့မှ ပျော်စရာ အစစ်မှတ်ပါ၊ ဒါကြောင့်- ရတနာ အစစ်ဆို ယင်၊ ကိုယ်ထဲမှာ ပျော်စရာ အစစ် ပေါ်လာ ရမယ်လို့ ဆိုလို တယ်။

**ဧကဂ္ဂတာ။** စိတ်ချမ်းသာ ကိုယ်ချမ်းသာလေလေ၊ ပျော်စရာကောင်းလေလေ၊ ပိုပြီးတော့ ပျော်စရာကောင်းလေလေ၊ ပိုပြီးတော့ ချမ်းသာလေလေ- ချမ်းသာလေလေ၊ ဘုရားအာရုံထဲမှာ စိတ်ကလေးတခုထဲစွဲလေလေဘဲ၊ ဘုရားအာရုံ တခုထဲမှာ-စိတ်စွဲမြဲပြီးတော့ နေဒါ စာလိုတော့ ဧကဂ္ဂတာ သမာဓိခေါ်လိုက်ပါတယ်-လို့ ရှင်းရှင်းကြီး မှတ်ကြပေတော့ ရှင်းပါရဲ့လား၊ (ရှင်းပါတယ် ဘုရား)။

**သမာဓိ။** ငါ့စိတ်နေ့ဘ်- ဘုရားအာရုံတော့စွဲနေပြီ- စွဲနေပြီ၊ ဘုရားအာရုံတော့ ခွဲလို့ မရတော့ဘူး၊ ဧကဂ္ဂတာ ကျနေပြီ၊ ဘုရားအာရုံတခုထဲ စွဲမြဲပြီးတော့ နေတာကိုပင် သမာဓိ-သမာဓိ စိတ်တည်တယ် ခေါ်တယ်။

**သမထ။** ဤကဲ့သို့ သမာဓိ စိတ်တည်နေတဲ့ အချိန်လေးမှာ သမထ ကိလေသာ ငြိမ်းနေသတဲ့၊ ဘယ် ကိလေသာလဲ မေးမယ်ဆိုယင် အလယ်ခေါင်အကြံမှားဆိုတဲ့ ကိလေသာ သုံးပါး ငြိမ်းနေတယ်၊ အပြောမှားဘို့ ကြံစည်ဒါလေးမျိုးလဲ ငြိမ်းနေတယ်၊ အလုပ်မှားဘို့ ကြံစည်တာသုံးမျိုးလဲ ငြိမ်းနေတယ်၊ အသက်မွေးဝမ်းကြောင်းမှားဘို့ ကြံစည်တာ ခုနစ်မျိုးလဲ မပေါ်တော့ပါ၊ စိတ်အစဉ်မှာ မပေါ်တာကိုပင် ပျောက်ပြီး ငြိမ်းပြီးတော့ နေလိုက်တာကိုပင် စာလိုတော့ သမထခေါ်တယ်၊ ဗမာလိုတော့ ကိလေသာငြိမ်းနေတယ် ခေါ်တယ်။

**စိတ္တဝိသုဒ္ဓိ။** ဤကဲ့သို့ ကိလေသာ ငြိမ်းပြီးတော့ နေဒါကိုပင် စိတ္တဝိသုဒ္ဓိခေါ်တယ်၊ ငါ့စိတ်ဟော့ ယခုမှဘဲရှင်းသွားပြီ အေးသွားပြီ၊ ငါ့စိတ်လေး ယခုမှဘဲ ချမ်းသာပြီ အရင်

တုန်းကတော့ စိတ်ဟာဖြင့် တယ်ရှုပ်တယ်၊ စိတ်- ခဏ- ခဏ ညစ်တယ်၊ စိတ်ဆိုးတယ်- စိတ်ကောက်တယ်- စိတ်မချမ်းသာဘူး- အမြဲတန်းပူလောင်ပြီးတော့နေတယ်၊ ယခုတော့လေ ငါ့စိတ်ကလေးဟာ သိသိသာသာအေးပြီးတော့သွားပြီ၊ သန့်ရှင်းပြီးတော့ သွားပြီ၊ ဖြူစင်ပြီးတော့သွားပြီ စိတ်ကလေးဟာဖြင့် အမြဲတန်း ချမ်းသာပြီးတော့သွားပြီလို့ ဆိုတာ စာလိုစိတ္တဝိသုဒ္ဓိခေါ်တယ် ဆိုတာ မှတ်ပေတော့ သဘောကျပလား၊ (ကျပါပြီ ဘုရား။)

**စကားချပ်။** ကိုယ့်လမ်းတော့မဟုတ်ဘူး၊ ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီးပြတဲ့လမ်းတော့ မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့....ဘုရားကို ရှိခိုးဒါ- ဘုရားကို အာရုံပြုဒါ အင်မတန် များတတ်ဘယ်၊ ယခုသက်ဆက်ဆိုယင် မိန်းမသားများ ဘုရား များ တယ့်ဝတ်ပြုကြ.... အိမ်မှာ ဆို ယင် ဘုရားခန်းလေး သား သား နား နား လုပ် ပြီး တော့- ပန်း ရေ လဲ ခြင်းဆီမီးဖယောင်းတိုင် ထွန်းခြင်းဆိုတဲ့- ဘုရား ဝေယျာဝစ္စပြုတဲ့ နေရာမှာဆိုယင် အိမ်မှာကြက်သရေအရှိဆုံးဆိုတဲ့- ဒီလိုဝတ္တရားများ- ယောကျ်ားတွေ တယ်-ပြီးတော့ မလုပ်နိုင်ဘူး၊ မိန်းမသားတွေ ဘဲပြုနိုင်တယ်၊ ဒီလို ဘုရားဝတ်ပြည့်စုံပြီး ဘုရားရှိခိုးတဲ့ နေရာမှာ ဘုရားရှိခိုး သုံးမျိုးနော်....။

**ဘုရားရှိခိုး သုံးမျိုး။** ရိုးရိုးဘုရားရှိခိုးဒါက တမျိုး၊ အထူး ဘုရားရှိခိုးဒါက တမျိုး၊ အမြတ်စား ဘုရားရှိခိုးဒါက တမျိုး....လို့ ဘုရားရှိခိုး သုံးမျိုးရှိပါတယ်။

ရိုးရိုး ဘုရားရှိခိုးဆိုတာက ယခု ဦးပဥ္စင်း ပြောတဲ့ အတိုင်း သမထလဲမပေါ- ဝိပဿနာလဲ မပေါဘဲနဲ့ ရှိခိုးနေကြအတိုင်း ရှိခိုး နေကြခြင်းသည်- ရိုးရိုးဘုရားရှိခိုးလို့ ခေါ်တယ်။

အထူးဘုရားရှိခိုးဆိုဒါက ဦးပဥ္စင်းပြောခဲ့ဘဲ့အတိုင်း သမထ ဆန်ဆန်လေးနဲ့ ရှိခိုးကြဒါ- အထူးဘုရားရှိခိုးလို့ ဆိုလိုက်ပေ တယ်။

ရိုးရိုးဘုရားရှိခိုး ဒါလဲဘဲ မျက်မြင်ဘုရား- စိတ်မြင်ဘုရားရှိခိုး ကြလေသောကြောင့် ပညတ် ဘုရားတွေ ရှိခိုးနေတယ်- ဘုရား အစစ်ကို မမြင်သေးဘူ-လို့ မှတ်ပါ။

အထူးဘုရားရှိခိုးဆိုယင် စိတ်ထဲမှာ ထင်ရတဲ့ ဘုရားမျိုး- ရှိခိုး လေသောကြောင့် သဏ္ဍာန်ပညတ်တွေ မပျောက်- မပျောက်လို့ ရှိယင် ဘုရားအတုတွေဘဲရှိခိုးနေပါသည်- အစစ်ကိုမမြင်သေးလို့ မှတ်ပါ။

အမြတ်စား ဘုရားရှိခိုးဆိုတာက ဝိပဿနာနဲ့ကွဲတဲ့ ရှိခိုးနည်း ဘဲ၊ ခန္ဓာမှာ ပေါ်ယင်သိ- သိရင်ပျက်- ပျက်သွားလျှင် အနိစ္စ၊ ပျက်သွားလျှင် အောင့်လို့မရတဲ့ သခါရ ဒုက္ခ၊ ပျက်သွားလျှင် အစိုးမရတဲ့ အနတ္တ- လက္ခဏာသုံးခွင် ထင်မြင်ခဲ့ပါလျှင် အရိယာ ဖြစ်ကြောင်း- လက္ခဏာကောင်းထင်- အရိယာ အစစ် မြင် ဆိုတဲ့ အတိုင်း အရိယာ အစစ်တွေကို မြင်ရာ- ပူဇော်ရာ- ကန်တော့ရာ ကျပါပေ၏။

လက္ခဏာရေးသုံးပါးထင်- ဘုရားအစစ်မြင်ဆိုတဲ့အတိုင်း ဘုရား မှန်- တရားစစ်တွေကို တကယ်တန်း မြင်ပါပြီတဲ့.... ဒါကြောင့်-

ဝိပဿနာနဲ့တွဲတဲ့ ရှိခိုးခြင်းသည်ကား- အမြတ်စား ဘုရားရှိခိုးလို့ ဆိုလိုက်ပေတယ်။

**နည်းယူစေလို ဝတ္ထုတို။**

ခုန....သိရိဓမ္မာ သော က မင်း ကြီး၏ အသန္ဓိ မိဖုရား- ဘုရားရှင်ကိုယ်တော်မြတ်၏ အသံတော်နှင့် ဆင်တူရိုးမှား ဖြစ်သော ကရဝိတ် ငှက်မင်း၏ အသံကို ကြားနာရဒါ အကြောင်းခံပြီး သကာလ-အရှင်းကျအောင် စဉ်းစားလိုက်တယ်။

ဩော်....အဟိတ်တိရစ္ဆာန်ဖြစ်သော ကရဝိတ် ငှက်မင်းရဲ့ အသံတောင် ဤမျှလောက် သာယာနာပျော်ဘွယ်ရှိသေးတယ်ဆိုယင် သက်တော်ထင်ရှား မြတ်ဘုရား၏ အသံတော်ဟာ အင်္ဂါရှစ်ပေါ် အသံတော်နဲ့ ပြည့်စုံနေပါသတဲ့၊ အင်္ဂါရှစ်ပေါ် အသံတော်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အသံတော်ကိုများ ကြားနာလိုက်ရမယ်ဆိုယင် သာ၍ပင် သာယာနာ ပျော်ဘွယ် ရှိတော့မှာပါ တကား....လို့ အရှင်းကျအောင်များ စဉ်းစားလိုက်တော့ ကြက်သီးလေးတွေ ဖြန်းကနဲ့, စိမ့်ကနဲ့, သိမ့်ကနဲ့, အေးကနဲ့ဆိုဒါလို သိသိသာသာ ပီတိတွေ အင်မတန် ဖြစ်ပေါ် လာသတဲ့....ပီတိကို ခွာပြီး- ငမ်းသာဒါကိုခွာပြီး- ဖြန်း သိပျက်- စိမ့်သိပျက်- အေးသိပျက်လို့.... သိပျက်- သိပျက်-ဆက်လိုက်ထာက ဝိပဿနာ သဘောပါဘဲ။

ဤကဲ့သို့ သိပျက်,သိပျက်,ဆက်ခါ- ဉာဏ်စဉ်တက်၍ သိပျက်ဇာတ်သိမ်း ချုပ်ငြိမ်းသွားသော နိဗ္ဗာန်တဖက်ကမ်းကို သောတာပတ္တိ- မဂ်ဉာဏ်- ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် ပြုပြီးတော့သွားဒါ

အမြတ်စားဘုရားရှိခိုးမျိုးပါတဲ့ (အားလုံးရှင်းပါရဲ့လား)၊ (ရှင်းပါပြီဘုရား။)

**အတုယူကြဘို့** ယခုလဲ ထို့အတူဘဲ၊ စိတ်အစဉ်မှာ- ဘုရားဖူးရင်း မတ္တာနဲ့- အေးကနဲ့- စိမ့်ကနဲ- ဖြန်းကနဲ-သိမ့်ကနဲဆိုဒါလို ဖြစ်လာမယ် ဆိုယင်တော့ သိပျက်သာ ဆက်လိုက်ပေတော့....။

သိပျက်-သိပျက် ဆက်လိုက်မယ်ဆိုယင်၊ ဉာဏ်စဉ်တက်၍ ဘုရားရှိခိုးယင်း လေ....ဖြစ်ပျက်ရပ်သော နိဗ္ဗာန်ကြီးကိုတခါရပ်ထာ မြင်ယင် သောတာပန်- နှစ်ခါရပ်ထာမြင်ယင် သကဒါဂါမ်၊ သုံးခါရပ်ထာမြင်ယင် အနာဂါမ်၊ လေးခါရပ်ထာမြင်ယင် ရဟန္တာဖြစ်လိမ့်မယ်လို့ဆိုဒါ အဲဒါက အမြတ်စား ဘုရားရှိခိုးနည်းလို့ဆိုတာ မှတ်ပေတော့၊ အားလုံး သဘောကျပလား (ကျပါဘုရား)။

အင်မတန်မှ ဘုရားလေးလဲဘဲ ရှိသေတတ်အောင်၊ ဝတ်ကြီး-ဝတ်ငယ်လဲဘဲ ပြုတတ်အောင် ပန်းတွေ-ရေတွေလဲ-လဲတတ်အောင် အခုကာလမှာဆိုယင် ဆီမီးဟာ ဖရောင်းတိုင်တွေတောင် မဟုတ်တော့ဘူး၊ အင်မတန် မီးစိမ်း-မီးဝါ-မီးနီဆိုတဲ့ အမျိုးမျိုးသောဓါတ်မီးတွေနဲ့ တခါထဲ ဆလိုက်ဓါတ်မီးတွေနဲ့ ထွန်းပြီးတော့ ထားလိုက်ထာ အင်မတန်မှလဲ ဘုရားပူဇော်တဲ့နေရာမှာ ကြက်သရေ ရှိလှပါပေ၏၊ ကြက်သရေရှိလှအောင် ပူဇော်ပုံ-ပူဇော်နည်းကို ဦးပဥ္စင်းသည် ကရုဏာ သန့်သန့်ထား၊ မေတ္တာများများဖြင့် ကိုယ် လမ်းတော့ မဟုတ်ပါဘူး၊ လောကုတ္တရာဘခင် ကျေးဇူးရှင်ကြီး ပြတော်မူတဲ့ လမ်းတော့မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့ အင်မတန်မှ ဘုရား

အာရုံပြုတဲ့နေရာမှာ လေးလေး စားစား ပြုစေချင်တဲ့ ဆန္ဒမျိုးဖြင့် ယခုလို လမ်းရှေ့ဘက်က သမထနဲ့ ပတ်သက်၍ ဘုရားရှိခိုးပုံတို့ကို ဆုံးမလိုက်ရဒါ ဝမ်းမြောက်ခဲ့ပါလျှင် သုံးကြိမ် သာဓု....သာဓု.... သာဓု....လို့ ခေါ်နိုင်ကြပါ စေကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

**လမ်းတို သမထကောက်ပုံ။** ကဲ....လမ်းတို-လမ်းတို- ကျေးဇူးရှင် ကသစ် ဝိုင် ဆရာတော် ဘုရားကြီး ပြုတော်မူတဲ့ လမ်းတိုထဲက သမထ ပြောကြစို့ ။

**ဆောင်။....** (သီလအစ-သမထ ဝိပဿနာအဆုံး-မဂ်ဝင်-နိဗ္ဗာန်မြင် ဖိုလ်ဝင် နိဗ္ဗာန် မြင်နိုင်တဲ့- လမ်း တို လမ်း စဉ် သုံး။)

ဟော....လမ်းစဉ်ကြည့်ယင် သီလ အစ ဆိုသောကြောင့် အစ, သီလ လုံခြုံအောင် ဖြည့်ကျင့်ရခြင်း၊ သမထ ဝိပဿနာ အဆုံး- အလယ် ခုန်လိုက် အလယ်ဟာ သမထ သက်သက် မပါတော့ဘူး၊ အဆုံးဆိုယင် သမထနဲ့ ဝိပဿနာ တွဲလိုက်တယ်ခေါ်တယ်။

သမထနဲ့ဝိပဿနာ တွဲလိုက်သည် ဖြစ်လေသောကြောင့် ယုဂ- နဒ္ဓ-နည်းလို့ခေါ်တယ်၊ ယုဂ ဆိုတာ သမထ-ဝိပဿနာတစုံ၊ နဒ္ဓ ဆိုတာ တွဲတယ်ခေါ်တယ်၊ သမထ ဝိပဿနာတစုံတွဲ၍ မဂ်ဝင်တဲ့ နည်းမျိုး၊ ဖိုလ်ဝင် စားနိုင်တဲ့နည်းမျိုး၊ နိဗ္ဗာန်မြင်နိုင်တဲ့နည်းမျိုး လို့ဆိုတယ်။

ဒါကြောင့် သမထ အယင် အားထုတ်စရာ မလိုတော့ပါဘူး၊ ဆန်ပါယင် ထမင်းရေ သောက်ရတယ်ဆိုတဲ့နည်းမျိုးလို ဝိပဿနာ သာ အားထုတ်ပေတော့၊ သီလ ခံယူပြီးယင် ဝိပဿနာသာ အား

ထုတ်ပေတော့၊ ဝိပဿနာ အားထုတ်မယ်ဆိုယင် သမာဓိ ပါလာပါ လိမ့်မယ်၊ ဘယ်သမာဓိလဲလို့ မေးယင် ခဏိကသမာဓိလို့သာ ဖြေ လိုက်ပေတော့။

ယောဂီတို့ အားထုတ်ထာလမ်းတိုနော်(မှန်ပါဘုရား)ဦးပဥ္စင်း ပြတာလဲလမ်းတိုနော်- လမ်းရှည်ပြသည်မဟုတ်ဘူး၊ ကသစ်ဝိုင်ဆရာ တော်ကြီး ပြဒါလဲလမ်းတိုနော်၊ (မှန်ပါဘုရား)ယောဂီတို့ ကြည့် ပါလား၊ သီလခံယူပြီးယင် ပုဗ္ဗ ကိစ္စ ကိုးပါး ပြုလုပ် ပြီးတဲ့နောက်၊ ဝိပဿနာဆက်အားထုတ်ရဒါဘဲ၊ သမထ ပွားများနေဒါ ပါသေး လား-မပါဘူးနော်-(မပါပါဘုရား။း)

ဒါကြောင့်-ဦးပဥ္စင်းပြတာဟာ လမ်းတို၊ ယောဂီတို့ အားထုတ် တာလဲဘဲ လမ်းတို၊ ဝိပဿနာ ယာနိကလမ်းဘဲ လမ်းတို ဆိုယင်၊ ခဏိက-သမာဓိကောက်ရတယ်နော် (မှန်ပါဘုရား)၊ ကဲ....ခဏိက သမာဓိ ပြောကြစို့။

**ခဏိကသမာဓိ ကောက်ပုံ**

ခဏိကတပုဒ်- သမာဓိတပုဒ်- စကား နှစ်ခွန်း ရှိ တယ်၊ ခဏိကဆိုယင်၊ စာလေးအယင်ပြောပြီးမှ ဗမာလိုပြောမယ်၊ ဥပါဒ်, ဋ္ဌီဘင်, ခဏငယ် သုံး ချက်ကိုခေါ်တယ်။

ဗမာလိုဖြစ်ထာ- ရင့်ဒါ-ပျက်ထာ သုံးမျိုး ခေါ်တယ်၊ ရင့် ဆို ဒါ ဋ္ဌီ-ခဏခေါ်တယ်၊ ဋ္ဌီ-ဆိုယင် ဇရာပါဘဲ၊ ပရမတ် ဇရာဆိုတာ လျှင်မြန်တယ်၊ ဘယ်လိုလျှင်မြန်လဲမေးယင် သေမဲ့ဘက်သို့ ပျက် မဲ့ဘက်သို့ နန့်နဲ့လေးစောင်းလိုက်ထာ၊ အဲဒါပရမတ်ဋ္ဌီ၊ ပရမတ်ဇရာ ပါဘဲတဲ့၊ အင်မတန်မှ သိမ်မွေ့တယ်၊ နန့်နဲ့လေး ဋ္ဌီဘက်ကို စောင်းရုံ အဲဒါ အိုတဲ့ဘက်ကို ရောက်သွားပြီ။

ဥပမာ ဆိုလို့ ရှိယင် နေ့လယ်ပိုင်း ၁၂-နာရီက နံနံလေးကျော် သွားယင် တစက္ကန့်လောက် ကျော်သွားယင်၊ နေ့လည်ပိုင်း နေဝင်ပိုင်းလို့ ခေါ်သလိုဘဲ။

ထို့အတူ- တဲ့ သေမဲ့ဘက်ကို ပျက်မဲ့ဘက်ကို နံနံလေးစောင်း လိုက်ထာ- ငဲ့လိုက်ထာ၊ အဲဒါ-ဌီ ခေါ်တယ်၊ အိုတယ်ခေါ်တယ်၊ ဇရာခေါ်တယ်နော်၊ တကယ့်ကို ပါးရေ-နားရေ တွန့်ပြီးတော့ သွားမှ ခါးကုန်းမှ ဆံဖြူမှ အိုတာခေါ်သည် မဟုတ်ဘူးတဲ့၊ အိုတဲ့ဘက်ကို နံနံလေးညွတ်လိုက်၊ သေမဲ့ဘက်ကို နံနံလေးညွတ်လိုက်ထာကို အဲဒါ-ဇရာခေါ်ပါသတဲ့- ရှင်းပလား (ရှင်းပါပြီဘုရား။း)

ဒါကြောင့်-ပရမတ်ဌီ၊ ပရမတ်ဇရာဆိုဒါ သိဘို့ရာ ခဲယဉ်းသည် ဖြစ်လေသောကြောင့်ဌီကို နှုတ်လိုက်-နှုတ်ပြီး ဥပါဒ်နဲ့ဘင် ဒီနှစ်ခုကို ခဏိက ကောက်ပါ ဖြစ်နဲ့ပျက်နဲ့ ဒီနှစ်ခုကိုပင်လျှင် တခါချုံး လိုက်တော့ ပေါ်ဒါကောက်ပါ-တဲ့။

ဒါကြောင့် ယောဂီတို့ဟာကြည့်စမ်း၊ စိတ်ဘယ်မှာထားသလဲ မေးယင်(ရင်မှာထား)၊ ဘာလုပ်နေသလဲမေးယင်၊(ပေါ်ဒါမှတ်၍ နေရပါတယ်)ပေါ်ဒါ, ခဏိကခေါ်တယ်၊ စာလိုပြောမယ်ဆိုယင်၊ ပစ္စုပ္ပန်ဘဲ၊ ပစ္စုပ္ပန်ဆိုဒါရယ်၊ ပေါ်ဒါ-ပေါ်ဒါဆိုဒါရယ်၊ အတူတူ မှတ်ပါ၊ ပေါ်ဒါ-ပေါ်ဒါပင်ဆိုသော်လဲဘဲ ဖြစ်ထာတခုသာ ပေါ်ဒါမဟုတ်၊ ပျက်သွားဒါလဲပေါ်ဒါခေါ်တယ်၊ ဒါကြောင့် ယောဂီတို့မှာဆိုယင် ဖြစ်ထာကိုလဲမှတ်ရတယ်၊ ပျက်သွားဒါကိုလဲ မှတ်ရတယ် ဆိုဒါမတ်....။

ဒါဖြင့်- ပေါ်တုန်း- ပေါ်ခိုက်ဟာ ခဏိကဆိုယင်၊ ခဏိက_က ခြောက်မျိုးရှိတယ်....။

**ခဏိက ၆-မျိုး**

မျက်လုံးတွေ့ ခဏိက .... .... တမျိုး။
နားတွေ့ ခဏိက .... .... .... တမျိုး။
နှာခေါင်းတွေ့ ခဏိက .... .... တမျိုး။
လျှာတွေ့ ခဏိက .... .... .... တမျိုး။
ကိုယ်တွေ့ ခဏိက .... .... .... တမျိုး။
မနောတွေ့ ခဏိက .... .... .... တမျိုး ရယ် လို့ ခဏိက ခြောက်ပါးရှိတယ်။

ဒီမှာတော့ ကိုယ်တွေ့ ဉာဏ်ဖြင့် ခဏိကတခု ယူရတယ်။

**ကိုယ်တွေ့ ခဏိက ယူပုံ**

ကိုယ်တွေ့ ဉာဏ်မြင် ခဏိကလေး- ကိုယ်တွေ့ ခဏိကဆိုယင်၊ ကိုယ်မှာ ပေါ်ဒါငါးမျိုးဘဲ၊ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ၊ ငါးမျိုး၊ ငါးမျိုးလဲမှန်ပါစေ၊ ကိုယ်ထဲမှာပေါ်ဒါလဲမှန်ပါစေ၊ ဒီနှစ်ခုနဲ့ပြည့်စုံမယ်ဆိုယင် ကိုယ်တွေ့ခဏိကလို့ သာမှတ်ပေတော့။

ငါးမျိုးပင် ဖြစ်သော်လဲဘဲ၊ ပေါ်တုန်း-ပေါ်ခိုက် မဟုတ်ယင်၊ ခဏိက မဟုတ်ပါ၊ ပေါ်တုန်း-ပေါ်ခိုက်ပင်ဖြစ်သော်လဲဘဲ၊ ငါးမျိုး ထဲက မဟုတ်ခဲ့လို့ ရှိယင် ကိုယ်တွေ့မဟုတ်ပါ။ ဒါကြောင့် ကိုယ်တွေ့ငါးမျိုးလဲမှန်ပါစေ၊ ကိုယ့်ကိုယ်ထဲမှာလဲ ပေါ်တုန်း ပေါ်ခိုက် ဖြစ်ပါစေ၊ ဒီနှစ်ခုနဲ့ ပြည့်စုံမယ်ဆိုယင်ကိုယ်တွေ့ခဏိကမှန်ပြီ၊ ကိုယ်တွေ့ခဏိက မှန်မယ်ဆိုယင်၊ သမာဓိက-စိတ်တည်တယ်ခေါ်တယ်။

**ကိုယ်တွေ့ငါးမျိုးနှင့် တခုစီရှင်းပြပုံ**

တခုစီပြောယင်၊ အပူလေးဟာ တင်ပါးမှာ ပေါ်တယ်ဆိုပါတော့ အပူလေးက ကိုယ်တွေ့ပါ၊ တင်ပါးမှာ ပေါ်တက်နေဒါက ခဏိကပါ၊ အပူပေါ်မှာ စိတ်ရောက်နေဒါက၊ သမာဓိပါ၊ ပေါင်းတော့ ကိုယ်တွေ့၊ ခဏိက၊ သမာဓိပါ။

အအေးလေး ခြေဖျား လက်ဖျားမှာ ပေါ်တယ် ဆိုပါတော့၊ အအေးလေးကကိုယ်တွေ့ပါ၊ ခြေဖျားလက်ဖျားမှာ ပေါ်နေတာက ခဏိကပါ၊ အအေးလေးပေါ်မှာစိတ်ရောက်နေတာက သမာဓိပါ၊ ပေါင်းတော့ ကိုယ်တွေ့၊ခဏိက၊သမာဓိ၊ညီပါ။

လှုပ်ထာလေးတွေ၊ ရွတာလေးတွေ၊ စိုးစိုး- စစ်စစ်- ဖြင်းဖြင်း ပေါ်လာမယ်ဆိုယင်၊ အဲဒီ စိုးစိုး-စစ်စစ်-ဖြင်းဖြင်း စသည်က ကိုယ်တွေ့ပါ၊ ပေါ်တက်နေထာက ခဏိကပါ၊အဲဒီ အလှုပ်ကလေးကွေ့ ပေါ်မှာ စိတ်ရောက်နေတာက သမာဓိပါ၊ ပေါင်းတော့ ကိုယ်တွေ့၊ ခဏိက၊ သမာဓိ သုံးချက် ညီအောင် အားထုတ်ပါ။

ခန္ဓာမှာ၊ ကျင်ဒါ- နာဒါ- ကိုက်ထာ- အောင့်ဒါ- မူးဒါ- ဝေဒါ ဆိုတဲ့ ဆင်းရဲမှုလေးတွေ ပေါင် ခြေသလုံးမှာ ပေါ်တက်ပြီးတော့ လာမယ်ဆိုယင်၊ ဆင်းရဲမှုကလေးတွေက၊ ကိုယ်တွေ့ထဲကပါ၊ ပေါင် ခြေသလုံးမှာ ပေါ်တက်လာတာက ခဏိကပါ၊ အဲဒီဆင်းရဲမှု ကလေးတွေပေါ်မှာ စိတ်ရောက်နေတာက သမာဓိပါ၊ ပေါင်းတော့ ကိုယ်တွေ့၊ခဏိက၊သမာဓိ သုံးချက်ညီအောင်အားထုတ်ပါ။

အေးကနဲ-ဖြန်းကနဲ-စိမ့်ကနဲ-သိမ့်ကနဲ ဆိုတာလို ပီတိတွေဖြစ် ပေါ်ပြီးတော့လာမယ်ဆိုယင်၊ ထိုပီတိတွေဖြစ်ပေါ်လာဒါကချမ်း

သွားတယ် ပေါ်ပါတယ်၊ အပူကြီးကိုထောက်၍ အပူလေးတွေ၊ အအေးကြီးကိုထောက်၍ အအေး ကလေးတွေ၊ အကျင်ကြီးကို ထောက်၍ အကျင် ကလေးတွေ၊ အထုံကြီးကို ထောက်၍ အထုံ ကလေးတွေ ဖြစ်ပေါ်လာမယ်ဆိုယင်၊ ချမ်းသာမှု ပေါ်ပါတယ်။

ဤကဲ့သို့ ကိုယ်ထဲမှာ ဖြစ်ပေါ်ပြီးတော့ လာမယ်ဆိုယင်၊ ချမ်းသာဒါ ဖြစ်ပေါ်လာဒါက ကိုယ်တွေ့ပါ၊ ပေါ်ပြီးတော့လာဒါက ခဏိကပါ၊ ထိုချမ်းသာမှုပေါ်မှာ စိတ်ကလေး ရောက်နေဒါက သမာဓိပါ၊ ပေါင်းတော့ ကိုယ်တွေ့ခဏိကသမာဓိ ညီပါလို့ ဆိုလိုတယ်၊ ရှင်းသွားပလား (ရှင်းသွားပါဘုရား။)

ဤကဲ့သို့ ပေါ်တုန်း-ပေါ်ခိုက် စိတ်ကလေး တည်မယ်ဆိုယင် ဖြစ်ထာ-ပျက်ထာ မြင်ရတတ်ပါတယ်၊ ဒါကြောင့် စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်ဒါနဲ့ တပြိုင်နက်ပါလို့ ဆိုရပေတယ်။

**သမထ ဝိပဿနာ တွဲ- မြင်ပုံ**

စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်ဒါနဲ့ တပြိုင်နက် ပေါ်ပုံ၊ အပူလေး ပေါ်မယ်ဆိုယင်၊ အပူ ပေါ်စိတ်တည်ဒါက ခဏိကသမာဓိပါ၊ အပူလေး ဖြစ်ထာ-ပျက်ထာ မြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်-မြင်တာ တပြိုင်နက်ပါ။

အအေးလေးပေါ်မယ်ဆိုယင်၊ ထိုအအေးလေးပေါ် စိတ်တည်ဒါက ခဏိကသမာဓိပါ၊ အအေးလေး ဖြစ်ထာ-ပျက်ထာမြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်တာ တပြိုင်နက်ပါ။

( ၁၈ )

ခန္ဓာမှာ လှုပ်ထ-ရှဒါ-မှဒါ- ဖွိုးဖွိုး- ဖြင်းဖြင်း- စိုးစိုး- စစ်စစ် ပေါ်ဒါ ထိုအလှုပ်ခလေး ဖြစ်ပျက်ထ မြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်ဒါ တပြိုင်နက်ပါ။

ခန္ဓာမှာ ကျင်ဒါ-နာဒါ-ကိုက်တာ- ခဲဒါ-မူးဒါ-ဝေဒါ- အောင့်ဒါ ဆိုတဲ့ ဆင်းရဲမှုလေးတွေ ပေါ်မယ်ဆိုယင်၊ အဲဒီဆင်းရဲမှုပေါ်၌ စိတ်ရောက်နေဒါက ခဏိကသမာဓိပါ၊ ထိုဆင်းရဲဒါလေး ဖြစ်ထ-ပျက်ထမြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်ဒါ တပြိုင်နက်ပါ။

ခန္ဓာမှာချမ်းသာဒါကလေးတွေ စိမ့်ကနဲ့ အေးကနဲ့ဖြန်းကနဲ ဆိုတဲ့ နာမ်ချမ်းသာမှုကလေးတွေ ကိုယ်ချမ်းသာမှု ကလေးတွေ ပေါ်လာမယ်ဆိုလို့ရှိယင် အဲဒီချမ်းသာမှု လေးတွေ အပေါ်၌ စိတ်ရောက်နေဒါက ခဏိက-သမာဓိပါ၊ ထိုချမ်းသာဒါလေးတွေ ဖြစ်ထ ပျက်ထ မြင်ရဒါက ဝိပဿနာပါ၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက်မြင်ဒါ တပြိုင်နက်ပါ။

ဒါကြောင့်....စာလိုရေးတဲ့ နေရာမှာ ဆိုလို့ရှိယင် သမထက အပေါ်က၊ ဝိပဿနာက၊ အောက်က၊ ထက်-အောက် ဆင့်ပြီး တော့....တပြိုင်နက်ရေးရပါတယ်၊ စိတ်တည်ဒါနဲ့ ဖြစ်ပျက် မြင်ဒါ တပြိုင်နက်လို့သာ မှတ်ပေတော့.... ဒါကြောင့်- ကျန်းဂန် များမှာ....။

"နပဟိခဏိက သမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ"-လို့ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာများမှာ သေချာစွာ ဆိုထားပါသည်။

ခဏိက သမာဓိ- ခဏိကသမာဓိကို(ဝါ)ပေါ်တန်းပေါ်ခိုက် စိတ်တည်ခြင်းကို၊ ဝိနာ-ကြဉ်ရှောင်ဖယ်ထားလိုက်သည်ရှိသော်....၊ ဝိပဿနာ ဖြစ်ထာ ပျက်ထာ မြင်ရတဲ့ ဝိပဿနာ ဉာဏ်သည်၊ နဟိနဝေသမ္ဘဝတိ- ဘယ်နည်းနဲ့မှ မဖြစ်သင့်- မဖြစ်နိုင်တော့ သည်သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု....)

**သိချင်စဖွယ် အဓိပ္ပါယ်။** ခဏိကသမာဓိ မပါလျှင် ဝိပဿနာမဖြစ်ဘူး-လို့ ဆိုလိုတယ်၊ ဗမာလိုပြောမယ်ဆိုယင် စိတ်မတည် ယင် ဖြစ်ပျက်မမြင်ပါလို့ ဆိုလိုတယ်၊ စိတ်တည်မှ ဖြစ်ပျက်မြင်လိမ့်မယ်တဲ့၊ စိတ်တည်တဲ့သူဟာဖြစ်ပျက်မြင်လို့ ဆိုဒါ မှတ်ပါ၊ မမြင်သူဟာ စိတ်မတည်ဘူးလို့သာ မှတ်လိုက်ပေတော့ အားလုံးရှင်းပါရဲ့လား၊ (ရှင်းပါတယ်ဘုရား။)

**မြတ်စွာဘုရား တိုက်တွန်းပုံ။** ဒါကြောင့်- ဖြစ်ပျက်မြင်ချင်တယ်ဆိုယင် စိတ် တည်အောင် လုပ်ပါလို့ "သမာဓိံဘိက္ခဝေ ဘာဝေထ၊ သမာဓိ ဘိက္ခဝေ ဘာဝေထ"-လို့ မြတ်စွာဘုရားက သမာဓိ တလုံးအရေးတကြီး တိုက်တွန်း တော်မူရှာတယ်။

ချစ်သားတို့ ချစ်သားတို့.... သမာဓိတည်အောင်ပွားကြ ပွားကြ နော်....စိတ်တည်အောင်လုပ်ကြ လုပ်ကြနော်-လို့ သမာဓိ တလုံး တိုက်တွန်းတော် မူရှာတယ်။

မြတ်စွာဘုရား စိတ်တည်ယင် ဘယ်လိုများဖြစ်မလဲ မြတ်စွာဘု ရားလို့ လျှောက်ထားမယ်ဆိုယင်....။

"သမာဟိတော ဘိက္ခဝေ ဘိက္ခုယထာဘူတံ ပဇာနာတိ" ချစ်သားတို့ ချစ်သမီးတို့.... စိတ်တည်မယ် ဆိုယင် ကိုယ်ထဲမှာဖြစ်ထာ ပျက်ထာမြင်ရတဲ့ ဝိပဿနာဉာဏ်တွေ ပေါ်လာမှာပေါ့ ချစ်သားတို့၊ ဟော- မြတ်စွာဘုရားက စိတ်တည်ယင် ဖြစ်ပျက်မြင်မယ်လို့ဟောပါသည်။

မြတ်စွာဘုရား-ဒီဖြစ်ပျက် ဖြစ်ပျက် ကလေးတွေ မြင်နေရုံမျှမတ္တဖြင့် ဘယ်လိုအကျိုးများ ရှိပါသလဲ မြတ်စွာဘုရားလို့ သလို လျှောက်ထားမယ်ဆိုယင်။

"ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ နောအဇာနတော နောအပဿတော"

ချစ်သားတို့-ချစ်သမီးတို့ ကိုယ်ထဲမှာဖြစ်ပျက်ကို ဟုတ်တိုင်းမှန်စွာ သိသိနေသောသူအား၊ မြင်မြင်နေသောသူအား၊ အာသဝေါ ကုန်ခမ်း ရဟန္တာ ဖြစ်လိမ့်မယ်လို့ မြတ်စွာဘုရားဟောတော်မူပါသတဲ့၊ ကိုယ်ထဲမှာဖြစ်ပျက်ကို မသိတဲ့သူ မမြင်တဲ့သူကို ရဟန္တာ ဖြစ်လိမ့်မယ်လို့ ငါဘုရားဘယ်အခါမှ မဟောပါဘူးတဲ့။

ဒါကြောင့်- ဖြစ်ပျက်မြင်မယ်ဆိုယင် ရဟန္တာ ဖြစ်လိမ့်မယ် ဆိုဒါဆုံးဖြတ်ပေတော့၊ရဟန္တာ ဖြစ်ချင်တယ်ဆိုယင်လဲ ဖြစ်ပျက်ကို မြင်အောင်ကြိုးစားပါ၊ ဖြစ်ပျက်ကို မြင်ချင်တယ် ဆိုယင်လဲ စိတ်တည်အောင်လုပ်ပါ၊စိတ်တည်ချင်တယ်ဆိုယင် ပလိဗောဓကြောင့်ကြကိုဖြတ်ပါ၊ "တရားမခက် ပလိဗောဓ ကြောင့်ကြခက်၏" လို့ ရှေးဆရာကြီးတွေ ဆိုထားပါသည်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား။)

**သမာဓိ မဂ္ဂင်သုံးပါး။** ကဲ- ခဏကသမာဓိ မဂ္ဂင်သုံးပါးအကြောင်း ပြောကြစို့၊ သမာဓိမဂ္ဂင်သည် သုံးပါး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာ ဓိလို့ သုံးပါးရှိတယ်။

သမ္မာသမာဓိ ဗမာပြန်မယ်ဆိုယင် သမာဓိ ကောင်းတယ်၊ သမာဓိ တည်မြဲတယ်လို့ ဆိုရတယ်၊ သမာဓိကောင်းတော့ ဘာဖြစ်တုန်း။

**ဆောင်။** သမာဓိကောင်းတော့ ပေါ်တိုင်း ပေါ်တိုင်း စိတ်တည်ငြားတဲ့။

သမာဓိ ကောင်းတဲ့ ပုဂ္ဂိုလ်တယောက်ဆိုယင် ပေါ်တိုင်း ပေါ်တိုင်း စိတ်ခလေးဟာ အမြဲတန်း တည်နေတယ်လို့ ဆိုလိုတယ်။

ဥပမာ- တမှတ်ကို တစက္ကန့်ထားမယ်ဆိုယင် တမိနစ်မှာခြောက်ဆယ်၊ တမိနစ်ဆိုယင် အမှတ်ပေါင်းခြောက်ဆယ်၊ တနာရီဆိုယင် သုံးထောင့်ခြောက်ရာ ရှိမယ်ဆိုလို့ရှိယင် ပေါ်တိုင်း ပေါ်တိုင်း စိတ်ကလေးတည်တယ်လို့ဆိုရတယ်နော် (မှန်ပါဘုရား) သမာဓိ ကောင်းတယ်ဆိုလို့ရှိယင်တဲ့ ဇောကောင်းပြီးသားလို့ ကိန်းသေဆုံး ဖြတ်ရတယ်၊ ကိန်းသေဆုံးဖြတ်ပါ။

သမ္မာသတိ-ဘာလုပ်ပေးလဲ သတိကောင်းတယ် သတိကောင်းယင်တဲ့....။

**ဆောင်။** သတိကောင်းတော့ ပေါ်ဒါထင်ရှား။

ခန္ဓာကြည့်နေကြ၊ သတိကောင်းတဲ့ ပုဂ္ဂိုလ်တယောက်ဆိုယင် ကိုယ်ထဲမှာ ပေါ်ဒါလေးတွေဟာ အလွန့်အလွန် ထင်ရှားတတ်ပါတယ်၊ ကြမ်းကြမ်း၊ တမ်းတမ်း၊ ဆင်းဆင်း၊ ရဲရဲကို မဆိုသား ပါဘို၊

သိမ့်သိမ့်၊ မွေ့မွေ့၊ သေးသေး၊ ငယ်ငယ်ဆိုတဲ့ အမူအရာ လေးတွေ တောင်မှ အလွန်ပင် ထင်ရှားပါတယ်၊ ခန္ဓာကိုယ်မှာရေနွေးငွေ့ ကလေးတွေ သွားလာပြီးတော့ နေဒါတောင်မှ အလွန်ပင် ထင် ရှားပါတယ်၊ ခန္ဓာကိုယ်ထဲမှာ သွားလာနေတဲ့ အခါမှာ ဆိုယင်၊ လက်ပတ်နာရီလေး စက်ရိမျှင်ကလေးများ ထိန်းပြုတ်သွားတဲ့ အခါ မှာဆိုယင် တခါထဲ ရှစ်ရှစ်-ရှစ်ရှစ်မြည်နေသကဲ့သို့ ခန္ဓာကိုယ် တ ကိုယ်လုံးမှာ ဆိုယင်လဲ တခါထဲ ရှစ်ရှစ်-ရှစ်ရှစ်နဲ့ မြည်တဲ့ အသံ တောင်မှ တကယ် ကြားရပါတယ်လို့ သလိုမျှားပြော မယ်ဆိုယင် သတိကောင်းပြီးသားလို့ မှတ်ပေတော့။

ဒို့တော့လေ ပေါ်တော့ပေါ်ပါရဲ့ သို့သော်လဲ သိပ်တော့ မ ထင်ရှားသေးဘူး၊ သိပ်တော့မထင်ရှားသေးပါလို့ သလိုဆိုယင် သတိမကောင်းသေးပါ၊ ဒါကြောင့်- သတိကောင်းတဲ့ လက်ချက် နဲ့ သတိမကောင်းတဲ့ လက်ချက်နဲ့ အပြောချင်းလဲ ကွာပါတယ် လို့ ဆိုဒါမှတ်ပေတော့။

သတိကောင်းတော့ ပေါ်ဒါထင်ရှား....တဲ့၊ ဟော....ပေါ်ဒါ ထင်ရှားမယ် ဆိုလို့ရှိယင် စိတ်တည်မလား....လို့ သလိုမေးယင် ထင်ရှားတိုင်းလဲ စိတ်မတည်သေးဘူး။

**ဥပမာဆောင် ထင်အောင်ပြပုံ။** ဥပမာ ရွှေတိဂုံ ရွှေမော်ဓော ဘုရားသို့ ဘုရားဖူး တက်ကြ၊ စောင်းတန်းမှာဆိုလို့ရှိယင် တခါထဲ ဇာတ်ကြီးဆယ်ဖွဲ့ ရုပ်ပုံတွေ ရုပ်လုံး တွေဟာ အင်မတန်မှ ပြောင်ပါတယ်၊ ဆေးသားလဲ အင်မတန်မှ ကောင်း လှပါတယ်။

သို့သော်-ရုပ်လုံးတွေထင်ရှားတိုင်း မြင်မလားလို့ သလိုမေးမယ် ဆိုယင် အပေါ်မော်ကြည့်မှ မြင်မှာ မော်မကြည့်ဘဲနဲ့ အောက်ကို လမ်းကို ငိုက်စိုက်ပြီးတော့ သွားမယ် ဟိုကြည့် ဒီကြည့်နဲ့ သွားမယ် ဆိုလို့ရှိယင် ရုပ်လုံးပင် ပြောင်သော်လဲဘဲ မမြင်ရပါဘူး။ ဒါကြောင့် မြင်လဲ မြင်ရအောင်ဆိုယင် ကြည့်လဲကြည့်မှ ရုပ်လုံးတွေလဲဘဲပြောင်မှ အဲဒီနှစ်ခုနဲ့ ညီမယ်ဆိုယင်လဲဘဲ မြင်ရလိမ့်မယ်လို့ ဆိုဒါ ရှင်းရှင်းမှတ်။

ထို့အတူတဲ့-ပေါ်ဒါလေးတွေတော့ ထင်ရှားပါရဲ့၊ ငိုက်နေမယ် ပျင်းနေမယ် ဝေနေမယ်ဆိုယင် မမြင်ပါ၊ နောက်ပြီးတော့ ဆိုယင်လဲ စိတ်လေ့ စိတ်လွင့် စိတ်ကူး အချောင်နေဒါများပေါ်နေမယ်ဆိုယင်လဲမမြင်ပါ။

ဒါကြောင့်– ဘယ်နှယ့် လုပ်ရမလဲမေးယင် စိတ် တခြားမသွားအောင် ပြုလုပ်မှစိတ်တခြားမသွားတယ်ဆိုတာက ဇွဲကောင်းမှ စိတ်တခြားမသွားပါ၊ ဇွဲမကောင်းယင်တော့ သွားပြီးသားဘဲ၊ သမ္မာဝါယမဇွဲကောင်း ဇွဲကောင်းတယ် ဆိုယင်....။

**ဆောင်။** ဇွဲကောင်းတော့ စိတ်က တခြားမသွား။

ဝိရိယရော့ယင်တဲ့...."ကောသဇ္ဇ ထိနမိဒ္ဓ သခါတေန ကောသဇ္ဇေန"ဖွင့်သောကြောင့်၊ငိုက်၊သန်း၊ပျင်း၊ဝေ၊ဒါကိုပင်လျှင်အဲဒါ ကောသဇ္ဇ ခေါ်တယ်၊ ရော့လွယ်တယ် အားထုတ်မှု ရော့လွယ်တယ် ဆိုယင်လဲ ပျင်း၊သန်း၊ငိုက်၊ဝေ၊တတ်တယ်။

ဝိရိယလွန်ယင်လဲ ဥဒ္ဓစ္စ ဖြစ်တတ်တယ်။

ဒါကြောင့်- မရော့မတင်းစောင်းကြိုးညှင်းဘိသကဲ့သို့ ဇွဲလေး တော့ ကောင်း ကောင်း လေး ထား ကြ၊ ဇွဲလေးတော့ ကောင်း ကောင်းထားကြ၊ ဇွဲကောင်းယင် ဘယ်လိုနေသလဲမေးမယ်ဆိုယင်၊ စိတ်တခြား မသွားတော့ဘူး။

ဆောင်။ (ဇွဲ ကောင်း တော့- စိတ် က တ ခြား မ သွား) (သတိကောင်းတော့-ပေါ်ဒါလေးတွေထင်ရှား)

စိတ်လဲတခြားမသွားဘူး၊ ပေါ်ဒါလေးတွေလဲ ထင်ရှားမယ် ဆိုယင်၊ ပေါ်တိုင်း ပေါ်တိုင်းစိတ်ခလေးတည်တော့ဒါပေါ့၊ဟုတ် ဘူးလား (ဟုတ်ပါတယ်ဘုရား) တည်မယ်ဆိုယင်သမ္မာ သမာဓိ သမာဓိကောင်းတယ်လို့ ဆိုရပေတယ်။ အားလုံး သဘောကျ ပလား (ကျပါတယ်ဘုရား။)

ဒါကြောင့်- ပေါ်တိုင်း ပေါ်တိုင်း၊ စိတ်ခလေးတည်ချင်တယ် ဆိုယင် သတိကောင်းပါစေ၊ ဇွဲကောင်းပါစေလို့ ဆိုလိုက်ပေ တယ်။ ဗမာပြန်မယ်ဆိုယင်၊ ပေါ်တိုင်း-ပေါ်တိုင်း စိတ်ခလေး တည်ချင်တယ်ဆိုယင်၊ ပေါ်ဒါလေးတွေလဲ ထင်ရှားပါစေ၊ စိတ် ခလေးလဲဘဲ တခြားမထွက် သွားပါစေနဲ့လို့ အင်္ဂါ-သုံးချက်နဲ့ ပြည့်စုံမှသာလျှင် သမာဓိစခန်းမှာ အောင်မြင်လိမ့်မယ်လို့ ဆိုဒါ ရှင်းရှင်းမှတ်ကြပေတော့။

ဒါကြောင့်- ဇွဲကောင်းအောင်လဲဘဲ စိတ်ခလေးတလုံးကို နာ နာ ဆွဲရတယ်။ ဆွဲတဲ့နေရာမှာ ဆိုလို့ရှိယင် ဘုရားရှင်ကိုယ်တော် မြတ်တို့ ဆွဲပုံကလေး....။

"တေန ဘိက္ခုနာ ဒန္တေဟိ ဒန္တမာဒါယ ဇိဝှာယဘာလုံ အာဟစ္စ စေတသာစိတ္တံ နိဂ္ဂဟေတဗ္ဗံ နိပ္ပိဠေတဗ္ဗံ သန္တာပေတဗ္ဗံ"- လို့ ဘုရားရှင်ကိုယ်တော်မြတ် ဆုံးမတော်မူပါတယ်။

တေနဘိက္ခုနာ- တရားကိုမှတ်နေတုန်းမှာ စိတ်ခလေးလွင့်လွင့် လွင့်လွင့်ပြီးတော့ သွားနေကြတဲ့ သင် ရဟန်း၊ လူ၊ ရှင်၊ ယောဂီ သူတော်စင်အပေါင်းမှန်က၊ ဒန္တေဟိ ဒန္တမာဒါယ- အံသွားကြိတ် ကြိတ်ပြီး၍၊ ဇိဝှာယ တာလုံ အာဟစ္စ- တောက်ခတ် လိုက်ပြီး၍၊ စိတ္တံ- လွင့်လွင့် လွင့်လွင့်သွားနေသောစိတ်ကို၊ စေတသာ-သမာဓိ ကောင်းသော တည်သောစိတ်ဖြင့်၊ စိတ္တံ- ငိုက်သန်း၊ ပျင်းဝေ၊ နေသော၊ ထိနမိဒ္ဓ ပြင်းသောစိတ်ကို၊ စေတသာ- ဝိရိယ ပြင်းသောစိတ်ဖြင့်၊ နိဂ္ဂဟေတဗ္ဗံ- မနိုင် နိုင်အောင် နှိပ်ပစ်လိုက်ရ၏၊ နိပ္ပီဠေတဗ္ဗံ- မနိုင် နိုင်အောင် ညှင်းဆဲ ပစ်လိုက်ရ၏၊ သန္တာပေတဗ္ဗံ- လွန်မင်းပြင်းထန်စွာ သမ္မပ္ပဓာန် လို့ လဝိရိယမျိုးဖြင့် ပူပန်စေအပ်၊ မနားမနေ ကြိုးစားအားထုတ်၍ မှတ်နေအပ်တော့သည် သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု)

မလျှော့ရဘူးနော်.... မလျှော့ရဘူး၊ ဝန်ထုပ် ဝန်ပိုးကြီး တခု မ,တဲ့နေရာမှာ မနိုင်တော့ မနိုင်နေရိုးလားလို့ စိတ်ခလေးတင်းလိုက်- အံသွားလေးများလဲကြိတ်လိုက်၊ တောက်ခလေးများလဲ ခေါက်လိုက်တော့ စိတ်တင်းယင် လေပြင်းပြီးတော့ လာပါတယ်၊ လေတွေပြင်းပြီးတော့ လာမယ်ဆိုယင်၊ မနိုင်တဲ့ ဝန်တခုဟာဖြင့် ချက်ခြင်းပင် ခေါင်းပေါ် ပခုံးပေါ် ရောက်ပြီးတော့ သွားတဲ့ ပုံပမာကဲ့သို့....။

ထို့အတူ၊ မြတ်စွာဘုရားကလဲ စိတ်ခလေးကိုနော်....မနိုင်၊ နိုင်အောင် နှိပ်မယ်နော်၊ မနိုင်နေရိုးလားလို့ အံသွားတွေများကြိတ်၊ တောက်တွေများခေါက်ပြီး သကာလ၊ နှိမ်နော်-နှိမ်နော်-ညှင်းဆဲလိုက်နော်၊ လွန်မင်း ပြင်းထန်စွာ ပူပန်နေကြနော်၊ နှိပ်စက်လိုက်ကြနော်လို့ဘုရားရှင်ကိုယ်တော်မြတ်သမာဓိစခန်းမှာ ဇွဲကောင်းပုံလေး၊နှိပ်ကွပ်ပုံလေး ဆုံးမတော်မူလိုက်တယ်ဆိုဒါမှတ်ပေတော့။

ဇွဲကောင်းတော့- စိတ်က တခြားမသွား။
သတိကောင်းတော့-ပေါ်ဒါလေးတွေထင်ရှား။

**ဆောင်။** သမာဓိကောင်းတော့- ပေါ်တိုင်း၊ ပေါ်တိုင်း-
စိတ်တည်ငြား။
ခဏိက သမာဓိ မဂ္ဂင်သုံးပါးလို့မှတ်။

**ပေါ်လွင်စရာ ဥပမာ**

သမာဓိစခန်း လုပ်ပုံလေးတခု၊စာထဲမှာလာတဲ့ ဥပမာလေး....ပန်းဖြစ်ဖြစ်၊ သစ်သီးဖြစ်ဖြစ် ခူးပါရော၊ မတ်တပ်ရပ်ပြီးတော့ ခူးယင်လဲ မမှီတော့ လူတယောက်ကအောက်ကနေကုန်းပေး၊ အဲဒီလူတယောက်ကျောပေါ်ကို လူတယောက်ကတက်၊ တက်သော်လဲဘဲ မတ်တတ်ရပ်လို့မရ၊ ရပ်ယင်လဲ- လဲကျသွားမယ်၊ လူတယောက်က အနားမှာ မတ်တတ်ရပ်ပြီးပေးတော့ မတ်တတ်ရပ်သော သူ၏ ပခုံးကိုကိုင်ပြီးသကာလ ထလိုက်မယ်ဆိုလို့ရှိယင်၊ လိုချင်တဲ့သစ်သီးတွေ လိုချင်တဲ့ပန်းတွေ မှီပြီးတော့ သွားသကဲ့သို့....။

ထို့အတူပါဘဲ၊အောက်ကကုန်းထားတဲ့လူတယောက်နဲ့ သမ္မာဝါယမ ဇွဲကောင်းဒါနဲ့ တူပါတယ်၊ဘေးကရပ်နေတဲ့သူနဲ့ သမ္မာ

သတိ သတိကောင်းဒါနဲ့ တူပါတယ်၊ ကျောက်နန်းပေါ်မှာ ခိုင်ခိုင် မတ်မတ် ရပ်ပြီးတော့နေတဲ့သူနဲ့ သမ္မာသမာဓိ သမာဓိကောင်း ဒါနဲ့ တူပါတယ်လို့ ဟောသလိုလဲ ရှင်းရှင်းမှတ်။

ကဲ....ခဏိကသမာဓိအကြောင်းတော့ ရှင်းသွားပါပြီ၊ သမာဓိ စခန်းနဲ့ ပတ်သက်၍၊ သမာဓိသုံးမျိုး ဟောအုံးမယ်။

**စိတ်တည်မတည် စစ်ပြပုံ**

လုံးဝ စိတ်မတည် ဒါက- တမျိုး။
တည်ပြီး မှားနေ ဒါက- တမျိုး။
တည်ပြီး မှန်နေ ဒါက- တမျိုး လို့ သမာဓိ စခန်း သုံးမျိုးမှတ်ပါ။ အင်မတန်ကောင်း၊ ကိုယ့်အလုပ်မှန်မမှန် စစ်လို့လဲရပါတယ်။

အိမ်မှာအားထုတ်မယ်ဆိုလို့ ရှိယင်လဲ၊ ကိုယ့်ဟာကိုယ်ဆုံးဖြတ် နိုင်တယ်၊ လုံးဝစိတ်မတည်ဒါက ရင်မှာစိတ်ထားတော့ ရင်ထဲမှာ လဲမမြင်ပါ၊ တကိုယ်လုံး ပေါ်ဒါလဲမမြင်ပါ၊ အဲသလို မမြင်ဘဲနဲ့ အပြင်အာရုံတွေမြင်နေတတ်တယ်၊ ကောင်းတဲ့ ဘုရား- သိကြား- နတ်တွေ ဗြဟ္မာတွေ- အရောင်အဝါတွေလဲမြင်နေတတ်တယ်။

မကောင်းတဲ့ဘက်ကမကောင်းဆိုးဝါး ဘီလူး သူရဲ တောကြီး တောင်ကြီး မြောင်ကြီးတွေဘဲလဲ့ မြင်နေတတ်တယ်၊ မျက်မြင်-နား ကြား ဆိုဒါမျိုးကိုလဲ မြင်နေတတ်တယ်၊ သမထ နိမိတ် ဘက်က အလောင်းကောင်ကြီးတွေ၊ အရိုးစုကြီးတွေ၊ ပုပ်ပွနေဒါတွေ၊ ရင် ကြီးနှစ်ခြမ်း ထက်ခြမ်းကွဲပြီးတော့ သွားဒါတွေလဲ မြင်နေတတ် တယ်။ ပဋိဘာဂနိမိတ် အရိပ်အရောင်တွေလဲ လာပြီးတော့ ထင်တတ် တယ်၊ ဘာမှမရှိတဲ့ ဟင်းလင်းအပြင်ကြီးကိုလဲ မြင်နေတတ်တယ်၊

ဤကဲ့သို့ ပြင်အာရုံမှန်သမျှ လုံးဝ စိတ်မတည်ဒါ၊ စိတ်ဓာတ်သင်
မှားပြီးသွားလို့သာ ကိန်းသေမှတ်ပေတော့။

ကဲ....လုံးဝ စိတ်မတည်မှန်း သိမယ်ဆိုယင်၊ ရင်ထဲကို ဆွဲသွင်း
လိုက်ပါ၊ ဆွဲသွင်းလိုက်တဲ့အခါမှာ အသား၊အရေ၊အကြော၊ရိုး
တွင်း၊ ချဉ်ဆီ၊ဆိုတဲ့ ကောဋ္ဌာသတွေကို မြင်သည်ဖြစ်စေ၊ ခေါင်း
တွေ၊ကိုယ်တွေ၊ခြေတွေ၊လက်တွေ ဆိုတဲ့ ကိုယ်အင်္ဂါ အစိပ်အပိုင်း
ကို မြင်နေသည်ဖြစ်စေ၊ ယောကျ်ား-မိန်းမဆိုတဲ့ ပုံသဏ္ဌာန်စသည်
ကို မြင်နေသည်ဖြစ်စေ၊ ဝိတ်တော့တည်ပါ၏၊ အပြင်ပညတ်တွေ
ဖြစ်နေသောကြောင့် မှားနေပါတယ်လို့ ဆိုဒါမှတ်၊ တည်ပြီး မှား
နေဒါတဲ့၊ နဲနဲလေး စိတ်တည်တယ်ဆိုယင် ဝမ်းသာတို့ဘဲ။

ငါ့စိတ်တွေဟာ အရင်တုံးက အပြင်တယ်ထွက်တယ်၊ ယခု
တော့ အပြင်တော့မထွက်တော့ဘူး၊ ကိုယ်တွင်းမှာဘဲ နေပါတယ်၊
နေပင်နေငြားသော်လဲ အပြင်ပညတ်တွေဖြစ်နေပြန်တယ်၊ မှားနေ
ပြန်တယ်လို့ သိလိုက်သည်နှင့်တပြိုင်နက်၊ ရင်မြင်ယင် ရင်ထဲစိတ်
စိုက်ပါ၊ ကျောမြင်ယင် ကျောထဲစိတ်စိုက်ပါ၊ အသားမြင်ယင်၊
အသားထဲစိတ်စိုက်ပါ၊ ကိုယ်မြင်နေရာဌာနတခုကို စိတ်စိုက်လိုက်
မယ်ဆိုယင်၊ ဟိုနေရာ ဒီနေရာက ပူဒါ-အေးဒါ- လှုပ်ထာ- ဆင်းရဲ
ဒါ-ချမ်းသာဒါ ငါးမျိုးတမျိုးမျိုးမြင်နေမယ်ဆိုယင်၊ အတွင်းလဲ
ဖြစ်ပါတယ်၊ ပရမတ် ဖြစ်လေသောကြောင့် မှန်လဲမှန်ပါတယ်။

ဤကဲ့သို့ အတွင်းပရမတ်ကို မြင်နေမယ်ဆိုယင်၊ စိတ်တည်ပြီး
မှန်နေဒါ၊ အဲဒါ ခဏိက သမာဓိပါလို့ ဟောသလိုလဲ ရှင်းရှင်း
မှတ်။ တည်လဲတည်တယ်၊ မှန်လဲမှန်တယ် ဆိုလို့ရှိယင်၊ မဇ္ဈိမ

ပဋိပဒါ ကျသည် ဖြစ်လေသောကြောင့် ဖြစ်ထာ-ပျက်ထာ-ဖြစ်ထာ-ပျက်ထာ လေးတွေကို မှတ်နေကြပါလို့ ဆိုလိုက်ပေတယ်၊ အဲဒါ-သမာဓိစခန်းဘဲ။

ဤကဲ့သို့ ခဏိကသမာဓိ ပေါ်တုန်း ပေါ်ခိုက် စိတ်ခလေး တည်နေမယ်ဆိုယင်၊ အလယ်ခေါင်အကြံမှား သုံးခုကို သမထနဲ့ ဘိလို့ဆိုတဲ့အတိုင်း၊ သမာဓိဖြစ်မယ်ဆိုယင်၊ သမထဖြစ်လာပါတယ်၊ သမာဓိက စိတ်တည်ဒါ၊ သမထက ကိလေသာ ငြိမ်းဒါ၊ စိတ်တည်ဒါက အကြောင်းပါ၊ ကိလေသာငြိမ်းတယ်ဆိုတဲ့သမထက အကျိုးပါလို့ ဆိုဒါမှတ်ပေတော့။

ဤကဲ့သို့ သမာဓိကလေး၊ စိတ်တည်မယ်ဆိုယင်၊ သမထ ဖြစ်နေတတ်တယ်၊ သမထဆိုယင် “ကိလေသေ သမေတီတိ သမထော” လို့ ဆိုသောကြောင့် ကိလေသာတွေ ငြိမ်းပြီးတော့နေတတ်တယ်၊ ကိလေသာ၊ ကိလေသာဆိုဒါက ဘယ်ဒင်းတွေလဲမေးမယ်ဆိုယင်၊ အကျဉ်းဆယ်ပါး၊ အကျယ်ပွားမယ်ဆိုယင် ထောင့်ငါးရာ၊ အဲဒါ သရုပ်ခွဲဒါပါဘဲ။

**ကိလေသာသဘော စစ်ပြပုံ**

ကိလေသာသဘော ပြောကြ တော့မယ်ဆိုယင် ကိလေသာဆိုဒါ ပူလောင်နေဒါ၊ ဆင်းရဲနေဒါ သဘော လို့သာ မှတ်ပါ၊ ကိုယ့်စိတ်ခလေးကိုချိန်စမ်း၊ ငါ့စိတ်သည် တယ်ပြီးတော့ဆင်းရဲတယ်လို့ဆိုယင်၊ စိတ်အစဉ်မှာ ကိလေသာ ဝင်နေပြီ လို့သာ မှတ်ပေတော့။

ဒါဖြင့်- စိတ်ခလေးမှာ ကိလေသာ ဝင်ပြီးတော့နေမယ်ဆိုယင်၊ စိတ်ပူလောင်လိမ့်မယ်၊ စိတ်ပူလောင်ယင် စိတ်၏မှီရာဖြစ်တဲ့ နှလုံးသွေး ပူလောင်မယ်ဆိုယင်၊ ရင်ထဲမှာလဲ ပူလောင် လာလိမ့်မယ်၊ အဲဒီရင်ထဲက အပူလေးဟာလဲဘဲ ထိတ်ထိတ်-ထိတ်ထိတ်နဲ့ တကိုယ်လုံးမှာဆိုယင်၊ သွေးပူတွေ ကျသောကြောင့်၊ တကိုယ်လုံးလဲဘဲ ပူလောင်လာလိမ့်မယ်၊ ပူလွန်းမက ပူပြီးတော့ လာတဲ့အခါမှာ ကျပြီဆိုယင် သွေးပုပ် သွေးမဲလေးတွေ ဖြစ်လာတတ်တယ်၊ သွေးပုပ်-သွေးမဲလေးတွေ ဖြစ်လာမယ်ဆိုယင်၊ သွေးဟာ ညိုကွတ်ကွက်ဆိုတဲ့ အကွက်နာမျိုးလဲဘဲ ပေါ်တတ်တယ်။

နောက်ပြီးတော့ ဆိုယင်လဲဘဲ၊ အပူတွေ သိပ်လောင်နေမယ်ဆိုယင်၊ ကြုံလှီ ပိန်ချုံး ဖျော့တော့သော အနာ ရောဂါများလဲဖြစ်တတ်တယ်၊ အသားအရေမှာလဲဘဲ ခြောက်သွေ့ပြီးတော့လဲနေတတ်တယ်၊ နေရောင်သီပေါက်သောသစ်ပင်များလို၊ ကုန်းခေါင်ခေါင် ပေါက်သော သစ်ပင်များလို အင်မတန် ခြောက်သွေ့ ပိန်ချုံး ယူကြုံးမရလဲ ဖြစ်နေတတ်တယ်။

နောက်ပြီးတော့ သွေးဟာ အင်မတန် ပူလွန်းမက ပူမယ်ဆိုယင် နှလုံးသွေးမှာ သိပ်ဟပ်သည် ဖြစ်လေသောကြောင့် နှလုံးသွေးခြောက်ပြီး သကာလ အဆုတ်နာမျိုးလဲ ဖြစ်တတ်တယ်ဆိုဒါမှတ်ပေတော့။

ဤကဲ့သို့ ပူလောင်ရုံမျှ မကသေးပါ၊ ရင်ထဲမှာများ သိပ်ပူပြီးတော့ နေမယ်ဆိုယင် အပူဟာ မီးပါဘဲ၊ မီးရှိမယ်ဆိုယင် လေရှိမြဲ ဓမ္မတာဖြစ်သောကြောင့် အပူနဲ့ လေနဲ့ နှစ်ခုပေါင်းလိုက်မယ်

ဆိုယင်– ရင်ထဲမှာ လေခံပါရော၊ စိတ်ပူပြီး သကာလ လေပူခံနေမယ်ဆိုယင် စားလို့လဲ မဝင်တော့ပါ၊ ဆာလောင်မွတ်သိပ်ခြင်းလဲ မရှိတော့ပါလို့....သလိုဆိုလိုသည်၊ ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား) ကိုယ်တွေ့ ကိုယ်တွေ့ ကိုယ်တွေ့ စစ်ပြဒါဖြစ်ဘူးကြမှာဘဲ။

ဤကဲ့သို့ စားလို့မဝင်ဒါရုံမျှမကသေးပါ၊ အဲဒီအပူဟာ လေနဲ့ပေါင်းလိုက်တဲ့အခါမှာ ပူရှိန်၊ ပူခိုး၊ ပူငွေ့လေးတွေ ပေါလာတော့ အရှိန်၊ အခိုး၊ အငွေ့တို့ဟာ ပေါ့သောဓါတ် ခေါ်ပါတယ်။

အဲဒီ အရှိန်၊ အခိုး၊ အငွေ့တွေဟာ အပေါ်ကို တက်ပြီးတော့သွားမယ်ဆိုယင် ခေါင်းပေါ်မှာ တက်ပြီးတော့ ပူမယ်ဆိုယင်ခေါင်းမှာ အခိုးရောက်တော့ မူးနောက်နောက် ဖြစ်တတ်ပါတယ်။

နောက်ပြီးတော့ ဆိုယင်လဲဘဲ မျက်လုံးထဲမှာ အခိုးရောက်ပြီးတော့နေမယ်ဆိုယင်လဲဘဲ မျက်စိတွေမှုန်တတ်ပါတယ်၊ မျက်စိတွေ ပြာတတ်ပါတယ်၊ မျက်ဝတ်ဆံကလေးတွေလဲ ထွက်တတ်ပါတယ်၊ မျက်လုံးလဲဘဲ ပိုပြီးတော့နီပြီးတော့လဲ လာတတ်ပါတယ်၊ မျက်စိမှိတ်ပြီးတော့ အိပ်ပင် အိပ်ငြားသော်လဲဘဲ မျက်လုံးမှာအခိုးတက်သည် ဖြစ်လေသောကြောင့် အိပ်လို့လဲ မရတော့ပါ၊ ကြိမ်းတိမ်းတိမ်းနဲ့ မျက်လုံးဟာ နီပြီး သကာလ တညလုံးအိပ်ပင်အိပ်ငြားသော်လဲဘဲ ဟိုလိမ့် ဒီလိမ့်နဲ့ မိုးလင်းခဲလှချည့်- မိုးလင်းခဲလှချည့်....ဆိုတဲ့ သဘောမျိုးဖြင့် အိပ်လို့လဲ မပျော်တော့ပါလို့ ဆိုဒါ မှတ်ပေတော့။

ဒါဖြင့်—ကိလေသာသဘော စစ်တမ်း ထုတ်မယ်ဆိုယင်-စိတ်လဲ ပူလောင် ပါသည်၊ စိတ်လဲ ဆင်းရဲပါသည်၊ ရင်လဲ ပူလောင်ပါသည်၊ ရင်လဲဘဲ ဆင်းရဲကြပါသည်၊ တကိုယ်လုံးလဲဘဲပူလောင်ပါသည်၊ တကိုယ်လုံးလဲဘဲ ဆင်းရဲကြပါသည်၊ တကိုယ်လုံးလဲဘဲ အကွက် နာမျိုးလို ဖြစ်တတ်ပါသည်၊ကြုံ လှီ ပိန်ချုံး ဖြော့တော့သော အနာမျိုးလဲ ဖြစ်တတ်ပါသည်၊ အဆုတ်ရောဂါမျိုးလဲဖြစ်တတ်ပါသည်၊ စားလို့လဲမဝင်တော့ပါ၊ အိပ်လို့လဲမပျော်တော့ပါ၊ အဲဒါ ကိလေသာ သဘောလို့သာ မှတ်ပေတော့။

အဲဒီ ကိလေသာတွေ ငြိမ်းပြီးတော့ သွားမယ်ဆိုယင် စိတ်ပူလောင်ဒါ၊ စိတ်ဆင်းရဲဒါ ငြိမ်းသွားမယ်၊ စိတ်ပူလောင်ဒါ ငြိမ်းမယ်ဆိုယင် စိတ်အေးကြပါလိမ့်မယ်၊ စိတ်ဆင်းရဲဒါ ငြိမ်းမယ်ဆိုယင် စိတ်ချမ်းသာသွားကြပါလိမ့်မယ်၊ စိတ်ပူလောင်ဒါ ဆင်းရဲဒါတွေအေးပြီးချမ်းသာမယ်ဆိုယင်-ရင်ကလေးအေးပြီး သကာလ ချမ်းသာကြပါလိမ့်မယ်၊ ကိုယ်ပူလောင်ဒါ ကိုယ်ဆင်းရဲဒါ ငြိမ်းပြီးတော့ သွားမယ်ဆိုယင်ကိုယ်ကလေးတွေ အေး- ကိုယ်ကလေးတွေ ချမ်းသာပြီးတော့သွားကြပါလိမ့်မယ်။

နောက်ပြီးတော့ဆိုယင်လဲဘဲ အဆုတ်ရောဂါများလဲ ပျောက်ပြီးတော့သွားတတ်ပါတယ်၊ ကြုံ လှီ ပိန် ချုံးဆိုတဲ့ အနာများလဲ ပျောက်ပြီးသကာလ တနေ့တခြား အင်မတန် စိုစိုဖတ်ဖတ်လဲတဲ့ အသားအရေမျိုးလဲဖြစ်ပေါ်ပြီးတော့ လာတတ်ပါပေတယ်။

စားလို့မဝင်ဒါပျောက်ပြီးသကာလ စားလို့လဲ ဝင်သွားပါတယ်၊ အိပ်လို့မပျော်ဒါပျောက်ပြီးတော့ အိပ်လို့လဲ ပျော်ပြီး

တော့ သွားကြပါလိမ့်မယ် လို့ ဆိုဒါ သမထ, သဘော ကိလေ
သာ ငြိမ်းပုံလို့ ပြောလိုက်ပါတယ်၊ ရှင်းပါရဲ့လား.... (ရှင်းပါ
တယ်ဘုရား။)

**စိတ္တ ဝိသုဒ္ဓိ။** ဒါဖြင့် စိတ်တည်မယ်ဆိုယင် ကိလေသာ ငြိမ်း
ပါတယ်၊ ကိလေသာ ငြိမ်းမယ်ဆိုယင် စိတ္တ ဝိသုဒ္ဓိ
စိတ်ခလေးဟာဖြင့် သန့်ရှင်း စင်ကြယ် အေးငြိမ်းတော့လဲ သွား
တတ်ပါတယ်။

ဤကဲ့သို့ စိတ္တ ဝိသုဒ္ဓိ ဖြစ်ပြီးတော့ သွားမယ်ဆိုယင် သမာဓိ
စခန်းနိုင်သည် ဖြစ်လေသောကြောင့် အလယ်ခေါင် အကြံမှားကို
သမထနဲ့ဘိ ဆိုတဲ့ အတိုင်း ကိလေသာတွေ ငြိမ်းပြီးတော့ စိတ်
ခလေးတွေသည် အေးငြိမ်းတော့သွားမယ်ဆို ယင် စိတ် အ စဉ် မှာ
ကိလေသာမဝင် ပရိယုဋ္ဌာန ကိလေသာ မဝင်သည် ဖြစ်လေ
သောကြောင့် စိတ်ခလေးသည် အေးချမ်းပြီးတော့ လာလိမ့်မယ်
ဆိုဒါ ရှင်းရှင်းကြီး မှတ်ကြပေတော့၊ အားလုံး သ ဘော ကျ
ပလား....(ကျပါပြီဘုရား။)

ဒါကြောင့်- စိတ်ပူလောင်တဲ့ အနာမျိုး၊ သားပူ, သမီးပူ,
မယားပူ အစရှိသော ဒီလို အပူမျိုး တောက်လောင်ပြီးတော့
နေတဲ့ ပုဂ္ဂိုလ်၊ ပစ္စည်းဥစ္စာ ရတနာငွေငွေတို့နဲ့ ပတ်သက်၍ အပူ
မျိုး တောက်လောင်ပြီးတော့ နေတဲ့ ပုဂ္ဂိုလ် အဲသလို အပူမျိုး
တောက်လောင် နေတဲ့ ပုဂ္ဂိုလ် ကျပြီ ဆိုယင် သမထ ဆေး တရား
ဆေး နာနာသောက်ကြပါလို ဆိုလိုတယ်၊ သမထ ဆေး နာနာ

သောက်မှ စိတ်ရောဂါ ပျောက်ကြလိမ့်မယ် ဆိုဒါ ယုံကြပါရဲ့လား....(ယုံပါတယ်ဘုရား။)

"ဓမ္မံဝေ ထ ဘိက္ခဝေါ ဓမ္မံ ပိဝိတွာန အဇရာ အမရဏာ သိယုံ"။

ချစ်သားတို့-ချစ်သမီးတို့၊ ဓမ္မံ-တရားစစ်တရားမှန်ကို၊ ဝိဝေထ-အားရ ပါးရ သောက်လိုက်ကြကုန်လော့၊ ဓမ္မံ- တရားစစ် တရားမှန်ကို၊ ပိဝိတွာန- ရင်တွင် နာမ် အစဉ်မှာ ဝင်၍ အားရ ပါးရ သောက်ကြ ချိုးကြကုန်သည်ရှိသော်၊ အဇရာ- ဘယ်အခါမှ မအိုနိုင်ကြကုန်သည်၊ အိုလက်စသတ် ပြတ်ကြ ကုန်သည်၊ အမရဏာ-ဘယ်အခါမှ မသေနိုင်ကြ ကုန်သည်၊ (ဝါ) သေလက်စတုံးပြီးနိဗ္ဗာန်စံသုံးနိုင်ကြကုန်သည်၊ သိယုံ-မုချမသွေ တကယ်တန်းဖြစ်၍နေလေရာတော့ကုန်သတည်း။

(သာဓု....သာဓု....သာဓု....)

ကဲ....အချိန်ကျပြီ သိမ်းကြစို့၊ ကနေ့ အလယ်ခေါင် အကြံများကို သမထနဲ့ဘိလို့ ဆိုတဲ့အတိုင်း အလယ်ခေါင် အကြံများကောက်ပုံ၊ သမထ ကောက်ပုံ၊ ဘိပုံတို့ကို သုံးပိုင်း သုံးကဏ္ဍခွဲပြီး သကာလ၊ ကချဏာ သန့်သန့်ထား မေတ္တာများများဖြင့်ဟောကြားလိုက်ရဒါကို ကြားနာရသော သင် တော် ကောင်းအပေါင်းတို့မှာလဲ ဘုရားရှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူတုံး ကလဲဘဲ သံဃာတော် အရှင်မြတ်များသည် သံဂါယနာတွေတင်တင်ပြီး သကာလ၊ ပိဋကတ်တော်တွေ မပျောက်ပျက်အောင်ထိန်းသိမ်းထားတဲ့ အတွက်ကြောင့် သာသနာတော်ကြီးဟာဖြင့်

ယခုအချိန်ကျအောင် တည်တန့်နေဒါဘဲ၊ ယခုလဲဘဲ ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွား ငြားသော်လဲ သားတပည့် ဖြစ်သော သံဃာတော်များဟာဖြင့် တရားအမွေတွေ မပျောက်ပျက်ရအောင် ထိန်းသိမ်း ထားသည့် အတွက်ကြောင့် ယခုလိုနာကြားရပါတကား....လို့ သံဃာ့ကျေးဇူး အထူးများသိခဲ့ပါလျှင် တရားတော်များကိုလဲ ဆထက်တံပိုး တိုး တိုးပြီး သကာလ ထွန်းကား လာရလေအောင် အားပေးသော အလား ချီးကျူးသောအားဖြင့် သုံးကြိမ် ကြားလောက်သော နေရာဌာနက သာဓု....သာဓု....သာဓု.... လို့ စိတ်ပါ၊ လက်ပါ၊ အားရ၊ပါးရ၊ကြီး ခေါ်နိုင်ကြပါစေကုန်သတည်း။

( သာဓု....သာဓု....သာဓု.... )

သမာပ္တမ်းပြီး၏။

◂|▸✲◂|▸

# ယနေ့ နံနက်

# တရား စစ် ဆေး သည်

**မှတ်ချက်။** ။၁၃၂၃ ခု၊ နယုန်လဆန်း (၁၀) ရက်နေ့ နံနက် တရားမဟော- တရားစစ်ဆေးသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

အန္တေဝါသိက, တပည့်ရင်း ဖြစ်သော

အရှင်ဝိစိတ္တသာရ သူမြတ်သည်

၁၃၂၇-ခု၊ နှောင်းတန်ခူးလဆုပ် (၁၀)ရက်နေ့ ည(၇)နာရီအချိန်၌

တောင်ငူမြို့- ရွှေဆံတော် ဝါးကျောင်း ဓမ္မရိပ်သာ

တွင်

ဟောကြားသော

# သင်္ခါရုပေက္ခာ အလုပ်ပေး တရားတော်။

(၁၅-၄-၆၆)

ကဲ- အားလုံးလက်အုပ်ချီကြ၊ လက်ဝါးချင်းကပ်ထား၊ လက်ချောင်းကလေးတွေလဲ တချောင်းနဲ့တချောင်း စိပ်စိပ်ထား၊ လက်ညှိုးနဲ့, လက်ခလယ်, လက်ခလယ်နဲ့, လက်သူကြွယ်,လက်သူကြွယ်နဲ့ လက်သန်း ထိထား၊လက်ကိုလဲ တဖြောင့်တည်းထား၊ ဘယ်-ဘက်လက်ဖဝါးထားသလို ညာဘက် လက်ဖဝါးလဲ ထားရတယ်၊ လက်အုပ်ကို နဖူးပေါ်မှာတင်လိုက်၊ ရှိခိုးခါနီးမှာ မျက်လုံးလေး မှိတ်လိုက်ရတယ်၊ ရှိခိုးခါနီးမှာ ရှိခိုးခံရသော ရတနာသုံးပါးနှင့်ဆန့်

သမားတို့အပေါ်မှာ ဂုဏ်တင်ရတယ်၊ "ဂုဏဝါ-ပဏ္ဍာမာရဟော" လို့ ဆိုတဲ့အတိုင်း ရှိခိုးခံရသော ပုဂ္ဂိုလ်ကလဲ ဂုဏ်ရှိမှ ရှိခိုး ခံထိုက်တယ်၊ ဂုဏ်ဆိုဒါ သီလ, သမာဓိ, ပညာခေါ်တယ်၊ အဲသလို ဂုဏ်ရှိသောပုဂ္ဂိုလ်များကိုရှိခိုးကြမယ်ဆိုယင်၊ "ပဏ္ဍာမာရဟော ပဏ္ဍာမေကတော-သာတိ ယထိစ္ဆိတ သိဒ္ဓိ ဟောတိ" လို့ မူလဋီကာလာသည့်အတိုင်း လိုချင်သောအကျိုးများကို မုချမသွေ ရကြတော့မယ်လို့ ယုံကြည်ပြီး သကာလ ကြည်ညိုသောသဒ္ဓါ၊ ထက်သန်သော စေတနာ, အသိဉာဏ်, ပညာတွေဖြင့် ခန္ဓာမှာ လက်ငင်း ဖြစ်ပျက်နေသော ရုပ်-နာမ် ဓမ္မတို့ဖြင့် လေးလေး, ညီညီ, ပြတ်ပြတ်, ရှင်းရှင်း, ကန်တော့ကြ။

**ဆုပေး** အခါတပါးဝယ်၊ မိထွေးတော် ဂေါတမီသည်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရှိခိုးသောအခါ၊ "ကပ္ပံ တိဋ္ဌ မဟာမုနိ စိရံ ဇီဝ မဟာဝီရ" ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် တကမ္ဘာပတ်လုံး တည်တော်မူနိုင်ပါစေ၊သက်တော်ရာကျော် ရှည်တော်မူနိုင်ပါစေလို့ ရွတ်ဘတ်ပြီးကာ ရှိခိုးသောအခါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မိထွေးတော် ဂေါတမီ၊ ဤလို့ရွတ်ဘတ်ပြီးကာ ငါဘုရားအား ရှိခိုးခြင်းသည် ရှိခိုးရာမမည်၊ ရှိခိုးရာမကျရောက်လို့ တားမြစ်လိုက်သောအခါ၊ မိထွေးတော် ဂေါတမီကြီးက မြတ်စွာဘုရား-ဘယ်လိုများ ရှိခိုးရပါမလဲလို့ ထပ်မံ လျှောက်ထားလိုက်သောအခါဝယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက....။

"အာရဒ္ဓ ဝိရိယေ ပဟိတ တေ္တ နိစ္စံ ဒဠှ ပရက္ကမေ, သမဂ္ဂေ သာဝကေ ပဿ ဧသာ ဗုဒ္ဓါန ဝန္ဒနာ" လို့....။

မိဒွေးတော် ဂေါတမီ၊ ငါ ဘုရားကို ရှိခိုးခြင်းသည်၊ တရားကို အမြဲတန်း အားထုတ်နေသော ယောဂီ ပုဂ္ဂိုလ်ရှိခိုးခြင်းသည် ငါ-ဘုရားအားရှိခိုးရာမည်၏၊ ရှိခိုးရာ ကျရောက်၏လို့ အမိန့်ရှိလိုက်သော ဒေသနာတော်မြတ်ကို မိဒွေးတော် ဂေါတမီကြီးက မှတ်သားပြီးကာ၊ ဆိတ်ငြိမ်ရာ ကာယဝိဝေက ရသဖြင့် စဉ်းစား၊ တရားမြင်တော့၊ ဩော်- ဘုရားမြင်ဒါပါဘဲလို့ မိဒွေးတော်ဂေါတမီကြီး ဆုံးဖြတ်လိုက်သော ဒေသနာတော်မြတ်ကို ကြားနာရသောသင့်သူတော်ကောင်း အပေါင်းတို့မှာ မိမိတို့၏ ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍၊ ဉာဏ်ဖြင့်ရှင်းလင်း ဆင်ခြင်ကြည့်လိုက်သောအခါ မျိုးစုံပေါ်နေတဲ့ ရုပ်ခါတ်တွေ၊ ပေါ်တိုင်း-ပေါ်တိုင်း လိုက်သိနေတဲ့ နာမ်ဓါတ်တွေ၊ ရုပ်ဓါတ်- နာမ်ဓါတ် ထိုနှစ်ရပ် တို့သည် အဟောင်းပျက်-အသစ်ဆက်ခါ လျှပ်တလက်မကာ၊ မြန်မြန်ကြီး ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက်- နေဒါတွေကို ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ရသော အခါဝယ်....။

ပျက်-ပျက်သွားဒါမြင်၊ မမြဲတဲ့ အနိစ္စလက္ခဏာထင်။

ပျက်-ပျက်သွားဒါမြင်၊ အောင့်လို့မရတဲ့ သခ်ါရ ဒုက္ခ လက္ခဏာထင်။

ပျက်-ပျက်သွားဒါမြင်၊ အစိုးမရတဲ့ အနတ္တ လက္ခဏာထင်။

ဤကဲ့သို့ လက္ခဏာ သုံးခွင်၊ တကယ်တမ်း ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်ခဲ့, တွေ့ခဲ့, ရသည်ရှိသော်၊ တရား အစစ်ကို မြင်သည်၊ ပူဇော်သည်-ကန်တော့သည်-မည်ပါကုန်၏၊ တရားမြင်လျှင် ဘုရားအစစ်၊ သံဃာတော် အစစ်ကိုလည်း မြင်သည်-ပူဇော်သည်- ကန်တော့သည် မည်ပါပေ၏။

ဤကဲ့သို့ ရတနာ မြတ်သုံးပါးတို့အား၊ လက္ခဏာသုံးခွင်းထင် လျက် ယခုလို လက်အုပ်ချီမိုး ရှိခိုးလိုက်ကြရခြင်းသည်၊ ခန္ဓာကိုယ် မှာ ပေါ်လျှင်သိ-သိလျှင်ပျက်ဆိုတဲ့ပေါ်၊ သိ၊ ပျက်၊ တွေကိုမှတ်ရင်း မှတ်ရင်း ရှုရင်း-ရှုရင်းဖြင့် မှတ်စိတ်ပါကုန်ဆုံးချုပ်ငြိမ်းသွားသော နိဗ္ဗာန် တဘက်ကမ်းကို ဤဘက်ကမ်းက မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြင့် တခါရပ်ထာမြင်တဲ့ သောတာပန်တွေ၊ နှစ်ခါရပ်ထာမြင်တဲ့ သကဒါဂါမ်တွေ၊ သုံးခါရပ်ထာမြင်တဲ့ အနာဂါမ်တွေ၊ လေးခါရပ် ထာမြင်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ၊ ကိုယ်စီ ကိုယ်ငှ အယင် ဖြစ်ကြပါ စေ၊ ကိုယ်ဖြစ်ကြသလို သူတပါးကိုလည်း ဖြစ်ကြရလေအောင် စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ဆိုဒါ လိုလေ သေးတယ်မရှိ၊ အိမ်မှာ လိုလျှင် မပြည့်စုံ၊ ပြည့်စုံအောင် ဆောင် ရွက်နေကြဒါက ကိုယ်ပိုင်အလုပ်မဟုတ်ကြပါဘူး၊ ခန္ဓာကိုယ်ကြီး ရှိနေသည့်အတွက်ခန္ဓာကျွန်အလုပ်၊ ဘုံဆိုင်အလုပ်၊သံသရာအလုပ် ဖြစ်ကြပေတယ်၊ သီလ-သမာဓိ-ပညာနှင့် စပ်သော အလုပ်သည် သာလျှင်၊ ကိုယ်ပိုင်အလုပ် အစစ်ပါတကားဟု မပြည့်စုံ- ပြည့်စုံ အောင် ဆောင်ရွက်နိုင်ကြရုံမျှမက၊ တရားတော် များကိုတောင် ကိုယ်တိုင် ပြနိုင် ဟောနိုင် ဆုံးမနိုင် သံသယရှိသူများကို အလွယ် တကူဖြင့် ဖြေရှင်းနိုင်၊ အယူမှား ဒိဋ္ဌိ အကြီးစား တို့ကိုလည်း အလွယ်တကူဖြင့် ချတ်နိုင် ဖြုတ်နိုင်ကြသော မြန်မာပြည် တပြည် လောက်တွင်မက၊ ကမ္ဘာတဝှမ်းလုံး ဗုဒ္ဓဘာသာ သာသနာတော် ကြီး ပြန့်နှံ့ထွန်းကား သွားရလေအောင်၊ ကမ္ဘာ့သာသနာပြု အာ ဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ် နိုင်ကြ သည် ဖြစ်ကြစေ။

ယောဂီများ။ (အရှင်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။)

မြတ်ဘုရား ပညာဂုဏ် ချီးကျူးလို့မကုန်။

အနိလဇဝသန်ပ္ပဒ္ဓော-
ယထာကာသော အသံခယော၊
တထေဝဉာဏံဗုဒ္ဓဿ-
ကောဒိဿာ နပ္ပသီဒတိ။

အနိလဇဝသန်ပ္ပဒ္ဓော- လေအဟုန်တို့ကြောင့် တုန်လှုပ် ချောက်ခြား ဘယ်အခါမှ ပျက်ပြားခြင်း မရှိထသော၊ အာကာသော- ရေး ခြစ်မထင် ထက်ကောင်းကင်ပြင်ကြီးသည်၊ အသံခယော ယထာ- ဘယ်အခါမှ မ ကုန် မ ခမ်း နိုင် ဘိ သ ကဲ့ သို့၊ ထထေဝ- ထိုကောင်းကင်ပြင်ကြီး မကုန်မခမ်းနိုင်သည်နှင့်မခြား အလား တူစွာသာလျှင်၊ ဗုဒ္ဓဿ- သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ကိုယ်တိုင်လည်း သိမြင်ပေ၊ ဝေနေယျကိုလည်း သိမြင် စေတော် မူနိုင်သည့် ရုပ်ထူး နာမ်ထူး အစဉ် သက်တော်ထင်ရှား ဒို့ဆရာမြတ်စွာဘုရားကြီး၏၊ ဉာဏံ- ရေတွက်လို့ မကုန်မခမ်းနိုင်တဲ့ ဉာဏ်တော်တွေကို၊ ဒိဿာ- ကိုယ်ကိုယ်တိုင်- ကိုယ်ပိုင် ဉာဏ် ဖြင့် မြင်ရ- သိခဲ့ရသည်ရှိသော်....၊ ကော–နတ်နှင့်လူဝယ်-အဘယ် ပုဂ္ဂိုလ်သည် (ဝါ)ဘယ်လိုပုဂ္ဂိုမျိုးမဆို၊ နပ္ပသီဒတိ- မကြည်ညို မမြတ်နိုး....မကိုးကွယ်နိုင်ဘဲ ရှိပါတော့အံ့နည်း....၊ ပသီဒတိဝေ- ဝိတ်ထဲမှာလေ ဘုရားရှင်ကိုယ်တော်မြတ်ကို သွင်းထားလို့ ရမယ် ဆိုလျှင်- အမြဲပင်တင်သွင်း၍ အသက်ထက်ဆုံးပင် ကြည်ညို မြတ် နိုး ကိုးကွယ်နိုင်ကြတော့သည်သာလျှင်ကတည်း။

(သာဓု....သာဓု....သာဓု)

ကနေ့တော့ ပညာခေါ်း ဖြစ်လေသောကြောင့်-ပညာနဲ့ ဉာဏ်တော်နဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကို ချီးမွမ်းရသတဲ့၊ ဘုရားရှင် ကိုယ်တော်မြတ် ဉာဏ်တော်ကြီးသည်ကား- ရေတွက်မယ် ဆိုလို့ ရှိယင် ရေတွက်လို့ မကုန်နိုင်ပါဘူးတဲ့....ဘုရားရှင်ကိုယ်တော်မြတ် ဉာဏ်တော်သည်ကား.... ဉေယျ ဆိုတဲ့ တရားတွေ ရှိသလောက် ဉေယျ ဆိုတာ သိအပ်, သိသင့်, သိထိုက်သော တရားများကို ဉေယျ တရားတွေလို့ ခေါ်ပါတယ်။

ဉေယျ တရားတွေက တသိန်းလောက် ဆိုယင် ဉာဏ်တော်တွေကလဲ တသိန်းလောက်ပါဘဲ၊ ဉေယျ တရားတွေက ကုဋေ တသိန်းလောက် ဆိုယင် ဉာဏ်တော်တွေကလဲ ကုဋေ တသိန်း လောက်ပါဘဲ၊ ဉေယျ တရားတွေက အသင်္ချေ အနန္တဆိုယင် ဉာဏ်တော်တွေကလဲ အသင်္ချေ အနန္တပါဘဲ၊ ဉေယျ တရားနဲ့- ဉာဏ်တော်နဲ့ဆိုတာက မည်သူကမှပိုတယ်-မည်သူကမှ လိုတယ်.... လို့ ဆိုတာ မရှိပါဘူးတဲ့။

ဒါကြောင့်- "ဉေယျ ပရိယန္တိကံ ဉာဏံ- ဉာဏ ပရိယန္တိကံ ဉေယျ" ဆိုတဲ့အတိုင်း-ဉာဏ်တော်နဲ့ ဉေယျ ဆိုတဲ့ တရားတို့သည် ကား-ဘယ်သူကမှမပို- ဘယ်သူကမှ မလိုပါဘူးတဲ့။

ဒါကြောင့်- ဘုရားရှင် ကိုယ်တော်မြတ် ဉာဏ်တော်တွေကို ရေတွက်လိုက်မယ်ဆိုယင်- ရေတွက်လို့ မကုန်နိုင်ဘူးတဲ့၊ဒါကြောင့် မကုန်နိုင်တဲ့ ဉာဏ်တော်တွေကို....ကိုယ်ကိုယ်တိုင်- ကိုယ်ပိုင်ဉာဏ် ဖြင့် တကယ်တန်း သိမြင်ခဲ့ပါလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကို အသက်ထက်ဆုံးပင် ကြည်ညိုမြတ်နိုး ကိုးကွယ်နိုင်ကြတော့သည် သာလျှင်ကတည်း....။

(သာဓု....သာဓု....သာဓု)

ကဲ....လက်စလေး ဆက်ကြစို့....။

**အရင်းအငှပ် ဝိပဿနာနဲ့ ဖြုတ်။**

အဖျားး- ပြောမှားး- လုပ်မှားး၊ သက်မေး မှားကို သိလန့်ရှောင်။ အလယ်ခေါင် အကြံမှား သုံးခုကို သမထ နဲ့ဘိ....လို့ ဆိုတဲ့အတိုင်း အလယ်ခေါင် အကြံမှားသုံးခု ကောက်ပုံ - သမထ ကောက်ပုံ - ဘိပုံတို့ကို မနေ့က ပြောခဲ့လေပြီ။

ကနေ့တော့ အရင်းရှိ အငှပ်မှားကို ဝိပဿနာနဲ့ဖြုတ်....လို့ ဆိုတဲ့အတိုင်း သတ္တဝါ သဏ္ဍာန်မှာ အရင်းခံရှိပုံ- အငှပ်မှား ကောက်ပုံ- ဝိပဿနာနဲ့ ဖြုတ်ပုံတို့ကို ကရုဏာ သန့်သန့်ထားး မေတ္တာများများဖြင့် ကနေ့ပြောကြားပါလိမ့်မယ်၊ သင့်ရဟန်း, လူ့ရှင် ယောဂီ သူတော်စင်တို့မှာလဲဘဲ ပြောသော တရားကို နားကြား၍ ရင်က ခွဲခြမ်း စိတ်ဖြာပြီး သကာလ သိကြ ပေ တော့....လို့။

**သတ္တဝါသဏ္ဍာန် တကယ်ရှိပုံ။**

အရင်းရှိတဲ့....ကိုယ့်သဏ္ဍာန် ကိုယ် ဉာဏ်နဲ့ ကြည့်ထားး၊ ကိုယ့် သဏ္ဍာန်ကိုယ် မြင်လို့ရှိ ယင် သူများသဏ္ဍာန်ကိုလဲ အကုန် မြင်တော့ ဒါဘဲ....။

မိမိသဏ္ဍာန်မှာ အရင်းခံရှိတာ ဘယ်နှစ်ပါးလဲ မေးယင် နှစ် ပါးလို့ဖြေကြ၊ ပေါ်ဒါက,တပါး၊လိုက်သိဒါက,တပါး၊ နှစ်ပါး.... လို့ဖြေကြ။ စာလိုပြောယင်ရုပ်က,တပါး၊ နာမ်က,တပါး နှစ်ပါး တနည်း- ကိုယ်တွေ့နှင့် စပ်ပြောမယ်ဆိုယင် ပေါ်တဲ့ ရုပ်က,တပါး လိုက်သိတဲ့နာမ်က,တပါး နှစ်ပါးလို့.... မိမိသဏ္ဍာန်မှာ အရင်းခံ ရှိတာနှစ်ပါးထဲပါဘဲ၊ မိမိသဏ္ဍာန်မှာ မ,တည်ထားးဒါ နှစ်ပါးထဲ ပါဘဲလို့မှတ်ကြ။

မိမိသဏ္ဍာန်မှာ တကိုယ်လုံးကြည့်မယ်ဆိုလို့ရှိယင် ပေါ်တဲ့ရုပ်ကလေးတွေနဲ့ မှတ်ထားတယ်၊ ခန္ဓာကိုယ် တကိုလုံးဟာဖြင့် ပေါ်ဒါချည်းပါဘဲ၊ ပေါ်ဒါမှန်သမျှ ရုပ်ချည်းပါဘဲ။

စာလိုနဲ့နဲ့လေးစစ်မယ်ဆိုယင် ခန္ဓာကိုယ် တကိုယ် လုံးဟာ ဖြင့် ရုပ်တွေ မှတ်ထားပါတယ်၊ရုပ်မှာဆိုယင် ဘယ်ရုပ်များ မှတ်ထားပါသလဲမေးယင် မဟာဘုတ်လေးပါး မှတ်ထားပါတယ်၊ မဟာဘုတ်လေးပါး မှာလဲဘဲ၊ ပထဝီ-မဟာဘုတ်နဲ့ မှတ်ထားပါတယ်လို့ ဆိုဒါမှတ်။

ပထဝီ-ဆိုယင် ဗမာလိုကျတော့ အမှုန်ခေါ်တယ်၊ ပရမတ်လိုကျတော့ မာဒါလေးတွေခေါ်တယ်၊ ပထဝီဆိုတဲ့ အမာလေးတွေ အမှုန်ကလေးတွေ မှတ်ထားပါတယ်လို့ ဟော....သလိုလဲယူကြ။

ဒါ့ကြောင့်- ခန္ဓာကိုယ် တကိုယ်လုံးမှာ ကြည့်မယ်ဆိုယင်၊ အသား အရေ အကြော၊ အစရှိတဲ့သုံးဆယ့်နှစ် ကောဋ္ဌာသတွေလဲဘဲ အမှုန်ကလေးတွေ မှတ်ထားဒါပါဘဲ။

ခေါင်းတွေ ကိုယ်တွေ ခြေတွေ လက်တွေ၊ဆိုတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေလဲဘဲ၊ အမှုန်လေးတွေ မှတ်ထားဒါ ဘာဘဲ၊ ယောကျ်ား မိန်းမ လူနတ် ဗြဟ္မာ အသက်လိပ်ပြာ အကောင်သတ္တဝါ တွေလဲဘဲ အမှုန်လေးတွေ မှတ်ပြီးတော့ထားဒါပါဘဲ....လို့ ကိုယ်ခန္ဓာကိုယ် ကြည့်မယ်ဆိုလို့ရှိယင်၊ အရင်းခံရှိဒါ ပေါ်တဲ့ရုပ် နဲ့လိုက်သိတဲ့နာမ် ထိုနှစ်ပါးသည်သာလျှင် မှတ်ထားတယ်လို့ ဆိုဒါ ကိုယ့်ကိုယ်ကို ဉာဏ်နဲ့မြင်ကြ။

ဒါဖြင့်- မိမိသဏ္ဍာန်မှာ အရင်းခံရှိတာ နှစ်ပါးဆိုယင် သူများ သဏ္ဍာန်လဲ အရင်းခံရှိတာ နှစ်ပါးပေါ့၊ အားလုံး လူ့သဏ္ဍာန်

နုတ်သဏ္ဌာန် ပြဟ္မာသဏ္ဌာန် အပါယ်လေးပါး သဏ္ဌာန်လဲဘဲ အရင်းခံရှိတာ နစ်ပါး့လို့....ပေါ်တဲ့ရုပ်ကတပါး၊လိုက်သိတဲ့ နာမ်ကတပါး၊ နစ်ပါး မတည်ထားပါတယ်လို့မှတ်ကြ။

ဒါက- ခန္ဓာငါးပါး ရုပ်နာမ်နစ်ပါးစုံတဲ့ ပဉ္စဝေါကာရ ဘုံအတွက်ပါဘဲ။

ရုပ်ခန္ဓာ-တပါးသာရှိတဲ့ အသညသတ်ဘုံ ဆိုဒါရှိပါသေးတယ်၊ အဲဒီ-ရုပ်ခန္ဓာတပါးသာရှိတဲ့ အသညသတ် ပြဟ္မာကြီးဆိုယင် ပေါ်တဲ့ရုပ်တပါးနဲ့ မ့တည်ပြီးတော့ ထားပါတယ်လို့ အဲဒီလိုလဲဘဲသိကြပါ။

နာမ်ခန္ဓာလေးပါးနဲ့ မ့တည်ထားဒါ ရှိပါသေးတယ်၊ အရူပလေးဘုံ....တဲ့၊အရူပလေးဘုံမှာရှိတဲ့ပြဟ္မာကြီးတွေ သဏ္ဌာန်ကြည့်ယင် လိုက်သိတဲ့ နာမ်တရားလေးတွေနဲ့ မတည်ပြီးတော့ ထားပါတယ်လို့သိကြ။

ကဲ- ချုံးကြစမ်း၊ နာမ်သက်သက် မ့တည်ပြီးတော့ ထားဒါကလေးဘုံ....တဲ့၊ရုပ်သက်သက်မ့တည်ပြီးတော့ထားဒါကတဘုံ....တဲ့ ရုပ်နာမ်နစ်ပါး ပေါင်းစုံပြီးတော့ မ၊တည်ထားဒါက နစ်ဆယ့်ခြောက်ဘုံဘဲ ပေါင်းလိုက်မယ်ဆိုယင် ဘုံသုံးဆယ့်တစ် ကိုက်သွားဒါဘဲ။

အဲဒီ- ဘုံသုံးဆယ့်တစ်မှာဆိုယင် ရုပ်နာမ်နစ်ပါး အရင်းခံမ့တည်ထားတဲ့"ပဉ္စဝေါကာရ"ဘုံအတွက်လိုပါတယ်၊ဘာ့ကြောင့်လဲလို့မေးမယ်ဆိုယင် ပုတုဇဉ်က သောတာပန်ဖြစ်တဲ့နေရာမှာ ရုပ်နာမ်စုံမှ ဖြစ်ကြတယ်၊ ရုပ်နာမ်နစ်ပါးမစုံတဲ့ ရုပ်သက်သက် ရှိတဲ့ဘုံလဲဘဲ သောတာပန် မဖြစ်နိုင်ဘူးတဲ့။

ဘာ့ကြောင့်လဲ မေးယင် သောတာပန်ဖြစ်မဲ့ ပုဂ္ဂိုလ်ဆိုယင် တရားနာရသတဲ့ တရားမနာယင် ဘယ်နည်းနဲ့မှ ပုတုစဉ်ဘဝက သောတာပန် မဖြစ်နိုင်ဘူး၊ တရားနာမယ်ဆိုလို့ရှိယင် နားလဲပါရ တယ် ခေါ်တယ်၊ အရူပလေးဘုံမှာရှိတဲ့ ဗြဟ္မာကြီးတွေဟာဖြင့် နာမ်သက်သက်သာရှိ၍ ရုပ်မရှိသောကြောင့် နားမပါဘူး၊ နား မပါယင် ဟောသောတရားကို မကြားနိုင်ဘူး။

ဒါကြောင့်- အရူပလေးဘုံမှာရှိတဲ့ တိဟိတ်ပုထုဇဉ်ဗြဟ္မာကြီး တွေဟာ ဘယ်နည်းနဲ့မှ သောတာပန် မဖြစ်နိုင်ပါ။

ဒါကြောင့်- အဲဒီ ဗြဟ္မာကြီးတွေကို ရုပ်ပြစ်ရှစ်ပါးထဲ သွင်းရ တယ်၊ ရုပ်ပြစ်ရှစ်ပါးဆိုဒါက အဲဒီဗြဟ္မာကြီးတွေမှာဆိုယင်၊ မဂ် ဘယ်တော့မှ မရဘူးတဲ့ မဂ်မရတဲ့ အက္ခဏ တရားဆိုတာ မှတ်ပေ တော့....။

ဒါကြောင့်- ရုပ်နာမ်နှစ်ပါးစုံတဲ့ "ပဉ္စဝေါကာရ" ဘုံအတွက် ဒီမှာလိုတယ်၊ ကဲ- ဒါဖြင့် ရုပ်နာမ်စုံတဲ့ "ပဉ္စဝေါကာရ"ဘုံမှာ....

မိမိ့ခန္ဓာကြီးလဲဘဲ အရင်းခံရှိဒါ ၂-ပါးနေ၁်....(မှန်ပါဘုရား)
သူများ့ခန္ဓာလဲဘဲ အရင်းခံရှိဒါ ၂-ပါးနေ၁်....(မှန်ပါဘုရား)
လူ့ခန္ဓာလဲဘဲ အရင်းခံရှိဒါ ၂-ပါးနေ၁်....(မှန်ပါဘုရား)
နတ့်ခန္ဓာ လဲဘဲ အရင်းခံရှိဒါ ၂-ပါးနေ၁်....(မှန်ပါဘုရား)
ဗြဟ္မာ့ခန္ဓာလဲဘဲ အရင်းခံရှိဒါ ၂-ပါးနေ၁်....(မှန်ပါဘုရား)
အပါယ်လေးပါးကျနေတဲ့ ခန္ဓာလဲဘဲ အရင်းခံ ရှိဒါ ၂-ပါး နေ၁်-လို့ မှတ်။

၂-ပါးက့ကိုယ်တွေနဲ့ ပြောမယ်ဆိုယင် ပေါ်ဒါကလဲ တပါး-ပါ၊ လိုက်သိဒါကလဲ တပါး့ပါ....နှစ်ပါး....လို့မှတ်ပါ။

စာတွေနဲ့ ပြောမယ်ဆိုယင် ရုပ်ကာဘပါး၊ နာမ်ကာတပါး နှစ်ပါးလို့ မှတ်။

ကိုယ်တွေ-စာတွေ နှစ်ဖြာကိုက်ပြီးတော့ပြောယင်၊ ရုပ်ရှင်စနှစ်လိုကိုယ်ထဲမှာ-ပေါ်နေဒါက ရုပ်၊ ပေါ်တိုင်း ပေါ်တိုင်း လိုက်သိနေတာကနာမ်....ဖြစ်လေသောကြောင့်ရုပ်နာမ်နှစ်ပါးအရင်းခံမှ တည်ထားတယ်လို့ ဆိုဒါယုံကြပေတော့။

ကဲ....ဒါဖြင့် အရင်းရှိ နှစ်ပါး၌၊ ပေါ်လာပြီ ပေါ်လာပြီ အငုပ်မှား....တဲ့ရုပ်ပေါ် နာမ်ပေါ်မှာ ငုပ်နေတဲ့အငုပ်မှားသည် ဘယ်နှစ်ခုရှိသလဲမေးယင် လေးခုရှိတတ်လို့ ဖြေ။

ကဲ- လေးခုကောက်မယ်၊ အငုပ်မှားလေးခု ကောက်မယ်၊ မီးရထား ဥပမာလေးနဲ့ကောက်မယ်။

မီးရထားမှာ ခေါင်းတွဲတခု နောက်တွဲက သုံးခု၊ ပေါင်းလေးခု။

ခန္ဓာမှာလဲဘဲ- အငုပ်မှားလေးခု၊ ခေါင်းတွဲ အငုပ်မှားကတစ်၊ နောက်တွဲအငုပ်မှားက သုံး....လို့ ဒီလိုယူထား။

ခေါင်းတွဲအငုပ်မှားဆိုဒါက ငါအငုပ်မှား....လို့ ဒီလိုဆိုလိုတယ်၊ နာမ်ရုပ်ပေါ်မှာ ငါငုပ်နေလျှင်တဲ့ နာမ်ရုပ်မြုတ်သွား၊ ငုပ်သော ငါသည် ပေါ်လွင်ထင်ရှား။

ရုပ်ပေါ်မှာ ငါငုပ်နေမယ်ဆိုလျှင် ငုပ်မြုတ်၍ ငုပ်သောငါသည်၊ ပေါ်လွင်ထင်ရှားပါတယ်။

ဥပမာဆိုလျှင် ပေါ်တဲ့ရုပ်ဘက်က ငါးမျိုး၊ ပုဒ်- အေးဒါ- လှုပ်ထာ- ဆင်းရဲဒါ- ချမ်းသာဒါဆိုတဲ့ ငါးမျိုးထဲမှာ ငုပ်နေပုံပြောမယ်။

အပူပေါ်မှာ ငါ့ငုပ်ယင် အပူမြုတ်၍ ငါပေါ်နေတယ်၊ ဘယ်သူပူသလဲမေးဟင် ငါပူတယ်တဲ့၊ ပူဒါဘယ်သူလဲမေးယင်- ငါတဲ၊ ငါဟာ ဘယ်သူလဲမေးယင် ပူဒါတဲ၊ အပူပေါ်မှာ ငါငုပ်ပုံ။

အအေးပေါ်မှာ ငါငုပ်မယ် ဆိုယင် လဲဘဲ အအေးမြုတ်ပြီး သကာလ၊ ငါအေးတယ်....

အလှုပ်ခလေးပေါ်မှာ ငါငုပ်မယ် ဆိုယင်လဲဘဲ အလှုပ်တွေ မြုတ်ပြီး သကာလ၊ ငါလှုပ်တယ်....

ကျင်ဒါ- နာဒါ- ကိုက်ထာ- ခဲဒါ- မူးဒါ- ဝေဒါ- အောင့်ဒါ ဆိုတဲ့...ဆင်း ရဲ မှု က လေး တွေ အပေါ်မှာ- ငါငုပ်မယ် ဆိုယင် ဆင်းရဲဒါတွေ အကုန်မြုတ်ပြီး သကာလ၊ ငါကျင်တယ်၊ ငါနာတယ်, ငါတုံတယ်, ငါကိုက်တယ်း ငါအောင့်တယ်, ငါဆင်းရဲတယ်....လို့ ဟောသလို ထင်လာပါတယ်၊ ဆင်းရဲဒါ မြုတ်ပြီး သကာလ၊ ငါထင်ရှားလာပါတယ်။

ချမ်းသာတဲ့အပေါ်မှာ ငါလေးငုပ်ပြီးတော့ သွားမယ် ဆိုယင်- ချမ်းသာဒါ မြုတ်ပြီး သကာလ၊ ငါချမ်းသာတယ်....လို့, ဟောသလို ယူပါတယ်၊ ချမ်းသာဒါ မြုတ်ပြီး သကာလ၊ ငုတ်သော ငါ- ပေါ်လွင် ထင်ရှားလာပါတယ်၊ ပေါ်တဲ့ အပေါ်မှာ ငါငုပ်ပုံ....လို့ ဆိုလိုတယ်။

သိတဲ့အပေါ်မှာလဲဘဲ၊ ငါငုပ်မယ်ဆိုယင်၊ သိဒါမြုတ်သွားပြီး သကာလ, ငါပေါ်လာပါတယ်၊ သိဒါ ဘယ်သူလဲ၊ ငါပေါ့၊ ငါကိုယ်တိုင် သိတယ်၊ ငါကိုယ်တိုင် သိတယ်လေ....လို့၊ သိဒါနဲ့ ငါနှစ်ခုမကွဲ တခုထည်းထင်နေခြင်းသည် အသိဆိုတဲ့ နာမ်တရားပေါ်မှာ ငါငုပ်နေတယ်လို့ ဟောသလိုယူကြ။

ဒါက-အရင်းရှိနှစ်ပါး၌ ငါအငုပ်များပုံ၊ ခေါင်းတွဲကြီးပါဘဲ၊ ငါအငုပ်များက ခေါင်းတွဲကြီး၊ အသား အရေ အကြော ရိုးတွင်း ချဉ်ဆီ အစရှိတဲ့ ကောဋ္ဌာသ အငုပ်များက နောက်တွဲ ၁-နံပါတ် ခေါင်းတွေ ကိုယ်တွေ ခြေတွေ လက်တွေ အစရှိသော ကိုယ် အင်္ဂါအစိတ်အပိုင်း အငုပ်များက နောက်တွဲ ၂-နံပါတ်။

ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ အသက် လိပ်ပြာ အကောင် သတ္တဝါ စသော အငုပ်များက နောက်တွဲ ၃-နံပါတ်၊ နောက်တွဲ အငုပ်များဖြစ်ပုံ။

အရင်းရှိဆိုတဲ့ နာမ်ရုပ် နှစ်ပါးမှာ အသား အရေ အကြော ဆိုတဲ့ ကောဋ္ဌာသ ငုပ်ပုံလေး ပြောမယ်။

ပူသိ အေးသိ လှုပ်သိ ဆင်းရဲသိ ချမ်းသာသိ ဆိုတဲ့ ငါးမျိုးမှု တည်ထားစမ်း။

ကောဋ္ဌာသထဲက အသားလေးတခု နမူနာထားပြီး ထုတ် ပြောမယ်။

ပူသိ ပေါ်မှာ အသားလေး ငုပ်မယ်ဆိုယင်၊ ပူသိဟာအသား ဘဲ၊ ဘယ်သူက ပူသလဲမေးမယ်ဆိုယင် အသားကပူတယ်၊ ဘယ် သူကသိသလဲ၊ အသားကဘဲသိတယ်၊ ဟော- ပူသိ မြုတ်သွားပြီတဲ့၊ ငုပ်တဲ့အသားလေး ပေါ်လွင်ထင်ရှားနေတယ်ခေါ်တယ်၊ ကောဋ္ဌာ သ အငုပ်များလေးတခု နမူနာ ယူပြောဒါ။

ခေါင်း ကိုယ် ခြေ လက် စသော ကိုယ်အင်္ဂါအစိတ်အပိုင်း၊ အငုပ်များအတွက် ခေါင်းတခု နမူနာထားပြောမယ်။

(၂၀)

ပုသိပေါ်မှာ ခေါင်းကလေး ငုပ်မယ်ဆိုယင်၊ ပုသိမြုတ်၍ ခေါင်းကလေး ပေါ်လာပါတယ်။

ပုသိဟာ ဘယ်သူလဲလို့ ထပ်မေးလိုက်မယ်ဆိုယင်၊ ခေါင်းလို့ ပြောတော့မယ်၊ ခေါင်းကပုတယ်၊ ခေါင်းကပင်သိတယ်လို့ ရဲရဲကြီး ပြောတော့မယ်။

အဲသလိုဆိုယင်၊ ပုသိမြုတ်၍ ခေါင်းလေး ထင်ရှား လေသော ကြောင့် ခေါင်း- ဆိုတဲ့ အငုပ်မှားလို့ဆိုယင်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းလို့သာ မှတ်ပေတော့။

ပုသိပေါ်မှာ ယောကျ်ား-မိန်းမ ငုပ်မယ်ဆိုယင်၊ ပုသိဟာဘယ်သူလဲလို့ မေးမယ်ဆိုလျှင် ယောကျ်ား-မိန်းမပေါ့တဲ့။ ယောကျ်ား, မိန်းမ့ကဘဲပုတယ်၊ ယောကျ်ား-မိန်းမကဘဲ သိတယ်လို့ လူက● တယ်၊ လူကပင်သိတယ်လို့ ဘုန်းကြီး ရဟန်း တွေကပင်ပုတယ်၊ ဘုန်းကြီး ရဟန်း တွေကပင် သိတယ်- လို့ နောက်တွဲ ၃-နံပါတ် အငုပ်မှားလေးတွေ ဖြစ်ပုံကိုလဲ ဟောသလို ရှင်းရှင်း မှတ်စမ်း။

ကဲ....ဒါဖြင့် အငုပ်မှားလေးခု ကောက်ပေတော့။

ငါ အငုပ်မှားက ခေါင်းတွဲကြီး။

အသား,အရေ,အကြော,အရိုး, ရိုးတွင်း ချဉ်ဆီ, စတဲ့ (၃၂) ကောဋ္ဌာသ၊ အငုပ်မှားက နောက်တွဲ ၁-နံပါတ်။

ခေါင်း,ကိုယ်,ခြေလက်စသော ကိုယ်အင်္ဂါအစိတ်အပိုင်းအငုပ်မှားက နောက်တွဲ ၂-နံပါတ်။

ယောကျ်ား-မိန်းမ လူနတ် ဗြဟ္မာ၊ အသက်လိပ်ပြာ၊အကောင်သတ္တဝါ စသော, ဇာတိသဏ္ဍာန ပညတ်အငုပ်မှားက နောက်တွဲ ၃-နံပါတ်။

ယောက်ျား မိန်းမ လူ နတ် ဗြဟ္မာ အသက် လိပ်ပြာ အကောင် သတ္တဝါတွေလဲဘဲ ကိုယ်ထဲမှာတကယ်မရှိဘူးတဲ့၊ ကဲ-ကြည့်စမ်း.... မရှိတဲ့တရားတွေတဲ့၊ အခုမှ မရှိသည်မဟုတ်ပါ၊အစကထည်းက မရှိဘူးဆိုဒါ ရှင်းရှင်းမှတ်။

ရှိတဲ့တရား၊ မရှိတဲ့တရား၊ ပရမတ်တရား၊ ပညတ်တရား၊ အမှန်တရား၊ အမှားတရား၊ အရင်းခံတရား၊ အဖျားတရား ဆိုဒါ ကွဲကွဲပြားပြားသိကြပေတော့၊ အားလုံးရှင်းပလား (ရှင်းပါပြီဘုရား။)

ကဲ....ဒါဖြင့် အရင်းရှိ ၂-ပါး၌၊ အငုပ်မှား ၄-ခုကို ဝိပဿနာနဲ့ဖြုတ်....။

ဟော....အမှား ၄-ခုကို ဝိပဿနာနဲ့ဖြုတ်ရမယ်တဲ့၊ အမှန်တရား ၂-ပါးကို ဖြုတ်ဘို့မလိုဘူး၊ ရှိခဲ့ရင်း ပရမတ်တရား ၂-ပါးကိုဖြုတ်ဘို့မလိုဘူး၊ ရုပ်ပေါ်မှာနာမ်ပေါ်မှာ ငုပ်ပြီးတော့နေကြတဲ့အငုပ်မှား ၄-ခုကိုသာ ဝိပဿနာနဲ့ဖြုတ်ရမယ်တဲ့ မှတ်ထားကြ-မှတ်ထားကြ

သီလ,က အဖျားတင်ရှောင်တာ။

သမထ,က အလယ်ပါရှောင်တာ။

ဝိပဿနာ ကတော့ အရင်းက စရှောင်တာတဲ့၊ မှတ်ထားကြ။

ဥပမာ ပြောရမယ်ဆိုလျှင် ရောဂါရှိတဲ့ ပုဂ္ဂိုလ်တယောက်ဟာ ရှောင်ဆေးတလက် စားရမယ်၊ လိမ်းဆေးတလက် လိမ်းရမယ်၊ အတွင်းဆေးတလက် စားရမယ်၊ ဆေး သုံးမျိုး စားမှ ဒီရောဂါ ပျောက်မယ်။

ရှောင်ဆေးနဲ့ သီလနဲ့ တူပါတယ်။

လိမ်းဆေး ဘိဆေးနဲ့ သမထ-သမာဓိနဲ့ တူပါတယ်။

အတွင်းဆေးနဲ့ ဝိပဿနာနဲ့ တူပါတယ်။

အတွင်းဆေး မစားသမျှ၊ ရောဂါကြီးဟာ မပျောက်သလိုဘဲ၊ ဝိပဿနာဆိုတဲ့ အတွင်းဆေးမစားခဲ့လို့ ရှိလျှင်၊ ဝိပဿနာ အားမထုတ်ခဲ့လို့ ရှိလျှင်၊ ဘယ်နည်းနဲ့ကမှ အမှားရောဂါမပျောက်ဘူးတဲ့၊ သညာဝိပ္ပလ္လာသဆိုတဲ့ အမှတ်မှား ဘယ်တော့မှ မပျောက်ဘူးတဲ့။

ဒိဋ္ဌိ ဝိပ္ပလ္လာသ ဆိုတဲ့ အယူမှားဘယ်တော့မှမပျောက်ဘူးတဲ့။

စိတ္တ ဝိပ္ပလ္လာသ ဆိုတဲ့ အသိမှား ဘယ်တော့မှ မပျောက်ဘူးတဲ့။

အမှားမပျောက်ယင် မဂ်ဖိုလ်နိဗ္ဗာန်ဘယ်တော့မှရောက်မလဲ၊ (မရောက်နိုင်ပါဘုရား) မဂ်ဖိုလ်နိဗ္ဗာန်မရောက်ယင်၊ သောတာပန်မဖြစ်၊ မဖြစ်ယင် အပါယ်ခွင် ဘယ်တော့မှ လွတ်မလဲတဲ့၊ အပါယ်စာကြီးပေါ့၊ ဟုတ်ကြရဲ့လား (ဟုတ်ပါတယ်ဘုရား။)

တိရစ္ဆာန်လဲ ငါဖြစ်ရမယ်။

ပြိတ္တာလဲ ငါဖြစ်ရမယ်။

အသူရကာယ်လဲ ငါဖြစ်ရမယ်။

ငရဲ အနန္တလဲ ငါကိုယ်တိုင် ကျရမှာပေါ့လို့ ဆိုဒါ၊ မြေကြီး လက်ဝါးနဲ့ပုတ်လျှင် လွဲယင် လွဲအုံးမယ်၊ အခု အမှား မပြုတ်ယင် အပါယ်ကျမယ်ဆိုဒါ၊ တထစ်ချ မှတ်ပေတော့၊ ပိုင်ပိုင်ပြောလိုက်တဲ့ စကားဟာ ရှင်းရှင်းကြီး မှတ်ပေတော့။

ဒါ့ကြောင့်- အရင်းရှိ ၂-ပါး၌ အုပ်မှား ၄-ခု ကို ဝိပဿနာနဲ့ ဖြုတ် တဲ့။

ကဲ....ဝိပဿနာ ပြောကြစို့။

ဝိပဿနာသည်၊ သင်သိ ဝိပဿနာတမျိုး၊ ကျင့်သိ ဝိပဿနာ တမျိုး၊ နှစ်မျိုးခွဲကြ။

သင်သိ ဝိပဿနာပြောမယ်.... သင်သိ....တဲ့။

တရားအားထုတ်တော့မယ်ဆိုလျှင်၊ ရှေးဦးစွာဆရာရှာရတယ်၊ ဆရာကောင်းတွေမှ တရားအားထုတ်တဲ့နေရာမှာ ပိုင်ပိုင်ကြီး ဖြစ်ကြတော့မယ်၊ ဒါ့ကြောင့် ဆရာကောင်းရှာရမယ်လို့ ဆိုဒါ။

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"လို့ ဘုရားရှင် ကိုယ်တော်မြတ်က ဟောပါတယ်။

ယထာဘူတံ ဉာဏာယ- ဟုတ်တိုင်းမှန်စွာ သိဘို့ရာ မြင်ဘို့ရာ အလို့ငှာ၊ သတ္ထာ- ကျကျနန ပြသနိုင်တဲ့ ဆရာသမားကောင်း အစစ်ကို၊ ပရိယေသိတဗ္ဗော- မတွေ့ တွေ့ရန်, လိုက်လံ ရှာမှီးအပ် ရှာမှီးသင့် ရှာမှီးထိုက်တော့သည်သာလျှင် ကတည်း။

(သာဓု.... သာဓု....သာဓု)

ဆရာရှာကြ၊ ဆရာရှာကြ.... လောကစကား ဆရာမပြယင် ငပိဖုတ်တောင်မှ နည်းမကျဆိုတဲ့ စကားလိုဘဲ၊ ဆရာမရှိလို့ ရှိယင် တရားအားထုတ်ထာ နည်းမကျပါဘူး၊ ဆရာရှာလို့ ဆိုဘဲ့အဘိုင်း ဆရာတွေ့ပြီလို့ ဆိုပါတော့၊ ဆရာတွေ့ဘဲ့အခါမှာ ဆရာက အား ထုတ်ပုံ အားထုတ်နည်းကလေး သင်တန်းပေးပြီ၊ သင်တန်းပေးပြီ။

သင်တန်း ဘယ်လိုပေးမလဲ မေးယင်....

ဝိပဿနာ အားထုတ်တယ်ဆိုတာ ၆-မျိုး အားထုတ်လို့ ရပါတယ်၊ ၆-မျိုးရှိတယ်လို့ ဆိုလိုတယ်။

မျက်လုံးတွေ၊ ဥာဏ်မြင်အလုပ်တမျိုး .... လက်ချိုးထား။
နား....ဥာဏ်မြင်အလုပ်တမျိုး။
နှာခေါင်း....ဘယ်နှစ်မျိုးရှိ(၃-မျိုးပါဘုရား)
လျှာတွေ ....ဘယ်နှစ်မျိုး၊ (၄-မျိုး)
ကိုယ်တွေ .... ။ (၅-မျိုး)

မနောတွေ ဥာဏ်မြင်အလုပ်တမျိုး ရယ် လို့ အလုပ် ၆-မျိုး ဝိပဿနာ အားထုတ်လို့ရပါတယ်လို့ ရှေ့မဆွကသိထားပါအုံး။

ကသစ်ဝိုင် ဆရာတော်ကြီးက ဘယ်လိုပြသလဲမေးယင်၊ ၆-မျိုး လုံးပြပါတယ်၊ ပြသော်လဲဘဲ ၆-မျိုးလုံး တပြိုင်နက်တော့ မပြပါဘူး၊ ခွဲပြပါတယ်။

ဘယ်လိုခွဲပြသလဲမေးယင်၊ ကိုယ်တွေ ဥာဏ်မြင်ကို ပဓါန ပင်တိုင်အလုပ်၊ ကျန်ငါးတွေ ဥာဏ်မြင်ကို အပဓါန ယာယီအလုပ် နှစ်ခုခွဲ၍ပြပါသည်၊ ရှင်းပလား(ရှင်းပါပြီဘုရား၊) ပင်တိုင်အလုပ် ဘယ်နှစ်မျိုး(၁-မျိုးပါဘုရား)ယာယီအလုပ် ဘယ်နှစ်မျိုး (၅-မျိုး ပါဘုရား။)

ကဲ....ဒါဖြင့် ကသစ်ဝိုင်ဆရာတော်ပြပုံလေး....ကိုယ်တွေ ဥာဏ်မြင် ပဓါန ပင်တိုင်အလုပ်ကိုဆုံးမကြစို့တဲ့၊ သင်တန်းပေးကြစို့။
ကိုယ်တွေတမျိုး၊ ဥာဏ်မြင်တမျိုး။

စကားနှင်မျိုးရှိပါတယ်၊ ကိုယ်တွေ့တဲ့၊ ကိုယ်-ဆိုဒါကတကိုယ်လုံးကိုခေါ်ပါ၊ ကာယပသာဒ၊ ကာယဓါတ်ကို ကိုယ်-ကောက်ရလေသောကြောင့်....။

စာတတ်သော ပုဂ္ဂိုလ်များအတွက် အကြောင်းပေးပုံ။

ဒါဖြင့် ကိုယ်ဆိုဒါ တကိုယ်လုံး ကောက်ပေတော့။

ကိုယ်မှာတွေ့တာ၊ ကိုယ်မှာပေါ်ဒါ၊ ဘယ်နှစ်မျိုးလဲ မေးယင် စာသမားတွေအတွက် အရင်ပြောမယ်၊ ဒါမှ စာနှင့် ကိုက်မှ သူတို့ယုံကြည်တယ်၊ ယုံကြည်တော့ သာသနာပြုလို့ ကောင်းတယ် ဆိုဒါမှတ်။

ကိုယ်မှာတွေ့ဒါ၊ ကိုယ်မှာပေါ်ဒါတို့သည်၊ စာလိုဖေါ်ဌမ္ဘာရုံ၊ ဗမာလို ထိစရာ။

တရားကိုယ်- တေဇော၊ ဝါယော၊ပထဝီ၊ဓါတ်သုံးမျိုးကောက်ပါ၊ သုံးမျိုးတင် မှတ်ထားလိုက်အုံး။

ကိုယ်မှာတွေ့ဒါ၊ ကိုယ်မှာပေါ်ဒါတို့သည်....။

တေဇောဓါတ် ၁-မျိုး။

ဝါယောဓါတ် ၁-မျိုး။

ပ ထ ဝီ ဓါတ် ၁-မျိုး။ ဓါတ် ၃-မျိုးလို့ သာကောက်ပါ၊ စာသမားတွေဆိုယင်၊ ဘယ်မှာ မယုံစရာ ရှိမလဲ၊ စာနဲ့ ကိုက်ထာကိုးလို့မှတ်။

ကဲ....ဒါဖြင့် ကိုယ်မှာတွေ့ဒါ ၃-မျိုးလို့ သိပြီးတဲ့နောက် လုပ်ငန်းပြတဲ့ဆရာဆိုတော့ ခွဲချင်တိုင်းခွဲလို့ ရတယ်၊ ခွဲပြမယ်-ခွဲပြမယ်။

တေဇော၊ ဝါယောကို အလုပ်ဓါတ်။

ပထဝီကို အပေါ်ခါတ်လို့ ကျဉ်းသထက်ကျဉ်း၊ ရှင်းသထက် ရှင်းအောင် ခွဲပြလိုက်ပြန်တယ်။

အဲဒါ အလုပ်ခါတ်၊ အပေါ်ဓါတ်တဲ့၊ အလုပ်ခါတ်က ၂-ပါး နော် (မှန်ပါဘုရား)၊ အပေါ်ဓါတ်က ပထဝီဓါတ်တပါးနော် (မှန်ပါဘုရား) သေချာမှတ်ထားကြ။

ဥပမာ-ပြောရမယ်ဆိုလျှင် မီးခြစ်ဆံယမ်းကလေးနဲ့ မီးခြစ်အိမ် ယမ်းကလေးနဲ့ ထိုနှစ်ခုတို့သည် အလုပ်ဓါတ်နဲ့ တူပါတယ်၊ ခြစ် လိုက်ယင် ရှုကနဲ မီးတောက်ပေါ်လာတာကတော့ ပထဝီအပေါ် ဓါတ်နဲ့တူပါတယ်၊ မီးလိုချင်သလား၊ လိုချင်တယ်ဆိုလျှင်ခြစ်သာ ခြစ်လိုက်ပေတော့ ခြစ်လိုက်လို့ရှိယင် ရှုကနဲ မီးတောက်ပေါ်လာ သလို ပထဝီမြင်ချင်သလား၊ ခန္ဓာကိုယ်မှာ ပထဝီဓါတ်မြင်ချင်သ လား၊ အမှုန်လေးတွေ မြင်ချင်သလား၊ အမာဓါတ် ကလေးတွေ မြင်ချင်သလား၊ မြင်ချင်ပါတယ်, မြင်ချင်ပါတယ်၊ ဘာဖြစ်လို့ မြင်ချင်သလဲ မေးမယ်ဆိုယင် အသား, အရေ, အကြော,အရိုး,စ သော ကောဋ္ဌာသတွေလဲ အမှုန်တွေ မ,တည်ထားလို့ ခေါင်းကိုယ် ခြေလက်စသော ကိုယ်အင်္ဂါ၊အစိတ်အပိုင်းတွေလဲ အမှုန်တွေမ,တည် ထားလို့ ယောကျာ်း, မိန်းမ, လူ, နတ်, ဗြဟ္မာဆိုတဲ့ သဏ္ဌာန်ကြီး တွေကလဲ အမှုန်တွေ မ,တည်ထားတယ်လို့ ကြားလဲ ကြားဘူးပါ တယ်။

ဒါ့ကြောင့်- အမှုန်ကလေးတွေများ မြင်ချင်ပါတယ်၊ မြင်ချင် ယင်ဘယ့်နှယ့်လုပ်မလဲဆိုယင် တေဇောကိုရှုပါ, ဝါယောကိုရှုပါ တေဇော, ဝါယော နှစ်ခုကို ရှုလိုက်မယ်ဆိုယင် မမြင်ချင်ဘဲနဲ့ မ နေရတော့ပါဘူး၊ ပထဝီလေးတွေတော့ ပေါ်လာတော့ မှာဘဲ၊

အမှုန်လေးတွေတော့ ပေါ်လာတော့မှာဘဲ၊ ရွရွဆိုတဲ့ အမှုန်လေးတွေ၊ ဖျင်းဖျင်းဆိုတဲ့ အမှုန်လေးတွေ၊ ချအုံ့၊ ဗဂျိအုံ့၊ ပရွတ်ဆိတ်အုံကြီးများကဲ့သို့ အုံကြွနေသလို အမှုန်လေးတွေ သဲကမ္ဘာများ ဖြုတ်ဖြုတ်၊ ဖြုတ်ဖြုတ်နဲ့ ပြိုကျနေသလို အမှုန်လေးတွေ ရေနယ်လေးတွေများထနေသလို အမှုန်လေးတွေ မိုးဖွဲကလေးများကျနေသလို၊ နှင်းဖွဲကလေးများကျနေသလို၊ မြူမှုန်ကလေးများ ကျနေသလို၊ ဆံပင်တို့ကို ရေစိုစို လက်နဲ့ ပွတ်လိုက်သည့် အခါမှာ အမှုန်လေးတွေ စင်နေသလို ရေပန်းလေးတွေ ပန်းနေသလို တကိုယ်လုံး အမှုန်လေးတွေတော့ မြင်ရတော့မှာဘဲ-လို့ ဆိုဒါမှတ်ကြပေတော့၊ သဘောကျပလား (ကျပါတယ် ဘုရား။)

ကဲ- ဒါဖြင့် တေဇော ဝါယော အလုပ်ဓါတ် နှစ်ပါးဖြစ်သောကြောင့် အလုပ်ဓါတ်ကို ဖေါ်ကြစို့....။

တေဇော ဆိုယင် ပူဒါတမျိုး၊ အေးဒါတမျိုး၊ နှစ်မျိုးကောက်ရပါတယ်။

ဝါယောဆိုယင် လှုပ်ထာတမျိုး၊ငြိမ်ဒါတမျိုး၊နှစ်မျိုးကောက်ရပါတယ်။

ကဲ- ပေါင်းလိုက်တော့ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ငြိမ်ဒါလို့ လေးမျိုးရပါတယ်၊ ဟော- ကိုယ်တွေ့-ကိုယ်တွေ့-ကိုယ်တွေ့- ဟောဒီမှာ ပေါ်လာပြီ ကိုယ်ဆိုဒါက ကိုယ်လုံးပါ ကိုယ်မှာတွေ့ဒါက၊ လေးမျိုးပါ။

လေးမျိုးထဲက တခါနှုတ်အုံးမယ်၊ ငါးလေးတကောင်ဝယ်လာဒါ အိမ်ကျ အူနှုတ်-အသဲနှုတ်ဆိုတော့ ဘာမှသိပ်မကျန်လှဘူး

ယခုလဲ ဓါတ်သုံးပါး ဟိုနှုတ် ဒီနှုတ်နဲ့ အခုလေးပါး၊ လေးပါးထဲက တခါ ငြိမ်ဒါ ထပ်နှုတ်လိုက်အုံးမယ် ငြိမ်ဒါဘာဖြစ်လို့ နှုတ်ရသလဲ မေးမယ်ဆိုယင်....။

ယောဂီတို့ ရှုမှတ်တဲ့ နေရာမှာ အထင်နဲ့သာ ရှုမှတ်ထားများကြသည်၊ ပေါ့ပေါ့ဆဆ ရှုမှတ်ထားများကြသည်၊ ဒါ့ကြောင့် ငြိမ်ဒါလေးတခုကို ထပ်နှုတ်ပါ အလုပ်နဲ့ နှုတ်ထားဒါ ငြိမ်ဒါနှုတ်ထားယင် သုံးမျိုးသာ ကျန်တော့တယ်။

ပူဒါ တမျိုး၊

အေးဒါ တမျိုး၊

လှုပ်ထာ တမျိုး၊

သုံးမျိုးထည်းရတယ်၊ ကိုယ်မှာပေါ်ဒါ၊ ကိုယ်မှာ တွေ့ဒါ သုံးမျိုး၊ သွင်းတော့မယ် သွင်းတော့မယ် စာထည်း သွင်းတော့မယ်၊ ထိုသုံးမျိုးတို့သည်ကား၊ "ကာယာနုပဿနာ သတိပဋ္ဌာန် ဓါတုမနသိကာရပဗ္ဗ" ထည်းသို့သွင်းရပါတယ်၊ စာသိတဲ့ ပုဂ္ဂိုလ်တွေအတွက် ယုံကြည်လောက်အောင် သွင်းပြပုံလို့မှတ်။

ကဲ- ဒါဖြင့် ကိုယ်မှာတွေ့ဒါ၊ ကိုယ်မှာပေါ်ဒါ သုံးမျိုးကို မှတ်ပြီးတဲ့နောက် ကိုယ်တွေ့ ဆိုယင်၊ "တိဏ္ဏံ သင်္ဂတိဖဿော" ဒီလိုဆိုသောကြောင့် သုံးခုဆုံရတယ်၊ သုံးခုဆုံတဲ့ နေရာမှာ ဆိုလို့ ရှိယင်ကာယဝိညာဉ်ပါရတယ်၊ ကိုယ်တွေ့ဆိုလို့ရှိယင် ကာယဝိညာဉ်ပါရတယ်၊ ကာယဝိညာဉ်ပါမယ် ဆိုယင် သင်္ဂြိုဟ်တတ်ယင် အဟိတ်စိတ်မှာ ဒုက္ခသဟဂုတ် ကာယဝိညာဉ်၊ သုခ သဟဂုတ်ကာယ

ဝိညာဉ် နှစ်ဖြာ ပါသောကြောင့် ဆင်းရဲ ချမ်းသာ နှစ်ဖြာလဲ ရှုမှတ်ရပါတယ်၊ စာတွေ- စာတွေ- စာတွေလေး ပြောပြ ထားဒါ။

ကိုယ်တွေပြောရမယ်ဆိုယင် ပူဒါ- အေးဒါ–လှုပ်ထာနဲ့ ပတ်သက်၍ မခံသာလျှင် ဆင်းရဲမှုတွေပါဘဲ၊ ခံသာလျှင်ချမ်းသာမှုတွေပါဘဲ၊ ဒါကြောင့်- ပူ, အေး, လှုပ်, သုံးပါးနဲ့ ပတ်သက်တဲ့ မခံသာတဲ့ ဆင်းရဲမှု၊ ခံသာတဲ့ ချမ်းသာမှုများဟာ ကိုယ်တွေဖြစ်လေသောကြောင့်၊ စာထဲမှာလဲ ဆင်းရဲ ချမ်းသာနှစ်ဖြာ ရှုမှတ်ရပါတယ်၊ ဆင်းရဲ ချမ်းသာ နှစ်ဖြာရှုမှတ်မယ်ဆိုယင်၊ "ဝေဒနာနုပဿနာသတိပဋ္ဌာန်" ထည်းသို့သွင်းရပါတယ်။

ကဲ- ချုံးတော့မယ်၊ ကာယ,နုပဿန,သတိပဋ္ဌာန်-ထည်းသွင်းဒါက ပူဒါ,အေးဒါ,လှုပ်ထာ,သုံးမျိုးရယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်- ထည်းသွင်းဒါက, ဆင်းရဲ,ချမ်းသာ နှစ်မျိုးရယ် ပေါင်းတော့ ငါးမျိုး။

ကိုယ်တွေ,ကိုယ်တွေစင်ပြီ၊ ကိုယ်မှာတွေဒါ ကိုယ်မှာ ပေါ်ဒါတို့သည် ငါးမျိုးလို့သာ နှုတ်ခမ်း သပ်ပေတော့၊ အကျဉ်းချုံးတော့ဒါဘဲ၊ ကိုယ်ဆိုဒါက တကိုယ်လုံးခေါ်သောကြောင့် တကိုယ်လုံးမှာပေါ်ဒါဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား။)

ခေါင်းမှာပေါ်ယင်ကော ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)

အလယ်ပိုင်းမှာ ပေါ်ယင်ကော ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)

အောက်ပိုင်းမှာ ပေါ်ယင်ကော ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)

ဒါဘဲရှိတယ် သည့်အပြင်မရှိဘူး၊ ကိုယ်မှာပေါ်ဒါ ကိုယ်မှာ တွေ့ဒါငါးမျိုး၊ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ၊ ငါးမျိုးမှတ်တော့။

ကဲ-ခလေးမေးလာယင် နာမည်မှည့်ရတယ်၊ ဒီလိုမှည့်ယင် ခေါ်လို့မရဘူး၊ ယောကျ်ားကလေး မေးမေး၊ မိန်းခလေး မေးမေး နာမည်မှည့်ရတယ်။

ထို့အတူဘဲ ခန္ဓာမှာ ငါးမျိုးပေါ်လာသလို့ရှိယင် ထိုငါးမျိုးကို နာမည် မှည့်မယ်။

ပူယင် ကိုယ်ထဲကအပူဖြစ်ဖြစ်၊ အပြင်ဘက်က အပူဖြစ်ဖြစ်၊ သက်ရှိအပူဖြစ်ဖြစ်၊ သက်မဲ့အပူဖြစ်ဖြစ်၊ အပူကလေးတွေ့လာယင် ပူဒါလို့ခေါ်နော် (မှန်ပါဘုရား။)

အပူ ဘယ့်နှယ် ခေါ်ရ (ပူဒါလို့ခေါ်ပါတယ်)

အအေးဆိုယင် ဘယ့်နှယ်ခေါ်ရ(အေးဒါလို့ခေါ်ပါတယ်)

အလှုပ်ဆိုယင် ဘယ်လိုခေါ် (လှုပ်ထာလို့ခေါ်ပါတယ်)

ဆင်းရဲလျှင် ဘယ်လိုခေါ် (ဆင်းရဲဒါလို့ခေါ်ပါတယ်)

ချမ်းသာလျှင် ဘယ်လိုခေါ်(ချမ်းသာဒါလို့ခေါ်ပါတယ်)

သူ့အတိုင်း သူ့နာမည်လေးဘဲ၊ ဗမာနာမည်နော်၊ ပူယင် ပူဒါ၊ အေးယင် အေးဒါ၊ လှုပ်ယင် လှုပ်ထာ၊ ဆင်းရဲလျှင် ဆင်းရဲဒါ၊ ချမ်းသာလျှင် ချမ်းသာဒါလို့အမှတ် ခိုင်းခြင်းသည် - အမှတ်ထူးဒါ....။

ရှေ့ကအမှတ်နဲ့ ယခုအမှတ်နဲ့ မတူတော့ဘူး မတူပုံ နောက်မှ ပြောမယ်၊ ကဲ--ကဲ- တခါ နဲနဲလေး သိသာအောင်ပို့ပြီးတော့ ရှင်း သွားအောင်ထပ်မေးအုံးမယ်၊ ပူယင် ပူဒါ၊ အေးယင် အေးဒါ၊ လှုပ်ယင် လှုပ်ထာ၊ ဆင်းရဲလျှင် ဆင်းရဲဒါ၊ချမ်းသာလျှင် ချမ်းသာ ဒါလို့ နာမည်မှည့်ပြီးတဲ့နောက် ဒီနာမည်လေး စွဲသလား၊ မစွဲ သလား သိရအောင်ထပ်မေးဦးမယ်။

ဘယ်သူက ပူသလဲမေးယင် (ပူဒါက ပူပါတယ်ဘုရား)

ဘယ်သူကအေးသလဲမေးယင်(အေးဒါကအေးပါတယ်ဘုရား)

ဘယ်သူက လှုပ်သလဲမေးယင်(လှုပ်ထာကလှုပ်ပါတယ်ဘုရား)

ဘယ်သူက ဆင်းရဲသလဲ မေးယင် (ဆင်းရဲဒါက ဆင်းရဲတယ်)

ဘယ်သူက ချမ်းသာသလဲ မေးယင် (ချမ်းသာဒါက ချမ်းသာ တယ်) အဲဒီထဲက ပေါ်သွားပြီ ပူဒါက ပူတယ်လို့ဆိုယင်၊ ငါပူ ဒါရှိသေးလား (မရှိတော့ပါဘုရား။)

အသား, အရေ, အကြောဆိုတဲ့ ကောဋ္ဌာသတွေ ပူဒါရှိသေး လား (မရှိတော့ပါဘုရား) ခေါင်း, ကိုယ်, ခြေ, လက်, စသော ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပူဒါကောရှိသေးလား (မရှိတော့ပါ ဘုရား) ယောကျ်ား, မိန်းမစသည့် ပူဒါကော ရှိသေးသလား၊ (မရှိတော့ပါဘုရား) မီးပူတယ်၊ နေပူတယ်၊ ဂျင်းပူတယ်၊ ငြုပ်သီး ပူတယ်၊ ပိတ်ချင်းပူတယ်ဆိုဒါကော ရှိသေးသလား၊ (မရှိတော့ ပါဘုရား) ဘယ်သူက ပူသလဲ (ပူဒါက ပူပါတယ်) ဟော- ဘယ် လောက် ရှင်းသွားသလဲ ရှေ့က အမှတ်နဲ့ အခု အမှတ်နဲ့ မတူ တော့ဘူး။

ဘယ်သူက အေးသလဲ (အေးဒါက အေးပါတယ်ဘုရား)

အေးဒါကအေးတယ်ဆိုလိုက်ပါသဖြင့် ငါအေးတယ်၊ အသား၊ အရေ၊ အကြောတွေက အေးတယ်၊ ခေါင်း- ကိုယ်- ခြေ- လက်တွေက အေးတယ်၊ ယောကျ်ား- မိန်းမစသည်က အေးတယ်၊ ရေအေးတယ်- ရေခဲတွေအေးတယ် စသည်တို့ဖြင့် ဒီလိုအဖေအေးတွေဟာမရှိတော့ဘူးပေါ့ ရှိသေးသလား (မရှိတော့ပါ ဘုရား။)

ငြိမ်းကအမှတ်နဲ့ အခုအမှတ်နဲ့ မတူပုံ။

ဘယ်သူက လှုပ်သလဲ၊ (လှုပ်ထာက၊ လှုပ်မပါတယ်ဘုရား။)

လှုပ်ထာက လှုပ်တယ်လို့ ပြောလိုက်ပါသဖြင့် ငါလှုပ်တယ်၊ အသား၊ အရေ၊ အကြော၊ တွေက လှုပ်တယ်၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်တွေ၊ လှုပ်တယ်၊ ယောကျ်ား-မိန်းမ စသည် လှုပ်တယ် ဆိုဒါရှိသေးသလား (မရှိပါဘုရား) မရှိဘူးနော် (မှန်ပါ။)

နောက်ပြီးတော့ဆိုယင်လဲဘဲ၊ ဆင်းရဲတယ်ဆိုယင်၊ ဘယ်သူကဆင်းရဲသလဲ (ဆင်းရဲဒါက ဆင်းရဲဒါပါ)၊ ဆင်းရဲဒါက ဆင်းရဲဒါလို့ ဒီလိုမျှားသိလိုက်မယ်ဆိုလျှင် ဆင်းရဲတဲ့အပေါ်မှာ ငုပ်ပြီးတော့နေကြတဲ့ငါဆင်းရဲတယ်ဆိုဒါရှိသေးသလား(မရှိပါဘုရား) အသား၊ အရေ၊ အကြောတွေ ဆင်းရဲတယ်ဆိုဒါ ရှိသေးသလား (မရှိပါဘုရား) ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ စသည် ဆင်းရဲတယ်ဆိုတာရှိသေးသလား (မရှိပါဘုရား) ယောကျ်ား- မိန်းမ စသည်ဆင်းရဲဒါရှိသေးသလား (မရှိပါ) ငါ့သားတွေ ဆင်းရဲတယ်၊ ငါ့သမီးတွေဆင်းရဲတယ်၊ ငါ့မြေးတွေဆင်းရဲတယ်၊ ဒို့ဆွေမျိုးတွေဆင်းရဲတယ်ဆိုထာကော ရှိသေးသလား၊ ဘယ်သူကမျှား ဆင်းရဲသလဲ (ဆင်းရဲဒါက၊ ဆင်းရဲပါတယ်ဘုရား။)

ချမ်းသာလျှင်လဲ ထို့အတူဘဲ၊ ဘယ်သူကချမ်းသာသလဲ(ချမ်းသာဒါက, ချမ်းသာပါတယ် ဘုရား) ချမ်းသာဒါက ချမ်းသာတယ်လို့ ဆိုလိုက်ပါသဖြင့် ငါချမ်းသာဒါလဲမရှိပါ၊အသား,အရေ, အကြော,စသည် ချမ်းသာတယ်လဲမရှိပါ၊ ယောကျ်ား-မိန်းမ ချမ်းသာတယ်လဲမရှိပါ၊ သားချမ်းသာတယ်၊ သမီးချမ်းသာတယ်၊ မြေးချမ်းသာတယ် ဆိုဒါလဲမရှိပါ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ ချမ်းသာဒါက ချမ်းသာဒါ အစစ်ပါ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ မှတ်ထားကြနော်။

အဲသလို ဆိုခဲ့လို့ ရှိလျှင်လဲဘဲ၊ ပူယင်ပူဒါ၊ အေးယင်အေးဒါ၊ လှုပ်ယင် လှုပ်တာ၊ ဆင်းရဲလျှင်ဆင်းရဲဒါ၊ ချမ်းသာလျှင် ချမ်းသာဒါလို့ မှတ်လိုက်ထာနဲ့ အဲဒီအပေါ်မှာ ငုပ်နေတဲ့ အငုပ်မှား လေးချပွတ်မသွားဘူးလား၊ (ပွတ်သွားပါဘုရား။)

ကဲ....အသေအချာမှတ်၊ ရှေ့က အမှတ်နဲ့ ယခု အမှတ် ထူးတယ်၊နဂိုရ်တုံးကပူတယ်ဆိုယင်ငါပူတယ်၊အသား-အရေ-အကြောပူတယ်၊ ခေါင်း-ကိုယ်-ခြေ-လက်-စသည်ပူတယ်၊ ယောကျ်ား-မိန်းမပူတယ်၊ မီးပူတယ်၊ နေပူတယ်၊ ဂျင်းပူတယ်၊ ငြုပ်သီးပူတယ်စသည်ဖြင့် ဟောသလို ယူကြတယ်။

ယခုတော့ ဒီလိုမဟုတ်ဘူး၊ ပူယင်ပူဒါ၊ အေးယင်အေးဒါ၊ လှုပ်ယင်လှုပ်ထာ၊ ဆင်းရဲလျှင်ဆင်းရဲဒါ၊ ချမ်းသာလျှင်, ချမ်းသာဒါ၊ ဟောသလိုမှတ်ယင်၊ ရှေ့က အမှတ်ထက် ထူးသောကြောင့် အမှတ်ထူးဒါ။

စာလို နဲ့နဲ့မှတ်ခိုင်းအုံးမယ်....

ပူယင် .... စာက - စာက စာလိုနော် (မှန်ပါဘုရား)
ပူယင် .... ဥဏှာတေဇော
အေးယင် .... သီတ တေဇော
လှုပ်ယင် .... လှုပ်ရှားဝါယော
ဆင်းရဲလျှင် .... ဒုက္ခဝေဒနာ
ချမ်းသာလျှင် .... သုခ ဝေဒနာ

နဲ့နဲ့လေး ပေါ်အောင်မေးမယ်နော်၊ စာလို - စာလို - ဖြေစမ်း။
ဘယ်သူက ပူသလဲ၊ (ဥဏှာတေဇောက ပူပါတယ်ဘုရား)
ဘယ်သူကအေးသလဲ၊ (သီတတေဇောကအေးပါတယ်)
ဘယ်သူကလှုပ်သလဲ၊(လှုပ်ရှားဝါယောကလှုပ်ပါတယ်ဘုရား)
ဘယ်သူကဆင်းရဲသလဲ၊(ဒုက္ခဝေဒနာကဆင်းရဲပါတယ်ဘုရား)
ဘယ်သူကချမ်းသ သာလဲ၊ (သုခဝေဒနာကချမ်းသာပါတယ်)
ဟော....သူ့ဟာသူ ကွဲသွားဒါဘဲ၊ အဲသလို ကွဲလိုက်ပါသဖြင့် ခုနက ပြောတဲ့....။

ဥဏှာတေဇောကဘဲ- ပူတယ်။
သီတတေဇောကဘဲ- အေးတယ်။
လှုပ်ရှားဝါယောကဘဲ- လှုပ်တယ်။
ဒုက္ခဝေဒနာကဘဲ- ဆင်းရဲတယ်။
သုခ ဝေဒနာကဘဲ- ချမ်းသာတယ်။

အဲသလို မှတ်လိုက်ကြမယ်ဆိုယင်၊ အငုပ်မှား ၄-ခု တို့သည် ပြုတ်ပြီးသွားပါတယ်။

ငါပူတယ်၊ အသား၊ အရေ၊ အကြောတွေ ပူတယ်၊ ခေါင်း၊ ကိုယ်၊ခြေ၊လက်တွေပူတယ်၊ ယောကျ်ား- မိန်းမ စသည် ပုဒ်မျိုး လဲ အကုန်လုံး ပြုတ်ပြီးတော့သွားပါတယ်၊ ရှင်းပလား၊ (ရှင်းပါ ပြီ ဘုရား။)

ဗမာလိုမှတ်ယင်လဲ အမှတ်ထူးဒါ၊ စာလိုမှတ်ယင်လဲ အမှတ် ထူးဒါ၊ သည့်ပြင်ဘာသာ တရာ့တပါး ရှိသည့်အနက်၊ သူ့ဘာ သာနဲ့သူမှတ်မယ်ဆိုယင်လဲဘဲ၊ အမှတ်ထူးဒါပါဘဲ၊ ယခုတော့ ဗမာ ဘာသာနဲ့ ပါဠိဘာသာ နှစ်ခုသာ မှတ်ခိုင်းတယ်၊ ဗမာဖြစ်သော သော ဗမာဘာသာနဲ့မှတ်မယ်ဆိုယင်လဲ အမှတ်ထူးဒါ။

**ဆောင်**။ ။အမှတ်ထူးဒါ၊ သင် သိ - ဝိပဿနာ။

ဟော....အမှတ်ထူးယင်လဲ၊ သင်သိဝိပဿနာဖြစ်ပြီ၊ဆရာ့ထံမှာ ဝိပဿနာသင်တန်းတက်လို့ သိပြီ၊လုပ်ထုံး လုပ်နည်းရပြီ၊ တရား အားထုတ်မယ်ဆိုယင်၊ အားထုတ်တတ်ပြီလို့ ဆိုလိုတယ်။

ဆေးနည်းကောင်းလေးတခု သွားကူးလိုက်တဲ့နေရာမှာ ဆေး နည်းကလေး၊ ဆေးဖေါ်ပုံကလေး၊ ကောင်းကောင်း မှန်မှန် ရပြီး တော့ သွားသကဲ့သို့၊ ဝိပဿနာအားထုတ်တော့မယ်ဆိုယင်၊ အား ထုတ်ပုံ၊အားထုတ်နည်းလေး ရပြီလို့ ဆိုလိုက်ပေတယ်၊သဘောကျ ရဲ့လား....(ကျပါပြီဘုရား။)

အမှတ်ထူးဒါ- သင်သိ ဝိပဿနာ။

ဝိပဿနာသင်တန်း တက်မယ်လို့ ဆိုယင်၊ အငုပ်မှား ၄-ခု ပြုတ် သွားပြီ၊ အရင်းရှိ ၂-ပါး၌ အငုပ်မှား ၄-ခုကို သင်သိ ဝိပဿနာနဲ့ ဖြုတ်ပါလို့ ဆိုသောကြောင့်....၊

( ၂၁ )

ပူသိပေါ်ယင်၊ အဲဒီပူသိကို ပူဒါက-ပူတယ်၊ သိဒါက သိတယ်လို့ ဗမာလို မှတ်လိုက်မယ်၊ ဉာဏ်တွေဇောကပူတယ်၊နာမ်တရားက သိတယ်လို့ စာလို မှတ်လိုက်မယ်ဆိုယင်၊ ပူသိပေါ်မှာငုပ်တဲ့အငုပ်မှား ၄-ခု ပြုတ်မသွားဘူးလား....(ပြုတ်သွားပါဘုရား။)

အေး- သိလေးပေါ်ယင်၊ ဗမာလိုအေးဒါက, အေးတယ်၊ သိဒါက, သိတယ်လို့ မှတ်လိုက်ယင်၊စာလို သီတ-တွေဇောက, အေးတယ်၊ နာမ်တရားက, သိတယ်လို့ မှတ်လိုက်ယင်၊ အေး, သိ, ပေါ်မှာ ငုပ်တဲ့ အငုပ်မှား၄-ခုပြုတ်မသွားဘူးလား....(ပြုတ်သွားပါတယ်ဘုရား။)

လှုပ်သိ-ပေါ်လျှင်, ဒိပ်သိ-ပေါ်လျှင်, ဖြင်းသိ-ပေါ်လျှင်, လှုပ်သိ ပေါ်လျှင်, ရွသိ-ပေါ်လျှင်, စစ်သိ-ပေါ်လျှင်....ဆိုတဲ့ လှုပ်သိတွေ ပေါ်လျှင်....ဗမာလို လှုပ်ထာက လှုပ်တယ်, သိဒါက, သိတယ်လို့ မှတ်လိုက်ယင်၊ စာလို လှုပ်ရှားဝါယောက, လှုပ်တယ်၊ နာမ်တရားက သိတယ်လို့ မှတ်လိုက်ယင်၊ လှုပ်သိ, ပေါ်မှာငုပ်တဲ့ အငုပ်မှား ၄-ခု ပြုတ်သွားပါတယ်။

ခန္ဓာမှာ ကျင်ဒါ, နာဒါ, ကိုက်ထာ, ခဲဒါ, မူးဒါ, ဝေဒါ အောင့်ဒါ, ဆိုတဲ့ ဆင်းရဲမှုကလေးတွေအပေါ်မှာ ဗမာလိုဆင်းရဲဒါက, ဆင်းရဲတယ်၊ သိဒါက သိတယ်၊ စာလို ဒုက္ခဝေဒနာကဆင်းရဲတယ်၊ နာမ်တရားက သိတယ်လို့ မှတ်လိုက်ယင် ဆင်းရဲ, သိ အပေါ်မှာငုပ်ပြီးတော့ နေတဲ့ အငုပ်မှား လေးခု ပြုတ်သွားပါတယ်၊ ရှင်းပါရဲ့လာ....(ရှင်းပါတယ် ဘုရား)

ခန္ဓာမှာ ဆိုလို့ရှိယင် အေးကနဲ့, စိမ့်ကနဲ့, ဖြန်းကနဲ့, သိမ့်ကနဲ့ ဆိုတဲ့ ပီတိသုခတွေ ဖြစ်ပေါ်လာယင်၊ ဖြန်းသိ, စိမ့်သိ, အေးသိ, ဆိုတဲ့ အပေါ်မှာ ဗမာလိုချမ်းသာဒါက, ချမ်းသာတယ်၊ သိဒါက,

သိတယ်လို့ မှတ်လိုက်ယင်၊ စာလို သုခဝေဒနာက ချမ်းသာတယ်၊ နာမ်တရားက သိတယ်လို့ မှတ်လိုက်လို့ ရှိယင် ချမ်းသာသိအပေါ်မှာ ငုပ်တဲ့အငုပ်မှားလေးခု ပြုတ်သွားပါတယ်။

ဒါကြောင့်- အရင်းရှိနှစ်ပါး၌ အငုပ်မှား လေးခုကို ....သင်သိဝိပဿနာနဲ့ ဖြုတ်....လို့ ဆိုတဲ့အတိုင်းစကားတခွန်းတော့ ကြေပြီ။

**ဆောင်။** အမှတ်ထူးဒါ သင်သိ ဝိပဿနာ ပရိယတ္တိသာသနာ။

ဟော- အမှတ်ထူးဒါလို့ ဆိုတော့ ရင်တွင်နာမ်အစဉ်မှာ အမှတ်ထူးဒါလေး ဝင်မသွားဘူးလား....(ဝင်သွားပါတယ်ဘုရား)အမှတ်ထူးဒါဝင်သွားယင် သင်သိ လေးကောဝင်မသွားဘူးလား....(ဝင်သွားပါတယ် ဘုရား) အဲဒီအမှတ်ထူးဒါရယ်၊ သင်သိရယ် အတူတူဘဲခေါ်တယ်၊သင်သိ လေးဝင်သွားမယ်ဆိုယင် ပရိယတ္တိသာသနာတည်ပြီတဲ့။

ပရိယတ္တိ- ဗမာပြန်ယင်- သင်သိ....တဲ့၊

သာသနာ- ဗမာပြန်ယင်- ဆုံးမဒါ....တဲ့၊

ဟော- ပရိယတ္တိသာသနာ, ပရိယတ္တိသာသနာ ဆိုဒါ, သင်သိက ဆုံးမ တာခေါ်တယ်၊ ဘယ်သူ့ ဆုံးမသလဲမေးယင်၊အမှတ် ထူးဒါကလေးက, သင်သိကလေးက, နှစ်ခုဟာကိုယ့် ရင်ထဲမှာ....

ဒါဖြင့်- အမှတ်ထူးဒါက ဆုံးမတယ်ဆိုယင်၊ ဆုံးမဒါ သာသနာဖြစ်လေသောကြောင့်၊ သာသနာလဲ ရင်ထဲမှာပေါ့ ဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား) အမှတ်ထူးဒါရယ်၊ သာသနာရယ် အတူတူဘဲ။

ဒါကြောင့်- သာသနာစစ်စစ်ဆိုယင် တခြားကို မရှာနဲ့ စာအုပ်သည် အမှန်စင်စစ်ပြောယင် သာသနာမစစ်သေးပါ၊ ကျောင်းကန်ဘုရားတို့သည် သာသနာ မစစ်သေးပါ၊ သံဃာတော် အရှင်မြတ်များတောင် သာသနာစစ်စစ် မဟုတ်သေးပါ ဟုတ်ဘူးလား၊ (ဟုတ်ပါတယ် ဘုရား။)

သာသနာစစ်စစ်ဆိုယင် ရင်တွင်း နာမ်အစဉ်မှာ အမှတ်ထူးဒါကလေးဝင်၊ သင်သိကလေးဝင်လာပြီ ဆိုလို့ ရှိယင်၊ ဟောဒါ ပရိယတ္တိသာသနာတည်ပြီတဲ့.... သာသနာ ရင်ထဲမှာ မှတ်ထားကြ ကဲ- ထင်ရှားအောင်ပြောမယ်။

စာအုပ်တွေ၊ ပဋိကတ်သုံးပုံတွေဝယ်လာရော၊ အိမ်မှာဘီဒိုကြီးနဲ့ထည့်ထား၊ အဲဒီစာအုပ်ကို လှန်ကြည့်ယင် ဖတ်တတ်ကဲ့လား၊ အဓိပ္ပါယ်, အဓိပ္ပါယ်- ဖတ်တတ်တယ်ထား ဖတ်တတ် ပေမယ်လို့ အနက်ထင်ရဲလား၊ အနက်ထင်တယ်ထားအုံး၊ အဓိပ္ပါယ် ယူဆတတ်ကဲ့လား (မယူဆတတ်ပါ ဘုရား) အဲသလိုမယူဆတတ်ခဲ့လို့ ရှိယင် စာအုပ်ကြီးက ဘယ်လိုဆုံးမ,မလဲ သာသနာ မစစ်ဘူးနော် (မှန်ပါ ဘုရား။)

စာအုပ်ကိုဖတ်တတ်တယ်-ဖတ်တတ်တဲ့၊ ဉာဏ်ကလေးက ကိုယ့်ရင်ထဲရောက်လာပြီ အနက်ပေးတတ်ယင် အဓိပ္ပါယ်. ယူဆတတ်တယ်၊ အဓိပ္ပါယ်ယူဆဒါလဲဘဲ အဓိပ္ပါယ်ယူဆတဲ့ အသိကလေးက ကိုယ့်ရင်ထဲမှာရောက်လာပြီ၊ စာအုပ်ထဲမှာ မရှိတော့ဘူး မှတ်ထားကြနော် သေသေချာချာမှတ်ထား၊ စာအုပ်ကို အရင်းခံပြီးသကာလ ဖတ်တတ်တယ်၊ ဖတ်တတ်တဲ့ အသိ ဉာဏ်လေး ကိုယ့် ရင်တည်းရောက်လာပြီ၊ အနက်ပေးတတ်တယ် အနက်ပေးတတ်တဲ့ အသိ

ဉာဏ်လေး ကိုယ့်ရင်တည်းရောက်လာပြီ၊ အဓိပ္ပါယ် ယူဆတတ်တယ်၊ အဓိပ္ပါယ်ယူဆမယ်ဆိုယင်၊ ယူဆတတ်တဲ့ အမှတ်ကလေး ကိုယ့်ရင်ထဲရောက်လာသောကြောင့်၊ အမှတ်ထူးဒါ။

အမှတ်ထူးဒါ ကိုယ့်ရင်ထဲရောက်လာပြီ စာအုပ်မှာ မရှိတော့ဘူး၊ ဒါကြောင့်စာအုပ်သည် တကယ်မဆုံးမနိုင်ပါ၊ တကယ်ဆုံးမ မယ်ဆိုလို့ ရှိယင် ထိုပုဂ္ဂိုလ်ဟာ စာအုပ်ထဲမှာလာသည့် အတိုင်း ဆုံးမနေယင် တကယ်ယဉ်ကျေးပါတယ်၊ အခု ယဉ်ကျေး ရဲ့လား၊ မယဉ်ကျေးဘူးနော်၊ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ် အတော်နဲတယ်။

စာအုပ်ထဲမှာရှိတဲ့ စာကတော့ တကယ်ကောင်းဒါ၊ တကယ်ကောင်း ပေ မယ် လို့ ကိုယ် က, မ သိ သိပြန်လဲဘဲ မလိုက်နာ မလိုက်နာပြီ ဆိုယင်လဲဘဲ ဗုဒ္ဓဘာသာ တရားတွေ အပြစ်ယူတတ်တယ်၊ မယူနဲ့ ဘာသာက ကောင်းဒါ၊ ကိုယ်ကမလိုက်နာနိုင်လို့ ဘာသာကို အပြစ်ပြောခံရတယ် ခေါ်တယ်။

ဘာသာတခြား၊ မလိုက်နာနိုင်တဲ့ လူတွေကတခြား၊ ဘာသာက ကောင်းတယ်၊ လူက မလိုက်နာနိုင်ဘူးလို့ ဆိုလိုတယ်၊ လိုက်နာနိုင်တဲ့ လူတွေကတော့ ဘာသာကလဲကောင်း လိုက်တဲ့ လူတွေကလဲကောင်းတော့ ဗုဒ္ဓဘာသာလူမျိုးဟာ တကယ်ကောင်းတယ်လို့ ဆိုလိုတယ်၊မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား။)

လူမကောင်းဒါနဲ့ ဘာသာကို အပြစ်မပြောရဘူး၊ ဘာသာတခြား, အယူတခြား, ဘာသာတခြား, လိုက်နာတဲ့ပုဂ္ဂိုလ်တခြား.... လို့ ကွဲအောင်ယူကြနော် ရှင်းပလား....(ရှင်းပါပြီ ဘုရား။)

ဟော- ရင်တွင်နာမ်အစဉ်မှာ အမှတ်ထူးဒါကလေး သင်သိကလေးဝင်သွားမယ်ဆိုယင် ပရိယတ္တိသာသနာတည်ပြီ ပရိယတ္တိသာသနာတည်ပြီဆိုယင် စာတတ်....တဲ့—

ဟော- စာဘတ်ဆိုယင် အမှားပြုတ်တယ် ခေါ်တယ်၊ စာတကယ်တတ်မှနော် စာတတ်လို့ ပြောလိုက်ပါသဖြင့် စာတကယ်မတတ်တဲ့ စာမှတ်တွေ ရှိသေးတယ်၊ စာမှတ်တမျိုး၊ စာတတ် တမျိုးလို့ နှစ်မျိုးမှတ်။

စာမှတ်ဆိုယင်....တဲ့၊စာတော့တက်ကြ၊စာတော့ချကြ၊စာတော့ကြည့်ကြ၊ ဆွေးနွေးကြ၊ တရားတော်များလဲ နာကြ၊ ဤလိုပင်လုပ်ငြားသော်လဲ စကားသုံး သုံးတဲ့နေရာမှာ စာမပါတော့ဘူး၊ အဲသလိုဆိုယင်၊အဲဒီပုဂ္ဂိုလ်မှာ စာက တခြား၊စကားလုံးသုံးတာက တခြား၊ ဒီလိုဖြစ်သောကြောင့် အပြောနှင့် အမှတ်နှင့်မကွဲ- မကွဲယင်- စာအမှတ်တွေဘဲ၊ အပြောနဲ့အမှတ်နဲ့ကွဲယင် စာတတ်တွေဘဲ၊ စာမှတ်နဲ့ စာတတ် ကွဲအောင်ခွဲကြ။

**ဆောင်။**

အပြောနဲ့ အမှတ်နဲ့ မကွဲ စာမှတ်တွေဘဲ၊
အပြောနဲ့ အမှတ်ကွဲ စာတတ်တွေဘဲ၊

အပူလေးတခု ပေါ်ပြီးတော့ လာမယ်ဆိုယင် ထိုအပူဟာ ငါပူတယ်လို့မပြောဘူးလား....(ပြောပါတယ် ဘုရား) ပြောတဲ့ အတိုင်းဘဲ ငါပူတယ်လို့မှတ်ယင် အပြောလဲငါ အမှတ်လဲငါ ဒီလိုဖြစ်သောကြောင့် အပြောနဲ့ အမှတ်မကွဲ၊ မကွဲယင် ထိုပုဂ္ဂိုလ် စာမှတ်။

စာက- အပူဟာ ဥဏှုတေဇောပါတယ်၊ ဘယ်သူက ပူသလဲ၊ စာလို့မေးယင် ဥဏှုတေဇောကပူတယ်၊ စာတက်တုန်း,စာချတုန်း, စာကြည့်တုန်း, အချိန်မှာ ဥဏှုတေဇောက ပူတယ်လို့ စာထဲကပေါ်,ပေါ်လျက်သားနဲ့ ပြောလိုက်တဲ့အခါမှာဆိုယင် စာလုံးလုံး မပေါ်တော့ဘူး၊ငါပူတယ်လို့ပြော၊ ငါပူတယ်လို့မှတ်ယင်-အပြောနဲ့အမှတ်နဲ့မကွဲသောကြောင့် စာမှတ်ဘဲ၊ အဲဒါစာသင် တုန်းက ဥဏှုတေဇောက ပူတယ်ဆိုဘဲ့ စာဟာ အခုစကားသုံး- သုံးတဲ့ အခါမှာ အမှတ်မပေါ်သောကြောင့် စာအမှတ်ဘဲဆိုတာ မှတ်နော်၊ (မှန်ပါဘုရား။)

အသား, အရေ, အကြော,တွေ ပူတယ်လို့ပြော ပြောတဲ့ အတိုင်း အသား အရေ အကြောတွေ ပူတယ်လို့ဘဲ မှတ်မယ်ဆိုယင်၊ အပြောနှင့် အမှတ်,မကွဲသောကြောင့်၊ စာမှတ်တွေဘဲ။

ယောကျ်ား- မိန်းမစသည် ပူတယ်လို့ပြော–ပြောတဲ့ အတိုင်း ယောကျ်ား- မိန်းမ စသည် ပူတယ်လို့မှတ်ယင် အပြောနဲ့အမှတ်နဲ့ မကွဲသောကြောင့် စာမှတ်တွေဘဲ။

မီးကပူတယ်.... နေကပူတယ်လို့ပြော၊ပြောတဲ့အတိုင်း တကယ်ဘဲ မီးကပူတယ်၊ နေကပူတယ်လို့မှတ်ယင် စာမှတ်ဘဲ၊ စာထဲမှာ မီးကပူတယ်လို့ပါရဲ့လား(မပေါ်,ပေါ်ဘုရား၊ ဘယ်သူကပူသလဲ၊ စာထဲကဆိုလျှင် ဥဏှုတေဇောကပူတယ်၊ ဥဏှုတေဇောကပူတယ် လို့ စာမှာ ပေါ်, ပေါ်လျက်သားနဲ့ အပြောတင်မနေပေါ်ဘဲ အမှတ်ကျယင်-မီးက,ပူတယ်၊နေက,ပူတယ်လို့ မှတ်မယ်ဆိုယင်၊စာပေါ်သေးသလား....(မပေါ်-ပေါ်ဘုရား)မီးကပူတယ်၊နေကပူတယ်လို့မှတ်ယင်

စာမပါတော့ဘူး၊ စာကတော့ ဥဏှတေဇောက ပူတယ် ဆိုဒါ ပြောတုန်း စာမပါလေသောကြောင့် စာမှတ်ဘဲ ဒါကြောင့်။

ဆောင်။ အပြောနဲ့ အမှတ်နဲ့မကွဲ၊ စာမှတ်တွေဘဲ။
အပြောနဲ့အမှတ်နဲ့ကွဲ၊ စာတတ်တွေဘဲ။

ငါပူတယ်လို့-သူများသိအောင်သာပြောလိုက်တယ်၊ သူ့စိတ်ထဲကလေ ဥဏှတေဇောက ပူတယ်လို့ သာမှတ်တယ်၊ အပြောကငါ အမှတ်က ဥဏှတေဇောဆိုယင်၊ အပြောနဲ့ အမှတ်နဲ့ မကွဲဘူးလား၊ (ကွဲပါတယ်ဘုရား)၊ ကွဲယင် စာတတ်တွေဘဲ၊ တကယ်စာမမေ့ဘူး ခေါ်တယ်၊ တကယ်စာမမေ့ဘူး-စာထဲမှာလာတာကိုတယ်သဘော ကျတဲ့လူဘဲ၊ ဝေဘန်စဉ်းစားလိုက်တဲ့အခါမှာ အမှန်ပါတကား၊ (ဝိနိစ္ဆယဉာဏ်) ဆုံးဖြတ်တဲ့ဉာဏ်၊ တကယ်ပိုင်တဲ့ ပုဂ္ဂိုလ်ဆိုယင်၊ အပြောနောက်မှာ စာကလေးတွေ ကပ်ပါလာတယ်၊ စာကလေးတွေ ကပ်ပါလာတယ်။

ငါပူတယ်လို့ သူများသိအောင်သာပြောတယ်၊ ခေါင်း၊ ကိုယ်၊ ခြေလက်၊ စသည် ပူတယ်လို့ သူများသိအောင်သာပြောတယ်၊ မီးပူတယ်၊ နေပူတယ်၊ ဂျင်း-ပြုပ်တွေပူတယ်လို့ သူများသိအောင် သာပြောတယ်၊ သူ့စိတ်ထဲကတော့ ဥဏှတေဇောကဘဲ ပူတယ် လို့သာ အမှတ်-မှတ်နေတယ်၊ ပြောတိုင်း- ပြောတိုင်း နောက်က ဥဏှတေဇော စိတ်ထဲက အမြဲပေါ်ပေါ်နေတယ်ခေါ်တယ်။

အဲသလိုဆိုယင်၊ အပြောတခြား၊ အမှတ်တခြား ဖြစ်လေသောကြောင့် တကယ်စာတတ်ပါ ပြောတိုင်း- ပြောတိုင်း စာကပါ ပါလာတာကိုး ဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)၊စာဆိုပေမယ်

လို့ တကယ်မှန်ဒါ မှတ်ပေတော့၊ ဥဏှတေဇောက ပူတယ်ဆိုဒါ တကယ်မှတ်ပေတော့၊ ဗမာလိုပြောမယ်ဆိုယင်၊ ပူဒါက ပူတယ်ဆိုတာ တကယ်အမှန်မှတ်ပေတော့၊ အားလုံးရှင်းပလား (ရှင်းပါပြီ ဘုရား။)

ထမင်းက ပူတယ်၊ ဟင်းက ပူတယ်၊ လဘက်ရည် တွေက ပူတယ်လို့ သူများသိအောင်သာ ပြောလိုက်တယ်- သူ့စိတ်ထဲက တော့ ဗမာလိုဆိုယင် ပူဒါကဘဲ ပူတယ်၊ စာလိုဆိုယင်၊ ဥဏှတေဇောကဘဲပူတယ်လို့မှတ်တယ်၊ အပြောတခြား၊ အမှတ်တခြား ကွဲသောကြောင့်၊ ဒီပုဂ္ဂိုလ်ဟာ တကယ်စာတတ်ပါဘဲ၊ ရှင်းပလား (ရှင်းပါဘုရား)၊ သေသေချာချာမှတ်။

ဒီနေရာမှာ-ထမင်းစကားနဲ့နဲစစ်မယ်၊ထမင်းပူတယ်လို့ ပြောဆိုတဲ့နေရာမှာ ထမင်းနဲ့ အပူနဲ့ နှစ်ခုမကွဲ၊တခုတည်းဆိုယင် ဒီထမင်းဟာ ဘယ်တော့မှ မအေးရဘူး၊ မအေးရဘူး၊ ယခုတော့ ဒီလိုမဟုတ်ဘူး၊ ထမင်းဟာ အေးဒါ ရှိသောကြောင့် ထမင်းတခြား၊ အပူတခြားဆိုဒါသိရတယ်။

ထမင်းနဲ့ အအေးနဲ့ လဲနှစ်ခုမကွဲ၊ တခုတည်းဆိုယင်၊ထမင်းပူဒါ မရှိတန်ရာနေ၁်....(မှန်ပါဘုရား)။

ဒါ့ကြောင့် ထမင်းပူ-ထမင်းအေး၊ ဟင်းပူ-ဟင်းအေး၊ နှစ်ခု နှစ်ခု ကွဲပြီးတော့လာသောကြောင့် ထမင်းတခြား၊ အပူတခြား၊ ထမင်းတခြား၊ အအေးတခြား ဆိုဒါ၊ စာလဲတကယ်မှန်ပါတယ်၊ စဉ်းစားတဲ့ဉာဏ် ပိုင်မယ်ဆိုယင်၊ တကယ်လဲ ဟုတ်ပါတယ်ဆိုဒါ မှတ်ပေတော့။

အင်္ဂါကပူတယ်ဆိုတဲ့နေရာမှာ အင်္ဂါနဲ့-အပူနဲ့ နှစ်ခုမကွဲ၊တခုတည်း ဆိုယင် အင်္ဂါအေးမရှိတန်ရာ နေ၁်....(မှန်ပါ)၊ ယခုတော့

အင်္ဂါအေး အင်္ဂါပူနှစ်ခုရှိသောကြောင့်၊အင်္ဂါတခြား၊အပူတခြား အင်္ဂါတခြား၊ အအေးတခြားဆိုဒါ၊ နှစ်ခု-နှစ်ခုသာ မှတ်ပေတော့၊ အားလုံးသဘောကျပလား....(ကျပါဘုရား။)

ရေခဲက-အေးတယ်။

ရေခဲက အေးတယ်လို့ ဆိုတဲ့နေရာမှာ ရေခဲတခြား၊ အအေးတခြား နှစ်ခုမကွဲယင် ရေခဲဆိုတဲ့-ရေဟာ အမြဲအေးနေရမယ်၊ အပူရယ်လို့ ရှိမယ်မဟုတ်ပါ၊ ယခုတော့ ဒီလိုမဟုတ်ဘူး၊ တော်တော်ကြာသွားပြီဆိုယင်၊ အရေပျော်ပြီးသကာလ ထိုရေခဲရေဟာပူပြီးတော့သွားဒါ မြင်ရလေသောကြောင့် ရေအေး ရေပူ နှစ်ခုရှိဒါကွဲလို့ ရေတခြား၊ အအေးတခြား၊ ရေတခြား အပူတခြားဆိုဒါ စာလို-တကယ်ယုံကြပေတော့၊ စာ....လို့ဆိုဒါ သဗ္ဗညုတရွှေဉာဏ်တော် ဘုရားအရာဘဲ၊ တကယ်သိပြီးသကာလ တကယ်ဟောထားတဲ့ ဒေသနာတော်တွေ၊ စာတွေလို့ဆိုဒါယုံကြပေတော့။

ဆောင်။ ။အပြောနဲ့ အမှတ်နဲ့မကွဲ စာမှတ် သူတွေဘဲ။

စာမှတ်ဆိုယင်၊ အန္ဓပုထုဇဉ်တွေဘဲလို့ ဟောသလိုမှတ်၊ ပါဠိတော် အဋ္ဌကထာ-ဋီကာ-ကျမ်းစာတို့ကိုတတ်မှ စာတတ်လို့ခေါ်သည်မဟုတ်ပါ၊ ကကြီး-ခခွေး-ဂငယ်-ဆိုတဲ့ အလုံးတွေသိမှ စာတတ်လို့ခေါ်သည်မဟုတ်ပါ၊ ဆရာ ဆုံးမတဲ့ စကားလေးကို မှတ်တတ်မယ်ဆိုယင်၊ ဟောဒါလဲစာတတ် ခေါ်ပါသတဲ့။

ဒါကြောင့် ဗမာစာပင် မမှတ်တတ်သော်လဲဘဲ၊ ဆရာပြောတဲ့အတိုင်း ကိုယ့်ဘာသာလေးနဲ့ကိုယ် မှတ်တတ်မယ်ဆိုယင်၊ တရားအားထုတ်လို့ရပါတယ်လို့ဆိုဒါ ရှင်းရှင်းမှတ်ကြပေတော့။

စာတတ်၊ စာတတ်ဆိုတဲ့နေရာမှာ ဒီပဲရင်းဆရာတော်မိန့်တော်မူတဲ့အတိုင်း စာတကယ် တတ်ထာတွေတော့နဲ့တယ်၊ စာမှတ်တွေ များကြတယ်။

ဆောင်။ ကိုယ်မှာ မတတ်၊ စာမှာတတ်၊ ဂါဟတ် ကိုက်တတ်သည်....။

ကိုယ်ထဲမှာတော့မတတ်ပါ၊ ကိုယ်ထဲမှာတော့မမြင်ပါ၊ စာမှာတော့ တတ်လိုက်ကြဒါ၊ စာမှာတော့ တတ်လိုက်ကြဒါ၊ စာတတ်ပင် တတ်ငြားသော်လည်း၊ ဂါဟတ်ဆိုတဲ့ အစွဲတော့ ကိုက်တတ်တယ်တဲ့....။

တဏှာစွဲလဲမပြုတ်ပါ၊ မာနစွဲလဲမပြုတ်ပါ၊ ဒိဋ္ဌိစွဲလဲမပြုတ်ပါလို့ ဆိုလိုတယ်၊ သဘောကျပလား....(ကျပါဘုရား။)

စာမှာမတတ်၊ စာတတ်ချင်တတ်မတတ်ချင်နေ၊ ကိုယ်မှာတတ် ကိုယ်ထဲမှာတော့မြင်တယ်၊ ကိုယ်ထဲမှာတော့ သိတယ် ဆိုယင်....။

ဆောင်။ ။စာမှာမတတ်- ကိုယ်မှာတတ်၊ ဂါဟတ်ကင်းပြတ်မည်.... တဲ့....။

အစွဲပြုတ်သတဲ့၊ တဏှာစွဲလဲပြုတ်နိုင်ပါတယ်၊ မာနစွဲလဲ ပြုတ်နိုင်ပါတယ်၊ ဒိဋ္ဌိစွဲလဲပြုတ်နိုင်ပါတယ်။

ဒါ့ကြောင့် စာတတ်ချင်တတ်-မတတ်ချင်နေ၊ ကိုယ်ထဲမှာ မြင်မယ်ဆိုယင်၊ ဗမာအားထုတ်လို့ ဗမာစကားနားလည်မယ်၊ သည့်ပြင်ဘာသာ တရော့တပါးတွေရှိပါတယ်၊သူ့ဘာသာနဲ့ သူပြောနိုင်လို့ နားလည်မယ်ဆိုယင်၊ ကိုယ်ထဲမှာမြင်ကြတော့မယ်၊ ကိုယ်ထဲမှာမြင်ကြတော့မယ်ဆိုယင်၊ အစွဲတွေ ပြုတ်ကြတော့မယ်လို့ ဆိုဒါ ရှင်းရှင်းကြီး မှတ်လိုက်ပေတော့။

ဒါကြောင့် ဗမာစကား ဗမာစာ၊ ပါဠိစကား ပါဠိစာတွေ မဖတ်တတ်သော်လဲဘဲ၊ ဆရာပြောတဲ့ အတိုင်းကို မှတ်တတ်မယ်၊ ဆရာကလဲ ဘာသာစုံ နားလည်ပြီးသကာလ၊ သည့်ပြင် အယူဝါဒ ဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲဘဲ ပြောတတ်ဆိုတတ်၊ သင်ပေးတတ်မယ် ဆို ယင်လဲဘဲ၊ တရားအားထုတ်လို့ ရပါတယ်လို့ ဆိုဒါ မှတ်နော်၊ (မှန်ပါဘုရား။)

**ဆောင်** အမှတ်ထူးဒါ၊ သင်သိဝိပဿနာ၊ ပဋိယတ္တိသာသနာ။ စာတတ် ကလျာဏ ပုထုဇဉ် ပါ၊ အပါယ်ခွင် မကျရာ....တဲ့။

တကယ်စာတတ်ဆိုယင်၊ ဒိဋ္ဌိပြုတ်သောကြောင့် ဒိဋ္ဌိပြုတ်မယ် ဆိုယင်၊ အကုသိုလ်တွေလဲ မလုပ်တော့ပါလို့ ယုံကြည်ပြီးတဲ့နောက် ဘုရားစကား မိုးကြိုးသွားလေးနော်....။

နတ္ထေဝမေ့ အဝေစ္စပသာဒေန၊
သမ္ပန္နာဂတော၊ အရိယာ သာဝကော၊
နိရယံဝါ၊ တိရစ္ဆာနယောနိယံဝါ၊
ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။
တိက နိပါတ်၊အင်္ဂုတ္တိုရ်ပါဠိတော်၊ ဘုရားစကား မိုးကြိုးသွား။

ဓမ္မေ- ဓါတ်လေးပါးတရား၌၊ အဝေစ္စပသာဒေန- ပူဒါဟာ ဖြင့် တေဇောပါဘဲ၊ အေးဒါဟာဖြင့် တေဇောပါဘဲ၊ လှုပ်ထာ ဟာဖြင့် ဝါယောပါဘဲလို့ မတုန်မလှုပ် ယုံကြည်သောသဒ္ဓါတရား နှင့်၊သမ္ပန္နာဂတော- ပြည့်စုံရှိနေထသော၊ အရိယာ သာဝကော,

အရိယာဖြစ်တော်မူသော ငါဘုရား၏ တပည့်၊ ငါဘုရားစကား နားထောင်တဲ့ ပုဂ္ဂိုလ် မှန်ခဲ့ပါလျှင်၊ နိရယံဝါ- ငရဲဘုံ သို့၎င်း၊ တိရစ္ဆာနယောနိယံဝါ- တိရစ္ဆာန် ဘုံ သို့၎င်း၊ ပေတ္တိဝိသယံဝါ- အသူရကာယ် သက်ဆင်းတတ်သော ပြိတ္တာဘုံ သို့၎င်း၊ နတွေဝ နတုဇေဝ ဥပပဇ္ဇိဿတိ၊ ဘယ်နည်းနဲ့မှ မရောက်နိုင် မကျနိုင်တော့ သည်သာလျှင်ကတည်း။

( သာဓု....သာဓု....သာဓု )

ကဲ....ကနေ့ သင်သိ ဝိပဿနာ အခမ်းကလေး။

**ဆောင်** (အမှတ်ထူးဒါ၊ သင်သိဝိပဿနာ၊ ပရိယတ္တိသာသနာ၊
(စာတတ်ကလျာဏ၊ ပုထုဇဉ်ပါ၊ အပါယ်ခွင်မကျရာ။

စာတတ်တောင် တကယ့်စာတတ်ဆိုယင်၊ အပါယ်မကျဘူးတဲ့၊ လုပ်ငန်းတတ်ကိုမဆိုထားဘိ၊ တကယ့်စာတတ်တောင်မှ အပါယ် မကျဘူးဆိုဒါ ဝမ်းမြောက်ကြပေတော့။

ကဲ- အရင်းရှိ ၂-ပါး၌၊ အငုပ်မှား၄-ခုကို....သင်သိ ဝိပဿနာနဲ့ ဖြုတ်-လို့ ဆိုတဲ့အတိုင်း သင်သိ ဝိပဿနာတခဏ်းတော့ပြီးပြီ....တဲ့၊ ကျင့်သိဝိပဿနာအခဏ်းလေးနဲနဲကူးကြစို့....အချိန်လေးရတုန်း....

**ကျင့်သိ ဝိပဿနာ**

ဝိပဿနာဆိုဒါ၊ ပါဠိစကားခေါ်တယ်၊ ဗမာပြန် လိုက်မယ်ဆိုယင်၊ ဝိ ဆိုဒါထူး၊ ပဿနာက မြင်....တဲ့ ထူးမြင်ဒါခေါ်တယ်၊ ပြောင်းပြန်လှန်တော့အမြင် ထူးဒါ....တဲ့။

**ဆောင်။** အမြင်ထူးဒါ, အသိထူးဒါ, အယူထူးဒါ, ကျင့်သိဝိပဿနာ။

ဝိပဿနာများ တကယ်အားထုတ်မယ် ဆိုယင်၊ တကယ်ကျင့်ကြံတော့မယ်ဆိုယင်၊ အမြင်ထူးဒါသိပါလိမ့်မယ်၊ အမြင်ထူးလို့ရှိယင်လဲ အသိထူးဒါ ဖြစ်ပေါ်လာပါလိမ့်မယ်၊ အသိထူးဒါသိမယ်ဆိုယင် အယူအဆ ထူးဒါ သိကြပါလိမ့်မယ်လို့ ဟောသလိုလဲ ရှင်းရှင်းမှတ်။

**ဆောင်။** အမြင်ထူး, အသိထူး, အယူထူးဒါ, ကျင့်သိဝိပဿနာ၊

တရားထိုင်တဲ့ သဘောအားဖြင့်ဆိုလို့ရှိယင်၊ တရားထိုင်တော့ထိုင်ပြီးသကာလ အားထုတ်တဲ့ အခါမှာ ဆိုလို့ရှိယင်လဲဘဲ၊ ခန္ဓာကိုယ်မှာ လျှပ်တလက်မက ဖြစ်ပျက်မြင်သေးခင် အဓိဋ္ဌာန်ပါရမီလေး ကူပြီးသကာလ ခပ်ကြာကြာလေးများထိုင်ကြစမ်း၊ အောက်ကျသောအပိုင်းက ပူမြဲမမှတာဘဲ။

အောက်ကျသော အပိုင်းဆိုယင်- တင်ပါးတွေ, ပေါင်တွေ, ခြေသလုံးတွေပေါ့၊ အဲဒီ- တင်ပါးတွေ, ပေါင်တွေ, ခြေသလုံးတွေက ပူတက်ပြီးတော့ လာတတ်တယ်။ ဘာ့ကြောင့် ပူရသလဲ....လို့မေးမယ်ဆိုယင် စာလိုတော့-ပထဝီ၊ ဗမာလိုကတော့ အမှုန်လေးတွေ ပရမတ်လိုကတော့-မာဒါလေးတွေ၊ အမြင်သန်တဲ့ ပုဂ္ဂိုလ် အတွက်ပြောမယ်ဆိုယင် အပေါ်က နေပြီးသကာလ တခါထဲအမှုန်လေးတွေဟာဖြင့် ဇကာက အမှုန်လေးတွေ ကျကျပြီးတော့ လာသကဲ့သို့ တခါထဲ အမှုန်လေးတွေဟာ ဆင့်ဆင့်ပြီးတော့ကျလာ အောက်ကျသောအမှုန်နဲ့ အထက်က ဆင့်ဆင့် ပြီးတော့ ကျတဲ့အမှုန်နဲ့ အ-

မှုန်ချင်းအမှုန်ချင်း ထိခိုက်တဲ့ အခါမှာ ကျောက်ခဲချင်း ပွတ်သတ်လိုက်တော့ ပူကနဲ-ပူကနဲ မီးလေးတွေ အရှိန်လေးတွေ ထွက်လာသကဲ့သို့ ထို့အတူဘဲ အမှုန်ချင်း အမှုန်ချင်း ထိခိုက်တဲ့ အခါမှာ ပူကနဲ-ပူကနဲ ဖြစ်ပေါ်ပြီးတော့ လာတတ်ပေတယ်။

ထိုင်ကာစမှာ အပူမတွေ့၊ နဲနဲလေးကြာသွားပြီဆိုယင် အပူတွေ့လာတတ်တယ်၊ အဲဒီအပူလေးတွေဟာ ထပ်ထပ် ကြည့်နေမယ်ဆိုယင် အမှုန်လေးတွေကလဲ ဆင့်ဆင့်ကျ အမှုန်ချင်း အမှုန်ချင်း ပွတ်သတ်လိုက်တဲ့ အခါမှာ အပူလေးတွေကလဲ တိုးတိုးလာတယ်၊ အပူလေးတွေ တိုးတာက တခြားမဟုတ်၊ ခန္ဓာကိုယ်မှာ ဆိုခဲ့လို့ ရှိယင်လဲဘဲ မလှုပ်မယှက် မပြင်ဘဲနဲ့ အင်မတန် ငြိမ်ငြိမ်ကလေးနေတော့ အသားတွေ အရေတွေလုံနေတယ်၊ အသားတွေ အရေတွေလုံပြီးတော့ နေမယ်ဆိုယင် အခိုးတွေ အောင်းလာတယ် ခေါ်တယ်၊ အခိုးတွေအောင်းလာမယ်ဆိုယင် အပူတို့သည် တစတစ တိုးတိုး, တိုးတိုး-လာတယ်၊ ရှေ့အပူပျက် နောက် အပူသစ်ဟာ တိုးတိုး တိုးတိုးပြီးတော့ ပူလာသောကြောင့် တိုးပူသစ်ဆက်ထာတမျိုး....လို့မှတ်ပါ။

ဒီဂရီလေးနဲ့ ပြောမယ်ဆိုယင် အပူဒီဂရီ ၁၀-က နေပြီးတော့ ၁၅, ၁၅က နေပြီးတော့-၂၀, ၂၀က နေပြီးတော့-၂၅ စသည်ဖြင့် တိုးတိုး, တိုးတိုး ပြီးတော့ လာတဲ့ အပူမျိုးဟာဖြင့် တိုးပူသစ်ဆက်တယ်လို့မှတ်။

နောက်တော့ အပူတို့သည် တိုးလဲမတိုး၊ လျော့လဲမလျော့ပါဘဲနဲ့ တန့်....ပြီးတော့ နေမယ်ဆိုယင်၊ ဥပမာ-အပူဒီဂရီ ၀၀လောက် ရှိမယ်ဆိုယင် တိုးလဲမတိုးတော့ဘူး၊ လျော့လဲ မလျော့တော့ဘူး၊

အဲသလို တိုးလဲမတိုး၊ လျော့လဲမလျော့တဲ့ အပူဆိုယင် တန့်ပူသစ် ဆက်…လို့ အဲသလို မှတ်ထား။

အောက်ပိုင်းမှာ အမှုန်တွေ သိတ်ကျနေတယ် ဆိုတာလဲမြင်ရ၊ အပူတွေ ထိုးတိုး- တိုးတိုးပြီးတော့ လာတာလဲမြင်ရ၊ အောက်ပိုင်းမှာ အမှုန်လေးတွေ များပြီးသကာလ အပူဓါတ်တွေလဲ များလာတာသိရ၊ အပူဆိုလို့ရှိယင် မီးခေါ်တယ်၊ မီးနဲ့လေနဲ့ ၂-ခုပေါင်းမယ်ဆိုယင်၊ အရှိန်- အခိုး- အငွေ့ခေါ်တယ်၊ အရှိန်တို့ အခိုးတို့ အငွေ့တို့သည် ပေါ့သောဓါတ်ဖြစ်သောကြောင့် အပေါ်တက်၊ အပေါ်တက်၊ အပေါ်ကို နဲ့နဲ့-နဲ့နဲ့တက်လာပြီဆိုလို့ရှိယင် အောက်က အပူဟာ ချိုချိုလိုက်လာတယ်၊ အပူဒီဂရီ ၁၀၀-ဆိုလို့ရှိယင်၊ အပူရှိန်၊ အပူခိုး၊ အပူငွေ့သည် အပေါ်တက်မယ်ဆိုယင်၊ ၁၀၀ကနေပြီးတော့ ဥပမာ- ၉၀-လောက်အပူကျသွားတယ်၊ ၉၀-လောက် အပူကျပြီဆိုယင်၊ အအေးက ၁၀-လောက်ဝင်လာပြီ၊ အပူဘက်ကချိုပြီး အအေးဘက်ကစလာတယ်၊ ၉၀-ကနေပြီးတော့ ၈၀- ကျယင်၊ အအေးက ၂၀ဝင်လာပြီ-၈၀ကနေပြီးသကာလ- ၇၀-၆၀-၅၀-၄၀-၃၀-၂၀-၁၀ များကျပြီးသွားယင် အအေးဘက်က ၉၀-ဝင်လာပြီ၊ အပူဘက်က တစတစ ချိုချိုသွားသောကြောင့် လျော့ပူသစ် ဆက်တယ်လို့ဆိုတယ်။

အအေးဘက်က တိုးတိုး၊ တိုးတိုးပြီးတော့ လာသောကြောင့် တိုး-အေး-သစ်-ဆက်တယ်လို့ မှတ်ကြ၊ နောက်တော့ အပူဓါတ်တို့သည် ဒီဂရီ ၁၀-လုံးလုံး မရှိတော့ဘူးဆိုယင် အပူပျောက် သွား၊ အပူပျောက်သွားမယ်ဆိုယင် အအေးကြီးဘဲ ကျန်သောကြောင့်၊ အအေးဟာ-ဒီဂရီ ၁၀၀- ရှိသွားပြီ၊ ၁၀၀-ရှိမယ်ဆိုယင်၊ တန့်အေးသစ် ဆက်….လို့ မှတ်ထားပါ။

ယောဂီတို့- ကိုယ်တွင်စိုက်ကြည့်ကြ, ကိုယ်တွင်စိုက်ကြည့်ကြ ကိုယ်တွေ့ တရားတွေ။

အောက်ပိုင်းမှာ အမှုန်တွေလဲ သိပ်ကျနေသည်၊ အပေါ်ပိုင်းမှာဆိုယင်၊အရှိန်, အခိုး,အငွေ့တွေလဲ တက်နေသည်၊ အောက်ပိုင်းမှာဆိုယင် အပူဘက်က တစတစ ချုံချုံ ပြီးတော့ လာသည်၊ အအေးဘက်က တစ,တစတိုးတိုး,တိုးတိုးပြီးတော့လာသည်လို့ လေးဌာနမြင်ရတယ်။

ဤကဲ့သို့ လေးဌာနမြင်မယ်ဆိုယင် အောက်ပိုင်းတို့သည်၊ အပူမရှိ၊ အမှုန်နဲ့ အအေး- ဒီနှစ်ခု လှမ်းမိုးပြီးတော့ နေမယ်ဆိုယင် စာလိုပြောယင် သီတ,ပထဝီ-လွှမ်းမိုးနေတယ်၊ သီတ,က အေး-ပထဝီက လေးပြီးတော့နေသောကြောင့်၊ အောက်ပိုင်းသည် အေးလေးနေတတ်တယ်။

အေး- လေး-နေပြီဆိုယင် အောက်ပိုင်းကို ကြည့်မယ်ဆိုယင်၊ ထုံကျင်ပြီးတော့ နေတတ်တယ်၊ ကိုယ့် ခြေထောက် ကိုယ်ကိုင်ကြည့်မယ်ဆိုယင်လဲ အင်မတန်လေးပြီးတော့ နေသောကြောင့်၊ မ-လို့ မရနိုင်ပါ၊ လက်နဲ့ ကူပြီးသကာလ မ-ရတယ်၊ နောက်ပြီးတော့ဆိုယင်လဲ အေး-ပြီးတော့ နေသောကြောင့်၊ ခြေမကို ကိုင်ပြီးတော့ ချိုးမယ်ဆိုယင် အင်မတန် မာပြီးတော့ လူသေလိုဘဲ နေတတ်တယ်၊ အေး-လေး-နေတယ်ဆိုဒါ မှတ်။

အပေါ်ပိုင်းကတော့ ဥဏှဝါယောဆန်နေတတ်တယ်၊ ပူရှိန်, ပူခိုး,ပူငွေ့တွေ အပေါ်တက်ပြီးတော့နေကြတယ်ဆိုဒါ နှစ်ဘက်မြင်ပါစေ၊ အဲဒီလိုမြင်လိုက်တဲ့အခါမှာဆိုယင်၊ အပူဘက်ကပြောယင်၊တစ,တစ တိုး ပူ သစ်ဆက်ထာကတမျိုး၊ တိုးလဲမတိုး၊ လျော့

လဲမလျှော့ပါဘဲနဲ့ တန့်,ပူသစ်ဆက်ထားကတမျိုး၊ တစ,တစ အပူတို့သည် ချိချိပြီးတော့ သွားတဲ့အခါမှာ လျှော့ပူသစ် ဆက်ထားကတမျိုး၊ ဒါဖြင့်အပူတခုပျက်သွားမယ်ဆိုယင်၊ အပူသုံးမျိုးနဲ့ အအေးတမျိုး၊ ပေါင်း ၄-မျိုးဆက်တတ်ပါတယ်လို့မှတ်။

ခုနက အအေးများသည် ဖြစ်လေသောကြောင့် ထုံကျင်ပြီးတော့နေသော ခြေထောက်တခုဟာ လက်နဲ့ကူပြီးသကာလ၊ မ,ရွှေ့လိုက်တဲ့အခါမှာဆိုယင်၊ နဂိုရိုတုန်းက မလှုပ်မရှက် မပြင်ဘဲနဲ့ ထားလိုက်ထား မ,လိုက်တော့ တင်းလာတတ်တယ်၊ တင်းလာမယ်ဆိုယင်၊ အာကာသ,ဆိုတဲ့ အပေါက် ခလေးတွေ ပေါ်လာပြီးသကာလ၊ ဆီများလိုက်လာဘိ သကဲ့သို့ အပူရှိန်-အပူခိုးတွေလဲ လိုက်လာတတ်တယ်၊ အဲသလိုလာမယ်ဆိုလို့ရှိယင်၊ ဖြင်းဖြင်း-ဖြင်းဖြင်းနဲ့ စပေါ်လာတတ်တယ်၊ အပူတွေကလဲသိပ်များ၊ ဖြင်းဖြင်း-ဖြင်းဖြင်းတွေကလဲ သိပ်များပြီးတော့လာမယ်ဆိုယင်၊ ခုနက တန့်အေးဆိုတဲ့ အအေးဟာ တစ,တစ အပူဝင် ပြီးတော့ လာသောကြောင့် အအေးက ချိချိပြီးတော့ လာတတ်တယ်။

နောက်ပြီးတော့ အဲဒါလေးတွေ မ,ရွှေ့ပြီးတဲ့နောက်၊ခြေမကို လက်နှစ်ဘက်နဲ့ကုန်းပြီးတော့ ဆွဲလိုက်မယ်ဆိုယင်၊ ခြေဖျားတွေကို လက်နှစ်ဘက်နဲ့ ကုန်းဆွဲလိုက်မယ်ဆိုယင်၊ အလွန်တင်းပြီးတော့ အာကာသ,သိပ်ပေါ်၊ဆီလိုက်သကဲ့သို့အခိုးလေးတွေပေါ်ပေါ်ပြီးတော့လာမယ်ဆိုယင်၊ ဖြင်းဖြင်း-ဖြင်းဖြင်းနဲ့ သိပ်ဖြစ်ပြီးသကာလ၊ အပူဓါတ်တွေသိပ်များ၍ အအေးဓါတ်လုံးလုံး ပျောက်ပြီးတော့ သွားမယ်ဆိုယင်၊ အထုံ,အကျင်,အကိုက်,အခဲ,တွေလဲဘဲ၊ပျောက်ပြီးတော့သွားတတ်ပါတယ်၊ အဲဒီဘက်က ပြန်ပြီးတော့ကြည့်မယ်ဆိုယင်၊ တစ,တစ တိုးအေးပြီးတော့ ပျက်သွားဒါကတမျိုး၊ တိုး

လဲမတိုး လျော့လဲမလျော့ပါဘဲနဲ့ တနိုအေးသစ် ဆက်ပြီးတော့ သွားတဲ့ အအေးမျိုးဖြစ်လေသောကြောင့် လျော့အေးသစ် ဆက်ထာ ၁-မျိုး၊ လုံးလုံးအအေးပျက်သွားမယ်ဆိုယင်၊ အပူသစ် ဆက်ထာက ၁-မျိုး၊ ပေါင်းယင် အပူ ၁-မျိုး ပျက်သွားမယ်ဆိုယင်၊ အပူ ၃-မျိုး၊ အအေး ၁-မျိုး၊ ၄-မျိုး ဆက်တတ်ပါတယ်။

အအေး ၁-မျိုး ပျက်သွားမယ်ဆိုယင်၊ အအေး ၃-မျိုးနဲ့ အပူ ၃-မျိုး ၄-မျိုး ဆက်တတ်ပါတယ်။

အဲဒါလေးတွေဟာဖြင့် ခန္ဓာမှာ အပူပေါ်ယင်၊ အပူဘဲပျက်သွားပါတယ်၊ အအေးပေါ်ယင်၊ အအေးဘဲပျက်သွားပါတယ်၊ ပေါ်လာဒါလဲ ပူအေးပါ၊ ပျက်သွားဒါလဲ ပူအေးပါ-လို့ ပူအေးတခြား၊ ခန္ဓာတခြား တွေ့ပြီးတော့ သွားမယ်ဆိုယင်၊ နဂိုရှိအနေပညတ်နဲ့ ပေါ်ဒါပရမတ် ၂-ခုကွဲပြီးတော့ပေါ်လာသောကြောင့်အမြင်ထူးတယ်လို့ဆိုလိုတယ်၊ ရှင်းပါရဲ့လား-(ရှင်းပါတယ်ဘုရား။)

**ဥပမာ။** ။တင်ပါးထဲမှာ ပူအေးပေါ်ယင်၊ ပူအေးဘဲပျက်သွားဒါမြင်မယ်ဆိုယင်၊ ပူအေးဟာ ပြောင်းလဲနေပါတယ်၊ တင်ပါးကမပြောင်းလဲပါ၊ မပြောင်းလဲတဲ့ တင်ပါးတခြား၊ ပြောင်းလဲတဲ့ ပူအေးတခြား၊ နှစ်ခုကွဲပြီးတော့မြင်မယ်ဆိုယင်၊ အမြင်ထူးဒါ၊ အမြင်မှန်ဒါလို့သာမှတ်ပေတော့။

ဥပမာ ပြောလိုက်ရမယ်ဆိုယင်၊ မှန်ထဲမှာ အရိပ်ခလေး ရှိနေပါသတဲ့၊ မှန်တခြား-အရိပ်တခြားလို့ ၂-ခုမကွဲသေးလျှင် မှန်ကြည့်တဲ့ အရိပ်ခလေးဟာ ဟိုယိမ်း-ဒီယိမ်းနဲ့ ဒီလိုယိမ်းလိုက်မယ်ဆိုယင် အရိပ်ကလှုပ်တယ်၊ မှန်ကမလှုပ်ပါ၊ အရိပ်မကြည့်တဲ့ အခါဆိုယင်၊ အရိပ်ပျောက်သွား၊ မှန်တင်ကျန်နေဒါ တွေ့ရလေသောကြောင့် မှန်တခြား အရိပ်တခြားလို့ ကွဲမြင်ရသလို....။

ထို့အတူဘဲ၊ မှန်နဲ့တင်ပါးနဲ့ တူပါတယ်၊ အရိပ်နဲ့ ပေါ်တဲ့ ပုအေးနဲ့တူပါတယ်၊မှန်တခြား အရိပ်တခြား ကွဲမြင်သကဲ့သို့ တင်ပါးတခြား၊ ပူအေးတခြား ကွဲပြီးတော့သွားမယ်ဆိုယင်၊ အမြင်ထူးဒါ- အမြင်မှန်ဒါလို့သာ မှတ်ပေတော့။

တင်ပါးဆိုတဲ့ သဏ္ဌာနပညတ် မပျောက်သေးတဲ့ အချိန်မှာ ပြောဆိုခြင်းဖြစ်တယ်ဆိုဒါမှတ်။

ဒါဖြင့်– ပူအေးတခြား၊ တင်ပါးတခြား ကွဲပြီးတော့သွားမယ်ဆိုယင်၊ တင်ပါးနဲ့ပူအေးနဲ့ မစပ်တော့ပါ၊တင်ပါးနဲ့ မစပ်သလိုဘဲ အသွား၊အရေ၊အကြောဆိုတဲ့ ကောဋ္ဌာသ ပညတ်တွေနဲ့လဲ မစပ်တော့ပါ၊ကိုယ်အင်္ဂါအစိတ်အပိုင်းဆိုတဲ့ သမူဟ- သဏ္ဌာန ပညတ်တွေနဲ့လဲမစပ်တော့ပါ၊ ဘာတခုမှမစပ်တော့ပါ၊ တူလဲမတူတော့ပါ၊ အဲဒီအခါကျပြီဆိုယင်၊ ပူအေးကို နာမည်မှည့်ပါ၊ နာမည်မှည့်ယင်၊ ဘာကလေးနဲ့မှ မတူသည် ဖြစ်လေသောကြောင့် အပူကို ဗမာလိုမှည့်ယင်-ပူဒါ၊အအေးကို-အေးဒါလို့ဘဲမှည့်ရပါလိမ့်မယ်။

စာလို နာမည်မှည့်ယင် အပူဟာ- ဥဏှ တေဇော- အအေးဟာ သီတ တေဇောလို့ မှည့်ရပါလိမ့်မယ်၊ ဤကဲ့သို့ အပူကို ပူဒါ၊ အအေးကို အေးဒါ လို့ ဗမာလို နာမည် မှည့်နိုင်ခြင်း၊ အပူကို ဥဏှ တေဇော၊ အအေးကို သီတတေဇောလို့ စာလိုနာမည် မှည့်နိုင်ခြင်းသည် အသိထူးဒါ၊ အသိမှန်ဒါလို့ မှတ်ပေတော့။

ဒါဖြင့်- တင်ပါးတခုမှာ ပူအေးဟာ ကွဲကွဲပြားပြားမြင်သကဲ့သို့ ထို့အတူ ခေါင်းတွေမှာ၊ ကိုယ်တွေမှာ၊ ခြေတွေမှာ၊ လက်တွေမှာ ဟိုနေရာ ဒီနေရာမှာ ဤကဲ့သို့ တကိုယ်လုံးမြင်ခဲ့သော်- ပူဒါက ပူတယ်၊ အေးဒါက ဘဲအေးတယ်လို့ ဗမာလိုဆုံးဖြတ်နိုင်ခြင်း၊ ဥဏှ

တေဇောကဘဲပူတယ်၊ သီတ တေဇောကဘဲအေးတယ်လို့ စာလို ဆိုးဖြတ်နိုင်ခြင်းလဲဘဲ သတ္တလောက မှန်သမျှ အယူထူးဒါဘဲ။

သတ္တဝါတို့၏ နေထိုင်ရာဖြစ်တဲ့ ဩကာသလောက ဘုံ ၃၁၊ ရေတွေ မြေတွေ တောတွေ တောင်တွေ အိမ်တွေ ကျောင်းတွေ ဆိုတဲ့အထဲမှာ ပူဒါလေး-အေးဒါလေးတွေမယ်ဆိုယင်၊ ပူဒါကဘဲ ပူတယ်၊ အေးဒါကဘဲအေးတယ်လို့ ဗမာလိုဆိုးဖြတ်နိုင်ခြင်း၊ ဥဏှ တေဇောကဘဲပူတယ်၊ သီတတေဇောကဘဲ အေးတယ်လို့ စာလို ဆိုးဖြတ်နိုင်ခြင်းလဲဘဲ၊ အယူထူးဒါလို့ သာမှတ်ပေတော့။

သင်္ခါရ လောကဆိုတဲ့ ရုပ်-နာမ် ၂-ပါးမှာ ရုပ်ထဲ၌ ကလာပ် တခုမှာဆိုလို့ ရှိယင်၊ အနည်းဆုံး ရုပ် ၈-ခုရှိတယ်၊ ရုပ် ၈-ခုထဲမှာ ဆိုယင်၊ ပူစရာရှိယင်တော့ တေဇောကဘဲပူတယ်၊ အေးစရာရှိယင် လဲ တေဇောကဘဲအေးတယ်၊ တေဇောအပြင် ရုပ် ၇-ခုသည် ပူလဲ မပူ အေးလဲမအေးလို့ သင်္ခါရလောက ရုပ်ကလာပ် တခုမှာဆို ယင်၊ ရုပ်ကလာပ်တိုင်း- ရုပ်ကလာပ်တိုင်း၊ တေဇောလေးတခုကို ပင်လျှင် ကွက်ကွက် ကွင်းကွင်း ဉာဏ်နဲ့ မြင်ပြီး သကာလ၊ တေ ဇောကဘဲပူတယ်၊ တေဇောကဘဲ အေးတယ်လို့ ဆုံးဖြတ်နိုင်ခြင်း သည် သင်္ခါရလောက ရုပ် နာမ် ဓမ္မမှာလဲဘဲ အယူ ထူးဒါလို့ သာ မှတ်ပေတော့။

ဟော....အမြင်ထူး၊ အသိထူး၊ အယူထူးဒါ၊ သုံးခုကွဲလာပြီ။

**ဆောင်** အမြင်ထူး၊ အသိထူး၊ အယူထူးဒါ ကျင့် သိ ဝိပဿနာ....တဲ့။

အဲဒါ တရားအားထုတ်လို့ တကယ်ကျင့်လို့ သိကြဒါ၊ ယခု ပြောတဲ့ ထိုင်လျက်အား ထုတ်လိုက်တော့ ခန္ဓာကိုယ်ထဲမှာ ဘာ့ ကြောင့် ပူတက်လာတယ်၊ ပူတော့ ဘယ်လိုဖြစ်လာတယ်ဆိုဒါ

စာတွေလား၊ ကိုယ်တွေလား၊(ကိုယ်တွေပါဘုရား)၊ပြောသံကြား လား၊ တကယ်တွေ့ရဒါလား(တကယ်တွေ့ရဒါပါဘုရား)၊ အဲဒါက ကိုယ်တွေ့ခေါ်တယ်၊ တကယ်အားထုတ်လို့ သိဒါ။

ဆောင် အမြင်ထူး၊ အသိထူး၊ အယူထူးဒါ၊
ကျင့်သိဝိပဿနာ၊ ပဋိပတ္တိသာသနာ။
ပဋိပတ် - ဗမာပြန်ယင်၊ ကျင့်သိ-တဲ့။

ကျင့်သိဆိုယင်အမြင်ထူး၊ အသိထူး၊ အယူထူး၊ ဒီသုံးခုဘဲခေါ်တယ်-အမြင်ထူးဒါလဲဘဲ ကိုယ့်ရင်တွင် နာမ်အစဉ်မှာ၊ အသိထူးဒါလဲဘဲ ကိုယ့်ရင်တွင် နာမ်အစဉ်မှာ၊ အယူအဆ ထူးဒါလဲဘဲ ကိုယ့်ရင်တွင်နာမ်အစဉ်မှာ၊အမြင်ထူး၊အသိထူး၊အယူထူး၊ သုံးခု တို့သည်၊ ကျင့်သိဝိပဿနာ ဖြစ်သောကြောင့်- ကျင့်သိ လဲဘဲ ကိုယ့်ရင်တွင် နာမ်အစဉ်မှာ၊ ကျင့်သိ ကိုပင် ပဋိပတ္တိ သာသနာ ဆိုသောကြောင့်- ပဋိပတ်ဆိုဒါလဲ ကိုယ့်ရင်တွင် နာမ်အစဉ်မှာ၊ သာသနာဆိုဒါ ဆုံးမဒါ ဖြစ်သောကြောင့်- ပဋိပတ္တိစစ်စစ်ဆိုယင် ကိုယ့်ရင်တွင် နာမ်အစဉ်ထဲမှာ....လို့ သာ မှတ်ပေတော့....အားလုံး ရှင်းသွားပလား....(ရှင်းပါပြီဘုရား။)

ဒါကြောင့်- "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ကိုယ်သိလျှင် ကိုယ်ခံစားရတယ်ဆိုဒါ မမှန်ဘူးလား....(မှန်ပါတယ်ဘုရား။)

ဆရာသမား သိမယ်ဆိုယင်၊ ဆရာသမားရင်ထဲမှာသာ အသိရှိတယ်၊ တပည့်တွေရှိပါ့မလား....(မရှိပါဘုရား။)

တပည့်တွေ သိမယ်ဆိုယင်၊ တပည့်တွေ ရင်ထဲမှာသာ အသိရှိတယ်၊ ဆရာသမားမှာ အသိရှိပါ့မလား....(မရှိပါဘုရား။)

မိဘသိမယ်ဆိုယင်၊ မိဘရင်ထဲမှာ၊ သား သမီးသိယင်၊ သား သမီးရင်ထဲမှာသာအသိရှိတယ်။ ဒါကြောင့်....

**ဆောင်။** ။(ပဋ္ဌပတ္တိ သာသနာ လုပ်ငန်းတတ် ကလျာဏ ပုထု
ဇဉ်ပါ) ဟော....လုပ်ငန်းတတ်....လို့။

လုပ်ငန်းတတ်က, ကိုယ်တွေ့နော်.... (မှန်ပါဘုရား။)

စာတတ်က, ကိုယ်တွေ့မဟုတ်ဘူးနော်.... (မဟုတ်ပါဘုရား။)

စာတတ်က .... အထင်။

လုပ်ငန်းတတ်က .... အမြင်။

စာတတ်က .... အမှတ်ပြော။

လုပ်ငန်းတတ်က .... အတတ်ပြောတယ်။

စာတတ်က .... ကိုယ်ထဲမှာမတွေ့။

လုပ်ငန်းတတ်က .... ကိုယ်ထဲမှာတွေ့သည်။

စာတတ်က အထင်ပညတ်ဖြစ်သောကြောင့် သဘာဝမရှိ၊ လုပ်ငန်းတတ်က ကိုယ်တွေ့-ပရမတ်ဖြစ်သောကြောင့် သဘာဝရှိသည်။ လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ် အကောင်းစား၊ အမြတ်စား အလိမ္မာစားဖြစ်ပြီလို့ ခေါ်ကြတော့နော် (မှန်ပါဘုရား။)

**ဆောင်။** ။လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်ပါ၊
။နိဗ္ဗာန်လမ်းစဉ် မြင်ရတော့သည်သာ။

ဟော....စာတတ်တော့ အပါယ်မကျဘူး၊ လမ်းစဉ်-လမ်းစဉ်မရဘူးခေါ်တယ်၊ လုပ်ငန်းတတ်ကတော့အပါယ်လဲ မကျဘူး၊လမ်းစဉ်လဲမြင်ရတယ်၊နိဗ္ဗာန်လမ်းစ တွေ့ပြီ၊နိဗ္ဗာန်လမ်းစဉ်ကြီးဆိုဒါက-

**ဆောင်။** ။နာမ်-ရုပ်မြင်ဒါအစ၊ ဖြစ်ပျက်မြင်ဒါ အလယ်၊
။အပျက်မြင်ဒါအဆုံး၊ နိဗ္ဗာန်လမ်းစဉ်သုံး။

ဟော....ယခုတော့ နာမ်ရုပ်မြင်ပြီ၊ ပေါ်သိမြင်သောကြောင့် လုပ်ငန်းတတ် ကလျာဏ ပုထုစဉ်ဟာ နိဗ္ဗာန်လမ်းစ တွေ့ပြီဆိုဒါ မှတ်ပေတော့နော်....(မှန်ပါ။)

ဆောင်။ လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ်ပါ၊ နိဗ္ဗာန်လမ်း စဉ်မြင်ရတော့သည်သာ- လို့ဆိုဒါ ရှင်းရှင်း မှတ်။

အရင်းရှိ ၂-ပါး၌ အငုပ်မှား ၄-ခုကို ကျင့်သိဝိပဿနာနဲ့ဖြုတ်ပုံ၊ ကနေ့ တေဇောဓါတ်အတွက်နေ့....(မှန်ပါဘုရား။)

ကဲ....သင်သိ ဝိပဿနာ ၁-ခဏ်း၊ ကျင့်သိ ဝိပဿနာလဲဘဲ တေဇောဓါတ် ၁-ခဏ်း- ၂-ခဏ်း အရင်းကျကျကရုဏာသန့်သန့်ထား၊ မေတ္တာများများဖြင့် ဟောကြားလိုက်ရဒါကို ကြားနာရတဲ့ သင်သူတော်ကောင်းအပေါင်းတို့မှာ ကနေ့အဘို တရားနာရဒါ....

အသိဉာဏ်များ တိုးကြပါရဲ့လား....(တိုးပါတယ်ဘုရား။)

မသိဒါများရော သိသွားကြရဲ့လား....(သိပါတယ်ဘုရား။)

သိပြီးသားများကောပိုပြီးတော့ရှင်းကြရဲ့လား-(ရှင်းပါတယ်ဘုရား။)

မကြားနာဘူးတဲ့တရားကိုလဲကြားနာရ၊ ကြားနာဘူးတဲ့တရားများကိုလဲ ထပ်ခါထပ်ခါ ကြားနာရတဲ့အတွက်ကြောင့် မိမိမှာ သံသယကင်း၊ အယူတွေလဲဘဲ ဖြူစင်သန့်ရှင်းပြီးသကာလ၊ မှန်တဲ့ အယူကိုယူရပါသဖြင့် တရားအားထုတ်ကျိုး၊ တရားနာကျိုး၊ ဝေယျာဝစ္စ ဆောင်ရွက်ရကျိုး၊ အလှူကျိုးနပ်ပါစေလို့ ကောင်းချီးသြဘာထောပနာပေးသောအလား၊ညီညီ,ညာညာ,စိတ်ပါ,လက်ပါ,အားရ,ပါးရ, သုံးကြိမ် သာဓု....သာဓု....သာဓု....လို့ ခေါ်နိုင်ကြပါစေ ကုန်သတည်း။

(သာဓု....သာဓု....သာဓု)

ကျင့်သိဝိပဿနာ၌ ... တေဇောဓါတ် တခဏ်းပြီး၏။

... ဝိပဿနာ အလုပ်ပေးတရားတော် ... အုပ် ပြီးပါပြီ....။

သာသနာ့ ... ကမ္ဘာအေး၊ အမှတ် (၁)

# အမှားပြင်ချက်

| (စာမျက်နှာ) | (မှန်) | (မှား) |
| --- | --- | --- |
| ၄ | နပူဇော်ခြင်း | ပူဇော်ခြင်း |
| ၁၁ | လဲ | လည်း |
| ၁၈ | ဘုရား၏ | ဘုရားကြီး၏ |
| ၂၁ | ပတ်သက်ထာ | ပတ်သက်တာ |
| ၂၂ | တပည့် | တည့် |
| ၂၂ | ရဲ | မ |
| ၂၃ | သန် | န်သ |
| ၂၅ | နှုသံးမသွင်းဘဲနဲ့ | နှုလုံးမသွင်းနဲ့ဘဲ |
| ၂၆ | ပတ်သက်ထာ | ပသက်တာ |
| ။ | ။ | ။ |
| ၂၈ | မယူပါနဲ့၍ | မယူပါဟူ၍ |
| ၂၉ | လွတ်တော့မှာလဲ | လွယ်တော့မှာလဲ |
| ၃၀ | မေတ္တာပို့ရခြင်း-၈ | မေတ္တာပို့ရခြင်းချစ် |
| ၃၃ | ဘေးမရှိ | တေးမရှိ |
| ၆၇ | ဆင်းရဲဒါ | ဆင်းရဲ |
| ၆၈ | လျော့လဲမလျော့ | ရော့လဲမရော့ |
| ၆၈ | လျော့အေး | ရော့အေး |
| ၆၉ | မျှော်မှန်းချက်မရှိရဘူး | မျှော်မှန်းချက်မရှိဘူး။ |
| ၇၀ | အဆင်သင့် | အဆင့်ဆင့် |
| ၈၁ | စာနဲ့ကော | စာနဲ့တော့ |
| ၉၈ | မှတ်ထာ | မှတ်တာ |
| ၁၀၁ | ပြောတတ်မှာ | မပြောတတ်မှာ |
| ၁၀၃ | တဖြောင့်တည်း | တည်းတဖြောင့် |

| (စာမျက်နှာ) | (မှန်) | (မှား) |
|---|---|---|
| ၁၁၁ | လျှောက်ကြရမယ်နော် | လျှောက်ကြမယ်နော် |
| ၁၁၂ | အဆောက်အဦး | အဆောက်အဦ |
| ၁၀၅ | လမ်းလျှောက် | လှမ်းလျှောက် |
| ၁၂၀ | ဣရိယာပုထ်လေးပါး | ဣရိယာပထလေးပါး |
| ၁၂၄ | ဣရိယာပုထ်လေးပါး | ဣ ယာပထလေးပါး |
| ။ | အဲဒီအပူကို | ဘဲဒီအပူကို |
| ၁၂၆ | ကျေးဇူး | ကျေဇူး |
| ၁၃၀ | လည်း | လဲ |
| ။ | အယင် | အရင် |
| ၁၃၃ | နတ်သမီးတွေ | နဝ်သမီးလေးတွေ |
| ၁၃၄ | ပြင်းဆန်လိုက်ထာ | ပြင်းထန်လိုက်တာ |
| ၁၃၈ | ဤကဲ့သို့ | ဤထဲ့သို့ |
| ၁၃၉ | အပါယ်ပစ်ချ | အပါယ်ကိုပစ်ချ |
| ၁၄၃ | သက္ကာယဒိဋ္ဌိ | သက္ကာဒိဋ္ဌိ |
| ၁၄၄(က) | ဖိုလ်ဝင်နိဗ္ဗာန်မြင်နိုင်တဲ့ ကျနေခဲ့ပါသည်။ မျှားပြထားသည်။ | |
| ၁၄၅ | ရင့်မျှမတ္တနဲ့ | ရင့်မတ္တနဲ့ |
| ၁၄၉ | ခြသေ့် | ခြသေသ့် |
| ၁၅၂ | ကာယက,ကိုယ် | ကာယကံကိုယ် |
| ၁၅၆ | စစ်တမ်းထုတ် | စစ်တမ်းတုတ် |
| ၁၅၉ | အပြောကောင်းပြီ | အပြောကောင်းပြီး |
| ၁၆၂ | ဘာကိုမြင်လို့လဲ | ဘာကိုဘာကမြင်လို့လဲ |
| ၁၆၇ | အဆွံ့ | လူဆွံ့ |

| (စာမျက်နှာ) | (မှန်) | (မှား) |
|---|---|---|
| ၁၆၇ | သုရာ၂နှဿ | သုရာပါနှဿ |
| ၁၇၃ | နင်-အို-နာ | နှင့်-အို-နာ |
| ၁၇၅ | လျှင်မြန်သည် | လျှင်သည် |
| ၁၇၈ | သာခု | သာခံု |
| ၁၇၉ | ထည့်ပေး | ထည့်ပေ |
| ၁၈၁ | ကျေးဇူး | ကျေးဇူး |
| ၁၈၄ | (တတိယတဖန်-သည့်ထက်ကျယ်ပြီး ဟောပါသော်လဲ (နိမိယ် မထင်သဘက် မသင်ကြောင်းပါဘုရား။ | |
| ၁၈၉ | တဖြေးဖြေး | ဖြေးဖြေး |
| ၁၉၅ | ဒီလိုမလုပ်ရဘူး | ဒီအလုပ် မလုပ်ရဘူး |
| ၂၀၂ | တည်ငြင်းဖြင့်-ထိခြင်းဖြင့် | ထိခြင်းဖြင့်-ထိခြင်းဖြင့် |
| ။ | ဒွိဇာကာ | ဒွိဇာဘ |
| ၂၀၅ | ပေါ်ဒါလေးတွေ | ပေါ်လေးတွေ |
| ။ | ကွေးခြင်း | ကွေးယင်း |
| ၂၁၆ | လိုက်သာမယ် ဆိုယင် | လိုက်သာ ဆိုယင် |
| ၂၀၈ | မှတ်သားနေ | မှတ်ဒါနေ |
| ၂၁၃ | တုဏှီဘာဝ | တုဏှိဘာဝေ |
| ၂၁၄ | လှေနံဓါးထစ် | လှေနံဒါထစ် |
| ၂၁၆ | ပရမတ္ထ | ပရမတ္တ |
| ၂၂၁ | ဖြတ်ပြေး | ဖြတ်ပေး |
| ၂၂၄ | မြတ်စွာဘုရားတောင် | မြတ်စွာဘုရား |
| ၂၂၉ | ခြစ်ယင် | မြစ်ရင် |
| ၂၃၀ | ဝင်နိုင်ပါတယ် | ဝင်ပါတယ် |

| (စာမျက်နှာ) | (မှန်) | (မှား) |
|---|---|---|
| ၂၃၁ | ဝမ်းငေ ာက်ခဲ့ပါလျှင် | အားထုတ်ခဲ့ပါလျှင် |
| ၂၄၀ | ပြင်လာကြ တော့မှာဘဲ | ပြင်လာဂြ ဂြ တော့မှာဘဲ |
| ၂၄၀ | ဆက်ခါ | ဆက်ခါဆက်ခါ |
| ၂၄၁ | မဂ်ဥာဏ်ဖိုလ်ဥာဏ်ဖြင့် | မဂ်ဖိုလ် ဥာဏ်ဖြင့် |
| ၂၄၃ | သိကုန်းနိုင်တဲ့ | သိချင်ပဲ့ |
| ၂၄၄ | ဘယ်ကာ ကလဲ | ဘယ်ကထဲကလဲ |
| ၂၄၈ | လွတ်ပမလား | လွယ်ပမလား |
| ၂၅၈ | လို့ (မြန်မာလိုသက်သက်ဖြစ်စေ အရေးဟံ ဂုဏ်ထူးဖြင့် ချီးမြှင့်ခြင်းခံရသော ထိုက်တော်မူသောဘုရားကြီးပါတဲ့ကား (ဘုရား ကြီးပါတဲ့ကားလို့) ပါမှမြန်မာ၊ | |
| ၂၆၀ | သင့်လိုက်ထာ | သင့်လိုက်တာ |
| ၂၆၀ | မှန်းနေကြ | မှန်းနေကြ |
| ၂၆၁ | ပီတိဖြစ်ထာ | ပီတိဖြစ်တာ |
| ၂၆၂ | ဆိုဒါလို | ဆိုတာလို |
| ၂၆၂ | ရတနာ | ရတနံ |
| ၂၆၅ | ဝိပဿနာနဲ့တဲ့တဲ့ | ဝိပဿနာနဲ့ကွဲဘဲ့ |
| ၂၆၅ | သိယင်ပျက် | သိရင်ပျက် |
| ၂၆၅ | တရားစစ်တွေကို | တရားစစ်တွေကို |
| ၂၇၅ | သမာဓိ ဘိက္ခဝေ | သမာဓိဘိက္ခဝေ |
| ၂၇၆ | မြင်ရမယ်တဲ့ | မြင်ရတဲ့ |
| ၂၇၇ | ဇာတ်ကြီးဆယ်ဖွဲ့ | ဇာတ်ကြီးဆယ်ဖွဲ |
| ၂၈၈ | စိုစိုဖတ်ဖတ်ဆိုတဲ့ | စိုစိုဖတ်ဖတ်လဲတဲ့ |
| ၁၀၄ | နေရာမရွေ့ | နေရာမရွေး |

ဘာသာရေး ဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် ( ၁၀၁၉ )

ပုံနှိပ်သူ။ ။ဦးကျော့မောင်
မှတ်ပုံတင်အမှတ်( ၀၂၀၄ )
ပြည်သူ့မိတ်ဆွေ စာပုံနှိပ်တိုက်
အမှတ် ၁၆၆၊ ၄၆-လမ်း- ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ဦးထွန်းလူ
မှတ်ပုံတင်အမှတ်( ၀၂၃၀ )
ဦးထွန်းလူ-စာပေထုတ်ဝေရေးဌာန
အမှတ် ၁၃၊ ၁၄၆-လမ်း-ရန်ကုန်မြို့။

ရနိုင်သောဌာန -
ပညာမဉ္ဇူ - စာအုပ် ဆိုင်
အမှတ် ၁၇၊ ရွှေတိဂုံ ဘုရား တောင် ဘက် ဈေး
ရန် ကုန် မြို့။